An Introduction to Human Rights in Southeast Asia (Vol:3)

အရှေ့တောင်အာရှရှိ လူ့အခွင့်အရေးအခြေအနေများအား မိတ်ဆက်ခြင်း

အတွဲ (၃)

creative commons

This work is distributed under Creative Commons licensing:
CC BY-NC-SA
Attribution-NonCommercial-ShareAlike

More information on licensing is available at: https://creativecommons.org/licenses/by-nc-sa/4.0/

ကျေးဇူးတင်လွှာ

အရှေ့တောင်အာရှရှိ လူ့အခွင့်အရေးဆိုင်ရာ ကျောင်းသုံးဖတ်စာအုပ်၏ ပထမတွဲကို အရှေ့တောင် အာရှ လူ့အခွင့်အရေး လေ့လာရေးကွန်ရက် (SEAHRN) မှ Raoul Wallenberg Institute of Human Rights and Humanitarian Law (RWI) နှင့် ပူးပေါင်းကာ စတင်လုပ်ဆောင်ခဲ့သည်။ ထိုမှအစပြု၍ ကျောင်းသုံးဖတ်စာအုပ် ပရောဂျက်ကို ASEAN University Network-Human Rights Education (AUN-HRE) မှ အာဆီယံ/ အရှေ့တောင်အာရှ (SHAPE-SEA) တွင် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး သုတေသနနှင့် ပညာရေး အားကောင်းစေရေး တစ်စိတ်တစ်ပိုင်းအဖြစ် ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။ ကျောင်းသုံးဖတ်စာအုပ်၏ အဆုံးစွန်သော ရည်မှန်းချက်မှာ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးတန်ဖိုးများ မြှင့်တင်ရေးကို အထောက် အကူ ဖြစ်စေရန်၊ အရှေ့တောင်အာရှတွင် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး ပညာရေးကိုအားပေးခြင်းဖြင့် ဒေသတွင်း လူ့အခွင့်အရေးနှင့် ဒေသတွင်း ငြိမ်းချမ်းရေးကို မြှင့်တင် ကာကွယ်ပေးရန်ဖြစ်ပါသည်။

ဤစာအုပ် အတွဲကို ရေးသားခြင်းနှင့် ထုတ်လုပ်ခြင်းအား Norwegian Centre for Human Rights (NCHR) မှ ထောက်ပံ့ခဲ့သည်။ NCHR ၏ ပံ့ပိုးမှု အားလုံးအတွက် ကျွန်ုပ်တို့ အလွန်ကျေးဇူးတင်ပါသည်။ ဤစာအုပ်ကို ထုတ်လုပ်ရာတွင် လူများစွာ၏ ပံ့ပိုးကူညီမှု မပါဝဲဖြစ်လာမည် မဟုတ်ကြောင်းကိုလည်း ကျွန်ုပ်တို့ အလေးပေး ပြောကြားလိုပါသည်။ ဆိုလိုသည်မှာ စာရေးသူ၊ သုံးသပ်သူများ တည်းဖြတ်သူများအပြင် နောက်ကွယ်မှ ပံ့ပိုးပေးသူများအားလုံးကို ၎င်းတို့၏ ပံ့ပိုးကူညီမှုများနှင့် ဆက်လက် ပါဝင်ဆောင်ရွက်မှုများကို အထူးပင် အသိအမှတ်ပြု ကျေးဇူးတင်ရှိပါသည်။

ဥယျာဉ်

အရှေ့တောင်အာရှ လူ့အခွင့်အရေး လေ့လာမှုကွန်ရက် the Southeast Asian Human Rights Studies Network (SEAHRN) ကို ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ထိုကွန်ရက်အဖွဲ့ကြီးက ပထမဆုံး ဆောင်ရွက်သော လုပ်ငန်းများအနက်မှ တစ်ခုမှာ အရှေ့တောင်အာရှ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် လူ့အခွင့်ရေးဆိုင်ရာ ကျောင်းသုံး ဖတ်စာအုပ်တစ်အုပ် ထွက်ပေါ်လာရန် ဖြစ်သည်။ SEAHRN ၏ ခန့်မှန်းချက်အရ ဒေသတွင်းရှိ ဘွဲ့ရကျောင်းသူ၊ ကျောင်းသား တစ်ထောင်တွင် တစ်ဦးသာ လူ့အခွင့်အရေး သီးသန့် ဘာသာရပ်တစ်ခု လေ့လာပြီးမြောက်ထားသည်။ ကျောင်းသား၊ ကျောင်းသူများအတွက် အဆိုပါဘာသာရပ်ကို လေ့လာရန် အခွင့်အလမ်းမှာ အနည်းငယ်သာရှိသည်။ မျက်မှောက်ခေတ်ကာလတွင် လူ့အခွင့်အရေး အရေးကြီးပုံကို ဆင်ခြင်ထောက်ရှု၍သော်လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများက လူ့အခွင့်အရေးကို သင်ကြား လေ့လာနိုင်မှု သေချာ စေရန် ဟူသော အစိုးရများ၏ ဥပဒေဆိုင်ရာ တာဝန်ဝတ္တရားအရ သော်လည်းကောင်း၊ ASEAN/ အရှေ့တောင်အာရှအတွင်းရှိ တက္ကသိုလ်များက လူ့အခွင့်အရေးပညာရေးကို ရနိုင်သမျှ ဆောင်ရွက်ကြရာ၌ လုပ်ဆောင်စရာ များစွာ ကျန်ရှိနေသေးပေသည်။ အရှေ့တောင်အာရှရှိ လူ့အခွင့်အရေးအခြေအနေများကို လေ့လာရာတွင် သင်ကြားရေး၌ အသုံးပြုရန် ကျောင်းသုံး ဖတ်စာအုပ် မရှိဟူသော အသံများကို ကြားရသည့်အတွက် အရှေ့တောင်အာရှရှိ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး ဖတ်စာအုပ်ကို ကြိုးပမ်းခဲ့သည်။ ယင်းနောက်တွင် ကျောင်းသုံး ဖတ်စာအုပ် ပထမတွဲကို RWI နှင့် ပူးပေါင်းကာ SEAHRN က ပြင်ဆင် ထုတ်ဝေခဲ့သည်။

ဒေသတွင်းရှိ တက္ကသိုလ်များတွင် သင်ကြားပို့ချနေကြသော လူ့အခွင့်အရေးပညာရှင် အဖွဲ့တစ်ခုက ရေးသားလျက် ဤတတိယတွဲကို လူ့အခွင့်အရေး လေ့လာသင်ယူနေကြသော ကျောင်းသား၊ ကျောင်းသူများ ခေတ်ကာလနှင့် လျော်ညီစွာ ဖတ်ရှုနိုင်ရန် ရည်ရွယ် ထုတ်ဝေပါသည်။ ဤဖတ်စာအုပ်သည် လူ့အခွင့်အရေးကို အထွေထွေ ဘာသာရပ်အဆင့်တွင် လေ့လာနေကြသော ဘွဲ့ကြို ကျောင်းသား၊ ကျောင်းသူများအတွက်လည်းကောင်း၊ လူမှုဗေဒ၊ ဥပဒေ၊ နိုင်ငံရေး၊ ASEAN အကြောင်း သင်ယူမှုများ၊ ဖွံ့ဖြိုးရေးဘာသာရပ် သင်ယူမှုများ အစရှိသည်တို့တွင် ဘာသာရပ်တစ်စိတ်တစ်ပိုင်းအဖြစ် လေ့လာနေကြသော ကျောင်းသား၊ ကျောင်းသူများအတွက်လည်းကောင်း ထုတ်ဝေခြင်းဖြစ်သည်။ ကျောင်းသုံးဖတ်စာအုပ်ကို ဖတ်ရှုနိုင်ရန်အတွက် မည်သည့်ဘာသာရပ်၏ သီးခြား ဗဟုသုတမျိုးကိုမှ မလိုအပ်ပါ။

ယခုဖတ်စာအုပ် ပေါ်ပေါက်လာရေးစီမံချက်တွင် လူ့အခွင့်အရေး နယ်ပယ်မှ စာရေးဆရာများ၊ သုတေသီများနှင့် ပြန်လည်သုံးသပ်ပေးသူများ အစရှိသည့် ပညာရှင်များစွာက ပါဝင် အားထုတ်ခဲ့ကြသည်။ သို့ရာတွင် ဖတ်စာအုပ် တစ်ခုလုံး ပြီးစီးသွားသည့်တိုင်အောင် ဒေသတွင် တက္ကသိုလ်များတွင် သင်ကြားပို့ချနိုင်ရန်မှာ အခက်အခဲများစွာ ရှိနေပါသေးသည်။ အစိုးရများက လူ့အခွင့်အရေး ဘာသာရပ်ကို ပင်မသင်ရိုးတစ်ခုအနေဖြင့် ထည့်သွင်းရန် တွန့်ဆုတ်ရုံသာမက

ကျောင်းသား၊ ကျောင်းသူများကလည်း အဘယ်ကြောင့် ဤဘာသာရပ်ကို လေ့လာရန် လိုအပ်ကြောင်း သတိမမူမိကြပေ။ ပို့ချသူ ဆရာ၊ ဆရာမများအနေဖြင့်လည်း ဘာသာရပ်ကို သင်ကြားရန် လုံလောက်သော ပံ့ပိုးမှုများ မရရှိနေကြပါ။ နိုင်ငံတစ်ခု၏ သမိုင်းအဖြစ်အပျက်များ၊ လက်ရှိနိုင်ငံရေး ပဋိပက္ခများကို ထည့်သွင်းဆွေးနွေးကြရန်မှာလည်း လူ့အခွင့်အရေး ဘာသာရပ်ကို သင်ကြားရာတွင် မဖြစ်မနေ ကြုံလာရမည့် ကိစ္စဖြစ်သော်ငြား ထိုနိုင်ငံအတွင်း၌ သင်ကြားသင်ယူကြရန်မှာ များစွာ အကဲဆတ်လှသည်။မည်သို့ပင်ဆိုစေကာမူ ထိုလက်ရှိ အခြေအနေမျိုးတွင်ပင် လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အသိပညာများကို သင်ကြားလိုသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တိုးပွါးလာလျက်ရှိသည်ကိုလည်း တွေ့ရပါသည်။

ဤကျောင်းသုံးဖတ်စာအုပ် ပထမတွဲကို ၂၀၁၅ ခုနှစ် မတ်လတွင် ပြီးစီးခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ဒုတိယတွဲကို ထုတ်ဝေနိုင်ခဲ့သည်။ တတိယတွဲကို ၂၀၁၉ ခုနှစ် အကုန်ပိုင်းတွင် အဆင်သင့်ဖြစ်အောင် ပြုလုပ်နိုင်ခဲ့သည်။

ယခုကျောင်းသုံးဖတ်စာအုပ်၏ အခြေခံမူများ

ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများအတွက် လူ့အခွင့်အရေး ကျောင်းသုံးဖတ်စာအုပ်ကို ပြင်ဆင်ရာတွင် အောက်ပါအခြေခံမူများ ချမှတ်ခဲ့ပါသည်။

- ယခု ကျောင်းသုံးဖတ်စာအုပ်သည် အများသူငါ အခမဲ့ လွတ်လပ်စွာ ရယူဖတ်ရှုနိုင်သော စာအုပ် ဖြစ်ရမည်။ နိုင်ငံတကာ ပုံနှိပ်တိုက်များ၏ ထိန်းချုပ်မှုမှ ကင်းလွတ်သည့်အပြင် မူပိုင်ခွင့်ကြောင့် ဖြန့်ချိရာတွင် အကန့်အသတ်ရှိသော စာအုပ်မျိုးလည်း မဖြစ်စေရဟု သတ်မှတ်ခဲ့ကြသည်။
- ဤစာအုပ်ပါ အခန်းအသီးသီးနှင့် ရေးသားထားေသာ စာများကို PDF ဖြင့် ဝက်ဆိုက်ပေါ်တွင် အများရယူနိုင်အောင် ထားရှိရမည်။
- ဤကျောင်းသုံးစာအုပ်မှ စာများကို မည်သူမဆို အလွယ်တကူ မိတ္တူကူးခြင်း၊ ကွန်ပျူတာမှ စာရွက်ပေါ်သို့ ပြောင်းလဲရိုက်ထုတ်ခြင်းကို ဆောင်ရွက်နိုင်သော ဖွဲ့စည်းပုံဖြင့် ထားရှိရမည်။
- လူ့အခွင့်အရေးကို အထွေထွေဘာသာရပ်တစ်ခုအနေဖြင့်လည်းကောင်း၊ တမင်ရွေးကာ သင်ယူသော ဘာသာရပ်တစ်ခုအဖြစ်လည်းကောင်း လေ့လာကြရမည့် ကျောင်းသား၊ ကျောင်းသူ များမှာ အဓိက ရည်ရွယ်သော စာဖတ်ပရိတ်သတ်ဖြစ်သည်။ ဤ ပြဋ္ဌာန်း စာအုပ်ကို သုံးစွဲမည့် ကျောင်းသား၊ ကျောင်းသူများတွင် ဥပဒေ၊ နိုင်ငံရေး၊ ဖွံ့ဖြိုးရေး သို့မဟုတ် လူမှုဗေဒဘာသာရပ်များကို အကျယ်တဝင့် နှံ့စပ်ပြီး ဖြစ်ရန် မလိုပါ။ သို့ရာတွင် အဆိုပါ ဘာသာရပ်များကို သင်ယူနေကြသူ ကျောင်းသား၊ ကျောင်းသူများအတွက်မူ ယခုစာအုပ်က အထောက်အကူ ဖြစ်ပါလိမ့်မည်။

- ဤစာအုပ်က အရှေ့တောင်အာရှ၏ လူ့အခွင့်အရေး အဆင့်အတန်းကို ဆန်းစစ်ထားပြီး ဆွေးနွေးထားသော အကြောင်းအရာများ အားလုံးမှာ ဒေသတွင်း လူ့အခွင့်အရေး အခြေအနေများကို ထင်ဟပ်သည်။
- ဤစာအုပ်ကို အရှေ့တောင်အာရှတွင် အဓိက သုံးစွဲနေသော ဘာသာစကားများသို့ ဘာသာပြန်ဆိုမည် ဖြစ်သည်။
- ဤစာအုပ်တွင် ရည်ညွှန်းထားသော စာအုပ်စာတမ်းများမှာလည်း ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် လက်လှမ်းမီနိုင်သော စာအုပ်စာတမ်းများသာ ဖြစ်သည်။ စာကြည့်တိုက် ချို့တဲ့သော နေရာများ၊ ဈေးကြီးသော နိုင်ငံတကာ ပညာရပ်ဆိုင်ရာ ဂျာနယ်များနှင့် ဈေးကြီးသော ကျောင်းသုံးစာအုပ်များအစား အင်တာနက်ပေါ်တွင် အခမဲ့ ရရှိနိုင်သော လူ့အခွင့်အရေးဆိုင်ရာ ဗဟုသုတ ဖြစ်ဖွယ် စာအုပ်စာတမ်းကို ရည်ညွှန်းကိုးကား ထည့်သွင်း ထားပါသည်။

စာအုပ်ဖွဲ့စည်းပုံ

ကျောင်းသား၊ ကျောင်းသူများ လူ့အခွင့်အရေးကို နားလည်နိုင်စေရန် ကျောင်းသုံးစာအုပ်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည်။

- အဓိပ္ပါယ်ဖွင့်ဆိုချက်များ - ကျောင်းသား၊ ကျောင်းသူများ လူ့အခွင့်အရေးဆိုင်ရာ ဝေါဟာရများကို အချိန်တိုအတွင်း လေ့လာနိုင်ရန် အထောက်အကူပြုသည်။
- သဘောတရားရေးရာ ရှင်းလင်းချက် - လူ့အခွင့်အရေးဘာသာရပ်ကို လေ့လာရာတွင် အရေးပါသော သဘောတရားရေးရာများကို ထည့်သွင်းဖော်ပြထားပါသည်။
- မှတ်သားဖွယ်ရာ - လောကတွင် မျက်မြင်ဒိဋ္ဌ ကြုံတွေ့နေရသော အဖြစ်အပျက်များဖြင့် လူ့အခွင့်အရေးကို ဆက်စပ်သုံးသပ် လေ့လာနိုင်ရန် အကျယ်ချဲ့ ရှင်းပြထားသည်။
- ဆွေးနွေးခြင်းနှင့် ငြင်းခုံခြင်း - လူ့အခွင့်အရေး ကိစ္စရပ်များကို အဆိုအချေ စကားရည်လုခြင်းများ၊ ဆွေးနွေးခြင်းများဖြင့် ချဉ်းကပ်ရန် စီစဉ်ပြင်ဆင်ထားသည်။ လူ့အခွင့်အရေး ပြဿနာရပ်များကို ပိုမို ဆင်ခြင်နိုင်ရန်၊ ဘက်မတူသော အမြင်များဖြင့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးလာနိုင်ကြရန် ရည်ရွယ်သည်။
- အရှေ့တောင်အာရှမှ သာဓကများ - အရှေ့တောင်အာရှ ဆယ့်တစ်နိုင်ငံမှ လူ့အခွင့်အရေးဆိုင်ရာ ဖြစ်စဉ်များကို အလျဉ်းသင့်သလို ထည့်သွင်း ဖော်ပြထားသည်။
- နမူနာမေးခွန်းများ ကဏ္ဍ - ဆရာ၊ ဆရာမများသည် နမူနာ ထုတ်ပြန်ထားသော မေးခွန်းများကို စာမေးပွဲ စစ်ဆေးရာတွင်လည်းကောင်း၊ အက်ဆေးခေါင်းစဉ်များ အဖြစ် လည်းကောင်း အသုံးပြုနိုင်ကြသည်။
- ထပ်မံလေ့လာ ဖတ်ရှုရန်များ - ဆက်လက်လေ့လာလိုပါက အသုံးဝင်စေရန် ရည်ညွှန်း လိုသော ပညာရှင်များ၊ အွန်လိုင်းရင်းမြစ်များ၊ ဆက်စပ်နေသော စာအုပ်စာတမ်းများကို

ဖော်ပြထားသည်။ အဆိုပါ ရည်ညွှန်းစာအုပ်စာတမ်းများမှာ အခမဲ့ဖြန့်ဝေထားပေးသော အဖွဲ့အစည်းများနှင့် အသုံးဝင်သော ဝက်ဆိုက်များ ဖြစ်ကြသည်။ အရှေ့တောင် အာရှ တခွင်ရှိ တက္ကသိုလ်များစွာသည် ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများနှင့် ပညာရပ်ဆိုင်ရာ ဂျာနယ်များကို အကန့်အသတ်ဖြင့်သာ ထားရှိပေးနိုင်ရာ အခမဲ့ ရရှိနိုင်ပြီး လူတိုင်းအတွက် ဖြန့်ဝေပေးထားသော စာရေးသူများနှင့် သုတေသနဌာနများမှ လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်းများကို သတိပြုရည်ညွှန်းရန် စာရေးသူများအနေဖြင့် ဆုံးဖြတ်ခဲ့ပါသည်။

အရှေ့တောင်အာရှဟူသော စကားလုံးကို သုံးစွဲရခြင်း - ဤစာအုပ်တွင် အာဆီယံဟူသော ဝေါဟာရအစား အရှေ့တောင်အာရှဟူသော စကားလုံးကိုသာ သုံးစွဲခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အရှေ့တောင်အာရှဒေသတွင်း ကျရောက်သော အာဆီယံနိုင်ငံများနှင့် အရှေ့တီမော အပါအဝင် နိုင်ငံပေါင်း ဆယ့်တစ်နိုင်ငံကို ရည်ညွှန်းလို၍ ဖြစ်သည်။

ဆရာ၊ ဆရာမများအတွက် မှတ်သားစရာ

ယခုကျောင်းသုံးစာအုပ်မှာ ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများအတွက် ရည်ရွယ်ထားသော်လည်း ဘွဲ့လွန်ကျောင်းသားများအတွက်လည်း အခြေခံကျမ်းတစ်ခုအဖြစ် ဖတ်ရှုလေ့လာနိုင်ကြသည်။ ဤစာအုပ်တွင် လူ့အခွင့်အရေးကို ဆွေးနွေးရာတွင် အရှေ့တောင်အာရှဒေသ ဒေသအခြေအနေကို ထင်ဟပ်ထားသည်။ အရှေ့တောင်အာရှမှ သာဓကများ၊ ဒေသတွင်း ဥပဒေများ၊ မူဝါဒများနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များကို သုံးသပ်ဆွေးနွေးထားသည်။

အခန်းတိုင်းကို PDF တစ်ဖိုင်စီဖြင့် သီးသန့်ခွဲကာ SHAPE-SEA/AUN ဝက်ဆိုက်ပေါ်တင်ထားပေးသဖြင့် တစ်ခန်းစီကို ဆွဲယူကာ သီးခြားလေ့လာနိုင်သည်။ ဆရာ၊ ဆရာမများအနေဖြင့် မိမိအသုံးတည့်ရာ အခန်းများကို ဆွဲယူကာ ပေါင်းစပ်ခြင်းအားဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းစာအုပ်တစ်အုပ် အဖြစ်လည်း ဖန်တီး ရယူနိုင်သည်။

ဤစာအုပ်ကို အသုံးပြုရာတွင်

ယခုစာအုပ်မှာ တီထွင်ဖန်တီးမှုဆိုင်ရာ အများပိုင်ပစ္စည်းအဖြစ် မူပိုင်ခွင့် အမျိုးအစား သတ်မှတ်ထားသည်။ ဤစာအုပ်ကို အသုံးပြုခြင်းနှင့် ထပ်ဆင့် ဖန်တီးခြင်းတို့အတွက် AUN-HRE/SHAPE-SEA အား မူရင်းဖန်တီးထုတ်လုပ်သူအဖြစ် အသိအမှတ်ပြုရမည်ဖြစ်သည်။

ဆောင်ရွက်နိုင်သည်များ

ဝေမျှခြင်း - ဤစာအုပ်ကို လွတ်လပ်စွာ မိတ္တူပွားနိုင်ပြီး လွတ်လပ်စွာ အခမဲ့ ဖြန့်ချိနိုင်သည်၊ (ကူးယူဖြန့်ချိရာတွင် သင့်လျော်သလို ကျေးဇူးတင် ကမ္မည်းရေးသားခြင်း ပါရှိရမည်)။

ဖြတ်ညှပ်ကပ် ပြုခြင်း - တစ်ခန်းချင်းဖြစ်စေ၊ လေ့ကျင့်ခန်းများဖြစ်စေ၊ သာဓကများဖြစ်စေ ထုတ်ယူကာ သင့်လျော်သလို ဖြတ်တောက်သုံးစွဲခြင်းအား ခွင့်ပြုသည်၊(သင့်လျော်သလို ကျေးဇူးတင် ကမ္မည်းရေးသားခြင်း ပါရှိရမည်)။

ရှောင်ကြဉ်ရန်များ

စီးပွါးရေးလုပ်ငန်းတစ်ရပ်အဖြစ် သုံးစွဲခြင်း မပြုရပါ။ အမြတ်အစွန်း ရရှိရန်အတွက် ယခုစာအုပ် ရောင်းချခြင်းအား လုံးဝခွင့်မပြုပါ။

ဘာသာပြန်ခြင်းလုပ်ငန်း

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတိုင်အောင် ဤစာအုပ်ကို အာဆီယံနိုင်ငံအချို့မှ ဘာသာစကားများသို့ ပြန်ဆိုခဲ့ရာ မြန်မာ၊ ထိုင်းနှင့် ကမ္ဘောဒီးယားဘာသာတို့သို့ ပြန်ဆို ပြီးစီးခဲ့သည်။ AUN-HRE / SHAPE-SEA ၏ ခွင့်ပြုချက်ကို ရယူခြင်းအားဖြင့် အရှေ့တောင်အာရှဒေသတွင်း သုံးစွဲနေသော ဘာသာစကားများဖြင့် ယခုကျောင်းသုံးစာအုပ်အား ပြန်ဆိုခြင်းကို SHAPE-SEA အနေဖြင့် များစွာ အားပေးပါသည်။

Contents

အခန်း ၁၆ အရှေ့တောင်အာရှရှိ လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးငြင်းခုံမှုများ 16

၁၆.၁. အဖွင့်မိတ်ဆက် 16

၁၆.၂ လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးငြင်းခုံမှု အရင်းအမြစ်များ 17

၁၆.၃ အရှေ့တောင်အာရှရှိ လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးငြင်းခုံမှုများ 23

၁၆.၃.၁ ဘန်ကောက်ကြေညာစာတမ်း၏ အခြေခံမူများ 25

၁၆.၃.၂ UDHR သည် အနောက်တိုင်းသားတို့၏ တန်ဖိုးကို ထင်ဟပ်နေပါသလား? 29

၁၆.၃.၃ အာရှတန်ဖိုးများ 31

၁၆.၃.၄ အားလုံးနှင့် သက်ဆိုင်မှု နှင့် ယဉ်ကျေးမှုနှိုင်းရဝါဒ 34

၁၆.၃.၅ ကြားဝင်မစွက်ဖက်ရေး၊ နိုင်ငံအချုပ်အခြာအာဏာ နှင့် နိုင်ငံတကာ ဝေဖန်ထောက်ပြမှု 36

၁၆.၃.၆ စင်ပြိုင်ဦးစားပေးမှုများ - ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများ နှင့် စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ 38

၁၆.၃.၇ လူပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာ အခွင့်အရေးများ နှင့် နိုင်ငံသားတာဝန်များ 41

အခန်း ၁၇ အရပ်ဘက်အဖွဲ့အစည်းနှင့် လူ့အခွင့်အရေး 47

၁၇.၁ မိတ်ဆက် 47

၁၇.၁.၁ အရပ်ဘက်အဖွဲ့အစည်းကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း 48

၁၇.၁.၂ အရပ်ဘက်အဖွဲ့အစည်း အမျိုးအစားများ 52

၁၇.၁.၃ အရပ်ဘက်အဖွဲ့အစည်းများကြုံတွေ့ရလေ့ရှိသည့် စိန်ခေါ်ချက်များ 54

၁၇.၂ လူ့အခွင့်အရေးကာကွယ်မှုတွင် အရပ်ဘက်အဖွဲ့အစည်း၏ အခန်း ကဏ္ဍများ 58

၁၇.၂.၁ အရပ်ဘက်အဖွဲ့အစည်းများ၏ လူ့အခွင့်အရေးအခြေပြု လုပ်ငန်းများ 60

၁၇.၂.၂ အရပ်ဘက်အဖွဲ့အစည်း၊ လူ့အခွင့်အရေးနှင့် ပြည်သူ့မူဝါဒ 61

၁၇.၂.၃ ကုလသမဂ္ဂ လူ့အခွင့်အရေး ယန္တရားနှင့် အရပ်ဘက်အဖွဲ့အစည်း ထိတွေ့ဆောင်ရွက်မှု 64
၁၇.၃ အရှေ့တောင်အာရှရှိ အရပ်ဘက်အဖွဲ့အစည်း 67
၁၇.၃.၁ အရှေ့တောင်အာရှ၏ ဒီမိုကရေစီဖြစ်ထွန်းမှုတွင် အရပ်ဘက်အဖွဲ့အစည်း၏ အခန်း ကဏ္ဍ 70
၁၇.၄ အရှေ့တောင်အာရှရှိ အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ဥပဒေများ 72
၁၇.၅ အာဆီယံနှင့် အရပ်ဘက်အဖွဲ့အစည်း 75
၁၇.၆ နိဂုံး 80

အခန်း ၁၈ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှု ဥပဒေနှင့် လူ့အခွင့်အရေး ... 86
၁၈.၁ အဖွင့်မိတ်ဆက် 86
၁၈.၁.၁ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွါးနေချိန်များတွင် ဥပဒေများ မည်သို့ လုပ်ဆောင်သနည်း? 88
၁၈. ၁. ၂ တိုက်ပွဲစည်းမျဉ်းများ၏ သမိုင်းကြောင်း 89
၁၈.၂ ၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူစာချုပ်များ 92
၁၈. ၂. ၁ ဂျီနီဗာသဘောတူစာချုပ်များရှိ နောက်ဆက်တွဲသဘောတူစာချုပ် (၃) ခု 93
၁၈. ၂. ၂ လက်နက်ကိုင်တိုက်ခိုက်ခြင်းအား အဓိပ္ပါယ်သတ်မှတ်ခြင်း 96
၁၈. ၂. ၃. ကာကွယ်ပေးခြင်း နှင့် ပဋိပက္ခအမျိုးအစား 99
၁၈.၃ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေ၏ အခြေခံမူသဘောတရားများ 101
၁၈. ၃. ၁ IHL ၏ အခြေခံမူသဘောတရားများ - ခွဲခြားခြင်း 101
၁၈. ၃. ၂ IHL ၏ အခြေခံမူသဘောတရားများ - အချိုးမျှတမှုရှိခြင်း နှင့် လိုအပ်မှု ရှိခြင်း 103
၁၈. ၃. ၃ IHL ၏ အခြေခံမူသဘောတရားများ - လူသားဆန်စွာပြုမူဆက်ဆံခြင်း 105

၁၈.၄ IHL နှင့် လူ့အခွင့်အရေးအကြား ဆက်စပ်ပုံ 105
၁၈.၅ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ အဖွဲ့ 107
၁၈.၆ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် အရှေ့တောင်အာရှဒေသရှိ ပဋိပက္ခ 109
၁၈. ၆. ၁ အရှေ့တောင်အာရှ ပဋိပက္ခများတွင် ကာကွယ်ပေးခြင်း 111
၁၈. ၆. ၂ ထိရှလွယ်အုပ်စုများအား ကာကွယ်ပေးခြင်း 113
၁၈. ၆. ၃ IHL ချိုးဖောက်ခြင်းများအပေါ် ပြန်လည်တုန့်ပြန်ခြင်း 115
၁၈.၇ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ၏ မျက်မှောက်ခေတ် ပဋိပက္ခများတွင် ရင်ဆိုင်တွေ့ကြုံနေရသည့် စိန်ခေါ်ချက်များ 116

အခန်း ၁၉ ညှင်းပန်းနှိပ်စက်မှုနှင့် လက်စဖျောက်ခံရမှုများ အဆုံးသတ်ခြင်း 124
၁၉.၁ အဖွင့်မိတ်ဆက် 124
၁၉.၁.၁ ညှဉ်းပန်းနှိပ်စက်မှု သမိုင်းကြောင်း 124
၁၉.၂ ညှဉ်းပန်းနှိပ်စက်မှုနှင့် လက်စဖျောက်ခံရခြင်းများအား အဓိပ္ပါယ် သတ်မှတ်ခြင်း 128
၁၉. ၂. ၁ ညှဉ်းပန်းနှိပ်စက်မှု သဘောတရား 130
၁၉.၃ ညှဉ်းပန်းနှိပ်စက်မှု အဆုံးသတ်ခြင်း - နိုင်ငံတကာစံနှုန်းများနှင့် ယန္တရားများ 138
၁၉. ၃. ၁ ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးကော်မတီနှင့် ညှဉ်းပန်းနှိပ်စက်မှု တားဆီးကာကွယ်ရေး ဆပ်ကော်မတီ 142
၁၉.၄ အတင်းအကျပ် လက်စဖျောက်ခြင်းအား တားဆီးကာကွယ်ခြင်း - နိုင်ငံတကာစံနှုန်းများ နှင့် ယန္တရားများ 144
၁၉. ၄. ၁. လက်စဖျောက်ခံရခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက် 147
၁၉. ၄. ၂ လူများကို အတင်းအကျပ်လက်စဖျောက်ခံရခြင်းမှ အကာအကွယ်ပေးရေး ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင်ပါရှိသည့် အခွင့်အရေးများနှင့် တာဝန်များ 152
၁၉. ၄. ၃ အတင်းအကျပ်လက်စဖျောက်ခြင်းဆိုင်ရာ ကော်မတီ 154

အခန်း ၂၀ နိုင်ငံတကာပြစ်မှုများနှင့် လူ့အခွင့်အရေး 162
၂၀.၁ အဖွင့်မိတ်ဆက် 162
၂၀.၂ တာဝန်ရှိမှု ယန္တရားများ - ဥပဒေဆိုင်ရာ နှင့် သမိုင်းကြောင်းဆိုင်ရာ ခြုံငုံသုံးသပ်ချက် 163
၂၀.၂.၁ နုရမ်ဘာ့ခ် အမှုစစ်ဆေးမှုများနှင့် တိုကျိုစစ်ရာဇဝတ်မှု ခုံရုံး 163
၂၀.၂.၂ ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများ - ဥပဒေဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် သဘောတရားများ 166
၂၀. ၂. ၃ ယခင်ယူဂိုစလားဘီးယားအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး 167
၂၀.၂.၄ ရဝမ်ဒါအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး 168
၂၀.၃ အထူးခုံရုံးများ 171
၂၀. ၃. ၁. ကမ္ဘောဒီးယားတရားရုံးများတွင် ထားရှိသည့် အထူးအာဏာအပ်နှင်းခြင်းခံရသည့် ချိန်ဘာများ (ECC) 172
၂၀. ၃. ၂. ဆီရီယာလီယွန်အတွက် အထူးတရားရုံး 173
၂၀.၃.၃ တီမောလ် လက်စ်တ် ခုံရုံး 174
၂၀.၃.၄ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး 175
၂၀.၄ ဆိုးရွားပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ဥပဒေဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက် 176
၂၀.၄.၁. လူမျိုးသုဉ်းသုတ်သင်ခြင်း (အပိုဒ် ၆) 177
၂၀.၄.၂ လူသားထုအပေါ် ဆန့်ကျင်သည့် ပြစ်မှုများ 179
၂၀.၄.၃ စစ်ရာဇဝတ်မှုများ (အပိုဒ် ၈) 180
၂၀.၄.၄ ကျူးကျော်ရန်စမှုများ 182

၂၀. ၅. အရှေ့တောင်အာရှရှိ စိန်ခေါ်ချက်များ....183

အခန်း ၂၁ လူမျိုးရေးခွဲခြားမှုနှင့် အခြားသော ခွဲခြားဆက်ဆံသည့်ပုံစံများ ပပျောက်ရေး....190

၂၁. ၁. အဖွင့်မိတ်ဆက်....190

၂၁.၁.၁ လူမျိုး နှင့် လူမျိုးရေးခွဲခြားမှုဆိုသည်မှာ အဘယ်နည်း?....191

၂၁.၂. လူမျိုးရေး ခွဲခြားမှု သမိုင်းကြောင်းဖြစ်စဉ်....193

၂၁.၂.၁ လူမျိုးရေးခွဲခြားမှုနှင့် ကိုလိုနီပြုခြင်း....194

၂၁.၂.၂ ဥပဒေနှင့် ပေါ်လစီများတွင်ပါရှိသည့် လူမျိုးရေးခွဲခြားမှု....198

၂၁.၂.၃ အရှေ့တောင်အာရှရှိ လူမျိုးရေးခွဲခြားမှုအပေါ် ခြုံငုံသုံးသပ်ချက်....200

၂၁.၂.၄ လူမျိုးရေးခွဲခြားမှုသဘောတရားသည် အဘယ်ကြောင့် မှားယွင်းသနည်း?....204

၂၁.၃ လူမျိုးရေးအရ ခွဲခြားဆက်ဆံမှု ပုံသဏ္ဌာန်အလုံးစုံ ပပျောက်ရေး ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်....206

၂၁.၃.၁ ICERD ကို မူကြမ်းရေးဆွဲခြင်းနှင့် ချမှတ်ခြင်း....206

၂၁.၃.၂ လူမျိုးရေးအရ ခွဲခြားဆက်ဆံမှုပုံသဏ္ဌာန် အလုံးစုံပပျောက်ရေး ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်....207

၂၁.၃.၃ ICERD တွင် ပါရှိသည့် လူမျိုးရေးခွဲခြားဆက်ဆံမှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်....210

၂၁.၃.၄ လူမျိုးရေးခွဲခြားမှုအပေါ် ခြွင်းချက်များ - နိုင်ငံသားဖြစ်မှုနှင့် ကိုးကွယ် ယုံကြည်မှု....212

၂၁.၃.၅ အထူးစီမံဆောင်ရွက်ချက်များ....214

၂၁.၄ နိုင်ငံ၏ တာဝန်ဝတ္တရားများ....216

၂၁.၄.၁ ဥပဒေရေးရာ တာဝန်ဝတ္တရားများ....216

၂၁.၄.၂ ပညာရေး၊ သင်ကြားခြင်းနှင့် သတင်း အချက်အလက်များသုံးကာ လူမျိုးရေးခွဲခြားဆက်ဆံမှုကို ဖြေရှင်းတုန့်ပြန်ခြင်း....220

၂၁.၅ လူမျိုးရေးခွဲခြားဆက်ဆံမှုအား ကုလသမဂ္ဂတွင် စောင့်ကြည့်ခြင်း....223

၂၁. ၅. ၁. သဘောတူစာချုပ်အခြေပြု ယန္တရားများ 223
၂၁.၅.၂ ကုလသမဂ္ဂတွင် လူမျိုးရေးခွဲခြားမှုပပျောက်ရေးအတွက် ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်ခြင်း 226
၂၁.၆ ခေတ်သစ် လူမျိုးရေးခွဲခြားမှု ပုံစံများ 227
၂၁. ၆. ၁. လူမျိုးရေးခွဲခြားဆက်ဆံမှုအပေါ် ဂျုန်ဒါဆိုင်ရာ ရှုထောင့်များ 228
၂၁.၆.၂ ဥပဒေအရ အရေးယူဆောင်ရွက်ရာတွင် လူမျိုးရေး တံဆိပ်ကပ်ခြင်း 228
၂၁. ၆. ၃. ဌာနေတိုင်းရင်းသား အုပ်စုများနှင့် အရင်းအမြစ် ထုတ်ယူခြင်း 231
အခန်း ၂၂ မူလအခြေချနေထိုင်သော လူမျိုးများ၊ လူနည်းစုများနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများ 239
၂၂.၁ အဖွင့်မိတ်ဆက် 239
၂၂.၂ လူနည်းစု အခွင့်အရေးများကို အကာအကွယ်ပေးခြင်း - သမိုင်းကြောင်း ခြေရာကောက်သည့် ရှုထောင့် 239
၂၂.၂.၁ နိုင်ငံပေါင်းချုပ်အသင်းကြီးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် 239
၂၂.၂.၂ နိုင်ငံပေါင်းချုပ်အသင်းကြီး၏ လူနည်းစု အကာအကွယ်ပေးရေး စနစ် 241
၂၂.၂.၃ ဒုတိယကမ္ဘာစစ်အလွန် ဖြစ်ပေါ်တိုးတက်မှုများ 244
၂၂.၂.၄ မူလအခြေချနေထိုင်သော လူမျိုးများ၏ အခွင့်အရေးများကို အကာအကွယ်ပေး၊ မြှင့်တင်ပေးသည့် စံနှုန်းများ ဖြစ်ပေါ်တိုးတက်လာခြင်း 245
၂၂.၂.၅ စံနှုန်းများ ဖြစ်ပေါ်တိုးတက်လာခြင်း - လူနည်းစုများ၏ အခွင့်အရေးများအား အကာအကွယ်ပေးခြင်းနှင့် မြှင့်တင်ခြင်း 250
၂၂.၃ မူလအခြေချနေထိုင်သော လူမျိုးများနှင့် လူနည်းစု အခွင့်အရေးများ - အရှေ့တောင်အာရှ၌ မျက်မှောက်ခေတ် ပြဿနာများ 253
၂၂.၃.၁ မြေယာအခွင့်အရေးများ 256
၂၂.၃.၂ ဘာသာစကား ပြောဆိုသုံးစွဲခွင့် 258
၂၂.၃.၃ မိမိယဉ်ကျေးမှုအတိုင်း ကျင့်သုံးနေထိုင်ခွင့် 259

၂၂.၃.၄ တက်ကြွလှုပ်ရှားသူများနှင့် သဘာဝပတ်ဝန်းကျင် အခွင့်အရေး ကာကွယ်သူများ အပေါ် ခြိမ်းခြောက်မှုများ 259
၂၂.၃.၅ ရာသီဥတုအပြောင်းအလဲနှင့် မူလအခြေချနေထိုင်သော လူမျိုးစုဝင် ပုဂ္ဂိုလ်များ 260
၂၂.၄ အကာအကွယ်ပေးရေး အစီအမံများ 262
၂၂.၅ နိုင်ငံတကာ အစီအမံများ 262
၂၂.၅.၁ ပဋိညာဉ်အခြေပြု အစီအမံများ 262
၂၂.၅.၂ စာချုပ်အခြေပြု အဖွဲ့အစည်းများ 264
၂၂.၆ အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ 264

အခန်း ၂၃ မသန်စွမ်းမှုရှိသူများ၏ အခွင့်အရေးများ 272
၂၃.၁ အဖွင့်မိတ်ဆက် 272
၂၃.၁.၁ မသန်စွမ်းမှုများကို ဖြေရှင်းသည့် နည်းလမ်းများ ပြောင်းလဲလာပုံ 273
၂၃.၁.၂ မသန်စွမ်းမှုအပေါ် လူ့အခွင့်အရေး အခြေပြုချဉ်းကပ်နည်း သမိုင်းအကျဉ်း 276
၂၃.၂ အသုံးအနှုန်း 278
၂၃.၃ မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် 279
၂၃.၃.၁ မသန်စွမ်းမှုအား အယူအဆတစ်ခုအဖြစ် လေ့လာခြင်း 279
၂၃.၃.၂ ယေဘုယျမူများ 281
၂၃.၃.၃ နိုင်ငံများ၏ တာဝန်များ 283
၂၃.၃.၄ တန်းတူညီမျှခွင့်နှင့် ခွဲခြားဆက်ဆံမှု မခံရခွင့် 285
၂၃.၃.၅ လက်လှမ်းမီမှု 286
၂၃.၃.၆ ဥပဒေရှေ့မှောက် တန်းတူညီမျှသော အသိအမှတ်ပြုခံရမှု 289
၂၃.၃.၇ စာရင်းအင်းကိန်းဂဏန်းများနှင့် အချက်အလက်များ ကောက်ယူခြင်း 291

၂၃.၃.၈ နိုင်ငံအဆင့်နှင့် ဒေသအဆင့်၌ အကောင်အထည်ဖော်ခြင်း 292
၂၃.၄ အရှေ့တောင်အာရှရှိ မသန်စွမ်းမှုနှင့်ဆိုင်သည့် မူဝါဒများ 292
၂၃.၅ စီးပွားရေးလုပ်ငန်းနှင့် မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများ 294
၂၃.၅.၁ အလေ့အကျင့်ကောင်း သာဓကများ 295
၂၃.၆ နိဂုံး 295

၁၆

အရှေ့တောင်အာရှရှိ လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးငြင်းခုံမှုများ

အခန်း ၁၆ အရှေ့တောင်အာရှရှိ လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးငြင်းခုံမှုများ

၁၆.၁. အဖွင့်မိတ်ဆက်

ဗီယင်နာမြို့တွင် ကျင်းပပြုလုပ်မည့် ကမ္ဘာလုံးဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးညီလာခံ အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အာရှနိုင်ငံများမှ ဝန်ကြီးများနှင့် ကိုယ်စားလှယ်များသည် ၁၉၉၃ ခုနှစ်၊ မတ်လ ၂၉ ရက်မှ ဧပြီလ ၂ ရက်နေ့များတွင် ဘန်ကောက်မြို့၌ တွေ့ဆုံခဲ့ကြသည်။ ရာပေါင်းများစွာသော အရပ်ဘက်အဖွဲ့အစည်းများကလည်း တရားဝင်ကျင်းပမည့် အဆိုပါ ညီလာခံနှင့်အပြိုင် မတ်လ ၂၄-၂၉ ရက်များအတွင်း ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ ညီလာခံအပြီးတွင် အာဆီယံအစိုးရများက 'ဘန်ကောက်ကြေညာစာတမ်း'ကို ချမှတ်ခဲ့ကြပြီး အာရှဒေသအတွက် ရည်မှန်းချက်များနှင့် ကတိကဝတ်များကို ထည့်သွင်းဖော်ပြသတ်မှတ်ခဲ့ကြသည်။ တစ်ချိန်တည်းတွင် အရပ်ဘက်အဖွဲ့အစည်းများကလည်း လူ့အခွင့်အရေးကိစ္စရပ်များစွာ ပါဝင်ထည့်သွင်းဆွေးနွေးထားသည့် 'ဘန်ကောက် NGO ကြေညာစာတမ်း' ကို ထုတ်ပြန်ခဲ့ပြီး အစိုးရများ၏ လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးချက်အချို့အပေါ် စောဒကတက် ဆွေးနွေးခဲ့ကြသည်။ ထို့ကြောင့် ၁၉၉၃ ခုနှစ်ရောက်သည့်အခါ 'အာရှတန်ဖိုးများ' ဟူသော အယူအဆများသည် လူ့အခွင့်အရေးဆွေးနွေးပွဲများတွင် ရှေ့တန်းမှ ဦးဆောင်လာခဲ့ခြင်း ဖြစ်သည်။ အဆိုပါ အာရှတန်ဖိုးငြင်းခုံမှုများသည် ကြေညာစာတမ်းနှစ်ခုအပေါ် အခြေခံထားသည် သာမက 'အရှေ့ဘက်' သို့မဟုတ် 'အာရှ သားများ' (တရုတ်၊ စင်္ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံ တစ်စိတ်တစ်ပိုင်း) နှင့် 'အနောက်ဘက်' တို့၏ လူ့အခွင့်အရေးအပေါ် ရှုမြင်ကြပုံ၊ ဆွေးနွေးကြပုံနှင့် အချေအတင်ငြင်းခုံကြပုံများအပေါ်တွင်လည်း အခြေခံထားသည်။ ကမ္ဘာလုံးဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးညီလာခံ (၁၉၉၃ ခုနှစ်၊ ဇွန်လ) သို့ တက်ရောက်လာကြသော နိုင်ငံများက အဆိုပါကိစ္စရပ်နှင့် ပတ်သက်သည့် မျှတသောအမြင်များနှင့် ထုတ်ပြန်ချက်များကို တင်ပြရန် ကြိုးပမ်းခဲ့ကြသော်လည်း အဆိုပါငြင်းခုံမှုမှာ အာရှဒေသ၊ အထူးသဖြင့် အရှေ့တောင်အာရှတွင် ဆယ်စုနှစ်များကြာသည်အထိ ဆက်လက်တည်ရှိခဲ့သည်။ ၂၀၁၂ ခုနှစ် နိဝင်ဘာလတွင် ချမှတ်ခဲ့သည့် အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်း မူကြမ်းရေးဆွဲခြင်းများတွင်လည်း အဆိုပါငြင်းခုံမှု ဖြစ်ခဲ့သည်မှာ မြင်သာထင်ရှားခဲ့သည်။

လူ့အခွင့်အရေးနှင့် ပတ်သက်၍ အနောက်နိုင်ငံအစိုးရများနှင့် အနောက်တိုင်းမဟုတ်သည့် အချို့အစိုးရများ (အထူးသဖြင့် အာရှ) အကြား ကွဲလွဲချက်များ ရှိခဲ့သည်။ အရှေ့နှင့် အနောက်ငြင်းခုံမှုဆိုင်ရာ အဓိက ကိစ္စရပ်များတွင် အောက်ပါအကြောင်းများ ပါဝင်သည်-

(၁) ကမ္ဘာလုံးဆိုင်ရာမူ/အားလုံးနှင့်သက်ဆိုင်သောမူ (**Universality**) ဖြစ်မှု နှင့် ယဉ်ကျေးမှုဆိုင်ရာ နှိုင်းရမူ (**cultural relativism**) ဖြစ်မှုတို့အကြား မေးခွန်းထုတ်ခြင်း သို့မဟုတ် လူ့အခွင့်အရေးသည် လူသားအားလုံးကို သက်ရောက်သော ကမ္ဘာလုံးဆိုင်ရာ

အာရှတန်ဖိုးများ

၁၉၉၀နှစ်များ အစောပိုင်းမှ စတင်ကာ အချို့သော အာရှနိုင်ငံရေးခေါင်းဆောင်များနှင့် ပညာတတ်အချို့က အနောက်တိုင်း နိုင်ငံရေးဆိုင်ရာ တန်ဖိုးများ၊ အထူးသဖြင့် လူ့အခွင့်အရေး၊ လွတ်လပ်ခွင့်၊ ဒီမိုကရေစီတို့နှင့် စင်ပြိုင် သည်သိတစ်ခုအဖြစ် မြင့်မားသော တန်ဖိုးစုများအပေါ် အလေးပေးသည့် ဟောပြောချက် ဖြစ်သည်။ ထိုသူများက သဟဇာတဖြစ်မှု၊ စည်းကမ်းသေဝပ်မှု၊ နိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားမှု၊ အာဏာ/ခေါင်းဆောင်များကို နာခံမှုနှင့် တစ်ဦးချင်း၏ အခွင့်အရေးထက် လူအသိုင်းအဝိုင်း၏ တန်ဖိုးဆိုင်ရာ အချက်များကို အရေးဆိုဟောပြောခဲ့ကြသည်။ လူမှုအသိုင်းအဝိုင်း တစ်ခုချင်းစီ၏ လူမှုရေး၊ ယဉ်ကျေးမှု၊ သမိုင်းအစဉ်အလာ၊ စီးပွါးရေးနှင့် နိုင်ငံရေးဆိုင်ရာ သီးခြားဖြစ်တည်မှုများကိုလည်း အခိုင်အမာ ပြောဆိုခဲ့ကြသည်။

အခြေခံမူများ ဖြစ်သလော၊ သို့မဟုတ် ဒေသ/နိုင်ငံတစ်ခု၏ သီးခြားလက္ခဏာများဖြင့် အဓိကကျကျ ပုံဖော်ထားသော တန်ဖိုးများ ဖြစ်သလော၊

(၂) ဝင်ရောက်စွက်ဖက်ခွင့် နှင့် ပြည်တွင်းရေးများတွင် 'ကြားဝင်စွက်ဖက်မှု' ကို ဆန့်ကျင်ငြင်းဆိုသော နိုင်ငံ၏ အချုပ်အခြာအာဏာ၊

(၃) ဦးစားပေးမှုဆိုင်ရာ ယှဉ်ပြိုင်ငြင်းခုံမှုများ (က) လူ့အခွင့်အရေး အမျိုးအစားများအကြား အထူးသဖြင့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများ နှင့် စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ (ခ) လူပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာ အခွင့်အရေးများ နှင့် စုပေါင်း သို့မဟုတ် အုပ်စုလိုက်အခွင့်အရေးများ၊

(၄) တစ်ဦးချင်းအခွင့်အရေးများ နှင့် နိုင်ငံသားများ၏ တာဝန်များ ဆိုင်ရာ သဘောတရားများ၊[1]

၁၉၉၃ ခုနှစ်မှ စတင်ပေါ်ပေါက်ခဲ့ပြီး ယနေ့ထိတိုင် ဆက်လက်တည်ရှိဆဲ ဖြစ်သော ငြင်းခုံမှုများ အကြောင်း ဤအခန်းတွင် ဆွေးနွေးရန် စီစဉ်ထားပါသည်။ သဘောတရားရေးရာနှင့် လက်တွေ့ ရေးရာ အမြင်နှစ်ရပ်လုံးမှ ရှုမြင်ပုံတစ်ခုချင်းစီကိုလည်း ရှင်းလင်းရန် အားပေးထားသည်ဖြစ်ရာ ကျောင်းသူ/သားများအား လူ့အခွင့်အရေးဆိုင်ရာ တွေးဆချက်များနှင့် အခြေခံမူများအပေါ် ၎င်းတို့ ကိုယ်တိုင်ဆန်းစစ်ရန် အထောက်အကူပြုနိုင်ပေသည်။ ဆွေးနွေးငြင်းခုံချက်များ၏ အရင်း အမြစ်ကို လျှပ်တစ်ပြက်ဖော်ပြမှုဖြင့် စတင်ပြီးလျှင် အသေးစိတ်ငြင်းခုံမှုများဖြင့် ဆက်လက်ဖော် ပြကာ နောက်ဆုံးတွင် အခြားသော စောဒကတက်ငြင်းခုံမှု ဥပမာများဖြင့် အဆုံးသတ်ထား သည်။

၁၆.၂ လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးငြင်းခုံမှု အရင်းအမြစ်များ

အာရှဒေသသည် ကြီးမားကျယ်ပြန့်ပြီး မတူကွဲပြားမှုအလွန်များသော ဒေသကြီးဖြစ်သည်။ တိုင်းရင်းသားလူမျိုးစုံ၊ ယဉ်ကျေးမှုအစုံ၊ ဘာသာပေါင်းစုံ၊ အတွေးအခေါ်မျိုးစုံ၊ နိုင်ငံရေးနှင့် စီးပွါးရေး အခြေအနေရပ်အဖုံဖုံတို့ဖြင့် ဖွဲ့စည်းထားသည့်အလျောက် အာရှလူမှုအသိုင်းအဝိုင်း သည် ကြီးမားပြီး သောင်းပြောင်းထွေလာ ရောနှောလျက်ရှိသည်။ ထိုကွဲပြားမှုများကြောင့် လူ့အခွင့်အရေးအပေါ် မတူကွဲပြားသော တွေးခေါ်ယူဆချက်များကို ထင်ဟပ်စေသည်။ သို့သော် ဤအခန်းတွင် အရှေ့တောင်အာရှတစ်ခုကိုသာ အလေးထားဖော်ပြထားပြီး ဒေသရှိ အဆိုပါ ဆွေးနွေး ငြင်းခုံမှုများကို ပုံဖော်သက်ရောက်စေသည့် တရုတ်နိုင်ငံအကြောင်းကိုလည်း တစ်စိတ် တစ်ပိုင်း ဆွေးနွေး ထားပါသည်။

[1] Van Ness, P (ed), Debating Human Rights (Asia's Transformations Series), Abingdon: Routledge, 1999, at 8 – 9.

မှတ်သားဖွယ်ရာ

အနောက်တိုင်း နှင့် အရှေ့တိုင်း တန်ဖိုးများဆိုင်ရာ အငြင်းအခုံ

ဤအငြင်းအခုံသည် ကမ္ဘာလုံးဆိုင်ရာမူဖြစ်မှု၊ နိုင်ငံ၏ အချုပ်အခြာအာဏာ နှင့် အခွင့်အရေး အပေါ် ကိုယ်တိုင်ကိုယ်ကျ နားလည်ထားမှုနှင့် ပတ်သက်သော မေးခွန်းများကို အလေးထား ဖော်ပြထားသည်။

အနောက်တိုင်း	အရှေ့တိုင်း
လူ့အခွင့်အရေးသည် လူသားအားလုံးနှင့် သက်ဆိုင်သော ကမ္ဘာလုံးဆိုင်ရာ အခြေခံမူ ဖြစ်သည်။ အခွင့်အရေးများကို ခိုင်မာစေသည့် အခြေခံမူသဘောတရားများသည် ယဉ်ကျေး မှုများနှင့် ပထဝီသဘောအရ ထိစပ် နယ်နိမိတ်များတလျောက် ပြန့်နှံ့နေသည်။	လူ့အခွင့်အရေးအဓိပ္ပါယ်ကို ဒေသ/နိုင်ငံတစ်ခု စီရှိ သီးခြားလက္ခဏာရပ်များဖြင့် ပုံဖော်သင့် သည်။
နိုင်ငံတကာ အသိုင်းအဝိုင်းသည် အခြားနိုင်ငံ များရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများ အကြောင်း မေးခွန်းထုတ် မေးမြန်းနိုင်သည်။	လူ့အခွင့်အရေးသည် ပြည်တွင်းရေးအဖြစ်သာ ရှိသင့်သည်။ နိုင်ငံ၏ အချုပ်အခြာအာဏာ ဆိုင်ရာ အခြေခံမူသည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှု မပြုရေးကို သွယ်ဝိုက်ညွှန်းဆိုသည်။
ပြည်သူ့ရေးရာနှင့် နိုင်ငံရေးဆိုင်ရာ အခွင့် အရေးများကို ပိုမို ဦးစားပေး သင့်သည်။	စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို ပိုမို ဦးစားပေးသင့်သည်။
လူပုဂ္ဂိုလ်တစ်ဦးချင်းသည် အခွင့်အရေး လက် ဝယ်ရှိသူများ ဖြစ်သည်။ ထို့ကြောင့် ပုဂ္ဂိုလ် တစ်ဦးချင်းစီ၏ ကင်းလွတ်ခွင့်နှင့် လွတ်လပ် ခွင့်များသည် အထိမခံ အရေးပါလှသည်။	နိုင်ငံများကို လူအသိုင်းအဝိုင်းများဖြင့် တည် ဆောက်ထားသည်။ ထို့ကြောင့် စုပေါင်းအခွင့် အရေးများသည် ပုဂ္ဂိုလ်တစ်ဦးချင်း၏ လွတ် လပ်ခွင့်များထက် ပိုမိုအရေးပါသည်။ လူများ သည် ၎င်းတို့၏ နိုင်ငံအပေါ် တာဝန်စောင့်သိ ရန် လိုသည်။

သို့ရာတွင် အရှေ့နှင့် အနောက်တို့၏ နားလည်မှုမှာ လုံးလုံးလျားလျား သီးခြားဖြစ်တည်သွားခြင်း မရှိသည်ကို ထောက်ပြလိုသည်။ အုပ်စုတစ်ခုအတွင်းရှိ နိုင်ငံများသည်ပင်လျှင် အခွင့်အရေးအပေါ် နားလည်ထားမှုများ မတူကွဲပြားနိုင်မည်ဖြစ်ရာ အနောက် နှင့် အရှေ့ ကွဲပြားမှုမှာ အမြင်မတူ အယောင်ပြကွဲလွဲမှုသဘော ဖြစ်သည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) ကို မူကြမ်းရေးဆွဲစဉ်ကပင် လူ့အခွင့်အရေး သဘောတရားအသိနှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေးငြင်းခုံခဲ့ကြသည်။ သို့သော် အဆိုပါ ငြင်းခုံဆွေးနွေးမှုသည် စစ်အေးတိုက်ပွဲပေါ်ပေါက်ခဲ့သည့် ၁၉၅၀ အစောပိုင်းနှစ်များတွင် အထူးသဖြင့် လစ်ဘရယ်အုပ်စုနှင့် ဆိုရှယ်လစ်အုပ်စုများအကြား ပိုမို ပြင်းထန်လာခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် အနောက်နိုင်ငံအချို့ ဦးဆောင်သော လစ်ဘရယ်အုပ်စုများက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ မီဒီယာ၊ စုဝေးခွင့်နှင့် ဒီမိုကရေစီအရ ရွေးကောက်တင်မြောက်ခြင်းတို့ အပါအဝင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်များအပေါ် အလေးပေးပြောဆိုကြသည်။ သို့သော် ယခင် ဆိုဗီယက်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့ ဦးဆောင်သော ဆိုရှယ်လစ်/ကွန်မြူနစ်အုပ်စုများက လူမှုရေးနှင့် စီးပွါးရေးဆိုင်ရာ တရားမျှတမှုများ၊ အထူးသဖြင့် အလုပ်၊ လုပ်ငန်းခွင်တို့နှင့် ပတ်သက်သော အခွင့်အရေးများ၊ လူမှုဖူလုံရေး၊ လူမှုသက်သာချောင်ချိရေး အစရှိသည်တို့အပေါ် အလေးပေးအရေးဆိုကြသည်။ ကွဲပြားမှုများသည် ကွဲလွဲသော စဉ်းစားတွေးခေါ်မှုဆိုင်ရာ အစဉ်အလာများအပေါ် အမြစ်တွယ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့သည် အခွင့်အရေးဆိုင်ရာ "မျိုးဆက်သုံးခု သီအိုရီ" အား တစ်နည်းတစ်ဖုံအားဖြင့် ထင်ဟပ်စေသည်။

> *မျိုးဆက်တစ်ခုစီသည် နိုင်ငံများက စုဖွဲ့ထားသော သီးခြားအုပ်စုတစ်ခု၏ ဦးစားပေးမှုများကို အလေးပေးဖော်ပြသည်။ ပထမမျိုးဆက်တွင် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများ ပါဝင်ပြီး လူပုဂ္ဂိုလ်တစ်ဦးချင်းစီကို နိုင်ငံမှ ကာကွယ်ရန် ကြိုးပမ်းခြင်းဖြစ်သည်... ဤမျိုးဆက်သည် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် အလေးပေးသော အနောက်နိုင်ငံဆိုင်ရာ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအပေါ် နက်ရှိုင်းစွာ အခြေတည်ထားသည်။ သို့သော် စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို ဖော်ပြထားသည့် ဒုတိယမျိုးဆက်သည် ဆိုရှယ်လစ်နိုင်ငံများနှင့် မက်စ်ဝါဒ တွေးခေါ်မှုဆိုင်ရာ ထုံးတမ်းများအား ဦးစားပေး ထင်ဟပ်စေသည်... နောက်ဆုံး မျိုးဆက်အနေဖြင့် လူများ၏ အခွင့်အရေးများ သို့မဟုတ် အုပ်စုလိုက် အခွင့်အရေးများသည် တတိယမျိုးဆက် အခွင့်အရေးများ ဖြစ်ကြပြီး တတိယကမ္ဘာနှင့် ကိုလိုနီစနစ်၏သမိုင်း၊ အထူးသဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ခွင့်တို့ကို အလေးပေးသော တတိယကမ္ဘာ၏ အထူးအလေးထားမှုများအား တုံ့ပြန်ဖော်ပြခြင်းဖြစ်သည်။*[2]

ထို့ကြောင့် ဆွေးနွေးငြင်းခုံမှုသည် ပုံစံမျိုးစုံဖြစ်နိုင်ပေသည်။ အမှန်၌ အနောက်နိုင်ငံများအကြားတွင်ပင် လူ့အခွင့်အရေးဆိုင်ရာ အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့်/သို့မဟုတ် လက်တွေ့ကျင့်သုံးခြင်းနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ တူညီမှုမျိုး ရှိကြသည်မဟုတ်ပေ။ ဥပမာ - အသက်ရှင်သန်ခွင့် သဘောတရားအသိနှင့်စပ်လျဉ်း၍ ကမ္ဘာ့အနှံ့အပြားတွင် သိသိသာသာ ကွဲလွဲကြသည်။ ထို့ကြောင့် သေဒဏ်ကို ဥရောပတွင် ဖျက်သိမ်းထားသော်လည်း အမေရိကန် ပြည်ထောင်စု

[2] Van Ness (see note 1 above), at 8 – 9.

တွင် သေဒဏ်သည် ဥပဒေကြောင်းအရ တရားဝင်ဖြစ်ရုံသာမက အချို့ပြည်နယ်များတွင် ကျင့်သုံးဆဲ ဖြစ်လေသည်။

အရှေ့တောင်အာရှတွင် လူ့အခွင့်အရေး ဆွေးနွေးငြင်းခုံမှုများကို အဓိကအားဖြင့် တရုတ်၊ စင်္ကာပူနှင့် မလေးရှားရှိ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ပင်ကိုယ် စရိုက်များအရ ချဉ်းကပ်မြင့်တင်ခဲ့သည်။ အမှန်တွင် တရုတ်အစိုးရ၏ လူ့အခွင့်အရေးဆိုင်ရာ စက္ကူဖြူစာတမ်းသည် နှစ်ပေါင်းများစွာ တည်ရှိနေခဲ့ပြီး အကြီးတန်းနိုင်ငံခြားရေးရာ အရာရှိများက ထုတ်ဖော်ပြောဆိုခြင်းမပြုမီ စင်္ကာပူ ဝန်ကြီးချုပ်ဟောင်းဖြစ်သူ လီကွမ်ယုက လူ့အခွင့်အရေးကို ပထမဆုံး ဝေဖန်ထောက်ပြခြင်းဖြင့် စင်္ကာပူသားဝေဖန်မှု ဖြစ်ခဲ့သည်။ ထို အရာရှိများအကြားတွင် **ခစ်ရှော မဟ္ဗုဗာနီ Kishore Mahbubani**[3] သည် လူသိများကျော်ကြားသည်။ အချို့က အဆိုပါဝေဖန်မှုကို 'စင်္ကာပူ (အတွေးအခေါ် ဒဿန) ကျောင်း' ဟု အမည်တပ်ကြသည်။ ဤနေရာတွင် မှတ်သားရန်မှာ စင်္ကာပူကျောင်းက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကို ငြင်းပယ်ခြင်း မဟုတ်ပါ - ၎င်းသည် UDHR ကို ဆက်လက်ကိုးကားညွှန်းဆိုကာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ် ၃ ခုကို အတည်ပြုလက်မှတ်ရေးထိုးခဲ့သည် (၂၀၁၉ ခုနှစ်အထိ - ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၊ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု အလုံးစုံပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်များကို ခြွင်းချက်များ ထားရှိသော်လည်း အတည်ပြု လက်မှတ်ရေးထိုးထားသည်)။ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း လူ့အခွင့်အရေးစနစ်များတွင်လည်း ဆက်လက်ပါဝင်နေသည်။ ထို့ကြောင့် ၎င်းသည် လူ့အခွင့်အရေးစံနှုန်းများကို အစွန်းရောက်ပုံစံဖြင့် ပြုပြင်ပြောင်းလဲရန် အရေးဆိုခဲ့ခြင်း မဟုတ်ပေ။ 'ရှိရင်းစွဲ လူ့အခွင့်အရေး စနစ်၊ အထူးသဖြင့် ထိုစနစ်အတွင်းရှိ အနောက်နိုင်ငံများ၏ အခန်းကဏ္ဍကို ခိုင်လုံစွာဖြင့် ဝေဖန်ထောက်ပြခြင်းဖြစ်သည်။ နိုင်ငံတစ်ခုနှင့်တစ်ခု ဆက်ဆံမှုတွင် လူ့အခွင့်အရေးမှာ တရားဝင်ကိစ္စရပ်ဖြစ်သည်ဆိုသည်ကို ခုခံငြင်းဆိုခဲ့ခြင်း မရှိပါ။'[4] တနည်းအားဖြင့် စင်္ကာပူကျောင်းသည် လူ့အခွင့်အရေး၏ ကမ္ဘာလုံးဆိုင်ရာမူဖြစ်မှုဟူသော အခြေခံမူသဘောတရားအပေါ် ခုခံငြင်းဆိုခြင်း မဟုတ်ပေ။

သို့ရာတွင် ၎င်းတို့၏ အမြင်၌

> [ဖော်ပြပါ] 'အားလုံးနှင့်သက်ဆိုင်သော/ကမ္ဘာလုံးဆိုင်ရာမူဖြစ်သော လူ့အခွင့်အရေးများ' သည် အမှန်စင်စစ်တွင် အနောက်နိုင်ငံများ အထူးအားဖြင့် အမေရိကန်၏

[3] Kishore Mahbubani သည် ၁၉၇၁ ခုနှစ်မှစတင်၍ စင်္ကာပူနိုင်ငံခြားရေးဝန်ထမ်းအဖွဲ့ဝင်၊ သံတမန် ပြည်သူ့ဝန်ထမ်းတစ်ဦးဖြစ်သည်။ လက်ရှိတွင် စင်္ကာပူအမျိုးသားတက္ကသိုလ်၏ ပြည်သူ့မူဝါဒရေးရာ လီကွမ်ယု ကျောင်း၏ ပြည်သူ့မူဝါဒရေးရာ လက်တွေ့ကျင့်သုံးမှုဌာန ပါမောက္ခ၊ ဌာနမှူးဖြစ်သည်။ ဆွေးနွေးငြင်းခုံမှုနှင့် ဆက်စပ်သော ၎င်း၏ စာအုပ်တစ်အုပ်မှာ 'အာရှသားများ စဉ်းစာနိုင်သလော?' (၁၉၉၈) ဖြစ်သည်။

[4] Brems, E, Human Rights: *Universality and Diversity*, The Hague, Boston, London: Martinus Nijhoff Publishers, 2001, at 37.

> အနက်အဓိပ္ပါယ် ဖွင့်ဆိုခြင်းသာ ဖြစ်သည်။ မတူကွဲပြားမှုကို တစ်ဦးချင်းစီက လေးစားရန်မှာ ၎င်းတို့၏ အဓိက တောင်းဆိုချက် ဖြစ်သည်။ စက်ဘူးအနေဖြင့် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအပေါ် ၎င်း၏ ကိုယ်ပိုင်အမြင် အပါအဝင် ကိုယ်ပိုင် နိုင်ငံရေးနှင့် လူမှုရေးပုံစံများ ပြဋ္ဌာန်းခွင့်ကို တောင်းဆိုခြင်းဖြစ်သည်။ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို 'တန်ဖိုးများ' အဖြစ် ရှုမြင်ကြပြီး 'တန်ဖိုးများသည် လူသားတို့၏ သမိုင်းကြောင်းနှင့် အတွေ့အကြုံမှ ဖြစ်ပေါ်လာကြသည်။' '၂၀ ရာစုနှောင်းပိုင်းရှိ အမေရိကန် သို့မဟုတ် ဥရောပသားတို့၏ စံနှုန်းများမှာ အားလုံးနှင့် သက်ဆိုင်သည်ဟု မဆိုနိုင်ချေ။'[5]

ယခင်က ရေးသားထုတ်ပြန်ချက်များတွင် စက်ဘူးသားတို့က အမေရိကန်လူမှုအသိုင်းအဝိုင်းရှိ ပြဿနာရပ်များကို ရည်ညွှန်းကိုးကားလေ့ရှိသည်၊ အလွန်အကျွံ လွတ်လပ်မှုသည် ဆေးစွဲမှုများ၊ ရာဇဝတ်မှုများ၊ အိမ်ထောင်ပြိုကွဲခြင်းများ၊ အသက်မပြည့်ကိုယ်ဝန်ဆောင်မှုများနှင့် ကြွယ်ဝချမ်းသာမှုများအကြား ဆင်းရဲမွဲတေမှုများဆီသို့ ဦးတည်ကြံ့တွေ့စေသည်။ စက်ဘူးတို့၏ အဆိုအရ အဆိုပါပြဿနာရပ်အားလုံးသည် အမေရိကန်၏ ဒီမိုကရေစီတွေးဆချက်နှင့် ဆက်စပ်နေပြီးလျှင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အခွင့်အရေးအပေါ် အလေးပေးမှု လွန်ကဲခြင်းကြောင့် ဖြစ်သည်ဟု ဖော်ပြကြသည်။[6] အနောက်နိုင်ငံများက ၎င်းတို့၏ နှစ်ထပ်ကွမ်း စံနှုန်းများကို ဦးတည်ကြပြီး လူ့အခွင့်အရေးကို အသုံးပြုလျက် ၎င်းတို့၏ နိုင်ငံရေးနှင့် စီးပွါးရေးဆိုင်ရာ အစီအစဉ်များ ချမှတ်ကြသည်။[7] ၎င်းတို့အစား (ဤအခန်း၏ နောက်ပိုင်းတွင် တွေ့မြင်ရလိမ့်မည်) စက်ဘူးက စီးပွါးရေး၊ ထိရှလွယ်အားနည်းမှု၊ ယဉ်ကျေးမှုနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်ရေးဆိုင်ရာ အဆိုပြုချက်များဖြင့် ဆွေးနွေးငြင်းခုံခဲ့သည်။ ပထမဦးစွာ စီးပွါးရေး ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးကာ ဒုတိယအချက်အနေဖြင့် တစ်မြို့တည်းရှိသော နိုင်ငံသေးတစ်ခု၏ ထိရှလွယ်အားနည်းမှုကို အသေးစိတ်ရှင်းပြခဲ့သည်။

ယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေးငြင်းခုံမှုသည် အာရှနှင့် အနောက်တို့အကြား ယဉ်ကျေးမှုနှင့် ကျင့်ဝတ်ဆိုင်ရာ ကွဲပြားမှုများကို အလေးပေးသော ကွန်ဖြူးရှပ် ဓလေ့ထုံးတမ်းစဉ်လာမှ ဆင်းသက်လာခြင်းဖြစ်သည်။ နောက်ဆုံးတွင် ကောင်းမွန်သော စီမံအုပ်ချုပ်မှုသည် တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် စီးပွါးရေး ဖွံ့ဖြိုးတိုးတက်မှုကို သေချာစေရန် လိုအပ်ကြောင်း အလေးထားဖော်ပြလျက် စီမံအုပ်ချုပ်မှုကောင်းတစ်ခုသည် အခြားသောအချက်များကို စည်းနှောင်ထားနိုင်ကြောင်း ဖော်ပြခဲ့သည်။[8] အဆိုပါ ဆွေးနွေးငြင်းခုံမှုအားလုံးကို အာရှတန်ဖိုးများ၏ အခြေခံအဖြစ် သတ်မှတ်ခဲ့သည်။

---

[5] Brems (see note 3 above), at 37.

[6] Brems (see note 3 above), at 37.

[7] Brems (see note 3 above), at 37.

[8] Brems (see note 3 above), at 38 – 49.

မှတ်သားဖွယ်ရာ

အာရုတန်ဖိုး၏ အနောက်တိုင်းအပေါ် အမြင်

အမေရိကန်ပြည်ထောင်စုရှိ လူမှုရေးပြဿနာများဖြစ်သည့် မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရာဇဝတ်မှုနှုန်းမြင့်တက်လာမှု၊ အိမ်ထောင်ကွဲပြဿနာများ၊ အသက်မပြည့် ကိုယ်ဝန်ဆောင်မှုများ၊ လူချမ်းသာတို့အလယ် ပေါ်ပေါက်လာသော ဆင်းရဲမွဲတေမှုများသည် လွတ်လပ်မှုကို အလွန်အကျွံ အသုံးချပြီး ဒီမိုကရေစီနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အခွင့်အရေးများကို အလေးထားလွန်းခြင်းကြောင့် ဖြစ်သည်။ ထို့ပြင် အနောက်နိုင်ငံများသည် ၎င်းတို့၏ နိုင်ငံရေးနှင့် စီးပွါးရေးအစီအစဉ်များတွင် လူ့အခွင့်အရေးကို ထပ်မံအသုံးပြုခြင်းဖြင့် နှစ်ထပ်ကွမ်းစံနှုန်းများကို ပြသကြသည်။

တရုတ်နိုင်ငံအနေဖြင့် ၁၉၈၉ ခုနှစ် တီနာမင်အရေးအခင်းအပြီး လူ့အခွင့်အရေး အခြေအနေအပေါ် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ဝေဖန်မှုများအား ပြန်လည်တုံ့ပြန်သည့် သဘောဖြင့် ဘေဂျင်းစက္ကူဖြူ စာတမ်းများကို ၁၉၉၁ ခုနှစ်တွင် ပထမအကြိမ် ထုတ်ဝေခဲ့သည်။ ဤစာတမ်းသည် အရေးအခင်းအပေါ် တရုတ်၏ ရပ်တည်ချက်ကို တင်ပြခဲ့ရုံသာမက ၎င်း၏ လူ့အခွင့်အရေးဆိုင်ရာ အမှန်တကယ် လက်တွေ့ကျင့်သုံးမှုကိုလည်း ဖော်ပြခဲ့သည်။ စာတမ်း၌ တရုတ်၏ ရပ်တည်ချက်ကို ရှင်းပြထားသည်မှာ -

> လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အခြေအနေများ၏ ဆင့်ကဲဖြစ်စဉ်ကို နိုင်ငံများ၏ သမိုင်းကြောင်း၊ လူမှုရေး၊ စီးပွါးရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခြေအနေများဖြင့် ဝန်းရံထားပြီး သမိုင်းဖြစ်စဉ် တိုးတက်လာမှု ပါဝင်သည်။ သမိုင်းနောက်ခံများ၊ လူမှုရေး စနစ်များ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အချက်များမှာ ကြီးမားစွာ ကွဲပြားကြသည့်အတွက် နိုင်ငံများသည် လူ့အခွင့်အရေးကို နားလည်ပုံနှင့် ကျင့်သုံးပုံ ကွဲပြားကြလေသည်။ ၎င်းတို့၏ မတူညီသော အခြေအနေများကြောင့် သက်ဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်များအပေါ် မတူညီသော သဘောထားများ ခံယူခဲ့ကြသည်။[9]

'မတူကွဲပြားမှု၊ အပြန်အလှန်လေးစားမှု၊ နားလည်မှု မြှင့်တင်ပြီး ပူးပေါင်းဆောင်ရွက်မှုတို့ကို ထိန်းသိမ်းလျက် ဘုံသဘောတူညီချက် ရှာဖွေသည့်သဘောအမြင်ဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဆောင်ရွက်ချက်များအား လုပ်ဆောင်သင့်သည်' ဟု စက္ကူဖြူစာတမ်း၌ ဖော်ပြထားသည်။ ဤအချက်သည် နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ဆက်စပ်လျက်ရှိသည်၊ 'နိုင်ငံတကာအမြင်များ ရှိသော်ငြားလည်း လူ့အခွင့်အရေးကိစ္စရပ်သည် နိုင်ငံတစ်ခုစီ၏ အချုပ်အခြာအတွင်းတွင် ကြီးမားစွာ ကျရောက်လျက်ရှိသည်' ဟု ထပ်မံ ဖော်ပြထားသည်။ ဖွံ့ဖြိုးတိုးတက်ခွင့်၊ စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို ဦးစားပေး

[9] Brems (see note 3 above), at 52

ဖော်ပြသည်။ နောက်ဆုံးတွင် အခွင့်အရေးနှင့် တာဝန်အကြား ချိတ်ဆက်မှုကိုပင် ဖော်ပြထားသည်။[10]

မှတ်သားဖွယ်ရာ

ဘေဂျင်းစက္ကူဖြူစာတမ်းများ

ဘေဂျင်းစက္ကူဖြူစာတမ်းများကို ၁၉၉၁ ခုနှစ်တွင် တရုတ်က ၎င်း၏ လူ့အခွင့်အရေး အခြေအနေအပေါ် နိုင်ငံတကာ၏ ဝေဖန်မှုကို တုံ့ပြန်သောအားဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ စာတမ်းတွင် လူ့အခွင့်အရေးအပေါ် တရုတ်၏ အမြင်ကို ဖော်ပြထားသည်၊ ၎င်းတို့မှာ - (၁) လူ့အခွင့်အရေးသည် သမိုင်းစဉ်လာ၊ လူမှုရေး၊ စီးပွါးရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခြေအနေအရပ်ရပ်တို့အရ ဆင့်ကဲပြောင်းလဲလျက်ရှိသည့်အားလျော်စွာ နိုင်ငံများသည် လူ့အခွင့်အရေးအပေါ် နားလည်ရှုမြင်ပုံနှင့် လက်တွေ့ကျင့်သုံးပုံ ကွဲပြားခြားနားကြသည်၊ (၂) လူ့အခွင့်အရေး ကိစ္စရပ်သည် နိုင်ငံတစ်နိုင်ငံစီ၏ အချုပ်အခြာအတွင်းတွင် ကျရောက်လျက်ရှိသည်၊ (၃) အခွင့်အရေးကို အသိအမှတ်ပြုရာတွင် နိုင်ငံသားတို့၏ တာဝန်များလည်း တွဲလျက် ပါဝင်သည်။

စက််ပူခေါင်းဆောင်များနှင့် တရုတ်အစိုးရတို့၏ အဆိုပါအတွေးအခေါ်များသည် အာရှနိုင်ငံများရှိ အစိုးရများ၏ ပြောဆိုဆွေးနွေးမှုများအထိပါ ပြန့်နှံ့လွှမ်းမိုးခဲ့သည်ဟု ပြောဆိုပါက မှန်ကန်နိုင်မည်ဖြစ်သည်၊ ဗီယင်နာ လူ့အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ညီလာခံ_ ဘန်ကောက်ကြေညာစာတမ်းတွင် ချမှတ်ခဲ့သော အချက်များနှင့် ထိုညီလာခံတွင် တင်ပြခဲ့သည်များက အဆိုပါလွှမ်းမိုးမှုကို အမှန်ပင် ဖော်ပြထားသည်။ နောင်လာမည့်အပိုင်းတွင် ဘန်ကောက်ကြေညာစာတမ်းကို အသေးစိတ် လေ့လာဆန်းစစ်ထားပြီး အရှေ့တောင်အာရှတွင် လူ့အခွင့်အရေးအား မည်သို့ စဉ်းစာကာ ဆောင်ရွက်ကြသည်၊ အာရှတန်ဖိုးများက အနောက်၏ လွှမ်းမိုးမှုအတွေးအခေါ်ကို အမှန်ပင် စိန်ခေါ်နေသည်လော၊ သို့မဟုတ် ထိုအာရှတန်ဖိုးများက လူ့အခွင့်အရေး၏ ပင်ကိုအယူအဆသဘောထားကို စိန်ခေါ်နေသည်လော၊ စသည့်အချက်များကို စဉ်းစားသုံးသပ်ထားသည်။ အာရှတန်ဖိုးကို မြှင့်တင်သော ပင်မနိုင်ငံများအဖွဲ့တွင် အာဆီယံနိုင်ငံ အတော်များများနှင့် တရုတ်နိုင်ငံတို့ ပါဝင်သည်ကို မှတ်သားထားသင့်ပါသည်။

၁၆.၃ အရှေ့တောင်အာရှရှိ လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးငြင်းခုံမှုများ

ဒေသတွင်းရှိ လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးမှုများသည် စစ်အေးတိုက်ပွဲပြီးဆုံးပြီး များမကြာမီတွင် စတင်ခဲ့ပြီး ဘန်ကောက်တွင် ကျင်းပခဲ့သည့် ဗီယင်နာ လူ့အခွင့်အရေး ကမ္ဘာ့ညီလာခံအတွက် ကြိုတင်ပြင်ဆင်သည့် အစည်းအဝေး၌ အထွဋ်အထိပ်သို့ ရောက်ရှိခဲ့သည်။ ကြိုတင်စည်းဝေးပွဲတွင် ပစိဖိတ်ဒေသ (ကမ္ဘောဒီးယားနှင့် တီမောလက်စ်တ် နိုင်ငံတို့မှလွဲ၍ အရှေ့တောင်အာရှ

[10] Brems (see note 3 above), at 52

နိုင်ငံများ အားလုံးပါဝင်လျက်) နိုင်ငံပေါင်း ၃၄ နိုင်ငံက တက်ရောက်ခဲ့သည်။ ထို့ပြင် (ကနေဒါ၊ ပြင်သစ်၊ ရုရှားဖက်ဒရေးရှင်း၊ ယူနိုက်တက် ကင်းဒန်း၊ အမေရိကန် ပြည်ထောင်စု အပါအဝင်) အခြားသော ၂၅ နိုင်ငံ မှ လေ့လာသူများ၊ အထူးအေဂျင်စီများ၊ အစိုးရများအကြား ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့များ၊ အမျိုးသား လူ့အခွင့်အရေး အင်စတီ ကျူးရှင်းများ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးနှင့် အခြားအဖွဲ့များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ ကဲ့သို့သော အခြားအဖွဲ့အစည်းများနှင့် အင်စတီ ကျူးရှင်းများ၊ အခြား **NGO** များမှ လေ့လာသူများ နှင့် အတူ ပါလက်စတိုင်းသည်လည်း တက်ရောက်ခဲ့သည်။

အစည်းအဝေး၏ နောက်ဆုံးရလာဒ်မှာ ဘန်ကောက်ကြေညာစာတမ်းဖြစ်ပြီး ၎င်းတွင် “အာရှဒေသ၏ ရည်မှန်းချက်များနှင့် ကတိကဝတ်များ” ပါဝင်သည်။ ၎င်းကြေညာစာတမ်း အစတွင် ကုလသမဂ္ဂ ပဋိဉာဉ်စာတမ်းနှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတို့၌ အသိအမှတ်ပြုထားသော လူ့အခွင့်အရေး အခြေခံမူများကိုလည်းကောင်း၊ ကမ္ဘာတစ်လွှား၌ လူ့အခွင့်အရေးအားလုံး အပြည့်အဝ အကောင်အထည်ဖော်ရန်ကိုလည်းကောင်း ထပ်လောင်း ကတိကဝတ်ပြုထားသည်။ သို့ရာတွင် အချို့သော ရှုထောင့်များတွင် ကိုက်ညီသော်လည်း အခြားနေရာများတွင် အငြင်းပွါးဖွယ် ဖြစ်နေသည်ကို တွေ့ရသည်။ ဥပမာ - ၎င်းတွင် “လူ့အခွင့်အရေး၏ ကဏ္ဍစုံကို ပြန်လည်သုံးသပ်လျက် တရားမျှတပြီး ဟန်ချက်ညီ ချဉ်းကပ်နည်းကို သေချာစေရန် တန်ဖိုးမဖြတ်နိုင်သော အခွင့်အလမ်း” တစ်ခုဖြစ်သည်ဟု လည်းကောင်း၊ “ယဉ်ကျေးမှု၊ ထုံးတမ်းဓလေ့မျိုးစုံ၊ ကွဲပြားခြားနားချက်မျိုးစုံ ကြွယ်ဝတည်ရှိနေသည့် အာရှနိုင်ငံများက ကမ္ဘာ့ညီလာခံတွင် ပံ့ပိုးမှုများ” ဟု လည်းကောင်း အလေးပေးလျက် ဖော်ပြထားသည်။ အာရှနိုင်ငံများသည် လူ့အခွင့်အရေး ဆွေးနွေးမှုများတွင် ထဲထဲဝင်ဝင် ဆွေးနွေးနိုင်ခဲ့ခြင်း မရှိသည်ကို ငြီးတွားသည်ဟု ဤအပိုဒ်နှစ်ခုအရ အနက်အဓိပ္ပါယ်ကောက်ယူနိုင်သည်။ ယနေ့အချိန်ထိပင် ဒေသတွင်းရှိ အချို့လူများက လူ့အခွင့်အရေးသည် အနောက်တိုင်း သဘောတရားနှင့် ကျင့်သုံးမှု ဖြစ်ကြောင်း၊ UDHR မူကြမ်းရေးဆွဲခြင်းတွင် အာရှသည် အနည်းငယ်သာ ပါဝင်ခဲ့ကြောင်း ပြောဆိုနေဆဲပင်ဖြစ်သည်။ သို့သော် ၎င်းယုံကြည်ချက်၏ ဆန့်ကျင်ဘက်တွင်လည်း ကြေညာစာတမ်းတွင် လူတို့၏ အသိပညာကို တိုးမြှင့်လာစေရန် ပညာရေးနှင့် သင်တန်း လိုအပ်ချက်များ၊ ထိခိုက်လွယ်နှင့် ဖယ်ကျဉ်ခံအုပ်စုများ၏ အခွင့်အရေးများအတွက် စိုးရိမ် ပူပန်မှုများ၊ သိမ်းပိုက်ခြင်းနှင့် ချုပ်ကိုင်ကြီးစိုးခြင်းတို့မှ ကင်းဝေးပြီး ကိုယ်ပိုင်ပြဋ္ဌာန်း အုပ်ချုပ်ပိုင်ခွင့်ကို ထပ်လောင်းအတည်ပြုရန် တောင်းဆိုမှုများကို ဖော်ပြထားသည်။ ထို့ပြင် အာရှတွင် ဒေသတွင်း လူ့အခွင့်အရေးဆိုင်ရာ အစီအမံများ စတင်ဖော်ဆောင်ရေး အလားအလာကိုပင် ဖော်ပြထားသည်။

မှတ်သားဖွယ်ရာ

အာရှနိုင်ငံများ၏ ကိုယ်စားလှယ်များ ရေးဆွဲထားသော ဘန်ကောက်ကြေညာစာတမ်း

ဗီယင်နာ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးညီလာခံ (၁၉၉၃ခုနှစ် ဇွန်လ) အကြိုပြင်ဆင်ခြင်းအဖြစ် အာရှနိုင်ငံများမှ ကိုယ်စားလှယ်များက လူ့အခွင့်အရေးအကြောင်းအရာများ ဆွေးနွေးရန်

ဘန်ကောက်မြို့တွင် တွေ့ဆုံစည်းဝေးကြသည်။ ထိုအစည်းအဝေးအပြီးတွင် ဘန်ကောက်ကြေညာစာတမ်းကို ချမှတ်ခဲ့သည်။

ဘန်ကောက်ကြေညာစာတမ်းသည် အာရှရှိ သက်ဆိုင်ရာ အစိုးရများက မြှင့်တင်ပုံဖော်ပေးသည့် အာရှဒေသဆိုင်ရာ လူ့အခွင့်အရေး ရပ်တည်ချက်ကို ကိုယ်စားပြုသည်။ ထိုအချိန်မှစ၍ အချို့သော အချက်များစွာကို ထပ်လောင်းပြောဆိုခဲ့ကြသည်။ ၎င်းတွင် အနောက်နှင့် အနောက်မဟုတ်သော (အထူးသဖြင့် အာရှ) နိုင်ငံများရှိ အစိုးရများအကြား လူ့အခွင့်အရေးအပေါ် ၎င်းတို့၏ အမြင်များ၊ ရပ်တည်ချက်များနှင့် စပ်လျဉ်း၍ ကွဲပြားချက်အများအပြားကို ဖော်ပြခဲ့ သည်။

၁၆.၃.၁ ဘန်ကောက်ကြေညာစာတမ်း၏ အခြေခံမူများ

ဘန်ကောက်ကြေညာစာတမ်းတွင် အခြေခံမူများကို ထပ်လောင်းဖော်ပြခဲ့သည်၊ ၎င်းတို့မှာ -

- ဒေသတွင်းရှိ နိုင်ငံများသည် ကြွယ်ဝသော ယဉ်ကျေးမှုမျိုးစုံ၊ ဓလေ့ထုံးတမ်းအဖုံဖုံတို့ဖြင့် မတူကွဲပြားကြပြီး အဆိုပါနိုင်ငံများ၏ ပံ့ပိုးမှုများက ကမ္ဘာ့ညီလာခံကို ပုံဖော်နိုင်သည်၊
- ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းနှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းတို့တွင် ပါရှိသည့် အခြေခံမူများအပေါ် ၎င်းတို့၏ ကတိကဝတ်ကို ပြန်လည်အမှတ်ရသော်လည်း အားလုံးနှင့် သက်ဆိုင်သော လိုက်နာမှုအကြောင်းအပေါ် မေးခွန်းထုတ်သည်၊ ယခင်က လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ မြှင့်တင်ခြင်းသည် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအတွင်းတွင် အမှန်ပင် ထားရှိခဲ့သည်၊ ထို့ကြောင့် သဟဇာတမဖြစ်သော တန်ဖိုးများကို သတ်မှတ်ပြဋ္ဌာန်းခြင်း၊ ထိပ်တိုက်ရင်ဆိုင်ခြင်း မပြုသင့်ဘဲ ပူးပေါင်းဆောင်ရွက်မှုနှင့် ဘုံသဘောတူညီချက်ဖြင့်သာ ဆောင်ရွက်ရန် အားပေးသင့်သည်၊
- လူ့အခွင့်အရေးသည် အားလုံးနှင့် သက်ဆိုင်သော သဘောရှိသည့်အလျောက် ၎င်းတို့ကို အပြည်ပြည်ဆိုင်ရာ စံနှုန်းသတ်မှတ်သည့်အခါ ဆင့်ကဲတိုးတက်၊ ပြောင်းလဲနေသော ဖြစ်စဉ်အတွင်း နိုင်ငံနှင့်ဒေသ၏ သီးခြားဖြစ်သည့် ထင်ရှားမှုများ၊ သမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှုနှင့် ဘာသာရေးနောက်ခံမျိုးစုံတို့ကို စိတ်တွင် စွဲထင်လျက် ထည့်သွင်းစဉ်းစားရမည်၊
- လူ့အခွင့်အရေးသဘောတူစာချုပ်များနှင့် အခြားအစီအမံများကို ချမှတ်ရာတွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ယန္တရားများ တည်ထောင်ရာတွင်လည်းကောင်း တိုးတက်မှုရှိခဲ့သော်လည်း အခွင့်အရေး အုပ်စုအမျိုးအစားတစ်ခုဖြင့်သာ အဓိကဆက်နွယ်နေသော အဆိုပါယန္တရားများအတွက် စိုးရိမ်မှု ရှိသည်၊
- နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေစိုးမိုးရေးဆိုင်ရာ အခြေခံမူတို့ကိုလည်းကောင်း၊ နိုင်ငံများ၏ ပြည်တွင်းရေးကို ကြားဝင်မစွက်ဖက်ရေး အခြေခံမူကိုလည်းကောင်း လေးစားလျက် လူ့အခွင့်အရေးကို နိုင်ငံရေးဖိအားဖြစ်ပေါ်စေသော လက်နက်တစ်ခု အဖြစ် အသုံးပြုခြင်းမှ ရှောင်ကြဉ်ရမည်၊

- လူ့အခွင့်အရေး၏ အားလုံးနှင့် သက်ဆိုင်မှု၊ ဓမ္မဓိဋ္ဌာန်ကျမှု၊ ရွေးချယ်ဘက်လိုက်ခြင်း ကင်းမှုတို့အပြင် ၎င်းတို့ကို ဖော်ဆောင်ရာ၌ နိုင်ငံရေးပြု သွတ်သွင်းခြင်းနှင့် စံနှုန်း နှစ်ထပ် အသုံးချခြင်းတို့ကို ရှောင်ကြဉ်ရန် လိုအပ်သည်၊
- တန်းတူညီမျှမှုနှင့် အပြန်အလှန်လေးစားမှု အခြေခံမူများကို အရင်းတည်လျက် အပြည်အပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေး နှင့် လူ့အခွင့်အရေး ကဏ္ဍအားလုံးကို ထိစပ်ကိုင်တွယ်ပြီး ဖြည့်ဆည်းရာတွင် အပြုသဘောဆောင်ပြီး သဟဇာတဖြစ်သော ထိပ်တိုက်တွေ့ဆုံခြင်းမရှိသည့် နည်းလမ်းများဖြင့် သေချာစေရေး အလို့ငှါ ကုလသမဂ္ဂစနစ်ကို ဒီမိုကရေစီနည်းကျလုပ်ဆောင်ရန်၊ ရွေးချယ်မှုမူကို ဖယ်ရှား ပယ်ဖျောက်ရန်၊ လုပ်ငန်းစဉ်များနှင့် ယန္တရားများ ပိုမိုတိုးတက်ကောင်းမွန်ရန် အရေးပေါ် လိုအပ်သည်၊
- ဖွံ့ဖြိုးတိုးတက်မှု ရပိုင်ခွင့်သည် အားလုံးနှင့် သက်ဆိုင်ပြီး ဖယ်ရှားထုတ်ပယ်၍ မရသော အခွင့်အရေးဖြစ်ကာ အခြေခံလူ့အခွင့်အရေး၏ အနှစ်သာရရှိသော အစိတ်အပိုင်း တစ်ခု ဖြစ်သည်၊ ဖွံ့ဖြိုးမှု၊ ဒီမိုကရေစီ၊ အခွင့်အရေးအားလုံး အလုံးစုံ ပြည့်မီစေခြင်းနှင့် ပင်ကို အားဖြင့် လူမှုတရားမျှတမှုတို့အကြား အပြန်အလှန်ချိတ်ဆက်နေသည်၊ ထို့ပြင် စီးပွါး ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများသည် အပြန်အလှန်မှီခိုနေပြီး ခွဲခြားထုတ်ပယ်၍ မရဟူသည့်အချက်ကို အသိအမှတ်ပြုထား သော်လည်း ၎င်းတို့ကို တစုတစည်းတည်းနှင့် သဟဇာတဖြစ်စေမည့် နည်းလမ်းဖြင့် ကိုင်တွယ်ဆောင်ရွက်သင့်သည်၊ ဖွံ့ဖြိုးရေး အကူအညီများကို ချဲ့ထွင်ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးကို ခြွင်းချက်အဖြစ် အသုံးပြုသည့် မည်သည့် ကြိုးပမ်းဆောင်ရွက်မှု မျိုးကိုမဆို တားမြစ် ရှုတ်ချသည်၊
- စီးပွါးရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ၏ အပြန်အလှန် မှီခိုမှုနှင့် ခွဲခြားထုတ်ပယ်၍ မရမှု များရှိသည့်အပြင် လူ့အခွင့်အရေး အမျိုးအစားအားလုံးအပေါ် တန်းတူညီမျှသော အလေးဂရုပြုမှု ပေးရန် လိုအပ်သည်၊
- တရားမျှတပြီး ဘက်လိုက်မှုကင်းသော ကမ္ဘာ့စီးပွါးရေးအစီအစဉ်ဖြစ်အောင် ဆောင်ရွက် ရာတွင် တသမတ်တည်းဖြစ်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများ ဖန်တီး ပေါ်ပေါက်ရန် ကြိုးပမ်းအားထုတ်မှုများကို လက်တွဲဆောင်ရွက်ရမည်၊
- စီးပွါးရေးနှင့် လူမှုရေးဆိုင်ရာ တိုးတက်မှုများသည် ပြောင်းလဲတိုးတက်နေသော ဒီမိုကရေစီ စနစ်နှင့် လူ့အခွင့်အရေး ကာကွယ်ခြင်း၊ မြှင့်တင်ခြင်းတို့အတွက် အထောက်အကူ ပြုရမည်၊
- ကမ္ဘာ့တောင်ခြမ်းနှင့် မြောက်ခြမ်း၊ ဆင်းရဲမှုနှင့် ကြွယ်ဝမှုတို့အကြား ကွာဟချက် ကြီးမားလာသည့်အလျောက် ဖွံ့ဖြိုးတိုးတက်ခွင့် ရရှိခံစားရန် အဓိက အတားအဆီးမှာ နိုင်ငံတကာ မက်ခရိုစီးပွါးရေး အဆင့်ပေါ်တွင် တည်မှီနေသည်။ လူ့အခွင့်အရေး အပြည့်အဝ ရရှိခံစားနိုင်စေရေးအတွက် အဓိက အတားအဆီးများအကြားတွင် ဆင်းရဲ မွဲတေမှုသည် တစ်ခုအပါအဝင်ဖြစ်သည်၊

- ဖယ်ကျဉ်ခံအုပ်စုများဖြစ်သည့် တိုင်းရင်းသား၊ နိုင်ငံသား၊ လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ ပြောဆိုသည့်စကားတို့နှင့် သက်ဆိုင်သော လူနည်းစုများ၊ ရွှေ့ပြောင်းလုပ်သားများ၊ မသန်စွမ်းများ၊ မူလအခြေချ ဌာနေတိုင်းရင်းသားများ၊ ဒုက္ခသည်များနှင့် ရွှေ့ပြောင်း နေထိုင်သူများ စသည်တို့၏ အခြေခံ လွတ်လပ်ခွင့်များနှင့် အခွင့်အရေးများကို အာမခံ ပေးနိုင်မှုသည် အရေးပါသည်၊
- အာရှတွင် လူ့အခွင့်အရေးများ ကာကွယ်မြှင့်တင်ရေးအတွက် ဒေသဆိုင်ရာ အစီအစဉ်များ ရေးဆွဲချမှတ်နိုင်မည့် ဖြစ်နိုင်ချေနည်းလမ်းများကို ရှာဖွေရန်လိုအပ်သည်၊ လူ့အခွင့် အရေးနယ်ပယ်များအကြောင်း နိုင်ငံအဆင့် ပညာပေးခြင်းနှင့် သင်တန်းပေးခြင်းများ အတွက်သော်လည်းကောင်း၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်နိုင်ရန် အလို့ငှာ ပြည်တွင်း အခြေခံအဆောက်အဦများ (infrastructure) တည်ထောင်ရန်အတွက် သော်လည်းကောင်း၊ နိုင်ငံများက တောင်းခံခဲ့ပါက နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်မှုနှင့် ငွေကြေးဆိုင်ရာပံ့ပိုးကူညီမှုများ ရနိုင်မည့် နည်းလမ်းများကို ရှာဖွေရန် လိုအပ်သည်၊
- ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ အခြေခံမူတစ်ခုဖြစ်ပြီး တိုင်းတစ်ပါး သို့မဟုတ် ကိုလိုနီပြုခံရခြင်း၊ နိုင်ငံခြားတိုင်းပြည်၏ သိမ်းပိုက်ခြင်း ခံထားရသူများအတွက် ကုလသမဂ္ဂက အသိအမှတ်ပြုထားသော အားလုံးနှင့် သက်ဆိုင်သည့် အခွင့်အရေးတစ်ခုဖြစ်သည်။

လူ့အခွင့်အရေးကို မြှင့်တင်ရာတွင် အာရှဒေသအစိုးရများက ၎င်းတို့ဒေသ ရပ်တည်ချက်ကို ဘန်ကောက်ကြေညာစာတမ်းဖြင့် ရည်ညွှန်းဖော်ပြထားခြင်းဖြစ်သည်။ ၎င်းစာတမ်းရှိ အချက်အတော်များများကို နှစ်ပေါင်းများစွာကြာသည့်တိုင် ထပ်လောင်းပြောဆိုခဲ့ကြသည်။ ကြေညာစာတမ်းကြောင့် အစိုးရများ၏ လူ့အခွင့်အရေးအပေါ် ရပ်တည်ချက်နှင့် အမြင်တို့တွင် အနောက်အုပ်စုနှင့် အနောက်မဟုတ်သူ (အထူးသဖြင့် အာရှ) အုပ်စုအချို့အကြား ကွဲပြားခြားနားချက်အများအပြား ပေါ်ထွက်ခဲ့သည်။

ယင်းကာလအတွင်း NGO အဖွဲ့ပေါင်း ၁၁၀ မှ ကိုယ်စားလှယ်များသည် ဘန်ကောက်တွင် တွေ့ဆုံခဲ့ကြပြီး ၁၉၉၃ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် လူ့အခွင့်အရေးဆိုင်ရာ ဘန်ကောက် NGO ကြေညာစာတမ်းကို ချမှတ်ခဲ့သည်။ ၎င်းတွင် စိန်ခေါ်မှုများ၊ စိုးရိမ်မကင်းသော အကြောင်းအရာများ၊ အကြံပြုချက်များ၊ အထက်တွင် ဖော်ပြခဲ့သော အစိုးရအမြင်များကို စောဒကတက်ငြင်းခုံထားသည့် အချက်များ ပါဝင်သည်။ ၎င်းတို့မှာ -

- ကမ္ဘာလုံးဆိုင်ရာ စံနှုန်းများသည် ယဉ်ကျေးမှုအတော်များများတွင် အခြေခံသည်၊ အာရှ-ပစိဖိတ် ယဉ်ကျေးမှုများ၏ ကြွယ်ဝ၊ ကျယ်ပြောမှုသည် (လူ့အခွင့်အရေး၏) ကမ္ဘာလုံးဆိုင်ရာမူအား နားလည်မှုအသစ်အဖြစ် ပံ့ပိုးပေးနိုင်သည်။ လူ့အခွင့်အရေးသည် အားလုံးနှင့် သက်ဆိုင်သော ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးဖြစ်သည့်အတွက် လူ့အခွင့်အရေးအပေါ် အရေးဆိုစည်းရုံးခြင်းကို အချုပ်အခြာအာဏာ ထိပါးမှုအဖြစ် မမှတ်ယူသင့်ပေ။

- (ပြည်သူ့ရေးရာ၊ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ မည်သို့ပင်ရှိစေကာမူ) လူ့အခွင့်အရေးရှိ ခွဲခြား၍မရခြင်းမူ နှင့် အပြန်အလှန် မှီခိုနေခြင်းဆိုင်ရာ အခြေခံမူများကို ဘက်ပေါင်းစုံမှ ပေါင်းစပ်ထားသော ချဉ်းကပ်နည်းဖြင့် ကတိကဝတ်ပြုရမည်၊ အခွင့်အရေးတစ်ခုကို အခြားတစ်ခုအတွက် အပေးအယူ သဘောဖြင့် လျော့ပေါ့၍ မရနိုင်ပေ။
- လူ့အခွင့်အရေးကာကွယ်ခြင်းသည် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်သော်လည်းကောင်း၊ အုပ်စုများအလိုက်သော်လည်းကောင်း သက်ဆိုင်သည်၊
- လူ့အခွင့်အရေး ရရှိခံစားနိုင်ခြင်းသည် လူ့အသိုင်းအဝိုင်း၏ လူမှုတာဝန်ယူမှု ဒီဂရီ အတိုင်းအတာကို သွယ်ဝိုက်ညွှန်းဆိုသည်။
- အမျိုးသမီးများ၊ ကလေးသူငယ်များ၊ အလုပ်သမားများ၊ မသန်စွမ်းသူများ၊ မူလအခြေချ ဌာနေတိုင်းရင်းသားများ၊ ဒုက္ခသည်များ၊ နိုင်ငံရေးခိုလှုံခွင့် တောင်းခံသူများနှင့် အခြား ထိရှလွယ်အုပ်စုများ အပါအဝင် မတူကွဲပြားသော အုပ်စုအားလုံး၏ လူ့အခွင့်အရေးကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်၊
- အထူးသဖြင့် ပြည်သူတို့အတွက် ၎င်းတို့၏ နိုင်ငံရေးအခြေအနေကို ဆုံးဖြတ်ရန် လည်းကောင်း၊ စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတိုးတက်ဖွံ့ဖြိုးရေးကို လွတ်လပ်စွာ ဆောင်ရွက်ရန်လည်းကောင်း၊ ကိုယ်ပိုင် ပြဋ္ဌာန်းအုပ်ချုပ်ပိုင်ခွင့်ကို အစိုးရများက အသိအမှတ်ပြုရမည်၊
- ဖွံ့ဖြိုးတိုးတက်ခွင့်ကို အလေးထားရာတွင် အဆိုပါအခွင့်အရေးကို သဟဇာတကျပြီး ရေရှည်တည်တံ့ ခိုင်မြဲစေရန်နှင့် တစုတစည်းတည်း စုပေါင်းပါဝင်သော နည်းလမ်းဖြင့် အသုံးပြုနိုင်စေရန် ဆောင်ရွက်သင့်သည်၊ ပြည်သူ့ရေးရာ၊ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ တန်းတူညီမျှမှုနှင့် လူမှုတရားမျှတမှု၊ ဝင်ငွေနှင့် အရင်းအမြစ်များကို သင့်တင့်မျှတစွာ ခွဲဝေနိုင်မှုတို့ကိုလည်း ထည့်သွင်း စဉ်းစားရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို ပြည်တွင်းနှင့် နိုင်ငံတကာ အဆင့်နှစ်ရပ်လုံး၌ ဖွံ့ဖြိုးမှုဖြစ်စဉ်၏ ဒီမိုကရေစီဖြစ်ထွန်းမှုအဖြစ် သတ်မှတ်ခေါ်တွင်သည်၊
- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များအား အတည်ပြု လက်မှတ် ရေးထိုးခြင်းနှင့် ရှိရင်းစွဲ သဘောတူစာချုပ် စောင့်ကြည့်အရေးအဖွဲ့အစည်းများ အပါအဝင် ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရားများ တိုးတက်အောင် ဆောင်ရွက်ရမည်၊
- ထိရောက်သော ဒေသတွင်း လူ့အခွင့်အရေး စာချုပ်များ၊ ယန္တရားများ တည်ဆောက် ရာတွင် ပံ့ပိုးရမည်ဖြစ်ပြီး အဆိုပါ စာချုပ်၊ ယန္တရားများ၏ လွတ်လပ်မှု၊ ထိရောက်မှု၊ NGO များ အပါအဝင် ပြည်သူများ လက်လှမ်းမီနိုင်မှုတို့ကို အာမခံပေးနိုင်ရမည်။

ထို့ကြောင့် အာရှ (နှင့် ပစိဖိတ်ဒေသ) အစိုးရများနှင့် အရပ်ဘက်အဖွဲ့အစည်းများက ထုတ်ပြန် သော အချက်များမှာ UDHR နှင့် ကိုက်ညီသည့်နေရာများရှိသကဲ့သို့ ကွဲလွဲသည့် နေရာများလည်း ရှိကြသည်။ UDHR မူကြမ်းရေးဆွဲသည့် လုပ်ငန်းစဉ်နှင့် အာရှတန်ဖိုးအခြေခံ တွေးဆချက်များ အပေါ် အာရှဒေသ၏ ပါဝင်ပံ့ပိုးမှုများနှင့် စပ်လျဉ်းသည့် အဆိုအချေများအကြောင်းကို သဘော

တရားရေးရာအရ ရှင်းလင်းဖော်ပြရန် ကနဦး လိုအပ်သည်မှန်သော်လည်း ဤအခန်း၏ ရှေ့ဆုံးတွင် ဖော်ပြခဲ့သော အဓိကကျသည့် ဆွေးနွေးငြင်းခုံမှုများအကြောင်းကို လာမည့် အပိုင်းတွင် ဆွေးနွေးဖော်ပြသွားမည် ဖြစ်သည်။

မှတ်သားဖွယ်ရာ

လူ့အခွင့်အရေးဆိုင်ရာ ဘန်ကောက် NGO ကြေညာစာတမ်း

အာရှ ဝန်ကြီးများကျင်းပသော ဗီယင်နာညီလာခံအကြို အစည်းအဝေးနှင့်အပြိုင် NGO အဖွဲ့ ၁၁၀ သည် ၎င်းတို့၏ လူ့အခွင့်အရေးဆိုင်ရာ မျှော်မှန်းချက်များကို ဆွေးနွေးရန်အတွက် ဘန်ကောက်တွင် တွေ့ဆုံကြသည်။ ထိုတွေ့ဆုံမှုအပြီးတွင် လူ့အခွင့်အရေးဆိုင်ရာ ဘန်ကောက် NGO ကြေညာစာတမ်းကို ချမှတ်ခဲ့သည်။ ထိုစာတမ်းတွင် အာရှတန်ဖိုးအငြင်းအခုံအပေါ် ၎င်းတို့၏ ရပ်တည်ချက်၊ ဒေသတွင်း ဖော်ထုတ်သတ်မှတ်ထားသော ကိစ္စရပ်များ၊ ၎င်းတို့ကို ကိုင်တွယ်ဖြေရှင်းရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်ချက်များနှင့် အခြားသော အကြံပြုချက်များ ပါဝင်သည်။

၁၆.၃.၂ UDHR သည် အနောက်တိုင်းသားတို့၏ တန်ဖိုးကို ထင်ဟပ်နေပါသလား?

အာရှ (နှင့်အခြားဒေသများ) တွင် UDHR နှင့် ပတ်သက်ပြီး လွှမ်းမိုးကျန်ရစ်နေသော ဆွေးနွေးငြင်းခုံမှုတစ်ရပ်မှာ UDHR သည် အနောက်တိုင်းက ထုတ်ပြန်ထားပြီး မူကြမ်း ရေးဆွဲခြင်း ဖြစ်စဉ်တွင် အာရှ၏ ပါဝင်မှုအနည်းငယ်သာ ရှိကြောင်းကို မီးမောင်းထိုးကာ အလေးပေး ပြောဆိုကြခြင်း ဖြစ်သည်။ အနောက်တိုင်းသားတို့၏ တွေးခေါ်ယူဆချက်များနှင့် မျှော်မှန်းချက်များအား ထင်ဟပ်ကာ UDHR ကို ရေးဆွဲ ထားသည်ဟု စဉ်းစားဖော်ပြကြသည်။

ကုလသမဂ္ဂကို စတင်တည်ထောင်ပြီး ပဋိညာဉ်စာတမ်းကို အတည်ပြုချမှတ်လိုက်သည့် ၁၉၄၅ ခုနှစ်တွင် မူလအဖွဲ့ဝင်နိုင်ငံအဖြစ် နိုင်ငံ ၅၁ ခုသာ ပါဝင်သည်။ ၎င်းတို့တွင် ဩစတြေးလျ၊ တရုတ်၊ အီဂျစ်၊ အိန္ဒိယ၊ အီရန်၊ အီရတ်၊ လက်ဘနွန်၊ နယူးဇီလန်၊ ဖိလစ်ပိုင် သမ္မတနိုင်ငံ၊ ဆော်ဒီအာရေးဗီးယားနှင့် ဆီးရီးယားနိုင်ငံတို့မှာ အာရှ ပစိဖိတ်ဒေသမှ ဖြစ်ကြသည်။ ထိုင်းနိုင်ငံက ၁၉၄၆ ခုနှစ်တွင် ဝင်ရောက်ခဲ့သည်။ ထိုအချိန်တွင် အာရှ ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံများနှင့် နယ်ပယ်အများစုမှာ ကိုလိုနီ ပြုခံထားရဆဲဖြစ်သည်။ ၁၉၄၈ ခုနှစ်တွင် အထွေထွေညီလာခံက UDHR ကို အတည်ပြုချမှတ်သောအခါ အာဖဂန်နစ္စတန်၊ ဘားမား (မြန်မာ) နှင့် ပါကစ္စတန် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၅၈ နိုင်ငံသည် ကုလသမဂ္ဂတွင် ပါဝင်ခဲ့သည်။ ၁၉၉၃ ခုနှစ် ဘန်ကောက် ကြေညာစာတမ်း ချမှတ်ချိန်၌ ကုလသမဂ္ဂတွင် အဖွဲ့ဝင် ၁၈၄ နိုင်ငံအထိ ပါဝင်လာခဲ့ပြီ ဖြစ်သည်။ ၂၀၂၀ ခုနှစ်တွင် နိုင်ငံပေါင်း ၁၉၃ နိုင်ငံမှာ ကုလသမဂ္ဂသို့ ဝင်ရောက်ခဲ့ပြီး ဖြစ်လေသည်။

သို့သော် UDHR မူကြမ်းရေးဆွဲရေးကော်မတီ၏ အဖွဲ့ဝင်များကို ဆန်းစစ်ကြည့်ပါက အမျိုးမျိုးသော ဒေသ၊ ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှုနှင့် မတူညီသော နိုင်ငံရေး ကျောထောက်နောက်ခံရှိသည့် ဒေသတို့မှ ကိုယ်စားလှယ်များ ပါဝင်ခဲ့ကြသည်ကို တွေ့နိုင်သည်။ အမေရိကန်

ပြည်ထောင်စု သမ္မတဟောင်း၏ ဇနီးဖြစ်သူ အယ်လီနာ ရုစဗဲ ခေါင်းဆောင်မှုဖြင့် ကော်မတီတွင် အဖွဲ့ဝင် ၈ ဦးပါဝင်ခဲ့သည်။ အာရှ ပစိဖိတ်ဒေသမှ ၃ ဦး၊ ဥရောပမှာ ၃ ဦး၊ အမေရိကမှ ၂ ဦး ပါဝင်ခြင်းဖြစ်သည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ကော်မတီတွင် အာဖရိကဒေသမှ ပါဝင်ခြင်းမရှိသော်လည်း UDHR အပေါ် အနောက်တိုင်းထုတ်ပြန်ချက်ဟု အဓိက ဝေဖန်စောဒက တက်သည်မှာ ကိုယ်စားလှယ် ပါဝင်ခဲ့သော အာရှဒေသမှ ဖြစ်လေသည်။ အိန္ဒိယမှ Hansa Mehta ဟန်စာ မာတာ (လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကော်မရှင် ကိုယ်စားလှယ်)၊ ပါကစ္စတန်မှ Begum Shaista Ikramulla ဘီဂန် ရှအစတာ အခ်ရာမူလာ (UN တတိယကော်မတီ ကိုယ်စား လှယ်) ကဲ့သို့သော အမျိုးသမီးများက အရေးပါသော အကြံပြုချက်များကို ပံ့ပိုးခဲ့ကြသည်။ ဥပမာ - မာတာက UDHR အပိုဒ် (၁)၏ စကားလုံးသုံးစွဲပုံ၌ ထင်ရှားသော ပြောင်းလဲမှုကို ပံ့ပိုးခဲ့ပုံမှာ "အမျိုးသားအားလုံးသည် လွတ်လပ်ပြီး တန်းတူရည်တူ ရှိသူများအဖြစ် မွေးဖွား လာကြသည်" ကို "လူသားအားလုံးသည် လွတ်လပ်ပြီး တန်းတူရည်တူ ရှိသူများအဖြစ် မွေးဖွား လာကြသည်" ဟု အစားထိုးနိုင်ခဲ့သည်။

> *UDHR ၏ ချဉ်းကပ်မှုသည် အနောက်တိုင်း လွှမ်းမိုးသည်ဟု မကြာခဏ စောဒကတက် ငြင်းခုံခဲ့ကြသည်၊ သို့သော် UDHR ၏ အခြေခံရင်းမြစ်မှာ ဦးတည်ရှေးရှုချက်များစွာ ခွဲဖြာဖြန့်ထွက်ပေသည်။ ဝန်ခံရမည်မှာ မူကြမ်းရေးဆွဲခြင်းနှင့် ပြဋ္ဌာန်းချမှတ်ခြင်း အဆင့်များတွင် ကိုယ်စားလှယ်များအကြား ပထဝီအနေအထားအရ အချို့းကျမှုသည် ကမ္ဘာအသိုက်အဝန်း၏ ယနေ့ခေတ် ပါဝင်မှုနှင့် ကွဲပြားခြားနားနေပြီး မူလအခြေချ ဌာနတိုင်းရင်းသားနှင့် လူနည်းစုအုပ်စုများကိုလည်း ကိုယ်စားပြုပါဝင်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။ သို့သော် ၎င်းအချိန်၌ လူကြိုက်များထင်ရှားပြီး အားလုံးနှင့် သက်ဆိုင်သော ဆန္ဒနှင့် တောင်းဆိုချက်များကို အစည်းအဝေးအတွင်း ထည့်သွင်းစဉ်းစားခဲ့သော မူကြမ်းရေးဆွဲသူများ၏ အမြော်အမြင်သည် အချိန်ကာလ တစ်ခုကြာသည်အထိ ရှင်းရှင်းလင်းလင်း ကြံကြံခံနိုင်ခဲ့လေသည်။*[11]

ထိုအချိန်ရှိ UN အဖွဲ့ဝင် ၅၈ နိုင်ငံအနက် ၁၄ နိုင်ငံ သို့မဟုတ် အဖွဲ့ဝင် ၂၀ % သည် အာရှ-ပစိဖိတ်ဒေသကို ကိုယ်စားပြုပါဝင်ခဲ့သည်။ အာရှ ပစိဖိတ်ဒေသတွင် ဆော်ဒီအာရေးဗီးယားနိုင်ငံ တစ်ခုတည်းကသာ ကြားနေဖြစ်ခဲ့ပြီး ဒေသတွင်းရှိ မည်သည့်နိုင်ငံကမျှ UDHR အပေါ် ဆန့်ကျင် ကန့်ကွက်ခြင်း မရှိခဲ့ပေ။

[11] Eide, A, and Alfredsson, G, 'Introduction' in Alfredsson, G, and Eide, A (eds), *The Universal Declaration of Human Rights*, The Hague: Martinus Nijhoff Publishers, 1999, at xxv-xxvi.

ဆွေးနွေးခြင်းနှင့် အပြန်အလှန် ဝေဖန်ခြင်း

UDHR ၏ မူကြမ်းရေးဆွဲရေး ကော်မတီသည် အနောက်တိုင်းမှ ဖြစ်ပါသလား?

UDHR ၏ မူကြမ်းရေးဆွဲရေးကော်မတီတွင် အောက်ဖော်ပြပါအဖွဲ့ဝင်များ ပါဝင်သည် -

Dr Charles Malik (လက်ဘနွန်)
Alexandre Bogomolov (USSR ဆိုဗီယက် ယူနီယံ)
Dr Peng-chun Chang (တရုတ်) ဒုတိယ ဥက္ကဋ္ဌ
René Cassin (ပြင်သစ်)
Eleanor Roosevelt (အမေရိကန်ပြည်ထောင်စု) – ဥက္ကဋ္ဌ
Charles Dukes (ယူနိုက်တက်ကင်းဒန်း)
John P Humphrey (ကနေဒါ)
Hernan Santa Cruz (ချီလီ)
William Hodgson (ဩစတြေးလျ)

ထိုအချိန်တွင် အီဂျစ်၊ အိန္ဒိယ၊ အီရန်၊ ဖိလစ်ပိုင် သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များလည်း လူ့အခွင့်အရေးကော်မရှင်တွင် ပါဝင်ကြသည်။

UDHR သည် ချမှတ်ပြီး နှစ်ပေါင်း ၇၀ ကြာသည့်တိုင် အကျုံးဝင်ဆဲဖြစ်ပြီး ကုလသမဂ္ဂ နိုင်ငံများ အားလုံးက ရည်ညွှန်းကိုးကားဖော်ပြမှု အများဆုံးစာတမ်းတစ်ခု ဖြစ်လေသည်။ ထို့ပြင် ကြေညာစာတမ်းပါ အခွင့်အရေးများကို နိုင်ငံအားလုံးက ၎င်းတို့ကတိကဝတ်အဖြစ် ဖော်ပြလေ့ရှိသည်။ သို့သော် ကမ္ဘာလုံးဆိုင်ရာ ချမှတ်မှုကို လူ့အခွင့်အရေးနှင့် ပတ်သက်သော ကမ္ဘာလုံးဆိုင်ရာ ဘုံသဘောတူညီချက်ဟု မဆိုလိုနိုင်ချေ။ ကြေညာစာတမ်းပါ အခွင့်အရေးနှင့် တာဝန်များ အပါအဝင် ဖော်ပြပါ အကြောင်းအရာ လုပ်ငန်းစဉ်တို့နှင့် သက်ဆိုင်သည့် အချက် အများအပြားအပေါ် ကွဲပြားမှုများနှင့် တင်းမာမှုများမှာ အမှန်ပင် ရှိခဲ့သည်။ အချို့ဒေသများတွင် အချေအတင် ဆွေးနွေးငြင်းခုံမှုများအဖြစ် ရေပန်းစား ကျန်ရှိနေမြဲဖြစ်သည်။ သို့သော် အဆိုပါ ဆွေးနွေးငြင်းခုံမှုများတွင်ပင် UDHR သည် ရည်ညွှန်းဖော်ပြမှု မူဘောင်အဖြစ် တည်ရှိနေသည်၊ အကြောင်းမှာ ၎င်းတွင် ပြည်သူ့ရေးရာ၊ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ အားလုံးအပေါ် အသိအမှတ်ပြုမှုများ ပါဝင်ပြီး အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အပြည့်အဝ ဖော်ဆောင်နိုင်မည့် လူမှုနှင့် အပြည်ပြည်ဆိုင်ရာ အစီအစဉ်များကို ကိုးကား ထားသည့်အပြင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ၎င်းတို့နေထိုင်သော အသိုက်အဝန်းနှင့် အခြားသူများ အပေါ် ထားရှိရမည့် တာဝန်ဝတ္တရားများကို အသိအမှတ်ပြု ဖော်ပြထားခြင်းတို့ကြောင့် ဖြစ်သည်။ ထို့ကြောင့်ပင် ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးက ၎င်းတို့၏ ပြည်တွင်း ဥပဒေဆိုင်ရာ မူဘောင်များနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေများ အပါအဝင် ဥပဒေ စာချုပ်စာတမ်းအတော်များများတွင် UDHR ကို အထူး နေရာပေးကြသည်မှာ သက်သေထင်ရှားပေသည်။

၁၆.၃.၃ အာရုဏ်ဖိုးများ

အာရှဒေသအတွင်း၌ နိုင်ငံရေး၊ စီးပွါးရေး၊ ယဉ်ကျေးမှု၊ လူမှုရေးဆိုင်ရာများနှင့် နိုင်ငံရေး ရှုထောင့်များ/ဆက်နွယ်မှုများ သိသိသာသာ ကွဲပြားကြသောကြောင့် တစ်သားတည်းဖြစ်သော တန်ဖိုးစုတစ်စုံတစ်ရာ မရှိပေ။ အချို့နေရာများတွင် ဆန့်ကျင်ကွဲလွဲမှုများရှိပြီး အချို့ကိစ္စရပ်များတွင် အတူတကွ တည်ရှိနေသည်လည်း ရှိသည်။ အလွန်သိသာထင်ရှားသော ဥပမာတစ်ခုမှာ အစိုးရ၏ နိုင်ငံရေးစနစ်အဖြစ် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးပြီး စီးပွါးရေးစနစ်တွင် လစ်ဘရယ်-အရင်းရှင်စနစ် ပုံစံကို ကျင့်သုံးခြင်းဖြစ်သည်။ ထို့ကြောင့် လူ့အခွင့်အရေးကျင့်သုံးမှုတွင် အာရှတန်ဖိုးများဆိုသည်မှာ အဘယ်နည်း? de Bary က "တန်ဖိုးများသည် မူလအားဖြင့် ယဉ်ကျေးမှုတစ်ခု၏ ပင်မသို့မဟုတ် ဝင်ရိုးကိုဖြစ်စေသော အချက်များကို ညွှန်းဆိုကြသည်၊ (သီးသန့်မဟုတ်သော်လည်း ကျင့်ဝတ်အဖြစ် အများစုက ရှုမြင်ကြသည်) ထုံးတမ်းစဉ်လာ အခြေခံအချက်များသည် အင်စတီကျူးရှင်းများတွင် အခြေတည်ထားသော ယဉ်ကျေးမှုစရိုက်လက္ခဏာ အများစုအပေါ်တွင် တည်မှီကြသည်"။[12] သို့သော် 'မျှဝေထားသော အာရှ ဝိသေသ လက္ခဏာ' မရှိခြင်း၊ ဘုံသဘောတူညီသော 'အာရှ ယဉ်ကျေးမှု' သို့မဟုတ် 'အာရှလူ့အသိုက်အဝန်း ဖြစ်ထွန်းမှု' မရှိခြင်း၊ 'အဓိကျသော အာရှလူမှု ယဉ်ကျေးမှုကြီးများအကြား ပြောင်းလဲ၍ မရနိုင်သော ကွဲပြားခြားနားမှုများ ရှိနေခြင်း' တို့ဖြင့် စောဒကတက်နိုင်ပါသည်။[13]

အာရှတန်ဖိုးများဆိုင်ရာ အချေအတင် ငြင်းခုံမှု

အာရှတန်ဖိုးများဆိုင်ရာ ဆွေးနွေးမှုသည် အများအားဖြင့် အတွေးအခေါ်ဆိုင်ရာ သို့မဟုတ် နိုင်ငံရေးဆိုင်ရာ ရည်ရွယ်ချက်များနှင့် ကိုက်ညီစေရန် မိတ်ဆက်ပေးထားသော လတ်တလော ပေါ်ထွက်လာမှုဖြစ်သည်။ ယခင်က ဆွေးနွေးခဲ့သည့်အတိုင်း တရုတ်နှင့် စင်္ကာပူတို့သည် ထိုအတွေးအခေါ်၏ မူလရင်းမြစ်များဖြစ်ပုံရသည်။ တည်ငြိမ်အားကောင်းသော ခေါင်းဆောင်မှု သာလျှင် လူထုငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်သည်၊ အာဏာရှင်အစိုးရများကသာ ခိုင်မာသော မူဝါဒများ ချမှတ်နိုင်ပြီး စီးပွါးရေးတိုးတက်မှုအတွက် လိုအပ်သော လူမှုတည်ငြိမ်ရေးကို ဆောင်ရွက်နိုင်သည် ဟူသော ယုံကြည်မှုအပေါ် အခြေတည်ကြသည်။ အဆိုပါအတွေးအခေါ်ကို အရှေ့တောင်အာရှနိုင်ငံအများစုက လက်ကိုင်ထားကြပြီး စင်္ကာပူ (နှင့် တရုတ်)၏ စီးပွါးရေးအောင်မြင်မှုကို အတုယူကြသည်။ ဒီမိုကရက်တစ် အဆောက်အဦများဖွံ့ဖြိုးမှုထက်စာလျှင် နိုင်ငံ့အာဏာကို လူမှုစည်းကမ်းသေဝပ်မှုဖြင့် ခိုင်မာစေသည် ဟူသောအချက်အပေါ် အဆိုပါ ပုံစံများက အခြေခံထားခြင်း ဖြစ်သည်။ ဤဆက်စပ်ကြောင်းခြင်းရာ၌ လူ့အခွင့်အရေးကို ဥပဒေနှင့် အေးချမ်းသာယာရေးအတွက်သာ သတ်မှတ်ကြပြီး နိုင်ငံ့အာဏာကို ဆုပ်ကိုင်နိုင်ရန်အတွက် အသုံးပြုကြခြင်း ဖြစ်သည်။

---

[12] de Bary, WT, *Asian Values and Human Rights: A Confucian Communitarian Perspective*, Cambridge: Harvard University Press, 1998, at 1.

[13] De Bary (see note 16 above), at 2.

အာရှတန်ဖိုးများကို ဆန့်ကျင်တုံ့ပြန်သော အချေအဆိုငြင်းခုံမှုများ

Amartya Sen[14] က အာရှတန်ဖိုးအပေါ် ဆန့်ကျင်သော အချေအဆို ငြင်းခုံမှုကို အောက်ပါအတိုင်း ဖော်ပြခဲ့သည် -

> (၁) အာရှရှိ တရုတ် သို့မဟုတ် တောင်ကိုရီးယား (နှင့် စင်္ကာပူ)တို့၏ စီးပွါးရေး ပိုမို ဖွံ့ဖြိုးတိုးတက်မှုကို အာဏာရှင်စနစ်ဖြင့် စီးပွါးရေးဖွံ့ဖြိုးတိုးတက်အောင် ပိုမို လုပ်ဆောင်နိုင်သည်ဟူသော အပြုသဘောဆောင်သည့် အထောက်အထားတစ်ခုအဖြစ် မမှတ်ယူသင့်ပေ။ အာဏာရှင်အုပ်ချုပ်မှု၊ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာအခွင့်အရေးများအား ဖိနှိပ်မှုတို့သည် စီးပွါးရေး ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေသည်ဟူသော ယေဘုယျအထောက်အထားမှာ အနည်းငယ်သာရှိသည်။ စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုသည် "အထောက်အကူပြုသော မူဝါဒများ" အပေါ်တွင် တည်မှီနေသည်၊ ၎င်းတို့တွင် ယှဉ်ပြိုင်စီးပွါးရေးဖြစ်အောင် ဖော်ဆောင်ဖွင့်လှစ်ပေးခြင်း၊ နိုင်ငံတကာ စျေးကွက်များကို အသုံးပြုလာခြင်း၊ စာတတ်မြောက်မှုနှင့် ကျောင်းပညာရေး အဆင့်မြှင့်ခြင်း၊ အောင်မြင်သော မြေယာအသုံးချမှုပုံစံ အသွင်ပြောင်းဖော်ဆောင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံခြားတင်ပို့မှုနှင့် စက်မှု ထွန်းကားစေမှုတို့အတွက် မက်လုံးများဖော်ဆောင်ရန် အများသူငှါ ပြဋ္ဌာန်းချက်များ သတ်မှတ်ရေး ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဖော်ပြပါ မူဝါဒများတွင် ဒီမိုကရေစီစနစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် မကိုက်ညီသည့် မူဝါဒဟူ၍ စိုးစဉ်းမျှ မရှိသည့်အပြင် တောင်ကိုရီးယား (၁၉၈၈ ဒီမိုကရက်တစ် အပြောင်းအလဲများ မတိုင်မီ)၊ စင်္ကာပူ သို့မဟုတ် တရုတ်တို့တွင် ဖြစ်ပေါ်ခဲ့သော အာဏာရှင်စနစ်၏ မည်သည့် အချက်အလက် တစ်စုံတစ်ရာကမျှ အဆိုပါ မူဝါဒများကို ရေရှည် တည်တံ့အောင် ထိန်းထားနိုင်သည်ဟူသော ဖော်ညွှန်းကိန်းလည်း မရှိနေပေ။ မည်သို့ပင်ဆိုစေကာမူ အဆိုပါ မူဝါဒတစ်ရပ်ရပ်သည် ပိုမိုကောင်းမွန်သော ဒီမိုကရေစီနှင့် မကိုက်ညီကြောင်း ဖော်ညွှန်းထားခြင်းမျိုး မရှိသကဲ့သို့ (၁၉၈၈ ခုနှစ် ဒီမိုကရက်တစ် အပြောင်းအလဲများမတိုင်မီ) တောင်ကိုရီးယား၊ စင်္ကာပူ ၊ တရုတ်နိုင်ငံများတွင် ပေါ်ပေါက်ခဲ့သည့် အာဏာရှင်စနစ်၏ အခြေခံ သဘောတရားများဖြင့် ၎င်းမူဝါဒများအား တည်တံ့စေနိုင်ကြောင်းကိုလည်း ထောက်ပြ ထားခြင်းမျိုးမရှိပေ။
>
> (၂) အာရှတွင် လွတ်လပ်မှုကို ရှေးရှုသည့် အမြင်များ အမှန်တကယ် ပျောက်ဆုံး နေပါသလား? အာဏာရှင်များ၏ အာရှတန်ဖိုးဆိုင်ရာ ခေတ်ပေါ် အဓိပ္ပါယ်ဖွင့်ဆိုချက်သည် ကွန်ဖြူးရှပ်စ်ဝါဒအပေါ် အရင်းခံထားသည်။ သို့သော် ဆိုခဲ့ပြီးသည့်အတိုင်း အာရှဒေသသည် အမျိုးမျိုးသော ကွဲပြားခြားနားမှုများ ရှိသည်။ တရုတ်နိုင်ငံတွင်ပင် ကွန်ဖြူးရှပ်ဝါဒသည် တစ်ခုတည်းသော ကိုင်စွဲရာ ထုံးတမ်းစဉ်လာ မဟုတ်ပေ။ အခြားသော ကိုင်စွဲရာ

[14] Sen, A, 'Human rights and Asian Values' Sixteenth Annual Morgenthau Memorial Lecture on Ethics and Foreign Policy, 25 May 1997.

ထုံးတမ်းများတွင် ဗုဒ္ဓဝါဒ ပါဝင်ပြီး ယင်းတွင် လွတ်လပ်မှုသည် အကြီးအကျယ် အရေး ပါသည်။ အစောပိုင်းကာလတွင် အိန္ဒိယ တွေးခေါ်မှု အတော်များစွာတွင် ဗုဒ္ဓအတွေးအခေါ် များသည် သဘောဆန္ဒ၊ လွတ်လပ်စွာ ရွေးချယ်မှုတို့နှင့် ဆက်နွယ်နေသည်ဟု ဖော်ပြကြ သည်။ အမူအကျင့်မြင့်မြတ်မှုကို လွတ်လပ်မှုတွင် ရရှိနိုင်ပြီး (မုတ္တိကဲ့သို့) လွတ်မြောက်ခြင်း အတွေးအခေါ်များပင်လျှင် ဤသဘောဆောင်ကြသည်။ ယင်းကြောင့် "အနောက်တိုင်း" အသိဟု ရှုမြင်ထားကြသည့် သည်းခံမှုရှိသော လူ့အသိုင်းအဝိုင်းရှိ လွတ်လပ်မှုနှင့် အခွင့် အရေးများကို အခြေတည်ထားသော အခြေခံအတွေးအခေါ်များသည် အာရှနှင့် တစ်နည်း တစ်ဖုံ စိမ်းနေသည်ဟူသော အချက်ကို လက်ခံရန် ခက်ခဲလှသည်။

Amartya Sen အပြင် ဒုဝန်ကြီးချုပ်ဟောင်း Anwar Ibrahim က အာဏာရှင်ဆန်ဆန် အုပ်ချုပ်မှုများဖြင့် အခြေခံကျသော လူ့အခွင့်အရေး/ပြည်သူ့လွတ်လပ်ခွင့်များအား ငြင်းပယ်ရန် "အာရှတန်ဖိုးများ" အား ဆင်ခြေကောင်းတစ်ခုအဖြစ် ညွှန်းဆိုလာကြသည်ဟု ၁၉၉၄ ခုနှစ် ဒီဇင်ဘာလတွင် သတိပေးခဲ့သည်။[15] ထိုနည်းတူစွာ ကိုရီးယား သမ္မတနိုင်ငံ သမ္မတ Kim Dae Jung က ၁၉၉၆ ခုနှစ်တွင် အာရှနိုင်ငံများ၌ အာဏာရှင်ဆန်သော အစွန်းရောက်မှုကို ကျိုးကြောင်းဆင်ခြေပြုရန်အတွက် ယဉ်ကျေးမှုကွဲပြားမှုများကို လေးစားခြင်းအပေါ် ထောက်ခံ အားပေးသည့် ငြင်းခုံမှုများ တွေ့ရကြောင်း ဖော်ပြခဲ့သည်။[16]

၁၆.၃.၄ အားလုံးနှင့် သက်ဆိုင်မှု နှင့် ယဉ်ကျေးမှုနှိုင်းရဝါဒ

ဒေသတွင်းရှိ အခြားသော ဆွေးနွေးငြင်းခုံမှုတစ်ရပ်မှာ လူ့အခွင့်အရေးများကို လူသားအားလုံး အကျုံးဝင်သည့် အားလုံးနှင့် သက်ဆိုင်သော အခြေခံမူများအဖြစ် နားလည်လက်ခံသင့်ပါသလား၊ သို့မဟုတ် ဒေသ/နိုင်ငံတစ်ခု၏ ယဉ်ကျေးမှုဆိုင်ရာ သီးခြားအခြေခံအချက်များအားဖြင့် အဓိက ပုံဖော်ပေးသည့် တန်ဖိုးများအဖြစ် နားလည်လက်ခံသင့်ပါသလား ဟူသော ငြင်းခုံမှုဖြစ်သည်။

အားလုံးနှင့် သက်ဆိုင်သော အခြေခံမူများ

ယဉ်ကျေးမှု သို့မဟုတ် နိုင်ငံများ မည်သို့ပင် ဖြစ်စေကာမူ မျှဝေ တန်ဖိုးများကို ဖော်ထုတ် တင်ပြ ထားသော လူ့အခွင့်အရေး ဆိုင်ရာ ပင်မအတွေး အခေါ် တစ်ခု ဖြစ်သည်။ အဆိုပါ တန်ဖိုးများတွင် တန်းတူညီမျှမှု၊ လူ့ဂုဏ်သိက္ခာ၊ တရားဥပဒေစိုးမိုးရေး အား လေးစားမှု စသည်တို့ ပါဝင်သည်။

ယဉ်ကျေးမှုနှိုင်းရဝါဒကို လစ်လျူမရှုသင့်ပေ။

အာရှနိုင်ငံများ၏ ကိုယ်စားလှယ်များနှင့် ဝန်ကြီးများက ချမှတ်ခဲ့သော ၁၉၉၃ ခုနှစ် လူ့အခွင့် အရေးဆိုင်ရာ ဘန်ကောက်ကြေညာစာတမ်း၏ အပိုဒ် ၈ တွင် ဖော်ပြထားသည်မှာ -

> *[ဆို]လိုသည်မှာ လူ့အခွင့်အရေးသည် အားလုံးနှင့် သက်ဆိုင်သော သဘောသဘာဝ ရှိသော်ငြား နိုင်ငံနှင့် ဒေသဆိုင်ရာ သီးခြားလက္ခဏာရပ်များနှင့် အမျိုးမျိုးသော သမိုင်းကြောင်း၊ ယဉ်ကျေးမှု နှင့် ကိုးကွယ်မှု နောက်ခံတို့၏ ထင်ရှားသည့် အချက်များကို စိတ်တွင်းစွဲလျက် အပြည်ပြည်*

ယဉ်ကျေးမှုဆိုင်ရာ သီးခြားအခြေခံအချက်များ

မတူညီသော ယဉ်ကျေးမှု၊ ဒေသများနှင့် နိုင်ငံများအလိုက် သီခြား ယုံကြည်မှုများနှင့် အခြေခံမူများအားဖြင့် ပုံဖော်သော တန်ဖိုးများအရ လူ့အခွင့်အရေးကို နားလည်လက်ခံသင့်သည်ဟူသော နိုင်ငံအချို့၏ အချေအဆို ငြင်းခုံမှု တစ်ခုဖြစ်သည်။

[15] Keynote address to the Asian Press Forum in Hong Kong on 2 December 1994, cited by the Department of Foreign Affairs and Trade, Submission, p. 814.

[16] The speech given by President Kim on receiving an honorary doctorate from the University of Sydney, reported in The Australian, 3 September 1996, p. 2.26

ဆိုင်ရာ စံသတ်မှတ်မှု၏ ဆင့်ကဲ ပြောင်းလဲမှုဖြစ်စဉ်တွင် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည် [စာရေးသူ၏ အလေးပေးဖော်ပြချက်]။

၁၉၉၃ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပသည့် ၂၆ ကြိမ်မြောက် အာဆီယံ ဝန်ကြီးအဆင့် အစည်းအဝေး (AMM) ၏ ပူးတွဲကြေညာချက်တွင် အာဆီယံအဖွဲ့ဝင် ခြောက်နိုင်ငံမှ နိုင်ငံခြားရေး ဝန်ကြီးများက "လူ့အခွင့်အရေးကို မျှတပြီး ပေါင်းစည်းနည်းဖြင့် ကိုင်တွယ် ဖြေရှင်းသင့်ပြီး ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွါးရေးနှင့် နိုင်ငံရေးဆိုင်ရာ သီးခြား အခြေအနေအရပ်ရပ်ကို အလေးထားလျက် ကာကွယ်၊ မြှင့်တင်သင့်သည်" ဟု ထုတ်ပြန်ခဲ့သည်။[17] ၎င်းနှစ်တွင်ပင် စင်္ကာပူနိုင်ငံခြားရေး ဝန်ကြီးက "မတူကွဲပြားမှုသရုပ်မှန်အား ငြင်းပယ်ရန် သို့မဟုတ် ဖုံးကွယ်ရန် အားလုံးနှင့် သက်ဆိုင်မှုဝါဒကို အသုံးပြုခဲ့ပါလျှင် အားလုံးကို အသိအမှတ်ပြုသည်ဟူသော လူ့အခွင့်အရေးစံနှုန်းအပေါ် ထိခိုက်စေနိုင်သည်"ဟု သတိပေးခဲ့သည်။[18]

အားလုံးနှင့် သက်ဆိုင်မှုဝါဒကို ယဉ်ကျေးမှုနိုင်းရဝါဒထက် ဦးစားပေးသင့်သည်

ယေဘုယျအားဖြင့် လူ့အခွင့်အရေးသဘောတရားသည် ကျွန်ုပ်တို့လူသားများအကြား မျှဝေတည်ဆောက်ထားခြင်း ဖြစ်သည်ဟု ယဉ်ကျေးမှုနိုင်းရဝါဒဆိုင်ရာ ဆွေးနွေးငြင်းခုံမှုကို Amartya Sen က တုံ့ပြန်ပြောဆိုခဲ့သည်။[19] အဆိုပါအခွင့်အရေးများကို နိုင်ငံတစ်ခု၏ နိုင်ငံသားဖြစ်မှု သို့မဟုတ် တိုင်းပြည်တစ်ခုတွင် ဖြစ်တည်မွေးဖွားလာမှုကြောင့်မဟုတ်ဘဲ လူသားတိုင်း၏ လူသားဖြစ်မှု ရပိုင်ခွင့်များကြောင့် ရရှိလာခြင်းဖြစ်သည်။ နိုင်ငံများ၏ အခြေခံဥပဒေအားဖြင့် အာမခံပေးထားသော အခွင့်အရေးများသည် နိုင်ငံအလိုက် (ဥပမာ - အမေရိကန် သို့မဟုတ် ပြင်သစ်နိုင်ငံသားတို့၏ အခွင့်အရေးများစသည်ဖြင့်) ကွဲပြားနိုင်သည်။ ဥပမာ - လူသားတစ်ယောက်၏ ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကင်းလွတ်ခွင့်သည် ၎င်းနိုင်ငံသားဖြစ်သည့် နိုင်ငံပေါ်တွင် မှီခိုမှု မရှိနေပေ၊ အဆိုပါ နိုင်ငံ၏ အစိုးရနှင့် သက်ဆိုင်ခြင်းမရှိဘဲ တည်ရှိနေခြင်းဖြစ်သည်။ အစိုးရသည် လူတစ်ဦး၏ ညှဉ်းပန်းနှိပ်စက်ခြင်းမခံရဟူသည့် ဥပဒေဆိုင်ရာအခွင့်အရေးကို ငြင်းပယ် နိုင်သော်လည်း ထိုပုဂ္ဂိုလ်၏ ညှင်းပန်းနှိပ်စက်မှုမှ (မွေးရာပါ) ကင်းလွတ်ပိုင်ခွင့်ကို ငြင်းပယ်ခြင်း မပြုနိုင်ပေ။

အစောပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း လူ့အခွင့်အရေးအပေါ် ကမ္ဘာလုံးဆိုင်ရာ ဘုံသဘောတူညီမှု မရှိသော်လည်း၊ လူ့အခွင့်အရေးသည် မည်သူမည်ဝါဖြစ်ကြောင်း မခွဲခြားဘဲ လူအားလုံးနှင့် သက်ဆိုင်သည့် စံတန်ဖိုးများအဖြစ် အားလုံးနှင့်သက်ဆိုင်နေပေသည်။ အဆိုပါအချက်ကို ၂၀၁၂ ခုနှစ်တွင် ချမှတ်ခဲ့သော အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်းတွင် ထပ်လောင်း ပြောဆို

---

[17] ASEAN, Joint Communique of the Twenty-Sixth ASEAN Ministerial Meeting Singapore, 23-24 July 1993, https://asean.org/?static_post=joint-communique-of-the-twenty-sixth-asean-ministerial-meetingsingapore-23-24-july-1993.

[18] Wong, KS, 'The real world of human rights' National Archives of Singapore, 16 June 1993, available at http://www.nas.gov.sg/archivesonline/speeches/record-details/7b65bcf8-115d-11e3-83d5-0050568939ad

[19] Sen (see note 14 above).

နိုင်ငံ၏ အချုပ်အခြာ အာဏာနှင့် နယ်မြေ စိုးမိုးရေး အား လေးစားမှု

လူ့အခွင့်အရေးသည် နိုင်ငံတစ်ခု ပြည်တွင်းရေးသာ ဖြစ်သည်ဟု ယုံကြည်ချက်ဖြစ်သည်။ ထို့ကြောင့် အခြားသော နိုင်ငံများက နိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားသင့်ပြီး အခြား နိုင်ငံများ၏ နယ်နိမိတ် အတွင်း ဖြစ်ပွါးသော လူ့အခွင့်အရေး ကိစ္စရပ်များ၌ ကြားဝင် မစွက်သင့်ပေ။

ထားသည်၊ (ထိုကြေညာစာတမ်း၏ အထွေထွေအခြေခံမူများတွင်) "လူ့အခွင့်အရေး အားလုံးသည် လူတိုင်းနှင့် သက်ဆိုင်ပြီး ခွဲခြားထုတ်ပယ်၍မရဘဲ အပြန်အလှန် တည်မှီကာ၊ အပြန်အလှန် ဆက်စပ်နေသည်... တစ်ချိန်တည်းမှာပင် မတူညီသော နိုင်ငံရေး၊ စီးပွါးရေး၊ ဥပဒေရေးရာ၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သမိုင်းကြောင်းနှင့် ဘာသာရေး နောက်ခံများကို စိတ်တွင်စွဲလျက် ဒေသတွင်းနှင့် နိုင်ငံတွင်း အခြေအနေများ၌ လူ့အခွင့်အရေး အကောင်အထည်ဖော်ဆောင်မှုကို ထည့်သွင်းစဉ်းစားရမည်"။ ဤသည်မှာ လူ့အခွင့်အရေးပါ အကြောင်းအရာသည် နေရာတိုင်းတွင် တူညီသည်ဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည် (ဥပမာ - အစားအစာ ရပိုင်ခွင့်ကို လူသားအားလုံး ခံစားခွင့်ရှိသည်၊ သို့သော် အမှန်တကယ် စားသုံးမှုသည် နိုင်ငံအလိုက်၊ ယဉ်ကျေးမှုအလိုက် ကွဲပြားနိုင်ပေသည်။ သို့ရာတွင် အဆိုပါ ကွဲပြားမှုများသည် လူတစ်ဦး၏ စားသောက်ပိုင်ခွင့်ကို ပြောင်းလဲမှု မပြုနိုင်ပေ)။ ထို့ကြောင့် လူ့အခွင့်အရေးသည် အားလုံးနှင့် သက်ဆိုင်သည်။ ထို့အတွက်ကြောင့် လူ့အခွင့်အရေး သဘောတရားသည် သီးခြား ယဉ်ကျေးမှုကို ထင်ဟပ်စေခြင်း သို့မဟုတ် မှီခိုနေခြင်းမျိုး မဟုတ်ပေ။

၁၆.၃.၅ ကြားဝင်မစွက်ဖက်ရေး၊ နိုင်ငံ့အချုပ်အခြာအာဏာ နှင့် နိုင်ငံတကာ ဝေဖန်ထောက်ပြမှု

နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေစိုးမိုးရေး သို့မဟုတ် နိုင်ငံတစ်ခု၏ ပြည်တွင်းရေးတွင် နိုင်ငံတကာ ကြားဝင်စွက်ဖက်မှုများနှင့် ပတ်သက်သော ဆွေးနွေးငြင်းခုံမှုများသည် အကြပ်အတည်းကာလများတွင် အပြင်းထန်ဆုံးဖြစ်သည်။

နိုင်ငံ၏ အချုပ်အခြာအာဏာကို လစ်လျူမရှုသင့်ပေ။

၁၉၉၃ ခုနှစ် ဘန်ကောက်ကြေညာစာတမ်းတွင် နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေ စိုးမိုးရေးကို လေးစားရေး၊ အခြားနိုင်ငံများ၏ ပြည်တွင်းရေးတွင် ကြားဝင်မစွက်ဖက်ရေး၊ လူ့အခွင့်အရေးများကို နိုင်ငံရေးဖိအားအဖြစ် လက်နက်သဖွယ် အသုံးမပြုရေး အခြေခံမူများကို အလေးပေးဖော်ပြထားသည်။ ထို့အပြင် အာဆီယံ ပဋိညာဉ်စာတမ်းသည် ဒီမိုကရေစီ ခိုင်မာ အားကောင်းစေရန်၊ ကောင်းမွန်သော အုပ်ချုပ်ရေးကို မြှင့်တင်ရန်၊ တရားဥပဒေစိုးမိုးရန်၊ လူ့အခွင့်အရေး၊ အခြေခံလွတ်လပ်ခွင့်များ၊ လူမှုတရားမျှတရေးတို့အား မြှင့်တင်၊ ကာကွယ်ရန် တို့အတွက် ရည်ရွယ်ချက်များနှင့် အခြေခံမူများကို ဖော်ပြထားကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အကြားလွတ်လပ်မှု၊ အချုပ်အခြာအာဏာရှိမှု၊ တန်းတူညီမျှမှု၊ နယ်မြေစိုးမိုးရေး၊ အမျိုးသားရေးစရိုက်လက္ခဏာတို့ကို လေးစားရေးနှင့် ၎င်းတို့၏ ပြည်တွင်းရေးကို ကြားဝင်မစွက်ဖက်ရေးများကို အတိအလင်း ထပ်လောင်းပြောဆိုခဲ့သည်။ ထို့ကြောင့် လူ့အခွင့်အရေးကို နိုင်ငံများ၏ ပြည်တွင်းရေးအဖြစ် ထည့်သွင်းစဉ်းစားခဲ့ကြသည်။

နိုင်ငံ၏ အချုပ်အခြာအာဏာကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းပြချက်အဖြစ် အသုံးမပြုသင့်ပေ။

၁၉၉၃ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် လူ့အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ညီလာခံက ချမှတ်ခဲ့သော ဗီယင်နာ ကြေညာစာတမ်းနှင့် ဆောင်ရွက်မှု အစီအစဉ်၏ အချက် ၄ တွင် ဖော်ပြထားသည်မှာ -

> *ကုလသမဂ္ဂသည် ၎င်း၏ ရည်ရွယ်ချက်များ၊ အခြေခံမူများ၊ အထူးအားဖြင့် အပြည်ပြည်ဆိုင်ရာ ပူပေါင်းဆောင်ရွက်ရေး ရည်ရွယ်ချက်နှင့် လျော်ညီစွာ လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များအား ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းတို့ကို ဦးစားပေးရည်ရွယ်ချက်အဖြစ် သတ်မှတ်ရမည်။ ၎င်းရည်ရွယ်ချက်များနှင့် အခြေခံမူများဆိုင်ရာ မူဘောင်တွင် **လူ့အခွင့်အရေး ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းများသည် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်း၏ တရားဝင်သော အလေးထားမှုလုပ်ရပ်တစ်ခုဖြစ်သည်။*** [စာရေးသူ၏ အလေးပေး ဖော်ပြချက်]

ထို့ကြောင့် အခြားနိုင်ငံများ၏ ပြင်းထန်ဆိုးရွားပြီး စနစ်တကျဖြစ်သော လူ့အခွင့်အရေး ချိုးဖောက်မှုများ/ စိုးရိမ်ဖွယ်များအပေါ် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းက ကြားဝင်စွက်ဖက်ခြင်းသည် တရားဝင်ကိစ္စရပ်ဖြစ်သည်ဟု ယူဆကြပြီး အခြားသော ဒေသတွင်း လူ့အခွင့်အရေးစနစ်များတွင်လည်း အသိအမှတ်ပြုထားသည်။ ထို့ပြင် Amartya Sen က လူ့အခွင့်အရေးသည် နိုင်ငံအလိုက် နိုင်ငံသားဖြစ်မှုနှင့် မသက်ဆိုင်ဘဲ လူသားဖြစ်ခြင်းကြောင့် လူ့အခွင့်အရေးရပိုင်ခွင့် ရှိသည်ဟု ချေပဆွေးနွေးထားသည့်အတွက် နိုင်ငံသားဖြစ်မှုနှင့် မသက်ဆိုင်ဘဲ လူသားတစ်ဦးနှင့် လျော်ညီသော (လူ့အခွင့်အရေးဆိုင်ရာ) တာဝန်အဖြစ် အချိုးညီစွာ ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်လေသည်။[20] ထို့ကြောင့် လူမျိုးနှင့် နိုင်ငံသားဖြစ်မှုအဟန့်အတားများသည် အခြားသူများ၏ အခွင့်အရေးအတွက် တရားဝင် စိတ်ဝင်စားမှုအဖြစ် ဆောင်ရွက်ခြင်း၊ မိမိနှင့် သက်ဆိုင်သော အချို့ တာဝန်များအဖြစ် သတ်မှတ်ခြင်းတို့မှ ဖယ်ထုတ်၍ မရနိုင်ပေ။

၂၀၀၅ ခုနှစ်တွင် အထွေထွေညီလာခံက ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အရ -

> (၁၃၈) နိုင်ငံတစ်ခုချင်းစီသည် ၎င်းနိုင်ငံအတွင်းရှိ လူများကို လူမျိုးသုဉ်း သုတ်သင်ရှင်းလင်းခြင်း၊ စစ်ရာဇဝတ်မှုများ၊ လူမျိုးရေး ရှင်းလင်းခြင်းနှင့် လူသားထုအပေါ် ဆန့်ကျင်သည့် ပြစ်မှုများမှ ကာကွယ်ရန် တာဝန်ရှိသည်၊ ယင်းတာဝန်တွင် လှုံဆော်မှုအပါအဝင် အဆိုပါ ပြစ်မှုများအား သင့်လျော်သလို လိုအပ်သော နည်းလမ်းများဖြင့် ကာကွယ်ရန် လိုအပ်သည်။ […]
>
> (၁၃၉) နိုင်ငံတကာအသိုင်းအဝိုင်းသည်လည်း ကုလသမဂ္ဂမှတဆင့် ပဋိညာဉ်စာတမ်းပါ အခန်း ၆ နှင့် ၈ တို့နှင့်အညီ လူမျိုးသုဉ်းသုတ်သင်ရှင်းလင်းမှု၊ စစ်ရာဇဝတ်မှုများ၊ လူမျိုးရေး ရှင်းလင်းခြင်းနှင့် လူသားထုအပေါ် ဆန့်ကျင်သည့် ပြစ်မှုများမှ ကာကွယ်ကူညီရန် သင့်

[20] Sen (see note 14 above).

လျော်သော သံတမန်ရေးရာ၊ လူသားချင်းစာနာထောက်ထားမှုအပါအဝင် အခြားသော ငြိမ်းချမ်းသည့် နည်းလမ်းများ ကျင့်သုံးရန် တာဝန်ရှိသည်။ ထိုအနေအထားတွင် လုံခြုံရေး ကောင်စီမှတဆင့် အခန်း ၇ အပါအဝင် ပဋိညာဉ်စာတမ်းပါ အချက်များနှင့်အညီ ကိစ္စရပ်တစ်ခုချင်းစီအပေါ်မူတည်ပြီး စုပေါင်းအရေးယူဆောင်ရွက်မှုများကို အချိန်နှင့် တပြေးညီ ပြတ်ပြတ်သားသား လုပ်ဆောင်သွားရန်နှင့် ငြိမ်းချမ်းသော နည်းလမ်းများဖြင့် ဖြေရှင်းရန် မလုံလောက်သည့်အခါ၊ နိုင်ငံ၏ တာဝန်ရှိသူများအနေဖြင့်လည်း နိုင်ငံ အတွင်းရှိ လူများအား လူမျိုးသုဉ်း သုတ်သင်ရှင်းလင်းခြင်း၊ စစ်ရာဇဝတ်မှုများ၊ လူမျိုးရေး ရှင်းလင်းခြင်း၊ လူသားထုအပေါ် ဆန့်ကျင်ကျူးလွန်သော ပြစ်မှုများမှ ကာကွယ်ရန် သိသိသာသာ ပျက်ကွက်ခဲ့သည့်အခါ သင့်လျော်သော သက်ဆိုင်ရာ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းရန် ကျွန်ုပ်တို့အနေဖြင့် ပြင်ဆင်ထားသည်။[21]

ကာကွယ်ရန် တာဝန်ရှိမှုဟူသော သဘောတရားကို အရှေ့တောင်အာရှနိုင်ငံများအားလုံးက သဘောတူ ချမှတ်ထားသည်။ ၎င်းတွင် စံနှုန်းပါရာဒိုင်းအရွေ့အပြောင်းတစ်ခုပါဝင်သည်၊ အကြောင်းမှာ လူ့အခွင့်အရေးချိုးဖောက်မှုများ စနစ်တကျနှင့် ဆိုးဆိုးရွားရွား ဖြစ်ပွါးရာနေရာများရှိ အခြေအနေများအား ကိုင်တွယ်ဖြေရှင်းရေးကို နိုင်ငံတကာ အသိုင်းအဝိုင်းက လုပ်ဆောင်ရန် တာဝန်ရှိသည်ဟု အလေးပေးဖော်ပြကြသည်။

သဘောတရားရေးရာ

ကာကွယ်ရန် တာဝန်

စနစ်တကျနှင့် ဆိုးရွားပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွါးသည့် ဖြစ်ရပ်များနှင့် စပ်လျဉ်းပြီး အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းတွင် ၎င်းအခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန် တာဝန်ရှိသည်။ ဤသည်ကို ကာကွယ်ရန် တာဝန်အဖြစ် သိကြသည်။

၁၆.၃.၆ စင်ပြိုင်ဦးစားပေးမှုများ - ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများ နှင့် စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ

စစ်အေးကာလတစ်လျောက် အစွန်းနှစ်ဖက်ရှိသော ကမ္ဘာကြီးတွင် လူ့အခွင့်အရေးအား နိုင်ငံရေးအဖြစ် သွတ်သွင်းအသုံးပြုကာ အများအားဖြင့် အတွေးအခေါ်ဆိုင်ရာ အဆိုအချေများမှတဆင့် အလွဲသုံးစားပြုခဲ့ကြသည်။ အနောက်နိုင်ငံများက လူ့အခွင့်အရေးအား ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အစဉ်အလာသဘောတရားများအဖြစ် အခြေဆိုက် ဦးတည်ခဲ့ကြပြီး ၎င်း

[21] United Nations General Assembly, 'Resolution adopted by the General Assembly on 16 September 2005: 60/1. 2005 World Summit Outcome' 24 October 2005.

တို့၏ ဆန့်ကျင်ဘက် ဆိုရှယ်လစ်နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများက စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများအပေါ် လွှမ်းမိုးချုပ်ကိုင်ရေးကို ကာကွယ်ပြောဆိုခဲ့သည်။

အချို့သောအခွင့်အရေးများကို ဦးစားပေးသင့်သည်

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွါးရေးနှင့် လူမှုရေးဆိုင်ရာ အခွင့်အရေးများသည် နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ အခွင့်အရေးများထက် ပိုမိုအရေးကြီးသည်ဟု လူအတော်များများက စောဒကတက် ပြောဆိုကြသည်။ ထို့ကြောင့် အနောက်တိုင်းသားတို့၏ (လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်) ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများအား လွှမ်းမိုးထားမှုသည် ကွန်မြူနီတားရီးယန်း (အများပြည်သူကောင်းစားရေး) အစဉ်အလာများ၏ လူမှုပေါင်းစည်းညီညွတ်မှုကို ထိပါးစေသည်။ ထို့ကြောင့် အရှေ့တောင်အာရှဒေသအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် အခြေခံကျသော ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများအား အတိုက်အခံဆန့်ကျင်လိုသည့် သဘောရှိသည်၊ ၎င်းအတွက် စောဒက တက်ထားသည်မှာ -

- ၎င်းတို့သည် စီးပွါးရေး ဖွံ့ဖြိုးမှုနှင့် တိုးတက်ကြီးထွားမှုကို နောက်ကျစေသည်၊
- ဆင်းရဲမွဲတေသူများအနေဖြင့် နိုင်ငံရေးလွတ်လပ်ခွင့်ထက် စီးပွါးရေးအခွင့်အရေးများကို မပြောင်းလဲဘဲ ရွေးချယ်မည်သာဖြစ်သည်၊
- ဒီမိုကရေစီနှင့် နိုင်ငံရေးလွတ်လပ်ခွင့်များသည် အထူးသဖြင့် "အနောက်တိုင်းသား"တို့၏ အတွေးအခေါ်များ ဖြစ်ကြပြီး "အာရှတန်ဖိုး"နှင့် ဆန့်ကျင်လေသည်၊ အာရှတန်ဖိုးများသည် လွတ်လပ်ခွင့်ထက် စည်းကပ်သေဝတ်မှု၊ အမိန့်နာခံမှုတို့အပေါ် အလေးထားလေသည်။[22]

"အခွင့်အရေး ဖောင်းပွမှုများ" ကြောင့် လူမှုရေးနှင့် စီးပွါးရေးဆိုင်ရာ အခွင့်အရေးများ၏ ချဲ့ထွင်ချက်များ အစီအရီဖြစ်လာစေနိုင်ပြီး "စစ်မှန်သော" လူသားများဆိုင်ရာ သို့မဟုတ် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများကို အဆင့်လျော့ကျသွားစေနိုင်သည်ဆိုသော အကြောက်တရားများ/ စိုးရိမ်မှုများကြောင့် စီးပွါးရေးနှင့် လူမှုရေးဆိုင်ရာအခွင့်အရေးများအပေါ် ဆန့်ကျင်ချက်များ ပေါ်ထွက်လာခြင်းဖြစ်သည်။

အခြားသူများကမူ အနိမ့်ဆုံး သတ်မှတ်ဝင်ငွေ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ လုံခြုံမှုရှိခြင်းသည် နိုင်ငံ"ကြီး" တစ်ခု၊ သို့မဟုတ် ဆိုရှယ်လစ်ဝါဒ စနစ်တွင်ပင် မဖြစ်မနေ လိုအပ်သည်ဟု အခိုင်အမာ ပြောဆိုထားပြန်သည်။[23] ထိုကဲ့သို့နည်းတူ လူမှုရေးနှင့် စီးပွါးရေးဆိုင်ရာ အခွင့်အရေးများအပေါ် ဆန့်ကျင်သည့် ဥပဒေရေးရာ အဆိုအချေတစ်ရပ်အရ ၎င်းတို့အား 'ကျိုးကြောင်းပြ

[22] Sen, A, *Development As Freedom*, Oxford: Oxford University Press, 1999, at 149.

[23] Gozler Camur, Elif, Civil and Political Rights vs. Social and Economic Rights: A Brief Overview, Journal of Bitlis Eren University, Vol 6, No.1, June 2017,205-214.

ရှင်းလင်းနိုင်သည်မျိုး' မဟုတ်သကဲ့သို့ တရားရုံးများက စစ်ဆေးစီရင်နိုင်ရန် မှာလည်း လျော်ကန်သင့်မြတ်မှုမရှိပေ။

အခြားဆွေးနွေးဖွယ်အချက်တစ်ခုဖြင့် အရှေ့တောင်အာရှနိုင်ငံများသည် စီးပွါးရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ၏ အပြန်အလှန် တည်မှီနေမှုနှင့် ခွဲခြားထုတ်ပယ်၍ မရမှုတို့ကို ဘန်ကောက် ကြေညာစာတမ်းတွင် ထပ်လောင်းအတည်ပြုထားပြီး လူ့အခွင့်အရေးအားလုံးကို တန်းတူအလေးပေးရန် လိုအပ်သည်ဟု ဖော်ပြထားသည်။ ထို့ကြောင့် ၎င်းတို့သည် ဗီယင်နာ ကမ္ဘာ့ညီလာခံ (၁၉၉၃) တွင် ချမှတ်ခဲ့သော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်ကို ကြိုဆိုခြင်းဖြစ်ပြီး အဆိုပါ ကြေညာစာတမ်းနှင့် ဆောင်ရွက်မှုအစီအစဉ် အပေါ် အခြေတည်ထားသော လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်ဆိုင်ရာ အာဆီယံ၏ ကတိကဝတ်ကို ထပ်လောင်းပြောဆိုခဲ့သည်။ အခွင့်အရေးအားလုံး၏ အပြန်အလှန်ဆက်စပ်ခြင်း၊ ခွဲခြားထုတ်ပယ်၍ မရခြင်းနှင့် တန်းတူညီမျှခြင်းတို့အား အလေးပေးပြောဆိုထားသော်လည်း အရှေ့တောင်အာရှ နိုင်ငံများကိုယ်တိုင်သည် ၎င်းတို့နှင့် ဆန့်ကျင်ကွဲလွဲဟန်ရှိပြီး ဘန်ကောက် ကြေညာစာတမ်းတွင် "စီးပွါးရေးနှင့် လူမှုရေး တိုးတက်မှုများသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ခြင်းများဆီသို့ ရှေးရှုဦးတည်ခြင်းကို လွယ်ကူချောမွေ့စေသည်" ဟု ဖော်ပြထားလေသည်။ ဤသည်မှာ အခွင့်အရေးအမျိုးအစားတစ်ခုထက် အခြားတစ်ခုကို သေချာပေါက် ဦးစားပေးခြင်းသဘော ဖြစ်သည်။ နိုင်ငံအများစုက လူ့အခွင့်အရေးလက်တွေ့ကျင့်သုံးမှုအား ဦးစားပေးဆောင်ရွက်ရန်အတွက် ဆင်းရဲမွဲတေမှုနှင့် စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှု မရှိခြင်းများကို ယိုးမယ်ဖွဲ့အကြောင်းပြချက်များအဖြစ် လက်ညှိုးထိုး ကိုးကားမြဲဖြစ်လေသည်။

အခွင့်အရေးတစ်ခုထက် အခြားတစ်ခုကို ပို၍ဦးစားပေးခြင်းမျိုး မဖြစ်သင့်ပေ။

အခွင့်အရေးအမျိုးအစားအားလုံး၏ တန်းတူညီမျှမှုနှင့် အပြန်အလှန်တည်မှီနေမှုအကြောင်း အဆိုအချေများကို ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ နိဒါန်း (အပိုဒ် ၃)တွင် တွေ့နိုင်သည်။ ယင်းတွင် ဖော်ပြထားသည်မှာ -

> လူသားတိုင်းအတွက် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများသာမက စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို ခံစားရရှိနိုင်သည့် အခြေအနေများအား ဖန်တီးနိုင်မှသာလျှင် ကြောက်ရွံ့ခြင်းနှင့် ဆင်းရဲချို့တဲ့မွဲနမ်းပါးခြင်းကင်းသော လွတ်လပ်မှုကို ခံစားရရှိနိုင်သည့် စံနမူနာပြု လွတ်လပ်သော လူသားများ ဖြစ်လာနိုင်သည်။

စီးပွါးရေးတိုးတက်မှုသည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများ ခံစားရရှိနိုင်မှုအတွက် အာမခံပေးနိုင်ခြင်းမရှိကြောင်းကို ဘရူနိုင်းနှင့် စင်္ကာပူ သာဓကများက ဖော်ပြလျက်ရှိသည်။ ထို့ပြင် အခွင့်အရေးများသည် အပြန်အလှန်တည်မှီနေခြင်း မရှိဟု စောဒကတက်နိုင်ခြင်းလည်း မရှိတော့ပေ။ ဥပမာ - လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်တို့သည် လူမှုရေးနှင့် စီးပွါးရေးဆိုင်ရာ အခွင့်အရေးများကို အခိုင်အမာ တောင်းဆိုရာတွင် အရေးပါသည်။ အလားတူစွာ ပညာသင်ကြားခွင့်နှင့် အစားအစာရပိုင်ခွင့်များအား အပြည့်အဝ အကောင်အထည်မဖော်နိုင်ပါက မဲဆန္ဒပေးပိုင်ခွင့်၊ ရွေးကောက်ပွဲများတွင် ပါဝင်ခွင့်၊ သို့မဟုတ် လွတ်လပ်စွာ

ပြောဆိုခွင့်များအပေါ် ထိခိုက်စေနိုင်သည်။ ထို့ကြောင့် လူ့အခွင့်အရေးတွင် တစ်ခုက တစ်ခုထက် ပို၍ ဦးစားပေးသင့်သည်ဟူသော ပြောဆိုချက်များမှာ မှန်ကန်သင့်လျော်ခြင်း မရှိပေ။

၁၆.၃.၇ လူပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာ အခွင့်အရေးများ နှင့် နိုင်ငံသားတာဝန်များ

အချို့သော နိုင်ငံများတွင် လူများအနေဖြင့် တာဝန်ကို ထမ်းဆောင်မှသာလျှင် ၎င်းတို့၏ အခွင့်အရေးများကို အသိအမှတ်ပြုနိုင်သည်။ အခွင့်အရေးများသည် လူမှုပဋိညာဉ်များအပေါ်တွင် အခြေတည်ထားသည်၊ ထို့ကြောင့် လူများသည် ဥပဒေကို လိုက်နာရန် သဘောတူညီကြကာ လူမှုအသိုင်းအဝိုင်းအတွက် ပံ့ပိုးထောက်ကူနိုင်သော အဖွဲ့ဝင်ဖြစ်မှသာလျှင် အခွင့်အရေးများကို ခံစားရရှိနိုင်သည်။ ထို့ကြောင့် ဥပဒေကို ချိုးဖောက်သူများ သို့မဟုတ် ပံ့ပိုးကူညီရန် ပျက်ကွက်သူများသည် အဆိုပါအခွင့်အရေးများအား ရရှိခံစားခွင့် မရှိနိုင်ချေ။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

လူပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာ အခွင့်အရေးများ နှင့် နိုင်ငံသားတာဝန်များ

လူသားများတွင် ရပိုင်ခွင့်အခွင့်အရေးများရှိသည်၊ သို့သော် လူမှုအသိုင်းအဝိုင်းရှိ အခြားအဖွဲ့ဝင်များနှင့် အသိုက်အဝန်းတစ်ရပ်လုံးအပေါ်တွင် စောင့်သိရမည့်တာဝန်များလည်း ရှိကြသည်။ သို့ရာတွင် အခွင့်အရေးများသည် တာဝန်များထက် ပိုမို အရေးကြီးသလော သို့မဟုတ် အပြန်အလှန်အားဖြင့် တာဝန်များသည် အခွင့်အရေးများထက် ပိုမိုအရေးကြီးသလော? အခြားတစ်ခုမရှိဘဲ တစ်ခုတည်းသာရှိလျှင်လည်း ဖြစ်နိုင်ပါမည်လော? အဆိုပါ အဆိုအချေများသည် အာရှတန်ဖိုးများဆိုင်ရာ ဆွေးနွေးငြင်းခုံမှုများ၏ အဓိက သွင်ပြင် လက္ခဏာရပ်ကို ဖြစ်ပေါ်စေသည်။ ခုခံပြောဆိုသူများက အခွင့်အရေးများထက် တာဝန်များကို ဦးစားပေးသင့်ပြီး သို့မှသာ အခွင့်အရေးများကို အကျိုးအမြတ်အနေဖြင့် ရရှိမည်ဟု ယုံကြည်ကြသည်။ ဆန့်ကျင်ဘက်အား ဖြင့် အားလုံးနှင့် သက်ဆိုင်သော ကမ္ဘာလုံးဆိုင်ရာမူကို စွဲကိုင်ထားသူများက လူ့အခွင့်အရေး၏ မွေးရာပါ ဖြစ်ခြင်းနှင့် လွဲပြောင်း၍ မရခြင်းတို့ကို ရည်ညွှန်း ကြသည်။ ထို့ကြောင့် လူတစ်ဦးချင်းစီသည် ၎င်းတို့၏ တာဝန်များကို လေးစားလိုက်နာသည် ဖြစ်စေ၊ သို့မဟုတ် လေးစားလိုက်နာမှု မရှိသည်ဖြစ်စေ၊ အဆိုပါအခွင့်အရေးများကို ရရှိခံစားပိုင်ခွင့်ရှိမည် ဖြစ်သည်။ ထိုသို့ဆိုလျှင် ၎င်းသည် မျှတမှုရှိပါသလား?

- အခြားသူများ၏ အခွင့်အရေးများကို အလေးဂရုမပြုသူများ (ဥပမာ - ပြစ်မှုကျူးလွန်သူများ) သည် အခွင့်အရေး ခံစားခွင့် ရှိမြဲ ဖြစ်ပါသလား?
- လူသားတစ်ဦး၏ အခွင့်အရေးများသည် ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းအတွက် တာဝန်ကျေပွန်မှုအပေါ် တည်မှီနေသင့်ပါသလား?

- လူမှုတာဝန်များကို ပိုမိုထမ်းဆောင်သူများ (ဥပမာ - ဆန္ဒအလျောက် စစ်မှုထမ်းသူ) အား အခွင့်အရေး ပိုမိုပေးသင့်ပါသလား?

လူ့အခွင့်အရေးထက် နိုင်ငံသားတာဝန်ကို ဦးစားပေးသင့်သည်

သင့်လျော်ကောင်းမွန်သော လူမှုအသိုင်းအဝိုင်းသည် တာဝန်များနှင့် ဝတ္တရားများအပေါ် အခြေတည်သည်ဟု ဤဆွေးနွေးချက်က ဖော်ပြသည်။ ထို့ကြောင့် အခွင့်အရေးများသည် မွေးရာပါ မဟုတ်ဘဲ တာဝန်သိတတ်ကောင်းမြတ်မှုကြောင့် အကျိုးဆက်ရလာခြင်းဖြစ်သည်။[24] အာရှလူ့အဖွဲ့အစည်းသည် နာခံတတ်သော တာဝန်သိတတ်မှုအပေါ် ပိုမိုတန်ဖိုးထားကြပြီး လူမှု အသိုင်းအဝိုင်း၏ ပိုမိုကောင်းကျိုးများရှိရေးနောက်တွင် လူတစ်ဦးချင်းစီ၏ အကျိုးစီးပွါးများ အရေးကို ထားရှိခြင်းဖြစ်သည်။

လူ့အခွင့်အရေးများသည် တာဝန်အပေါ် တည်မှီနေမှု မရှိပေ။

လူ့အခွင့်အရေးသဘောတရားသည် တာဝန် သို့မဟုတ် ဝတ္တရားများကို ငြင်းပယ်ခြင်း မရှိပေ။ လူပုဂ္ဂိုလ်များသည် အခြားသူများ၊ ၎င်းတို့၏ မိသားစုများ၊ ရပ်ရွာအသိုင်းအဝိုင်းနှင့် နိုင်ငံတော် အပေါ် အတိုင်းအတာတစ်ခုအထိ စောင့်သိရန် တာဝန်များ ရှိကြသည်။ လူတစ်ဦးချင်းစီသည် မိမိ၏ ကိုယ်ပိုင်အခွင့်အရေးများ လေးစားလိုက်နာခြင်းခံရသည့်အတွက် အခြားသူများ၏ အခွင့်အရေးများကို ပြန်လည်လေးစားလိုက်နာရန်နှင့် ယင်းအခွင့်အရေးများကို တာဝန်သိစွာ ကျင့်သုံးရန်လည်း အပြန်အလှန်တာဝန်ရှိသည်။ အဆိုပါ တာဝန်များကို UDHR ၏ အပိုဒ် ၂၉ (၁) (နှင့် အခြားသော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ) တွင် ဖော်ပြထားသည်၊

> (၁) လူတိုင်းသည် မိမိ၏ ကိုယ်ရည်ကိုယ်သွေးကို လူ့အသိုက်အဝန်းအတွင်း၌သာ လွတ်လပ်ပြည့်ဝစွာ ဖွံ့ဖြိုးစေနိုင်သည်ဖြစ်၍ ယင်းအသိုက်အဝန်းအပေါ် တာဝန်ရှိသည်။
>
> (၂) မိမိ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် လူတိုင်းသည် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ လေးစားရန် အလို့ငှါလည်းကောင်း၊ ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် တရားမျှတသော လိုအပ်ချက်များ ဖြစ်သည့် ကိုယ်ကျင့်တရား၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွါး ဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အလို့ငှါ လည်းကောင်း၊ ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များ အတိုင်းသာ ကျင့်သုံးပိုင်ခွင့် ရှိသည်။
>
> (၃) အဆိုပါအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို မည်သည့်ကိစ္စတွင်မျှ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်များနှင့် အခြေခံမူများကို ဆန့်ကျင်၍ ကျင့်သုံးခြင်းမပြုရ။

[24] Ghai, Y, 'Human rights and Asian values' *Public Law Review*, 1998, Vol 9, No 3, pp 168-182.

ဆန့်ကျင်ဘက်အားဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များသည် နိုင်ငံ၏ တာဝန်များ သို့မဟုတ် ဝတ္တရားများကို အလေးပေးဖော်ပြထားသည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေများ (စာချုပ်များ)၏ အဖွဲ့ဝင်များအဖြစ် နိုင်ငံများသည် ၎င်းတို့ ဆန္ဒအလျောက် လက်မှတ်ရေးထိုးထားသည့် သဘောတူစာချုပ်တွင် ပြဋ္ဌာန်းပါရှိသည့် တာဝန်များကို လက်ခံ ဆောင်ရွက်ရသည်။ အထွေထွေ တာဝန်များအဖြစ် အောက်ပါများ ပါဝင်သည် -

လေးစားရန် တာဝန် - နိုင်ငံများသည် လူပုဂ္ဂိုလ်တစ်ဦးချင်းက ၎င်းတို့၏ အခွင့်အရေးများ ရရှိခွင့်နှင့် ကျင့်သုံးခွင့်များကို တားဆီးသော မည်သည့်နည်းလမ်းမျိုးကိုမဆို လုပ်ဆောင်ခြင်း မပြုရန် လိုအပ်သည်။ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အခွင့်အရေးများ ရရှိခံစားခွင့်ကို ကြားဝင်စွက်ဖက်ခြင်းမှ ရှောင်ကြဉ်ရမည်၊

ကာကွယ်ရန် တာဝန် - နိုင်ငံများသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အခွင့်အရေးများကို တတိယအင်အားစုများက ဖယ်ရှားခြင်း သို့မဟုတ် ချိုးဖောက်ခြင်း မပြုအောင် အသေအချာ ဆောင်ရွက်ရန် လိုအပ်သည်၊

ဖြည့်ဆည်းရန် တာဝန် - နိုင်ငံများသည် သဘောတူစာချုပ်များက အသိအမှတ်ပြုထားသော အခွင့်အရေးများ အပြည့်အဝ အကောင်အထည်ဖော်ရန်အလို့ငှါ လိုအပ်သော ဥပဒေပြုခြင်း၊ စီမံပြင်ဆင်ခြင်း၊ အသုံးစရိတ်သတ်မှတ်ခြင်း၊ တရားစီရင်ဖော်ဆောင်ခြင်းနှင့် အခြားသော ဆောင်ရွက်မှုများ/နည်းလမ်းများကို ဆောင်ရွက်ရမည်။

စီးပွါးရေး၊ လူမှုရေးနှင့် (အချို့သော) ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများသည် တစ်ဆင့်ထက်တစ်ဆင့် ဆင့်ကဲအကောင်အထည်ဖော်နိုင်သော်လည်း ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့် အရေးများသည် ချက်ချင်းအကောင်အထည်ဖော်ရမည့်သဘောရှိသည်ဖြစ်ရာ ၎င်းတို့အား ဆင့်ကဲအကောင်အထည်ဖော်ဆောင်ရမည့်အမျိုးအစားအဖြစ် သတ်မှတ်၍ မရနိုင်ပေ။ ထို့ပြင် အစိုးရမဟုတ်သူများသည်လည်း လူ့အခွင့်အရေးချိုးဖောက်ခံရသူများအား ကုစားမှုများ ပေးရာတွင် လေးစားရန်၊ ကာကွယ်ရန်နှင့် ပံ့ပိုးရန် တာဝန်များ သို့မဟုတ် ဝတ္တရားများ ရှိကြသည်။ UDHR တွင် ဖော်ပြထားသည့်အတိုင်း လူ့အသိုင်းအဝိုင်းရှိ အဖွဲ့အစည်းတိုင်းသည် လူ့အခွင့်အရေးကို လေးစားရန်၊ မြှင့်တင်ရန်နှင့် ကာကွယ်ရန် တာဝန်များ ရှိကြသည်။

က။ အနှစ်ချုပ်နှင့် အဓိကအချက်များ

၁၉၉၃ ခုနှစ် ဇွန်လတွင် ဗီယင်နာ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးညီလာခံ ပြင်ဆင်မှုအဖြစ် အာရှနိုင်ငံများမှ ကိုယ်စားလှယ်များသည် လူ့အခွင့်အရေးအကြောင်း ဆွေးနွေးရန် ဘန်ကောက်တွင် တွေ့ဆုံစည်းဝေးခဲ့ကြသည်။ အချုပ်အားဖြင့် ဘန်ကောက်ကြေညာစာတမ်းကို ချမှတ်ခဲ့ကြသည်။

ကြေညာစာတမ်းသည် အာရှဒေသ၏ အစိုးရများက မြင့်တင်ထားသော လူ့အခွင့်အရေးဆိုင်ရာ အာရှဒေသ၏ ရပ်တည်ချက်ကို ကိုယ်စားပြုသည်။ ယင်းတွင် လူ့အခွင့်အရေးနှင့် ပတ်သက်သော အဆိုပြုချက်များ ပါဝင်ပြီး အချို့မှာ အနောက်တိုင်းနှင့် အာရှတို့၏ လူ့အခွင့်အရေးအပေါ် အမြင်ကို ခွဲခြားသတ်မှတ်ရန် ကြိုးပမ်းခဲ့သည့်အတွက် ဆွေးနွေးငြင်းခုံဖွယ်အကြောင်းအရာအဖြစ် ဆက်လက် တည်ရှိနေသည်။ အဆိုပါ အမြင်ကွဲပြားချက်ကို အောက်တွင် အနှစ်ချုပ် ဖော်ပြထားသည်။

ပထမအချက်အနေဖြင့် အာရှဒေသရှိ အစိုးရများသည် နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတစ်ခု၏ ပြည်တွင်းရေးကို ကြားဝင်မစွက်ဖက်ရေး အခြေခံမူများကို လေးစားကြပြီး လူ့အခွင့်အရေးကို နိုင်ငံရေးဖိအားပေး လက်နက်သဖွယ် အသုံးမပြုသင့်ကြောင်း ယုံကြည်ကြသည်။ ယင်းအခြေခံမူကို (၂၀၀၇ ခုနှစ်တွင် ချမှတ်ခဲ့သော) အာဆီယံ ပဋိညာဉ်စာတမ်းတွင် ထပ်လောင်း ပြောဆိုခဲ့သည်။

ဒုတိယအချက်အနေဖြင့် လူ့အခွင့်အရေးကို နိုင်ငံနှင့် ဒေသအသီးသီးတို့၏ သီးခြားလက္ခဏာများ၊ သမိုင်းစဉ်လာ၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်သည့်ဘာသာ နောက်ခံအခြေအနေများအားဖြင့် နားလည် လက်ခံကြသည်။ ဘန်ကောက်ကြေညာစာတမ်းတွင် ဖော်ပြထားသကဲ့သို့ အဆိုပါ စောဒကတက် အဆိုအချေများကို အစိုးရများက အသုံးပြုလျက် လူ့အခွင့်အရေး၏ အားလုံးနှင့် သက်ဆိုင်ပြီး ကမ္ဘာလုံးဆိုင်ရာအသုံးချနိုင်မှု တွေးဆချက်ကို မေးခွန်းထုတ်ခဲ့ကြသည်။

တတိယအချက်အနေဖြင့် ဒေသဆိုင်ရာ သီးခြားလက္ခဏာ သဘောတရားနှင့် စပ်လျဉ်း၍ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးလွတ်လပ်ခွင့်များ အသိအမှတ်မပြုမီ အာရှသားတို့၏ စီးပွါးရေးနှင့် လူမှုရေးကောင်းကျိုးချမ်းသာကို ဦးစားပေးဆောင်ရွက်သင့်သည်ဟု အာရှအစိုးရများက စောဒကတက် ငြင်းခုံခဲ့ကြသည်။ ယင်းတွေးဆချက်ကို အချို့သော အာရှအစိုးရများက အာဏာရှင်စနစ်အုပ်ချုပ်မှုပုံစံများအတွက် ကျိုးကြောင်းဆင်ခြေပြုရန် တွဲဖက်အသုံးပြုခဲ့ကြခြင်း ဖြစ်သည်။

ခ။ စာမေးပွဲ သို့မဟုတ် အက်ဆေးမေးခွန်းများ

- လူ့အခွင့်အရေး၏ အားလုံးနှင့် သက်ဆိုင်မှု တွေးဆချက်ကို ဆန့်ကျင်သော အဆိုအချေများမှာ အဘယ်နည်း?
- ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းသည် 'အနောက်တိုင်း' သဘောသဘာဝ ရှိပါသလား?
- ကြားဝင်မစွက်ဖက်ရေးအခြေခံမူအကြောင်း ရှင်းပြပါ။ ယင်းအခြေခံမူကို ဆန့်ကျင်သူများက မည်သည့် အဆိုအချေများဖြင့် ဆွေးနွေးငြင်းခုံခဲ့ကြသနည်း?

- ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများကို စီးပွါးရေးနှင့် လူမှုရေးဆိုင်ရာ အခွင့်အရေးများထက် ဦးစားပေးသင့်သလား?

ဂ။ ထပ်မံလေ့လာ ဖတ်ရှုရန်များ

Brems, E, (2001), Human Rights: Universality and Diversity, The Hague, Boston, London: Martinus Nijhoff Publishers.

de Bary, WT, (1998), Asian Values and Human Rights: A Confucian Communitarian Perspective, Cambridge: Harvard University Press.

Eide, A, and Alfredsson, G, (1999), 'Introduction' in Alfredsson, G, and Eide, A (eds),The Universal Declaration of Human Rights, The Hague: Martinus Nijhoff Publishers, pp xxv-xxvi.

Ghai, Y, (1998), 'Human rights and Asian values' in Public Law Review, Vol 9, No 3, pp 168-182.

Nowak, M, 'Civil and political rights' in Symonides, J (ed)(2000), Human Rights: Concept and Standards, Aldershot: Unesco Publishing.

Sen, A, (1997), Human rights and Asian Values, Sixteenth Annual Morgenthau Memorial Lecture on Ethics and Foreign Policy, available at https://www.carnegiecouncil.org/publications/archive/morgenthau/254

Sen, A, (1999), Development as Freedom, Oxford: Oxford University Press.

Van Ness, P (ed), Debating Human Rights (Asia's Transformations Series), Abingdon: Routledge, 1999.

Wong, KS, (1993), The real world of human rights, National Archives of Singapore, available at http://www.nas.gov.sg/archivesonline/speeches/record-details/7b65bcf8-115d-11e3-83d5-0050568939ad

၁၇

အရပ်ဘက်အဖွဲ့အစည်းနှင့် လူ့အခွင့်အရေး

အခန်း ၁၇ အရပ်ဘက်အဖွဲ့အစည်းနှင့် လူ့အခွင့်အရေး

၁၇.၁ မိတ်ဆက်

အရပ်ဘက်အဖွဲ့အစည်း

အရပ်ဘက်အဖွဲ့အစည်းသည် အစိုးရနှင့်မတူ ကွဲပြားပြီး လူမှုရေးကိစ္စရပ်များတွင် တရားဝင်နှင့် အလွတ်သဘော ဆောင်ရွက်ကြသည့် အဖွဲ့အစည်းများကို ရည်ညွှန်းသည်။

အရွှေ့တောင်အာရှနိုင်ငံများ၌ အထူးသဖြင့် လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ဒီမိုကရေစီ စနစ်ဖြစ်ထွန်းပေါ်ပေါက်စေခြင်း၊ လူ့အခွင့်အရေး ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းကဏ္ဍ တို့တွင် အရပ်ဘက်အဖွဲ့အစည်းသည် သိသာထင်ရှားသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည်။ အဆိုပါအဖွဲ့များသည် နိုင်ငံများစွာရှိ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဆိုင်ရာ ဦးဆောင်အရေးဆိုမှုများကို လုပ်ဆောင်ကြသည်သာမက ဒီမိုကရေစီ ခိုင်မာအားကောင်းပြီး လူ့အခွင့်အရေး အပြည့်အဝရရှိစေရန် ပြည်သူ့မူဝါဒဆိုင်ရာ အရေးဆိုစည်းရုံးမှုများတွင် ပါဝင်ကာ နိုင်ငံများကို စောင့်ကြည့်လေ့လာကြသည်။

ပြည်သူ့မူဝါဒဆိုင်ရာ အရေးဆိုစည်းရုံးမှု

အစိုးရက ပညာရေး၊ ကျန်းမာရေး သို့မဟုတ် သဘာဝ ပတ်ဝန်းကျင်ရေးရာ ကဲ့သို့သော ကိစ္စရပ်များကို ဖြေရှင်းရန် စီစဉ်ဆောင်ရွက်သည်။

ထိုဆောင်ရွက်မှုများကို တုံ့ပြန်ရာတွင် ပြည်သူတို့၏ မှတ်ချက်ပြုမှုများ၊ တိုင်တန်းချက်များ သို့မဟုတ် အကြံပြုချက်များအတွက် အရေးဆိုစည်းရုံးခြင်းဟု ရည်ညွှန်းသည်။

သို့သော် အရပ်ဘက်အဖွဲ့အစည်းများအား ဒီမိုကရေစီဖြစ်ထွန်းစေရေးနှင့် လူ့အခွင့်အရေးတို့အတွက် ဖန်တီးပေးသူများအဖြစ် ရှိရင်းစွဲယူဆထားကြရာ အရွှေ့တောင်အာရှအနေဖြင့် ကမ္ဘာ့အသိုက်အဝန်း၏ အခြားနေရာများကဲ့သို့ပင် ထိုယူဆချက်အပေါ် စိန်ခေါ်မှုများဖြင့် လက်ရှိတွင် ရင်ဆိုင်ကြုံတွေ့နေရသည်။ အထူးသဖြင့် အလွှာအသီးသီးရှိ ရှေးရိုးစွဲ အင်အားစုများ ဦးမော့လာခြင်းနှင့်အတူ ကဏ္ဍအချို့တွင် ဒီမိုကရေစီ နည်းလမ်း မကျ၊ လစ်ဘရယ် မကျသည့် ရည်မှန်းချက်များအပေါ် ပြတ်ပြတ်သားသား လိုက်စားလာမှုများ ပေါ်ပေါက် လာခဲ့ပြီး လူ့အဖွဲ့အစည်းကို ကွဲထွက်သွားစေသည်။ ထို့ကြောင့်ပင် နိုင်ငံ၏ ထိန်းချုပ်မှု များပြားလာပြီးလျှင် အရပ်ဘက်အဖွဲ့အစည်း၏ နေရာသည် ကျုံ့လာသည်။ ဤသို့ ပြောင်းလဲ လာသည့် ဆက်စပ် အခြေအနေတွင် အရပ်ဘက် အဖွဲ့အစည်းတို့၏ အခန်းကဏ္ဍကို ရှာဖွေရန် တွန်းအားပေးလာကြသည်။

သဘောတရားရေးရာ

အရပ်ဘက်အဖွဲ့အစည်းအတွက် နေရာ ကျုံ့လာခြင်း

ယခုနှစ်များအတွင်း အများဆုံးကြုံတွေ့ရသည့် တိုင်တန်းချက်ဖြစ်ပြီး ၎င်းတွင် ရုပ်ပိုင်းဆိုင်ရာ နေရာ (အများပြည်သူ အစည်းအဝေးပွဲများ သို့မဟုတ် ဆန္ဒထုတ်ဖော်ပွဲများ ကျင်းပလေ့ ရှိသည့် နေရာများ) သို့မဟုတ် စကားပြောဆိုရာနေရာများ (ဥပမာ - သတင်းမီဒီယာများ) ကို ရည်ညွှန်းခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ထိုသို့သော နေရာများသည် လျှင်လျှင်မြန်မြန် ကွယ်ပျောက်လာပြီဖြစ်သည်၊ သို့မဟုတ် နိုင်ငံ၏ ထိန်းချုပ်မှု သို့မဟုတ် ဥပဒေများဖြင့် ကန့်သတ်မှုများ တိုးပွါးလာသည်ဟု အတော်များများက ထုတ်ဖော်ပြောဆိုလာကြသည်။ ထို့ကြောင့်ပင် ယခုအခါ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေး၊ ငြိမ်းချမ်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာအရေးကဲ့သို့သော ကိစ္စရပ်များ၌ အစိုးရများအပေါ် အရေးဆိုရန်၊ တိုင်တန်းရန် သို့မဟုတ် ဆွေးနွေးရန်အတွက် ကိုယ်စားလှယ်ကင်းမဲ့ခြင်း ဖြစ်လာပေသည်။

ဤအခန်းတွင် နိုင်ငံနှင့် အရပ်ဘက်အဖွဲ့အစည်းကို တစ်ခုတည်းအဖြစ် ဆက်စပ်ယူလျက် ဒီမိုကရေစီဖြစ်ထွန်းပေါ်ပေါက်ခြင်း၊ လူ့အခွင့်အရေး ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းတို့တွင် အရပ်ဘက် အဖွဲ့အစည်း၏ အခန်းကဏ္ဍအပေါ် ဆွေးနွေးငြင်းခုံမှုအကြောင်း မိတ်ဆက်ထားသည်။ ပထမပိုင်းတွင် အရပ်ဘက်အဖွဲ့အစည်း၏ အဓိပ္ပါယ်ကို လစ်ဘရယ် သဘောတရားအပေါ် သီးခြား အခြေခံထားသည့်အမြင်ဖြင့် ဖော်ထုတ်တင်ပြထားသည်။ အရပ်ဘက်အဖွဲ့အစည်းအား နိုင်ငံ၏အာဏာနှင့် စျေးကွက်အင်အားစုများအား စောင့်ကြည့်ထိန်း ကျောင်းရန် ရည်ရွယ်ထားသော လွတ်လပ်သည့်အဝန်းအဝိုင်းတစ်ခုအဖြစ် ရှုမြင်ထားသည်။ အဆိုပါကဏ္ဍရှိ လူ့အခွင့်အရေး ဆောင်ရွက်မှုများအား ဆက်လက်ဆွေးနွေးထားသည်။ ထို့နောက် အရှေ့တောင်အာရှ၌ အရပ်ဘက်အဖွဲ့အစည်းတိုးတက်ဖြစ်ထွန်းလာပုံ၊ ဖော်ပြပါ လူ့အခွင့်အရေး လုပ်ငန်းများအပေါ် မည်သို့ ပံ့ပိုးကြောင်းတို့ကို ဆက်လက်ဖော်ပြထားသည်။ နောက်ဆုံးပိုင်းတွင် အရပ်ဘက်အဖွဲ့အစည်း၏ အခန်းကဏ္ဍ အကျဉ်းချုံး ဖော်ပြချက်နှင့် အရှေ့တောင်အာရှ နိုင်ငံများအသင်း ASEANရှိ ၎င်းတို့၏ အခန်းကဏ္ဍကို ဖော်ပြထားသည်။

၁၇.၁.၁ အရပ်ဘက်အဖွဲ့အစည်းကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း

အရပ်ဘက်အဖွဲ့အစည်းဟူသော ဝေါဟာရအား ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသော်လည်း ရှင်းလင်းသော အဓိပ္ပါယ်ဖွင့်ဆိုမှုမရှိနေဘဲ ငြင်းခုံဆဲ အယူအဆတစ်ခုဖြစ်နေသည်။ ယေဘုယျအားဖြင့် လစ်ဘရယ်နှင့် ကွန်မြူနီတားရီးယန်း ဟူသော အဓိက ရပ်တည်ချက်နှစ်ခုဖြင့် လေ့လာကြသည်။ လစ်ဘရယ်ရှုထောင့်မှ ရှုမြင်သည်မှာ အရပ်ဘက်အဖွဲ့အစည်းသည် နိုင်ငံနှင့် စျေးကွက်နှစ်ရပ်လုံးမှ အမှီအခိုကင်းသော အဝန်းအဝိုင်းတစ်ခုဖြစ်ပြီး ၎င်းတို့ နှစ်ခုလုံး၏ ပါဝါကို ထိန်းကျောင်းပေးကာ တက်တက်ကြွကြွ စောင့်ကြည့်လေ့လာမှုများ ဆောင်ရွက်သည့် အဓိကကျသူများ ဖြစ်ကြသည်။ အခြားတစ်ဖက်တွင်မူ ကွန်မြူနီတားရီးယန်း ချဉ်းကပ်နည်းက လူယဉ်ကျေးတို့၏ တန်ဖိုးများ၊ စံနှုန်းများ၊ လူမှု သဟဇာတဖြစ်မှုနှင့် တက်ကြွလှုပ်ရှား နိုင်ငံသားတို့၏ ပါဝင်ဆောင်ရွက်မှုကို ဦးတည်ထားသည်။ အရပ်ဘက် အဖွဲ့အစည်းသည် ဒီမိုကရေစီ၏ ပင်မ အခရာဖြစ်သည်ဟု လစ်ဘရယ်နှင့် ကွန်မြူနီတားရီးယန်း နှစ်ရပ်လုံးက ယုံကြည်ကြသည်။ ထို အမြင်နှစ်ရပ်လုံးသည် စစ်အေးတိုက်ပွဲပြီးဆုံးသော ၁၉၉၀ ခုနှစ်များမှစတင်ကာ အရှိန်အဟုန် ရရှိလာပြီး ပညာရပ်ဆိုင်ရာ စိတ်ဝင်စားမှုများ တိုးပွါးလာခြင်း ဖြစ်လာစေခဲ့သည်။ အရပ်ဘက် အဖွဲ့အစည်းများ၏ အရေအတွက်နှင့် တက်ကြွလှုပ်ရှားမှုများလည်း ကမ္ဘာတစ်လွှားတွင် မြင့်တက်လာခဲ့သည်။

လစ်ဘရယ်သဘောတရားအရ အရပ်ဘက်အဖွဲ့အစည်း

၁၇ ရာစုနှင့် ၁၈ ရာစုနှစ်များအတွင်း အရပ်ဘက်အဖွဲ့အစည်းကို လစ်ဘရယ်နည်းဖြင့် ချဉ်းကပ်ရာ၌ ဥရောပ ညာဏ်အလင်းခေတ်၏ လစ်ဘရယ်အတွေးအခေါ်အပေါ်တွင် အခြေခံခဲ့သည်။ နိုင်ငံများသည် လူပုဂ္ဂိုလ်များ၏ ပုဂ္ဂလိက ဘဝများတွင် ဝင်ရောက်မစွက်ဖက်သင့် ကြောင်း

လစ်ဘရယ်အတွေးအခေါ်ဥရောပလူမျိုးတို့၏ ညာဏ်အလင်းခေတ်ရှိ အတွေးအခေါ် ဂိုဏ်းတစ်ခုဖြစ်သည်။ John Locke နှင့် Jean Jacques Rousseau တို့ကဲ့သို့သော ကျော်ကြားသည့် လစ်ဘရယ် အတွေးအခေါ်ပညာရှင်များက ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ အစိုးရ၏ ပါဝါကန့်သတ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထောက်ခံခဲ့ကြသည်။ ၎င်းတို့၏ လွှမ်းမိုးမှုကြောင့် ဥရောပနှင့် မြောက်အမေရိကတလွှားတွင် ပထမဆုံးသော အခွင့်အရေး အခြေပြုဖွဲ့စည်းပုံအခြေခံဥပဒေများကို စတင်မိတ်ဆက်နိုင်ခဲ့သည်။

ဤရှုထောင့်က အခိုင်အမာဆိုထားသည်။ ထို့ကြောင့် အရပ်ဘက်အဖွဲ့အစည်းသည် မိမိ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို ကျင့်သုံးကာ နိုင်ငံ၊ မိသားစုနှင့် စျေးကွက်များ အကြားရှိ အဝန်းအဝိုင်းတွင် လည်ပတ်ဆောင်ရွက်သင့်သည်။ သို့မှသာ နိုင်ငံ၏ ပါဝါကို တဖန် ပြန်လည်ထိန်းကျောင်းနိုင်ပြီး နိုင်ငံ၏ မူဝါဒများကို လွှမ်းမိုးနိုင်မည် ဖြစ်သည်။ အကျိုးစီးပွါး အခြေပြုအဖွဲ့များနှင့် ပုဂ္ဂလိက ကဏ္ဍရှိ အဖွဲ့အစည်းများက ၎င်းတို့၏ အကျိုးအမြတ် ရရှိရေး ဆိုင်ရာ အစီအစဉ်များထားရှိကြသော်လည်း အရပ်ဘက်အဖွဲ့အစည်းကမူ အများပြည်သူ အရေးအတွက် စုပေါင်းဆောင်ရွက်မှုဖြင့် အကျိုးအမြတ်မယူ စေတနာရင်းခံ လုပ်ဆောင်ကြ သည်။ ထို့ပြင် နိုင်ငံရေးအဖွဲ့အစည်းများနှင့် မတူသည့်အချက်မှာ အရပ်ဘက်အဖွဲ့အစည်း သည် နိုင်ငံ၏ပါဝါကို ဆုပ်ကိုင်ရန် မရည်ရွယ်ခြင်း ဖြစ်သည်။

အရပ်ဘက်အဖွဲ့အစည်းသည် နိုင်ငံနှင့်/သို့မဟုတ် စျေးကွက်အင်အားစုများ၏ ပါဝါကို တဖန် ပြန်လည်ထိန်းကျောင်းရန်ဟူသော အဓိကကျသည့်ကဏ္ဍဖြင့် ဒီမိုကရေစီစနစ်များတွင် အရေးပါသော ဆောင်ရွက်သူများဖြစ်ကြောင်း ဤရှုထောင့်က ပြန်လည်အမှတ်ရစေသည်။ အရပ်ဘက်အဖွဲ့အစည်းများ (CSOs) တွင် ဥပမာအားဖြင့် ကုန်သွယ်ရေးသမဂ္ဂများ၊ တောင်သူ လယ်သမားအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ လူမှုရေး လှုပ် ရှားမှုများ၊ ရပ်ရွာအခြေပြုအဖွဲ့များနှင့် ဘာသာရေးအသင်းအဖွဲ့များ ပါဝင်ကြသည်။ အရပ် ဘက်အဖွဲ့အစည်းများသည် တရားဥပဒေဘောင်အတွင်း အကြမ်းမဖက်သော နည်းလမ်းများ ဖြင့် ဆောင်ရွက်ကြသည်ဖြစ်ရာ အကြမ်းဖက်အဖွဲ့အစည်းများ၊ လက်နက်ကိုင် အဖွဲ့အစည်း များ သို့မဟုတ် အစွန်းရောက်များကဲ့သို့ အဖွဲ့အစည်းများအား ၎င်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ထဲမှ ဖယ်ထုတ်ထားလေ့ရှိသည်။ အစိုးရ၏ ပါဝါကို တဖန်ပြန်ထိန်းကျောင်းရန်ဖြစ်သောကြောင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရအကြား ဆက်ဆံရေးသည် ရန်လိုသော အနေအထား ဖြစ်သည်ဟု မကြာခဏ ထင်မြင်လေ့ရှိကြသည်။ အမှန်၌ အရပ်ဘက်အဖွဲ့အစည်းသည် ၎င်း၏ လွတ်လပ်ခွင့်ကို ကျင့်သုံးလျက် တက်ကြွလှုပ်ရှားမှု ရေချိန်ကို အသုံးပြုကာ နိုင်ငံ၏ ဒီမိုကရေစီစနစ်ကို ခိုင်မာအားကောင်းစေရန် ညွှန်ပြပေးခြင်း ဖြစ်သည်။ ထိုသို့သော ရန်လို သည့်ဆက်ဆံရေးမျိုး အမြဲတစေရှိနေသည် မဟုတ်ပေ။ အချို့သော ဥပမာများတွင် ((ဥပမာ - အရပ်ဘက်အဖွဲ့အစည်းများက ကျေးလက်ဒေသများတွင် ဝန်ဆောင်မှုများ ဆောင်ရွက်ကြသော အခါ) သို့မဟုတ် ပိုမိုတရားဝင်သော လမ်းကြောင်းများဖြင့် စေ့စပ်ဆောင်ရွက်ကြသောအခါ (ဥပမာ - နိုင်ငံက တာဝန်ခံသူအဖြစ် ဆောင်ရွက်သည့် လူ့အခွင့်အရေး နယ်ပယ်တွင် အရပ်ဘက် အဖွဲ့အစည်း၏ အကူအညီကို လိုအပ်ကောင်း လိုအပ်သောအခါ၊ သို့မဟုတ် အစိုးရက မူဝါဒရေးဆွဲ ရာတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ ထည့်သွင်း အကြံပြုချက်များ လိုအပ်သောအခါ)) အရပ်ဘက်အဖွဲ့အစည်းနှင့် နိုင်ငံအကြား ပူးပေါင်း ဆောင်ရွက်ခြင်းက အကျိုးရလာဒ်များ ပေါ်ထွန်းစေနိုင်သည်။ ဤနေရာ၌ အရပ်ဘက်အဖွဲ့အစည်းသည် ဒီမိုကရေစီ စနစ်များတွင် လုပ်ငန်းဆောင်ရွက်သည်သာမက ဖိနှိပ်သော အစိုးရစနစ်များတွင်လည်း ထိုသို့သော ဆောင်ရွက် မှုများ ရှိသည်ကို မှတ်သားထားပါက အသုံးဝင်ပါလိမ့်မည်။

သဘောတရားရေးရာ

NGO နှင့် CSO တူညီပါသလား?

တစ်ခါတစ်ရံတွင် NGO ဟူသော ဝေါဟာရကို ၎င်း၏ ဘက်တူ CSO ဟူသော ဝေါဟာရဖြင့် ဖလှယ်သုံးနှုန်းကြသည်။ သို့သော် ဤအဖွဲ့အစည်းနှစ်မျိုးကြားတွင် အနည်းငယ်ကွဲပြားမှုများရှိသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းသည် အစိုးရ၏ ရေးရာကိစ္စရပ်များအပေါ် လုပ်ဆောင်ကြသော်လည်း အစိုးရပြင်ပတွင်ရှိသည့် အဖွဲ့အစည်းမျိုးကို ရည်ညွှန်းလေ့ရှိကြသည်။ ထို့ကြောင့် ၎င်းတို့သည် 'အစိုးရမဟုတ်သော' သီးခြားရှိသည့် အဖွဲ့အစည်းဖြစ်သည်။ များသောအားဖြင့် လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်ရေးရာ၊ ကျန်းမာရေး၊ ပညာရေး စသည်ဖြင့် ကိစ္စရပ်များအပေါ် အလေးထားကြသည်။ တစ်ဖက်တွင်လည်း အရပ်ဘက် အဖွဲ့အစည်းသည် လူမှုအကျိုးစီးပွါးကိစ္စရပ်တစ်ခုခုအပေါ် စိတ်ပါဝင်စားသော သို့မဟုတ် အလေးထားသော လူတစ်စုဖြင့် ဖွဲ့စည်းထားလေ့ရှိပြီး အိမ်နီးနားချင်းအဖွဲ့များ သို့မဟုတ် စားသုံးသူရေးရာအဖွဲ့အစည်းများ ပါဝင်နိုင်သည်။ ၎င်းတို့သည်လည်း နိုင်ငံထံမှ အမှီအခိုကင်း သော အဖွဲ့အစည်းများဖြစ်ကြသည်။

ကွန်မြူနီတားရီးယန်းသဘောတရားအရ အရပ်ဘက်အဖွဲ့အစည်း

ကွန်မြူနီတားရီးယန်း

လူ့အသိုက်အဝန်းသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ဝိသေသလက္ခဏာနှင့် လူမှုပေါင်းသင်းဆက်ဆံရေးများ၏ ပင်မအရင်းအမြစ်ဖြစ်သည်ဟူသော အယူအဆဖြစ်သည်။ အသိုက်အဝန်းများတွင် အိမ်နီးနားချင်း သို့မဟုတ် တိုက်ရိုက် ပြောဆိုဆက်သွယ်သူများ ပါဝင်သည်။

ပြည်သူ့ကောင်းကျိုးဆောင်မှု

လူမှုအသိုက်အဝန်း၏ ကောင်းကျိုးအတွက် ထိုအသိုင်းအဝိုင်းရှိ လူများ၏ ဆောင်ရွက်မှုများဖြစ်သည်။ ဥပမာ - (စည်းကမ်းမဲ့) အမှိုက်မပစ်ခြင်း၊ သို့မဟုတ် ယဉ်ကျေးခြင်းတို့ကို ပြည်သူ့ကောင်းကျိုးဆောင်မှုအဖြစ် စဉ်းစားနိုင်သည်။

အရပ်ဘက်အဖွဲ့အစည်းအပေါ်ထားရှိသည့် လစ်ဘရယ်အမြင်သည် တစ်သီးပုဂ္ဂလဝါဒကို အလေးသာနေပြီး လူ့အသိုက်အဝန်း၏ စစ်မှန်သောအခြေခံတန်ဖိုးများကို အလေးမထား လစ်လျူရှုထားသကဲ့သို့ ဖြစ်စေသည်ဟု ကွန်မြူနီတားရီးယန်းရှုထောင့်က သုံးသပ်သည်။ ထို့ကြောင့် ဤရှုထောင့်သည် နိုင်ငံနှင့် ပုဂ္ဂလိက ကဏ္ဍများအကြားရှိ လွတ်လပ်သော အဝန်းအဝိုင်း သို့မဟုတ် ပေါင်းကူးဆက်နွယ်မှုများအပေါ် အလေးပေးမှု လျော့ချထားပြီး အစုအဖွဲ့များအတွင်းရှိ လုပ်ငန်းသဘာဝများကို ပိုမိုအလေးထား ဖော်ပြသည်။ တနည်းအားဖြင့် နိုင်ငံ၏ ဖိအားပေးအကြပ်ကိုင်မှု၊ အာဏာရှင်နည်းဖြင့် အုပ်ချုပ်မှု နှင့် အကြမ်းဖက်မှုများထက် ပြည်သူ့ကောင်းကျိုးဆောင်မှု (နိုင်ငံကြီးသားဝီသမှု၊ သဘောထားကြီးမှု၊ လူမှုရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုနှင့် စေတနာရင်းခံမှုကဲ့သို့သော တန်ဖိုးများပါဝင်လျက်) ကို အလေးထား ဖော်ညွှန်းပေသည်။ ထို့ကြောင့် ကွန်မြူနီတားရီးယန်း ချဉ်းကပ်မှုသည် ဥပမာအားဖြင့် လူမှုရေးအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များ သို့မဟုတ် ဘာသာရေးအခြေပြုအဖွဲ့များ ပါဝင်သော အရပ်ဘက်အဖွဲ့အစည်းများကို လွှမ်းခြုံသတ်မှတ်ထား ခြင်းဖြစ်သည်။ နိုင်ငံ၏ ပါဝါ သို့မဟုတ် စီးပွါးရေးကဏ္ဍများအပေါ် စစ်မေးခြင်း သို့မဟုတ် ပြန်လှန်မေးခွန်းထုတ်ခြင်းများအား သေချာပေါက် လုပ်ဆောင်ရန်မလိုအပ်ဘဲ ရပ်ရွာအကျိုးအတွက် ဆွေးနွေးခြင်း၊ တိုင်ပင်ခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်းတို့တွင်သာ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခြင်းကို အလေးပေးသည်။

ပြည်သူ့ရေးရာမူဝါဒများ သို့မဟုတ် လူမှုရေးကိစ္စရပ်များအကြောင်း စေ့စပ်သေချာစွာ ဆွေးနွေးခြင်းဖြင့် ပြည်သူများ နိုင်ငံရေးတွင် တက်တက်ကြွကြွ ပါဝင်လာနိုင်သည့် ပြည်သူ့ အလေ့အထတစ်ရပ်ကို အရပ်ဘက် အဖွဲ့အစည်းက ဖန်တီးပေးသည်။ ၎င်းသည် အများပြည်သူ စေ့စပ်ညှိနှိုင်းနိုင်သော အဝန်းအဝိုင်းတစ်ခုလည်း ဖြစ်သည်။ လူမှုအရင်းအနှီး သဘောတရားသည် ကွန်မြူနီ

တားရီးယန်း ချဉ်းကပ်မှုနှင့် တွေးဆချက်တူညီမှုရှိပြီး ဒီမိုကရေစီ ဖွံ့ဖြိုးမှု အတွက် အများပြည်သူ စေ့စပ် ညှိနှိုင်းနိုင်သော အဝန်းအဝိုင်းတစ်ခုသည် အလွန်အရေးပါသော အရင်းအနှီးတစ်ခု ဖြစ်သည်ဟု ရှုမြင်ထားသည်။ ရောဘတ် ပါ့တ်နမ် (Robert Putnam) ၏ အဆိုအရ လူမှု အရင်းအနှီးတွင် ကွန်ယက်များ၊ စံနှုန်းများနှင့် ယုံကြည်မှုများ ပါဝင်သည်။ ၎င်းတို့သည် ဒီမိုကရေစီ အတွက် အရေးကြီးအုတ်မြစ်တစ်ခုဖြစ်သည့် ပြည်သူ့ အလေ့အထကို အားကောင်းစေရန် ကူညီပေးသော အရင်းအမြစ်များ ဖြစ်ကြသည်။ ပါ့တ်နမ် (Putnam) က ရင်ဘတ်ချင်းတူအဖွဲ့များ၊ မိတ်ဖက်ကွန်ယက်များ၊ အားကစား ကလပ်များ စသည်တို့ကို ချိတ်ဆက်မှုကွန်ယက်များဖြင့် ဖွဲ့စည်းလာနိုင်သည်ဟု ဆိုထားသည်။ ထိုကွန်ယက်များမှ တဆင့် ယုံကြည်မှုနှင့် အပြန်အလှန် သဘောတရားများ၏ တန်ဖိုးများကို တည်ဆောက် သွားနိုင်ပြီး နှစ်ဦးနှစ်ဘက်အကျိုးများသော စုပေါင်းလုပ်ငန်းများတွင် နိုင်ငံသားများ ပါဝင်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ ဤသို့သော ပြည်သူ့အလေ့အထသည် ဒီမိုကရေစီ အတွက် အုတ်မြစ်ကောင်း ဖြစ်ပေါ်စေသည်ဟု အချို့က ဆိုကြလေသည်။

မှတ်သားဖွယ်ရာ

ရောဘတ် ပါ့တ်နမ်နှင့် လူမှုအရင်းအနှီး

ရောဘတ် ပါ့တ်နမ်သည် အမေရိကန် နိုင်ငံရေးသိပ္ပံ ပညာရှင်တစ်ဦးဖြစ်ပြီး ၎င်းတွေ့ရှိခဲ့သည့် လူမှုအရင်းအနှီးနှင့် ပတ်သက်ပြီး ကျော်ကြားသူဖြစ်သည်။ အရင်းအနှီးဆိုသည်မှာ ချမ်းသာကြွယ်ဝမှု သို့မဟုတ် အခြေခံအရင်းအမြစ်ပုံစံတစ်မျိုးဖြစ်ပြီး လူမှုအရင်းအနှီးဆိုသည်မှာ ကွန်ယက်များ၊ ဆက်ဆံရေးတည်ဆောက်မှုများ၊ မျှဝေ တန်ဖိုးများ၊ ပညရေးနှင့် ကူးလူးဆက်ဆံရေး ကဲ့သို့သော လူ့အသိုက်အဝန်းအတွင်းရှိ လူပုဂ္ဂိုလ်များအတွက် အဖိုးတန်သော ရင်းမြစ်များကို ရည်ညွှန်းသည်။ ဥပမာ - ပါ့တ်နမ်၏ ကျော်ကြားသော စာအုပ် ဖြစ်သည့် ‘တစ်ဦးတည်း ဘိုးလင်းကစားခြင်း - အမေရိကန်အသိုက်အဝန်း၏ ပြိုလဲမှုနှင့် ပြန်လည်သက်ဝင်လာခြင်း’ ၌ ၎င်းက အမေရိကန်ပြည်ထောင်စုတွင် ယခုဆယ်စုနှစ်များ အတွင်း ဆယ်ခုထောင် ဘိုးလင်း ကစားနည်း ကစားသည့် လူပုဂ္ဂိုလ်တစ်ဦးချင်းအရေအတွက် မှာ တိုးပွါးလာသော်လည်း ဘိုးလင်းလိဂ်များအရေအတွက် (သို့မဟုတ် အခြားလိဂ်များနှင့် ယှဉ်ပြိုင်ကစားသော အသင်းအဖွဲ့များ) ကျဆင်းသွားကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် လူအများစုသည် ဘိုးလင်းကို တစ်ဦးတစ်ယောက်ချင်း ကစားလာကြသည်၊ ဆိုလိုသည်မှာ အမေရိကန်ပြည်ထောင်စုတွင် လူမှုအရင်းအနှီး ကျဆင်းနေကြောင်း ဖော်ပြခြင်းပင်ဖြစ်သည်။

လူမှုအရင်းအနှီးသည် အရပ်ဘက်အဖွဲ့အစည်းတွင် အရေးပါသည်၊ အဘယ်ကြောင့်ဆိုသော် လူမှုအရင်းအနှီး မြင့်မားသည့် အသိုက်အဝန်းများသည် ပိုမိုလုံခြုံ ပျော်ရွှင်စေနိုင်သည်။ ထို့ကြောင့် ကွန်ယက်များစွာ ရှိလေလေ၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ချင်းစီ၏ ထားရှိသော ယုံကြည်မှုများ

ကြီးထွားလာလေ ဖြစ်ပြီး ပြည်သူ့ကောင်းကျိုးဆောင်မှု (ဥပမာ - ပတ်ဝန်းကျင် ကို သန့်ရှင်းအောင် ထိန်းသိမ်းထားမှု)ကို လက်တွေ့ကျင့်သုံးလာသည့် စံနှုန်းများ ပိုမို ကျယ်ပြန့်လာနိုင်ပါသည်။

အရပ်ဘက်အဖွဲ့အစည်းသည် နိုင်ငံထံမှ သီးခြားရပ်တည်ထားသော စေတနာရင်းခံသော (ပြဋ္ဌာန်းချက်အရ မဖြစ်မနေဆောင်ရွက်ရသည် မဟုတ်သော) အဖွဲ့အစည်းများ၏ အဝန်းအဝိုင်း ဖြစ်သည်ဟု လစ်ဘရယ်နှင့် ကွန်မြူနီတားရီးယန်းနှစ်ရပ်လုံးက ထပ်တူရှုမြင်ကြသည်။ သို့သော် ၎င်းတို့၏ ရှုမြင်ချက်များအကြား အမှီအခိုကင်းလွတ်သည့် ရေချိန် မတူကြပေ။ ကွန်မြူနီတားရီးယန်းက လူမှုရေးကိစ္စရပ်များကို ဖြေရှင်းရန် အရပ်ဘက်အဖွဲ့အစည်းနှင့် အစိုးရအကြား မိတ်ဖက် တည်ဆောက်ခြင်း၏ အသုံးဝင်မှု အလားအလာကို အသိအမှတ်ပြုထားသည်။ ထို့ကြောင့်ပင် အရပ်ဘက်အဖွဲ့အစည်းရှိ လူများသည် ဘုံအကျိုးစီးပွါး သို့မဟုတ် ဘုံတန်ဖိုးများကို ရှေးရှုလျက် သင်းပင်းဖွဲ့ စုပေါင်းဆောင်ရွက်ကြသည်။ ဤအချက်သည် အခြားသော စုပေါင်းဆောင်ရွက်မှု သဘောတရားများ (ဥပမာ - စုစည်းဆောင်ရွက်မှုများဖြင့် စည်းရုံးဆော်သြစုဖွဲ့ထားသော လူမှုလှုပ်ရှားမှုများ(social movements)၊ သို့မဟုတ် နိုင်ငံ၏ ပါဝါကို သိမ်းယူရန် ရည်ရွယ်သော တော်လှန်ရေးလှုပ်ရှားမှုများ) နှင့် ကွဲပြားခြားနားသည်။ လစ်ဘရယ်နှင့် ကွန်မြူနီတားရီးယန်း ချဉ်းကပ်မှုနှစ်ရပ်လုံးသည် အရပ်ဘက်အဖွဲ့အစည်းကို ဒီမိုကရေစီစနစ်၌ သိသာထင်ရှားသော အခန်းကဏ္ဍအဖြစ် ထည့်သွင်းထားကြပြီး နိုင်ငံ၏ တာဝန်ခံမှုရှိခြင်းအား မြှင့်တင်ပေးသူများ သို့မဟုတ် ပြည်သူ့ရေးရာ မူဝါဒတွင် နိုင်ငံသားများ ပါဝင်မှုနှင့် အများပြည်သူ စေ့စပ် ညှိနှိုင်းမှုမှတဆင့် ပြည်သူ့အလေ့အထကို ဖန်တီးပေးသော အဝန်းအဝိုင်းတစ်ခုအဖြစ် သတ်မှတ်ကြသည်။ နိုင်ငံ၏ မလျော်ညြဴအသုံးပြုမှုများကို လျော့ချကာ လူ့အခွင့်အရေး မြှင့်တင်ရန် CSOs များက ကူညီပေးကြပြီး အများပြည်သူ စေ့စပ်ညှိနှိုင်းရန်အတွက် ပြည်သူများ၏ အခွင့်အရေးများ အကြောင်း အသိပညာပေး မြှင့်တင် ဆောင်ရွက်ကြသည်။

၁၇.၁.၂ အရပ်ဘက်အဖွဲ့အစည်း အမျိုးအစားများ

ဤအခန်းတွင် အရပ်ဘက်အဖွဲ့အစည်းအား ပြည်သူ့ရေးရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် စေတနာအလျောက် အကျိုးအမြတ်မယူသော အဖွဲ့အစည်းများအဖြစ် ကျယ်ပြန့်စွာ အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ ထိုကဲ့သို့ပင် အရပ်ဘက်အဖွဲ့အစည်းများကို အများအကျိုးပြု ဆောင်ရွက်သည့် အဖွဲ့အစည်းများမှသည် နိုင်ငံရေး လှုပ်ရှားမှုများအထိ အမျိုးမျိုးသော စေတနာအလျောက် ဖွဲ့စည်းထားသော အဖွဲ့အစည်းများအဖြစ် မကြာခဏ မြင်တွေ့နိုင်သည်။ အတွေ့ရအများဆုံး သောပုံစံမှာ အကျိုးအမြတ်မယူသော အဖွဲ့အစည်းများ သို့မဟုတ် NGO များ ဖြစ်ကြသည်။ အခြားသော အဖွဲ့အစည်းပုံစံများအနေဖြင့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ (CBOs)၊ ကုန်သွယ်ရေး သမဂ္ဂများ၊ လူ့အခွင့်အရေး စည်းရုံးအရေးဆိုသည့် အဖွဲ့များ၊ မီဒီယာ၊ စေတနာရင်းခံ အဖွဲ့များ၊ အချို့သော စီးပွါးရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ပရဟိတအသင်းများ၊ လူ့အခွင့်အရေး အဖွဲ့အစည်းများ၊ အများအကျိုးပြု ဆောင်ရွက်သည့် အဖွဲ့များနှင့် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ ပါဝင်ကြသည်။ ခရစ်ယာန်အသင်းတော်များနှင့် ဘာသာရေး အသင်းအဖွဲ့များကို CSO များအဖြစ် ရှုမြင်

အများအကျိုးပြု ဆောင်ရွက် သည့် အဖွဲ့အစည်းများ

ပရဟိတနှင့် အခြားသော ကိစ္စရပ်အကြောင်းခြင်း ရာများအတွက် ရုံပုံငွေ မြှင့်တင်သော အဖွဲ့အစည်းဖြစ်သည်။

လူမှုလှုပ်ရှားမှုများ

သီးခြားကိစ္စရပ်များတွင် နိုင်ငံနှင့် ဧေ့စပ် ဆောင်ရွက်ရန် ပုံဖော်ထားသော စုပေါင်း ဆောင်ရွက်မှုများ (ဆန္ဒထုတ်ဖော်ပွဲများ၊ စည်းဝေးပွဲများ၊ အွန်လိုင်း ဆောင်ရွက်ချက်များ) ဖြစ်ကြသည်။ လူမှုလှုပ်ရှားမှုများသည် နိုင်ငံ့ပါဝါကို တွန်းလှန်၊ စိန်ခေါ်ကြသော် လည်း ၎င်းတို့သည် အဖွဲ့အစည်းများ သို့မဟုတ် အသင်းအဖွဲ့များ မဟုတ်ကြဘဲ လူအုပ်စုအဖွဲ့များမျှသာ ဖြစ်သည်၊ ဥပမာ - အွန်လိုင်းတွင် ဟတ်ရှ်တက်များ အသုံးပြုပြီး အစိုးရ၏ အကျင့်ပျက်ချစားမှုကို ဆန္ဒပြခြင်း။

လေ့ မရှိကြသော်လည်း ပြည်သူများအတွက် ဝန်ဆောင်မှုပေးသည့် အဖွဲ့များ သို့မဟုတ် အချို့သော ကိစ္စရပ်များအတွက် လှုပ်ရှား ဆောင်ရွက်ကြသော ယုံကြည်ချက်အခြေပြုအဖွဲ့များအား အရပ်ဘက်အဖွဲ့အစည်းအဖြစ် ထည့်သွင်းထားသည်။ ထို့အပြင် အရပ်ဘက်အဖွဲ့အစည်းများသည် ၎င်းတို့နှင့် သက်ဆိုင်သည့် လူမှုလှုပ်ရှားမှုများတွင် အဖွဲ့ဝင်များ ဖြစ်နိုင်သော်လည်း တရားဝင် အဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံရေးအဖွဲ့များ ဆောင်ရွက်သည့် လမ်းကြောင်းပြင်ပမှ လည်ပတ်လုပ်ကိုင်ကြသည်များလည်း ရှိသည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ လုပ်ငန်းကို တရားဝင် ပုံစံများတွင်လည်းကောင်း၊ သို့မဟုတ် နိုင်ငံနှင့် အပြန်အလှန်ဆက်ဆံရေးပုံစံများတွင်လည်းကောင်း ထည့်သွင်းပေါင်းစပ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့သော ထိတွေ့ဆက်ဆံမှု ပုံစံများသည် မူဝါဒရေးဆွဲရေးတွင် အများပြည်သူပါဝင်နိုင်ရေးအတွက် အချက်တစ်ရပ်အဖြစ် ပါဝင်ခြင်းကြောင့် ဖြစ်သည်။

နိုင်ငံမဟုတ်သော ပါဝင်ဆောင်ရွက်သူအားလုံးကို အရပ်ဘက်အဖွဲ့အစည်းအဖြစ် မမှတ်ယူသင့်ပေ၊ အရပ်ဘက်အဖွဲ့အစည်းအားလုံးသည်လည်း နိုင်ငံ သို့မဟုတ် ပုဂ္ဂလိက ကဏ္ဍများ ထံမှ အမှီအခို ကင်းလွတ်နေသူများ မဟုတ်ကြပေ။ အမှန်စင်စစ် တစ်ခါတစ်ရံတွင် ၎င်းတို့၌ ထပ်တူကျသော ရည်ရွယ်ချက်များရှိကြသည်။ အထူးသဖြင့် အကျိုးအမြတ်ရှိနိုင်သည့် လုပ်ငန်းများတွင် အစိုးရက ဝင်ရောက်ရင်းနှီး မြုပ်နှံသောအခါ အစိုးရနှင့် စီးပွါးရေးကဏ္ဍ အကြားရှိ ကန့်သတ်မျဉ်းသည် မှေးမှိန် ဝေဝါးသွားသည်။ အစိုးရတစ်ရပ်သည် အကျိုးအမြတ် ရယူရန် ပုဂ္ဂလိကပြုလျက် စီးပွါးရေးလုပ်ငန်းများဆောင်ရွက်သောအခါ နိုင်ငံ၏ ထိန်းချုပ်မှု တစ်စိတ်တစ်ဒေသရှိသော်ငြား ယင်းအစိုးရသည် စီးပွါးရေးလုပ်ငန်းတစ်ခုကဲ့သို့ ပြုမူလုပ် ဆောင်ပေသည်၊ ဥပမာ - ပုဂ္ဂလိက ပြုထားသော ပညာရေး အဖွဲ့အစည်းများ၊ ဆေးရုံများ သို့မဟုတ် လျှပ်စစ်ဓာတ်အားပေးကုမ္ပဏီများ ဖြစ်ကြသည်။ ဤသို့သော အဖွဲ့အစည်းများသည် အစိုးရတစ်ရပ်၏ ဝန်ဆောင်မှုများ ထမ်းဆောင်နေစဉ်အတွင်း အခြေခံလိုအပ်ချက်များအား ထောက်ပံ့ပေးခြင်းဖြင့် ၎င်းတို့၏ စီးပွါးရေးဆိုင်ရာ အကျိုးအမြတ်များ ရေရှည်တည်တံ့ ခိုင်မြဲနိုင်ရေးကို ပြုလုပ်ကြသည်။ တစ်ခါတစ်ရံတွင် စီးပွါးရေးလုပ်ငန်းများက အစိုးရကိုယ်စား ဆောင်ရွက်သည်များလည်း ရှိသည်၊ ဥပမာ - စီးပွါးရေးလုပ်ငန်းများ လည်ပတ်လုပ်ကိုင်ရန် နိုင်ငံ၏ ခွင့်ပြုလိုက်လျောမှုများ ရရှိသည့်အခါတွင် ထိုသို့ ဖြစ်နိုင်သည်။ စီးပွါးရေးလုပ်ငန်းများသည် အများအကျိုးပြု ပရဟိတလမ်းကြောင်းများမှသော်လည်းကောင်း၊ လူမှုတာဝန် သိတတ်မှုဖြင့် ဆောင်ရွက်သည့် လှုပ်ရှားဆောင်ရွက်မှုများတွင် (ဤစာအုပ်၏ အခန်း ၁၃ ကို ကြည့်ပါ) ပါဝင်ဆောင်ရွက်ခြင်းဖြင့်သော်လည်းကောင်း အရပ်ဘက်အဖွဲ့အစည်းများ၏ လှုပ်ရှားဆောင်ရွက်မှုများတွင်လည်း ပါဝင်လုပ်ဆောင်လာကြသည်။ သို့ရာတွင် အများအကျိုးပြု ပရဟိတလုပ်ငန်းများက စီးပွါးရေးလုပ်ငန်းများအား မြှင့်တင်ပေးသောအခါ 'အကျိုးအမြတ် မယူခြင်း' ဟူသည့်အချက်သည် မေးခွန်းထုတ်ဖွယ် ဖြစ်လာခဲ့သည်။ ထိုနည်းတူစွာအချို့သောအရပ်ဘက် အဖွဲ့အစည်း၏လုပ်ငန်းများဖြစ်ကြသော အသေးစား ချေးငွေလုပ်ငန်းများ၊ ကုန်ပစ္စည်း ရောင်းချခြင်းများ၊ သို့မဟုတ် ရံပုံငွေ မြှင့်တင်ခြင်းများသည်လည်း ပုဂ္ဂလိကလုပ်ငန်း ဆောင်ရွက်မှုများနှင့် ဆင်တူလျက် ရှိသည်။

GONGOS

နိုင်ငံ၏ ရည်ရွယ်ချက်များ၊ ဦးတည်ချက်များနှင့် ပေါင်းစည်းချိန်ညှိလျက် လုပ်ငန်းဆောင်ရွက်မှုများကို လုပ်ဆောင်ကြရန် နိုင်ငံ၏ ခိုင်မာသော ပံ့ပိုးမှုဖြင့် အစတည်ထား သော အဖွဲ့အစည်းများ ဖြစ်ကြသည်။ GONGO များသည် အကြံပေးအဖွဲ့များ (အစိုးရ၏ မူဝါဒများကို ပံ့ပိုးရန် သုတေသနများ ပြုလုပ်ခြင်း)၊ အစီအစဉ်များ၊ လူသားချင်း စာနာထောက်ထားသည့် အဖွဲ့အစည်းများ (အစိုးရ၏ ငွေကြေးထောက်ပံ့မှုပေါ် တည်မှီနေခြင်း)၊ သို့မဟုတ် အလုပ်သမား အဖွဲ့အစည်းများ (အလုပ်သမားအခွင့်အရေး ဆိုင်ရာ အစိုးရမူဝါဒများကို ပံ့ပိုးပေးခြင်း) ဖြစ်နိုင်ပါသည်။

၁၇.၁.၃ အရပ်ဘက်အဖွဲ့အစည်းများကြုံတွေ့ရလေ့ရှိသည့် စိန်ခေါ်ချက်များ

ဒီမိုကရေစီ အနှစ်သာရဖြစ်သော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ကို ကန့်သတ်ခံထားရသည့် အချို့သော နိုင်ငံများ၊ အထူးသဖြင့် အရှေ့တောင်အာရှ နိုင်ငံများတွင် ဝန်ဆောင်မှုများ ဆောင်ရွက်ရန်သော်လည်းကောင်း၊ အစိုးရ၏ ထိန်းချုပ်မှုအောက် တွင် မူဝါဒဆိုင်ရာအကြံပြုချက်များ ပံ့ပိုးမှုကို ရှာဖွေရန်သော်လည်းကောင်း၊ နိုင်ငံများက ၎င်းတို့ကိုယ်ပိုင် CSO များ၊ သို့မဟုတ် NGO များကို ဖွဲ့စည်းထားလေ့ရှိကြသည်။ တစ်ခါတစ်ရံ တွင် ၎င်းတို့ကို GONGOs (အစိုးရက ဖွဲ့စည်းထားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများ) ဟု သိကြပြီး ထိုအဖွဲ့များသည် အစိုးရနှင့် တရားဝင်ချိတ်ဆက်ထားခြင်း မရှိသောကြောင့် CSO များဟု သတ်မှတ်နိုင်သည်။ သို့သော် ၎င်းတို့၏ အမှီအခိုကင်းမှုအရေးတွင်မူ မေးခွန်း ထုတ်ဖွယ်ရာ ဖြစ်သည်။ GONGO များတွင် မူဝါဒရေးဆွဲရာ၌ ပြည်သူ၏ ပါဝင်မှုကို ပုံဖော်နိုင်သော်ငြား နိုင်ငံများက ပြည်သူ့ပါဝင်မှုကို ရှောင်ရှားနိုင်သည်၊ အကြောင်းမှာ ခွင့်ပြုပေးထားသော GONGO များသည် စစ်မှန်သော ပြည်သူ့ဘက်တော်သားအဖွဲ့များ မဟုတ်ကြသည့်အတွက် ဖြစ်သည်။ ထို့ပြင် နိုင်ငံများက ပြည်သူ့ရေးရာကိစ္စရပ်များတွင် အရပ်ဘက်အဖွဲ့အစည်းများအား ပါဝင်ခွင့် ပြုထားသည်ဟုဆိုကြသော်လည်း အဆိုပါအရပ်ဘက်အဖွဲ့အစည်းများမှာ အမှန်စင်စစ် GONGO များဖြစ်ကြပြီး နိုင်ငံများ၏ ၎င်းအဆိုအပေါ် မေးခွန်းထုတ်ဖွယ်ရာ ဖြစ်လာပြန်သည်။ ယခုနှစ်များတွင် အခြားသောအကဲဆတ်သည့် ကိစ္စရပ်တစ်ခုမှာ အရပ်ဘက်အဖွဲ့အစည်းများက 'အရပ်ဘက် မဟုတ်သော' သို့မဟုတ် အကြမ်းဖက်သော လုပ်ဆောင်မှုများ ဆောင်ရွက်လာခြင်း၊ သို့မဟုတ် ဒီမိုကရေစီ မူသဘောတရားများကို တိုက်ခိုက်လာခြင်း ဖြစ်သည်။ မကြာသေးမီ နှစ်များအတွင်း ကမ္ဘာတစ်ဝှမ်းရှိ ဖြစ်စဉ်များအရ 'အရပ်ဘက်မဟုတ်သော လူ့အဖွဲ့အစည်း'အပေါ် ဆွေးနွေးမှုများစွာ ဖြစ်ပေါ်စေခဲ့သည်။ ဆိုလိုသည်မှာ အကြမ်းမဖက် အာဏာဖီဆန်မှုသည် အများပြည်သူ ကောင်းကျိုးဖြစ်လာသော အခါတွင်လည်းကောင်း၊ အရပ်ဘက်မဟုတ်သည့်အရာ ဖြစ်လာသည့်အခါတွင်လည်းကောင်း ထိုဆွေးနွေးမှုများစွာ ပေါ်ပေါက်စေခဲ့ခြင်းဖြစ်သည်။

အကြမ်းမဖက် အာဏာဖီဆန်မှု

လူများက ၎င်းတို့၏ အမြင် များ သို့မဟုတ် အခွင့်အရေး များကို တောင်းဆိုရန် အတွက် စုရုံးလာကြပြီး စည်းမျဉ်းများကို မလိုက်နာ ဘဲ ဥပဒေ ချိုးဖောက်နိုင်ချေ အထိ ရောက်ရှိလာခြင်း ဖြစ်သည်။ အာဏာဖီဆန်ရေး အကြမ်းမဖက် လှုပ်ရှားမှုများ သည် ပုံစံမျိုးစုံ ကွဲပြားကြသော်လည်း မဟတ္တမ ဂန္ဒီ၏ ဗြိတိသျှကိုလိုနီကို ဆန့်ကျင် သော အကြမ်းမဖက် တွန်းလှန်ရေး နည်းလမ်း သည် အထင်ရှားဆုံး ဖြစ်သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန် ဝေဖန်ခြင်း

အရပ်ဘက်မဟုတ်သော လူ့အဖွဲ့အစည်း

လတ်တလောတွင် ရှေးရိုးစွဲ စံတန်ဖိုးများ ဦးမော့လာခြင်းနှင့်အတူ လူ့အခွင့်အရေးအပေါ် ယုံကြည်မှုကင်းမဲ့လာခြင်း၊ အရပ်ဘက်အဖွဲ့အစည်းအချို့၏ ဒီမိုကရေစီမကျသော အပြောင်းအလဲများ တောင်းဆိုလာခြင်းတို့ကြောင့် 'အရပ်ဘက်မဟုတ်သည့် အဖွဲ့အစည်း' သဘောထားများ ပေါ်ထွက်လာသည်။ ယခင်က လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များကို အပြုသဘောဆောင်သည့် နည်းလမ်းများဖြင့် ငြိမ်းချမ်းစွာ ပြောင်းလဲခဲ့ကြသည်။ ယခုလက်ရှိ နှစ်များအတွင်းတွင် အရပ်ဘက်အဖွဲ့အစည်းများသည် လူနည်းစု အုပ်စုများ၏ အခွင့်အရေးများ (ဥပမာ - အခြားနိုင်ငံမှ ပြောင်းရွှေ့လာသူများ၊ LGBTQ အုပ်စုများ၊ သို့မဟုတ် ဘာသာရေးလူနည်းစုများ) အား ကန့်သတ်

ခံရခြင်း သို့မဟုတ် ဖယ်ထုတ်ခံရ ခြင်းများအပေါ် ဖြေရှင်းခဲ့ကြသည်။ အချို့မှာ မရှောင်လွဲနိုင်သည့်အခြေအနေမျိုးကြောင့် အကြမ်းဖက်ဖြေရှင်းခဲ့ သည်များလည်း ရှိသည်။ ထိုကဲ့သို့သော အခြေအနေမျိုးသည် ကမ္ဘာအဝှမ်းရှိ နိုင်ငံရေးအရ တိုးတက်ဖြစ်ထွန်းမှုများအပေါ် ထင်ဟပ်လာစေပြီး ကိုယ်စားပြုမှုကို ဆန့်ကျင်သော၊ လစ်ဘရယ် အယူအဆကို ဆန့်ကျင်သော လှုပ်ရှားမှုများပေါ်ထွက်လာစေခဲ့သည်။ အချို့သော CSO များသည် လူ့အခွင့်အရေးကို အလေးမထား၊ မြှင့်တင်ခြင်းမရှိသော နိုင်ငံရေးခေါင်းဆောင်များကို ထောက်ခံ သည်အထိ ဖြစ်လာခဲ့သည်။ ဥပမာ အရှေ့တောင်အာရှရှိ ထိုင်းနိုင်ငံတွင် 'ရှပ်ဝါ' ဆန္ဒပြသူများ သည် (၂၀၀၀ ခုနှစ်များ အလယ်မှ ၂၀၁၀ ခုနှစ်များ အလယ်အထိ) ဒီမိုကရေစီနည်းလမ်းအရ ရွေးကောက်တင်မြှောက်ထားသော အစိုးရကို ဖြုတ်ချကာ စစ်တပ်အား အာဏာသိမ်းယူရန် တောင်းဆိုခဲ့ကြသည်၊ အစွန်းရောက် ဗုဒ္ဓဘာသာ အဖွဲ့များက မူစလင်များကို တိုက်ခိုက်ခြင်း၊ အထူးသဖြင့် ၂၀၁၀ ခုနှစ်များ နှောင်းပိုင်းတွင် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများ တိုက်ခိုက်ခံရခြင်း၊ ဖိလစ်ပိုင်နိုင်ငံတွင် 'မူးယစ်ဆေးစစ်ပွဲ' ဆင်နွှဲသူဟု လူသိများသော သမ္မတ ရိုဒရီဂို ဒူတာတေးအား လူထုထောက်ခံမှု များပြားလာပြီး ၎င်းမူဝါဒကို ဆန့်ကျင်ဝေဖန်မှုများအား ဖိနှိပ်ခြင်းနှင့် နောက်ဆုံးအနေဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် မကြာသေးမီကပင် အစွန်းရောက်အစ္စလာမ်မစ်အဖွဲ့ များက လူနည်းစုဘာသာဝင်များအပေါ် တိုက် ခိုက်မှုများ လုပ်ဆောင်ခဲ့ခြင်းတို့ ဖြစ်ကြသည်။

အရပ်ဘက်အဖွဲ့အစည်းဟူသော ဝေါဟာရသည် ဒီမိုကရေစီနှင့် ပြည်သူ့ဘက်ရပ်တည်မှုတို့ အကြား ဆက်နွယ်နေသည်ဖြစ်ရာ အဆိုပါအဖွဲ့များ၏ ဒီမိုကရေစီနှင့် ဆန့်ကျင်သော ရပ်တည်ချက်နှင့် အကြမ်းဖက်နည်းလမ်းများ အသုံးပြုမှုများကြောင့် ၎င်းတို့အား အရပ်ဘက် အဖွဲ့အစည်းများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် သတ်မှတ်ရန် ဖြစ်နိုင်ပါမည်လားဟူသော မေးခွန်းများ ပေါ်ထွက်လာစေသည်။ ဆန့်ကျင်ဘက်အားဖြင့် အရပ်ဘက်မဟုတ်သောအဖွဲ့အစည်းများသည် ဒီမိုကရေစီစနစ်ကို မထောက်ခံကြပေ။ ၎င်းတို့သည် ကိုယ်စားပြုဒီမိုကရေစီစနစ်ကို ဆန့်ကျင်သည့်အပြင် ဒီမိုကရေစီကျင့်ထုံးများနှင့် ယဉ်ကျေးမှုများဖြစ်သည့် သဘောထားကြီးမှု၊ ပူးပေါင်းပါဝင်မှု၊ မတူကွဲပြားမှုတို့ကိုလည်း အလေးထား မြှင့်တင်ခြင်း မရှိကြပေ။

ထိုသို့ဆိုပါက ဤသို့သော အရပ်ဘက်အဖွဲ့အစည်း ဆက်စပ်ခြင်းရာ ပေါ်ထွက်လာမှု အကြောင်းဆွေးနွေးမှုအပေါ် မည်သို့နားလည်နိုင်ပါသနည်း?

- ဤသို့သော အဖွဲ့များကို အရပ်ဘက်အဖွဲ့အစည်းဟု ခေါ်နိုင်ပါသလား? ထို့သို့ မခေါ်ဆိုနိုင်ပါက မည်သို့ သတ်မှတ်မည်နည်း?
- အကြမ်းမဖက် အာဏာဖီဆန်မှုကို အကြီးအကျယ် အသုံးပြုသော အရပ်ဘက်အဖွဲ့အစည်းသည် အရပ်ဘက် မဟုတ်သော အဖွဲ့အစည်းနှင့် တူပါသလား?
- အခြားသော အဖွဲ့များ၏ ပုဂ္ဂလိက လုံခြုံရေးနှင့် ခွဲခြားဆက်ဆံမှု ကင်းလွတ်ပိုင်ခွင့်ကို ငြင်းပယ်ထားသည့် အဖွဲ့များအပေါ် ပြောဆိုခွင့်၊ စုဝေးခွင့်များ ပေးသင့်ပါသလား?

- **အရပ်ဘက်အဖွဲ့အစည်း အဓိပ္ပါယ်ဖွင့်ဆိုချက်သည် အရပ်ဘက်အဖွဲ့အစည်း၏ 'ပြည်သူ့' ရေးရာသဘောပါရှိသည့် လုပ်ငန်းဆောင်ရွက်မှုများအပေါ် ဆက်လက်အလေးထား ဦးတည်သင့်ပါသလား?**

အရပ်ဘက်အဖွဲ့အစည်းကို အမှီအခိုကင်းသော အဝန်းအဝိုင်းအဖြစ် ရှုမြင်ကြသော်လည်း နိုင်ငံအချို့တွင်မူ ထိုသို့မသတ်မှတ်ထားပေ။ အထူးသဖြင့် အရပ်ဘက်အဖွဲ့အစည်းအပေါ် ထိန်းချုပ်မှုသည် သွယ်ဝိုက်ပေါ်ထွက်လာတတ်သည်၊ ဥပမာ - အရပ်ဘက်အဖွဲ့အစည်းများ၏ လွတ်လပ်စွာ လုပ်ငန်းလည်ပတ်မှုကို ဟန့်တားနိုင်သည့် မှတ်ပုံတင်ဥပဒေများ သို့မဟုတ် CSO များ၏ တရားဝင်ဖွဲ့စည်းမှုကို ထိန်းချုပ်သော ဥပဒေများ ပြဋ္ဌာန်းထားခြင်းမျိုး ဖြစ်သည်။ ထိုသို့ ပြုလုပ်ချက်များကို အရှေ့တောင်အာရှတွင် အများဆုံးတွေ့ရလေ့ပြီး အရပ်ဘက်အဖွဲ့အစည်းများအား ဥပဒေကြောင်းအရနှင့် ငွေကြေးအရ ထိန်းကျောင်းသည့်နည်းလမ်းများ အသုံးပြုလေ့ရှိကြသည်၊ ဥပမာ - ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ဘရူနိုင်းနိုင်ငံများ ဖြစ်သည်။ ထို့ပြင် နိုင်ငံ၏ အာဏာပိုင်များ သို့မဟုတ် ယဉ်ကျေးမှုအစဉ်အလာ စံနှုန်းများအပေါ် ဝေဖန်ထောက်ပြခြင်းအား ရာဇဝတ်မှုအဖြစ် သတ်မှတ်ကြသည်များလည်း ရှိသည်။

အခြားစိန်ခေါ်ချက်တစ်ခုမှာ အရပ်ဘက်အဖွဲ့အစည်းအစစ်အမှန်နှင့် အစိုးရဦးဆောင်ထားသော အရပ်ဘက်အဖွဲ့အစည်းတို့အကြား ပြိုင်ဆိုင်မှု များပြားလာခြင်းဖြစ်သည်။ ဥပမာ - လာအို နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် နိုင်ငံက ဖွဲ့စည်းထားသော အမျိုးသမီးနှင့် လူငယ်အဖွဲ့ အများအပြားသည် နိုင်ငံ၏ (ကွန်မြူနစ်ပါတီကဲ့သို့သော) နိုင်ငံရေးပါတီနှင့် ပူးပေါင်းကြပြီး နိုင်ငံက ဖွဲ့စည်းထားခြင်းမဟုတ်သော အဖွဲ့များထက် ပိုမိုခိုင်မာ အားကောင်းကြသည်။ အချို့သော နိုင်ငံများက CSO များကို ရန်ပုံငွေ ထောက်ပံ့သည်များလည်း ရှိတတ်သည် (ဥပမာ - ထိုင်းနိုင်ငံရှိ နိုင်ငံ့ဘဏ္ဍာဖြင့် ထောက်ပံ့ထားသော ကျန်းမာရေးမြှင့်တင်မှုရုံးသည် အခြားသော CSO များကို ငွေကြေးထောက်ပံ့ပေးသည်)၊ နိုင်ငံနှင့် အရပ်ဘက်ဖွဲ့အစည်း မိတ်ဖက်ဆက်ဆံရေးပုံစံမျိုးစုံဖန်တီးပေါ်ပေါက်စေသည်လည်းရှိသည်။ အချို့သော နိုင်ငံများတွင် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားသော အခြေခံ ပြည်သူ့ဝန်ဆောင်မှုများအပါအဝင် လိုအပ်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ရန် အရပ်ဘက်အဖွဲ့အစည်းများသည် အစိုးရထံမှ စာချုပ်များ လက်ခံရရှိလေ့ရှိသည်။ ဤသို့သော ဆောင်ရွက်မှုများသည် အရပ်ဘက်အဖွဲ့အစည်းများ၏ အမှီအခိုကင်းသော လုပ်ပိုင်ခွင့်အပေါ် မေးခွန်းထုတ်ဖွယ်ရာ ဖြစ်လာပြီး နိုင်ငံများကလည်း အရပ်ဘက်အဖွဲ့အစည်းအား အစိုးရ၏ လုပ်ငန်းဆောင်ရွက်ချက်များတွင် ထည့်သွင်းခြင်းဖြင့် တရားဝင်မှုတိုးတက်မှုရှိရေး လုပ်ဆောင်လာကြသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန် ဝေဖန်ခြင်း

အရပ်ဘက်အဖွဲ့အစည်း၊ နိုင်ငံနှင့် ပုဂ္ဂလိက ကဏ္ဍ

အရပ်ဘက်အဖွဲ့အစည်းကို နိုင်ငံနှင့် စီးပွါးရေးကဏ္ဍများမှ အမှီအခိုကင်းလွတ်သည်ဟု ရှုမြင်ကြသော်လည်း ၎င်းတို့၏ ဆက်နွယ်ချက်အမှန်သဘောသည် အမြဲ ရှင်းလင်းမှု ရှိမနေပေ။ အရပ်ဘက်အဖွဲ့အစည်းသည် နိုင်ငံနှင့် နိုင်ငံ့စီးပွါးရေးကဏ္ဍမှ အမှီအခိုကင်းခြင်းနှင့် အပြန်အလှန်တည်မှီနေခြင်းတို့ကို ငြင်းခုံလာကြသည်။ အရပ်ဘက်အဖွဲ့အစည်း၊ စီးပွါးရေး ကဏ္ဍနှင့် နိုင်ငံတို့အကြား ရန်လိုမှုအနေအထားကိုလည်းကောင်း၊ နိုင်ငံနှင့် နိုင်ငံ၏ပုဂ္ဂလိကကဏ္ဍများ နှင့် အရပ်ဘက်အဖွဲ့အစည်း ထိတွေ့ဆက်ဆံသည့်အခါ ရရှိလာသည့် အားသာချက်များနှင့် အားနည်းချက်များကိုလည်းကောင်း၊ မကြာမီက အလေးထားအငြင်းပွါးမှုတစ်ရပ် ဖြစ်လာခဲ့သည်။

အရပ်ဘက်အဖွဲ့အစည်း၏ လုပ်ငန်းမှာ စောင့်ကြည့်ရန်၊ တန်ပြန် မျှချေဖြစ်အောင် ထိန်းကျောင်းရန်၊ နိုင်ငံနှင့် စီးပွါးရေးကဏ္ဍတို့၏ ပါဝါကို ကန့်သတ်ရန်ဖြစ်သည့်အတွက် အရပ်ဘက်အဖွဲ့အစည်းအနေဖြင့် အပြည့်အဝ လွတ်လပ်သင့်သည်ဟု မှတ်ယူနိုင်ပါသည်။ သို့သော် လက်တွေ့ဘဝမှ ၎င်းတို့အကြားဆက်နွယ်ချက်မှာ ရှုပ်ထွေးပြီး တစ်ခုက တစ်ခုအပေါ် အနိုင်ရသွားခြင်းမျိုးမရှိဘဲ ပူးပေါင်းဆောင်ရွက်မှု၊ ဖြည့်စွက်ဆောင်ရွက်မှုနှင့် ပူးပေါင်းရွေးချယ်သည် အထိ အဆင့်မျိုးစုံ ရှိကြသည်။ အရပ်ဘက်အဖွဲ့အစည်းအနေဖြင့် မည်သို့ဖြင့် အမှီအခိုကင်းလွတ်နိုင်ပါသနည်း? CSO သည် အစိုးရ သို့မဟုတ် စီးပွါးရေးကဏ္ဍမှ အမှီအခို ကင်းလွတ်မှု မရှိသော လုပ်ငန်းဆောင်ရွက်မှုများမှာ အောက်ဖော်ပြပါစာရင်းမှ မည်သည်တို့ ဖြစ်ကြသနည်း?

အကယ်၍ -

- အစိုးရထံမှ ဘဏ္ဍာရံပုံငွေ လက်ခံရရှိလျှင်
- ကာကွယ်ဆေးများ ရောင်းချခြင်းကို အမြတ်ယူဆောင်ရွက်လျှင်
- လယ်သမားများအား သင်တန်းပေးကာ အစိုးရ၏ စိုက်ပျိုးရေးမူဝါဒကို မြှင့်တင်ခဲ့လျှင်
- ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီတစ်ခုကို ပံ့ပိုးပေးခဲ့လျှင်
- အလုပ်သမားများ၏ အခွင့်အရေးအတွက် ကုန်သွယ်ရေးဆိုင်ရာသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ပါလျှင်
- အကောက်ခွန်မဲ့ ကုန်သွယ်မှုဖြင့် တင်သွင်းလာသည့် ကော်ဖီကို ကြော်ငြာ၊ ရောင်းချခဲ့ပြီး ရရှိလာသည့် အမြတ်ကို ကော်ဖီကုမ္ပဏီသို့ ပံ့ပိုးပေးပါလျှင်

အဆိုပါ CSO သည် အမှီအခိုကင်းလွတ်ပါသလား?

၁၇.၂ လူ့အခွင့်အရေးကာကွယ်မှုတွင် အရပ်ဘက်အဖွဲ့အစည်း၏ အခန်းကဏ္ဍများ

အရပ်ဘက်အဖွဲ့အစည်းများသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို မြှင့်တင်ရာ၌ အဓိက အရေးပါသူဖြစ်သည်။ နိုင်ငံအတော်များများ၏ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲပြီး ခိုင်မာအောင် ဆောင်ရွက်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။ အထူးသဖြင့် မျက်မှောက်ခေတ် နိုင်ငံရေးသမိုင်းတွင် နိုင်ငံ၏ ပါဝါကို ကန့်သတ်ပြီး အများပြည်သူပါဝင်မှုကို စေ့ဆော်ခြင်းဖြင့် လုပ်ဆောင်လေ့ရှိသည်။ ဤပြဋ္ဌာန်းစာအုပ်၏ အခန်း (၈) တွင် ဆွေးနွေးထားသည့်အတိုင်း အရပ်ဘက်အဖွဲ့အစည်းသည် ၁၉၈၀ ခုနှစ်များနှင့် ၁၉၉၀ ခုနှစ်များတွင် အရှေ့တောင် အာရှရှိ အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရေးတွင် အရေးပါခဲ့သည်။ အဆိုပါ အတွေ့အကြုံများက ဖော်ပြနေသည်မှာ ဒီမိုကရေစီစနစ်သို့ကူးပြောင်းရာ၌ အရပ်ဘက် အဖွဲ့အစည်းအနေဖြင့် ဆောင်ရွက်ခဲ့သည့်အခန်းကဏ္ဍများမှာ တစ်ခုနှင့် တစ်ခု သိသာ ထင်ရှားစွာ ကွဲလွဲကြသော်လည်း ဒီမိုကရေစီစနစ်နှင့် အာဏာရှင်စနစ်နှစ်ရပ်လုံးတွင် အမှန်တကယ် အရေးပါခဲ့သည်။ ပွင့်လင်းသော နိုင်ငံရေးအနေအထားတွင် အရပ်ဘက်အဖွဲ့အစည်းများသည် တက်ကြွပြီး နိုင်ငံ့ထံမှ အမှီအခိုအကင်းကာ နိုင်ငံ၏ ပါဝါကို စောင့်ကြည့်လျက် တန်ပြန်ထိန်းကျောင်း ပံ့ပိုးပေးသည်။ ဒီမိုကရက်တစ် လူမှုအသိုင်းအဝိုင်းအပေါ် လစ်ဘရယ် အမြင်အား ဖြင့်ဆိုရသော် တက်ကြွသော အရပ်ဘက်အဖွဲ့အစည်းသည် နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ ကိစ္စရပ်များတွင် ပါဝင်နိုင်ရန်၊ စုဝေးခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် သေချာစေရန် အရေးပါလှသည်။ တစ်ဖက်တွင် တင်းကြပ်သော နိုင်ငံရေးအနေအထား၌ နိုင်ငံ၏ အာရုံစိုက်မှုကို ရှောင်ရှားရန် သိသာထင်ရှားမှုနည်းသည့် နည်းလမ်းများဖြင့် ခုခံတွန်းလှန်မှု၏ တစ်ထောင့်တစ်နေရာမှ အားဖြည့်ပေးနိုင်သည်။ ဤသို့သော ကန့်သတ်ခံထားရသည့် နိုင်ငံရေးအနေအထားတွင် သတင်းဆက်သွယ်ရေး နည်းပညာတိုးတက်လာမှုသည် အရပ်ဘက်အဖွဲ့အစည်းအား လျှို့ဝှက်စွာဆောင်ရွက်နိုင်စေသည့် အကျိုးကျေးဇူးတစ်ရပ် ဖြစ်လာစေသည်။

တက်ကြွသော အရပ်ဘက်အဖွဲ့အစည်းသည် လူ့အခွင့်အရေးကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းတို့ကို ပံ့ပိုးပေးသည်။ နိုင်ငံ၏ ပါဝါအား တန်ပြန်ထိန်းကျောင်းရာတွင် CSO များသည် လူ့အခွင့်အရေးလုပ်ငန်းများစွာ ဥပမာ - လူ့အခွင့်အရေးချိုးဖောက်မှုများအား စောင့်ကြည့်ခြင်း၊ လူ့အခွင့်အရေးစံနှုန်းများအား ဆော်ဩစည်းရုံးခြင်း၊ လူ့အခွင့်အရေးနှင့် ကိုက်ညီသော မူဝါဒများနှင့် ဥပဒေများဖြစ်စေရန် ပံ့ပိုးခြင်း၊ ချိုးဖောက်မှုခံရသော အုပ်စုများအတွက် အရေးဆိုပေးခြင်း အစရှိသည်တို့ကို လုပ်ဆောင်သည်။ ထို့ကြောင့် အရပ်ဘက်အဖွဲ့အစည်းသည် လူ့အခွင့်အရေးအား အရေးဆိုရန်၊ ခုခံကာကွယ်ပေးရန်၊ လူသိရှင်ကြား ထုတ်ဖော်ရန်နှင့် ထိုသို့သော တောင်းဆိုမှုများကို ဆောင်ရွက်ရန်တို့အတွက် နိုင်ငံသူ/သားများအား အားပေး မြှင့်တင်ပေးသည်။ အရပ်ဘက်အဖွဲ့အစည်းများတွင် ပါဝင်ခြင်း သို့မဟုတ် အရပ်ဘက်အဖွဲ့အစည်း၏ လုပ်ငန်းများတွင် အားဖြည့်ကူညီပေးရုံမျှဖြင့် လူ့အခွင့်အရေး အသိအား မြှင့်တင်ရာတွင် အကူအညီဖြစ်စေသည်။ ရလာဒ်အားဖြင့် အရပ်ဘက်အဖွဲ့အစည်းသည် အခွင့်အရေးများ၊ တာဝန်များ၊

လွတ်လပ်ခွင့်များ သို့မဟုတ် တန်းတူညီမျှမှုကဲ့သို့သော အခြေခံလူ့အခွင့်အရေး မူသဘောတရားများအဖြစ် ဥပဒေစကားရပ်များတွင်သာမက လူမှုတန်ဖိုးအသစ်များတွင်ပါ လူ့အခွင့်အရေးဆိုင်ရာ အတွေးအခြေသစ်များ ဖြစ်ပေါ်စေနိုင်ပေသည်။

မှတ်သားဖွယ်ရာ

အရပ်ဘက်အဖွဲ့အစည်း၏ လူ့အခွင့်အရေးလုပ်ငန်းဆောင်ရွက်ချက်များ

အရပ်ဘက်အဖွဲ့အစည်းသည် လူ့အခွင့်အရေးကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းတို့ကို နည်းလမ်းများစွာဖြင့် ဆောင်ရွက်သည်၊ ၎င်းတို့မှာ -

- လူ့အခွင့်အရေးပညာရေးကို ဖော်ဆောင်ခြင်း၊
- အစိုးရထံ မူဝါဒဆိုင်ရာ အရေးဆိုစည်းရုံးခြင်း၊ ဥပမာ - ကျန်းမာရေး၊ အလုပ်သမားနှင့် ရွှေ့ပြောင်းသူများ၏ အခွင့်အရေးများ၊
- ထိရှလွယ်အုပ်စုများကို စောင့်ကြည့်ခြင်း၊ ဥပမာ - ထိန်းသိမ်းရေးစခန်းများရှိ ကလေးများ၊ သို့မဟုတ် မသန်စွမ်းများ၊
- ကိစ္စရပ်တစ်ခုပေါ်ပေါက်လာလျှင် လူထုအသိပညာမြှင့်တင်ရန် စုစည်း၊ စည်းဝေးပွဲများ ကျင်းပခြင်း၊
- အစိုးရ၏ မလျော်ညြေား အသုံးချမှုကို ကာကွယ်ရန် ဆန္ဒပြပွဲ သို့မဟုတ် တရားရုံးအမှုကဲ့သို့သော ဖြစ်ရပ်များတွင် မျက်မြင်သက်သေ ဆောင်ရွက်ခြင်း၊
- လူ့အခွင့်အရေးဥပဒေမူကြမ်းများအတွက် ဥပဒေရေးဆွဲပြဋ္ဌာန်းသူများကို အကြံဉာဏ် ပေးခြင်း၊
- ဝန်ဆောင်မှုများ ဥပမာ- အမိုးအကာ၊ စားစရာ သို့မဟုတ် ဥပဒေအကြံဉာဏ်များ ဆောင်ရွက်ခြင်း၊
- ဝန်ဆောင်မှုပေးသူများအား ပြဿနာရပ်များအပေါ် ပိုမိုနားလည်သိမြင်လာစေရန် လူ့အခွင့်အရေးကိစ္စရပ်များကို သုတေသနပြုခြင်း (ဥပမာ - ကျောင်းတွင်းအနိုင်ကျင့်မှု သို့မဟုတ် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ လက်လှမ်းမီနိုင်မှု)

အခြေခံလူထုအသိုက်အဝန်းများ

လူမှုအသိုက်အဝန်းနှင့် တိုက်ရိုက်ထိတွေ့ ဆောင်ရွက်သော အဖွဲ့အစည်းများဖြစ်ကြပြီး ထိုအသိုက်အဝန်းများတွင် အခြေတည်သည်၊ ဥပမာ - ကျေးရွာရှိ အမျိုးသမီးများအား သားဆက်ခြားကျန်းမာရေး အကြံပြုသော NGO တစ်ခု။

အရပ်ဘက်အဖွဲ့အစည်းသည် မတူကွဲပြားသော အုပ်စုမျိုးစုံ၏ အကျိုးစီးပွါးကို ကိုယ်စားပြုပြီး ထိုအုပ်စုများ၏ အသံကို လူအများကြားသိအောင်ထုတ်ဖော်ကာ ၎င်းတို့အတွက် နေရာရရှိ စေရန် ဆောင်ရွက်ပေးသည်။ ၎င်းတို့တွင် တနည်းနည်းဖြင့် တရားဝင်နိုင်ငံရေးကို လက်လှမ်း မှီရန် အခက်အခဲရှိနေသည့် ထိရှလွယ်(အပယ်ခံ)အုပ်စုများပါဝင်သည်။ ၎င်းတို့၏ စုပေါင်း ဆောင်ရွက်မှုသည် အခြေခံလူထုအသိုက်အဝန်းများအား အခွင့်အရေးများအတွက် အခိုင်အမာ ပြောဆို တတ်စေပြီး မူဝါဒရေးဆွဲရာတွင် ပါဝင်လာစေသည်။ ၎င်းတို့သည် နောင်လာမည့် အပိုင်းတွင် ဆွေးနွေးတင်ပြမည့် လူ့အခွင့်အရေး အခြေပြုချဉ်းကပ်နည်း၏ အဓိက အချက်များဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်း၏ အရေးပါမှုကို အသိအမှတ်ပြုလျက် လူ့အခွင့်အရေးယန္တရားအများစု သို့မဟုတ် တရားဝင်ဖိုရမ်များသည် အရပ်ဘက်အဖွဲ့အစည်းအား ထိုသို့ ထိတွေ့ဆောင်ရွက်နိုင်ရန်

နည်းလမ်းများ ပံ့ပိုးပေးထားသည်။ သို့မှသာ လူအများ၏ အသံကို နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ အရေးပါသူများ ကြားနိုင်မည် ဖြစ်သည်။

၁၇.၂.၁ အရပ်ဘက်အဖွဲ့အစည်းများ၏ လူ့အခွင့်အရေးအခြေပြု လုပ်ငန်းများ

လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကာကွယ်ခြင်း၊ မြှင့်တင်ခြင်းတို့တွင် အရပ်ဘက်အဖွဲ့အစည်း၏ သိသာထင်ရှားသော အခန်းကဏ္ဍရှိသော်လည်း အရပ်ဘက်အဖွဲ့အစည်းအားလုံးမှာ လူ့အခွင့်အရေးနှင့် ဆက်နွယ်သော သို့မဟုတ် လူ့အခွင့်အရေး အခြေခံမူများအပေါ် အခြေပြုထား သော လုပ်ငန်းများကို ဆောင်ရွက်ကြသည်မဟုတ်ပေ။ အမှန်စင်စစ်တွင် CSO အများစုသည် အလှူရှင်အသင်းများ သို့မဟုတ် ပရဟိတအဖွဲ့အစည်းများ ဖြစ်ကြပြီး လူထု၏ အခြေခံ လိုအပ်ချက်များ သို့မဟုတ် ဝန်ဆောင်မှုများ ပေးရန်ဆောင်ရွက်ကြခြင်းဖြစ်သည်၊ သို့မဟုတ် ထိုဝန်ဆောင်မှုများကို နိုင်ငံကဆောင်ရွက်ရာတွင် ပံ့ပိုးပေးကြခြင်းဖြစ်သည်။ ဥပမာ - နိုင်ငံ အတော်များများတွင် ပြောင်းရွှေ့နေထိုင်ကြသော တရုတ်လူမျိုးများသည် ဌာနေတရုတ်လူမျိုး အသိုင်းအဝိုင်းများကိုကူညီရန် ကိုယ်ပိုင်အဖွဲ့အစည်းများ ဖွဲ့စည်းကြသည်။ အခြားသော အဖွဲ့များ တွင် ဘာသာရေးနှင့်နှီးနွယ်အခြေပြုအဖွဲ့များ ပါဝင်ကြပြီး ၎င်းတို့နှင့် ဘာသာတူသူ များအတွက် ပံ့ပိုးဆောင်ရွက်ကြသည်။ သို့သော် အချို့မှာ ဝန်ဆောင်မှုများ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေး အခြေပြုချဉ်းကပ်နည်းဖြင့် (ဤစာအုပ်၏ အခန်း ၁၂ တွင် ဆွေးနွေးထားသည်) လူ့အခွင့်အရေးကို အသုံးပြုကြသည်။ ဤချဉ်းကပ်နည်းသည် လူ့အခွင့်အရေး ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းအဖြစ် အရပ်ဘက်အဖွဲ့အစည်း၏ ရည်ရွယ်ချက်ကို မြင်သာစေသည်။ ၎င်းတို့တွင် သဘာဝ ပတ်ဝန်းကျင် အဖွဲ့သည် ကျန်းမာရေးကို ထိခိုက်စေသော လေထုညစ်ညမ်းမှုအကြောင်း အချက်အလက် ပံ့ပိုးပေးခြင်း၊ သို့မဟုတ် မသန်စွမ်းပံ့ပိုးရေးအဖွဲ့က မသန်စွမ်းသူများအပေါ် လူထုက ခွဲခြား ဆက်ဆံမှုမရှိစေရန် ပညာပေးခြင်းများ ပါဝင်သည်။ ထို့ပြင် အဖွဲ့အစည်းများသည်လည်း အစီ အစဉ်ရေးဆွဲသောအခါတွင်လည်းကောင်း၊ လုပ်ငန်းများဆောင်ရွက်သောအခါတွင်လည်းကောင်း လူ့အခွင့်အရေးကို အသုံးပြု ကြသည်။

လူ့အခွင့်အရေးအခြေပြုချဉ်းကပ်နည်းကို လိုက်နာကြသည့် အဖွဲ့အစည်းများသည် ကိစ္စရပ် တစ်ခုကို လူ့အခွင့်အရေးရှုထောင့်များဖြင့် အကဲဖြတ်သုံးသပ်ကြပြီးလျှင် သက်ဆိုင်ရာ အခွင့် အရေးခံစားခွင့်ရှိသူများနှင့် တာဝန်ရှိသူများကို သတ်မှတ်ဖော်ထုတ်ကြသည်။ ဆင်းရဲမွဲတေမှုကို ဥပမာထားကာ ရှင်းပြရသော် တစ်စုံတစ်ဦး၏ အခြေခံလိုအပ်ချက်ကို ပြည့်မီစေခြင်းသည် လူ့အခွင့်အရေးဖြစ်ပြီး လူ့ဂုဏ်သိက္ခာဆိုင်ရာ ကိစ္စရပ်ဖြစ်သည်ဟု ဆင်းရဲမွဲတေမှု ပပျောက်ရေး ဆိုင်ရာ လူ့အခွင့်အရေး အခြေပြုချဉ်းကပ်နည်းက ရှုမြင်သည်။ ထို့ကြောင့် ဤနယ်ပယ်တွင် လုပ်ကိုင်နေကြသော NGO များက ဆင်းရဲမွဲတေသူများကို ကျွေးမွေးထောက်ပံ့ရန် (လိုအပ်ချက် အခြေပြုချဉ်းကပ်နည်း) ကြိုးပမ်းခြင်း၊ သို့မဟုတ် ကိုယ်ချင်းစာတရားနှင့် လှူဒါန်းမှုများအား (ပရဟိတ အခြေပြုချဉ်းကပ်နည်း) အားပေးခြင်းများ ဆောင်ရွက်ကြသည့် အပြင် ဆင်းရဲမွဲတေမှု ဖြစ်စေသော ဖွဲ့စည်းတည်ဆောက်မှုစနစ်ဆိုင်ရာ အကြောင်းရင်းများ (ဥပမာ - အဆိုပါအုပ်စုများ

ကို ချန်လှပ်ထားသော သို့မဟုတ် အခွင့်အရေးမရအောင် ပိတ်ပင် ထားသော မူဝါဒများ၊ ဥပဒေများ သို့မဟုတ် ယဉ်ကျေးမှု အလေ့အထများ)ကို ကိုင်တွယ် ဖြေရှင်းပေးကြသည်။ ဆင်းရဲမွဲတေသူများ အတွက် လူမှုဖူလုံရေးနှင့် အခြေခံလိုအပ်ချက်များ ပံ့ပိုးပေးရေးတို့ကို နိုင်ငံက ဆောင်ရွက်လာ စေရန်အတွက်လည်း အားထုတ်ကြိုးပမ်း ပေးကြသည်။ လူ့အခွင့်အရေး အခြေပြုချဉ်းကပ်နည်း၏ အဓိကကျသော ရှုထောင့်တစ်ခုမှာ လူများအား မိမိတို့၏အခွင့်အရေးကို အရေးဆိုတတ်စေရန် စွမ်းရည်မြှင့်တင်ပေးခြင်းဖြစ်သည်။ အခြားတစ်ခုမှာ နိုင်ငံနှင့် လူမှုအသိုင်းအဝိုင်းအကြား ပါဝါ ဆက်နွယ်ချက်များကို ပြောင်းလဲရန် အလို့ငှါ ပါဝါနှင့် နိုင်ငံရေးကြား အားပြိုင်တုံ့ပြန်မှုကို ပေါက်ဖွားစေခြင်း ဖြစ်သည်။ CSO များသည် ဆင်းရဲသားများနှင့် ဖယ်ကြဉ်ခံများအား ပံ့ပိုးပေး ခြင်းဖြင့် ဤပါဝါ ဆက်နွယ်ချက်ကို ထိန်းညှိကူညီပေးသည်၊ ထို့ကြောင့် ဆင်းရဲသားများနှင့် ဖယ်ကြဉ်ခံများ၏ ပြောဆိုစွမ်းကို မြှင့်တင်ပေးပြီး ၎င်းတို့၏ အခွင့်အရေးကို ကျင့်သုံးစေလျက် မတရားမှုကို ဆန့်ကျင်စေခြင်း ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရမည့်နည်းလမ်းကို အခွင့်အရေး အခြေပြုချဉ်းကပ်နည်းက ပံ့ပိုး ဖြေရှင်းပေးလျက် လူ့အခွင့်အရေးတန်ဖိုးများနှင့် အလေ့အထများ အထူးသဖြင့် သက်ဆိုင်ရာ နိုင်ငံသားများ၏ တက်ကြွစွာ ပါဝင်ခြင်း၊ ခွဲခြားဆက်ဆံမှုကင်းခြင်း၊ အထူးသဖြင့် အားနည်းသော အုပ်စုများ အပါအဝင် လူအားလုံးပါဝင်ခြင်းတို့အပေါ် အလေးပေး အခြေပြုထားသည်။ သတင်းအချက်အလက် ရပိုင်ခွင့်၊ ဖော်ထုတ်ခွင့်၊ စည်းဝေးခွင့်များကို ဤဖြစ်စဉ်တလျောက်လုံးတွင် အာမခံပေးထားသည်။ လူ့အခွင့်အရေးအခြေပြု ချဉ်းကပ်နည်းများ မှတဆင့် နားလည်သဘောပေါက်လာသည့်အချက်မှာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သည့် NGO များ နှင့် အလှူရှင်များ၏ အဓိကအခန်းကဏ္ဍကို ဖွံ့ဖြိုးရေးဆောင်ရွက်မှုမှသည် လူ့အဖွဲ့အစည်း များနှင့် မိတ်ဖက်ပြုမှုများ၊ လူမှုလှုပ်ရှားမှုများသို့ ကူးပြောင်းသင့်ခြင်းဖြစ်သည်၊ သို့မှသာ အပြောင်းအလဲကို စုပေါင်းအင်အားဖြင့် ရုန်းကန်နိုင်ပေလိမ့်မည်။

၁၇.၂.၂ အရပ်ဘက်အဖွဲ့အစည်း၊ လူ့အခွင့်အရေးနှင့် ပြည်သူ့မူဝါဒ

လူ့အခွင့်အရေးမှန်ဘီလူးဖြင့် ကိစ္စရပ်များကို ကြည့်ရသော် မူဝါဒပြောင်းလဲမှု၏ ရည်မှန်းချက် ပန်းတိုင်မှာ တာဝန်ရှိသူ နိုင်ငံတော်အား တာဝန်ခံစေသည့်အပြင် လူများ သို့မဟုတ် အခွင့်အရေး ခံစားခွင့်ရှိသူများကို ၎င်းတို့၏ အခွင့်အရေးအား အရေးဆိုတတ်စေရန် မြှင့်တင်ပေးခြင်း ဖြစ် သည်။ နိုင်ငံတော်ကို တာဝန်ခံစေခြင်းသည် ပြဿနာရပ်ကို အလုံးစုံဖြေရှင်းနိုင်ခြင်း မဟုတ်ပေ၊ အကြောင်းမှာ နိုင်ငံတော်သည် နယ်နိမိတ်အတွင်းနေထိုင်ကြသူများ၏ လိုအပ်ချက်များ ပြည့် မှီရေးတာဝန်ကိုဆောင်ရွက်ရာတွင် လုံလောက်သောစွမ်းရည်မြှင့်တင်မှု လိုအပ်နိုင်သည်။ အစိုးရ အား ၎င်း၏ အခွင့်အရေးဆိုင်ရာ တာဝန်များဖြစ်သည့် လူ့အခွင့်အရေး ကာကွယ်ခြင်း၊ မြှင့်တင် ခြင်းနှင့် ဖြည့်ဆည်းခြင်းများ ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးရမည် ဖြစ်သည်။ ဥပမာ - အိမ်တွင်း အကြမ်းဖက်မှုမှ အမျိုးသမီးများကို ကာကွယ်သောအခါ ထိုကဲ့သို့သော အမျိုးသမီးကို ဖော်ထုတ် ရန်နှင့် ကာကွယ်ရန်အလို့ငှါ ရဲများအနေဖြင့် အရပ်ဘက်အဖွဲ့အစည်းထံမှ သင်တန်းများ လိုအပ် ကောင်း လိုအပ်နိုင်သည်။ အခွင့်အရေးအခြေပြု လုပ်ငန်းအရ လူများအား ၎င်းတို့၏ လိုအပ်

ချက်များကို ပြည့်မီရန် ဝန်ဆောင်မှုများ (ရှေးရိုး ဖွံ့ဖြိုးမှု အစီအစဉ်များ သို့မဟုတ် ပရဟိတလုပ်ငန်းများ) ပံ့ပိုးပေးသည့်အပြင် အခြေခံ ဝန်ဆောင်မှုများကို နိုင်ငံက ပံ့ပိုးနိုင်ရန် မူဝါဒဆိုင်ရာ အပြောင်းအလဲများ ဖြစ်လာစေရန် တွန်းအားပေးမှုလည်း ပါဝင်သည်။

အောက်ခြေအဆင့် သို့မဟုတ် နိုင်ငံတော်အဆင့်တွင် လုပ်ကိုင်နေကြသော အရပ်ဘက် အဖွဲ့အစည်းသည် ပြည်သူ့မူဝါဒရေးရာနယ်ပယ်တွင် မကြာခဏဆိုသလို ထိတွေ့လုပ်ကိုင်ရသည်။ ပြည်သူ့မူဝါဒရေးရာဆိုသည်မှာ အစိုးရများက ၎င်းတို့၏ နိုင်ငံရေးမျှော်မှန်းချက်များကို လုပ်ငန်းအစီအစဉ်များအဖြစ်သို့ ပြောင်းလဲသည့် ဖြစ်စဉ်များ ဖြစ်သည်။ အရှေ့တောင်အာရှ နိုင်ငံအများစုတွင် မူဝါဒများကို ရေးသားဖော်ပြကြသော်လည်း အများစုမှာ သီးခြားပြဿနာရပ်များအပေါ် အစိုးရ၏တုံ့ပြန်ဆောင်ရွက်ချက်အဖြစ် ပြောင်းလဲသွားလေ့ရှိသည်။ အရပ်ဘက်အဖွဲ့အစည်းရှိ တက်ကြွလှုပ်ရှားသူများသည် မူဝါဒများကို ပြောင်းလဲရန် သို့မဟုတ် တိုးတက်ကောင်းမွန်စေရန် နည်းလမ်း မျိုးစုံသုံးကာ အစိုးရနှင့် ထိတွေ့လုပ်ကိုင်လေ့ရှိကြသည်။ ၎င်းတို့တွင် တရားဝင်ယန္တရားများဖြင့် ဆောင်ရွက်ခြင်း ဥပမာ - ဥပဒေပြုရာတွင် ပြောင်းလဲပြင်ဆင်ရန်သော်လည်းကောင်း၊ သို့မဟုတ် မူဝါဒရေးရာ မှတ်တမ်းများ တွက်ထုတ် အဖြေရှာရန်သော်လည်းကောင်း ဆောင်ရွက်ကြသည်။ ၎င်းတို့သည် အစိုးရနှင့် ထိစပ် လုပ်ကိုင်ပြီး အစိုးရ၏ ကျင့်သုံးပုံနည်းလမ်းများကို ပြောင်းလဲခဲ့ကြသည်၊ ဥပမာ - အစိုးရဝန်ထမ်းများအား ၎င်းတို့၏တာဝန်ကို ထမ်းဆောင်ရန် အားပေးလုပ်ဆောင်ကြသည်။ ပညာရေး လက်လှမ်းမီမှုနှင့် စပ်လျဉ်း၍ အရှေ့တောင်အာရှနိုင်ငံများတွင် သင့်လျော်သော မှတ်တမ်း မှတ်ရာ (ဥပမာ - မွေးစာရင်း) မရှိသည့် ကလေးများအား (ဥပမာ - မွေးစာရင်းထည့်ရန် မိဘများက ပျက်ကွက်လျှင်သော်လည်းကောင်း၊ ရွှေ့ပြောင်းလုပ်သားများ၏ ကလေးများ ဖြစ်လျှင်သော်လည်းကောင်း) ကျောင်းများက လက်မခံကြပေ။ အရပ်ဘက် အဖွဲ့အစည်း၏ ချိတ်ဆက်ဆောင်ရွက်မှုကြောင့် အဆိုပါမူဝါဒသည် နိုင်ငံတော်တော်များများတွင် ပြောင်းလဲ သွားပြီဖြစ်သည်။ ဥပမာ - ထိုင်းနိုင်ငံရှိ ကျောင်းများသည် ရွှေ့ပြောင်းလုပ်သားများ၏ ကလေးများကို လက်ခံခွင့်ပြုလိုက်ပြီဖြစ်သည်။ အကျိုးဆက်အားဖြင့် အချို့သော အရပ်ဘက်အဖွဲ့အစည်းများသည် မှတ်တမ်းမှတ်ရာ မရှိသည့်ကလေးများကို ပုဂ္ဂလိက ကျောင်းများ၌ လက်ခံရန် အခြေခံလူထု အရေးဆိုစည်းရုံးခြင်းဖြင့် အကူအညီများ ပေးနေပြီဖြစ်သည်။ အရှေ့တောင်အာရှတွင် မူဝါဒပိုင်းဆိုင်ရာ အခြားသော တက်ကြွလှုပ်ရှားမှုများအနေဖြင့် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာကိစ္စရပ်များ (နိုင်ငံအတော်များများတွင် တစ်ခါသုံး ပလတ်စတစ်အိတ် အသုံးပြုသည့် စည်းကမ်းများ ပြောင်းလဲခြင်း ရလာဒ်များ)၊ ကျန်းမာရေးကိစ္စရပ်များ (အထူးသဖြင့် လူငယ်များတွင် ဆက်စပ်တွေ့ရလေ့ရှိသော ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးအသုံးပြုခြင်းနှင့် သက်ဆိုင်သည့် မူဝါဒများပြောင်းလဲခြင်း ရလာဒ်များ)၊ ဂျဲန်ဒါ မညီမျှမှုများ (CSO အများစုသည် အမျိုးသမီးများ၏ အခြေအနေကို စောင့်ကြည့်လေ့လာကြပြီး လိုအပ်သည့်ကိစ္စရပ်များကို အလေးထား အရေးဆိုကြလာသည်) များ ပါဝင်လာကြသည်။ ဖော်ပြပါဥပမာအားလုံးသည် လူ့အခွင့်အရေးနယ်ပယ်တွင် အရပ်ဘက်အဖွဲ့အစည်းနှင့် ပြည်သူ့ရေးရာ မူဝါဒတို့အကြား ဖြစ်ပေါ်လာသည့် တိုက်ရိုက်နှီးနွယ် ချိတ်ဆက်မှုများ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ

လူ့အခွင့်အရေး ပညာရေး

လူ့အခွင့်အရေး ပညာရေးဆိုသည်မှာ အားလုံးပါဝင်သော လူ့အခွင့်အရေးယဉ်ကျေးမှုတစ်ခု တည်ဆောက်ရန် ပညာပေးခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများနှင့် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းတို့အဖြစ် သတ်မှတ်နိုင်သည်။ အရပ်ဘက်အဖွဲ့အစည်းသည် ၎င်း၏ လုပ်ငန်းဖြစ်သည့် လူ့အခွင့်အရေး စောင့်ကြည့်ခြင်းနှင့် မြှင့်တင်ခြင်းတို့အပြင် လူ့အခွင့်အရေး ပညာရေးနယ်ပယ်တွင်လည်း ထင်ရှားသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ၎င်းပညာရေးကို ပြဿနာကိစ္စရပ်များအကြောင်း သင်ယူခြင်းအဖြစ် ရိုးရိုးရှင်းရှင်း မမှတ်ယူသင့်ပေ။ သင်ယူမှုဖြစ်စဉ်သည် ကျောင်းသား၊ ကျောင်းသူများအား ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်၊ မြှင့်တင်တတ်စေရုံသာမက အခြားသူများ၏ အခွင့်အရေးများကိုပါ ကာကွယ်၊ မြှင့်တင်တတ်စေရန် စွမ်းဆောင်ပေးသင့်ပါသည်။ ထို့ပြင် လူအများက လူ့အခွင့်အရေးတန်ဖိုးများကို တန်ဖိုးထားတတ်လာစေပြီး ၎င်းတို့၏ ပတ်ဝန်းကျင်တွင် လူတစ်ယောက်ချင်းစီ၏ အခွင့်အရေးကို လေးစားတတ်သော သဘောထား အပြုအမူများ ပြောင်းလဲလာစေရန် အဆိုပါ ပညာရေးက လုပ်ဆောင်ပေးသင့်ပါသည်။ နိစ္စဓူဝ ကိစ္စရပ်များတွင် ဂျဲန်ဒါအသိအမှတ်ပြုလာခြင်း သို့မဟုတ် လူမျိုး၊ ဘာသာရေး၊ မသန်စွမ်းမှု စသည်တို့အပေါ် အခြေခံသော ခွဲခြား ဆက်ဆံမှု ကင်းလာခြင်း စသည်တို့ ဖြစ်ပေါ်လာစေနိုင်သည်။ စာသင်ခန်းများအတွင်း လူ့အခွင့်အရေးများကို စံနှုန်းများအဖြစ် အသုံးပြုခြင်းကိုလည်း လူ့အခွင့်အရေးပညာရေးက အလေးထားသည်။ တစ်နည်းအားဖြင့် သင်ကြား၊သင်ယူမှု နည်းလမ်းများနှင့် ဖြစ်စဉ်များ အားလုံးသည် လူ့အခွင့်အရေး အခြေခံမူသဘောတရားများအပေါ် အခြေခံသင့်ပါသည်။ ဥပမာ - ကျောင်းသား၊ ကျောင်းသူများအားလုံးကို တန်းတူညီမျှစွာ ဆက်ဆံလျက် အားလုံး၏ အသံကို ခွဲခြား ဆက်ဆံမှု ကင်းစွာဖြင့် တလေးတစား နားထောင် ဆက်ဆံသင့်ပါသည်။

အရှေ့တောင်အာရှရှိ မူလတန်းပညာရေးဆိုင်ရာ မူဝါဒအများစုတွင် လူ့အခွင့်အရေး ပညာရေးကို ထည့်သွင်းထားပြီး အနည်းဆုံးအနေဖြင့် လူ့အခွင့်အရေး ‘အကြောင်း’ သင်ကြား၊ သင်ယူမှုအဆင့် ပါဝင်သည်။ လူ့အခွင့်အရေးဆိုင်ရာ ဘွဲ့ကြိုနှင့် ဘွဲ့လွန် အစီအစဉ်များအား ဒေသတွင်း တက္ကသိုလ်အတော်များများတွင်လည်း ထည့်သွင်းထားသည်။ သို့သော် အဆိုပါ ပညာရေးသည် တရားဝင်အင်စတီကျူးရှင်းများတွင် ပါဝင်ရန်လိုအပ်ပြီး မည်သည့် ကျောင်းသား၊ ကျောင်းသူကိုမျှ မကန့်သတ်ထားသင့်ပေ။ အမှန်စင်စစ် NGO များသည် လူ့အခွင့်အရေးပညာရေး လက်လှမ်းမီမှု မရှိသည့် လူနည်းစုနှင့် ဌာနေတိုင်းရင်းသား အုပ်စုများ၊ ရွှေ့ပြောင်းလုပ်သားများ သို့မဟုတ် ဒုက္ခသည်အုပ်စုများကဲ့သို့သော ထိရှလွယ် အုပ်စုများကို ဦးတည်သည့် အစီအစဉ်များ ရေးဆွဲလုပ်ဆောင်ခြင်းဖြင့် အောက်ခြေအဆင့် တက်ကြွလှုပ်ရှားမှုများတွင် သိသာပေါ်လွင်မှု အရှိဆုံးဖြစ်လာပေသည်။

၁၇.၂.၃ ကုလသမဂ္ဂ လူ့အခွင့်အရေး ယန္တရားနှင့် အရပ်ဘက်အဖွဲ့အစည်း ထိတွေ့ဆောင်ရွက်မှု

အရပ်ဘက်အဖွဲ့အစည်း၏ ပါဝင်ဆောင်ရွက်မှုသည် ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရား၏ ဗဟိုချက်တွင် တည်ရှိသည် (ဤပြဋ္ဌာန်းစာအုပ်၏ အခန်း ၅ ကို ကြည့်ပါ)။ ပြည်တွင်း တရားရုံးများသို့မဟုတ် နိုင်ငံရေးလုပ်ငန်းစဉ်များဖြင့် အရေးဆိုစည်းရုံးသည့်အခါ အမြဲတစေ အလုပ် မဖြစ်နိုင်၊ သို့မဟုတ် ထိရောက်မှု မရှိနိုင်ပေ၊ အဆိုပါအချက်မှာ အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံများအတွက် မှန်ကန်လေ့ရှိသည်။ အရပ်ဘက်အဖွဲ့အစည်းသည် လူ့အခွင့်အရေးစံနှုန်းများနှင့် ယန္တရားများကို ၎င်း၏ အရေးဆိုစည်းရုံးမှုများတွင် အသုံးပြုကြပြီး ဒေသတွင်း သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုကိုဖော်ဆောင်ရန် ကုလသမဂ္ဂ ယန္တရားများနှင့် ထိတွေ့လုပ်ဆောင်ကြသည်။ ယေဘုယျအားဖြင့် ကုလသမဂ္ဂ ယန္တရားတွင် အရပ်ဘက်အဖွဲ့အစည်းအနေဖြင့် နည်းလမ်း ၃ သွယ်ဖြင့် ပါဝင်နေသည်၊ ၎င်းတို့မှာ - အမျိုးမျိုးသော စောင့်ကြည့်လေ့လာမှု ယန္တရားများထံသို့ လူ့အခွင့်အရေး စင်ပြိုင်အစီရင်ခံစာများ တင်သွင်းခြင်း၊ ယန္တရားများထံသို့ တိုင်တန်းချက်များ ပေးပို့ခြင်း သို့မဟုတ် ပေးပို့ရာတွင် ကူညီပေးခြင်း၊ အစိုးရများက လူ့အခွင့်အရေးအစီရင်ခံစာများတင်သွင်းရာတွင် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် အစိုးရများနှင့် ထိတွေ့လုပ်ကိုင်ခြင်းများဖြစ်ကြသည်။ ထို့ပြင် အရပ်ဘက်အဖွဲ့အစည်းသည် ကုလသမဂ္ဂ လူ့အခွင့်အရေး စောင့်ကြည့်မှုယန္တရားများဖြစ်သည့် သဘောတူစာချုပ်အဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများ လူ့အခွင့်အရေး ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (UPR) နှင့် အထူးလုပ်ထုံး လုပ်နည်းများတွင်လည်း အချက်အလက်များထည့်ဝင်ပံ့ပိုးပေးသည်။ သဘောတူစာချုပ်အဖွဲ့အစည်းများစနစ်၌ သက်ဆိုင်ရာသဘောတူစာချုပ်တွင် ပါရှိသည့်အခွင့်အရေးများနှင့် သက်ဆိုင်သည့် မြေပြင် အခြေအနေအချက်အလက်များကို တင်သွင်းနိုင်သည်။ သဘောတူစာချုပ်အဖွဲ့အစည်းက ၎င်းအချက်အလက်များကို အစိုးရ၏ အစီရင်ခံစာနှင့် တိုက်ဆိုင် စိစစ်လျက် သက်ဆိုင်ရာ နိုင်ငံထံသို့ အပြီးသတ် တွေ့ရှိချက်များနှင့် အကြံပြုချက်များ ထုတ်ပြန်ပေးသည်။ CSO အများစု တွင် အဆိုပါအစီရင်ခံစာများ ရေးသားတင်သွင်းရန် ပူးပေါင်းဆောင်ရွက်သည့် ကွန်ယက်များ ရှိကြသည်။ NGO များသည် နိုင်ငံ၏ အစီရင်ခံစာ စိစစ်သည့်အစည်းအဝေးများတွင် လေ့လာသူ များအဖြစ်လည်း တက်ရောက်နိုင်ပြီး အစည်းအဝေးတွင် ဝင်ရောက် ဆွေးနွေးခွင့်မရှိသော်လည်း သဘောတူ စာချုပ်အဖွဲ့အစည်းနှင့် နိုင်ငံအကြားစိစစ်ရာတွင် အပြန်အလှန်မေးမြန်း ပြောဆိုမှုများကို ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်ပါက ထပ်တိုးအချက်အလက်များအား သဘောတူစာချုပ်အဖွဲ့အစည်းသို့ အတိုချုပ် ပံ့ပိုးပေးသည်။ ထိုနည်းတူစွာ NGO များသည် အထူးလုပ်ထုံးလုပ်နည်းဆိုင်ရာ တာဝန်ရှိသူများ (အထူးစုံစမ်းစစ်ဆေးရေးအရာရှိများ သို့မဟုတ် လုပ်ငန်းအဖွဲ့များ) သို့ သက်ဆိုင်ရာ လူ့အခွင့်အရေး အခြေအနေများအကြောင်း အကြောင်းကြားနိုင်သည်။

အရပ်ဘက်အဖွဲ့အစည်းထံမှ ထည့်ဝင်လာသည့်သတင်းအချက်အလက်များသည် ပြင်းထန်၊ ဆိုးရွားပြီး အစီအစဉ်တကျကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စေသည့် ခိုင်လုံသော အကြောင်းပြချက်များ ဖြစ်ခဲ့ပါက သဘောတူစာချုပ်အဖွဲ့အစည်းက လျှို့ဝှက်စုံစမ်းမှုကို ချက်ချင်းစတင် လုပ်ဆောင်သည်။ ဤသို့သော ယန္တရားမျိုးကို CAT ၊ CEDAW ၊ CRPD နှင့် ICED သဘောတူ

လျှို့ဝှက်စုံစမ်းခြင်း

လူ့အခွင့်အရေး တိုင်တန်းမှုများအတွက် ကုလသမဂ္ဂ အဖွဲ့အစည်းဟု ဆိုပါကများသောအားဖြင့် လူ့အခွင့်အရေးကောင်စီကို ညွှန်းဆိုခြင်းဖြစ်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်ကြောင်း စွပ်စွဲခံရသည့် နိုင်ငံအပေါ် စုံစမ်းစစ်ဆေးခြင်းဖြစ်သည်၊ ယေဘုယျအားဖြင့် စုံစမ်းမှု ပြီးမြောက်မှသာ နိုင်ငံ၏ အမည်ကို (ကျူးလွန်ပါက အမည်ဆိုးဖြင့်) ဖော်ပြသည်၊ စုံစမ်းမှု ဖြစ်စဉ်တစ်ခုလုံးကို တံခါးပိတ် ဆွေးနွေးလေ့ရှိသည်။

စာချုပ်များတွင် တွေ့ရပြီး စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဆိုပါ ကော်မတီများ၏ လုပ်ငန်း တာဝန်ကို အသိအမှတ်ပြုပြီး ဖြစ်လေသည် (အခန်း ၅ တွင် စာရင်းပြု ဖော်ပြထားသည်)။ NGO များက တင်သွင်းသော အချက်အလက်များအား အခြေခံလျက် လျှို့ဝှက်စုံစမ်းမှုအများအပြားကို အစပြုကြသည်။ သဘောတူစာချုပ်အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂ အထူးလုပ်ထုံးလုပ်နည်းများ ဆိုင်ရာ တာဝန်ရှိသူများထံသို့ လူ့အခွင့်အရေး ချိုးဖောက်သည်ဟု စွပ်စွဲထားသော တိုင်တန်း ချက်များကို တင်သွင်းလိုသည့် ပုဂ္ဂိုလ်များကို ပံ့ပိုးကူညီရာတွင်လည်း CSO များသည် အဓိက အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြသည်။ အမှန်စင်စစ်တွင် ထို့ကဲ့သို့သော ချိုးဖောက်မှုများကို ခိုင်မာသော အချက်အလက် ဗဟုသုတဖြင့် တိုက်ရိုက်တင်သွင်းသည့်အခါ တိုင်တန်းချက် အများစုအား NGO များက ပံ့ပိုးကူညီထားခြင်းဖြစ်သည်။ အချက်အလက်များသည် ယုတ္တိတန်ကာ၊ ယုံကြည်ထိုက်မှု ရှိသင့်ပြီး နစ်နာသူများနှင့် ကျူးလွန်သူများကို ဖော်ပြထားကာ စွပ်စွဲထားသည့် ချိုးဖောက်မှုအကြောင်း အသေးစိတ်ပါဝင်သင့်သည်။ သို့သော် တိုင်တန်းချက်များကို နစ်နာသူ၏ သဘောတူညီမှုဖြင့်သာ တင်သွင်းသင့်သည်၊ အကြောင်းမှာ ၎င်းအချက်အလက်သည် အစိုးရထံသို့ လည်း ရောက်ရှိမည်ဖြစ်ခြင်းကြောင့် ဖြစ်သည်။ တိုင်တန်းချက်သည် ယုံကြည်ထိုက်ပါက အထူး လုပ်ထုံး လုပ်နည်းဆိုင်ရာ တာဝန်ရှိသူက စွပ်စွဲမှုပါအချက်အလက် သို့မဟုတ် အရေးပေါ် ပန်ကြား မှု ပုံစံဖြင့် သက်ဆိုင်ရာ အစိုးရများထံသို့ ဆက်သွယ်မေးမြန်းသည်။ တာဝန်ရှိသူက အဆိုပါ ချိုးဖောက်မှုအကြောင်းစွပ်စွဲချက်နှင့် စပ်လျဉ်းသော အခြေအနေ၊ တိကျသော ဖြစ်ရပ်ကို ရှင်းလင်း စေရန် ထပ်မံမေးမြန်းလျက် လုံလောက်သောကုစားဆောင်ရွက်ချက်များ တောင်းခံနိုင်သည်။ ထို့ပြင် တာဝန်ရှိသူများက အဆိုပါကိစ္စရပ်နှင့် စပ်လျဉ်းသော စုံစမ်းစစ်ဆေးမှုများနှင့် အရေးယူ ဆောင်ရွက်ချက်များအကြောင်း အများပြည်သူသို့အသိပေးဖော်ပြရန် အစိုးရများထံ တောင်းဆို နိုင်သည်။ သဘောတူစာချုပ်အဖွဲ့အစည်းများထံသို့ လူပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာ တိုင်တန်းချက် များ တင်သွင်းနိုင်ရန်အလို့ငှါ ထိုသို့တိုင်တန်းခွင့်ပြုထားသည့် သဘောတူစာချုပ်ကို သက်ဆိုင်ရာ နိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးထားရန် လိုအပ်ပေသည်။ စာချုပ်အဖွဲ့အစည်း၏ တိုင်တန်း ချက်များအပေါ် စဉ်းစားသုံးသပ်မေးမြန်းခွင့် တာဝန်ကို သက်ဆိုင်ရာ နိုင်ငံက အသိအမှတ်ပြု ရမည်ဖြစ်သည်။

အရပ်ဘက်အဖွဲ့အစည်း၏ အခန်းကဏ္ဍသည် UPR လုပ်ငန်းစဉ်တွင်လည်း အထူးအရေးပါသည်၊ UPR လုပ်ငန်းစဉ်တွင် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများအားလုံး ပါဝင်ပြီး ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်မှတဆင့် နိုင်ငံအဆင့် အစီရင်ခံစာကို ပြင်ဆင်ရန် လိုအပ်သည်။ အရပ်ဘက်အဖွဲ့အစည်းသည် နိုင်ငံအဆင့် အစီရင်ခံစာများ ပြင်ဆင်ရန် သက်ဆိုင်ရာ နိုင်ငံ၏ အစိုးရနှင့် လက်တွဲလုပ်ဆောင်သော်လည်း OHCHR က ပြင်ဆင် တင်သွင်းရသည့် ပါဝင်ပတ်သက် သူများဆိုင်ရာတင်သွင်းမှုများတွင် အချက်အလက်များ အဓိက ပံ့ပိုးပေးကြသည်။ အစီရင်ခံစာများ တင်သွင်းပြီးနောက် စိစစ်မှုအစည်းအဝေးများတွင် အရပ်ဘက်အဖွဲ့အစည်းများ တက်ရောက်ကြ ပြီး UPR အကြံပြုချက်များနှင့် အပြီးသတ်တွေ့ရှိချက်များအတိုင်း နိုင်ငံက အကောင်အထည်ဖော် ဆောင်ရာ၌ နောက်ဆက်တွဲ စောင့်ကြည့်လေ့ရှိသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေး ယန္တရားများ နှင့် ဆက်နွယ်သော ပြည်သူ့ အရေးဆိုစည်းရုံးမှုများသည် အရေးပါလှသည်။ ထို့ပြင် NGO များ

သည် သဘောတူစာချုပ် အဖွဲ့အစည်းများ၏ အပြီးသတ်တွေ့ရှိချက်များကို အကျိုး သက်ရောက်ဖြစ်ထွန်းစေရန် အခြေအနေများအပေါ် နောက်ဆက်တွဲ စောင့်ကြည့်ကြသည်။ နောက်ဆုံးတွင် ထိုကဲ့သို့သော အကြံပြုချက်များကို အရေးဆိုစည်းရုံးမှုဆိုင်ရာ လက်နက်များသဖွယ် အသုံးပြုလျက် နိုင်ငံ၏ လူ့အခွင့်အရေးလက်တွေ့ကျင့်သုံးမှု ဆက်လက်တိုးတက်စေရန် လုပ်ဆောင်ပေးကြသည်။

ဖြစ်ရပ်လေ့လာခြင်း

စစ်တပ်၏ မုဒိန်းကျင့်မှုအပေါ် မြန်မာအရပ်ဘက်အဖွဲ့အစည်းက CEDAW သို့ တင်သွင်းသည့် စင်ပြိုင် အစီရင်ခံစာ

အရပ်ဘက်အဖွဲ့အစည်းသည် ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရားကို အသုံးပြုပြီး အပြောင်းအလဲများ ဖော်ဆောင်ရာတွင် အဓိပ္ပါယ်ပြည့်ဝသော အဓိကနယ်ပယ်တစ်ခုမှာ သဘောတူစာချုပ်အဖွဲ့အစည်းသို့ စင်ပြိုင် အစီရင်ခံစာများ တင်သွင်းခြင်းဖြစ်ပြီး ၎င်းသည် နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေအပေါ် အခြား နည်းဖြင့် တာဝန်ခံစေခြင်းဖြစ်သည်။

၂၀၀၂ ခုနှစ်တွင် ရှမ်းအမျိုးသမီးများ လှုပ်ရှားမှုကွန်ယက် (SWAN) နှင့် ရှမ်း လူ့အခွင့်အရေး ဖောင်ဒေးရှင်း (SHRF) တို့သည် မုဒိန်းကျင့်ခွင့် လိုင်စင်[25] ဟုအမည်ရသော အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့သည်၊ ၎င်းတွင် ရှမ်းပြည်နယ်၌ ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်အတွင်း အမျိုးသမီးများ၊ မိန်းကလေးများ စုစုပေါင်း ၆၂၅ ယောက်အပေါ် ဗမာစစ်တပ်က ကျူးလွန်ခဲ့သော မုဒိန်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံမျိုးစုံကို ဖော်ပြထားသည်။ အစီရင်ခံစာသည် ပထမတန်းစား ပုံစံမျိုးဖြစ်ခဲ့ပြီး မြန်မာနိုင်ငံရှိ လက်နက်ကိုင်ပဋိပက္ခများနှင့် လူနည်းစု တိုင်းရင်းသား အမျိုးသမီးများအပေါ် စနစ်တကျကျူးလွန်သည့် မုဒိန်းမှုအပါအဝင် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုအား ကမ္ဘာ၏ အာရုံစိုက်မှုကို ရရှိစေခဲ့သည်။ အစီရင်ခံစာသည် CSO များက တင်သွင်းသော အခြားသော စင်ပြိုင်အစီရင်ခံစာများနှင့် အတူ CEDAW ကော်မတီသို့ တင်သွင်းခဲ့ခြင်းဖြစ်ပြီး ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ကာလ အပိုင်းလိုက် အစီရင်ခံစာ ပူးပေါင်းတင်သွင်းမှုအဖြစ် ကော်မတီက စိစစ်ခဲ့ခြင်းဖြစ်သည်။

မြန်မာအစိုးရက စွပ်စွဲချက်အများစုကို ငြင်းပယ်ခဲ့ပြီး ၎င်း၏ စစ်တပ်အရာရှိများ ကျူးလွန်ခဲ့သည့် မုဒိန်းမှု ၂ မှုကိုသာ ဝန်ခံခဲ့သည်။ ကော်မတီက ချိုးဖောက်မှုများ အဆုံးသတ်စေမည့် လက်ငင်း ဆောင်ရွက်မှုအဆင့်များအား ဖော်ဆောင်ပေးရန်နှင့် ကျူးလွန်သူများအား အရေးယူ အပြစ်ပေးရန် တိုက်တွန်းခဲ့သည်။ အကြံပြုချက်များတွင် လူ့အခွင့်အရေးပညာရေးနှင့် ဂျန်ဒါ အသိအမြင်ဆိုင်ရာ သင်တန်းများကို ဥပဒေဖော်ဆောင်သူများနှင့် စစ်တပ်ရှိ ပုဂ္ဂိုလ်များ အတွက်

[25] Shan Women's Action Network (SWAN) and the Shan Human Rights Foundation (SHRF), 'License to rape' SWAN, June 2002

ပို့ချပေးရန်လည်း ပါဝင်သည်။ အဆိုပါကိစ္စရပ်ကို ၂၀၁၆ ခုနှစ်တွင် မြန်မာ၏ လေးကြိမ်မြောက်နှင့် ငါးကြိမ်မြောက် ပူးပေါင်းအစီရင်ခံစာများ စိစစ်ရာ၌ ပြန်လည် ကြည့်ရှုစိစစ်ခဲ့သည်။

ဆယ်စုနှစ်တစ်ခုအကြာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ရိုဟင်ဂျာအမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အလားတူ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကျူးလွန်သည်ဟု စွပ်စွဲချက်များ ကော်မတီထံသို့ ထပ်မံတိုင်တန်းခဲ့ရာတွင် ကော်မတီက မြန်မာအစိုးရအား 'ထူးခြားသော အခြေအနေဆိုင်ရာအစီရင်ခံစာ' တင်သွင်းစေခဲ့သည်။ ၎င်းတွင် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် နိုင်ငံ့လုံခြုံရေးတပ်များက အကြမ်းဖက်မှုများ ကျူးလွန်ကြောင်း စွပ်စွဲချက်များအပေါ် ဖြေရှင်းရန် တောင်းဆိုခဲ့သည်။ ထူးခြားသော အခြေအနေဆိုင်ရာအစီရင်ခံစာကို တင်သွင်းစေပြီး မြန်ဆန်သော စိစစ်မှုအားဖြင့် ပြင်းထန် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ကော်မတီက ကြားဝင်ဆောင်ရွက်လေ့ရှိသည်။ ၎င်းသည် CSO များက ကော်မတီသို့ ပေးပို့တင်သွင်းသော စင်ပြိုင်အချက်အလက်များ၏ တစ်စိတ်တစ်ပိုင်း အဖြစ် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

၁၇.၃ အရှေ့တောင်အာရှရှိ အရပ်ဘက်အဖွဲ့အစည်း

အရပ်ဘက်အဖွဲ့အစည်း၏ အားသာချက်နှင့်စပ်လျဉ်းပြီး အရှေ့တောင်အာရှတခွင်၌ ကွဲပြားခြားနားပေသည်။ လာအို၊ ဗီယက်နမ်နှင့် ဘရူနိုင်းကဲ့သို့သော အချို့နိုင်ငံများတွင် အရပ်ဘက်အဖွဲ့အစည်းကို ယေဘုယျအားဖြင့် နိုင်ငံက ဦးဆောင်လေ့ရှိသည်။ ဆန့်ကျင်ဘက်အားဖြင့် မြန်မာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့တွင် နိုင်ငံရေး စိန်ခေါ်ချက်များ ဖြစ်ပေါ် နေသော်လည်း အရပ်ဘက်အဖွဲ့အစည်းမှာ တက်ကြွနေလေ့ရှိသည်။ ထိုသဘောသဘာဝသည် နိုင်ငံရေးစနစ်နှင့် အာဏာဆုပ်ကိုင်ထားသော အုပ်ချုပ်သူပေါ်တွင် မူတည်လေ့ရှိသည်။ ၁၉၅၀ နှစ်များမှ ၁၉၇၀ နှစ်များအတွင်း လက်ဝဲဝါဒီများ၏ တွန်းတိုက်ရုန်းကန်မှုနှင့် ၁၉၈၀ နှစ်များတွင် ထွက်ပေါ်လာသော ဒီမိုကရေစီဖြစ်ထွန်းမှုတို့ကြောင့် အရပ်ဘက်အဖွဲ့အစည်းကို ဆင့်ကဲ တိုးတက်ဖြစ်ထွန်းလာစေခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံတစ်ခုစီရှိ အရပ်ဘက်အဖွဲ့အစည်း အခြေအနေကို ဆွေးနွေးမည့်အစား ၎င်းတို့၏ ဖြစ်ထွန်းပေါ်ပေါက်မှုကို ပုံဖော်ပေးသော လူမှု နိုင်ငံရေးအချက်ကို ဤအခန်းတွင် အနှစ်ချုပ်ဖော်ပြထားသည်။ ထို့ပြင် လူ့အခွင့်အရေး နယ်ပယ် တွင် အရပ်ဘက်အဖွဲ့အစည်း၏ အခန်းကဏ္ဍအချို့ကိုလည်း အလေးပေး ဖော်ပြထားသည်။

နိုင်ငံရေးပါတီတစ်ခုတည်းရှိသော နိုင်ငံများတွင် အစိုးရမဟုတ်သူများ၏ နိုင်ငံရေး လှုပ်ရှားမှုများအပေါ် ကန့်သတ်ချက်များ ချမှတ်ထားလေ့ရှိပြီး အရပ်ဘက်အဖွဲ့အစည်းသည်လည်း နိုင်ငံထံမှ လွတ်လပ်ခွင့်ကို မတောင်းဆိုနိုင်ပေ။ ၎င်းတို့မှာ ဗီယက်နမ်နှင့် လာအိုနိုင်ငံများ ဖြစ်ကြပြီး အဆိုပါနိုင်ငံများသည် အရပ်ဘက်အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်အချို့ကို ဆောင် ရွက်ရန် စုပေါင်းအဖွဲ့အစည်းများကို ဖွဲ့စည်းထားလေ့ရှိသည်၊ ၎င်းအဖွဲ့အစည်းသည် ဥပမာ - ဖွံ့ဖြိုးမှုကို

စုပေါင်းအဖွဲ့အစည်းများ

ကွန်မြူနစ်နိုင်ငံများတွင် အသုံးများပြီး အလုပ်သမားများ၊ ပြည်သူ့ဝန်ထမ်းများ သို့မဟုတ် ကျေးရွာ အစုအဝေးများကို ရည်ညွှန်းလေ့ရှိသည်။ အလုပ်နှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများသည် ယေဘုယျအားဖြင့် ကုန်သည် သမဂ္ဂများနှင့် အလားသဏ္ဌာန် ဆင်တူသော်လည်း ၎င်းတို့သည် အမျိုးသမီးများ သို့မဟုတ် လူငယ်များဖြင့် စုဖွဲ့ထားသည်လည်း ဖြစ်နိုင်သည်။

ပံ့ပိုးပြီး ဒေသခံလူမှုအသိုင်းအဝိုင်းကို သင်တန်းများပေးခြင်း၊ သို့မဟုတ် ဒေသတွင်း ဘတ်ဂျက်များကို စီမံခန့်ခွဲခြင်းအစရှိသည့် အရပ်ဘက်အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်အချို့ကို လုပ်ဆောင်သည်။ ဥပမာ - ဗီယက်နမ် တောင်သူလယ်သမား အစည်းအရုံး၊ အမျိုးသမီးသမဂ္ဂနှင့် လူငယ်သမဂ္ဂများ ပါဝင်သည်။ လာအိုနိုင်ငံတွင် စုပေါင်းအဖွဲ့အစည်းများ အနေဖြင့် ကုန်သည်သမဂ္ဂများအဖွဲ့ချုပ် (LFTU)၊ ပြည်သူ့တော်လှန်ရေး လူငယ်သမဂ္ဂ (LYU) နှင့် အမျိုးသမီး သမဂ္ဂ (LWU) တို့ ပါဝင်သည်။ ဤကဲ့သို့ နိုင်ငံဦးဆောင်သော အဖွဲ့အစည်းများသည် နိုင်ငံထံမှ အပြည့်အဝ လွတ်လပ်မှုမရှိကြသည့်အပြင် နိုင်ငံ၏ တစ်စိတ်တစ်ပိုင်း အဖြစ် တည်ရှိနေခြင်းမျိုးလည်း မဟုတ်ပေ။ လာအိုနိုင်ငံ၌ ၎င်းတို့သည် အစိုးရပါတီနှင့် အလားတူသော အခန်းကဏ္ဍအဖြစ် ဆောင်ရွက်ကြပြီး အစိုးရအာဏာပိုင်များက ထိန်းချုပ်ထားသော်လည်း အမှန်တွင် အစိုးရ၏ တစ်စိတ်တစ်ပိုင်းလည်း မဟုတ်ကြပေ။ ဗီယက်နမ် နိုင်ငံတွင်မူ စုပေါင်းအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များကို ပြည်သူ့ကဏ္ဍတွင် အလုပ်ခန့်အပ်မှုဖြင့် ဖွဲ့စည်းလေ့ရှိသည်။ အဆိုပါ အဖွဲ့အစည်းများသည် လစ်ဘရယ်သဘောတရားအရ အရပ်ဘက်အဖွဲ့အစည်းအဖြစ် ဆောင်ရွက်နိုင်ခြင်း မရှိကြပေ၊ အကြောင်းမှာ ၎င်းတို့သည် အစိုးရ၏ ပါဝါကို တဖန်ပြန်လည် ထိန်းကျောင်းရန် မစွမ်းနိုင်သောကြောင့် ဖြစ်သည်။ ဥပမာ - စုပေါင်း အလုပ်သမားအဖွဲ့အစည်းများသည် ၎င်းတို့၏ အလုပ်ရှင် နိုင်ငံတော်မှ အမှီအခို ကင်းလွတ်မှု မရှိကြပေ၊ အကြောင်းမှာ ၎င်းတို့သည် နိုင်ငံတော်၏ တစ်စိတ်တစ်ပိုင်း ဖြစ်လေသည်၊ ၎င်းတို့သည် ကုန်သည်ကြီးများ သမဂ္ဂနှင့်လည်း အလားသဏ္ဌာန်မတူညီပေ။

အထက်ပါအချက်များ ရှိနေသော်လည်း အဆိုပါနိုင်ငံများတွင် လွတ်လပ်သော CSO များ အမှန်တကယ် တည်ရှိကြပြီး ၁၉၈၀ ခုနှစ်များနှောင်းပိုင်းနှင့် ၁၉၉၀ ခုနှစ်များကတည်းက လုပ်ကိုင်ခွင့်ပြုခဲ့ကြသည်။ ၎င်းအချိန်တွင် နိုင်ငံရေးသည် စတင်ပွင့်လင်းလာပြီး ၁၉၈၆ ခုနှစ် တွင် ဗီယက်နမ်၏ ဒွိုင်မွိုင် Doi Moi (ပြန်လည်ပြုပြင်ခြင်း) မူဝါဒ နောက်ဆက်တွဲအနေဖြင့် အရပ်ဘက်အဖွဲ့အစည်းများ လုပ်ငန်းလည်ပတ်ရန် အခွင့်အလမ်းများ ပိုမိုပေါ်ထွန်းလာခဲ့သည်။ ဗီယက်နမ် နိုင်ငံတွင် ၁၉၉၀ နှစ်များအတွင်း ဒေသခံ NGO များအား ၎င်းတို့၏ လုပ်ငန်းများအပေါ် ကန့်သတ်ထားဆဲဖြစ်သော်လည်း အပြည်ပြည်ဆိုင်ရာ NGO များကို လုပ်ကိုင်ခွင့်ပြုခဲ့သည်။ ၎င်းတို့တွင် အနည်းငယ်မျှသော NGO များက မူဝါဒပိုင်းဆိုင်ရာ အရေးဆိုစည်းရုံးမှုများ ဆောင်ရွက်ခြင်း၊ သို့မဟုတ် နိုင်ငံကို စောင့်ကြည့်ခြင်းတို့ လုပ်ဆောင်ကြပြီး အများစုမှာ ဖွံ့ဖြိုးရေး ပရောဂျက်များနှင့် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများတွင်သာ ကန့်သတ်ခံခဲ့ရသည်။ ယခုနှစ်များတွင် အပြည်ပြည်ဆိုင်ရာ NGO များ တိုးတက်များပြားလာသော်လည်း CSO များက ဝန်ဆောင်မှုပေးခြင်းနှင့် အစိုးရအား နည်းပညာအကူအညီ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်သည့်အပြင် အရေးဆိုစည်းရုံးရေး စတင်လုပ်ဆောင်လာကြပြီဖြစ်သည်။ လာအိုနိုင်ငံတွင် အစိုးရက ၎င်း၏ စီးပွါးရေးယန္တရားအသစ်ကို ၁၉၈၆ ခုနှစ်တွင် ချမှတ်သောအခါ ၁၉၈၀ နှစ်များအလယ်တွင် ဗီယက်နမ်နှင့် အလားတူ ပုံသဏ္ဌာန်မျိုး စတင်လာခဲ့သည်။ ရလာဒ်အားဖြင့် အပြည်ပြည်ဆိုင်ရာ NGO များကို တိုင်းပြည်တွင်းရှိ ဖွံ့ဖြိုးရေးနှင့် ဝန်ဆောင်မှုပေးရေး တို့တွင် တဖြည်းဖြည်း လုပ်ကိုင်ခွင့် ပြုခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် အစိုးရသည် အကျိုးအမြတ် မယူသော အဖွဲ့အစည်းများ၏ လုပ်ငန်းလည်ပတ်ခြင်းနှင့်

ထိန်းကျောင်းခြင်း အမိန့်ဒီကရီ (NPAs) ကို ထုတ်ပြန်ခဲ့ပြီး လာအိုနိုင်ငံတွင် CSO ဖွဲ့စည်းခွင့် ပြုခဲ့သည်။ သို့ရာတွင် ၎င်းတို့သည် အပြည့်အဝလွတ်လပ်မှုမရှိကြဘဲ အမျိုးမျိုးသော ဥပဒေ နည်းလမ်းများဖြင့် ထိန်းချုပ်ခံခဲ့ရသည်၊ ၎င်းတို့တွင် အစိုးရ၏ ခွင့်ပြုချက်လိုအပ်မှုနှင့် မှတ်ပုံတင် ကန့်သတ်ချက်များ ပါဝင်သည်။

အုပ်ချုပ်မှုအရောအနှောပုံစံကျင့်သုံးသော နိုင်ငံများပင် (ဒီမိုကရေစီနည်းအရ ရွေးကောက် တင် မြှောက်ထားသော အစိုးရရှိသော်လည်း အာဏာရှင်က ထိန်းချုပ်ခြယ်လှယ်ထားခြင်း) အရပ်ဘက် အဖွဲ့အစည်း၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို ကန့်သတ်ထားသည်။ စက််ပူနှင့် မလေးရှား နိုင်ငံများတွင် လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့်များအား ကန့်သတ် ထားသော ဥပဒေများ၊ အရပ်ဘက်အဖွဲ့အစည်းကို မူဝါဒများဖြင့် ထိန်းချုပ်ထားကြသည်။ ရလာဒ်အားဖြင့် CSO များ၏ အစိုးရအပေါ် ဝေဖန်ထောက်ပြဖော်ပြမှုများကို တားမြစ်ခြင်း၊ ကန့်သတ်ခြင်း၊ အနှောင့်အယှက်ပြုခြင်း သို့မဟုတ် ရာဇဝတ်မှုအဖြစ်သတ်မှတ်ခြင်းတို့ ဖြစ်ပေါ် လာသည်။ ထိုင်း၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံများ၌ အရပ်ဘက်အဖွဲ့အစည်းကို ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ခိုင်မာအားကောင်းစေရေးတို့တွင် တက်ကြွသူအဖြစ် တွေ့မြင်နိုင်သည်။ သို့ရာတွင် ယခုနှစ်များအတွင်း နိုင်ငံ၏ ထိန်းချုပ်မှုများ တိုးပွါးလာခြင်းသည် အရပ်ဘက် အဖွဲ့အစည်းတိုးတက်ဖွံ့ဖြိုးမှုကို ဆိုးရွားစွာ အကျိုးသက်ရောက်စေသည်။

ဖြစ်ရပ်လေ့လာခြင်း

အရှေ့တောင်အာရှ၏ ပထမဆုံးသော လူ့အခွင့်အရေး NGO များ

အာဏာရှင်အုပ်ချုပ်မှုလက်အောက်၌ လူ့အခွင့်အရေးချိုးဖောက်မှုများ အဖြစ်များလာသောအခါ ၁၉၇၀ နှစ်များတွင် အရှေ့တောင်အာရှနိုင်ငံများတွင် လူ့အခွင့်အရေးဆောင်ရွက် ကြသော NGO များသည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဖြင့် ၎င်းတို့၏ လုပ်ငန်းများကို စတင်ခဲ့ကြ သည်။ ဒေသတွင်း၌ အစောဆုံးမှာ ဖိလစ်ပိုင်၏ ထိန်းသိမ်းခံရသူများဆိုင်ရာ အထူးလုပ်ငန်း အဖွဲ့ (TFDP) ဖြစ်ပြီး ၁၉၇၄ ခုနှစ်တွင် (ဤခုနှစ်မတိုင်မီကတည်းက တက်ကြွစွာ လှုပ်ရှားခဲ့သော်လည်း) တည်ထောင်ခဲ့သည်။ ၎င်းကာလသည် အာဏာရှင် စနစ်ဖြင့် အုပ်ချုပ်သော သမ္မတ ဖာဒီနန် မားကို့စ် လက်ထက်ဖြစ်ပြီး ရိုမန်ကတ်သလစ် ဘုရားကျောင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဖိလစ်ပိုင်၏ ကြီးမားသော ဘာသာရေးအထက် အသင်းတော် (AMRSP) က ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

မူလတွင် နိုင်ငံရေးအကျဉ်းသားများအား စိတ်ပိုင်းဆိုင်ရာနှင့် ပစ္စည်းကူညီပံ့ပိုးမှုများ ပေးရန် တည်ထောင်ခဲ့သည် (နိုင်ငံရေးအကျဉ်းသား အများစုမှာ ၁၉၇၂ ခုနှစ်မှစ၍ အသက်ဝင်ခဲ့သော ဆိုးရွားသည့် စစ်အုပ်ချုပ်ရေးအောက်တွင် အကျဉ်းကျခံခဲ့ရသည်)။ ထိုအချိန်မှ စတင်လျက် TFDP သည် ယေဘုယျအားဖြင့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများကို ကာကွယ်၊ မြှင့်တင်ရန် ချဲ့ထွင်ခဲ့ပြီးယနေ့အချိန်အထိ ဆက်လက်လုပ်ကိုင်ခဲ့သည်။ အာဏာရှင်အုပ်ချုပ်မှု အောက်တွင်

အခြားသော အဖွဲ့အစည်းများ တားမြစ်ခံခဲ့ရသော်လည်း TFDP ကို ဘာသာရေး ပုံသဏ္ဌာန်များဖြင့် ဦးဆောင်ခဲ့သည့်အတွက် အကျဉ်းထောင်များအတွင်း နှိပ်စက်ညှဉ်းပန်းခံရသော နိုင်ငံရေးအကျဉ်းသားများကို ကူညီပံ့ပိုးပေးနိုင်ခဲ့သည်။ တစ်ချိန်တည်းတွင် တရားမျှတသော တရားခွင်နှင့် ပိုမိုကောင်းမွန်သော အကျဉ်းထောင် အခြေအနေများအတွက် အရေးဆိုစည်းရုံးခဲ့ကြသည်။

စုစည်း ဆန္ဒပြမှုများဖြင့် ၁၉၈၆ ခုနှစ်တွင် မားကို့စ်အုပ်ချုပ်မှု အဆုံးသတ်သွားပြီးနောက် TFDP သည်၎င်း၏ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး ယနေ့အချိန်တွင် ဖိလစ်ပိုင်၌ လူ့အခွင့်အရေးဆောင်ရွက်သည့် ဦးဆောင် အဖွဲ့အစည်းတစ်ခုဖြစ်ကာ အရေးဆိုစည်းရုံးမှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် မှတ်တမ်းတင်ခြင်းများနှင့် လူ့အခွင့်အရေး ဗဟုသုတများ ဖြန့်ဝေရန် လူ့အခွင့်အရေးပညာရေး ဖော်ဆောင်ခြင်းများအား လုပ်ဆောင်လျက်ရှိသည်။ နောက်ပိုင်းတွင် စီးပွါးရေးနှင့် လူမှုရေးဆိုင်ရာ အခွင့်အရေးများ(ဥပမာ - မိုင်း၏ အကျိုးသက်ရောက်မှုများ)အထိ ၎င်း၏ လုပ်ငန်း နယ်ပယ်ကို ချဲ့ထွင်လာခဲ့သည်။

အပြန်အလှန်ထိန်းကျောင်းသူ

အရပ်ဘက်အဖွဲ့အစည်းသည် အစိုးရ၏ အာဏာအလွဲသုံးစားပြုမှုကို စစ်ဆေးခြင်းဖြင့် နိုင်ငံကို စောင့်ကြည့်ပြီး တစ်ချိန်တည်းတွင် နိုင်ငံ၏ ချုပ်ကိုင်လွှမ်းမိုးမှုကြောင့် အာဏာခွဲဝေသုံးစွဲသည့် ဟန်ချက်ကို တိမ်းစောင်းမှု မဖြစ်စေရန် ကန့်သတ်ပေးသူအဖြစ် ဆောင်ရွက်ပြီး ထိုမှတဆင့် နိုင်ငံအား တာဝန်ခံမှု ရှိစေခြင်းဖြစ်သည်။

၁၇.၃.၁ အရှေ့တောင်အာရှ၏ ဒီမိုကရေစီဖြစ်ထွန်းမှုတွင် အရပ်ဘက်အဖွဲ့အစည်း၏ အခန်း ကဏ္ဍ

အရပ်ဘက်အဖွဲ့အစည်းသည် ဒီမိုကရေစီဖြစ်ထွန်းမှု အဆင့်အားလုံးတွင် နိုင်ငံ၏ ပါဝါကို အပြန်အလှန် ထိန်းကျောင်းသူအဖြစ် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်သည်၊ ဒီမိုကရေစီနည်းလမ်းမကျသော အုပ်ချုပ်မှုစည်းမျဉ်းများကို အဆုံးသတ်ရန်နှင့် ဒီမိုကရေစီစနစ်ကို နိဒါန်းပျိုးရာတွင် ပံ့ပိုးကူညီသော အင်အားစုဖြစ်စေသည်။ ထိုသို့ဆောင်ရွက် ပြီးမြောက်ပါက ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာလာအောင် လုပ်ဆောင်ပြန်သည်၊ ၎င်းတွင် ဒီမိုကရေစီ နည်းလမ်းမဟုတ်ဘဲ အာဏာရယူရန် ကြိုးပမ်းမှုများအပေါ် ဆန့်ကျင်ခြင်း၊ ဒီမိုကရေစီစနစ် ကျင့်သုံးနေသော နိုင်ငံကို စောင့်ကြည့်ခြင်းတို့ ပါဝင်သည်။ အာဏာရှင်အုပ်ချုပ်မှု စနစ်မှ ဒီမိုကရေစီစနစ်သို့ အပြောင်းအလဲကို ဖော်ဆောင်ရာတွင် အရပ်ဘက်အဖွဲ့အစည်းနှင့် လူမှုလှုပ်ရှားမှုများသည် အမှန်ပင် တန်ဖိုးရှိသော အခန်းကဏ္ဍအဖြစ် ပါဝင်ဆောင်ရွက်ကြသည်။ ၎င်းအချက်ကို ကမ္ဘာတစ်လွှားရှိ အတွေ့အကြုံနှင့် မျှဝေလိုပါသည်၊ ဥပမာ - ၁၉၇၀ နှင့်၁၉၈၀ နှစ်များအတွင်း လက်တင်အမေရိကနိုင်ငံ သို့မဟုတ် ၁၉၈၀ နှစ်များနှောင်းပိုင်းတွင် ဆိုဗီယက်နိုင်ငံဟောင်းများ ဖြစ်ကြသည်။ အလားတူဖြစ်ရပ်မျိုးအား ၁၉၄၀ နှင့် ၁၉၅၀ နှစ်များ အတွင်း လွတ်လပ်ရေး ကြိုးပမ်းလှုပ်ရှားမှုများဖြင့် အရှေ့တောင်အာရှတွင် တွေ့နိုင်သည်။ ထို့နောက် ၁၉၅၀နှစ်များ မှ ၁၉၈၀နှစ်များအတွင်း အာဏာရှင်အုပ်ချုပ်မှုကို ဆန့်ကျင်သော ကမ်ပိန်းများလည်း လုပ်ဆောင်ခဲ့ကြသည်။ ကိုလိုနီအုပ်ချုပ်မှုမှ လွတ်လပ်ရေးရရှိလာပြီးနောက် အရှေ့တောင်အာရှနိုင်ငံအများစုသည် ဒီမိုကရေစီစနစ်ခိုင်မာအာကောင်းမှုဆီသို့ ရုန်းကန်ခဲ့ရ သည်၊ စစ်အုပ်ချုပ်ရေး သို့မဟုတ် တစ်ပါတီစနစ်အုပ်ချုပ်ရေးဖြင့် အာဏာရှင် အုပ်ချုပ်မှုသို့ နောက်ပြန်သွားခဲ့သည့် နိုင်ငံအများစုလည်း ရှိကြသည်။ ၎င်းကို ၁၉၇၀ နှင့် ၁၉၈၀ နှစ်များ အတွင်းရှိ အင်ဒိုနီးရှားနိုင်ငံ၊ လီကွမ်ယု ခေါင်းဆောင်မှုအတွင်းရှိ စင်္ကာပူနိုင်ငံ၊ မဟာသီယာ မိုဟာမက်အောက်ရှိ မလေးရှားနိုင်ငံ၊

ဖာဒီနန်မားကို့စ်အောက်ရှိ ဖိလစ်ပိုင်နိုင်ငံ၊ ၁၉၅၀နှစ်များမှ ၁၉၈၀ နှစ်များတွင် ထိုင်းနိုင်ငံအတွင်း စစ်အုပ်ချုပ်ရေး ကြားဝင်ခဲ့မှုများ၊ ၁၉၇၅ - ၁၉၇၉ အတွင်း ကမ္ဘောဒီးယားနိုင်ငံ ခမာနီကြီးစိုးမှု၊ လတ်တလောကာလ ဟွမ်ဆန် ခေါင်းဆောင်မှုတို့တွင် တွေ့နိုင်ပါသည်။ ဖြစ်ရပ်အများစုတွင် အရပ်ဘက်အဖွဲ့အစည်း ဦးဆောင်သော လှုပ်ရှားမှုများဖြင့် ဒီမိုကရေစီစနစ်သို့ ပြောင်းလဲရန် လမ်းညွှန်ပေးခဲ့ခြင်း ဖြစ်သည်၊ ဥပမာ - ဖိလစ်ပိုင်နိုင်ငံ၌ လူသိများကျော်ကြားသော အရေးတော်ပုံ (လူထုပါဝါ တော်လှန်ရေး - EDSA တော်လှန်ရေးဟု လည်း သိကြသည်) က ဖာဒီနန် မားကို့စ်၏ ၂၁ နှစ်ကြာ အာဏာရှင်အုပ်ချုပ်မှုကို အဆုံးသတ် စေခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံအား ဒီမိုကရေစီ အပြောင်းအလဲအတွက် လမ်းဖောက် ပေးခဲ့သည်။ ထိုင်းနိုင်ငံတွင်လည်း ၁၉၇၃ ခုနှစ် အောက်တိုဘာ ၁၄ ရက်နှင့် ၁၉၉၂ ခုနှစ် မေလတွင် ဖြစ်ပွါးခဲ့သော အရေးတော်ပုံများက စစ်အစိုးရကို ဖြုတ်ချနိုင်ခဲ့သည်။ သို့သော် လူသိများ ကျော်ကြားသည့် အရေးတော်ပုံ အားလုံးမှာ ဒီမိုကရေစီအပြောင်းအလဲကို ဖော်ဆောင်ရာတွင် အောင်မြင်ခဲ့သည် မဟုတ်ပေ။ မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ် သြဂုတ်လ ၈ ရက်နေ့ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြမှုနှင့် ထိုင်းနိုင်ငံတွင် ၁၉၇၆ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် ပေါ်ပေါက်ခဲ့သော ဆန္ဒပြမှုများသည် စစ်အုပ်ချုပ်ရေးကို အဆုံးမသတ်စေနိုင်ဘဲ ကျရှုံးခဲ့ရသည်။ မည်သို့ပင် ဆိုစေကာမူ အရပ်ဘက်အဖွဲ့အစည်းအင်အားစုများသည် နိုင်ငံရေးအပြောင်းအလဲကို တောင်းဆို နိုင်သော စကြံ့်နိတစ်ခုကို ပံ့ပိုးရာတွင် အရေးပါ လှပေသည်။

ဒီမိုကရေစီနစ်သို့ ပြောင်းလဲပြီးနောက်တွင်လည်း ဒီမိုကရေစီခိုင်မာ အားကောင်းစေရန် အရပ်ဘက်အဖွဲ့အစည်းသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေပြန်သည်၊ နိုင်ငံ၏ မလျော့သြဇာအသုံးပြုမှုကို အပြန်အလှန်ထိန်းကျောင်းခြင်း၊ အာဏာရှင် အစိုးရများမှ အာဏာပြန်လည် သိမ်းယူရန် ကြိုးပမ်းမှုကို ကာကွယ်ခြင်း၊ နိုင်ငံသားများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်မှုကို အားပေး ဆောင်ရွက်ခြင်း၊ နိုင်ငံအပေါ် ပြည်သူ့ရေးရာကြည့်ရှုစစ်ဆေးမှုကို အားပေးခြင်း တို့ကို လုပ်ဆောင် ကြသည်။ ၁၉၈၀ နှစ်များ နှောင်းပိုင်းတွင် အဓိကအားဖြင့် ဖွံ့ဖြိုးပြီး နိုင်ငံများမှ နိုင်ငံတကာ ငွေကြေးရံပုံငွေများကြောင့် ဒေသအတွင်း NGO အရေအတွက် သိသိ သာသာ တိုးပွါးလာခဲ့သည်။ NGO များသည် ယခင် လူထုအုံကြွ တက်ကြွလှုပ်ရှားမှုများ၊ တော်လှန်ရေး အင်အားစုများ နှင့်ယှဉ်သော် အန္တရာယ်နည်းခြင်းကြောင့်လည်းကောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဆက်နွယ်နေ သောကြောင့် အကာအကွယ်တစ်နည်းတစ်ဖုံ ရရှိနေခြင်းကြောင့်လည်းကောင်း ၎င်းတို့ကို တစ်စိတ်တစ်ပိုင်း ခွင့်ပြုပေးခဲ့ကြသည်။ တစ်ချိန်တည်းတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စကားရပ်များကို NGO များက အပြောင်းအလဲဖော်ဆောင်ရာတွင် အရေးဆိုစည်းရုံးရန် အသုံး ပြုခဲ့ကြသည်။ NGO များနှင့် မိတ်ဖက်ပြုလျက် လူမှုလှုပ်ရှားမှုများ ကြီးထွားလာကြပြီး မူဝါဒများ ပြုပြင်ပြောင်းလဲရန် သို့မဟုတ် အခွင့်အရေးများကို ကာကွယ်ရန်တို့အတွက် ကမ်ပိန်းများကို လုပ်ဆောင်လာကြသည်။ ရလာဒ်အားဖြင့် နိုင်ငံတိုင်းနီးပါးတွင် မူဝါဒရေးဆွဲရာ၌ အရပ်ဘက် အဖွဲ့အစည်းများ ပါဝင်လာကြသည်၊ သို့သော် အုပ်ချုပ်မှုစနစ်၊ နိုင်ငံနှင့် အရပ်ဘက် အဖွဲ့အစည်း အကြားဆက်ဆံရေး စသည်တို့အပေါ် မူတည်လျက် အဓိပ္ပါယ်ပြည့်ဝသော ပါဝင်မှုနှင့်ပတ်သက်ပြီး ကွဲပြားမှုရှိပါသည်။

ဖြစ်ရပ်လေ့လာခြင်း

ဖိလစ်ပိုင်နိုင်ငံ၏ လူထုအာဏာလှုပ်ရှားမှုတွင် အရပ်ဘက်အဖွဲ့အစည်း၏ အခန်း ကဏ္ဍ

သမ္မတ ဖာဒီနန် မားကို့စ် လက်ထက် ဖိနှိပ်သော စစ်အုပ်ချုပ်ရေးအောက်တွင် ၁၄ နှစ်ကြာ နေခဲ့ပြီးနောက် ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ငြိမ်းချမ်းသော လူထုဆန္ဒပြပွဲက နိုင်ငံကို လွတ်လပ်သည်အထိ ဦးဆောင်ခဲ့သည်။ ဆန္ဒပြပွဲဖြစ်ပွါးခဲ့သော Epifanio De los Santos Avenue (EDSA) နေရာကိုအစွဲပြုလျက် နောက်ပိုင်းတွင် EDSA လူထု အာဏာ တော်လှန်ရေးဟု လည်း ခေါ်ကြသည်။ ၎င်းနေရာသည် ဒေသတွင်း ဒီမိုကရေစီ သမိုင်းကြောင်းတွင် လူထု အောင်မြင်မှုအဖြစ် မှတ်သားဖွယ်နေရာတစ်ခုဖြစ်သည်။

မားကို့စ်က ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် သမ္မတ ရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး ထိုရွေးကောက်ပွဲမှာ ချို့ယွင်းချက်များရှိပြီး တိကျ မှန်ကန်မှုမရှိဟု အားလုံးက မှတ်ယူကြသည်။ မည်သို့ပင်ဆိုစေကာမူ မားကို့စ်က ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ၎င်းအနိုင်ရသည်ဟု ကြေညာ ခဲ့သည်။ မကြာမီပင် နိုင်ငံတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းက မားကို့စ်ကို ရာထူးမှ နှုတ်ထွက်ရန်နှင့် ဒီမိုကရေစီကို တောင်းဆိုခဲ့သည်။ အကျိုးဆက်အားဖြင့် သန်းပေါင်းများစွာသော လူထုက လမ်းမ များပေါ် ထွက်လာကာ ပြည်သူများ၏ အာဏာဖီဆန်ရေးလှုပ်ရှားမှုကို အကြီးအကျယ် ထုတ်ဖော် ကြသည်။ လူထု၏ ငြိမ်းချမ်းစွာဆန့်ကျင်မှုကို နိုင်ငံတွင်းရှိ အားကောင်းသော အရေးပါသူများ ဖြစ်သည့် စစ်တပ်နှင့် နိုင်ငံခြေါင်းဆောင် အကြီးအကဲများက ပံ့ပိုးပေးခဲ့ကြပြီး မားကို့စ်အား ရာထူးမှစွန့်ပေးရန် တောင်းဆိုခဲ့ကြသည်၊ ကတ်သလစ် ဘုရားကျောင်းကလည်း ဖိလစ်ပိုင် လူမျိုးများကို EDSA ဆန္ဒပြပွဲတွင် ပါဝင်ရန် ဆော်သြခဲ့သည်။ ဆန္ဒပြပွဲ ဒုတိယမြောက်နေ့တွင် ဆန္ဒပြသူများကို ပစ်ခတ်ရန် မားကို့စ်က လက်နက်ကိုင် တပ်ဖွဲ့ကို စေလွှတ်ခဲ့သော်လည်း စစ်တပ်က အမိန့်ကို ဖီဆန်ခဲ့သည်။ အကျိုးဆက်အားဖြင့် ရွေးကောက်ပွဲပြီးနောက် ရက်သတ္တပတ် အနည်းငယ်အတွင်း မားကို့စ်မှာ နိုင်ငံမှ ထွက်ပြေးခဲ့ရပြီး နိုင်ငံရှိ ၂၁ နှစ်ကြာ ဖိနှိပ်အုပ်ချုပ်မှုအား အဆုံးသတ်စေခဲ့သည်။ ထို့ကြောင့် ဖိလစ်ပိုင်၏ လူထုအာဏာလှုပ်ရှားမှုသည် အာဏာရှင်ကို ဖြုတ်ချနိုင်ခဲ့သော အရှေ့တောင်အာရှရှိ အရပ်ဘက်အဖွဲ့အစည်း ဦးဆောင်ခဲ့သည့် လူထုလှုပ်ရှားမှု ဖြစ်ရပ်တစ်ခု ဖြစ်စေခဲ့သည်။

နိုင်ငံတော် အကြည်ညို ပျက်စေသော အက်ဥပဒေ

အစိုးရအား ဖြုတ်ချရန် အပြုအမူ သို့မဟုတ် နှုတ်ပြောအားဖြင့် ကြိုးပမ်းသူအား တားမြစ်သည့် ဥပဒေဖြစ်သည်။ ပြစ်ဒဏ်များမှာ များသောအားဖြင့် ပြင်းထန်လေ့ရှိပြီး နှစ်ရှည်ထောင်ဒဏ်များ သို့မဟုတ် သေဒဏ်အထိပင် ပေးလေ့ရှိသည်။

၁၇.၄ အရှေ့တောင်အာရှရှိ အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ဥပဒေများ

အရှေ့တောင်အာရှတွင် အရပ်ဘက်အဖွဲ့အစည်း၏ ကြီးထွားဖွံ့ဖြိုးမှုကို နိုင်ငံရေးအရ ထိန်းချုပ်ခဲ့ခြင်းမှာ ယနေ့ခေတ်နှင့် နှိုင်းယှဉ်သော် လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်အတွင်း လျော့တိလျော့ရဲဖြစ်ခဲ့သည်ဟု ဆိုနိုင်သော်လည်း ယနေ့ခေတ်တွင် ဒေသတွင်းအစိုးရများက အရပ်ဘက်အဖွဲ့အစည်း၏ အဓိကကျသူများကို ဖမ်းဆီးခြင်း သို့မဟုတ် ဒဏ်ငွေတပ်ခြင်းဖြင့်

တိုက်ရိုက်သော်လည်းကောင်း၊ သို့မဟုတ် ဥပဒေများဖြင့် သွယ်ဝိုက်၍သော်လည်းကောင်း ထိန်းချုပ်ရန် ကြိုးပမ်းလာကြသည်။ ဒေသအတွင်း ဥပဒေများစွာဖြင့် အရပ်ဘက်အဖွဲ့အစည်းများကို ကန့်သတ်၊ ထိန်းချုပ်လာကြသည်။ နည်းလမ်းတစ်ခုမှာ မဖြစ်မနေမှတ်ပုံတင်ခြင်း၊ ငွေကြေးဆိုင်ရာ စည်းမျဉ်းများထုတ်ပြန်ခြင်းကဲ့သို့သော ဥပဒေများဖြင့် အရပ်ဘက်အဖွဲ့အစည်းအရေအတွက်ကိုလည်းကောင်း၊ ၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်မှုကိုလည်းကောင်း သွယ်ဝိုက် ထိန်းချုပ်မှုများ ဆောင်ရွက်လာကြသည်။ ထို့ပြင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးဖွဲ့စည်းခွင့်ဆိုင်ရာဥပဒေများဖြင့် CSO များ တွေ့ဆုံ၊ ပြောဆိုခြင်း သို့မဟုတ် သတင်းအချက်အလက်ဖြန့်ဝေခြင်းတို့ကို အခက်အခဲဖြစ်စေကာ ဥပဒေဖြင့် တိုက်ရိုက်ထိန်းချုပ်ခြင်းများလည်း ရှိလာသည်။ ဥပမာအနေဖြင့် မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင် တက်ကြွလှုပ်ရှားသူများအပေါ် နိုင်ငံတော် အကြည်ညိုပျက်စေသော အက်ဥပဒေ အသုံးပြုခြင်း၊ သို့မဟုတ် ဗီယက်နမ်နှင့် စင်္ကာပူနိုင်ငံတို့တွင် အတိုက်အခံအင်အားစုများ၏ အသံအပေါ် အရေးပေါ်နှင့် ပြည်သူ့လုံခြုံရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ အသုံးပြုခြင်း တို့ဖြစ်ကြသည်။

မဖြစ်မနေ မှတ်ပုံတင်ခြင်း

အဖွဲ့အစည်းများသည် မှတ်ပုံတင်ရမည်ဖြစ်ပြီး အဖွဲ့ဝင်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို အစိုးရအား အသိပေးရမည် ဖြစ်သည်။ အရှေ့တောင်အာရှရှိ နိုင်ငံအများစုသည် ဤအချက်ဖြင့် NGOများအပေါ် ကျင့်သုံးလာကြသည်။

မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေများတွင် မည်သည့် လုပ်ငန်းဆောင်ရွက်မှုများကို ခွင့်ပြုသည်၊ မည်သည်တို့ကို ဆောင်ရွက်နိုင်သည်တို့ကို ဖော်ပြထားပြီး မှတ်ပုံတင်ခြင်းအပေါ် အဟန့်အတားဖြစ်စေသည်၊ ထို့နည်းဖြင့် CSO အရေအတွက်များကို ကန့်သတ်ထားခြင်းဖြစ်သည်။ အချို့သော နိုင်ငံများသည် တရားဝင်မှတ်ပုံတင်ထားသော အဖွဲ့အစည်းများကိုသာ (ဥပမာ - အကျိုးအမြတ်မယူ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ သို့မဟုတ် ဖောင်ဒေးရှင်းများ) လုပ်ငန်းလည်ပတ်ခွင့်ပြုထားသည်။ မှတ်ပုံတင်ခြင်းကိစ္စတွင် မကြာခဏ ဆိုသလို ငြီးငွေ့ဖွယ်ကောင်းသည့် အခက်အခဲများရှိပြီး ၎င်းတို့အလုပ်အပေါ် နိုင်ငံ၏ စောင့်ကြည့်မှုများလည်း ပါဝင်လေ့ရှိသည်။ အတော်အတန်ပွင့်လင်းသော အရပ်ဘက်အဖွဲ့အစည်းရှိသည့် နိုင်ငံများတွင်ပင် CSO များကို စောင့်ကြည့်ထိန်းချုပ်ရန် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို သိသာစွာ တိုးမြှင့် အသုံးပြုလေ့ရှိသည်။ ထို့ပြင် အရှေ့တောင်အာရှနိုင်ငံများအားလုံးတွင် NGO များအတွက် မှတ်ပုံတင်ခြင်းဆိုင်ရာ သတ်မှတ်ပုံစံအချို့ရှိကြသည်။ စင်္ကာပူတွင် လူမှုအသိုက်အဝန်းအက်ဥပဒေ (၂၀၀၄) အရ လူမျိုး၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ အခွင့်အရေးများနှင့် ဆက်စပ်နေသည်မှလွဲ၍ လူ ၁၀ ဦး သို့မဟုတ် ၁၀ ဦးထက်ပိုသော အုပ်စုများကို မှတ်ပုံတင်ခွင့်ပေးထားသည်။ ထို့ပြင် နိုင်ငံခြားနှင့် ဆက်သွယ်သော အဖွဲ့အစည်း၊ သို့မဟုတ် ကိုယ်ခံပညာပွဲ ကမကထပြုသော အဖွဲ့အစည်းများအားလုံးသည် မှတ်ပုံတင်ခြင်းလုပ်ငန်း မလုပ်ဆောင်မီ စိစစ်ခြင်းလုပ်ငန်းစဉ်ကို ထပ်တိုး ဆောင်ရွက်ရသည်။ အလားတူပင် အင်ဒိုနီးရှားတို့၏ ဖောင်ဒေးရှင်းများနှင့် ပတ်သက်သည့် ၂၀၀၁ ခုနှစ် ဥပဒေသည် NGO များ၏ လုပ်ငန်းဆောင်ရွက်ချက်များအား စုံစမ်းစစ်ဆေးရန် တရားရေး ဝန်ကြီးဌာနကို ခွင့်ပြုထားသည်။ အလားတူစွာ ထိုင်းနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း မရှိသည့် အဖွဲ့အစည်းများသည် လုပ်ငန်းဆောင်ရွက်ခွင့်ရသော်လည်း မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းများကဲ့သို့ အစိုးရဌာန များနှင့် လက်လှမ်းမီချိတ်ဆက်နိုင်ခြင်း မရှိပေ။ မှတ်ပုံတင်ထားသော အဖွဲ့အစည်းများသည် ပြည်ထဲရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင် ကျရောက်ပြီး

(အဖွဲ့အစည်း အမျိုးအစားပေါ် မူတည်လျက်) အခွန်ကင်းလွတ်ခွင့်၊ ဘဏ်အကောင့်များ ဖွင့်ခွင့်၊ တရားဝင် ဝန်ထမ်းခန့်အပ်နိုင်ခွင့် ကဲ့သို့သော အကျိုးခံစားခွင့်များ ရရှိနိုင်သည်။

ဖြစ်ရပ်လေ့လာခြင်း

လာအိုနိုင်ငံရှိ NGO မှတ်ပုံတင်ခြင်း ဥပဒေ

လာအိုနိုင်ငံတွင် အသင်းအဖွဲ့များဆိုင်ရာအမိန့်ဒီဂရီအရ အကျိုးအမြတ်မယူအဖွဲ့အစည်းများ သို့မဟုတ် NPA များဟု သိကြသော CSO များ မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့်ဥပဒေကို ၂၀၀၉ ခုနှစ်တွင် တရားဝင် ထုတ်ပြန်ခဲ့သည်။ ထို့ဥပဒေ၌ ပထမဆုံးအကြိမ်ဖြင့် အာဏာပိုင်များက NPA များအပေါ် ဗဟိုချုပ်ကိုင်မှု မှတ်ပုံတင်ခြင်း လိုအပ်သည်ဟု ဖော်ပြထားသည်။ ဥပဒေတွင် အစိုးရက ဖွံ့ဖြိုးရေးကဏ္ဍရှိ NPA များ၏ အခန်းကဏ္ဍကို ယခုအခါ အသိအမှတ် ပြုထားသော်လည်း ၎င်းတို့ကို လုပ်ပိုင်ခွင့်များများစားစား ပေးအပ်ထားခြင်းမရှိပေ။ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်သည် ရှည်လျားပြီး ရှုပ်ထွေးကာ ကော်မတီများစွာ ဖွဲ့စည်းထားရှိပြီး အလွှာမျိုးစုံရှိ အစိုးရဌာနမျိုးစုံနှင့် ထိတွေ့ဆောင်ရွက်ရသည့် မှတ်ပုံတင်ခြင်း အဆင့်များ ပါဝင်သည်။ ထို့ပြင် နိုင်ငံတကာ NGO များဆိုင်ရာ ဒီကရီကို ၂၀၁၀ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဆောင်ရွက်နေကြသည့် နိုင်ငံတကာ NGO များနှင့် သက်ဆိုင်ပေသည်။ ၎င်းတို့တွင် လုပ်ငန်းလည်ပတ်ခွင့်ပါမစ်များ၊ ပရောဂျက်ခွင့်ပြုမိန့်များ၊ ပရောဂျက်အလွန် လုပ်ငန်းလည်ပတ်ခွင့်များနှင့် ဝန်ထမ်းခန့်အပ်ခွင့်များ ပါဝင်သည်။ ထို့ပြင် INGO များသည် သက်ဆိုင်ရာ အစိုးရဌာနများနှင့် နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ ဌာနများထံသို့ နှစ်စဉ်အစီရင်ခံစာများ တင်သွင်းရသည်။ တနည်းအားဖြင့် ဥပဒေဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်နှင့် ဒီကရီများသည် NGO များကို နိုင်ငံ၏ တင်းကြပ်သော ထိန်းချုပ်မှုအောက်တွင် ဝင်ရောက်စေခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် အသင်းအဖွဲ့ဆိုင်ရာ ဒီကရီကို နောက်ဆုံးပြင်ဆင်ခဲ့ပြီး ပြည်တွင်းရှိ NPA များအထိပင် လုပ်ငန်းလည်ပတ်ခွင့်ကို ကန့်သတ်ခဲ့သည်။ ထိုဒီကရီက လာအိုအာဏာပိုင်များအပေါ် ထိန်းချုပ်ခွင့်အာဏာ ပေးအပ်ထားပြီး အသင်းအဖွဲ့ဖွဲ့စည်းခွင့်ကို တားမြစ်ခြင်း၊ အသင်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ခြင်းများကို ကြည့်ရှုခြင်း၊ မှတ်ပုံတင်ထားခြင်း မရှိသော အဖွဲ့အစည်းများကို ပြစ်မှုကျူးလွန်သူအဖြစ်သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်လာကြသည်။ ၎င်းသည် နိုင်ငံရေးအမြင်၊ ဘာသာရေး သို့မဟုတ် လူမှုဇစ်မြစ်ဆိုင်ရာ ကိစ္စရပ်များအပေါ် ဆောင်ရွက်ကြသော အုပ်စုများကိုလည်း တားမြစ်ထားသည်။

အရပ်ဘက်အဖွဲ့အစည်းများကိုထိန်းချုပ်ရန် အခြားဥပဒေဆိုင်ရာနည်းလမ်းများတွင် ငွေကြေးဆိုင်ရာစည်းမျဉ်းဥပဒေများ ပါဝင်သည်။ ပြည်တွင်းရေးကို နိုင်ငံတကာမှ ဝင်ရောက်စွက်ဖက်မည်ကို စိုးရိမ်သည့်အတွက် နိုင်ငံတကာ အလှူငွေပံ့ပိုးသူများက ပြည်တွင်း CSO များအား အထောက်အပံ့ပေးသည်များကို တားမြစ်ရန် သို့မဟုတ် ထိန်းချုပ်ရန် အဆိုပါဥပဒေများဖြင့် ကြိုးပမ်းခြင်းဖြစ်သည်။ လာအိုနိုင်ငံတွင် NPA များသည် ပြည်ပ အလှူငွေများနှင့် ပစ္စည်းများကို မလက်ခံမီ ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက် တောင်းခံရန် လိုအပ်သည်။ စင်္ကာပူတွင် နိုင်ငံရေးအဖွဲ့အစည်းများကို ပြည်ပအလှူငွေများ လက်ခံရယူခြင်းမှ တားမြစ်ထားပြီး စင်္ကာပူဒေါ်လာ ၅၀၀၀ (ခန့်မှန်းခြေ အမေရိကန် ဒေါ်လာ ၃၆၀၀ ခန့်) ထက်ကျော်၍ အမည်မသိလှူဒန်းခြင်းများကို ခွင့်မပြုပေ။ ပံ့ပိုးမှုတွင် နိုင်ငံခြားမှ ပါဝင်ခြင်း၊ သို့မဟုတ် အများပြည်သူအဖွဲ့အစည်းများတွင် နိုင်ငံခြားသားဟောပြောသူများ ပါဝင်ခြင်းတို့ကိုလည်း ခွင့်ပြုထားခြင်း မရှိပေ။ တစ်ချိန်တည်းတွင် အဆိုပါအဖွဲ့အစည်းများနှင့် တက်ကြွလှုပ်ရှားသူများကို စောင့်ကြည့်နိုင်ရန် ငွေကြေးဆိုင်ရာ ထိန်းချုပ်မှုများကို သွယ်ဝိုက်အသုံးပြုကြသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် အကျင့်ပျက်ချစားမှုတိုက်ဖျက်ရေးဥပဒေအရ အရပ်ဘက်အဖွဲ့အစည်း ခေါင်းဆောင်များသည် ၎င်းတို့၏ ပိုင်ဆိုင်မှုကို ဖွင့်ဟ ထုတ်ဖော်ရန်လိုအပ်ပေသည်။ နိုင်ငံရေးသမားများပင် ထိုသို့ဆောင်ရွက်ရန် မလိုအပ်ပေ။ အဖွဲ့အစည်းများနှင့် NGO များဆိုင်ရာ ဥပဒေ (၂၀၁၅) (LANGO) အရ NGO များသည် ငွေကြေးနှင့် စီမံအုပ်ချုပ်မှုအချက်အလက်သေးစိတ်ကို အစိုးရသို့ အစီရင်ခံရန် လိုအပ်သည်။ ထို့ပြင် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း များအားလုံးကို ဥပဒေအရ မဖြစ်မနေ မှတ်ပုံတင်ရန် သတ်မှတ်ထားပြီး နိုင်ငံရေးအရ ဘက်လိုက်မှုမရှိရန် လိုအပ်သည်ဟု ဖော်ပြထားသည်။ ထို့ပြင် CSO များက ကျင်းပပြုလုပ်သည့် သင်တန်းများနှင့် အစည်းအဝေးများကို တားမြစ်ရန် LANGO ကို အသုံးပြုထားသည်။ အချို့သောအစိုးရများက ပြည်သူ့ဘဏ္ဍာငွေလက်လှမ်းမီမှုကို ထိန်းချုပ်ရာတွင် အရပ်ဘက်အဖွဲ့အစည်းကို ထည့်သွင်းရန် ကြိုးပမ်းသည်ဖြစ်ရာ အရပ်ဘက်အဖွဲ့အစည်းတို့၏ အမှီအခိုကင်းမှုကို အချည်းနှီးဖြစ်စေသည်။ ဥပမာ - ထိုင်းကျန်းမာရေး မြှင့်တင်မှုရုံးကို ဆေးလိပ်နှင့် အရက် အခွန်ရငွေမှ ထောက်ပံ့ထားပြီး အဆိုပါအခွန်ငွေကို ပြည်တွင်း CSO များအား ပံ့ပိုးရန် ဘဏ္ဍာငွေခွဲဝေ သတ်မှတ်ခဲ့သည်။ ထိုင်းနိုင်ငံ၌ ၂၀၁၄ ခုနှစ်တွင် စစ်တပ်အာဏာသိမ်းပြီးနောက် အဆိုပါ ဘဏ္ဍာငွေ ခွဲဝေ လျာထားမှုသည် စစ်အစိုးရလက်အောက်သို့ လုံးလုံးလျားလျား ကျရောက်ခဲ့သည်။ ထို့ကြောင့် စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်သည့် ဒီမိုကရေစီအရေး ဆောင်ရွက်သော အဖွဲ့အစည်းများသို့ ပံ့ပိုးပေးနေသည့် ရံပုံငွေကို သိသိသာသာ ဖြတ်တောက်ခဲ့ခြင်းဖြစ်သည်။

၁၇.၅ အာဆီယံနှင့် အရပ်ဘက်အဖွဲ့အစည်း

လူ့အခွင့်အရေးနှင့် နယ်မြေဖြတ်ကျော် လူ့အခွင့်အရေးကိစ္စရပ်များတွင် အာဆီယံ၏ ပါဝင်မှုသည် တိုးပွါးလာသည်၊ အချို့သော CSO များသည် ၎င်းတို့၏ တက်ကြွလှုပ်ရှားမှုကို ဒေသ အဆင့်သို့ စတင် ပစ်မှတ်ထားလာကြသည်။ ၎င်းကို အများသူငှါ အရေးဆိုစည်းရုံးမှု သို့မဟုတ် တိုက်ရိုက်

ဆက်သွယ်မှုများဖြင့် အလွတ်သဘောဆောင်ရွက်လာကြသည်၊ သို့မဟုတ် တရားဝင် နည်းလမ်းနှစ်သွယ်ဖြင့်လည်း ဆောင်ရွက်ကြသည်၊ ၎င်းတို့မှာ ရှိရင်းစွဲ အာဆီယံ လူ့အခွင့်အရေးယန္တရားများ (ဤပြဋ္ဌာန်းစာအုပ်၏ အခန်း ၄ တွင်ဆွေးနွေးထားသည်) ဖြင့် လည်းကောင်း၊ သို့မဟုတ် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် ကျင်းပသည့် အာဆီယံ အရပ်ဘက်အဖွဲ့အစည်းညီလာခံ (ACSC) ဖြင့်လည်းကောင်း ဆောင်ရွက်ခြင်းဖြစ်သည်။ အာဆီယံသည် 'ပြည်သူသို့ အလေးမူသည်' ဟု ဆိုထားသည်ဖြစ်ရာ CSO များသည် ၎င်း၏ လုပ်ငန်းစဉ်များတွင် ပိုမိုပါဝင်ရန် ကြိုးပမ်းလာကြသည်။ ထိုသို့ပါဝင်နိုင်ရန် ၂၀၀၀ မှ ၂၀၀၉ ခုနှစ်အတွင်း အကြံပေးကွန်ယက်တစ်ခုဖြစ်သည့် အာဆီယံ- မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေး အင်စတီကျူများ (ASEAN-Institutes of Strategic and International Studies) (ASEAN-ISIS) မှ ကြီးမှူးကျင်းပသော အာဆီယံ ပြည်သူ့ညီလာခံ (APA) မှတဆင့် အဓိက ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ APA ကို အာဆီယံတာဝန်ရှိသူများနှင့် CSO များအကြား အပြန်အလှန်ဆက်ဆံရေးမြှင့်တင်ရန် ၂၀၀၀ ခုနှစ်တွင် စတင်ကျင်းပခဲ့သည်။ ပါဝင် တက်ရောက်သူများတွင် CSO ကိုယ်စားလှယ်များ၊ ASEAN-ISIS နှင့် ASEAN အဖွဲ့ဝင်နိုင်ငံများ ပါဝင်သည်။ ဖိုရမ်တစ်ခုစီတွင် တက်ရောက်သူအရေအတွက်မှာ ဦးရေ ၂၀၀ မှ ၃၀၀ ခန့် အထိ ရှိသည်။ APA သည် CSO ကိုယ်စားလှယ်များနှင့် အာဆီယံ တာဝန်ရှိသူများကို အစည်းအဝေး စားပွဲဝိုင်းသို့ ခေါ်ယူရန် ရည်ရွယ်ခဲ့သော်လည်း လွတ်လပ်သော အရပ်ဘက်အဖွဲ့အစည်းများ၏ ထုတ်ဖော်ပြောဆိုမှုအတွက် ဖိုရမ်မဟုတ်ခဲ့ပေ။ အကြောင်းမှာ CSOs များ ၏ ပါဝင်မှုကို ASEAN-ISSIS မှ ချုပ်ကိုင်ထားပြီး ပါဝင်တက်ရောက်သူများကို (ခရီးသွားစရိတ် ထောက်ပံ့မှုကို ထိန်းချုပ်ခြင်းဖြင့်) ရွေးချယ်တက်ရောက်စေခဲ့သည်။ အရေးကြီးသော လူ့အခွင့်အရေး ကိစ္စများကို ဆွေးနွေးခြင်းမရှိကြောင်း၊ အားကောင်းသော CSO များသည် အာဆီယံ အစိုးရများအပေါ် ဝေဖန်လွန်းသည့်အတွက် ဖိတ်ကြားခြင်းမခံရကြောင်း အချို့က ဝေဖန်ခဲ့ကြသည်။

မှတ်သားဖွယ်ရာ

အာဆီယံအဆင့် အရေးဆိုစည်းရုံးသော အဖွဲ့အစည်းများ

- Southeast Asian Committee for Advocacy (SEACA): ပညာရေးနှင့် သင်တန်းများဖြင့် အရပ်ဘက်အဖွဲ့အစည်းကို မြှင့်တင်ဆောင်ရွက်သည်။
- Southeast Asian Women's Caucus on ASEAN: ပြည်သူ့ရေးရာ ကိစ္စရပ်များတွင် ဂျဲန်ဒါတန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို ကူညီဖြေရှင်းပေးသည်။
- FORUM-ASIA: အာဆီယံနှင့် ကုလသမဂ္ဂအဆင့်များတွင် အရေးဆိုစည်းရုံးသော ဒေသအဆင့် လူ့အခွင့်အရေးအဖွဲ့အစည်း
- Asia-Pacific Refugee Rights Network (APRRN): ဒုက္ခသည်အခွင့်အရေးများကို အရေးဆို စည်းရုံးပေးသော ဒုက္ခသည်အဖွဲ့အစည်းများကွန်ယက်
- Asian Partnership for the Development of Human Resources in Rural Asia (AsiaDHRRA): အခြေခံလူထုအဆင့်တွင် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့်

ပတ်သက်ဆောင်ရွက် ကြသော ဒေသအဆင့် မိတ်ဖက် ၁၁ ဖွဲ့ဖြင့် ဖွဲ့စည်းထားသော လူမှုကွန်ယက်အဖွဲ့အစည်းများ

- Focus on the Global South: ကမ္ဘာလုံးဆိုင်ရာ စီးပွါးရေး၊ ကုန်သွယ်ရေး တို့နှင့် ပတ်သက်သော အဖွဲ့အစည်း
- Child Rights Coalition: ကလေးသူငယ်အခွင့်အရေးကို လုပ်ကိုင်ဆောင်ရွက်သော NGO များကွန်ယက်
- Alternative ASEAN Network on Burma (ALTSEAN-Burma): မြန်မာနိုင်ငံကို အလေးပေးဆောင်ရွက်သည့် အရှေ့တောင်အာရှရှိ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ ပါဝင်သည့် ကွန်ရက်တစ်ခုဖြစ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အာဆီယံအစိုးရများ၏ တာဝန်ခံမှုကိုလည်း ဦးတည်လှုံ့ဆော်သည်။

အာဆီယံ အရပ်ဘက်လူ့အဖွဲ့အစည်းညီလာခံ/အာဆီယံပြည်သူ့ဖိုရမ် (ACSC/APF) ကို ကွာလာလမ်ပူမြို့၌ ၂၀၀၅ ခုနှစ်တွင် ကျင်းပသော (၁၁)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ Solidarity for Asian People's Advocacy (SAPA) ဟုခေါ်သော ညွှန့်ပေါင်း CSO များအဖွဲ့မှ စီစဉ်သည့် အဆိုပါ အရေးပါသော ကွန်ရက်သည် ဒေသတွင်းရှိ CSO များ၏ နှစ်ပတ်လည်အစည်းအဝေးများတွင် အာဆီယံနှင့် ချိတ်ဆက် ဆောင်ရွက်ပြီး လက်ရှိ အလှည့်ကျ ဥက္ကဋ္ဌနိုင်ငံ (နှစ်စဉ် အကျရာစဉ်အတိုင်း လှည့်နေသည်) တွင် စုဝေးကြသည်။ APA နှင့် နှီးယှဉ်လျှင် ဤဖိုရမ်သည် ပိုမိုပွင့်လင်းပြီး ပူးပေါင်း ပါဝင်မှုရှိသည်။ အာဆီယံရှိ CSOs များအတွက် နေရာကျဉ်းလာခြင်းနှင့် အာဆီယံကိုယ်တိုင် CSO များကို လက်လှမ်းမီမှု မရှိနေခြင်းတို့ကြောင့် ထိုသို့ တစ်စိတ်တစ်ပိုင်း စီစဉ်ခဲ့ခြင်း ဖြစ်သည်။ လယ်သမားများ၊ အလုပ်သမားများ၊ အမျိုးသမီးများ၊ လူငယ်၊ LGBTQ I လူပုဂ္ဂိုလ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ အပါအဝင် ဒေသတွင်းရှိ အဖွဲ့ အသီးသီးမှ ကိုယ်စားလှယ်များနှင့် CSO များ ACSC/APF တွင် ပါဝင်ပါသည်။ ACSC/APF သည် ဆွေးနွေးပွဲများ၊ အစိုးရနှင့် တွေ့ဆုံမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အာဆီယံထိပ်သီး အစည်းအဝေးများနှင့် အပြိုင်အစည်းအဝေးများ ကဲ့သို့သော ဖိုရမ်များမှတဆင့် လည်ပတ်လုပ်ဆောင်သည်။ သိသာထင်ရှားသည်မှာ ဒေသတွင်း လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများ ဥပမာအားဖြင့် လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်များ၊ မြေယာသိမ်းပိုက်မှု၊ လေထုညစ်ညမ်းမှု၊ ရွှေ့ပြောင်းနေထိုင်မှု၊ ပြည်တွင်းပဋိပက္ခများနှင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်မှုများကို ကူညီဖြေရှင်းပေးသည်။ ဖိုရမ်တစ်ခုစီ၏အဆုံးတွင် ACSC သည် အာဆီယံ ခေါင်းဆောင်များထံ လိပ်မူသည့် 'ပြည်သူ့ထုတ်ပြန်ချက်' မူကြမ်းကို ရေးဆွဲပြီးနောက် နိုင်ငံတစ်ခုစီမှ CSO ကိုယ်စားလှယ်များအား အာဆီယံနိုင်ငံတော်အကြီးအကဲများနှင့် တွေ့ဆုံနိုင်စေရန် ကြားခံအစည်းအဝေးများ ပြုလုပ်ခဲ့သည်။ အကျိုးဆက်အနေဖြင့် အရပ်ဘက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အချို့သည် အာဆီယံအစိုးရကိုယ်စားလှယ်များနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်နိုင်လာသည်။

မှတ်သားဖွယ်ရာ

ACSC/APF

၂၀၁၉ ခုနှစ်တွင် ထိုင်းနိုင်ငံသည် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ ဖြစ်သည်၊ အလားတူစွာ ACSC/APF ကို ထိုနှစ် စက်တင်ဘာလတွင် ဘန်ကောက်မြို့၌ တွေ့ဆုံကြရန် စီစဉ်ခဲ့သည်။ အဆိုပါနှစ်၏ ခေါင်းစဉ်မှာ 'တရားမျှတရေး၊ ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေး၊ ရေရှည်တည်တံ့ရေး နှင့် ဒီမိုကရေစီရေးတို့အတွက် အရှေ့တောင်အာရှတွင် နေထိုင်သူများ၏ လှုပ်ရှားမှုများကို မြှင့်တင်ရေး' ဖြစ်သည်။ ၃ ရက်ကြာကျင်းပသည့် ညီလာခံအတွက် လူတစ်ထောင်ခန့် တက်ရောက်ရန် မျှော်လင့်ထားပြီး မြို့တွင်းဟိုတယ်ကို မူလက အခမ်းအနားကျင်းပရာ နေရာအဖြစ် စီစဉ်ခဲ့သည်။ သို့သော်လည်း ဟိုတယ်စရိတ်စကများအတွက် ကူညီဆောင်ရွက် ပေးနေသည့် ထိုင်းအစိုးရကမူ ၎င်းတို့စိစစ်နိုင်ရန်အလို့ငှါ တက်ရောက်သူအားလုံး၏ အချက်အလက်အသေးစိတ်အား ပေးပို့ပေးရန် ကနဦး တောင်းဆိုခဲ့သည်။ ပွဲစီစဉ်သူများက ငြင်းဆန်ခဲ့ပြီး အခမ်းအနားနေရာအား သမာဆတ် တက္ကသိုလ်သို့ ပြောင်းရွှေ့ခဲ့သည်။ ထို့ပြင် အာဆီယံ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရေး ကဲ့သို့ တောင်းဆိုချက်များကိုလည်း ထပ်မံ ငြင်းပယ်ခံခဲ့ရသည်။

တက်ရောက်သူများ တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အတွေ့အကြုံများ မျှဝေနိုင်သော နယ်ပယ်များတွင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ၊ ကုန်သွယ်ရေး၊ ရွှေ့ပြောင်းအခြေချမှု၊ အလုပ်အကိုင်၊ သဘာဝပတ်ဝန်းကျင်နှင့် နည်းပညာတို့ ပါဝင်ကြပြီး အဖွဲ့အစည်းများစွာက ထုတ်ပြန်ချက် ဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် ဌာနေတိုင်းရင်းသားအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင် အရေးအစ ရှိသည်တို့ပါဝင်သည်။ အာဆီယံလူ့အခွင့်အရေးအဖွဲ့အစည်းဖြစ်သည့် အာဆီယံ အစိုးရများ အကြားဖွဲ့စည်းထားသော လူ့အခွင့်အရေးကော်မရှင် (AICHR)၏ စွမ်းဆောင်ရည်အား ကန့်သတ်ထားသည့်အရေးနှင့် ပတ်သက်ပြီး စိုးရိမ်မှုများ မြင့်တက်လာခြင်းနှင့် ဌာနေ တိုင်းရင်းသားများနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် တွင်းထွက်တူးဖော်ရေးလုပ်ငန်းများ၏ အကျိုးသက်ရောက်မှုများအကြောင်း ဆွေးနွေးခဲ့ကြသည်။

တစ်ခါတစ်ရံတွင် အရပ်ဘက်အဖွဲ့အစည်း၏ အဓိပ္ပါယ်ပြည့်ဝသော ပါဝင်မှုအပေါ် အာဆီယံ နိုင်ငံများက အပြည့်အဝ ပံ့ပိုးပေးနိုင်ခြင်း မရှိပေ။ အချို့သောနိုင်ငံများသည် အာဆီယံ ဖိုရမ်များကို အစိုးရက ခွင့်ပြုပေးသော CSO များကိုသာ တက်ရောက်ရန်ပေးရန် သဘောတူညီခြင်းအားဖြင့် CSO များ၏ အာဆီယံအဆင့် အရေးဆိုစည်းရုံးမှုအကျိုးရလာဒ်ကို အကန့်အသတ်ဖြစ်စေသည်။ ထို့ကြောင့် အစိုးရဘက်တိမ်းသောအမြင်၊ အဓိပ္ပါယ်များဖြင့် ဆွေးနွေးနိုင်သော သီးခြား CSO ကိုယ်စားလှယ်များကိုသာ နိုင်ငံများက သတ်မှတ်ရွေးချယ်လေ့ရှိသည်။ အာဆီယံ ထိပ်သီးအစည်းအဝေး လက်ခံကျင်းပသည့် နိုင်ငံအချို့၏ ဤသို့သော ပါဝင်မှုကို ကန့်သတ်လိုက်ခြင်းကြောင့် ဖိုရမ်အများစုကို နေရာပြောင်းရွှေ့ကျင်းပခဲ့ရသည်။ ထိုင်းနိုင်ငံတွင် ၂၀၁၉ ခုနှစ်က ပြုလုပ်ခဲ့သည့် ညီလာခံကဲ့သို့ပင် ပွဲစီစဉ်သူများက လုံခြုံရေးအရ တက်ရောက်သူများ၏ အမည်များကို ကြိုတင်

ပေးပို့ရန်ငြင်းဆန်ခဲ့သောကြောင့် အချိန် အနီးကပ်သည့်အခါမှ နေရာပြောင်းခဲ့ရသည့် အဖြစ်များလည်း ရှိခဲ့သည်။ ထို့ပြင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အား ကန့်သတ်မှုများလည်း ရှိနေခဲ့သည်။ ဥပမာ - ဖိုရမ်၌ ဆွေးနွေးမည့် အကြောင်းအရာကို အငြင်းပွါးမှုမရှိသော ခေါင်းစဉ်များအဖြစ် ပြောင်းလဲခဲ့ရသည်များလည်း ရှိပြီး ရလာဒ်အားဖြင့် ခေါင်းဆောင်များနှင့် CSO များအကြား တရားဝင် အပြန်အလှန် ဆွေးနွေးမှုမှာ အဓိပ္ပါယ်အနည်းငယ်သာရှိခဲ့ရသည်။ အစိုးရဘက် ယိမ်းသော NGO များက သီးခြားချိုးဖောက်မှုများအကြောင်း (နိုင်ငံအပေါ်) နာမည်တပ် မဖော်ပြရန် တောင်းဆိုခဲ့ကြသည်။ ထို့ကြောင့် CSO များ အပြည့်အဝ မပါဝင်နိုင်ပါက အာဆီယံတွင် မည်သို့ပါဝင်ရန် အကောင်းဆုံး ဖြစ်သနည်းဟု အရပ်ဘက်အဖွဲ့အစည်းများက ဆွေးနွေးငြင်းခုံမေးခွန်းထုတ်လာကြသည်။ အချို့သော NGO များက အာဆီယံနှင့် ပတ်သက်ဆက်နွယ်မှုအား အစိုးရသို့ ကျရှုံးမှုအဖြစ် ရှုမြင်ကြသော်လည်း အချို့ကမူ ထိတွေ့ဆက်ဆံမှုများ ပိုမို တရားဝင်ဖြစ်လာသည့် အကျိုးကျေးဇူးဟု အသိအမှတ်ပြုကြသည်။

အရပ်ဘက်အဖွဲ့အစည်းများနှင့် အာဆီယံအကြား တရားဝင်ထိတွေ့ဆက်ဆံနိုင်သည့် နောက်ထပ် လမ်းကြောင်းတစ်ခုမှာ ရှိရင်းစွဲ ဒေသတွင်းလူ့အခွင့်အရေးယန္တရားများကို အသုံးပြုခြင်း ဖြစ်သည်။ ၎င်းတို့တွင် လူ့အခွင့်အရေးဆိုင်ရာ အာဆီယံအစိုးရများကြား ဖွဲ့စည်းထားသော ကော်မရှင် (AICHR)၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခွင့်အရေးကို ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံကော်မတီ (ACWC)၊ ရွှေ့ပြောင်းလုပ်သား များ၏ အခွင့်အရေးကို ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းကြေညာစာတမ်းကို အကောင် အထည်ဖော်ဆောင်ရွက်သော အာဆီယံ ကော်မတီ (ဤပြဋ္ဌာန်းစာအုပ်၏ အခန်း ၄ ကို ကြည့် ပါ) တို့ ပါဝင်သည်။ အာဆီယံ လူ့အခွင့်အရေးယန္တရားကို တည်ထောင်ရန်နှင့် AICHR ကို မြှင့်တင်ရန် အရေးဆိုစည်းရုံးမှုများ ရှိသော်လည်း အရပ်ဘက်အဖွဲ့အစည်းများသည် AICHR နှင့် ကျယ်ကျယ်ပြန့်ပြန့် ထိတွေ့ လုပ်ကိုင်ခြင်း မရှိကြပေ။ AICHR ကို ၎င်း၏ စည်းမျဉ်းများ မူကြမ်းရေးဆွဲစဉ်ကပင် စစ်မှန်သော လူ့အခွင့်အရေး ကော်မရှင် (အစိုးရထံမှ အမှီအခို ကင်း လွတ်မှုမရှိ) မဟုတ်သည့်အတွက်ကြောင့် တည်ထောင်စမှာပင် ဝေဖန်ခံခဲ့ရသည်။ ၎င်းသည် လူ့အခွင့်အရေး ကာကွယ်ခြင်းထက် မြှင့်တင်ခြင်းကိုသာ ဆောင်ရွက်သောကြောင့် ဖြစ်သည်။ အဆိုပါအချက်ကို ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရားနှင့် နှိုင်းယှဉ်ကြည့်နိုင်ပေသည်။ ထိုကုလသမဂ္ဂယန္တရားတွင် အရပ်ဘက် အဖွဲ့အစည်းများသည် အဓိပ္ပါယ်ရှိသော နည်းလမ်းများဖြင့် ပံ့ပိုးနိုင်ကြသည်။ AICHR ကိုယ်စားလှယ် ပုဂ္ဂိုလ်တစ်ဦးချင်းက အရပ်ဘက်အဖွဲ့အစည်းနှင့် ပိုမို ပူးပေါင်းဆောင်ရွက်ရန် အစပျိုးမှုများ ရှိခဲ့သော်လည်း AICHR အဖွဲ့အစည်းအနေဖြင့် NGO များ၏ အတိုင်ပင်ခံအဖြစ် (တရားဝင် အသိအမှတ်ပြုခြင်း) သာ ထိတွေ့မှုရှိနေသေးပြီး လက်တွေ့တွင် ထိုသို့အတိုင်ပင်ခံအဖြစ် ဆောင်ရွက်ပေးသည့် အဖွဲ့အစည်းပေါင်း ၃၀ ခန့် ရှိပြီဖြစ်သည်။

၁၇.၆ နိဂုံး

အရှေ့တောင်အာရှတွင် စိန်ခေါ်ချက်များနှင့် ကန့်သတ်ချက်များ မည်သို့ပင် ရှိနေစေကာမူ အရပ်ဘက် အဖွဲ့အစည်းအနေဖြင့် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအတွက် တိုက်ပွဲဝင်ရာ၌ အဓိက အရေးပါသူအဖြစ် တည်ရှိနေမြဲ ဖြစ်လေသည်။ နိုင်ငံ၏ မူဝါဒများနှင့် လူ့အခွင့်အရေး ယန္တရားများတွင် ဒီမိုကရေစီ၏ အဓိကအရေးပါသောအချက်ဖြစ်သည့် ပါဝင်ဆောင်ရွက်မှုတွင် အရပ်ဘက်အဖွဲ့အစည်းသည် အလိုက်အထိုက် လိုက်ပါဆောင်ရွက်ပြီး ၎င်းတို့ပါဝင်ဆောင်ရွက်ခြင်း မရှိသည့် နေရာတွင် နိုင်ငံသားတို့၏ စစ်မှန်သော ပါဝင်မှုကို ရရှိစေရန်စွမ်းဆောင်ပေးကာ နိုင်ငံ၏ တရားဝင်မှုကိုလည်း တိုးတက်စေသည်။ အရှေ့တောင်အာရှဒေသ၌ အဆိုပါ ပါဝင် ဆောင်ရွက်ခွင့်သည် နိုင်ငံရေးအုပ်ချုပ်မှုပုံစံနှင့် ဒီမိုကရေစီအခြေအနေတို့ပေါ် မူတည်၍ ကွဲပြားသည်။ နိုင်ငံတစ်ခုချင်းစီရှိ လွတ်လပ်မှုပုံစံနှင့် နိုင်ငံ၏ ထိန်းချုပ်မှု အနေအထားများကို မူတည်ပြီး အရပ်ဘက်အဖွဲ့အစည်းက သက်ဆိုင်ရာအစိုးရများနှင့် မတူကွဲပြားစွာ ထိတွေ့ ဆက်ဆံလေ့ရှိသည်။ အချို့မှာ ပိုမို နှိုးကြွလှုပ်ရှားတက်ကြွပြီးလျှင် အမြစ်လှန်ပြောင်းလဲမှုများကို တောင်းဆိုတတ်ကြသော်လည်း အချို့မှာ လုပ်ကိုင်ခွင့်ရှိသော နယ်ပယ်ဘောင်အတွင်းသာ ရှာဖွေလုပ်ကိုင်ကြသည်။ ထို့ကြောင့် နိုင်ငံအား လွတ်လပ်စေရေးအတွက် အရပ်ဘက်အဖွဲ့အစည်း၏ ဆောင်ရွက်နိုင်သည့် အလားအလာမှာ ၎င်းတို့လုပ်ကိုင်ခွင့်ရရှိသော နယ်ပယ်အတွင်း မည်သို့ ညှိနှိုင်းဆောင်ရွက်သည်ဆိုသည့် အချက်အပေါ်တွင် များစွာ မူတည်နေသည်။ လတ်တလောအခြေအနေ၌ အရပ်ဘက်အဖွဲ့အစည်းများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးဖွဲ့စည်းခွင့်နယ်ပယ်များတွင် ဖိနှိပ်ခံရမှုများ တိုးလာပြီး လူ့အခွင့်အရေး မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းများဆောင်ရွက်ရာ၌ အရပ်ဘက်အဖွဲ့အစည်း၏ စွမ်းဆောင်ရည်တို့တွင် ယုတ်စွအဆုံး စိန်ခေါ်ချက်များ ရှိနေပါသည်။

က။ အနှစ်ချုပ်နှင့် အဓိကအချက်များ

အရှေ့တောင်အာရှတွင် အရပ်ဘက်အဖွဲ့အစည်းသည် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းတို့တွင် သိသာထင်ရှားသော အခန်းကဏ္ဍမှ ပါဝင် ဆောင်ရွက်လျက်ရှိသည်။ ဒေသတွင်း လတ်တလောမြင့်တက်လာသော ရှေးရိုးစွဲအမြင်များနှင့် ဒီမိုကရေစီ ဆန့်ကျင်သော နိုင်ငံရေးအနေအထားများက အတွင်း၊ အပြင် စိန်ခေါ်ချက်များ ဖြစ်ပေါ်စေသည်။ ဖိနှိပ်သော အစိုးရများမှာ ပြင်ပစိန်ခေါ်ချက်များဖြစ်ပြီး ‘အရပ်ဘက်မဟုတ်သော လူ့အဖွဲ့အစည်းများမှာ အတွင်းစိန်ခေါ်ချက်ဖြစ်သည်။ ရလာဒ်အားဖြင့် အရပ်ဘက်အဖွဲ့အစည်း၏ နယ်ပယ် ကျဉ်းမြောင်းကျုံ့လာခဲ့သည်။

အရပ်ဘက်အဖွဲ့အစည်း အဓိပ္ပါယ်

လစ်ဘရယ်အမြင်ရှိသူများက အရပ်ဘက်အဖွဲ့အစည်းသည် နိုင်ငံထံမှ အမှီအခိုကင်းကာ နိုင်ငံ၏ ပါဝါနှင့် ပုဂ္ဂလိက ကဏ္ဍတို့ကို တက်တက်ကြွကြွ ထိန်းကျောင်းပေးသည်ဟု ရှုမြင်ကြသည်။ ကွန်မြူနီတားရီးယန်း အမြင်ရှိသူများက အရပ်ဘက်အဖွဲ့အစည်းသည် လူမှုအသိုင်းအဝိုင်း၏ ပိုမိုကောင်းမွန်သော ကောင်းကျိုးကို ဆောင်ရွက်ရန် စုစည်းထားသော အစုအဝေး အဖွဲ့အစည်း အဖြစ် ရှုမြင်ကြသည်။ အရပ်ဘက်အဖွဲ့အစည်းကို အဖွဲ့အစည်းမျိုးစုံဖြင့် ဖွဲ့စည်းထားပြီး ၎င်းတို့တွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO များ)၊ လူမှု လှုပ်ရှားမှုများ၊ သို့မဟုတ် ပရဟိတ အဖွဲ့အစည်းများ ပါဝင်ကြသည်။ ၎င်းတို့သည် ငြိမ်းချမ်းသည့်၊ ဥပဒေကို လိုက်နာသည့်၊ ဆန္ဒအလျောက်ဆောင်ရွက်သည့်၊ နိုင်ငံမှ အမှီအခိုကင်းသည့် အဖွဲ့အစည်းမျိုး ဖြစ်သင့်သည်။ သို့သော် အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် ပုဂ္ဂလိက ကဏ္ဍတို့အကြား သတ်မှတ်ထားရှိသည့် မျဉ်းသည် မှေးမိန်ဝေဝါးနေတတ်သည်၊ ဥပမာ - အစိုးရက ဆောင်ရွက်သော စီးပွါးရေးလုပ်ငန်းများ သို့မဟုတ် စီးပွါးရေးကဏ္ဍ သို့မဟုတ် အစိုးရများက ဖွဲ့စည်းထားသည့် အရပ်ဘက် အဖွဲ့အစည်းများ အကြားဖြစ်သည်။ အရပ်ဘက် အဖွဲ့အစည်း၏ စိန်ခေါ်ချက်များတွင် အစိုးရဦးစီးသည့် အရပ်ဘက်အဖွဲ့အစည်းများ သို့မဟုတ် အကြမ်းဖက် အရပ်ဘက်အဖွဲ့များ ပါဝင်နေသည်။

အရပ်ဘက်အဖွဲ့အစည်းနှင့် လူ့အခွင့်အရေးကာကွယ်ခြင်း

အရပ်ဘက်အဖွဲ့အစည်းသည် လူ့အခွင့်အရေးစံနှုန်းများအား ထောက်ခံအားပေးခြင်း၊ ဥပဒေများနှင့် မူဝါဒများအပေါ် ငြင်းခုံဆွေးနွေးခြင်း၊ အခွင့်အရေးချိုးဖောက်ခံနေရသော အုပ်စုများ အတွက် အသံပြု ထုတ်ဖော်ခြင်းတို့ကို ဆောင်ရွက်ခြင်းအားဖြင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ကို ကာကွယ်၊ မြှင့်တင်ပေးလျက်ရှိသည်။ ထိုသို့လုပ်ဆောင်ရာတွင် ဝန်ဆောင်မှုများ ဆောင်ရွက်ခြင်း၊ အခွင့်အရေး အခြေပြု ဖွံ့ဖြိုးမှုဖြစ်စေခြင်း၊ လူများအား ၎င်းတို့၏ အခွင့်အရေးအတွက် အရေးဆိုတတ်စေရန် စွမ်းရည်မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။ အရေးကြီးသည့် ဆောင်ရွက်ချက်တစ်ရပ်မှာ ပြည်သူ့မူဝါဒရေးရာတွင် ထိတွေ့ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ပြင် ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရားများမှတဆင့် လူ့အခွင့်အရေး လုပ်ငန်းများကို ပိုမိုလုပ်ဆောင်သည်များလည်း ရှိသည်၊ ဥပမာ - စင်ပြိုင်အစီရင်ခံစာများ ပံ့ပိုးခြင်း သို့မဟုတ် တိုင်တန်းချက်များ တင်သွင်းခြင်းတို့ ဖြစ်ကြသည်။ ထို့ပြင် အရပ်ဘက် အဖွဲ့အစည်းသည် အထူးစုံစမ်း စစ်ဆေးရေး အရာရှိများကဲ့သို့သော တာဝန်ခံသူများနှင့်လည်း လုပ်ကိုင်ဆောင်ရွက်ကြသည်။

အရှေ့တောင်အာရှရှိ အရပ်ဘက်အဖွဲ့အစည်း

အရပ်ဘက်အဖွဲ့အစည်းများသည် အရှေ့တောင်အာရှတလွှား တက်တက်ကြွကြွ ဆောင်ရွက်စဉ်တွင် ၎င်း၏ လုပ်ကိုင်နိုင်စွမ်းနှင့် လွှမ်းမိုးနိုင်စွမ်းတို့သည် နိုင်ငံရေးစနစ် သို့မဟုတ် အာဏာလက်ဝယ်ကိုင်စွဲသူတို့၏ အုပ်ချုပ်မှုပုံစံတို့အပေါ် မူတည်ကာ ပြောင်းလဲနေသည်။ တစ်ပါတီစနစ်ကျင့်သုံးသော နိုင်ငံများတွင် ကန့်သတ်မှုများရှိပြီး အရပ်ဘက်အဖွဲ့အစည်းကို စုပေါင်းအဖွဲ့အစည်းများဖြင့် အစားထိုးလေ့ရှိသည်။ အခြားနေရာများတွင် အရပ်ဘက်အဖွဲ့အစည်းသည် နိုင်ငံ၏အာဏာကို အပြန်အလှန်ထိန်းကျောင်းသူအဖြစ် ပြုမူကြပြီး ဒီမိုကရေစီဖြစ်စဉ်တွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သည်။ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းပြီးနောက်

နိုင်ငံ၏ မလျော်ညြေ အသုံးပြုမှုများကို အပြန်အလှန်ထိန်းကျောင်းခြင်း၊ အာဏာရှင် အစိုးရများ၏ အာဏာကို ပြန်လည်သိမ်းပိုက်သည့်အဖြစ်မှ ကာကွယ်ပေးခြင်းဖြင့် ဒီမိုကရေစီကို ခိုင်မာအားကောင်းစေသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သည်။

အရပ်ဘက်အဖွဲ့အစည်းအပေါ် ဥပဒေဆိုင်ရာ ကန့်သတ်ချက်များ

ဒေသတွင်းရှိ အစိုးရအများစုသည် ဥပဒေဆိုင်ရာ ထိန်းချုပ်မှုများသုံးကာ အရပ်ဘက် အဖွဲ့အစည်းကို ထိန်းချုပ်ရန် ကြိုးပမ်းကြသည်။ ၎င်းတို့တွင် မဖြစ်မနေ မှတ်ပုံတင်ရခြင်းများ၊ ငွေကြေးဆိုင်ရာ စည်းမျဉ်းများနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးဖွဲ့စည်းခွင့် ဆိုင်ရာ ဥပဒေများ ထုတ်ပြန်ခြင်းတို့ဖြင့် ထိန်းချုပ်ထားသည်။ အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်း၊ စည်းဝေး ပြုလုပ်ခြင်းနှင့် လုပ်ငန်းများဆောင်ရွက်နိုင်ရန် လုံလောက်သော ရံပုံငွေ မြှင့်တင်ခြင်းတို့ကို ကာကွယ်တားဆီးရန် ထိုဥပဒေများကို အသုံးပြုကြသည်။

အာဆီယံနှင့် အရပ်ဘက်အဖွဲ့အစည်း

အရပ်ဘက်အဖွဲ့အစည်းသည် အာဆီယံနှင့် နည်းလမ်းမျိုးစုံဖြင့် ထိတွေ့ဆက်ဆံသည်၊ ဥပမာ - နယ်စပ်ဖြတ်ကျော် လူ့အခွင့်အရေးကိစ္စကဲ့သို့သော ပြဿနာရပ်များတွင် တွေ့ရှိနိုင်သည်။ အာဆီယံ အရပ်ဘက်အဖွဲ့အစည်းညီလာခံများ (ACSC) သို့မဟုတ် အာဆီယံ လူ့အခွင့်အရေးယန္တရား များမှတဆင့် ဆောင်ရွက်လေ့ရှိသည်။ ထိုနေရာနှစ်ခုလုံးတွင် အရပ်ဘက်အဖွဲ့အစည်းနှင့် နိုင်ငံများ၏ ထိတွေ့လုပ်ကိုင်လိုခြင်းမရှိမှုများ၊ သို့မဟုတ် ထိုအဖွဲ့များ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သို့မဟုတ် ဖိုရမ်များတွင် ပါဝင်ခွင့်တို့အပေါ် တားမြစ်ခြင်းဖြင့် ၎င်းတို့၏ အဓိပ္ပါယ်ရှိသောပါဝင်မှုကို ကန့်သတ်လိုက်သည့် စိန်ခေါ်ချက်များ ရှိနေသည်။ ရှိရင်းစွဲ ဒေသတွင်း လူ့အခွင့်အရေးယန္တရားများနှင့် ထိတွေ့ဆောင်ရွက်ရန် အလားအလာ ရှိနေသော်လည်း အဆိုပါ အဖွဲ့အစည်းများသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ကာကွယ်ခြင်းမရှိဘဲ မြှင့်တင်ခြင်းကိုသာ ဆောင်ရွက်ကြသည့်အတွက် စိုးရိမ်မှုများ ရှိနေပါသည်။

ခ။ စံပြ မေးခွန်း သို့မဟုတ် အက်ဆေးပုံစံ မေးခွန်းများ

- အရပ်ဘက်အဖွဲ့အစည်းများ စကားရပ်အရ ‘အရပ်ဘက်’ သည် မည်သည်ကို ဆိုလိုသနည်း? ၎င်းတို့အား မည်သို့ တိတိကျကျ အဓိပ္ပါယ်ဖွင့်ဆိုနိုင်သနည်း၊ ၎င်းအဖွဲ့အစည်းများသည် မည်သည့်အချိန်တွင် ‘အရပ်ဘက်မဟုတ်သော’ အဖွဲ့အစည်းများ ဖြစ်လာသနည်း?
- အရပ်ဘက်အဖွဲ့အစည်းကို ကျောထောက်နောက်ခံပြုသော အဓိကကျသည့် လစ်ဘရယ် တန်ဖိုးများအကြောင်း ရှင်းလင်းဖော်ပြပါ။ မည်သည့်အတွက်ကြောင့် အဆိုပါ တန်ဖိုးများသည် အရှေ့တောင်အာရှတွင် ကျယ်ကျယ်ပြန့်ပြန့် တည်ရှိနေသနည်း?

- သင်၏နိုင်ငံရှိ တက်ကြွသော အရပ်ဘက်အဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းဆောင်ရွက်မှုများမှ ဖြစ်ရပ်တစ်ခုကို ဖော်ပြပြီး လူ့အဖွဲ့အစည်းအပေါ် မည်သို့ ပံ့ပိုးပေးသည်ကို ရှင်းပြပါ။ ၎င်းအဖွဲ့အစည်းသည် အစိုးရထံမှ အမှီအခိုကင်းမှုကို မည်သို့ထိန်းသိမ်း ဆောင်ရွက်သနည်း?
- သင်၏ နိုင်ငံတွင် အကျိုးအမြတ်မယူသော အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းအတွက် မည်သည့် ဥပဒေများ ပြဋ္ဌာန်းထားရှိသနည်း? ထိုဥပဒေများကို သုတေသနပြုပြီး အရပ်ဘက် အဖွဲ့အစည်း လှုပ်ရှားဆောင်ရွက်မှုများအပေါ် မည်သို့ကန့်သတ်ထားသည်ကို အကဲဖြတ် ဆန်းစစ်ပါ။
- သင့်နိုင်ငံ၏ နိုင်ငံရေးသမိုင်းတလျောက်တွင် အရပ်ဘက်အဖွဲ့အစည်းများသည် မည်သို့သော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သနည်း? ပြည်သူ့မူဝါဒ၊ ဒီမိုကရေစီ၊ သို့မဟုတ် အခွင့် အရေးများအပေါ် သက်ရောက်မှုရှိသော လူမှုလှုပ်ရှားမှုတစ်ခုကို ဖြစ်ရပ်ယူလျက် ဆန်းစစ် ဖြေဆိုပါ။

ဂ။ ထပ်မံလေ့လာ ဖတ်ရှုရန်များ

Bello, W, (1993), People and Power in the Pacific: The Struggle for the Post-Cold War Order, San Francisco and London: Pluto Press.

Bello, W, (2002), Deglobalization: Ideas for a New World Economy, London: Zed Books. Walden Bello, who is from Southeast Asia, has written many books looking at human rights justice, and the role of civil society in Southeast Asia.

Kaldor, M, (2003), Global Civil Society: An Answer to War, Cambridge: Polity. The author was also was an editor for the Global Civil Society Yearbooks which were published from 2001-2012.

Keane, J, (2003), Global Civil Society?, Cambridge University Press.

Putnam R.D., (1994), Making Democracy Work: Civic Traditions in Modern Italy, Princeton University Press.

Putnam, R.D, (2000), Bowling Alone: The Collapse and Revival of American Community, New York: Simon & Schuster.

Sandel, Michael J., (2000), Democracy's Discontent: The Procedural Republic, In Don E. Eberly, The Essential Civil Society Reader, Rowman & Littlefield Publishers, Inc.

Sandel, Michael J, (2005), Public Philosophy: Essays on Morality in Politics, Harvard University Press.

Waltzer, M (ed.), (1995), Toward a Global Civil Society, Providence RI: Berghahn Book.

အရပ်ဘက်အဖွဲ့အစည်းများအကြောင်း ပုံမှန်ရေးသားထားသည့် ပညာရပ်ဆိုင်ရာ ဂျာနယ်များ နှင့် စာအုပ်များအဖြစ် အောက်ပါတို့ ပါဝင်သည်၊

- Journal of Civil Society
- Development and Practice
- Current Southeast Asia
- Routledge Handbook on Civil Society in Asia

<u>အွန်လိုင်းအရင်းအမြစ်များ</u>

United Nations၊ World Bank နှင့် World Economic Forum တို့၏ အင်တာနက် စာမျက်နှာများတွင် အရေအတွက်နည်းပါးသော်လည်း အရပ်ဘက်အဖွဲ့အစည်းများ အကြောင်း ပါရှိသည်။

Civil Society Academy သည်လည်း အရပ်ဘက်အဖွဲ့အစည်းအကြောင်း သင်တန်းများ၊ အွန်လိုင်းဆွေးနွေးပွဲများစွာကို ပို့ချလုပ်ဆောင်ပေးသည်။ သို့ရာတွင် ၎င်းတို့သည် အရပ်ဘက် အဖွဲ့အစည်းတစ်ခု လည်ပတ်ရန် အထူးလိုအပ်သည့် အရည်အချင်းများအကြောင်း ဦးတည် ထားသည်။ https://www.civilsocietyacademy.org/

YouTube တွင်လည်း အရပ်ဘက်အဖွဲ့အစည်းများအကြောင်း အွန်လိုင်းပို့ချချက်များနှင့် မိတ်ဆက်ခြင်း များစွာရှိနေပြီး Professor Hellstrom ချန်နယ်တွင် “Introduction to Civil Society” ၊ Democracy ချန်နယ်တွင် “Civil Society Theories and Perspectives” အကြောင်းအရင်းအမြစ်များကို ရနိုင်သည်။

Civicus သည် အရပ်ဘက်အဖွဲ့အစည်းများနှင့် တက်ကြွလှုပ်ရှားသူများပါဝင်သည့် မဟာမိတ် အဖွဲ့တစ်ခုဖြစ်ပြီး လမ်းညွှန်ချက်များ၊ လက်စွဲများ၊ ရုပ်သံ အထောက်အကူပြုပစ္စည်းများအား ၎င်း၏ YouTube ချန်နယ်တွင် ရနိုင်သည်။ https://www.civicus.org/

၁၈

အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဥပဒေနှင့် လူ့အခွင့်အရေး

အခန်း ၁၈ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် လူ့အခွင့်အရေး

၁၈.၁ အဖွင့်မိတ်ဆက်

အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL)

ယခုအခန်းတွင် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) (သို့မဟုတ်) လက်နက်ကိုင် ပဋိပက္ခဆိုင်ရာဥပဒေများကို ကျင့်သုံးလိုက်နာရသော လက်နက်ကိုင် ပဋိပက္ခ အခြေအနေများတွင် ရှိနေသည့် လူ့အခွင့်အရေးအကြောင်းကို လေ့လာထားသည်။ (၁) တိုက်ခိုက်ကြသူများကို စစ်သား (သို့မဟုတ် ဥပဒေ စကားအရ တိုက်ပွဲတွင် ပါဝင်သူများ) အဖြစ် မှတ်ယူပြီး (၂) လက်နက်များ အသုံးပြုတိုက်ခိုက်သည့် လက်နက်ကိုင်အုပ်စုများအကြား တိုက်ခိုက်မှုများတွင် IHL ကို ကျင့်သုံးသည်။ IHL နှင့် လူ့အခွင့်အရေးအကြား ဆက်စပ်မှု၏ ထူးခြားရသည့်အကြောင်းမှာ များစွာသော လူ့အခွင့်အရေးချိုး ဖောက်မှုများသည် ပဋိပက္ခများ အတွင်း ဖြစ်ပွါးလေ့ရှိခြင်းကြောင့်ဖြစ်ပြီး အချို့သော ချိုးဖောက်မှုများသည် ပြင်းထန်ဆိုးရွား လှပေသည်။ IHL သည် ထိုကဲ့သို့ ချိုးဖောက်မှုများအပေါ် ကာကွယ်သည့် နည်းတစ်သွယ် ဖြစ်နေသည့်အပြင် ငြိမ်းချမ်းရေးထိန်းသိမ်းသည့် နည်းတစ်သွယ် အဖြစ်လည်း သတ်မှတ်နိုင်သည်။ ယခုပြဋ္ဌာန်းစာအုပ်ပါ အခြားအခန်းများတွင် ဖော်ပြထားသည့် အတိုင်းပင် ငြိမ်းချမ်းရေး ရရှိခြင်းသည် လူ့အခွင့်အရေးရရှိခံစားစေရေးအတွက် အရေးတကြီး လိုအပ်ပေသည်။

လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွါးနေချိန် အတွင်း ပြုမူဆောင်ရွက်မှုများနှင့် သက်ဆိုင်သော ဥပဒေအစု အဝေးဖြစ်သည်၊ ၎င်းသည် လက်နက်ကိုင် အုပ်စုများအတွက် ခွင့်ပြုထားသော သို့မဟုတ် တား မြစ်ထား သော လုပ်ရပ်များ အားလုံး ကို သတ်မှတ် ဖော်ပြထားသည်။

IHL သည် လူ့အခွင့်အရေးလက်တွေ့ကျင့်သုံးသူများအတွက်သာမက လက်နက်ကိုင် ပဋိပက္ခများတွင် ငြိမ်းချမ်းရေးဖော်ဆောင်သူများအဖြစ် (peace practitioners) လုပ်ကိုင်နေသူများအတွက်ပါ အသုံးဝင်ပေသည်။ အကြောင်းမှာ IHL ဥပဒေများသည် လက်နက်ကိုင်ပဋိပက္ခအတွင်း အချို့သော ဆောင်ရွက်ချက်များကို ကန့်သတ်ထားပြီး ပဋိပက္ခ အခြေအနေများအတွင်း ဖမ်းဆီးရရှိသူများကို ကာကွယ်ပေးရန် လုပ်ဆောင်ပေးသောကြောင့်ဖြစ်သည်။ ဥပဒေအစု အဖွဲ့တစ်ရပ် ဖြစ်သောကြောင့် IHL သည် လူ့အခွင့်အရေးနှင့် အနည်းငယ်ဆင်တူသည်၊ ဆိုလိုသည်မှာ IHL သည် လူများအား ကာကွယ်ပေးရေးအပေါ် ဦးတည်ထားသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေအစု အဖွဲ့တစ်ခု ဖြစ်နေခြင်းဖြစ်သည်။ သို့ရာတွင် IHL သည် ပဋိပက္ခဖြစ်ပွါး နေချိန်များတွင်သာ အသက်ဝင်ပြီး UN နှင့် သီးခြားဖြစ်သော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ (ICRC) က ကြီးကြပ်ဆောင်ရွက်သည်ဖြစ်ရာ ကာကွယ်ပေးမှုအနေဖြင့် ကွဲပြားနေပေသည်။ မည်သို့ပင်ဆိုစေကာမူ IHL သည် ပဋိပက္ခ အချိန်များတွင်သာ သက်ဝင် ကျင့်သုံးနိုင်ပြီး လူ့အခွင့်အရေးသည် ငြိမ်းချမ်းနေချိန်များတွင် ကျင့်သုံးနိုင်သည်ဆိုသည့် ခြားနားချက်သည် ခေတ်မမီတော့ကြောင်း လူအများက လက်ခံ ယုံကြည်ထားပြီးဖြစ်သည်။ အကြောင်းမှာ လူ့အခွင့်အရေးသည် လူများအပေါ် အချိန်တိုင်းတွင် ကာကွယ်ပေးထားခြင်းကြောင့် ဖြစ်သည်။ အလေးပေး မှတ်သားထားရမည်မှာ IHL သည် အချို့သောအခြေအနေများတွင် လူ့အခွင့်အရေးထက် ပိုမို အရေးပါနိုင်သော်လည်း (ဥပမာ IHL နှင့် အဓိက သက်ဆိုင်သော တိုက်ပွဲတွင် ပါဝင်ကြသည့် စစ်သားများ၏ အခွင့်အရေးနှင့် တာဝန်များ) ပဋိပက္ခစတင်ဖြစ်ပွါးသည့်အခါ၌ပင် လူ့အခွင့်အရေးသည် ရပ်ဆိုင်း

လက်နက်ကိုင် ပဋိပက္ခ

၎င်အခန်းပါရည်ရွယ်ချက် များအရ လက်နက်ကိုင် ပဋိပက္ခ ဆိုသည်မှာ တိုက်ပွဲတွင် ပါဝင်သူများ အချင်းချင်း(များသော အားဖြင့် စစ်သားများ အချင်းချင်း) လက်နက်သုံး ကာ တိုက်ခိုက်ခြင်းကို ဆိုလိုသည်။

တိုက်ပွဲတွင် ပါဝင်သူ

သာမာန်ပြည်သူမဟုတ်ဘဲ လက်နက်ကိုင် ပဋိပက္ခ တွင် ပါဝင်နေသူ ဖြစ်သည်။ တိုက်ပွဲတွင် ပါဝင်သူများသည် များသောအားဖြင့် စစ်သားများဖြစ်ကြသည်၊ သို့ရာတွင် နိုင်ငံမဟုတ်သော လက်နက်ကိုင်အုပ်စုများ၏ အဖွဲ့ဝင်များလည်း ပါဝင်နိုင်သည်။

သွားခြင်းမရှိပေ။ အမှန်၌ ထိုဥပဒေနှစ်ရပ်စလုံးသည် တစ်ခုနှင့်တစ်ခု ထပ်ကောင်း ထပ်နေနိုင်သည်။ သို့ရာတွင် IHL သည် စစ်သားများနှင့် စစ်ပွဲဆင်နွှဲပုံအပေါ် အဓိက ဦးတည်ခြင်းဖြစ်ပြီး မကြာသေးမီကပင် အရပ်သားများနှင့် ပဋိပက္ခများအတွင်း ဖမ်းဆီးရရှိသူများအပေါ် ကာကွယ်ပေးရေးအထိ ပိုမိုတိုးမြှင့်ထားသည်။ လူ့အခွင့်အရေးနှင့် IHL အကြား ချဉ်းကပ်ပုံချဉ်းကပ်နည်းများမည်သို့ပင် ကွဲပြားခြားနားစေကာမူ ဥပဒေနယ်ပယ်နှစ်ရပ်စလုံးသည် လက်နက်ကိုင်ပဋိပက္ခများအတွက် ချမှတ်ထားသည့် ဥပဒေများအတိုင်း ကျင့်သုံးသက်ဝင်နေပေသည်။

ယခုအခန်းတွင် IHL ၏ အဓိကသဘောတရားများကို အသေးစိတ်ဖော်ပြထားပြီး ၎င်းတို့နှင့် လူ့အခွင့်အရေး ဆက်စပ်ပုံများကို ဖော်ပြထားသည်။ ထပ်မံ၍ အရှေ့တောင်အာရှတွင် IHL အား မည်သို့အသုံးပြုသည်ကို လေ့လာထားပြီး လက်ရှိစိန်ခေါ်ချက်အချို့ကိုလည်း တွေ့မြင်နိုင်သည်။ ပထမပိုင်းသည် လူသားချင်းစာနာထောက်ထားမှုဥပဒေရှိ အဓိကသဘောတရားများနှင့် စံနှုန်းများအား အကျဉ်းချုပ်လေ့လာဖော်ပြကာ IHL နှင့် လူ့အခွင့်အရေးဥပဒေအကြား ထပ်တူညီနေသည်များကို စဉ်းစားသုံးသပ်ခြင်းမပြုမီ ထိုဥပဒေနှစ်ရပ်အကြားရှိ ချိတ်ဆက်မှုများကို သုံးသပ် စဉ်းစားထားခြင်းဖြစ်သည်။ များစွာသောသဘောတူစာချုပ်များ၊ စံနှုန်းများနှင့် ပညာရပ်နယ်ပယ်များတွင် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေ အကြောင်း အကျယ်တဝင့်ဖော်ပြပါရှိသည်။ IHL ၏ အဓိကသဘောတရား အချို့ကို အခြေခံမိတ်ဆက်အဖြစ် အောက်တွင် ဖော်ပြထားခြင်းဖြစ်သည်။

သဘောတရား

စစ်ပွဲလား သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခလား?

'စစ်ပွဲ' ဆိုသည့်စကားလုံးကို နိုင်ငံနှင့် လက်နက်ကိုင်အုပ်စုများအကြား ဖြစ်ပွါးသည့် လက်နက်ကိုင်ပဋိပက္ခများကို ဖော်ပြရန်အတွက် မီဒီယာများတွင် ပိုမိုအသုံးများလေ့ရှိသည်။ သို့ရာတွင် အပြည်ပြည်ဆိုင်ရာဥပဒေအရ 'လက်နက်ကိုင်ပဋိပက္ခ' ဆိုသည့် အခေါ်အဝေါ်ကို ပိုမိုသုံးနှုန်းကြသည်၊ အကြောင်းမှာ 'စစ်ပွဲ' တွင် မတူညီသော အဓိပ္ပါယ်များ ရှိနေနိုင်သည်။ နိုင်ငံများအနေဖြင့် 'စစ်ပွဲ' ဆိုသည်ကို စစ်ကြေညာခြင်းကဲ့သို့ လက်နက်ကိုင် ပဋိပက္ခ အခြေအနေများဖော်ပြသည့် အခါ သုံးနှုန်းနိုင်သော်လည်း ယခုအခါ မူးယစ်ဆေးဝါးစစ်ပွဲ သို့မဟုတ် ဆင်းရဲနွမ်းပါးမှုစစ်ပွဲကဲ့သို့ ဆန့်ကျင်ဘက်ရန်သူအပေါ်ထားရှိသည့် လုပ်ဆောင်ချက်ကို ဖော်ပြရာတွင် သုံးစွဲလာကြပေသည်။ ဒုတိယပြဿနာရပ်မှာ စစ်ပွဲအဆင့်သို့မရောက်နေသည့်တိုင် လက်နက်ကိုင်ပဋိပက္ခအတွက် လိုက်နာကျင့်သုံးရမည့်ဥပဒေများ ထားရှိရန် လိုအပ်ပေ သည်။ ယနေ့ခေတ်တွင်ဖြစ်ပွါးသော လက်နက်ကိုင်ပဋိပက္ခများစွာသည် စစ်ပွဲဖြစ်ကြောင်း တရားဝင်ကြေညာခြင်းမျိုးမရှိသည့် အသေးစားပဋိပက္ခများ ဖြစ်ကြသည်။ ထို့ပြင် များစွာသောပဋိပက္ခများတွင် စစ်ပွဲဖြစ်ကြောင်း တရားဝင်ကြေညာနိုင်ခြင်းမရှိသည့် နိုင်ငံမဟုတ်သော လုပ်ဆောင်သူများ ပါဝင်နေသည်။ တစ်နည်းဆိုရသော် ပဋိပက္ခတစ်ခုသည် စစ်ပွဲအဖြစ်သတ်မှတ်ခြင်း

မပြုသည့်တိုင် လက်နက်သုံးကာ တစ်ဦးနှင့် တစ်ဦး အပြန်အလှန် တိုက်ခိုက်ရသည့် တိုက်ပွဲဝင်သူများအနေဖြင့် ချမှတ်ထားသော စည်းမျဉ်းများကို လေးစား လိုက်နာရမည်ဖြစ်သည်။

၁၈.၁.၁ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွါးနေချိန်များတွင် ဥပဒေများ မည်သို့ လုပ်ဆောင်သနည်း?

လက်နက်ကိုင်ပဋိပက္ခများနှင့်စပ်လျဉ်းပြီး ဥပဒေ၏အနှစ်သာရများအပေါ် ကွဲလွဲမှုများ ရှိဟန်တူသည်။ စစ်ပွဲဖြစ်စေခြင်းသည် ကုလသမဂ္ဂပဋိညာဉ်အား ချိုးဖောက်ခြင်းဖြစ်သည်၊ အလားတူပင် အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်ခြင်းဟု သတ်မှတ်ထားပြီး နိုင်ငံတကာ ပြစ်မှုတစ်ရပ်လည်း ဖြစ်နိုင်သည်။ သို့သော်လည်း လက်နက်ကိုင်ပဋိပက္ခများမှာ နေ့စဉ်ဖြစ်ပွါးလျက်ရှိသည်။ တရားမဝင်လုပ်ဆောင်ချက်ဖြစ်စေသည်များကို ထိန်းချုပ်နိုင်သည့် ဥပဒေတစ်ရပ် ထွက်ပေါ်ရေးမှာ မည်သို့ဖြစ်နိုင်ပါသနည်း? ထိုမေးခွန်းကိုဖြေဆိုနိုင်ရန်အတွက် ပထမဦးစွာ စစ်ပွဲဖြစ်စေသည့် လုပ်ဆောင်ချက်များအပေါ် သတ်မှတ်ထားရှိသည့် ဥပဒေများနှင့် စစ်ပွဲဆင်နွှဲပုံကွဲသို့ စစ်ပွဲကာလအတွင်းကျင့်သုံးရသည့်ဥပဒေများအကြား ခွဲခြား နားလည်ထားရန် အရေးကြီးသည်။ ထိုကွဲသို့ အခြေအနေများ၌ ဥပဒေနှစ်ရပ်ကို ကျင့်သုံးရမည်ဖြစ်ပြီး (၁) စစ်ပွဲဖြစ်ပွါးခြင်းအတွက် လိုက်နာရသည့်ဥပဒေ (*jus ad bellum*) သို့မဟုတ် လက်နက်ကိုင်တပ်ဖွဲ့အသုံးပြုခြင်းအပေါ် သတ်မှတ်ထားသည့် ဥပဒေများ၊ (၂) စစ်ပွဲဖြစ်ပွါးနေစဉ် လိုက်နာရသည့် ဥပဒေ (*jus in bello*) သို့မဟုတ် စစ်မျက်နှာပြင်၌ လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွါးသည့်အပေါ် သတ်မှတ်ထားသည့် ဥပဒေများဖြစ်ကြသည်။ ယခုအခန်းတွင် နံပါတ် (၂) အမျိုးအစားဥပဒေများအပေါ် အဓိက ဆွေးနွေးသွားမည်ဖြစ်ပြီး အကြောင်းမှာ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွါးနေစဉ် လူ့အခွင့်အရေးကို လေးစား လိုက်နာစေရန် ယင်းဥပဒေများက သေချာစေခြင်းကြောင့်ဖြစ်သည်။

မျှတသော စစ်ပွဲ

အချို့သော အခြေအနေများအရ စစ်ပွဲတစ်ခုအား တရားဝင်ဖြစ်သည်ဟု သတ်မှတ်နိုင်သည့် အတွေးအခေါ်ဖြစ်သည်။ ၎င်းအခြေအနေများမှာ စစ်ပြုရန် မျှတသော အကြောင်းရင်းတစ်ခု ရှိ၍ အောင်မြင်နိုင်သည့် အလားအလာရှိရမည်၊ ထို့ပြင် ပြဿနာကို ဖြေရှင်းရန် အခြားနည်းလမ်းများ အားလုံးကို ဦးစွာ အသုံးပြု ခဲ့ပြီး ဖြစ်ရမည်။

jus ad bellum ဥပဒေများကို များသောအားဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC) က ချမှတ်လေ့ရှိပြီး စစ်ပွဲစတင်လိုက်သည့်အတွက် (သို့မဟုတ် ကျူးကျော်ရန်စသည့် လုပ်ရပ်များအတွက်) ပြစ်မှုမြောက်ခြင်း၊ ပဋိပက္ခအတွင်း ကာကွယ်ခုခံပိုင်ခွင့်၊ စုပေါင်းလုံခြုံရေးရယူခွင့်နှင့် (ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အခန်း (၇) တွင် ပါရှိသည့် လုပ်ပိုင်ခွင့်များကဲ့သို့) ကုလသမဂ္ဂ အဖွဲ့ဝင်များက တရားဝင်ကျင့်သုံးနိုင်သော အင်အားအသုံးပြုခြင်းများနှင့်ဆက်စပ်နေသည်။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင် စစ်တပ်အင်အားအသုံးပြုနိုင်သည့် ယေဘုယျ ဖြစ်စဉ်နှစ်ရပ်ကို ဖော်ပြပါရှိပြီး ယင်းတို့မှာ (၁) UNSC သည် အပိုဒ် ၄၁ အရ 'အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ပြန်လည် ထိန်းသိမ်းရန်အတွက်" စစ်တပ်အင်အားကို အသုံးပြုနိုင်သည်၊ (၂) အပိုဒ် ၅၁ သည် "ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခုအပေါ် လက်နက်ကိုင် တိုက်ခိုက်မှုတစ်ခု ဆင်နွှဲလာပါက နိုင်ငံတစ်ခုချင်းဖြစ်စေ၊ သို့မဟုတ် နိုင်ငံများ စုပေါင်း၍ဖြစ်စေ ကာကွယ်ခုခံပိုင်ခွင့်အား ကျင့်သုံးခွင့်" ကိုပေးထားသည်။ ထို့ပြင် *jus ad bellum* သည် 'မျှတသောစစ်ပွဲ' တစ်ခုဖြစ်စေရေးအတွက် ချမှတ်ထားခြင်းဖြစ်ပြီး ရှေးရာစုနှစ်များစွာကပင် စစ်ပွဲ ကြေညာနိုင်သော တရားဝင်အကြောင်းပြချက်များအဖြစ် ဖော်ပြခဲ့ကြသည့် မူသဘောတရားတစ်ခုလည်း ဖြစ်သည်။ တစ်ဖက်တွင်လည်း *jus in bello* ဥပဒေများသည် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွါးသည့်အခါ အရပ်သားများအပေါ်

ကျူးကျော်ရန်စသည့် လုပ်ရပ်များ

လက်နက်ကိုင် ပဋိပက္ခတစ်ခုကို ကြံစည်ခြင်း နှင့် စတင်လိုက်သည့် အခန်း (၇) တွင် ပါရှိသည့် လုပ်ပိုင်ခွင့်များ ကျူးကျော်ရန်စမှုသည် ကန့်သတ်ချက်များနှင့် ပဋိညာဉ် စာတမ်းအရ UN ကိုယ်စားလှယ်များ ဆုံးဖြတ်ချက်များ လုပ်ပိုင်ခွင့်ရှိရန် စစ်တပ် မြေစိုက်ရန်စသည့် အခြား တရား ဝင် သုံးခွင့်ပြုနိုင်သည့် အာဏာသည် လုံခြုံရေး ကောင်စီတွင် ရှိသည်။

ထိခိုက်မှု အကန့်အသတ်ဖြစ်ရန်၊ စစ်သားများအား မျှတစွာ ဆက်ဆံစေရန် နှင့် စစ်မျက်နှာပြင်တွင် တရားမျှတမှုသဘောနှင့် ဥပဒေစိုးမိုးမှု အခိုင်အမာ ရှိစေရေးတို့အတွက် ဥပဒေနှင့်အညီ အသေအချာ လိုက်နာလုပ်ဆောင်ရန် သတ်မှတ်ထားခြင်း ဖြစ်သည်။

၁၈. ၁. ၂ တိုက်ပွဲစည်းမျဉ်းများ၏ သမိုင်းကြောင်း

လက်နက်ကိုင်တိုက်ပွဲများအတွက် ချမှတ်ထားသောစည်းမျဉ်းများသည် ခေတ်သစ်တီထွင်မှု တစ်ရပ် မဟုတ်ပေ။ ကံဆိုးစွာပင် လက်နက်ကိုင်တိုက်ပွဲများသည် သမိုင်းတလျောက်လုံး အဖြစ်များခဲ့ပြီး နိုင်ငံရေးစနစ်ပုံစံများစွာတွင် တွေ့မြင်နိုင်သည်။ ထို့ပြင် တိုက်ပွဲဖြစ်ပွါးသည့်အခါ ယဉ်ကျေးမှု စံနှုန်းများအရဖြစ်စေ၊ ကိုယ်ကျင့်တရားစံနှုန်းများအရဖြစ်စေ (ဥပမာ လူများအပေါ် လူသားချင်းစာနာစွာ ဆက်ဆံခြင်း)၊ သို့မဟုတ် ပို၍ နည်းလမ်းတကျချုပ်ဆိုထားသည့် သဘောတူညီချက်များအရဖြစ်စေ အချို့သောစည်းမျဉ်းများကို လိုက်နာရသည်။ သမိုင်းကြောင်းအရ ဘုရင့်နိုင်ငံသည်လည်းကောင်း၊ မျိုးနွယ်စုများသည်လည်းကောင်း တိုက်ပွဲဖြစ်ပွါးသည့်အခါ အရပ်သားများ ပါဝင်မှုမရှိစေခြင်းကဲ့သို့ အချို့သော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရသည်။ အလားတူပင် စစ်သားများသည်လည်း တိုက်ပွဲဖြစ်ပွါးနေစဉ် အရာရှိများကို ပစ်မှတ်မထားရခြင်းကဲ့သို့သော ကျင့်ဝတ်များကို လိုက်နာရသည်။ သို့ရာတွင် ထိုကဲ့သို့ချမှတ်ထားသည့် စည်းမျဉ်းများကို အရေးယူဆောင်ရွက်နိုင်ရေးသည် စိန်ခေါ်ချက်တစ်ရပ်ဖြစ်ခဲ့သည်။ စစ်သားများ၊ စစ်တပ်များနှင့် အင်ပါယာတစ်ခုလုံးသည်ပင်လျှင် ထိုစံနှုန်းများကို မကြာခဏ ချိုးဖောက်ခဲ့ကြပြီး အပြစ်ပေးခြင်းလည်း မခံခဲ့ရပေ။ မည်သို့ပင်ဆိုစေကာမူ အချို့အခြေအနေများတွင် တိုက်ပွဲများဖြစ်ပွါးသည့်အခါ လိုက်နာရန် အတွက် ချမှတ်ထားသည့် ဥပဒေများကို လေးစားလိုက်နာခဲ့ကြသည်။ ဥပမာအားဖြင့် အာရှတစ်လွှားရှိ ရှေးယခင်လူ့အဖွဲ့အစည်းများတွင် စစ်သားများသည် စစ်မြေပြင်တွင် စစ်တပ်ကျင့်ဝတ်ကို လိုက်နာခဲ့ကြသည်၊ ထို့ကြောင့် ရိုင်းစိုင်းရက်စက်သော အပြုအမူမျိုးကို စစ်တပ်မှ ထိရောက်စွာ ကာကွယ်တားဆီးနိုင်ခဲ့ပေသည်။ ထိုစည်းမျဉ်းများသည် ဥရောပရှိ Chivalric Code နှင့် အတော်လေးဆင်တူခဲ့သည်။ ထို့ပြင် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ စည်းမျဉ်းများသည် အပြန်အလှန်သဘောရှိနေသည်၊ ဆိုလိုသည်မှာ ဆန့်ကျင်ဘက် တပ်ဖွဲ့များကလည်း ၎င်းတို့အား ပြုမူဆက်ဆံစေလိုသည့်ပုံစံအတိုင်း အခြားတစ်ဖက်ကို ပြန်လည် ပြုမူဆက်ဆံခဲ့ကြသည်။ တစ်နည်းဆိုရသော် စစ်တပ်တစ်ခုသည် လူသားဆန်စွာ ပြုမူဆက်ဆံခဲ့ပါလျှင် အခြားတစ်ဖက် စစ်တပ်သည်လည်း ထိုနည်းအတိုင်း ပြန်လည်ပြုမူလိမ့်မည်ဖြစ်သည်။ စစ်မြေပြင်တွင် ကျူးလွန်သော ရိုင်းစိုင်းသောအပြုအမူများနှင့် ပတ်သက်၍လည်း *အပြန်အလှန်* ထိုသဘောပင် ဖြစ်သည်။ သို့ရာတွင် အပြန်အလှန်ရှိမှုတစ်ခုတည်းဖြင့် တိုက်ပွဲစည်းမျဉ်းကို သတ်မှတ်မထားနိုင်ပေ၊ အဘယ့်ကြောင့်ဆိုသော် စစ်ပွဲတွင် အနိုင်ရရှိသူသည် စည်းမျဉ်းများကို ဆုံးဖြတ်နိုင်သူဖြစ်ပြီး အထူးသဖြင့် ရှုံးနိမ့်သည့်ဘက်အား မည်သို့အရေးယူမည်ကို ဆုံးဖြတ်နိုင်သည်။ နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် ဆန့်ကျင်ဘက် ရှုံးနိမ်သည့်ဘက်မှ ခေါင်းဆောင်များမှာ ဖမ်းဆီးအပြစ်ပေးခံရခြင်း၊ စစ်ရှုံးတပ်များအား ကျွန်ပြုခြင်းနှင့် ၎င်းတို့၏ ပစ္စည်းများကို ရှာဖွေဖျက်ဆီးခံရခြင်းများ ဖြစ်လာခဲ့သည်။ ပြည်သူ့ရေးရာအခွင့်အရေးများသည်လည်း မလွဲမရှောင်သာ ချိုးဖောက်ခံခဲ့ရသည်။ ထို့ကြောင့် ဥပဒေစည်းမျဉ်းကင်းမဲ့ခြင်း၏ အကျိုးဆက်အဖြစ် ပေါ်

Chivalric Code

ဥရောပ အလယ်ခေတ်ကမြင်းစီးသူရဲ့ကောင်းများအဓိကလိုက်နာရသည့် ကျင့်ဝတ်တစ်ခုဖြစ်သည်၊ ရှေးခေတ် တရုတ်ပြည်နှင့် အိန္ဒိယပြည်တို့တွင် အလားတူပုံစံများကို တွေ့နိုင်သည်။

ကျင့်ဝတ်သည် မူလက သစ္စာရှိမှုနှင့် ရဲရင့်မှုတို့အပေါ် အဓိက ဦးတည်ခဲ့သော်လည်း အားနည်းသူများ သို့မဟုတ် အကာအကွယ်မဲ့သူများအား တိုက်ခိုက်မှုမပြုရဆိုသည့် ညွှန်ကြားမှုများ ပါဝင်ခဲ့သည်။

ပေါက်လာသည့် အခြားပြဿနာတစ်ခုမှာ အရပ်သားများဖြစ်စေ၊ ဒဏ်ရာရ စစ်သားများဖြစ်စေ၊ တိုက်ပွဲတွင်ပါဝင်ခြင်း မရှိသူများအတွက် ဥပဒေက အပြည့်အဝကာကွယ်မှု ပေးနိုင်ခြင်းမရှိခဲ့ပေ။ အမှန်၌ စစ်သားများ တွင် (ဥပမာ - စစ်ပွဲ အကျိုးစီးပွါးကဲ့သို့) အထူးအခွင့်အရေးများ ရှိကြောင်း ယေဘုယျ မှတ်ယူထားမှုကြောင့် ခိုးမှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ကျွန်ပြုမှုများ မကြာခဏဆိုသလို ဖြစ်ပေါ်စေခဲ့သည်။ ပိုမိုရိုင်းစိုင်းသည့် လုပ်ရပ်များ လျော့နည်းပျောက် စေရေးအတွက် ကြိုးပမ်းအားထုတ်မှု များကို သမိုင်းတစ်လျှောက် ကြိုးစားခဲ့ကြသော်လည်း IHL ရေးဆွဲပေါ်ပေါက်လာသည့် ၁၈ ရာစု အလယ်ပိုင်းကာလမတိုင်မီအထိ အစစ်အမှန် တိုးတက်မှုများ မဟုတ်ခဲ့ချေ။

စစ်ပွဲ အကျိုးစီးပွါး
အနိုင်ရသည့်စစ်တပ်သည် စစ်ရှုံးသည့်ဘက်ထံမှ အမျိုးသမီးနှင့် ကလေးငယ်များ အပါအဝင် ပစ္စည်းများ (ဥပမာ-စက်များ၊ အစားအသောက်ဂိုထောင်များ၊ မြေများ) အား တောင်းဆိုနိုင်သည့် လက်ခံယုံကြည်ချက်။

လက်နက်ကိုင်ပဋိပက္ခများအတွက် ဥပဒေများသည် IHL အား မိတ်ဆက်ခြင်းနှင့်အတူ ၁၈ ရာစု အလယ်ပိုင်းတွင် သိသိသာသာ ပြောင်းလဲခဲ့သည်။ ပြင်သစ်စီးပွါးရေးသမားတစ်ဦးဖြစ်သူ ဟင်နရီ ဒူးနန့် (Henry Dunant) သည် ယနေ့အီတလီနိုင်ငံဖြစ်သော ဆိုဖာရီနိုအရပ်တွင် ဖြစ်ပွါးခဲ့သည့် စစ်ပွဲအပြီး၌ နာကျင်ခံစားနေရသူမြောက်များစွာကို မျက်မြင်တွေ့ကြုံခဲ့ရာမှ IHL စတင်ခဲ့ခြင်း ဖြစ်သည်။ အခြေခံဆေးဝါးကုသမှု အရေးပေါ်လိုအပ်နေသည့် ထောင်ပေါင်း များစွာသော လူငယ်လူရွယ်များ၏ တရားမျှတမှုမရှိသည့်အဖြစ်ကို တွေ့မြင်ခဲ့ရပြီးနောက် ဒူးနန့်သည် အပြည်ပြည် ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့ (ICRC) ဟု ယနေ့အများသိကြသည့် အဖွဲ့ကို ၁၈၆၃ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ၁၈၆၄ ခုနှစ်တွင် *hors de combat* (ပြင်သစ်စကားအရ 'တိုက်ပွဲပြင်ပ' ဟု အဓိပ္ပါယ်ရသည်) စစ်သားများအား ကာကွယ်ပေးရေးအတွက် ဂျီနီဗာသဘောတူစာချုပ် ၄ ခုအနက် ပထမဦးဆုံး သဘောတူစာချုပ် First Geneva Convention ကို ရေးဆွဲချမှတ်ခဲ့သည်။ ထိုအချိန်မှစကာ ပဋိပက္ခများအတွင်း ကျင့်သုံးပုံအလေ့အထများသည် သိသိသာသာ ပြောင်းလဲလာခဲ့သည်။ ပထမအချက်အားဖြင့် တိုက်ပွဲစည်းမျဉ်းများသည် ဥပဒေအပေါ် အခြေခံသွားမည် ဖြစ်ပြီး အနိုင်ရသူ အလိုကျ တရားစီရင်မှုအပေါ် တည်မှီခြင်းမရှိတော့ပေ။ ဒုတိယအချက်အနေ ဖြင့် တိုက်ပွဲကြောင့် (နှင့် ယခုအခါ သဘာဝဘေးအန္တရာယ်များကြောင့်) ဒုက္ခရောက်နေသူများကို ကူညီပေးရန် လူသားချင်းစာနာ ထောက်ထားမှုကဏ္ဍာတစ်ရပ် ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ရလာဒ် အနေ ဖြင့် ပဋိပက္ခများကြောင့် ရွှေ့ပြောင်းနေထိုင်ကြရသူများအတွက် အစားအစာ၊ ရေနှင့် အမိုး အကာများ ပံ့ပိုးပေးနိုင်ရန် ICRC ၊ Medicine Sans Frontier (MSF)နှင့် Care ကဲ့သို့သော လူသားချင်းစာနာထောက်ထားသော အဖွဲ့အစည်းများစွာ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ တတိယ အချက်အနေဖြင့် တိုက်ပွဲဆိုင်ရာ ဥပဒေများသည် အရပ်သားများ၊ ဆေးတပ်ဖွဲ့ဝင်များ၊ မီဒီယာ၊ စာသင်ကျောင်း၊ ဘုရားကျောင်း နှင့် အစားအစာသိုလှောင်ရာ နေရာများကဲ့သို့ အရေးကြီးသည့် နေရာဌာနများအပေါ် ကာကွယ်ပေးနိုင်ရေးအထိ ချဲ့ထွင်လာခဲ့ပေသည်။

Hors de combat

သဘောတူစာချုပ်အရ စစ်သားတစ်ဦး ထိခိုက် ဒဏ်ရာရသည့်အခါ သို့မဟုတ် အခြား အကြောင်းတစ်စုံတစ်ရာ ကြောင့် ဆက်လက် တိုက်ပွဲဝင်နိုင်စွမ်းမရှိ သည့်အခါ ဆန့်ကျင် ဘက်တပ်ဖွဲ့များက ထိုသူအား လူသားဆန်စွာ ပြုမူဆက်ဆံရမည်ဖြစ် သည်။ ၎င်းတို့တွင် ဆေးဝါးကုသမှု ရရှိစေ ခြင်း၊ သို့မဟုတ် စစ်သုံ့ပန်းအခွင့်အရေး များ ရစေခြင်းတို့ ပါဝင်သည်။ စစ်သားတစ်ဦးအား တိုက်ပွဲတွင်ပါဝင်သူဖြစ် ခဲ့သည်ဆိုရုံမျှနှင့် အပြစ်ပေးခြင်းမျိုး မလုပ်ရပေ။

၁၈၆၄ ခုနှစ်၊ ပထမဂျီနီဗာသဘောတူစာချုပ်ထွက်ပေါ်သည့်အချိန်မှစ၍ အကာအကွယ်ပေးသည့် နယ်ပယ်ကလည်း တိုးချဲ့လာခဲ့သည်။ နည်းပညာအသစ်များနှင့် ဗျူဟာသစ်များ တိုးတက်လာမှု နှင့်အတူ ပဋိပက္ခများသဘောသည်လည်း ပြောင်းလဲလာသည်ဖြစ်ရာ ဥပဒေများအား မွမ်းမံပြင် ဆင်ရမည်ဖြစ်သလို သို့တည်းမဟုတ် အသစ်ထပ်မံရေးဆွဲရမည် ဖြစ်သည်။ ၁၈ ရာစုအလယ်ပိုင်း ကာလရှိ ပြဿနာရပ်များတွင် စစ်မြေပြင်၌ ဆေးဝါးအကူအညီရရှိရေးနှင့် တိုက်ပွဲတွင် ပါဝင်ခြင်း

မရှိတော့သည့် စစ်သားများအား ကာကွယ်ပေးရေးတို့ ပါဝင်ခဲ့သည်။ အမေရိကန် ပြည်တွင်းစစ် အတွင်း၌ စစ်သားအများစုသည် စစ်မြေပြင်တွင် တိုက်ပွဲကြောင့် ချက်ချင်းလက်ငင်း အသက် ဆုံးရှုံးခဲ့ကြသည်မဟုတ်ဘဲ စောင့်ရှောက်ကုသမှု မရခဲ့သော စစ်ပွဲဒဏ်ရာများကြောင့် သေဆုံးခဲ့ရ ကြောင်း တွေ့ရှိခဲ့သည်။ အကျိုးဆက်အနေဖြင့် ဆေးတပ်ဖွဲ့ဝင်များအား ကာကွယ်ပေးနိုင်ရေး နည်းလမ်းများကို ထည့်သွင်းလာခဲ့ကြပြီး ၎င်းတို့အား တိုက်ခိုက်ခြင်းကို စစ်ရာဇဝတ်မှုအဖြစ် မှတ်ယူခဲ့ကြသည်။ စစ်မြေပြင်တွင် ရန်သူမိတ်ဆွေ မခွဲခြားဘဲ ဆေးဝါးအကူအညီရရှိရန်ကိုလည်း ခွင့်ပြုခဲ့သည်။ အချိန်ကြာလာသည်နှင့်အမျှ စစ်တပ်နည်းပညာများ၏ တိုးတက်ပြောင်းလဲမှုများ ကြောင့် (ဥပမာ - စက်သေနတ်၊ အမြောက်၊ လေကြောင်းဗုံးကြဲရန် လေယာဉ်များအသုံးပြုခြင်း) စစ်အတွင်း သေကြေပျက်စီးသူများ ပိုမိုသိသာစွာ မြင့်တက်လာစေပြီး အထူးသဖြင့် တိုက်ပွဲတွင် မပါဝင်သော အရပ်သားများအပေါ် ထိခိုက်မှုများပြားလာခဲ့သည်။ ထို့ကြောင့် စစ်ပွဲဆင်နွှဲပုံကို သတ်မှတ်ထားရန်နှင့် အရပ်သားများအား ကာကွယ်ပေးရန်အတွက် ပိုမိုကာကွယ်မှုများ သတ် မှတ်ထားရှိခဲ့ကြသည်။ ၁၈၉၉ နှင့် ၁၉၀၇ ခုနှစ်များတွင် ဟိဂ်မြို့၌ကျင်းပပြုလုပ်သည့် ညီလာခံ များနှင့် ၁၉၂၉ ခုနှစ် ဂျီနီဗာသဘောတူစာချုပ်တို့သည် ထိုပြဋ္ဌာန်းချက်များအတွက် အထောက် အကူဖြစ်စေခဲ့သည်။ ထို့ပြင် ပထမကမ္ဘာစစ်အတွင်း ဂက်စ်နှင့် ဓါတုလက်နက်များ အသုံးပြုခြင်း ကဲ့သို့ အချို့သောလက်နက်များကို တားမြစ်ခဲ့သည်။ ထိုသို့ လက်နက်များ အသုံးပြုသည့်အပေါ် ကန့်သတ်ထားသည့် ဥပဒေများကို ဟိဂ်သဘောတူညီချက်များဟုလည်း ခေါ်တွင်ကြသည်။ သမိုင်းတလျောက် ပျက်စီးမှုအများဆုံးဖြစ်သည့် ဒုတိယကမ္ဘာစစ် ဖြစ်ပွါးပြီးနောက်တွင် (ထောင် ပေါင်းများစွာသော အရပ်သားများအား သေစေခဲ့သော) လေကြောင်းမှ ဗုံးကြဲဖျက်ဆီးခြင်း၊ စစ်သုံ့ပန်းများ (POWs) များအပေါ် အခွင့်အရေး ချိုးဖောက်ခြင်းများနှင့် အခြားရက်စက်ကြမ်း ကြုတ်မှုများအား ကိုင်တွယ်တုန့်ပြန်နိုင်သည့် ဥပဒေသစ်များ ရေးဆွဲချမှတ်ရန် စီစဉ်ခဲ့ကြသည်။

သဘောတရား

ဂျီနီဗာသဘောတူစာချုပ်များနှင့် ဟိဂ်သဘောတူစာချုပ်များ

IHL ဥပဒေများအား ဟိဂ်နှင့် ဂျီနီဗာသဘောတူစာချုပ်များအဖြစ် ညွှန်းဆိုလေ့ရှိသည်။ ဂျီနီဗာ သဘောတူညီစာချုပ်များသည် အရပ်သမားများအား အကာအကွယ်ပေးခြင်း၊ ပဋိပက္ခလျော့နည်း စေခြင်းနှင့် စစ်သုံ့ပန်းများအား ပိုမိုကောင်းမွန်သော ဆက်ဆံမှုများ အသေအချာ ရရှိစေခြင်းတို့ကို သတ်မှတ်ပေးခြင်းဖြင့် စစ်၏ ဆိုးကျိုးများကို လျော့ချနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ဟိဂ်သဘောတူစာချုပ်များသည် စစ်မြေပြင်တွင် အချို့သော လက်နက်များ ဥပမာ ဂတ်စ်နှင့် ဇီဝ လက်နက်များ၊ မြေမြှုပ်မိုင်းများ အသုံးပြုခြင်းတို့ကို တားမြစ်ထားကာ စစ်အတွင်း ပြုမူလုပ် ဆောင်ပုံများကို ကန့်သတ်ထားခြင်းဖြစ်သည်။ သို့ရာတွင် ထိုသို့ ရိုးရှင်းချက်သည် အသုံးဝင်သည် မှန်သော်လည်း အပြည့်အဝ တိကျသေချာမှု မရှိပေ။ အကြောင်းမှာ စာချုပ်များအားလုံးသည် စစ်ပွဲဆင်နွှဲပုံနှင့် လက်နက်အသုံးပြုခြင်းများအကြောင်းနှင့် သက်ဆိုင်နေခြင်းကြောင့်ဖြစ်သည်။ အခြားသိမှတ်ဖွယ်ရာမှာ ဟိဂ်ဥပဒေများသည် ဟိဂ်မြို့တွင် အမြဲပြုလုပ်ခဲ့သည်မဟုတ်ပေ၊ ဥပမာ မြေမြှုပ်မိုင်းများ၊ အားပြင်းပေါက်ကွဲ ဗုံးများ နှင့် သက်ဆိုင်သည့် ဥပဒေများအား တိုရွန်တိုမြို့နှင့်

အိုတာဝါမြို့များတွင် ရေးဆွဲခဲ့သည်။ ထို့ပြင် နယူကလီးယားလက်နက်များ အသုံးပြုခြင်းကဲ့သို့ အချို့သော ကိစ္စရေးရာများမှာ သဘောတူစာချုပ်များအားလုံးနှင့် သက်ဆိုင်နေပေသည်။

၁၈.၂ ၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူစာချုပ်များ

လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ယခင်ဥပဒေများအား မွမ်းမံပြင်ဆင်ရန်၊ လေကြောင်းစစ်ဆင်ရေးကဲ့သို့သော နည်းပညာတိုးတက်ပြောင်းလဲမှုများ ဖြစ်လာသည့်အတွက် ဥပဒေသစ်များ ရေးဆွဲနိုင်ရေး ရည်ရွယ်လျက် ဂျီနီဗာသဘောတူစာချုပ်များကို ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၉ ခုနှစ် တွင် ချမှတ်ခဲ့ကြသည်။ ထိုစာချုပ်များသည် စာမျက်နှာပေါင်း ရာကျော်ရှိပြီး POWs များကို အဝတ်အထည်နှင့် အစားအသောက် ပံ့ပိုးပေးရေးကဲ့သို့သော အသေးစိတ် အကြောင်းအရာပေါင်းများစွာ ပါဝင်သည်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ပြောင်းလဲလာသည့် တိုက်ပွဲဆင်နွှဲပုံ သဘောသဘာဝများနှင့် စာချုပ်များ၏ ကိုက်ညီအပ်စပ်မှုအပေါ် ငြင်းခုံမှုများ ရှိနေ သော်ငြား အဆိုပါစာချုပ်များသည် အဓိကျသည့် IHL စာချုပ်များအဖြစ် ဆက်လက်တည်ရှိနေသည်။ မည်သို့ပင်ဆိုစေကာမူ အပြည်ပြည်ဆိုင်ရာနယ်ပယ်ရှိ လုပ်ဆောင်သူများအားလုံးနီးပါးက ထိုစာချုပ်များသည် လက်နက်ကိုင်ပဋိပက္ခများအတွက် အဓိကကျသည့် အရင်းအမြစ်များဖြစ်ကြောင်း လက်ခံယုံကြည်ထားဆဲဖြစ်သည်။ ယင်းစာချုပ်များ၏ အရေးပါမှုကို ပိုမိုအားသာစေသည့်အနေဖြင့် ကမ္ဘာ့နိုင်ငံအားလုံးက အတည်ပြု လက်မှတ်ရေးထိုးထားကြသည်။

မှတ်သားဖွယ်ရာ

၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူစာချုပ် (၄) ခု

စစ်မြေပြင်ရှိ ဒဏ်ရာရစစ်သည်များ၊ နာမကျန်းစစ်သည်များ၏ အခြေအနေများ ပိုမို တိုးတက်ကောင်းမွန်စေရေးအတွက် **ပထမ ဂျီနီဗာသဘောတူစာချုပ်**ကို ၁၈၆၄ ခုနှစ်တွင် ချမှတ်ခဲ့သည်။ ၁၉၀၆ ခုနှစ်နှင့် ၁၉၂၉ ခုနှစ်များတွင် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီး ၁၉၄၉ ခုနှစ် ပထမ ဂျီနီဗာသဘောတူစာချုပ်ဖြင့် ပြန်လည်ပြင်ဆင်အစားထိုးခဲ့သည်။

ဒဏ်ရာရစစ်သည်များနှင့် နာမကျန်းစစ်သည်များအား ဆေးကုသပေးရေးနှင့် သက်ဆိုင်ပြီး ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ ဆေးဝါး အထောက်အကူပစ္စည်းများနှင့် ကိရိယာပစ္စည်းများ သယ်ယူပို့ဆောင်ရေးအထိ အကာအကွယ်ပေးထားသည်။ ကြက်ခြေနီအမှတ်တံဆိပ်ကို မှန်ကန်စွာ အသုံးပြုရေး အသေးစိတ်ပါရှိသည်။ *hors de combat* (နာမကျန်းခြင်းကြောင့် ဖြစ်စေ၊ ဒဏ်ရာရခြင်းကြောင့်ဖြစ်စေ၊ ဖမ်းဆီးထိန်းသိမ်းခံရခြင်းကြောင့်ဖြစ်စေ တိုက်ပွဲတွင် ပါဝင်နိုင်စွမ်းမရှိတော့သူများ) သဘောတရားကိုလည်း မိတ်ဆက်ဖော်ပြထားပြီး တပ်ဖွဲ့များအနေဖြင့် ရန်သူ့ဘက်မှ ဒဏ်ရာရစစ်သည်များအပေါ် မည်သို့ဆက်ဆံရမည်ကို အသေးစိတ် ဖော်ပြထားသည်။

ပင်လယ်ပြင်၌ သင်္ဘောပျက်၍ ပါလာသော တပ်ဖွဲ့ဝင်များ၊ ဒဏ်ရာရစစ်သည်များ၊ နာမကျန်းစစ်သည်များ၏ အခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် **ဒုတိယ ဂျီနီဗာ**

သဘောတူစာချုပ်ကို ၁၈၉၉ ခုနှစ်တွင် ချမှတ်ခဲ့သည်။ ၁၉၀၆ ခုနှစ်တွင် ပြင်ဆင်ခဲ့ပြီးနောက် ၁၉၄၉ ခုနှစ် ဒုတိယဂျီနီဗာသဘောတူစာချုပ်ဖြင့် အစားထိုးခဲ့သည်။

သင်္ဘောပျက်တွင်ပါလာသည့် စစ်သည်များအပေါ် ဆက်ဆံခြင်းနှင့် ပဋိပက္ခပြီးဆုံးသည့်အခါ ၎င်းတို့၏ မူလနေရာသို့ ပြန်သွားနိုင်ရေးအတွက် စံနှုန်းများကို ဖော်ပြထားသည်။ သဘောတူစာချုပ်အရ စစ်ဆင်ရေးပြီးဆုံးသည့်အခါ အသက်ရှင်ကျန်ရစ်သူများအား ရှာဖွေပေးရန်လည်း လိုအပ်သည်။

စစ်သုံ့ပန်းများအား ဆက်ဆံခြင်းဆိုင်ရာ **တတိယဂျီနီဗာသဘောတူစာချုပ်**ကို ၁၉၂၉ ခုနှစ်တွင် ပထမဦးစွာချမှတ်ခဲ့ပြီး ၁၉၄၉ ခုနှစ် တတိယ ဂျီနီဗာ သဘောတူစာချုပ်ဖြင့် ပြန်လည် ပြင်ဆင်အစားထိုးခဲ့သည်။

စစ်သုံ့ပန်း (POWs) များအား ဆက်ဆံခြင်းနှင့်စပ်လျဉ်းသည့် အကြီးဆုံးသော သဘောတူ စာချုပ်တစ်ရပ်ဖြစ်သည်။ ဥပမာ - POWs များအား စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အပြစ်ပေးခြင်းမျိုး မပြုလုပ်ရပေ။ ထို့ပြင် ၎င်းတို့အား လူသားဆန်စွာ ဖမ်းဆီး ထိန်းသိမ်းထားရမည်ဖြစ်ပြီး ထိုသို့ ဖမ်းဆီးထိန်းသိမ်းထားကြောင်းကိုလည်း သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များထံသို့ သတင်းပို့တင်ပြပေးရမည်ဖြစ်သည်။

စစ်ပွဲအတွင်း အရပ်သားများအား ကာကွယ်ပေးရေးနှင့် သက်ဆိုင်သည့် **စတုတ္ထဂျီနီဗာသဘောတူစာချုပ်**ကို ၁၉၄၉ ခုနှစ်တွင် ချမှတ်ခဲ့သည်။

အရပ်သားများအား ကာကွယ်ပေးရေးနှင့် သက်ဆိုင်သည်။ ထိုအကြောင်းကို ယခင် သဘောတူစာချုပ်များတွင် ဖော်ပြပြီးဖြစ်သော်လည်း ယခုစာချုပ်၏ အဓိက ပြဋ္ဌာန်းချက် အများစုသည် ပြည်သူများနှင့် အထူးကာကွယ်စောင့်ရှောက်မှုပေးရမည့် အရာဝတ္ထုများအား ကာကွယ်ပေးခြင်း၊ ထိန်းသိမ်းခံနယ်မြေများတွင် နေထိုင်ကြသူများ၊ သို့မဟုတ် ပဋိပက္ခကြောင့် တနည်းနည်းဖြင့် ထိခိုက်ခံစားခဲ့ရသူများ၊ ဒုက္ခသည်များနှင့် နိုင်ငံသား မဟုတ်သူများအား ကာကွယ်ပေးခြင်းတို့ကို အသေးစိတ် ဖော်ပြထားသည်။

၁၈. ၂. ၁ ဂျီနီဗာသဘောတူစာချုပ်များရှိ နောက်ဆက်တွဲသဘောတူစာချုပ် (၃) ခု

၁၉၇၀ ဝန်းကျင်နှစ်များက ဂျီနီဗာသဘောတူစာချုပ်များကို အတည်ပြုလက်မှတ်ရေးထိုးထားသည့် နိုင်ငံများသည် နောက်ဆက်တွဲသဘောတူစာချုပ်များအကြောင်း ဆွေးနွေးရန် အစည်းအဝေးများစွာ ခေါ်ယူကျင်းပခဲ့ကြသည်။ နိုင်ငံများ၏ လွတ်လပ်ရေးကြိုးပမ်းသော စစ်ပွဲအချို့နှင့် အတူ ကြီးကြီးမားမား ပြဿနာရပ်များလည်း ပေါ်ပေါက်လာခဲ့သည်။ ထိုစစ်ပွဲများသည် အခြားအပြည်ပြည်ဆိုင်ရာစစ်ပွဲများကဲ့သို့ တူညီသောစံနှုန်းများ ကျင့်သုံးခြင်း မရှိကြောင်း လူအများက ပြောဆိုလာခဲ့ကြသည်။ အရပ်သားများအပေါ် ကာကွယ်ပေးမှု ပိုမိုထားရန် လိုအပ်ကြောင်းကိုလည်း ထပ်လောင်းပြောဆိုခဲ့ကြသည်။ ဗီယက်နမ်စစ်ပွဲနှင့် အယ်ဂျီးရီးယား စစ်ပွဲများသည် ထင်ရှားခဲ့ပြီး စစ်ပွဲအတွင်း အရပ်သားသေဆုံးမှုမှာ သိသိသာသာ မြင့်တက်ခဲ့သည်။ ကိုလိုနီ

လက်အောက်ခံတပ်များအပေါ် (အပြည်ပြည်ဆိုင်ရာ ပဋိပက္ခမဟုတ်သည့်) ပြောက်ကျားစစ်များ တိုက်ခိုက်ခဲ့ပြီး ၎င်းတို့ကို တည်ဆဲ ဂျီနီဗာ သဘောတူစာချုပ်များဖြင့် လွှမ်းမိုးအုပ်ချုပ်နိုင်ခြင်း မရှိခဲ့ပေ။ အဘယ့်ကြောင့်ဆိုသော် နောက်ဆက်တွဲ သဘောတူစာချုပ်များသည် ကိုလိုနီတပ်များ အပေါ် တိုက်ခိုက်သူများအတွက် အခွင့်အရေးများ ပိုမိုပေးအပ်ထားသည်ဖြစ်ရာ ဂျီနီဗာသဘောတူ စာချုပ်များကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ ထောက်ခံမှုကိုမရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ကို အရှေ့တောင် အာရှနိုင်ငံများစွာကလည်း လက်မှတ်ရေးထိုးထားခြင်းမရှိပေ။ တတိယနောက်ဆက်တွဲ သဘော တူစာချုပ်ကို ၂၀၀၅ ခုနှစ်တွင် ထပ်တိုးရေးဆွဲခဲ့ပြီး အနီရောင် ခရစ်စတယ်ကို ထပ်တိုး သင်္ကေတ အဖြစ် ICRC အား ပေးအပ်ခဲ့ခြင်းဖြစ်သည်။

မှတ်သားဖွယ်ရာ

ဂျီနီဗာသဘောတူစာချုပ်များ၏ နောက်ဆက်တွဲသဘောတူစာချုပ်များ

နောက်ဆက်တွဲသဘောတူစာချုပ် ၁ (၁၉၇၇) : ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်၊ ဂျီနီဗာ သဘောတူညီချက်များအပေါ် နောက်ဆက်တွဲသဘောတူစာချုပ်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်နစ်နာခဲ့သူများအား ကာကွယ်ပေးရေးနှင့် ပတ်သက် သည်။

လက်နက်ကိုင်ပဋိပက္ခများအတွင်း အရပ်သားများအပေါ် ကာကွယ်ပေးမှုကို ပိုမိုထားရှိပြီး ကိုလိုနီ ထိန်းသိမ်းမှုအပေါ် ဆန့်ကျင်တိုက်ခိုက်သည့် စစ်ပွဲများကို အပြည်ပြည်ဆိုင်ရာ လက်နက်ကိုင် ပဋိပက္ခအဖြစ် သတ်မှတ်လိုက်သည်။ ထို့ကြောင့် ဂျီနီဗာသဘောတူ စာချုပ်များအား ထိုစစ်ပွဲများ တွင် ကျင့်သုံးနိုင်ရန် လုပ်ဆောင်ထားခြင်းဖြစ်သည်။

နောက်ဆက်တွဲသဘောတူစာချုပ် ၂ (၁၉၇၇) : ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်၊ ဂျီနီဗာ သဘောတူညီချက်များအပေါ် နောက်ဆက်တွဲသဘောတူစာချုပ်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ မဟုတ်သည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်နစ်နာခဲ့သူများအား ကာကွယ်ပေးရေးနှင့် ပတ်သက်သည်။

အပြည်ပြည်ဆိုင်ရာမဟုတ်သည့် လက်နက်ကိုင်ပဋိပက္ခများတွင် အရပ်သားများအား ကာကွယ် ပေးရေးကို ပြဋ္ဌာန်းထားသည်။

နောက်ဆက်တွဲသဘောတူစာချုပ် ၃ (၂၀၀၅) : ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်၊ ဂျီနီဗာ သဘောတူညီချက်များအပေါ် နောက်ဆက်တွဲသဘောတူစာချုပ်ဖြစ်ပြီး ထူးခြားသည့် အမှတ် တံဆိပ်တစ်ခု ထပ်တိုးသတ်မှတ်ခြင်းနှင့် ဆက်စပ်သည်။

ခရစ်စတယ်အနီ သင်္ကေတကို ကြက်ခြေနီနှင့် လခြမ်းနီတို့တွင် ထပ်ပေါင်းထည့်ခြင်း ဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ကြက်ခြေခတ်ပုံနှင့် လခြမ်းပုံများ က ဘာသာရေး သင်္ကေတများ ဖြစ်ကြ ကြောင်း၊ ICRC သည် ဘာသာရေးကင်းသော သင်္ကေတ ဖြစ်သင့်ကြောင်းဆိုသည့် ဝေဖန်မှုများအပေါ် တစ်စိတ်တစ်ပိုင်း တုန့်ပြန်သည့် သဘော ဖြစ်ခဲ့သည်။

ဇယား ၁၈-၁ ဂျီနီဗာသဘောတူစာချုပ်များနှင့် နောက်ဆက်တွဲသဘောတူစာချုပ်များ (၂၀၁၉ အရ)

နိုင်ငံ	ဂျီနီဗာသဘောတူညီချက်များ ၁ မှ ၄ အထိ	နောက်ဆက်တွဲ သဘောတူစာချုပ် ၁	နောက်ဆက်တွဲ သဘောတူစာချုပ် ၂	နောက်ဆက်တွဲ သဘောတူစာချုပ် ၃
ဘရူနိုင်း	၁၉၅၁	၁၉၈၁	၁၉၈၁	-
ကမ္ဘောဒီးယား	၁၉၅၈	၁၉၇၈	၁၉၇၈	-
အင်ဒိုနီးရှား	၁၉၅၈	-	-	-
လာအို PDR	၁၉၅၆	၁၉၈၀	၁၉၈၀	-
မလေးရှား	၁၉၆၂	-	-	-
မြန်မာ	၁၉၈၂	-	-	-
ဖိလစ်ပိုင်	၁၉၅၂	၂၀၁၂	၁၉၈၆	၂၀၀၆
စင်ကာပူ	၁၉၇၃	-	-	၂၀၀၈
ထိုင်း	၁၉၅၄	-	-	-
အရှေ့တီမော	၂၀၀၃	၂၀၀၅	၂၀၀၅	၂၀၁၁
ဗီယက်နမ်	၁၉၅၁	၁၉၈၁	-	-

၁၈. ၂. ၂ လက်နက်ကိုင်တိုက်ခိုက်ခြင်းအား အဓိပ္ပါယ်သတ်မှတ်ခြင်း

ဂျီနီဗာသဘောတူစာချုပ်များတွင် လက်နက်ကိုင်ပဋိပက္ခအမျိုးအစားများစွာအတွက် မတူ ကွဲပြား သောစည်းမျဉ်းများ ရှိကြသည်။ သဘောတူစာချုပ်များအရ လက်နက်ကိုင် ပဋိပက္ခများအား အပြည်ပြည်ဆိုင်ရာ လက်နက်ကိုင် ပဋိပက္ခများ (IACs)၊ အပြည်ပြည်ဆိုင်ရာ မဟုတ်သော လက်နက်ကိုင်ပဋိပက္ခများ (NIACs) နှင့် ပြည်တွင်း ဆူပူအုံကြွမှုများ ဟူ၍ ၃ မျိုး ခွဲခြားသတ်မှတ်နိုင်သည်။ ထို့ကြောင့် NIAC နှင့် IAC ရှိ စစ်သုံ့ပန်းများအတွက် မတူညီသော IHL ဥပဒေများကို ကျင့်သုံးလိမ့်မည်ဖြစ်သည်။ IHL နှင့် ဂျီနီဗာသဘောတူစာချုပ်အများစု သည် IACs အပေါ် ဦးတည်ထားပြီး ၎င်းသည် သာမာန်အားဖြင့် နိုင်ငံနှစ်ခုကြား ဖြစ်ပွါးလေ့ရှိသည်။ သို့သော် IACs ကို အမျိုးသားလွတ်မြောက်ရေးစစ်ပွဲများအဖြစ်လည်းကောင်း သို့မဟုတ် နိုင်ငံတော်နှင့် နိုင်ငံမဟုတ်သော လက်နက်ကိုင် အုပ်စုများအကြား နယ်စပ် ဖြတ်ကျော်ကာ ဖြစ်ပွါးသော ပဋိပက္ခများအဖြစ်လည်းကောင်း မှတ်ယူနိုင်သည်။ IACs သည် ဂျီနီဗာသဘောတူစာချုပ်များ အပြင် ပထမနောက်ဆက်တွဲသဘောတူစာချုပ်နှင့် သက်ဆိုင်သည်။ ပြည်တွင်းစစ် သို့မဟုတ် တော်လှန်ရေးများကဲ့သို့သော NIACs သည် ဘုံ အပိုဒ် ၃ (အောက်တွင် ဆွေးနွေးထားသည်) နှင့်အတူ ဒုတိယ နောက်ဆက်တွဲသဘောတူစာချုပ်နှင့် သက်ဆိုင်သည်။ နောက်ဆုံးအမျိုးအစား ဖြစ်သည့် ဆူပူမှုများ၊ အကြမ်းဖက် ဆန္ဒထုတ်ဖော်မှုများ၊ နိုင်ငံမဟုတ်သော လက်နက်ကိုင် အုပ်စု နှစ်ခုအကြားဖြစ်ပွါးသည့် ပဋိပက္ခများကဲ့သို့ ပြည်တွင်းအုံကြွမှုများအား လက်နက်ကိုင် ပဋိပက္ခ များအဖြစ် သတ်မှတ်ရန် အဆင့်မမီသည် ဖြစ်ရာ သက်ဆိုင်ရာနိုင်ငံ၏ ပြည်တွင်းဥပဒေများ (ဥပမာ- ရာဇဝတ်ဥပဒေများ) အတိုင်း ကျင့်သုံးရပေလိမ့်မည်။

အချိန်တိုင်း စပ်ဆိုင်မှု အမြဲရှိနေသည့် လူ့အခွင့်အရေးသဘောတရားများနှင့်မတူဘဲ IHL ဥပဒေများအား ပဋိပက္ခဖြစ်ပွါးချိန်တွင်သာ ကျင့်သုံးနိုင်သည်။ သို့သော် နယ်မြေ ထိန်းသိမ်းခြင်း၊ သို့မဟုတ် ပဋိပက္ခများ၏ နောက်ဆက်တွဲအကျိုးဆက်အဖြစ် နိုင်ငံများအပေါ် သတ်မှတ်ထားရှိ သည့် အခြားသောတာဝန်များ ဥပမာ- POWs နှင့် ဒုက္ခသည်များ နေရပ်ပြန်ပို့ခြင်းကဲ့သို့သော ကိစ္စများအတွက် ပဋိပက္ခများ ပြီးဆုံးပြီးနောက်တွင်လည်း IHL ဥပဒေများကို ဆက်လက် ကျင့်သုံး နိုင်သည်။ ဂျီနီဗာသဘောတူစာချုပ်များပါ ဘုံအပိုဒ် ၂ တွင် လက်နက်ကိုင် ပဋိပက္ခဆိုသည်ကို အဓိပ္ပါယ်ဖွင့်ဆိုထားသည်မှာ-

> *[အား]လုံးသော စစ်ကြေညာထားသည့်ကိစ္စရပ်များ၊ သို့မဟုတ် စစ်ပွဲ အခြေအနေကို နိုင်ငံတစ်ဖက်ဖက်က အသိအမှတ်မပြုခဲ့သည့်တိုင် နှစ်နိုင်ငံ သို့မဟုတ် နှစ်နိုင်ငံ ထက်ပိုသော စာချုပ်ဝင်နိုင်ငံများအကြား ဖြစ်ပွါးနိုင်သည့် အခြားသော လက်နက် ကိုင်ပဋိပက္ခများအားလုံး ဖြစ်သည်။ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်သည် တစ်စိတ် တစ်ဒေသဖြစ်စေ၊ အပြည့်အဝဖြစ်စေ သိမ်းပိုက်ခံရသည့် ကိစ္စရပ်များတွင် ထိုနယ်မြေ၌ လက်နက်ကိုင်ခုခံမှုများ မရှိခဲ့သည့်တိုင် သဘောတူစာချုပ်ကို ကျင့်သုံးလိုက်နာရမည်ဖြစ်သည်။*

မှတ်သားရမည်မှာ ပဋိပက္ခသည် သဘောတူစာချုပ်များကို အတည်ပြု လက်မှတ်ရေး ထိုးထားသည့် နိုင်ငံများအကြား ဖြစ်ပွါးရမည်ဖြစ်သည်။ ယင်းနိုင်ငံများကို ဤနေရာတွင် 'စာချုပ်အဖွဲ့ဝင် နိုင်ငံများ' 'High Contracting Parties' ဟုခေါ်တွင်သည်။ (လူ့အခွင့်အရေးနယ်ပယ်တွင် 'စာချုပ်ဝင်နိုင်ငံများ' 'State Parties' ဟု ခေါ်တွင်သည်)

နိုင်ငံအားလုံးက ဂျီနီဗာသဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးထားပြီးဖြစ်ရာ နေရာဒေသမရွေး သက်ဆိုင်ပေသည်။

ဂျီနီဗာသဘောတူညီချက်များ၏ အပိုင်းအသီးသီးတွင် NIACs ကို အဓိပ္ပါယ် ဖွင့်ဆိုထားကြသည်။ နောက်ဆက်တွဲသဘောတူစာချုပ် ၂ ၏ အပိုဒ် ၁ တွင် NIAC တစ်ခုသည်

> *စာချုပ်ဝင်နိုင်ငံတစ်ခု၏ နယ်နိမိတ်အတွင်း ထိုနိုင်ငံ၏ စစ်တပ်နှင့် အတိုက်အခံ လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် အခြားလက်နက်ကိုင်အုပ်စုများအကြား ပဋိပက္ခ ဖြစ်ပွါးခြင်းဖြစ်ပြီး ထိုအုပ်စုများသည် နိုင်ငံ၏ နယ်မြေအစိတ်အပိုင်းတစ်ခုအပေါ် ထိန်းသိမ်းအုပ်ချုပ်ထားပြီး ၎င်းတို့၏ ခိုင်မာရှည်ကြာသည့် စစ်ဆင်ရေးများ ဆက်လက် လုပ်ဆောင်နိုင်ရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် အဆိုပါ နယ်မြေအား ထိန်းချုပ်ထားခြင်း ဖြစ်သည်။*

အဆိုပါအဓိပ္ပါယ်ဖွင့်ဆိုချက်အရ NIACs တွင် တဖက်က နိုင်ငံတော်ပါဝင်နေပြီးလျှင် အခြားတဖက်က နယ်နိမိတ်တစ်ခုကို ထိန်းချုပ်ထားကာ စစ်တပ်ကဲ့သို့ (ယူနီဖောင်းများ အသုံးပြုခြင်း၊ အမိန့်ပေးအုပ်ချုပ်သည့်စနစ်နှင့် လက်နက်များ ရှိခြင်း) လှုပ်ရှားပြုမူသည့် နိုင်ငံမဟုတ်သော လက်နက်ကိုင်အုပ်စုများ ပါဝင်သည့်အခါမှသာ NIACs ဖြစ်နိုင်သည်။ ထို လက်နက်ကိုင်တပ်ဖွဲ့များသည် 'ပဋိပက္ခတွင် ပါဝင်သူများ' ဖြစ်ကြပြီး စစ်ပြုခြင်းတွင် တမင်တကာသိလျှက်နှင့် ပါဝင်ခြင်းမျိုးကို ဆိုလိုသည်။ နိုင်ငံတကာမှ လက်နက်ကိုင် တပ်ဖွဲ့ တစ်ခုသည် ထိုစစ်ပြုခြင်းတွင် ပါဝင်လာခဲ့ပါမူ NIAC တစ်ခုသည် အပြည်ပြည်ဆိုင်ရာပဋိပက္ခ IAC ဖြစ်သွားနိုင်သည်။

အခြား လက်နက်ကိုင်ပဋိပက္ခပုံစံများဖြစ်သည့် ဆူပူအုံကြွမှုများ သို့မဟုတ် လက်နက် အသုံးပြုသော ပြည်တွင်းဆူပူအုံကြွမှုများသည် IHL နှင့် သက်ဆိုင်မှု မရှိပေ။ ပြည်တွင်း ပဋိပက္ခ တစ်ခုနှင့် ပြည်တွင်းဆူပူအုံကြွမှုအကြား ခြားနားချက်သည် အလွန်အရေးကြီးသည့် ခြားနားချက် ဖြစ်သည်။ ပြည်တွင်းဆူအုံကြွမှုအား ပြည်တွင်းရှိ ရာဇဝတ်ဥပဒေများ၊ လူ့အခွင့်အရေး ဥပဒေများ ဖြင့်သာ ပြဋ္ဌာန်းသတ်မှတ်နိုင်သည်။ ထို့ကြောင့် ပြည်တွင်းဆူပူ အုံကြွမှုအတွင်း လက်နက်အသုံးပြုခဲ့သည့် လူပုဂ္ဂိုလ်များအား ရာဇဝတ်သားများအဖြစ် မှတ်ယူခြင်းဖြစ်သည်။ ထိုအခါ လူ့အခွင့်အရေးဥပဒေများကို ကျင့်သုံးမည်ဖြစ်ပြီး IHL ၏ အကာအကွယ်များ၊ မူသဘောတရားများကို ကျင့်သုံးမည်မဟုတ်ချေ။

အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ပါရှိသည့် နောက်ဆုံးအပိုင်းသည် ပဋိပက္ခ၏ ပြင်းထန်မှုဖြစ်သည်။ ပဋိပက္ခတစ်ခုသည် လက်နက်ကိုင်ပဋိပက္ခအဖြစ် မှတ်ယူနိုင်လောက်သောအတိုင်းအတာအထိ ပြင်းထန်မှုရှိရမည်ဖြစ်သည်။ ထိုအချက်ကို NIACs ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များတွင် အတိအလင်း

ဖော်ပြထားသည်မှာ “နိုင်ငံတစ်ခုအတွင်းရှိ နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော လက်နက်ကိုင်တပ်ဖွဲ့များအကြား စစ်ပြုလိုက်ခြင်းသည် အနိမ့်ဆုံးပြင်းထန်မှု အဆင့်သို့ ရောက်ရှိသည်”။ အများအားဖြင့် နှစ်ဖက်တပ်ဖွဲ့ဝင်များအကြား အပြန်အလှန် ပစ်ခတ်မှု ဖြစ်သွားလျှင် ပြင်းထန်မှုအဆင့်ဖြစ်သည်ဟု လက်ခံထားကြသော်လည်း တိကျသည့် အဆင့်သတ်မှတ်မှု မရှိပေ။ မည်သို့ပင်ဆိုစေကာမူ စစ်သားတစ်ဦးက အခြားနယ်ဘက်သို့ သေနတ်ပစ်လိုက်သည့်အခါ သို့မဟုတ် တဖက်နိုင်ငံထဲတွင် စစ်သားများ မတော်တဆ သွားလာခဲ့ပြီး ပြဿနာမဖြစ်ဘဲ ပြန်ရောက်လာသည့် အခါများတွင် လိုအပ်သည့် ပြင်းထန်မှုအဆင့်သတ်မှတ်ချက်ကို ပြည့်မီလိမ့်မည် မဟုတ်ပေ။

ဆွေးနွေးခြင်းများနှင့် အပြန်အလှန်ဝေဖန်ခြင်း

လက်နက်ကိုင်ပဋိပက္ခဆိုသည်ကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း

ပြည်တွင်းဆူပူလှုပ်ရှားမှုများနှင့် အပြည်ပြည်ဆိုင်ရာမဟုတ်သည့် လက်နက်ကိုင် ပဋိပက္ခများအကြား ခြားနားမှုအတိုင်းအတာ၊ ပဋိပက္ခတစ်ခုအား လက်နက်ကိုင်ပဋိပက္ခဟု ခေါ်ဆိုရန် အနိမ့်ဆုံးပြင်းထန်မှုအဆင့်သတ်မှတ်ချက်သို့ ရောက်ရှိရသည် ဆိုသောအချက်နှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခြင်းများ ဆက်လက်ပေါ်ပေါက်နေသည်။ ဥပမာအားဖြင့် အမေရိကန်/ဗီယက်နမ် စစ်ပွဲသည် မျက်မှောက်ခေတ်ဥပဒေများအရ လက်နက်ကိုင်ပဋိပက္ခ အဆင့်သို့ မရောက်ရှိခဲ့ပေ။

အထက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်များကို ကြည့်ကာ (အောက်တွင်ဖော်ပြထားသည့်) အရှေ့တောင်အာရှတွင် မကြာသေးမီကဖြစ်ပွားခဲ့သည့် မည်သည့် ပဋိပက္ခများသည် လက်နက်ကိုင် ပဋိပက္ခအဖြစ် မှတ်ယူနိုင်မည့် လိုအပ်သည့်ပြင်းထန်မှုအဆင့်များသို့ ပြည့်မီသနည်း?

အရှေ့တောင်အာရှရှိ မူးယစ်ဆေးဝါးတိုက်ပွဲ - စစ်သားများနှင့် ရဲများသည် ဥပဒေမဲ့ သတ်ဖြတ်မှုများစွာ လုပ်ဆောင်ခဲ့ပြီး မူးယစ်ဆေးဝါး သံသယရှိသူ ထောင်ပေါင်းများစွာကို သတ်ဖြတ်ခဲ့သည်။

ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ နယ်စပ်ရှိ Preah Vihear/ Phra Wihan ဘုရားကျောင်း အငြင်းပွားမှု - ထိုင်းနယ်စပ်လုံခြုံရေးကင်းလှည့်တပ်နှင့် ကမ္ဘောဒီးယား ကင်းလှည့်တပ်များ တွေ့ဆုံမိကာ မိနစ်အနည်းငယ်ကြာ ပစ်ခတ်မှု ဖြစ်ပွါးခဲ့သည်။

ဘန်ကောက်တွင် နိုင်ငံရေးဆန္ဒပြသူများ သေဆုံးမှု (၂၀၁၀) - နိုင်ငံရေးဆန္ဒပြသူများအား စစ်တပ်၏ အကြမ်းဖက်နှိမ်နင်းခဲ့မှုကြောင့် လက်နက်မဲ့ အရပ်သားပြည်သူ ၁၀၀ နီးပါး သေဆုံးခဲ့သည်။

မြန်မာနိုင်ငံရှိ ကချင်ပြည်နယ်စစ်ပွဲ - မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) အကြား ဖြစ်ပွါးခဲ့သည့် ပဋိပက္ခများကြောင့် လွန်ခဲ့သော ၁၀ နှစ်အတွင်း လူ ၃၀၀ နီးပါး သေဆုံးခဲ့သည်။

အဖြေများ

အပြည်ပြည်ဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခ (IAC) - ဘုရားကျောင်းအငြင်းပွါးမှုသည် AIC ဖြစ်သည်။ ဖြစ်စဉ်တွင် ကျည်အနည်းငယ်သာ အသုံးပြုခဲ့ပြီး အချိန် မိနစ်အနည်းငယ်သာ ကြာခဲ့သည်ဆိုသော်လည်း ပဋိပက္ခအား မတူညီသည့်နိုင်ငံနှစ်ခု၏ စစ်သားများအကြား ဖြစ်ပွါးသည်ဟု မှတ်ယူနိုင်သည်။

အပြည်ပြည်ဆိုင်ရာမဟုတ်သော လက်နက်ကိုင်ပဋိပက္ခ (NIAC)- မြန်မာ့တပ်မတော်နှင့် KIA တို့အကြား ဖြစ်ပွါးသည့် ကချင်စစ်ပွဲသည် NIAC ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် KIA တွင် ယူနီဖောင်းများ၊ သိမ်းပိုက်နယ်မြေ၊ နှင့် အမိန့်ပေးအုပ်ချုပ်မှုစနစ်ဖွဲ့စည်းထားခြင်းကြောင့် ဖြစ်သည်။

ပြည်တွင်း ဆူပူလှုပ်ရှားမှုများ - မူးယစ်ဆေးဝါးစစ်ပွဲနှင့် နိုင်ငံရေးဆန္ဒပြသူများသေဆုံးသည့် ဖြစ်စဉ်များသည် တိုက်ခိုက်သူများမရှိခြင်း၊ သိမ်းပိုက်ခံနယ်မြေမဟုတ်ခြင်း၊ နိုင်ငံတော်ကို ဆန့်ကျင်ပြီး သီးခြားအမိန့်တစ်စုံတစ်ရာကို လိုက်နာခဲ့ခြင်းများ မရှိသည့်အတွက် ပြည်တွင်း ဆူပူလှုပ်ရှားမှုများအဖြစ်သတ်မှတ်ရန် ဖြစ်နိုင်ချေအများဆုံးဖြစ်သည်။ ထို့ပြင် မည်သည့် မူးယစ်ဆေးဝါး သံသယရှိသူ သို့မဟုတ် ဆန္ဒပြသူကမျှ ပြန်လည်ပစ်ခတ်ခဲ့ခြင်းမရှိသဖြင့် အနိမ့်ဆုံး ပြင်းထန်မှုအဆင့်သို့ ပြည့်မီခဲ့သည်ဟု မဆိုနိုင်ပေ။ (စစ်တပ်ဘက်က အခိုင်အမာ ပြောသည့် အတိုင်း) ဆန္ဒပြသူများက ဘန်ကောင်မြို့လယ်၏ တစ်စိတ်တစ်ပိုင်းကို သိမ်းပိုက်ထားခဲ့ပြီး လက်နက်များပါရှိခဲ့ပင်လျှင် ထိုသူများ၏ လုပ်ဆောင်ချက်များသည် နိုင်ငံ မဟုတ်သော လက်နက်ကိုင် အုပ်စုအဆင့်သို့ ရောက်ရှိခြင်း ရှိ/မရှိဆိုသည်မှာ ဆက်လက် ဆွေးနွေးဖွယ်ရာ ဖြစ်သည်။

၁၈. ၂. ၃. ကာကွယ်ပေးခြင်း နှင့် ပဋိပက္ခအမျိုးအစား

ဂျီနီဗာသဘောတူစာချုပ်များသည် အဓိကအားဖြင့် IACs များတွင် ကျင့်သုံးသည်။ ဘုံ အပိုဒ် ၃ နှင့် နောက်ဆက်တွဲသဘောစာချုပ် ၂ သည်သာလျှင် အပြည်ပြည်ဆိုင်ရာသဘော မဟုတ်သည့် လက်နက်ကိုင်ပဋိပက္ခများအတွက် သတ်မှတ်ပြဋ္ဌာန်းပေးထားသည်။ ထို့ကြောင့်ပင် IHL ၏ ကန့်သတ်ချက်များအပေါ် စိုးရိမ်မှုများ မြှင့်တက်ခဲ့ခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လက်ရှိ ဖြစ်ပွါးနေသည့် လက်နက်ကိုင်ပဋိပက္ခများအားလုံးနီးပါးသည် အပြည်ပြည်ဆိုင်ရာ သဘောမပါရှိသဖြင့် IHL ၏ ကာကွယ်ပေးမှုများနှင့် အများဆုံး သက်ဆိုင်မှုမရှိပေ။ ဂျီနီဗာ သဘောတူစာချုပ် ၄ ခုတွင်ပါရှိသည့် သတ်မှတ်အုပ်ချုပ်မှုများကိုသာ ရွေးချယ်ကျင့်သုံးနိုင်လိမ့်မည်ဖြစ်သည်။ သို့သော် NIACs များအပေါ် ဆက်လက် ကာကွယ်ပေးထားသည်။ ဘုံ အပိုဒ် ၃ (ဂျီနီဗာသဘောတူစာချုပ်များတွင် ဘုံအဖြစ် ပါဝင်ခြင်းကြောင့် ထိုသို့ခေါ်ဆိုခြင်း ဖြစ်သည်) အရ *hors de combat* ဖြစ်သွားသူများကဲ့သို့ စစ်ပြုခြင်းတွင် ပါဝင်နိုင်ခြင်းမရှိသည့် လူများအားလုံးကို လူသားဆန်စွာ ပြုမူဆက်ဆံရန် လိုအပ်သည်။ ထိုအပိုဒ်တွင် ညှင်းပန်းနှိပ်စက်ခြင်း၊ ဓါးစာခံခေါ်ဆောင်ခြင်း၊ ဥပဒေမဲ့ အပြစ်ပေးခြင်းများကို တားမြစ်ထားသည်။

မှတ်သားဖွယ်ရာ

ဘုံအပိုဒ် - ၃

ဂျီနီဗာသဘောတူစာချုပ် ၄ ခုစလုံးတွင် အပိုဒ် ၃ သည် ဘုံအဖြစ်ပါဝင်ပြီး အပြည်ပြည်ဆိုင်ရာ ပဋိပက္ခဟု မှတ်ယူမှုမပြုသည့် ပဋိပက္ခများသည် သဘောတူစာချုပ်များ၏ နယ်ပယ်အတွင်း အကျုံးဝင်သက်ဆိုင်ခြင်းမရှိသည်ဖြစ်ရာ ထိုပဋိပက္ခများအတွင်း လူများအား ဆက်ဆံရာတွင် ထားရှိရမည့် အနိမ့်ဆုံးစံနှုန်းများကို ချမှတ်ထားသည်။ အပိုဒ် ၃ သည် လူသားဆန်စွာ ဆက်ဆံခြင်းအတွက် အဓိကအချက်များကို သတ်မှတ်ထားပြီး ပဋိပက္ခ*အားလုံး* တွင် ကျင့်သုံးနိုင်ခြင်းကြောင့် အရေးပါသည်။ ထူးခြားချက်မှာ ထိုအပိုဒ်သည် ပဋိပက္ခတွင် တိုက်ရိုက်ပါဝင်ခြင်းမရှိသူအားလုံး *hors de combat* မှသည် အရပ်သားများအထိ ကာကွယ်ပေးထားခြင်းဖြစ်သည်။

အဆိုပါတားမြစ်ချက်များတွင် လူများအား အကြမ်းဖက်ခြင်း၊ ဓါးစာခံခေါ်ဆောင်ခြင်း၊ အရှက်တကွဲဖြစ်စေခြင်းနှင့် လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် ပြုမူဆက်ဆံခြင်း၊ တရားဝင် နည်းလမ်းတကျ မဟုတ်သည့် အပြစ်ပေးခြင်းများကို ကာကွယ်ပေးထားသည်။ အပိုဒ် ၃ သည် နာမကျန်းဖြစ်သူများ၏ ဆေးဝါးကုသပိုင်ခွင့်ကိုလည်း အသိအမှတ်ပြုထားသည်။

ဘုံအပိုဒ် ၃ အရ ပေးအပ်ထားသည့် ကာကွယ်ပေးမှုသည် ကျယ်ပြန့်ခြင်းဖြစ်သလို ကန့်သတ်ထားခြင်းလည်း ဖြစ်နိုင်သည်။ ဥပမာဆိုရသော် စာပိုဒ်တွင် (အခြားသော အများလက်ခံထားသည့် လူ့အခွင့်အရေးများစွာမှ) လွတ်လပ်စွာ စုဝေးခွင့်၊ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်၊ အဓမ္မခိုင်းစေခြင်းမှ ကင်းလွတ်ခွင့်များကို ဖော်ပြထားခြင်းမရှိပေ။ အလားတူပင် ထိန်းသိမ်းထားသူများအား ပြုမူဆက်ဆံခြင်း၊ သို့မဟုတ် စစ်ဆင်ရေး နည်းနိဿယများနှင့် ပတ်သက်၍ ပြဋ္ဌာန်းချက်များ မပါဝင်ပေ။ ဘုံအပိုဒ် ၃ သည် အချို့သော ပြည့်သူ့ရေးရာ အခွင့်အရေးများကို ကာကွယ်ပေးသည်မှန်သော်လည်း ညှင်းပန်းနှိပ်စက်ခြင်း၊ သင်းကွပ်ခြင်း ကဲ့သို့သော အကြီးစားချိုးဖောက်မှုများသာ ပါဝင်သည်။ NIAC အတွင်း အရပ်သားပြည်သူများ၊ ကယ်ဆယ်ရေးအဖွဲ့များအား လွှဲရှောင် တိုက်ခိုက်ရေးအတွက် ဦးတည်ရေးဆွဲထားသော စစ်ပြုခြင်းဆိုင်ရာ သီးခြားစည်းမျဉ်းများ သိသိသာသာ ကင်းမဲ့နေပေသည်။ သို့သော် အောက်တွင်ဆွေးနွေးထားသည့်အတိုင်းပင် လူသားဆန်စွာ ဆက်ဆံခြင်းဆိုင်ရာ အဓိက မူသဘောတရားများဖြင့်ဖြစ်စေ၊ အချိန်နေရာမရွေးကျင့်သုံးနိုင်သည့် လူ့အခွင့်အရေးဥပဒေ အရ ဖြစ်စေ ကာကွယ်ပေးနိုင်သည်။

သို့ရာတွင် ဂျီနီဗာသဘောတူစာချုပ်များ၏ နောက်ဆက်တွဲသဘောတူစာချုပ် ၂ သည် ဖော်ပြပါ ကာကွယ်မှုကွာဟချက်အချို့ကို ဖြည့်ပေးနိုင်မည့် အထောက်အပံ့ဖြစ်စေသည်။ ဥပမာအားဖြင့် ထိုစာချုပ် ၂ သည် လူပုဂ္ဂိုလ်များနှင့် အရာဝတ္ထုများ *hors de combat* အကြား ခွဲခြားရမည့် မူသဘောတရားတစ်ခုကို ထပ်ဖြည့်ထားသည်။ ၎င်းပြင် တိုက်ပွဲပြင်ပရှိလူများအတွက် အခြေခံအာမခံချက်များ၊ ဘာသာရေးနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအား အထူးကာကွယ်ပေးခြင်းများ၊ ICRC ၏ အမှတ်တံဆိပ်အား ကာကွယ်ပေးခြင်းများကို စုစည်း ဖော်ပြထားသည်။ စာချုပ်တွင် အရပ်သားများအား အတင်းအကြပ် နေရာပြောင်းရွှေ့စေခြင်းအပေါ် သတ်မှတ်ပါရှိပြီး လက်နက်

ကိုင်ပဋိပက္ခများကြောင့် ဖမ်းဆီးစစ်ဆေး အပြစ်ပေးခံရသူများအတွက် တရားဥပဒေနှင့်အညီ ဖြစ်စေရေး အခွင့်အရေးများကိုလည်း ဖော်ပြထားသည်။

၁၈.၃ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေ၏ အခြေခံမူသဘောတရားများ

ပဋိပက္ခ၏ အကျိုးသက်ရောက်မှုကို လျှော့ချနိုင်ရန်နှင့် ဖမ်းဆီးခံရသူများအား လူသားဆန်စွာ ပြုမူဆက်ဆံမှု သေချာနိုင်စေရန်ဟူသော ၎င်း၏ အဓိကဦးတည်ချက်များ အပေါ် IHL ၏ အခြေခံမူ သဘောတရားများက အလေးပေးထားသည်။ ထိုမူသဘောတရားများသည် ၁၈၉၉ ခုနှစ် ဟိဂ် သဘောတူစာချုပ်တွင်ပါရှိသည့် Marten Clause ကို အခြေခံထားခြင်းဖြစ်ပြီး ၎င်းသည် ဘုံအပိုဒ်-၃ နည်းတူ အပြည်ပြည်ဆိုင်ရာ မဟုတ်သော ပဋိပက္ခများတွင်ပင်လျှင် လူများအား လူသားဆန်စွာ ပြုမူဆက်ဆံရမည်ဟု ဖော်ပြထားသည်။

မှတ်သားဖွယ်ရာ

Marten Clause

Martens Claus ကို *၁၈၉၉ ခုနှစ် ဟိဂ်သဘောတူစာချုပ် - မြေပြင်တွင်ဖြစ်ပွားသည့် စစ်ပွဲများဆိုင်ရာ ဥပဒေများနှင့် ဓလေ့ထုံးစံများ* ၏ နိဒါန်းတွင် တွေ့နိုင်ပြီး စစ်ဖြစ်သည့်နိုင်ငံများအနေဖြင့် လက်ရှိ IHL အရ ကာကွယ်ပေးမထားသူများအား အပြည်ပြည်ဆိုင်ရာဥပဒေများ ရေးဆွဲသည့် အချိန်ထိ လူသားဆန်စွာ ပြုမူဆက်ဆံရမည်ဟု ကြေညာထားသည်။ Friedrich Martens သည် ဟိဂ်သဘောတူစာချုပ် ရေးဆွဲသည့် ဟိဂ်ညီလာခံသို့ တက်ရောက်လာသည့် ရုရှားကိုယ်စားလှယ် တစ်ဦးဖြစ်ပြီး ထိုညီလာခံ၌ ၎င်း၏ အဆိုပြုချက်ကို ဖတ်ကြားတင်သွင်းခဲ့သည်။ သို့ရာတွင် စာပိုဒ်၏ အဓိပ္ပါယ်နှင့် ပတ်သက်၍ အပြန် အလှန်ဆွေးနွေးမှုများ ရှိနေပေသည်။ အချို့က ၎င်း၏အဆိုအား IHL တည်ရှိခြင်း၊ လက်မှတ်ရေးထိုးခြင်းနှင့် မသက်ဆိုင်ဘဲ ဓလေ့ထုံးတမ်း ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဥပဒေတစ်ရပ်အဖြစ် ရှုမြင်ကြသည်။ အခြားသူများက IHL တွင် ဓလေ့ထုံးတမ်းဥပဒေဆိုင်ရာ အကြောင်းအရာများ ပါဝင်ကြောင်း အသိအမှတ်ပြုရုံမျှသာဖြစ်သည် ဟု မှတ်ယူကြသည်။

၁၈. ၃. ၁ IHL ၏ အခြေခံမူသဘောတရားများ - ခွဲခြားခြင်း

ဂျီနီဗာသဘောတူစာချုပ်၏ အဓိကမူသဘောတရားတစ်ခုမှာ စစ်ပွဲတွင်ပါဝင်တိုက်ခိုက်သူများနှင့် အရပ်သားများအကြား ခွဲခြားရန်ဖြစ်သည်။ ထိုအချက်သည် အရပ်သားများအား ကာကွယ်ပေးနိုင် ရေးနှင့် စစ်သားများကဲ့သို့ တိုက်ခိုက်ခြင်း၊ ဆက်ဆံခြင်းများ မခံရစေရန် သေချာစေခြင်းဖြစ်သည်။ စစ်သားများအတွက်လည်း POW အဖြစ် ရောက်ရှိသွားသည့်အခါ ကာကွယ်မှုများ ရရှိနိုင်စေသည်။

တိုက်ပွဲတွင် ပါဝင်သူများ (အမှန်၌ ဒေသတွင်းရှိစစ်တပ်များအားလုံး) သည် ယူနီဖောင်းနှင့် ရာထူးအဆောင်အယောင်အချို့ ဝတ်ဆင်ထားခြင်း၊ လက်နက်များကို အများမြင်သာအောင် ကိုင်ဆောင်ခြင်းဖြင့် မိမိတို့နှင့် အရပ်သားများအကြား ခွဲခြားထားရမည်ဖြစ်သည်။ ထိုကဲ့သို့ လိုက်နာဆောင်ရွက်ခြင်းမရှိသည့် လက်နက်ကိုင်အုပ်စုများသည် ဂျီနီဗာသဘောတူစာချုပ်များကို ချိုးဖောက်ခြင်းဖြစ်သည်။ စစ်တပ်များသည် ၎င်းတို့အပေါ် ထောက်လှမ်းမှုကို ရှောင်ရှားရန်အတွက် နည်းဗျူဟာတစ်ခုအဖြစ် အရပ်သားနှင့် စစ်သား ခွဲခြားနိုင်ခြင်းမရှိအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ပါက အဆိုပါတိုက်ပွဲပါဝင်တိုက်ခိုက်သူများသည် ဖမ်းဆီးခံရသည့် အခါတွင် POWs များသို့ ပေးအပ်ထားသည့် အကာအကွယ်များကို ခံစားရရှိတော့မည် မဟုတ်ဘဲ ယင်းအစား ရာဇဝတ်သားများအဖြစ် ပြုမူဆက်ဆံခံရပေလိမ့်မည်။

မှတ်သားဖွယ်ရာ

တိုက်ပွဲတွင် ပါဝင်သူများနှင့် အရပ်သားအကြား ခွဲခြားခြင်း

တိုက်ပွဲတွင်ပါဝင်သူဆိုသည်မှာ စစ်ပွဲပဋိပက္ခတွင် တိုက်ခိုက်ပါဝင်ခွင့်ရရှိသူတစ်ဦးဖြစ်ပြီး ထိုသို့ဖြစ်ခြင်းကြောင့် (ဖမ်းဆီးခံရပါက POW အဆင့်ကဲ့သို့) အထူးအခွင့်အရေးများ ရရှိနိုင်သူဖြစ်သည်။ ထို့ကြောင့် တိုက်ပွဲတွင်ပါဝင်သူတစ်ဦး၌ ရှိထားရမည့်အချက်များမှာ-

- (အမိန့်ပေးသည်ဖြစ်စေ သို့မဟုတ် အမိန့်လက်ခံသည်ဖြစ်စေ) စစ်တပ်တစ်ခု၏ ကွပ်ကဲအုပ်ချုပ်မှုတွင် တစ်စိတ်တစ်ပိုင်းဖြစ်ခြင်း၊
- ကွဲပြားသော ယူနီဖောင်း သို့မဟုတ် တပ်မတော်တစ်ရပ်အပေါ် သစ္စာခံကြောင်း ပြသသည့် အခြားအထောက်အထားများ ဝတ်ဆင်ခြင်း၊
- လက်နက်များကို အများမြင်သာအောင် ကိုင်ဆောင်ခြင်း၊
- လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ စည်းမျဉ်းများကို လေးစားလိုက်နာခြင်း။

ထိုသို့ ခွဲခြားရသည့် မူသဘောတရားသည် လူများအပြင် အရာဝတ္ထုများအထိ ချဲ့ထွင်ကျင့်သုံးသည်။ အထက်ပါအတိုင်းပင် အရပ်သားပစ္စည်းများ၊ အရပ်သားများ မှီခိုရာပစ္စည်းများ ဥပမာ-ဆေးရုံများ၊ ကျောင်းများ၊ သမိုင်းကြောင်းဆိုင်ရာနှင့် ယဉ်ကျေးမှုနယ်မြေများ၊ ဆည်မြောင်းများ စသည်တို့အပေါ် တိုက်ခိုက်ခြင်းကို တားမြစ်ထားသည်။ စစ်ပွဲကာလအတွင်း အစားအစာနှင့် ရေအရင်းအမြစ်များ ထိခိုက်ခဲ့ပါလျှင် အရပ်သားများတွေ့ကြုံခံစားရမည့် အကျိုးဆက်များက ဆိုးရွားနိုင်ပေသည်။ ထို့ကြောင့် ခွဲခြားခြင်းမူသဘောတရားအရ တိုက်ပွဲတွင် ပါဝင်သူများ (စစ်သည်များ) အနေဖြင့် စစ်ရေးစစ်ရာပန်းတိုင်များအား မည်သို့ ရရှိအောင် လုပ်ဆောင်နိုင်သည်ကို ကန့်သတ်ပေးခြင်းဖြစ်သည်။ တနည်းဆိုရသော် ခွဲခြားခြင်းမူသည် အရပ်သားများနှင့် စစ်ရေးပစ်မှတ်များအကြား အလုံအလောက် ခွဲခြားမှုမထားရှိသော တိုက်ပွဲ နည်းနိဿယများအပေါ် တားမြစ်လိုက်ခြင်းဖြစ်သည်။

၁၈. ၃. ၂ IHL ၏ အခြေခံမူသဘောတရားများ - အချိုးမျှတမှုရှိခြင်း နှင့် လိုအပ်မှု ရှိခြင်း

ခွဲခြားခြင်းမူတစ်ခုတည်းနှင့်ပင် လက်နက်ကိုင်ပဋိပက္ခများအတွင်း တွေ့ကြုံနိုင်သည့် မလိုလား အပ်သော ခံစားမှုကို လျော့နည်းစေနိုင်ပါက အကောင်းဆုံးဖြစ်သည်။ သို့သော် ခြိမ်းခြောက်မှုများ၊ အန္တရာယ်များနှင့် အခက်အခဲများစွာမှာ တကယ့်လက်တွေ့တွင် ရှောင်လွှဲ မရနိုင်ပေ။ အဆိုပါ လက်တွေ့စိန်ခေါ်ချက်များအား IHL သည် အချိုးမျှတမှုရှိခြင်း မူသဘောတရားဖြင့် ကိုင်တွယ်ဖြေရှင်းထားသည်။ ထိုမူအရ အရပ်သားများနှင့် အရပ်သားများ၏ ပစ္စည်းအပေါ် ထိခိုက်နစ်နာမှုသည် ရရှိလာမည့် စစ်ရေးအကျိုးအမြတ်ထက် ကျော်လွန်နေပါက စစ်ရေးပစ်မှတ်များအပေါ် တိုက်ခိုက်ခြင်းများကို တားမြစ်ထားသည်။ ထိုမူသည် ဒုတိယကမ္ဘာစစ်အတွင်း အရပ်သား ထောင်ပေါင်းများစွာကို သေဆုံးစေခဲ့သည့် မြို့ကြီးများအား လေကြောင်းဗုံးကြဲတိုက်ခိုက်မှုများအပေါ် တုန့်ပြန်သည့်အနေဖြင့် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အရပ်သားများကို ထိခိုက်မှုမရှိရန် အတွက် အချိုးမျှတမှုရှိခြင်းမူသည် အပြည့်အဝတားမြစ်ပေးသည်မဟုတ်ပေ။ ၎င်းအစား လက်နက်ကိုင်တပ်များအနေဖြင့် မျှော်မှန်းထားသော သေချာမည့် စစ်ရေးအကျိုးအမြတ်နှင့် အရပ်သားများအပေါ် ကျရောက်နိုင်မည့် ဖြစ်နိုင်ချေနစ်နာမှုများအပေါ် ကြိုတင် ဆန်းစစ် အကဲဖြတ်ရမည် ဖြစ်သည်။ ဥပမာအားဖြင့် စစ်သားရာပေါင်းများစွာရှိနေသည့် စစ်အခြေချစခန်းတစ်ခုကို တိုက်ခိုက်လိုက်ပါလျှင် ထိုနေရာတွင် အလုပ်လုပ်နေသည့် (ဥပမာ - စားဖိုဆောင်ထဲ၊ ဥယျာဉ်ထဲရှိ) အရပ်သားအချို့ကို သေဆုံးစေနိုင်ပါမူ တိုက်ခိုက်မှုကို ခွင့်ပြုမည်ဖြစ်သည်။ သို့သော် လူနေထူထပ်သည့် မြို့အတွင်းရှိ စစ်အခြေချစခန်းတစ်ခုအား တိုက်ခိုက်ခြင်းသည် အရပ်သား ထောင်ပေါင်းများစွာကို သေစေမည်ဆိုပါက ထိုတိုက်ခိုက်မှုအား အချိုးမျှတမှု မရှိဟု သတ်မှတ်ရမည် ဖြစ်သည်။ ထို့ကြောင့် အစ္စရေးနိုင်ငံသည် မိမိ၏ ပိုင်နက်တစ်နေရာကို ဒုံးကျည်များပစ်ခတ်ခံရပြီး ထိုလမ်းအတွင်းရှိ အိမ်တန်းများကို ဖျက်ဆီးကာ အချိုးမမျှသည့် အင်အားသုံးခဲ့သည့်အပေါ် တိုင်ကြားမှုများနှင့် ရင်ဆိုင်ရခြင်းဖြစ်သည်။ အိမ်တစ်လုံးအား စစ်အခြေစိုက်စခန်းအဖြစ် အသုံးပြုခဲ့သည်တိုင် အိမ်အများစုသည် ကြံရာပါများ မဟုတ်ခဲ့ပေ၊ သို့သော် အိမ်အားလုံးသည် ဘူဒိဇာနှင့် ဖြိုပစ်ခြင်းခံခဲ့ရသည်။

တနည်းဆိုရသော် ခွဲခြားခြင်းနှင့် အချိုးမျှတမှုရှိခြင်းမူသဘောတရားများသည် မတူကွဲလွဲသည့် အာဘော်များရှိဟန်တူပြီး အချို့နည်းများအရကြည့်သော် မှန်ကန်နေသည်။ ခွဲခြားခြင်းမူသည် လက်နက်ကိုင်အဖွဲ့ဝင်များက တိုက်ပွဲတွင် ပါဝင်သူများနှင့် ပါဝင်ခြင်းမရှိသူများ အကြား ခွဲခြားရမည်ဟု တောင်းဆိုထားသည်။ တစ်ချိန်တည်း၌ အချိုးမျှတမှုရှိခြင်းမူအရ အရပ်သားအပေါ် ထိခိုက်နစ်နာမှုသည် စစ်ရေးအကျိုးအမြတ်ရရှိမှုနှင့် အချိုးမျှတရမည်ဟု သတ်မှတ်ထားပြန်သည်။ ခွဲခြားခြင်းမူသဘောတွင် အစီအစဉ်ရေးဆွဲခြင်း/ လုပ်ဆောင်ခြင်း များအတွက် စံထားဖွယ်ရာများပါဝင်သည်။ သို့သော် ခွဲခြားခြင်းမူဖြင့် အရပ်သားများ သေဆုံးနိုင်ချေကို လျော့နည်းပပျောက်စေအောင် အမြဲမဖြစ်နိုင်ကြောင်း အချိုးမျှတမှုရှိခြင်း မူသဘောတွင် တွေးဆထားသည်။ ဤနေရာတွင် ဟန်ချက်ညီမှုတစ်ခုရှိနေသော်လည်း ထိခိုက်ပျက်ဆီးမှု၏ အချိုးမျှတမှု မရှိသည့် အပေါ် မည်ကဲ့သို့တိုင်းတာဆုံးဖြတ်နိုင်မည်ဆိုသည့် ဖော်မြူလာ ပုံသေနည်း မရှိနေပေ။ ယင်းအစား ဥပဒေကျွမ်းကျင်ပညာရှင်များ၊ ဥပဒေ တရားရုံးများက သက်သေအထောက်အထားများကို

ကြည့်ရှုစစ်ဆေးကာ အရပ်သားအပေါ် ထိခိုက်မှုသည် ပိုများခဲ့သည် သို့တည်းမဟုတ် စစ်ဘက်ဆိုင်ရာအကျိုးအမြတ်ရရှိမှုနှင့် အချိုးကျနမှုရှိခဲ့သည်တို့ကို အကဲဖြတ် သုံးသပ်ရသည်။ ခွဲခြားခြင်းမူနှင့် အချိုးမျှတမှုရှိခြင်း မူသဘောတရားများသည် *hors de combat* လူပုဂ္ဂိုလ်များနှင့် အရာဝတ္ထုများအပေါ် အဓိကဦးတည်ထားခြင်း ဖြစ်သည်။ သို့ရာတွင် စစ်ရေး နည်းနိဿယများ၊ စစ်ပွဲများအတွက် ထားရှိသည့် ကျိုးကြောင်းပြချက်များကို သတ်မှတ်ပေးခြင်းဖြင့် IHL ၏ ကာကွယ်ပေးခြင်း နယ်ပယ်သည် အဆိုပါအဓိကအုပ်စုများကိုသာမက စစ်ပွဲတွင် ပါဝင်နေသူများအထိ သက်ရောက်သည်။

ဆွေးနွေးခြင်းများနှင့် အပြန်အလှန်ဝေဖန်ခြင်း

အင်အားအချိုးမမျှတမှုသည် မည်သည့်အချိန်တွင် ဖြစ်သနည်း?

အကြမ်းဖက်နည်းများ (ဥပမာ- အသေခံဗုံးခွဲသမားများ၊ အဝေးထိန်းဖောက်ခွဲဗုံးများ၊ ဓါးစာခံပြည်သူများအား ခေါင်းဖြတ်သတ်ဖြတ်ခြင်း) တို့ကို ကျင့်သုံးကြသည့် တိုက်ခိုက်ရေးသမားများ (combatant) သည် အိမ်ယာတစ်ခုအတွင်းနေထိုင်ကြောင်း (စစ်)တပ်ဖွဲ့များက သတင်းရရှိခဲ့သည်။ ၎င်းနေရာတွင် တိုက်ခိုက်ရေးသမား ၁၅ ဦးနေထိုင်သည့်အပြင် အမျိုးသမီးများနှင့် ကလေးသူငယ်များအပါအဝင် အခြားသော မိသားစုဦးရေ ၅၀ သည်လည်း နေထိုင်ကြသည်။ အမှန်၌ ထိုအမျိုးသမီးများသည် ဗုံးများပြင်ဆင်ရာတွင် တိုက်ခိုက်ရေး သမားများအား ကူညီလေ့ရှိပြီး ဒဏ်ရာရသူများအား ပြုစုပေးခြင်းကဲ့သို့ အခြားအလုပ်များကိုလည်း လုပ်ကိုင်ပေးလေ့ရှိသည်။ နေထိုင်သည့်အရပ်သားအများစုသည် များမကြာမီရက်များအတွင်း မင်္ဂလာဆောင်တစ်ခု တက်ရောက်ရန် ခဏတာ အပြင်သွားမည်ဖြစ်ကြောင်း သံသယရှိခဲ့သည်၊ သို့သော် အချိန်မည်မျှကြာမည်၊ လူဦးရေ မည်မျှသွားမည်ကို မသိရှိရပေ။ တိုက်ခိုက်ရေးသမား ၁၅ ဦး ကျန်ရစ်ခဲ့မည်ဖြစ်သည်။ ဤပုန်းခိုရာအိမ်ယာသို့ တိုက်ခိုက်ရန် ခွင့်ပြုပေးရာတွင် အရပ်သား အသေအပျောက်မည်မျှသည် အချိုးမျှတမှု ရှိစေမည်နည်း?

- အရပ်သားတစ်စုံတစ်ယောက်အား ထိခိုက်သွားနိုင်ခဲ့ပါမူ တိုက်ခိုက်မှုကို တားမြစ်သင့်ပါသလား?
- အဆောက်အဦးအတွင်းမှ အရပ်သားအနည်းငယ် ထွက်ခွါသွားချိန်အထိ တိုက်ခိုက်မှုကို စောင့်ဆိုင်းသင့်ပါသလား? (သို့သော် အရပ်သားအရေအတွက် မည်မျှ ထွက်ခွါ ရမည်နည်း?)
- နေရာအတွင်း ရှိနေသည့် အရပ်သားအရေအတွက်ကို ထည့်သွင်းမစဉ်းစားဘဲ တိုက်ခိုက်မှုအား ခွင့်ပြုသင့်ပါသလား?
- သင်၏ အဖြေများကို ကျိုးကြောင်းပြဖြေဆိုပါ။
- အချိုးမျှတမှုဆိုသည်ကို မည်ကဲ့သို့ သင်တိုင်းတာခဲ့သနည်း?
- ယခုဖြစ်ရပ်တွင် ခွဲခြားခြင်းမူသဘောသည် စပ်ဆိုင်မှုရှိပါသလား?

လိုအပ်မှုရှိခြင်းမူသည် တိုက်ခိုက်ရေးတွင်ပါဝင်သူများအနေဖြင့် လိုက်နာရမည့် အခြား စည်းမျဉ်း တစ်ခု ဖြစ်သည်။ ထိုစည်းမျဉ်းအရ စစ်ဘက်ဆိုင်ရာရည်မှန်းချက်များ ပြီးမြောက်စေရန်အတွက် လိုအပ်သည့်အတိုင်းအတာအထိသာ စစ်အင်အားကို အသုံးပြုရမည်ဖြစ်သည်။ ထိုနည်းတူပင် ပဋိပက္ခအောင်မြင်နိုင်ရေးအတွက်မဟုတ်သော စစ်ရေးလုပ်ဆောင်ချက်များ ဥပမာ - ကြောက်စိတ်ဖန်တီးရန် သို့မဟုတ် အုပ်စုတစ်ခုအား အပြစ်ပေးရန်အတွက် ရည်ရွယ်ပြီး ဆောင်ရွက်သော လုပ်ဆောင်ချက်များသည် ကျိုးကြောင်းဆီလျော်မှုမရှိပေ။ ဥပမာပြရသော် ဆန့်ကျင်ဘက် တဖက်အုပ်စုများကို ထောက်ပံ့သည့်အတွက် လက်တုန့် ပြန်သည့်သဘောဖြင့် ပစ်မှတ်ထား တိုက်ခိုက်ခြင်းမျိုးဖြစ်သည်။ မြန်မာ့စစ်တပ်၏ 'ဖြတ် လေးဖြတ်' ပေါ်လစီကဲ့သို့ နိုင်ငံမဟုတ်သော လက်နက်ကိုင်တော်လှန်ရေးအုပ်စုများနှင့် ဆက်သွယ်မှုရှိသည်ဟု တွေးထင်ယူဆရသော နေရာဒေသများရှိ အရပ်သားပစ္စည်းများကို ဖျက်ဆီးလိုက်ခြင်းကဲ့သို့ ဖြစ်သည်။ အမှန်စင်စစ်မူ စစ်ဆင်ရေးကို အောင်ပွဲရရန်အတွက် လုပ်ဆောင်ရန် လိုအပ်သည့် ဆောင်ရွက်ချက်များအတွက်သာ ကန့်သတ်ထားသင့်သည်။ ၎င်းအချက်ထက်ကျော်လွန်သွားပါက IHL နှင့် ကိုက်ညီမှုရှိတော့မည်မဟုတ်ပေ။

၁၈. ၃. ၃ IHL ၏ အခြေခံမူသဘောတရားများ - လူသားဆန်စွာပြုမူဆက်ဆံခြင်း

ပဋိပက္ခအတွင်း လူများအပေါ် လူသားဆန်စွာ ပြုမူဆက်ဆံရမည့် မူသဘောတရားအား ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေတစ်ရပ်အဖြစ် သတ်မှတ်ထားပြီး လူ့အခွင့်အရေးနယ်ပယ်တွင် အသုံးပြုသည့် လူ့ဂုဏ်သိက္ခာရှိခြင်းသဘောတရားနှင့် များစွာဆင်တူပေသည်။ ထို့ကြောင့် တိုက်ပွဲတွင် ဆက်လက်ပါဝင်ခြင်းမရှိသူများ၊ တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်သူများ မဟုတ်ခဲ့သည့် အရပ်သားများအား လူသားဆန်စွာ ပြုမူဆက်ဆံရမည်ဖြစ်သည်။ 'လူသားဆန်စွာ' ဆိုသည့်စကားအပေါ် ဥပဒေဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်မရှိသော်လည်း တိုက်ပွဲတွင် မပါဝင် သူများ၏ ကျန်းမာရေး၊ ပုဂ္ဂိုလ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အခွင့်အရေးများအား လေးစားခြင်းကို ဆိုလိုကြောင်း မှတ်ယူနိုင်သည်။ လူသားဆန်စွာပြုမူဆက်ဆံခြင်းမူသည် IHL ၏ ရှုထောင့်အားလုံးအတွက် အရေးပါလှသည်။ ထို့ပြင် ထိုမူသည် ဘုံအပိုဒ် ၃ ၏ အဓိက အနှစ်သာရတစ်ခုအဖြစ် ပဋိပက္ခ ဖြစ်ပွါးနေစဉ် အတောအတွင်းသာမက ပြီးဆုံးပြီးသည့်တိုင် ဆက်လက် စပ်ဆိုင်မှုရှိနေပေသည်။

၁၈.၄ IHL နှင့် လူ့အခွင့်အရေးအကြား ဆက်စပ်ပုံ

IHL နှင့် လူ့အခွင့်အရေးသည် နည်းလမ်းများစွာဖြင့် ဆန့်ကျင်ဘက်ဖြစ်ကြောင်း၊ လူ့အခွင့်အရေးအား ငြိမ်းချမ်းသည့်အချိန်တွင် ကျင့်သုံးပြီး၊ IHL အား စစ်ဖြစ်ချိန်တွင် ကျင့်သုံးသည်ဆိုသော မတူညီသည့်အချိန်များတွင် ၎င်းတို့ကို ကျင့်သုံးခြင်းအပေါ် အများ၏ မှားယွင်းနားလည်မှုများ ယခုထိ ရှိနေဟန်တူသည်။ နောက်ထပ်နားလည်မှုလွဲနေသည်မှာ IHL က သတ်ဖြတ်ခြင်းကို ခွင့်ပြုပြီး လူ့အခွင့်အရေးက အသက်ရှင်သန်ခွင့်ကို ကာကွယ်ပေးသည်ဆိုသည့် ယူဆချက်ဖြစ်သည်။ ထိုအမြင်များမှာ တိကျသေချာမှုမရှိပေ။ ပထမဦးစွာ လူ့အခွင့်အရေးသည် အချိန်အားလုံးတွင်

အသက်ဝင်ပြီး ပဋိပက္ခဖြစ်ပွါးနေချိန်များတွင်ပင်လျှင် အကျုံးဝင်သည်။ ထိုအခြေအနေများတွင် လူ့အခွင့်အရေးနှင့် IHL တို့သည် အချင်းချင်း ထောက်ကူအားဖြည့်ပေးကြသည်။ အောက်တွင် ဖော်ပြထားသကဲ့သို့ အချို့သောကိစ္စရပ်များ တွင် IHL အား အထူးပြဥပဒေ *lex specialis* မူသဘောအရ ဦးစားပေးကျင့်သုံးကြသော်လည်း ၎င်း ထူးခြားအခြေအနေများမှအပ IHL နှင့် လူ့အခွင့်အရေးသည် ယှဉ်တွဲတည်ရှိနေပြီး အချင်းချင်း ထောက်ကူအားဖြည့်ပေးကြသည်။ ဒုတိယ အချက်မှာ တိုက်ပွဲအတွင်း သေဆုံးခဲ့သည့် စစ်သားတစ်ယောက်အတွက် သူ/သူမ၏ လူ့အခွင့် အရေးများ ချိုးဖောက်ခံရသည်ဟု သေချာပေါက် မဆိုသာပေ။ လူပုဂ္ဂိုလ်များတွင် မိမိတို့၏ အသက်ကို မတရား သိမ်းယူခွင့်မပြုရန် အခွင့်အရေးရှိသော်လည်း စစ်သားတစ်ဦးအား တိုက်ပွဲ အတွင်း ဥပဒေ နည်းလမ်းတကျ သတ်ဖြတ်ခြင်းသည် ၎င်း၏ အခွင့်အရေးများကို ချိုးဖောက်လိုက် သည် မမည်ပေ။ ထိုခြားနားချက်ကိုမူတည်ကာ မတူကွဲပြားသည့် အဖွဲ့အစည်းများက ကြီးကြပ် လုပ်ဆောင်သည်။ UN သည် လူ့အခွင့်အရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်ပြီး ICRC သည် IHL အတွက် ဆောင်ရွက်သည်။ သို့သော် ယခုအခါ ထိုခြားနားချက်မှာ ပျောက်ကွယ်လာပြီ ဖြစ်သည်။ အကြောင်းမှာ UN နှင့် ICRC တို့သည် ဥပဒေနယ်ပယ်နှစ်ရပ်စလုံးအပေါ် ထိထိ ရောက်ရောက် မှီတည်အားပြုနေခြင်းကြောင့် ဖြစ်သည်။

Lex specialis

ဥပဒေတစ်ရပ်သည် အခြေအနေတစ်ခု အတွက် သီးခြား ရေးဆွဲ ပြဋ္ဌာန်း ထား သည်ဆိုပါက အခြား ဥပဒေအပေါ် လွှမ်းမိုးသည်။

IHL သည် အခြားသောဥပဒေများနှင့် စင်ပြိုင်ကျင့်သုံးနိုင်သည်ဖြစ်ရာ မည်သည့်ဥပဒေအား ဦးစားပေး အသုံးပြုမည်ဆိုသည်ကို စဉ်းစားဆုံးဖြတ်ရန် အရေးကြီးပေသည်။ *Lex specialis* မူသဘောတရားအရ သီးခြားအခြေအနေတစ်ခုအတွက် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် အထူးဥပဒေ သည် ယေဘုယျဖြစ်သောအခြားဥပဒေတစ်ရပ်အား လွှမ်းမိုးသည်။ ထို့ကြောင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ဥပဒေများသည် ပို၍ယေဘုယျသဘောရှိသည့် လူ့အခွင့်အရေး ဥပဒေများအပေါ် လွှမ်းမိုးလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် စစ်ပွဲအတွင်း အရပ်သားအပေါ် ပစ်မှတ်ထား တိုက်ခိုက်ခဲ့ သည်ဟု စွပ်စွဲခံရသည့် လက်နက်ကိုင်တပ်များကို ဂျီနီဗာသဘောတူစာချုပ်များအတိုင်း စစ်ဆေး စီရင်လိမ့်မည်ဖြစ်သည်။ သို့သော် IHL နှင့် လူ့အခွင့်အရေးသည် ပြည်သူများနှင့် ပြုမူလုပ်ရှား လုပ်ဆောင်ပုံများအပေါ် အကာအကွယ်ပေးရေးအတွက် အများစု လက်ခံထားသည်ဖြစ်ရာ ဤ နေရာတွင် အချင်းချင်းကွဲလွဲမှုမရှိကြောင်း မှတ်သားသင့်ပေသည်။ ဥပမာအားဖြင့် IHL တွင် သီးခြားပြဋ္ဌာန်းချက်များပါသည့် POWs အခွင့်အရေးများနှင့် ပတ်သက်၍ ဆက်စပ်နေနိုင်သည်။ အခြားဥပမာတစ်ခုအနေဖြင့် ပဋိပက္ခအတွင်း မတရားသဖြင့် အသက်ဆုံးရှုံးခြင်းဖြစ်ကြောင်း ဆုံးဖြတ်ရန်ရှိသည့်အခါ လက်နက်များ အသုံးပြုပုံနှင့် စစ်ရေးလိုအပ်မှုရှိခြင်းများအပေါ် ထုတ်ပြန် ထားသည့် IHL စည်းမျဉ်းများ ရှိသည့်အတွက် ထို ဥပဒေများအား ဦးစားပေးကိုးကား လိုက်နာရပေသည်။

ထိုဥပဒေနယ်ပယ်နှစ်ခုအကြား ဆက်ဆံရေးသည် ၁၉၆၀ ခုနှစ်များတွင် စတင်ခဲ့ပြီး IHL နှင့် လူ့အခွင့်အရေးမူသဘောတရားများသည် အတော်ပင် ဆင်တူသည်ဆိုသော နားလည် သဘော ပေါက်ခြင်းမှ ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ၎င်းကို ဂျီနီဗာသဘောတူစာချုပ်များ၏ ဘုံအပိုဒ် ၃ အရ ပဋိပက္ခအမျိုးအစားမည်သို့ပင်ဖြစ်စေကာမူ အခြေခံကျသည့် လူ့အခွင့်အရေးများကို ကာကွယ် ပေးခြင်းသဘောက သက်သေခံခဲ့သည်။ IHL နှင့် လူ့အခွင့်အရေးသည် နည်းမျိုးစုံဖြင့် အချင်းချင်း

အားဖြည့်ထောက်ကူထားသည်။ ပထမဦးစွာ လူ့အခွင့်အရေးသည် IHL ၌ ဖော်ပြထားခြင်း မရှိသည့် အခြေအနေများစွာတွင် ရင်ဆိုင်ဖြေရှင်းနိုင်ပြီး ဥပမာအားဖြင့် ဥပဒေစနစ်အတွင်းရှိ အခွင့်အရေးများ၊ ခွဲခြားဆက်ဆံမှုကင်းခြင်း၊ မသန်စွမ်းကလေးငယ်များကဲ့သို့ သီးခြားထိရှလွယ် အုပ်စုများအား ကာကွယ်ပေးခြင်းများဖြစ်သည်။ နောက်ထပ် ချိတ်ဆက်မှုတစ်ခုအနေဖြင့် လူ့အခွင့်အရေးကတဆင့် တောင်းဆိုမှုများစွာ ပြုလုပ်နိုင်သည့် အချက်ဖြစ်ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေကတဆင့်ဖြစ်စေ၊ လူ့အခွင့်အရေးလှုပ်ရှားသည့် အဖွဲ့အစည်းတစ်ခုကဖြစ်စေ၊ သို့မဟုတ် အမျိုးသားလူ့အခွင့်အရေးအင်စတီကျူးရှင်းက ဖြစ်စေ တောင်းဆိုမှုများ ပြုနိုင်သည်။ ထိုသို့လုပ်ဆောင်နိုင်ခြင်းမှာ အထက်ပါအဖွဲ့များသည် နိုင်ငံများစွာတွင် ရှိနေကြပြီး ၎င်းတို့နှင့် နှီးယှဉ်သော် IHL အရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများမှာ ရှားပါးနေ၍ ဖြစ်သည်။ အရေးပါသည့်အချက်အနေဖြင့် ယခုကျင့်သုံးပုံသည် ဥပဒေနယ်ပယ်နှစ်ရပ်လုံးရှိ အဖွဲ့အစည်းများအကြား ယှဉ်ပြိုင်ရန်မဟုတ်ဘဲ ပူးပေါင်း လုပ်ဆောင်ရန်ဖြစ်ပြီး ပဋိပက္ခအခြေအနေများတွင် ဥပဒေနှစ်ရပ် စလုံးကို ကျင့်သုံးနိုင်ရန် ဖြစ်သည်။

၁၈.၅ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ အဖွဲ့

ကုလသမဂ္ဂ၏ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေကို ကြီးကြပ်အုပ်ချုပ်သည့်နည်းအတိုင်းပင် ICRC သည် IHL ၏ အဓိကပင်မအုပ်ချုပ်ရေးအဖွဲ့ဖြစ်သည်။ အဖွဲ့ကို ၁၈၆၃ ခုနှစ်တွင် ဂျီနီဗာမြို့၌ ဖွဲ့စည်းခဲ့ပြီး ယနေ့တိုင် ရုံးချုပ်တည်ရှိရာမြို့လည်းဖြစ်သည်။ အဖွဲ့ခွဲများစွာဖြင့် ဖွဲ့စည်းပုံမှာ ကျယ်ပြန့်လှပြီး ICRC အဖွဲ့သည်ပင်လျှင် IHL ကို ကြီးကြပ်ရသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့တစ်ခု ဖြစ်သည့်အပြင် ကမ္ဘာတစ်လွှားရှိ ဘေးအန္တရာယ်ကျရောက်ရာ နေရာဒေသများသို့ လူသားချင်း စာနာသည့် အကူအညီအထောက်အပံ့များ ပံ့ပိုးပေးလျက်ရှိသည်။ နိုင်ငံအလိုက်ကဏ္ဍများ (ဥပမာ-အင်ဒိုနီရှား သို့မဟုတ် ကမ္ဘောဒီးယား ကြက်ခြေနီအဖွဲ့) သည် သက်ဆိုင်ရာ နိုင်ငံများတွင် လုပ်ငန်း ဆောင်ရွက်ကြပြီး သွေးအလှူခံခြင်း၊ ပရဟိတ ရံပုံငွေ ရှာဖွေခြင်း၊ လူသားချင်းစာနာထောက်ထား သည့် အကူအညီများ ပံ့ပိုးခြင်းများတွင် နှံ့စပ်ကျွမ်းကျင်ကြသည်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း (အပြည်ပြည် ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့များ ဖယ်ဒရေးရှင်း IFRC) သည် နိုင်ငံအလိုက် ကဏ္ဍများကို ကြီးကြပ်သည်၊ ဂျီနီဗာသဘောတူ စာချုပ်များနှင့် ၎င်း၏ နောက်ဆက်တွဲ သဘောတူ စာချုပ်များအား ကာကွယ်ရေးနှင့် မြှင့်တင်ရေး တို့အတွက် တာဝန်ယူဆောင်ရွက်ပြီး အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို လုပ်ဆောင်လျက်ရှိသည်။ လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွါး ချိန်များတွင် စစ်အတွင်း ထိခိုက်ဒဏ်ရာရသူများအား ဆေးဝါးအကူအညီပေးခြင်း၊ POW များအား ဝန်ဆောင်မှုပေးခြင်း၊ ပဋိပက္ခကြောင့် ထိခိုက်ခံစားခဲ့ရသည့် အရပ်သားများအား ကူညီပေး ခြင်းများကြောင့် လူသိများလေသည်။ ICRC ၏ စစ်မြေပြင် ပြင်ပ လူသားချင်းစာနာ ထောက်ထားသောလုပ်ငန်းများ ဥပမာ- သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ခဲ့သူများ အတွက် ဆောင်ရွက်ပေးမှုများကြောင့်လည်း လူသိများလေသည်။ ထို့ပြင် ၎င်း၏ ပံ့ပိုးမှုတွင်

ပညာပေးရေးပါဝင်ပြီး အထူးသဖြင့် စစ်ရေး၊ လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ဥပဒေများ၊ ထိန်းသိမ်းခံသူများနှင့် တွေ့ဆုံခြင်း၊ လူမှုအဖွဲ့အစည်းများအား ပဋိပက္ခဖြစ်ပွားပြီးနောက် ငြိမ်းချမ်းသည့်အနေအထားသို့ ပြန်လည်ရောက်ရှိရန် မိုင်းဖော်ခြင်း နှင့် အခြား ငြိမ်းချမ်းကာလ လှုပ်ရှားမှုများကတဆင့် ကူညီခြင်းတို့ ဖြစ်သည်။ ထိုလှုပ်ရှားဆောင်ရွက်မှု အားလုံးကို လူသားချင်းစာနာထောက်ထားသည့်အပြုအမူများအတွက် ချမှတ်ထားသည့် မူသ ဘောတရား (၇) ချက်အပေါ် အခြေခံထားကာ ဆောင်ရွက်ခြင်းဖြစ်သည်။

မှတ်သားဖွယ်ရာ

ICRC ၏ မူသဘောတရား (၇) ချက်

ICRC ၏ မူသဘောတရား (၇) ချက်ကို ၁၉၆၅ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး ကြက်ခြေနီအသင်း၏ အဝိုင်း ကဏ္ဍအသီးသီးအပေါ်ထားရှိသော တူညီသည့်တန်ဖိုးထားမှုများအား ICRC အဖွဲ့မှသည် နိုင်ငံ အသီးသီးရှိ အဖွဲ့အစည်းများအထိ ဖော်ပြရန်ဖြစ်သည်။

လူသားချင်းစာနာထောက်ထားမှု လူများ၏ ဆင်းရဲဒုက္ခများအား သက်သာစေရန်နှင့် ကာကွယ်ပေးရန်၊ လူအများအပေါ် လေးစားမှုရှိရေး သေချာစေရန်။

ဘက်မလိုက်မှု အကူအညီ အထောက်အပံ့ပေးရာတွင် ခွဲခြားဆက်ဆံမှု မရှိစေရ။

ကြားနေခြင်း ICRC သည် ပဋိပက္ခအတွင်း ဘက်ရွေးရပ်တည်ခြင်း မရှိသလို တစ်စုံတစ်ဦးအတွက် လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိ။

အမှီအခိုကင်းခြင်း ICRC သည် အစိုးရတစ်ရပ်ထံမှ အမှီအခိုကင်းသည့် အဖွဲ့ဖြစ်သည်။ ပြည်တွင်းဥပဒေများကို လေးစားလိုက်နာရမည် ဖြစ်သော်လည်း မည်သည့်အစိုးရအတွက်မျှ အလုပ် လုပ်ပေးခြင်းမဟုတ်ပေ။

ဆန္ဒအရ ဝန်ဆောင်မှုပေးခြင်း ICRC ၏ လုပ်ငန်းများသည် မိမိဆန္ဒအရဖြစ်ပြီး အခကြေးငွေ ပေးဆောင်ရသည့် လုပ်ဆောင်ချက်များကို ဆောင်ရွက်ခြင်း မရှိ။ ထို့ပြင် အဖွဲ့အစည်းတွင် စေတနာ့ ဝန်ထမ်းများအား ဝင်ရောက်လုပ်ကိုင်ရန် အားပေး တိုက်တွန်းသည်။

စည်းလုံးမှုရှိခြင်း နိုင်ငံတစ်ခုတွင် ကြက်ခြေနီ သို့မဟုတ် လခြမ်းနီအဖွဲ့ တစ်ခုသာ ထားရှိခွင့်ပြုမည်၊ ထို့ပြင် ထိုနိုင်ငံများအတွင်းရှိ လူ့အဖွဲ့အစည်း ကဏ္ဍအလုံးစုံ၏ ပါဝင်လုပ်ဆောင်ရေးကို အားပေး တိုက်တွန်းခြင်းဖြင့် စည်းလုံးမှုကို မြှင့်တင်ရ မည်။

ကမ္ဘာလုံးဆိုင်ရာ ဖြစ်ခြင်း ICRC သည် နေရာတိုင်းတွင် လုပ်ကိုင်ဆောင်ရွက်နေပြီး တူညီသည့် တာဝန်ဝတ္တရားများ ထားရှိသည်။

၁၈.၆ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် အရှေ့တောင် အာရှဒေသရှိ ပဋိပက္ခ

အရှေ့တောင်အာရှဒေသသည် IHL ဥပဒေများ ချမှတ်ခဲ့ချိန်မှစကာ ပဋိပက္ခများစွာကို တွေ့ကြုံခဲ့ရသည်။ အချို့သော ပဋိပက္ခများတွင် များပြားလှသည့် အသက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကာ သမိုင်းကြောင်းရှိခဲ့သော်လည်း IHL အား ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ချေ။ ဥပမာ ဗီယက်နမ်/အမေရိကန်စစ်ပွဲ သို့မဟုတ် အင်ဒိုးနီးရှားဇ၏ ကွန်မြူနစ် သောင်းကျန်းသူများအပေါ် နှိမ်နှင်ခြင်းများဖြစ်သည်။ သို့သော် IHL သည် စပ်ဆိုင်မှု မရှိခဲ့ပေဟု မဆိုနိုင်ပေ၊ ၎င်း၏ မူသဘောတရားများအား ဆက်လက် လိုက်နာကျင့်သုံးဆဲပင် ဖြစ်သည်။ ထို့ကြောင့် တရားမဝင် ပြုမူလုပ်ဆောင်ခဲ့ကြသည့် စစ်တပ်များသည် အကျိုးဆက်များကို ရင်ဆိုင်တွေ့ကြုံရပေမည်။ အရှေ့တောင်အာရှဒေသရှိ ပဋိပက္ခများတွင် IHL အား ကျင့်သုံးခြင်းသည် ပြဿနာရပ်များအား NIAC သို့မဟုတ် IAC ဖြစ်ကြောင်း အလွယ်တကူ သတ်မှတ်သည့်အရေးထက်ပိုသည်ဖြစ်ပြီး သဘောတူစာချုပ်ပါ စံနှုန်းများနှင့် ကိုက်ညီစေရေး၊ ချိုးဖောက်မှုများအတွက် အပြစ်ပေး အရေးယူခြင်း (ကျူးလွန်သူများသည် အပြစ်ပေးခံရမည်) တို့ကို သေချာစေရေးဖြစ်သည်။ ထို့ပြင် တိုက်ပွဲတွင် ပါဝင်သူများအား သဘောတူစာချုပ်များအတိုင်း လေ့ကျင့်သင်ကြားပေးရန်၊ ထိုစာချုပ်များတွင်ပါရှိသော အခြေခံမူသဘောတရားများကို စစ်တပ်များက လေးစားရန်၊ မည်သည့် ပဋိပက္ခ အမျိုးအစားမဆို သက်ရောက်မှုအား ကန့်သတ်ထားရန် သေချာစေရေးများလည်း ပါဝင်သည်။ ထိုလုပ်ဆောင်ချက်များကို ICRC နှင့် (ယခုအခန်းနောက်ပိုင်းတွင် ဆွေးနွေးသွားမည့်) အခြားအဖွဲ့များက တာဝန်ယူဆောင်ရွက်သည်။ သို့သော် အရှေ့တောင်အာရှရှိ လက်နက်ကိုင် ပဋိပက္ခသဘောနှင့် IHL ဥပဒေများ ကျင့်သုံးပုံတို့ကို ဦးစွာ လေ့လာကြမည်ဖြစ်သည်။

စစ်အေးတိုက်ပွဲများတွင် အပြင်းထန်ဆုံးပဋိပက္ခ တစ်ခုဖြစ်သည့် အမေရိကန် (သို့မဟုတ် ဗီယက်နမ်) စစ်ပွဲသည် ဂျီနီဗာသဘောတူစာချုပ်များအား တိကျစွာလိုက်နာခြင်းမရှိဘဲ အကြီးအကျယ် ဖြစ်ပွါးခဲ့သည်။ နှစ်ဖက်စလုံးသည် ပဋိပက္ခအား ပြည်တွင်းဆူပူအုံကြွမှုအဖြစ် မှတ်ယူလိုက်ခြင်းကြောင့် IHL ကို လိုက်နာကျင့်သုံးခဲ့ခြင်း မရှိဖြစ်ခဲ့သည်၊ ၎င်းအပြင် ထိုအချိန်က ဂျီနီဗာသဘောတူစာချုပ် ၄ ခု စလုံးသည် NIACs နှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိသေးပေ။ (စစ်ပွဲပြီးဆုံး၍ နောက်ဆက်တွဲ သဘောတူစာချုပ် ၂ စောင်ကို ရေးဆွဲချမှတ်ပြီးသည့် အချိန်မှစကာ သက်ဆိုင်မှုရှိလာသည်) မည်သို့ပင်ဆိုစေကာမူ နှစ်ဖက်တပ်များသည် IHL ဥပဒေများကို ဖြစ်ရပ်များစွာတွင် အမှန်တကယ် လိုက်နာခဲ့ကြသည်။ သို့သော် အရပ်သားများ နှင့် POWs များ ပါဝင်သည့် အခြားဖြစ်စဉ်များစွာတွင်မူ လိုက်နာခဲ့ခြင်း မရှိပေ။ အမှန်၌ သေဆုံးသူ အများစုသည် အရပ်သားများဖြစ်ခဲ့ပြီး ကျေးရွာများအပေါ် မီးလောင်ဗုံးများ ကြဲချခြင်းနှင့် စစ်ရေးတိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ကြခြင်းဖြစ်သည်။ ထို့ပြင် သံသယရှိသည့် ပြောက်ကျား

တိုက်ခိုက်သူများကို စစ်တပ် အရာရှိများက လူလည်ခေါင်တွင် ကွပ်မျက်ခဲ့ကြောင်း၊ ဥပဒေမဲ့ သတ်ဖြတ်ခဲ့သည့် ဖြစ်ရပ်များကိုလည်း တိုင်ကြားခဲ့သည်။

မျက်မှောက်ခေတ် ပဋိပက္ခများစွာအတွက် သင့်လျော်သည့်ဥပဒေများအား အသေအချာ လိုက်နာမှုရှိစေရေးသည် ပြဿနာတစ်ရပ်ဖြစ်ကြောင်း သက်သေပြသည့် သဘောလည်း ဖြစ်သည်။ လက်ရှိတွင် ထိုင်း၊ မြန်မာနှင့် ဖိလစ်ပိုင်တို့သည် ဖြစ်ပွါးဆဲပဋိပက္ခများဒဏ်ကို ခံစားနေရဆဲဖြစ်သည်။ ထိုင်းအစိုးရသည် ၎င်း၏ IHL အဆင့်နှင့်ပတ်သက်၍ အမိန့်ပေး ဖွဲ့စည်းပုံ မရှိသည့် ရာဇဝတ်အုပ်စုများက တောင်ပိုင်းပဋိပက္ခများကို ဖြစ်စေကြောင်း၊ ထိုသူများကိုယ်တိုင် သည် တိုက်ပွဲတွင်ပါဝင်သူများအဖြစ် ပြုမူလုပ်ဆောင်ခြင်း မရှိကြောင်း၊ ထို့ကြောင့် ပဋိပက္ခသည် NIAC မဖြစ်နိုင်ကြောင်း စဉ်းစားသည်။ သို့သော် ဖိလစ်ပိုင် အစိုးရသည် အချို့ပဋိပက္ခများကို NIAC အဆင့်အဖြစ် လက်ခံထားသည်၊ ဥပမာ- ပြည်သူ့ တပ်မတော်သစ် (ကွန်မြူနစ် တော်လှန်ရေး တစ်ခု) နှင့် Mindanao ပြည်နယ်တွင် ခြေကုပ် ယူထားသည့် အုပ်စုများအကြားဖြစ်ပွါးသည့် ပဋိပက္ခများအပေါ်တွင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် များစွာသော တိုင်းရင်းသားပဋိပက္ခများ (ဥပမာ- ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်များ) အား NIAC အဖြစ် အသိအမှတ်ပြုထားသည်။ ထိုင်းတောင်ပိုင်းနှင့် ဖိလစ်ပိုင်တို့တွင် ဖြစ်ပွါးသည့် ကိုယ်ပိုင်ပြဋ္ဌာန်းရေး ပဋိပက္ခများတွင် အဖြစ် အပျက်များစွာ တူကြသည်။ ၎င်းတို့တွင် အဓိကအားဖြင့် အစ္စလာမ် ဆန့်ကျင်ရေးအုပ်စုများက ကာလရှည်ကြာဖြစ်ပေါ်ခဲ့သည့် မညီမျှမှုများအတွက် ကုစားမှုရရှိရေးတိုက်ပွဲ၊ အရပ်သားပြည်သူ များနှင့် မခွဲခြားနိုင်သော လက်နက်ကိုင် အုပ်စုများ၊ အစိုးရတပ်များနှင့် တဖက်တပ်ဖွဲ့များက အရပ်သားများအပေါ် ကျူးလွန်သည့် တိုက်ခိုက်မှုများ၊ ညှင်းပန်းနှိပ်စက်ခြင်း သို့မဟုတ် မတရား ဖမ်းဆီးခြင်းကဲ့သို့ တရားမဝင်သော အချိုးမျှတမှုမရှိသည့် စစ်ဗျူဟာများသုံးခြင်း စသည့် ပဋိပက္ခများ ပါဝင်နေသည်။ သို့သော် ဖိလစ်ပိုင်၊ Mindanao နှင့် မတူသည်မှာ ထိုင်းတောင်ပိုင်းရှိ လက်နက်ကိုင်အုပ်စုများသည် တိုက်ပွဲတွင် ပါဝင်သူများအဖြစ် ၎င်းတို့ကိုယ်တိုင် ခွဲခြား သတ်မှတ် ရန် ကြိုးပမ်းခဲ့ခြင်းမရှိသလို နယ်မြေကိုလည်း အတိအလင်း ထိန်းချုပ်ထားခြင်း မရှိပေ။ ၎င်းအရ ပဋိပက္ခနှစ်ခုတွင် IHL သည် ကွဲလွဲစွာ လုပ်ဆောင်ကြောင်း ဖော်ပြလိုခြင်း ဖြစ်သည်။

ဆွေးနွေးခြင်းများနှင့် အပြန်အလှန်ဝေဖန်ခြင်း

လက်နက်ကိုင်ပဋိပက္ခအပေါ် စည်းမျဉ်းသတ်မှတ်ခြင်းသည် လုံလောက်မှုရှိသလား?

လူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် လူ့အခွင့်အရေးဥပဒေများသည် အများဆိုင် အပြည် ပြည်ဆိုင်ရာဥပဒေတွင် ပါဝင်ပြီး ထိုဥပဒေသည် လက်နက်ကိုင်ပဋိပက္ခကို တားမြစ်ထားခြင်း မရှိပေ။ သို့သော် လက်နက်အင်အားကို မည်သည့်အတွက်၊ မည်သို့အသုံးပြုရမည်ကို စည်းမျဉ်း သတ်မှတ်ပေးထားသည်။ ထို့ကြောင့် ထိုစည်းမျဉ်းသတ်မှတ်ချက်များအား လက်နက်ကိုင် ပဋိပက္ခ ကို ကန့်သတ်ရန်ကြိုးပမ်းချက်တစ်ရပ်အဖြစ် တွေ့နိုင်ပေသည်။ UN ပဋိဉာဉ်စာတမ်း၊ လူ့အခွင့်အ ရေးသဘောတူစာချုပ်များနှင့် IHL တွင် စစ်ပြုခြင်းကြောင့် ဖြစ်ခဲ့ရသည့် ပျက်စီးဆုံးရှုံးမှုများနှင့် ငြိမ်းချမ်းရေး၏ အရေးပါပုံများအကြောင်း ပေါ်လွင်သိသာသည့် ထုတ်ပြန်ချက်များ အသေအချာ

ပါရှိသော်လည်း စစ်ပွဲများကို ပပျောက်မသွားစေခဲ့ပေ။ တစ်ဖက်တွင်လည်း ဒေသတွင်းရှိ စစ်တပ်များသည် အားကောင်းနေဆဲဖြစ်ကာ အရပ်သားများသည်လည်း လက်နက်ကိုင် ပဋိပက္ခများကြောင့် အသတ်ခံနေရဆဲဖြစ်သည်။ ထပ်မံ၍ စစ်တပ်များသည် စစ်ရေးအသုံးစရိတ်များကဲ့သို့ပင် တိုးချဲ့နေဆဲဖြစ်သည်။ ထို့အပြင် မငြိမ်သက်မှုဖြစ်စေရန် စစ်တပ်အဖွဲ့များက ဒီမိုကရေစီဖြစ်စဉ်များတွင် ဝင်ရောက်နှောက် ယှက်သည့်အခါ IHL သည်လည်း သက်ဆိုင်မှု မရှိတော့ပေ။

- လက်နက်ကိုင်ပဋိပက္ခများအတွက် ချမှတ်ထားသည့် ဥပဒေများသည် အလုံ အလောက် ခိုင်မာအားကောင်းသလား? သို့မဟုတ် ထပ်မံတိုးချဲ့သင့်သလား?
- လက်နက်များ၊ စစ်တပ်များ၏ နည်းပညာတိုးတက်မှုများအပေါ် ဥပဒေဖြင့် ကန့်သတ်ထားသင့်သလား?
- စစ်တပ်အတွက် ထားရှိသည့် အစိုးရအသုံးစရိတ်ကို ကန့်သတ်ပြီး ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ရေးရာများအတွက် ငွေကြေး အပြည့်အဝ မြှုပ်နှံသင့် သလား?
- သို့တည်းမဟုတ် နိုင်ငံရေးကို လူ့အခွင့်အရေး၊ ဒီမိုကရေစီ ဖြစ်စဉ်များဖြင့် ပိုမို ကောင်းမွန်စွာ ထိန်းချုပ်နိုင်သည်ဖြစ်ရာ IHL အနေဖြင့် လက်နက်ကိုင်ပဋိပက္ခ နိုင်ငံရေး အခင်းအကျင်းများတွင် ပါဝင်ခြင်းမပြုသေးဘဲ ၎င်း၏ လှုပ်ရှား ဆောင်ရွက်မှုများကို ထိန်းညှိလိုက်ခြင်းက ပိုမို ကောင်းမွန်သလား?

၁၈. ၆. ၁ အရှေ့တောင်အာရှ ပဋိပက္ခများတွင် ကာကွယ်ပေးခြင်း

ICRC ၏ စီမံအုပ်ချုပ်မှုသည် ပဋိပက္ခများဖြစ်ပွါးချိန်ကိုကျော်လွန်၍ ရွှေ့ပြောင်း ပြည်သူများ၊ ဒုက္ခသည်များနှင့် ထိန်းသိမ်းခံများကဲ့သို့ ပြည်တွင်း အကြမ်းဖက်မှုများနှင့် ရင်ဆိုင်နေရသည့် လူပုဂ္ဂိုလ်များ၊ လူသားချင်းစာနာထောက်မှုကယ်ဆယ်ရေးများ လိုအပ်နေသည့် အခြားသူများအား ကာကွယ်ပေးခြင်းအထိ ရောက်ရှိလာသည်။ မကြာသေးမီကာလများတွင် နိုင်ငံမဟုတ်သော လက်နက်ကိုင်အုပ်စုများ၏ အခန်းကဏ္ဍ တိုးမြှင့်ပါဝင်လာမှုနှင့်အတူ အရှေ့တောင် အာရှ၏ ပဋိပက္ခများသည် အပြည်ပြည်ဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခအဆင့်မှ ပြည်တွင်းစစ်ပွဲများအဖြစ် ရွှေ့လာခဲ့သည်။ ထို့အတွက်ကြောင့် ထိုသို့ပြောင်းလဲလာသည့် ရွှေ့လျားမှုများနှင့်အတူ IHL ၏ ကျင့်သုံးပုံနှင့် ICRC ၏ လုပ်ငန်းနယ်ပယ်သည် တိုးချဲ့လာခဲ့သည်။ စစ်သားများသည် ပဋိပက္ခများဖြစ်ပွါးနေချိန်အတွင်း ရန်သူစစ်သည် များနှင့် ရင်ဆိုင်တိုက်ခိုက်သည့်အခါ IHL ဥပဒေများကို လိုက်နာရမည်ဖြစ်သည်၊ သို့သော် ပဋိပက္ခဖြစ်ပွါးရာ နေရာအတွင်း သို့မဟုတ် အနီးအနားဒေသရှိ အရပ်သားများနှင့် ထိတွေ့ ဆက်ဆံသည့်အခါ လူ့အခွင့်အရေးကို လေးစားလိုက်နာကြရမည်ဟု မျှော်မှန်းထားသည်။ ထို့ကြောင့် စစ်သားများအနေဖြင့် ပြည်သူ့ရေးရာအခွင့်အရေးများဖြစ်သည့် တရားမျှတမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီခွင့်၊ ဘာသာရေးကိုးကွယ်ခွင့်နှင့် လွတ်လပ်စွာ သွားလာခွင့်များကို လေးစားရမည်ဖြစ်သည်။ ရန်သူစစ်သားများနှင့် အရပ်သားများအကြား ခွဲခြားသတ်မှတ်ရန် ခက်ခဲသည့်အခါမျိုးတွင် ထိုတာဝန်များမှာ ပိုမိုရှုပ်ထွေးလာပေသည်။ တနည်းဆိုရသော် လူတစ်ဦးသည် “နေ့ဘက်တွင် လယ်သမား၊ ညဘက်တွင် ပြောက်ကျား

စစ်သည်” ဖြစ်နေသည့်အခါမျိုးတွင် ဖြစ်သည်။ ဤစာပိုဒ်အား ဂျီနီဗာသဘောတူစာချုပ်များ၏ နောက်ဆက်တွဲသဘောတူစာချုပ်များ ရေးဆွဲစဉ်အချိန်က မကြာခဏ သုံးနှုန်းခဲ့သည်။ ဗီယက်နမ် နိုင်ငံ (ထိုအချိန်က မြောက်ဗီယက်နမ်) ကမူ ကိုလိုနီအုပ်ချုပ်ရေးအပေါ် ဆန့်ကျင် ပုန်ကန်ကြသူ အများစုသည် နိုင်ငံ့စစ်တပ်များနှင့် နှိုင်းယှဉ်သော် အင်အားနည်းကြပြီး လက်နက်များလည်း ချို့တဲ့သည်မှန်သော်လည်း တိုက်ပွဲတွင်ပါဝင်သူများအဖြစ် မှတ်ယူသင့်ကြောင်း၊ ၎င်းနှင့် ယှဉ်တွဲသည့် အကာအကွယ်များကိုလည်း ရရှိသင့်ကြောင်း မှတ်ချက်ပြုခဲ့သည်။ သို့သော် ထိုကိစ္စတွင် ထိန်းသိမ်းထားသည့်ကိုလိုနီတပ်များမရှိသည်ဖြစ်ရာ IHL ကို လိုက်နာမှုမရှိခြင်းသည် အရှေ့တောင်အာရှနှင့် မသက်ဆိုင်ပေ။ ‘ညဘက်တွင် ပြောက်ကျား စစ်သည်’ ပုံစံအား ကိုလိုနီအုပ်ချုပ်မှုအောက်မှ လွတ်မြောက်လိုသည့် အမျိုးသား လွတ်မြောက်ရေးတိုက်ပွဲများအတွင်း အသုံးပြုနိုင်သော်လည်း နိုင်ငံအပေါ် လက်နက်ကိုင် တော်လှန်ပုန်ကန်သည့် ကိစ္စများတွင် ကောင်းစွာ အလုပ်မဖြစ်နိုင်ချေ။ ထို့ပြင် မျက်မှောက်ခေတ်ပဋိပက္ခများတွင် တိုက်ခိုက်သူများသည် အရပ်သားများအကြား ပုန်းလျှိုး နေထိုင်နိုင်ရန်အတွက် ယူနီဖောင်းဝတ်ဆင်ခြင်းကို တမင်တကာ ရှောင်လွှဲရှိပြီး ထိုသို့ပြုမူခြင်းသည် တရားမဝင်သည့် စစ်ဗျူဟာတစ်ခုဖြစ်သည်။ အရှေ့တောင်အာရှရှိ နိုင်ငံမဟုတ်သော လက်နက်ကိုင်အုပ်စုအများစုသည် တိုက်ပွဲတွင်ပါဝင်တိုက်ခိုက်သူများအဖြစ် ၎င်းတို့ကိုယ်တိုင် အမှန်တကယ်ခွဲခြားထားကြသည်။ ဥပမာအားဖြင့် ကချင်၊ ရှမ်းနှင့် Mindanao အခြေစိုက် လက်နက်ကိုင်အုပ်စုများသည် ယူနီဖောင်းဝတ်ဆင်ကြသည်။

မှတ်သားဖွယ်ရာ

နေ့ဘက်တွင် လယ်သမား၊ ညဘက်တွင် ပြောက်ကျားစစ်သည်

တိုင်းတစ်ပါးအုပ်ချုပ်ခံ ဆင်းရဲအားနည်းသည့်နိုင်ငံမှ စစ်သားတစ်ဦးအတွက် ယူနီဖောင်းမပါ၊ စစ်တပ်တွင် ပါဝင်ခြင်းလည်းမရှိပါဘဲ သိမ်းပိုက်ထားသည့် စစ်သားများကို ပြန်လည် တိုက်ခိုက်ခြင်းသည် တရားဝင်ပါသလား?

အမေရိကန်/ဗီယက်နမ်စစ်ပွဲအတွင်း Viet Cong သည် ဗီယက်နမ်တောင်ပိုင်းအခြေစိုက် စစ်တပ်တစ်ခုဖြစ်ပြီး ပြောက်ကျားစစ်ဗျူဟာများသုံးကာ အမေရိကန်တပ်များနှင့် ဗီယက်နမ် တောင်ပိုင်းအစိုးရကို တိုက်ခိုက်ခဲ့သည်။ လူအတော်များများသည် မိမိတို့နေအိမ်များတွင် နေထိုင်ကြပြီး အလုပ်လုပ်ကြသည်ဖြစ်ရာ (အမေရိကန်နှင့် တောင်ဗီယက်နမ် စစ်တပ်များ နှင့်မတူဘဲ) အချိန်ပြည့်စစ်သားများမဟုတ်ကြပေ။ အလားတူပင် စစ်သင်တန်းများ၊ အရည်အသွေးမြင့် လက်နက်ကိရိယာများ၊ ယူနီဖောင်းများ မရရှိခဲ့ပေ။ သို့သော် ကိုလိုနီ သိမ်းပိုက်ခြင်းကို ဆန့်ကျင်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ယုံကြည်ခဲ့ကြသည်။ ထို့ကြောင့် ဖြစ်ရပ်များစွာတွင် အမေရိကန်စစ်သားများသည် အရပ်သားနှင့် တိုက်ခိုက်သူများအကြား ခွဲခြားနိုင်ခြင်း မရှိခဲ့သဖြင့် အရပ်သားများအပေါ် များယွင်းစွာ (နှင့် တစ်ခါတစ်ရံ တမင်တကာ ကြံရွယ်ပြီး) တိုက်ခိုက်ခဲ့သည်။ ယေဘုယျအားဖြင့် Viet Cong များအား POWs များအဖြစ် မှတ်ယူခဲ့ခြင်း မရှိပေ၊ ထို့ကြောင့် ၎င်းတို့အား ဗီယက်နမ်

တောင်ပိုင်းရှိ အကျဉ်းထောင်များတွင် စုံစမ်း စစ်ဆေးခြင်း၊ ထောင်ချခြင်းနှင့် ညှင်းပန်းနှိပ်စက်သည်အထိ လုပ်ဆောင်ခဲ့သည်။ (ယခု ပဋိပက္ခတွင် နှစ်ဖက်စလုံး၏ POWs များအပေါ် ပြုမူဆက်ဆံပုံသည်လည်း IHL စံနှုန်းများနှင့် ဝေးကွာခဲ့သည်) hors de combat များ ပါဝင်ခဲ့ပြီး IAC အဖြစ် မသတ်မှတ်သည့် ပဋိပက္ခ ဖြစ်ခြင်း၊ ဗီယက်နမ်တောင်ပိုင်း အစိုးရစစ်တပ်များက တောင်ပိုင်းရှိ စစ်သားများအား ၎င်းတို့၏ တစ်စိတ်တစ်ပိုင်းအဖြစ် အသိအမှတ် မပြုပေးခြင်းများသည် အကာအကွယ် မရရှိခဲ့သည့် အခြားသောအကြောင်းပြချက်များ ဖြစ်သည်။

၁၈. ၆. ၂ ထိရှလွယ်အုပ်စုများအား ကာကွယ်ပေးခြင်း

သမိုင်းကြောင်းတစ်လျှောက် အရှေ့တောင်အာရှ ပဋိပက္ခများအတွင်း အရပ်သားများသည် အကြီးအကျယ် ဒုက္ခရောက်ခဲ့ရသည်။ အချို့ညီမျှမှုရှိခြင်းမူနှင့် လိုအပ်မှုရှိခြင်း မူသဘောတရားများသည် အရပ်သားအပေါ် သက်ရောက်မှုများကို ကန့်သတ်နိုင်ရန်အတွက် စီစဉ်ခဲ့သော်လည်း လေကြောင်းဗုံးကြဲခြင်း၊ အင်အားသုံး ရွှေ့ပြောင်းစေခြင်းများကဲ့သို့ လုပ်ဆောင်မှုများကြောင့် ထောင်ပေါင်းများစွာသော အရပ်သားများ၏ အသက်အိုးအိမ်များမှာ တိမ်းပါး ပျက်စီးခဲ့ရသည်။ အမေရိကန်/ဗီယက်နမ်စစ်ပွဲမှစကာ ဗုံးကြဲတိုက်ခိုက်ခြင်းကို စနစ်တကျ လုပ်ဆောင်ခဲ့ခြင်းမရှိပေ။ (အရပ်သား သန်းတစ်ဝက်ကျော် အသေအပျောက်ရှိခဲ့သည်ဟု ခန့်မှန်းခဲ့သည်) ပဋိပက္ခဖြစ်ပွါးရာဒေသများ၌ အင်အားသုံး ရွှေ့ပြောင်းစေသည့်ဖြစ်ရပ်များ မြန်မာနိုင်ငံတွင် ဖြစ်ပွါးခဲ့ကြောင်း သိရသည်။ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံများတွင် ပြည်တွင်း ရွှေ့ပြောင်းမှုများ ဖြစ်ပေါ်ခဲ့သည်။ IHL ဥပဒေများအရ လက်နက်ကိုင်ပဋိပက္ခများ၏ အကျိုးဆက်ဆိုးကျိုးများထံမှ အကာအကွယ်ကို လူအုပ်စုများနှင့် အရာဝတ္ထုများသည် တောင်းခံရယူနိုင်သည်။

ဘုံအပိုဒ် ၃ ပါ လူပုဂ္ဂိုလ်တစ်ဦးချင်းအား လူသားဆန်စွာ ဆက်ဆံခံရမည်ဟု ပြဋ္ဌာန်းချက် အတိုင်း လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ လူတိုင်းအား ကာကွယ်ပေးရမည်ဖြစ်သည်။ ထိုအချက်တွင် အရပ်သားအားလုံးပါဝင်သည်၊ သို့သော် တိုင်းတစ်ပါးစစ်တပ်လက်အောက်တွင် ရောက်ရှိနေသူများကို အဓိကဦးတည်ထားခြင်း ဖြစ်သည်။ အရှေ့တောင်အာရှရှိ လက်တလော ပဋိပက္ခများတွင် တိုင်းတစ်ပါးစစ်တပ်ပါဝင်ခြင်းမရှိပေ၊ ထို့ကြောင့် အဓိက ဦးတည်ချက်သည် ပြည်သူများအား ၎င်းတို့မိခင်နိုင်ငံ၏ အလွဲသုံးစားပြုခြင်းများထံမှ ကာကွယ်ပေးရေး ဖြစ်လာပေသည်။

မှတ်သားဖွယ်ရာ

IHL အရ အကာအကွယ်ရသူများနှင့် ပစ္စည်းများ

ပဋိပက္ခအတွင်း hors de combat စစ်သားများ၊ POWs များအပါအဝင် လူတိုင်းအား လူသားချင်းစာနာစွာ ပြုမူဆက်ဆံရမည်၊ ထို့ပြင် IHL တွင် အချို့ထူးခြားမှုရှိသည့် အမျိုးအစားများလည်း ရှိနေပေသည်။

ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ - စစ်မြေပြင်တွင် အလုပ်လုပ်နေသည့် ဆရာဝန်များနှင့် ဆေးရုံများ၊ အရေးပေါ်လူနာတင်ယာဉ်များနှင့် အခြားသော ဆေးဘက်ဆိုင်ရာ အဆောက်အဦများတွင် လုပ်ကိုင်နေသူများလည်း ပါဝင်သည်။

မီဒီယာ - သတင်းထောက်များနှင့် အခြားမီဒီယာလုပ်သားများသည် ပဋိပက္ခအတွင်း အရပ်သားများနည်းတူ အကာအကွယ်ရရှိသည်။

ဘာသာရေးပုဂ္ဂိုလ်များ - (အကျဉ်းထောင်တွင် အမှုထမ်းသော ဘုန်းကြီးကဲ့သို့) စစ်တပ် အတွက် အလုပ်လုပ်ပေးသည့်တိုင် အကာအကွယ်ရသည်။

ယဉ်ကျေးမှုဆိုင်ရာပစ္စည်းများကို ကာကွယ်ပေးနေသူများ- ပြတိုက်များ၊ ပန်းချီပြခန်းများ၊ သမိုင်းဝင်နယ်မြေများတွင် လုပ်ကိုင်နေသူများ ပါဝင်သည်။

အခြားအမျိုးအစားများအဖြစ် အရပ်သားပိုင် အရာဝတ္ထုပစ္စည်းများ ပါဝင်ပြီး ဥပမာ-

ဆေးရုံနှင့် ဆေးဘက်ဆိုင်ရာ အဆောက်အဦများ (ဥပမာ - အရေးပေါ်လူနာတင်ယာဉ်များနှင့် သင်္ဘောဆေးရုံများ)

ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်း (ဥပမာ- ဘာသာရေးနှင့် သမိုင်းကြောင်းဆိုင်ရာ နယ်မြေများ၊ ပညာသင်ကြားရာ နေရာများ) - ၎င်းနေရာများအား စစ်ရေးအတွက် အသုံးမပြုရပေ၊ ထို့ကြောင့် ဥပမာ ကျောင်းများအား ခိုနားရာနေရာတစ်ခုအဖြစ် စစ်တပ်က အသုံးပြုခြင်းကို တားမြစ်ထားသည်။

သဘာဝပတ်ဝန်းကျင်- သဘာဝပတ်ဝန်းကျင်ကို မထိခိုက်ရပေ။ ထို့ကြောင့် တောမီးရှို့ခြင်းများ၊ မြစ်ချောင်းများအား ဖျက်ဆီးခြင်းတို့ကို တားမြစ်ထားသည်။

အန္တရာယ်ရှိသည်များ သို့လှောင်ထားရှိရာလုပ်ငန်းနေရာများနှင့် တပ်စခန်းများ - နယူးကလီးယား ဓါတ်အားပေးစက်ရုံများ၊ ဆည်မြောင်းများကဲ့သို့ အရာဝတ္ထုများ အကျုံးဝင်ပြီး ၎င်းတို့အား တိုက်ခိုက်ခဲ့ပါလျှင် လူ့အဖွဲ့အစည်းအတွက် သိသာထင်ရှားသော ထိခိုက် ပျက်ဆီးမှုများ ဖြစ်စေမည် ဖြစ်သည်။

ထိုကဲ့သို့ကာကွယ်ပေးခြင်းများရှိသည့်တိုင် တိုတောင်းသည့်သမိုင်းကြောင်းတစ်လျှောက်တွင် အဆိုပါအရာဝတ္ထုပေါင်းများစွာကို လက်နက်ကိုင်ပဋိပက္ခထံက ကာကွယ်ပေးနိုင်ခဲ့ခြင်း မရှိပေ။ ဥပမာ- အမေရိကန်/ဗီယက်နမ်စစ်ပွဲအတွင်း Agent Orange ကဲ့သို့ သစ်ရွက်ကြွေဆေးများ အသုံးပြုခြင်းကြောင့် သစ်တောများနှင့် တောအုပ်ငယ်များ အပြင်းအထန် ထိခိုက်ပျက်စီးခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံရှိ ဖြစ်ပွားဆဲပဋိပက္ခများကြောင့် စာသင်ကျောင်းများမှာ ဆက်လက် ထိခိုက် ပျက်ဆီးနေဆဲဖြစ်သည်။ သို့သော် ဒေသတစ်ဝှမ်းလုံးရှိ နိုင်ငံပိုင် စစ်တပ်များသည် ပြည်တွင်း မငြိမ်သက်မှု၊ အရေးပေါ်ကာလနှင့် ကပ်ဘေးကာလများတွင် IHL မူသဘောတရားများနှင့် ဥပဒေများကို မကြာခဏ အသုံးပြုခဲ့ကြသည်။ ဆိုင်ကလုန်းများတွင်ဖြစ်စေ၊ ဆူပူမှုများတွင်ဖြစ်စေ၊ စစ်သားများသည် အရပ်သားများအပေါ် အသေအချာ ကာကွယ်ပေးရန် လိုလားကြသည်။ ICRC ကဲ့သို့ လူသားချင်းစာနာထောက်ထားသည့် အဖွဲ့များ၏ အဓိကတာဝန်သည် လူများကို ပဋိပက္ခ

ဖြစ်ပွါးပြီးနောက် မိမိတို့နေရပ်သို့ ပြန်ကာ အလုပ်လုပ်ကိုင်နိုင်ရေးအတွက် ကူညီပေးခြင်း ဖြစ်သည်။ အဓိက တာဝန်တစ်ရပ် အဖြစ် မပေါက်ကွဲသေးသည့် စစ်လက်နက်အကြွင်းအကျန်များ (UXOs) များရှင်းလင်းရေးနှင့် မိုင်းရှင်းလင်းရေးများ ပါဝင်သည်။

မှတ်သားဖွယ်ရာ

ပဋိပက္ခများအပြီး ရှင်းလင်းရေးလုပ်ငန်း

၁၉၆၀ နှင့် ၁၉၇၀ ပြည့်နှစ်များတွင် အရှေ့တောင်အာရှ၌ ဖြစ်ပွါးခဲ့သည့် စစ်ပွဲများ၏ အကျိုးဆက်ကို ယနေ့တိုင်ခံစားနေရဆဲဖြစ်သည်။ အချို့နေရာများသည် ဗုံးကြဲခံရခြင်းကြောင့် ကမ္ဘာပေါ်ရှိ အပျက်အဆီးအများဆုံးဒေသများအကြား စာရင်းပါဝင်နေသည်။ ၁၉၆၀ ဝန်းကျင် နှောင်းပိုင်းကာလနှင့် ၁၉၇၀ ဝန်းကျင်အစောပိုင်းကာလအတွင်း ၉ နှစ်ကြာ ဖြစ်ပွါးခဲ့သည့် လာအိုစစ်ပွဲ၌ တစ်မိနစ်လျှင် ပျမ်းမျှ ဗုံး ၈ လုံးကြဲချခဲ့ပြီး ၎င်းတို့ကို ရှင်းလင်းရန်အတွက် ဆယ်စုနှစ်များစွာ ကြာမြင့်မည်ဟု ခန့်မှန်းကြသည်။ စစ်ပွဲမှာ လွန်ခဲ့သောဆယ်စုနှစ်များကပင် ပြီးဆုံးခဲ့ပြီ ဖြစ်သော်လည်း ကမ္ဘောဒီယား၊ လာအို နှင့် ဗီယက်နမ်နိုင်ငံများတွင် ထိုဗုံးများကြောင့် နှစ်စဉ် နှစ်တိုင်း ကလေးများနှင့် လယ်သမား ၁၀၀ ဝန်းကျင် ထိခိုက်နေဆဲဖြစ်သည်။ တစ်ချိန်တည်းတွင် UXO အစီအစဉ်ဖြင့် ဗုံးတွေ့သည့်အခါ မည်သို့ လုပ်ဆောင်ရမည်၊ ဗုံးနှင့် ကလေးများ ဆော့ကစားခြင်း မပြုရေးတို့အား အသိပညာပေးခြင်းများ ဆောင်ရွက်နေသလို တစ်ဖက်တွင် UXOs ရှင်းလင်းရေးများကိုလည်း လုပ်ဆောင်ပေးနေသည်။ ခန့်မှန်းချက်များအရ အရှေ့တောင်အာရှဒေသတွင် နောင်ထပ် နှစ်ပေါင်း ၅၀ - ၁၀၀ ခန့် အထိ ဗုံးများ ရှင်းလင်းဦးမည် မဟုတ်ပေ။

အလားတူအစီအစဉ် (ပြည်တွင်းစစ်နှင့် အမေရိကန်/ဗီယက်နမ်စစ်ပွဲအတွင်း အသုံးပြုခဲ့သည့် မြေမြှုပ်မိုင်းများအား ရှင်းလင်းရေး) ကိုလည်း ကမ္ဘောဒီယားတွင် လက်ရှိလုပ်ဆောင်နေဆဲ ဖြစ်သည်။ မြေမြှင်မိုင်းများကြောင့် ကိုယ်လက်အင်္ဂါပြတ်တောက်ရသူ ဦးရေ ၄ သောင်းကျော် ရှိခဲ့ပြီး နှစ်စဉ် လူပေါင်း ၁၀၀ ထက်မနည်း ထိခိုက်ခြင်း၊ သေဆုံးခြင်းများ ရှိနေသည်။ ICRC ကဲ့သို့ အဖွဲ့အစည်းများသည် မြေမြှုပ်မိုင်းများ ရှင်းလင်းရေးအတွက် ကူညီသည့်အပြင် ထိခိုက်ဒဏ်ရာ ရရှိသူများအား ခြေတုလက်တု (ခြေလက်အတု)များ ထောက်ပံ့ပေးခြင်းဖြင့် ပြန်လည် ထူထောင်ရေးများ လုပ်ဆောင်ပေးသည်။ ထို့ပြင် ကိုယ်လက်အင်္ဂါ ချို့တဲ့သွားသူများအား လူမှု ဘဝ အတွင်း ပြန်လည်ဝင်ဆံ့စေရေးအတွက် အပြေး(အားကစား)များလည်း ဆောင်ရွက်ပေးသည်။

၁၈. ၆. ၃ IHL ချိုးဖောက်ခြင်းများအပေါ် ပြန်လည်တုန့်ပြန်ခြင်း

စစ်သားတစ်ဦးသည် တိုက်ပွဲအတွင်း အခြားစစ်သားတစ်ဦးအား သတ်လိုက်ခြင်းသည် မိမိ အလုပ်ကို လုပ်ဆောင်ခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏ လုပ်ရပ်များသည် သတ်မှတ် ထားရှိသည့် ကန့်သတ်ချက်များအား လိုက်နာလုပ်ဆောင်ပါက IHL အရ တရားဝင်သည်။ သို့ရာတွင် ထိုစစ်သားသည် ပုဂ္ဂိုလ်ရေးရာကွဲလွဲမှုတစ်ခုကြောင့် အိမ်နီးနားချင်းတစ်ဦးအား သတ်လိုက်ပါလျှင် ၎င်းသည် ပြစ်မှုကျူးလွန်ရာရောက်မည်ဖြစ်ပြီး ရာဇဝတ်တရားရုံးတွင် ပြစ်မှုဆိုင်ရာဥပဒေအရ

စစ်ဆေးခံရပြီး ဥပဒေပြစ်ဒဏ်များကို ရင်ဆိုင်ရမည် ဖြစ်သည်။ IHL ချိုးဖောက်ကြောင်း စွပ်စွဲချက်များအား အမျိုးမျိုး သတ်မှတ်ကြပြီး နည်းလမ်းပေါင်းများစွာဖြင့် ဖြေရှင်းကြသည်။ ရှေးဦးစွာ စစ်တပ်များသည် သာမာန်အားဖြင့် စစ်တရားရုံးတစ်ခုတွင် ချိုးဖောက်သူများအား တရားစွဲဆိုပြီး စုံစမ်း စစ်ဆေးမှုများ ပြုလုပ်ကြရသည်။ ၎င်းစစ်ခုံရုံးများသည် စစ်သားများ၏ စစ်ဥပဒေချိုးဖောက်ခြင်းများအတွက်ထားရှိပြီး သီးသန့်ရေးဆွဲသတ်မှတ်ထားသည့် စစ်ဥပဒေကို ကျင့်သုံးကြသည်။ ထိုသို့ဖြေရှင်းခြင်းသည် ရိုးရှင်းသည်ဟုဆိုသော်ငြား ဆိုးရွားပြင်းထန်သော ချိုးဖောက်မှုများအတွက် မေးခွန်းထုတ်စရာ ဖြစ်ပေသည်။ အကြောင်းမှာ နိုင်ငံများအနေဖြင့် ၎င်းတို့၏ စစ်တပ်အကြီးအကဲများအား ခုံရုံးတင်စစ်ဆေးလိုခြင်း မရှိသောကြောင့်ဖြစ်သည်။ စစ်ရာဇဝတ်မှုများဟု သိကြပြီး (ပထမဂျီနီဗာသဘောတူ စာချုပ်တွင် ၎င်းတို့အကြောင်း ဖော်ပြပါရှိသည်) ၎င်းတို့အပေါ် ချိုးဖောက်မှုများအား ကိုင်တွယ်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ဥပဒေက သတ်မှတ်ပေးထားပြီး စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှုများ၊ ကျူးကျော်ရန်စသည့်ပြစ်မှုများ အကျုံးဝင်သည်။ အဆိုပါ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ဥပဒေကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး ICC ကဲ့သို့ တရားရုံးများက ကျင့်သုံးသည်။ IHL အား ချိုးဖောက်မှု များစွာအပေါ် ICC တွင် စီရင်ပိုင်ခွင့်ရှိပေသည်။ (၎င်းကို အခန်း ၂၀ - အပြည်ပြည်ဆိုင်ရာ ပြစ်မှုများနှင့် လူ့အခွင့်အရေးများ အကြောင်းတွင် ဆွေးနွေးသွားမည်)

၁၈.၇ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ၏ မျက်မှောက်ခေတ် ပဋိပက္ခများတွင် ရင်ဆိုင်တွေ့ကြုံနေရသည့် စိန်ခေါ်ချက်များ

အမျိုးမျိုးသော လက်နက်ကိုင်အုပ်စုများက အသုံးပြုလာသည့် နည်းပညာဆိုင်ရာ တိုးတက်လာမှုများ၊ စစ်ရေးဗျူဟာ အပြောင်းအလဲများကြောင့် ပဋိပက္ခသဘောသဘာဝသည် သိသိသာသာ ပြောင်းလဲလာခဲ့သည်။ ထိုအချက်သည် IHL အား လိုက်နာကျင့်သုံးရေးအပေါ် မရေရာမှုများ ဖြစ်လာစေခဲ့သည်။ ဥပမာအားဖြင့် ပဋိပက္ခအတွင်း မောင်းသူမဲ့လေယာဉ်များ၊ စက်ရုပ်များ အသုံးပြုလာခြင်းသည် တိုက်ခိုက်သူများနှင့် အရပ်သားများအကြား ခွဲခြားရေးနှင့် ပတ်သက်သည့် မေးခွန်းများစွာ (ဥပမာ- မောင်းသူမဲ့လေယာဉ်များကို မောင်းနှံပေးသူသည် တိုက်ခိုက်သူ ဖြစ်သလား) ရှိလာခဲ့သည်။ ထို့ပြင် တာဝန်ရှိမှုနှင့် ပတ်သက်ပြီး (ဥပမာ- စက်ရုပ်တစ်ကောင်သည် အရပ်သားတစ်ဦးကို သတ်လိုက်သည့်အခါ မည်သူက တာဝန်ရှိမည်နည်း? ကွန်ပျူတာ ပရိုဂရမ်မာလား၊ စက်ရုပ်တည်ဆောက်သူလား သို့မဟုတ် ပဋိပက္ခဇုန်အတွင်း စက်ရုပ်ထားရှိသူလား?) မွေးခွန်းများလည်း ထွက်လာခဲ့သည်။

ခေတ်သစ်နည်းပညာများက ပဋိပက္ခသဘောသဘာဝကို ပြောင်းလဲစေခဲ့သည်ဆိုသည်မှာ ယုံမှားဖွယ်မရှိချေ။ ယခုအခါ လူတစ်ဦးက အမေရိက၊ Las Vegas ရှိ ရုံးခန်းတွင် ထိုင်နေပြီး မောင်းသူမဲ့

လေယာဉ်သုံးကာ ကမ္ဘာ့တစ်ဖက်ခြမ်းရှိ တိုက်ခိုက်သူများကို ရှာဖွေဖော်ထုတ်ကာ သတ်နိုင်ပြီ ဖြစ်သည်။ နောင်တွင်လည်း အယ်ဂိုရီသမ်နည်းဖြင့် တည်ဆောက်ဖန်တီးထားသည့် စက်ရုပ်ကို သုံးကာ ထိုသို့ လုပ်ဆောင်လာပေမည်ဖြစ်သည်။ လက်ရှိအချိန်အထိ အရှေ့တောင်အာရှတွင် များသောအားဖြင့် မောင်းသူမဲ့လေယာဉ်များ အသုံးပြုခြင်းမရှိသလို စက်ရုပ်များကို တပ်ဖြန့် အသုံးပြုခြင်းမျိုးလည်း မရှိသေးပေ။

ကမ္ဘာတစ်လွှားရှိ နိုင်ငံမဟုတ်သောလက်နက်ကိုင်အုပ်စုအချို့၏ စစ်ဗျူဟာမျိုးစုံ အသုံးပြုပုံများ အပေါ်တွင် စိုးရိမ်မှုများလည်း မြင့်တက်ခဲ့သည်။ အထူးသဖြင့် Jemmah Islamiyah နှင့် Abu Sayyaf ကဲ့သို့ အရှေ့တောင်အာရှရှိ ဘာသာရေးအစွန်းရောက် အစ္စလာမ် အုပ်စုများသည် အရပ်သားများအပေါ် ဦးတည်ထားခြင်းကဲ့သို့ အကြမ်းဖက်ဗျူဟာများ အသုံးပြုကြောင်း သိထားကြသည်။ ထိုကဲ့သို့ဖြစ်စဉ်သည် ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဖြစ်ခဲ့ကာ ကျောင်းဆရာ/မ များနှင့် အစိုးရအရာရှိအချို့ အသတ်ခံရသည်၊ ထို့ပြင် လမ်းဘေးဗုံးများကြောင့် နှစ်ဖက် စစ်သားများနှင့် အရပ်သားများ သေဆုံးခဲ့သည်။ ထိုအုပ်စုများသည် IHL စံနှုန်းများအတိုင်း လိုက်နာရန် အားထုတ်ကြိုးပမ်းမှုမရှိကြောင်း ပေါ်လွင်နေသည်။ ထိုနည်းတူပင် ၎င်းတို့ ကိုယ်တိုင်သည် တိုက်ပွဲတွင် ပါဝင်သူများအဖြစ် မှတ်ယူခွဲခြားထားခြင်း မရှိပေ၊ အရပ်သားများ နှင့် စစ်ရေးပစ်မှတ်များအကြား ခွဲခြားသတ်မှတ်ခြင်းမပြုသည့်အပြင် အရပ်သားများအား စစ်၏သက်ရောက်မှုများထံက ကာကွယ်ပေးသည်လည်း မရှိပေ။ အစွန်းရောက်တပ်များအပေါ် နိုင်ငံများက ပြန်လည်တုန့်ပြန်သည့် အခါတွင် နောက်ထပ် ပြဿနာတစ်ခု ထပ်မံ ပေါ်ပေါက်လာပြီး နှစ်ဖက်တိုက်ခိုက်မှုများကြောင့် အရပ်သားများ တိုက်ခိုက်ခံရခြင်းများ ဖြစ်လာပေသည်။ ထိုကဲ့သို့အခြေအနေများတွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ဥပဒေသည် ချိုးဖောက်မှုကျူးလွန်ခဲ့သူများကို တရားရင်ဆိုင်စေရန် သေချာစေရေးအတွက် ကူညီနိုင်သည်။ သို့သော် အရှေ့တောင်အာရှတွင် လူအနည်းငယ်သည်သာ ထိုကဲ့သို့ ကျူးလွန်မှုများအတွက် အပြစ်ပေးအရေးယူခြင်းခံခဲ့ကြရသည်ဟု ဆိုနိုင်ပေသည်။

ခေတ်သစ်နည်းပညာများနှင့် စစ်ဗျူဟာများကြောင့် ပေါ်ပေါက်လာသော သိသာသည့် စိန်ခေါ်ချက်သည် ရေးဆွဲမည့် မူဝါဒအသစ်များ၊ ကျင့်သုံးပုံအသစ်များနှင့် ကိုက်ညီမှု ရှိစေရေးဖြစ်သည်။ အထူးသဖြင့် ICRC သည် လက်နက်ကိုင်ပဋိပက္ခအတွင်း မောင်းသူမဲ့ လေယာဉ်များ အသုံးပြုမှုအပေါ် မူဝါဒများ ရေးဆွဲလျက်ရှိပြီး စစ်ပွဲအတွင်း လူသားများသည် ဥဏ်ရည်တု မသုံးဘဲ လက်နက်များအပေါ် အမြဲဆက်လက်၍ ထိန်းချုပ်မှုရှိရမည်ဖြစ်ကြောင်း ထည့်သွင်းထားသည်။ သမိုင်းကြောင်းတစ်လျှောက်လုံးတွင် IHL ကို စစ်အတွင်း နည်းပညာသစ်များ၊ ကျင့်သုံးပုံ အသစ်များနှင့် လျော်ညီအောင် ပြင်ဆင်နိုင်ခဲ့သည်။ သို့သော် ယနေ့ခတ် နိုင်ငံတကာ လူ့အဖွဲ့အစည်းရင်ဆိုင်တွေ့ကြုံနေရသည့် ပြဿနာများသည် အထူးသဖြင့် စိန်ခေါ်ချက်များဖြစ်နေပြီး အခြေခံကျသည့် အပြောင်းအလဲအချို့ကို လိုအပ်ကောင်း လိုအပ်မည်ဖြစ်သည်။

က။ အနှစ်ချုပ်နှင့် အဓိကအချက်များ

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL)

IHL သည် လက်နက်ကိုင်ပဋိပက္ခနှင့် သက်ဆိုင်သည့် ဥပဒေဖြစ်သည်။ စစ်ပွဲဆင်နွှဲပုံနှင့်အတူ စစ်ပွဲအတွင်း အရပ်သားများနှင့် ဖမ်းဆီးရမိသူများကို ကာကွယ်ပေးရေး ဦးတည်ထားခြင်းဖြစ်သည်။ IHL သည် jus in bello (စစ်မျက်နှာပြင်၌ လက်နက်ကိုင် ပဋိပက္ခများ၏ ပြုမူလုပ်ဆောင်ပုံနှင့် သက်ဆိုင်သည့် ဥပဒေများ) ဖြစ်ပြီး jus ad bellum (လက်နက်ကိုင် တပ်ဖွဲ့အသုံးပြုခြင်းအပေါ် သတ်မှတ်ပေးနိုင်သည့် ဥပဒေများ) မဟုတ်ပေ။ ၎င်းသည် လူ့အခွင့်အရေးနှင့် ချိတ်ဆက်မှုများစွာ ရှိနေသော်လည်း ပဋိပက္ခဖြစ်ပွါးနေချိန်များတွင် အဓိကထား ကျင့်သုံးသည်။ လူသားဆန်မှု အသေချာရှိစေရေးအတွက် IHL သည် အသုံးပြုသည့်လက်နက် အမျိုးအစားများအပေါ် စည်းမျဉ်း ချမှတ်ခြင်းကဲ့သို့ စစ်ပွဲဆင်နွှဲပုံများကို ကန့်သတ်ထားခြင်းဖြစ်သည်။

IHL သမိုင်းကြောင်း

လက်နက်ကိုင်တိုက်ခိုက်ခြင်းအတွက် စည်းမျဉ်းများသည် သမိုင်းတလျှောက် တည်ရှိခဲ့ကြသည်။ သို့သော် ၁၈၀၀ ခုနှစ်အလယ်ပိုင်းလောက်က ဟင်နရီဒူးနန့်သည် စစ်ပွဲဖြစ်ပြီးနောက် လူ အများအပြားခံစားနေရသည်ကို မျက်မြင်တွေ့ကြုံခဲ့ရကာ ကြက်ခြေနီအဖွဲ့နှင့် IHL ကို တည်ထောင် ချမှတ်ခဲ့ချိန်က စတင်ခဲ့ခြင်းဖြစ်သည်။ ပထမဂျီနီဗာသဘောတူ စာချုပ်ကို ၁၈၆၄ ခုနှစ်တွင် ချုပ် ဆိုခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ပြီးနောက်တွင် အခြား သဘောတူစာချုပ်များဖြင့် ထပ်တိုး ပြင်ဆင်မှုများပြုလုပ်ခဲ့ကာ အဆုံးတွင် သဘောတူစာချုပ် ၄ ခုနှင့်အတူ နောက်ဆက်တွဲ သဘောတူစာချုပ် ၃ ခု ပေါ်ထွက်ခဲ့သည်။ ထို့ပြင် လေယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်များ အသုံးပြုခြင်းကဲ့သို့ ပြောင်းလဲလာသည့် နည်းပညာများ၊ စစ်ရေးဗျူဟာများနှင့် ရင်ဘောင်တန်း နိုင်စေရေး အတွက် IHL အား ပြင်ဆင်မွမ်းမံပြောင်းလဲခဲ့သည်။

ဂျီနီဗာသဘောတူစာချုပ်များ

၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူစာချုပ်များသည် အပြည်ပြည်ဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခ အတွက် သတ်မှတ်ထားခြင်းဖြစ်ပြီး hors de combat စစ်သားများအား ကာကွယ်ပေးခြင်း၊ သင်္ဘောပျက် စစ်သားများ အပါအဝင် ဒဏ်ရာရ စစ်သည်များနှင့် နာမကျန်းစစ်သည်များကို စောင့်ရှောက်ပေးခြင်း၊ စစ်သုံ့ပန်းများကို ပြုမူဆက်ဆံခြင်းနှင့် အရပ်သားများအား ကာကွယ်ပေး ခြင်းများ ပါဝင်သည်။ ၁၉၇၇ ခုနှစ် နောက်ဆက်တွဲ သဘောတူစာချုပ်များတွင် အပြည်ပြည်ဆိုင် ရာမဟုတ်သည့် လက်နက်ကိုင်ပဋိပက္ခများအတွင်း အရပ်သားများအား ပိုမိုကာကွယ်ပေးရေးကို ထပ်မံဖြည့်ထားသည်။ အရှေ့တောင်အာရှနိုင်ငံအားလုံးသည် သဘောတူစာချုပ် ၄ ခုစလုံးကို အတည်ပြုလက်မှတ်ရေးထိုးထားသော်လည်း နောက်ဆက်တွဲ သဘောတူစာချုပ်များတွင် နိုင်ငံ အားလုံး ပါဝင်ခြင်း မရှိသေးပေ။

IHL ၏ အဂ်ီရပ်များ

IHL သည် အပြည်ပြည်ဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခနှင့် အပြည်ပြည်ဆိုင်ရာမဟုတ်သော လက်နက်ကိုင် ပဋိပက္ခကို ပိုင်းခြားထားသည်။ အမှန်၌ ပြည်တွင်းဆူပူအုံကြွမှုများကို IHL အရ လက်နက်ကိုင်ပဋိပက္ခအဖြစ် လုံးဝ မသတ်မှတ်နိုင်ပေ။ ရှေးဦးစွာ IHL သည် တိုက်ပွဲတွင် ပါဝင်သူများနှင့် အရပ်သားများအကြား ခွဲခြားမှု ထားရှိကာ အရပ်သားများအပေါ် ပစ်မှတ် မထားရန် သေချာစေပြီး တိုက်ပွဲတွင်ပါဝင်သူများသည်လည်း ၎င်းတို့ *hors de combat* ဖြစ်သွားသည့်အခါ အကာအကွယ်ရရှိမည်ဖြစ်သည်။ ထို့ပြင် တိုက်ပွဲအတွင်း စစ်တပ်၏ လုပ်ရပ်များသည် အချိုးမျှတမှုရှိရမည်ဖြစ်ပြီး စစ်၏ ဆိုးကျိုးသက်ရောက်မှုများကိုလည်း တတ်နိုင်သမျှ လျော့ချရန် လိုအပ်မည်ဖြစ်သည်။ အလားတူပင် အရပ်သားဖြစ်စေ၊ စစ်သား ဖြစ်စေ အားလုံးကို လူသားဆန်စွာ ပြုမူဆက်ဆံပေးရမည်ဖြစ်သည်။ လူ့အခွင့်အရေးနှင့် IHL သည် တစ်ခုနှင့်တစ်ခု အပြန်အလှန်အားဖြည့်သည် မှန်သော်လည်း ပဋိပက္ခဖြစ်ပွါးချိန်များ တွင် *lex specialis* မူသဘော အရ IHL သည် လွှမ်းမိုးသည်။ IHL နှင့် လူ့အခွင့်အရေးသည် အဂ်ီရပ်များစွာ ကိုက်ညီကြသည်၊ အကြောင်းမှာ ဥပဒေနှစ်ရပ်စလုံးသည် လူသားများအား အဆိုးဝါးဆုံးများထံမှ ကာကွယ်ပေးရန် ကြိုးပမ်းခြင်းကြောင့်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ (ICRC)

ICRC နှင့် နိုင်ငံများတွင် ဖွဲ့စည်းထားရှိသည့် ၎င်း၏ ကြက်ခြေနီအဖွဲ့ အစည်းများသည် IHL ကို အဓိက ကြီးကြပ်ဆောင်ရွက်သည်။ ဂျီနီဗာသဘောတူစာချုပ်များအား ကာကွယ်မြှင့်တင်ပေးခြင်း၊ ဆေးဝါး အထောက်အကူများ ပံ့ပိုးပေးခြင်း၊ စစ်သုံ့ပန်းများအတွက် ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်သည်။ ICRC ၏ လုပ်ငန်းအများစုသည် လူသားချင်းစာနာထောက်ထားမှု သဘော ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ ပဋိပက္ခကြောင့်ဖြစ်စေ ကူညီပေးသည်။ အဖွဲ့ အစည်းသည် လူသားချင်းစာနာမှုရှိခြင်း၊ ဘက်လိုက်မှုမရှိခြင်း၊ ကြားနေခြင်း၊ အမှီအခိုကင်းခြင်း၊ ဆန္ဒအရ ဝန်ဆောင်မှုပေးခြင်း၊ စည်းလုံးမှုရှိခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ဖြစ်ခြင်း ဆိုသည့် အခြေခံမူသဘောတရား (၇) ချက်ကို အခြေခံထားသည်။

အရှေ့တောင်အာရှရှိ IHL အနေအထား

အရှေ့တောင်အာရှဒေသသည် အကြမ်းဖက်မှုပဋိပက္ခများစွာကို တွေ့ကြုံခဲ့ရပြီး ပဋိပက္ခအားလုံး တွင် အရပ်သားများအား တိုက်ပွဲတွင်ပါဝင်သူများနှင့် ခွဲခြားခြင်း၊ အချိုးမျှတမှုရှိခြင်းနှင့် လိုအပ်မှု ရှိခြင်းမူများ အသုံးပြုခြင်းအပါအဝင် IHL မူသဘောတရားများကို လိုက်နာကျင့်သုံးခဲ့ခြင်းမရှိပေ။ အထူးသဖြင့် ထိုကဲ့သို့ လိုက်နာမှုမရှိခြင်းများသည် အမေရိကန်/ ဗီယက်နမ် စစ်ပွဲ၏ ဗုံးကြဲ တိုက်ခိုက်သည့် တိုက်ပွဲစဉ်များအတွင်း အဖြစ်များခဲ့သည်။ မကြာသေးမီကပင် အချို့နိုင်ငံများ သည် မိမိတို့နိုင်ငံအတွင်းဖြစ်ပွါးခဲ့သည့် အပြည်ပြည်ဆိုင်ရာ မဟုတ်သော လက်နက်ကိုင် ပဋိပက္ခ များကြောင့် အရပ်သားများစွာ ထိခိုက်ခဲ့ရသည်ကို သိမြင်လာကြသည်။ IHL အား ချိုးဖောက်မှု များသည် ဆိုးရွားပြင်းထန်ခဲ့ပါက အပြည်ပြည်ဆိုင်ရာ ပြစ်မှုအဖြစ် သတ်မှတ်နိုင်သည်ဖြစ်ပြီး

ကျူးလွန်သူများအား ဖြစ်နိုင်ပါက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးတွင် စုံစမ်းစစ်ဆေးနိုင်မည်ဖြစ်သည်။ နောက်ဆုံးစိုးရိမ်ဖွယ်ရာမှာ IHL သည် မောင်းသူမဲ့လေယာဉ်များ သို့မဟုတ် စက်ရုပ်များကဲ့သို့ ပေါ်ထွက်လာသည့် နည်းပညာအသစ်များနှင့် မည်သို့ ကိုက်ညီစေမည်၊ အရပ်သားများအပေါ် ပစ်မှတ်ထားခြင်းကဲ့သို့ စစ်ဗျူဟာ တစ်ရပ်အဖြစ် လက်နက်ကိုင် အုပ်စုများက IHL ပြဋ္ဌာန်းချက်များကို တမင်တကာ ဖောက်ဖျက်ခြင်းများအပေါ် မည်သို့တုန့်ပြန်မည်ဆိုသည့် အရေးများပင်ဖြစ်သည်။

ခ။ စံပြ မေးခွန်း သို့မဟုတ် အက်ဆေးပုံစံ မေးခွန်းများ

- အရှေ့တောင်အာရှတွင် ဖြစ်ပွါးနေသည့် လက်နက်ကိုင်ပဋိပက္ခတစ်ခုကို လေ့လာပြီး IHL အရ မည်သို့သတ်မှတ်သင့်သည်ကို ဆွေးနွေးပါ။ တိုက်ပွဲတွင်ပါဝင်သူများနှင့် အရပ်သားများသည် မည်သည့်အခွင့်အရေးများ ရရှိမည်နည်း? အမှန်တကယ် ရရှိခဲ့ဖူးသလား? လက်နက်ကိုင်ပဋိပက္ခတွင် IHL ကို မှန်ကန်စွာ ကျင့်သုံးခဲ့သလား?
- လိုအပ်မှုရှိခြင်း၊ သို့မဟုတ် အချိုးမျှတမှုရှိခြင်းကဲ့သို့ IHL ၏ အခြေခံမူသဘောတရားတစ်ခု အကြောင်းလေ့လာပြီး အရှေ့တောင်အာရှိပဋိပက္ခအခြေအနေများတွင် ထိုမူသဘောတရားအား မည်သို့အသုံးပြုရမည်ကို ဆွေးနွေးတင်ပြပါ။ မူသဘောတရား အသုံးပြုရာတွင် တွေ့ကြုံနိုင်သည့် အခက်အခဲများကို ထည့်သွင်းစဉ်းစားကာ ၎င်းအား အသုံးပြုနိုင်ချိန်နှင့် အသုံးမပြုနိုင်ချိန်များကို လေ့လာဆန်းစစ်ပါ။
- IHL သည် အော်တိုလက်နက်များအပေါ် ထောက်ခံသင့်သလား သို့မဟုတ် ဖယ်ရှားရှင်းလင်း သင့်သလား? နောင်တွင် စစ်ဖြစ်သည့်အခါ လူသားများအကြား တိုက်ခိုက်ခြင်းမဟုတ်ဘဲ စက်ရုပ်များဖြင့် တိုက်ခိုက်မည်ဆိုပါက မည်သည့်စစ်ပွဲသည် ပိုကောင်းမည်နည်း? ထိုသို့ ဖြစ်နိုင်ပါသလား?
- ပြည်တွင်း ဆူပူအုံကြွမှုများတွင် IHL သည် သက်ဆိုင်ပါသလား? ဆန္ဒပြပွဲတစ်ခု သို့မဟုတ် ဆူပူမှုတစ်ခုအတွင်း အစိုးရမှ အရပ်သားများအပေါ် အင်အားအလွန်အကျွံသုံးခဲ့သည့် ဖြစ်ရပ်တစ်ခုကို လေ့လာပြီး IHL စံနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ခြင်း ရှိ/မရှိ ဆွေးနွေးတင်ပြပါ။

ဂ။ ထပ်မံလေ့လာ ဖတ်ရှုရန်များ

Melzer, N, (2019), *International Humanitarian Law: A Comprehensive Introduction, Geneva*: ICRC.

International Committee of the Red Cross (ICRC)

ICRC တွင် IHL ၊ ဂျီနီဗာသဘောတူစာချုပ်များ နှင့် ၎င်း၏ လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများအကြောင်း အရင်းအမြစ်များစွာပါဝင်သည်။ ၎င်းတို့တွင် အွန်လိုင်းပလက်ဖောင်းများ ပါဝင်ပြီး 'Case study database: IHL in action' (https://casebook.icrc.org/) ၊ 'IHL in action: Respect for the law on the battlefield' (https://www.icrc.org/en/document/ihl-action-respect-law-battlefield) များ ဖြစ်ပြီး သတင်းအချက်များကို အချိန်မှန် update တင်ပေးထားသည်။

ထို့ပြင် 'Advanced IHL Learning Series' (https://www.icrc.org/en/document/advanced-ihl-learning-series) တွင်လည်း IHL ၏ နောက်ဆုံးတိုးတက်မှုအားလုံးအကြောင်း နှံ့စပ်သိရှိလိုသူ သင်ခန်းပို့ချသူများနှင့် သင်တန်းနည်းပြများအတွက် အရင်းအမြစ်တစ်ခု ပံ့ပိုးပေးထားသည်။

အောက်ပါအရင်းအမြစ်များကိုလည်း လေ့လာနိုင်သည်။

ICRC, (2019), *International Humanitarian Law and the Challenges of Contemporary Armed Conflicts: Recommitting to Protection in Armed Conflict on the 70th anniversary of the Geneva Conventions*, Geneva: ICRC.

ICRC, 'Treaty body database, State Parties, and commentaries' ၊ https://ihl-databases.icrc.org/ihl.

ICRC, 'War and law' ICRC, available at https://www.icrc.org/en/war-and-law

အထွေထွေ

Class Central, 'International humanitarian law in theory and practice' Leiden University via Coursera, www.classcentral.com/course/international-humanitarian-law-12277

Leiden University က ပို့ချသည့် အခမဲ့အွန်လိုင်းသင်တန်းဖြစ်သည်။ သင်ရိုးမာတိကာအဖြစ် ပဋိပက္ခအမျိုးစားခွဲခြားခြင်း၊ စစ်ပြုခြင်း နည်းနိသယ၊ လူများအား ကာကွယ်ပေးခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အရေးယူခြင်းများ ပါဝင်သည်။

Diakonia 'Global IHL centre' www.diakonia.se/en/ihl

IHL နှင့် ပတ်သက်သည့် အရင်းအမြစ်များနှင့် လမ်းညွှန်ချက်များ ပါဝင်သည်။

RULAC/Geneva Academy, 'RULAC: Rule of Law in Armed Conflicts'

http://www.rulac.org/

ဖိလစ်ပိုင်နိုင်ငံနှင့် မြန်မာနိုင်ငံအကြောင်း သတင်းအချက်အလက်များ အပါအဝင် ဖြစ်ပွါးဆဲ ပဋိပက္ခများနှင့် သက်ဆိုင်ရာ IHL စံနှုန်းများအကြောင်း လေ့လာချက်များပါဝင်သည်။

၁၉

ညှဉ်းပန်းနှိပ်စက်မှုနှင့် လက်စဖျောက်ခံရမှုများ အဆုံးသတ်ခြင်း

အခန်း ၁၉ ညှင်းပန်းနှိပ်စက်မှုနှင့် လက်စဖျောက်ခံရမှုများ အဆုံးသတ်ခြင်း

၁၉.၁ အဖွင့်မိတ်ဆက်

ညှဉ်းပန်းနှိပ်စက်ခြင်းသည် သာမာန်မဟုတ်သည့်လုပ်ရပ်တစ်ခုဖြစ်ပြီး ဥပမာ ဖြောင့်ချက်တစ်ခု ရယူရန် သို့မဟုတ် ပြစ်ဒဏ်(အတင်း) ပေးနိုင်ရန်အတွက် လူတစ်ဦးအပေါ် တမင်တကာ ဆိုးဆိုးရွားရွား နှိပ်စက်ညှဉ်းပန်းခြင်းကို ရည်ညွှန်းသည်။ 'လက်စဖျောက်ခံရခြင်း' ဆိုသည်မှာ လူတစ်ဦးအား နိုင်ငံကလျှို့ဝှက်စွာဖမ်းဆီးခေါ်ဆောင်ခြင်းဖြစ်ပြီး သူ/သူမ၏ ကံကြမ္မာအပေါ် အသိအမှတ်ပြုရန် ငြင်းဆိုထားခြင်းဖြစ်သည်။ ထိုအနေအထားမျိုးတွင် ညှဉ်းပန်းနှိပ်စက်မှုများလည်း ပါဝင်လာနိုင်သည်။ အကြောင်းမှာ အာဏာပိုင်များ၏ အတင်းအဓမ္မ ခေါ်ဆောင်ခြင်းကိုခံရပြီးနောက် သတင်းအချက်အလက်ရရှိရေးအတွက် ညှဉ်းပန်းနှိပ်စက်ခြင်း ခံရမည်ဖြစ်သည်။ ထို့ပြင် လက်စဖျောက်ခံရသူများသည် တရားရုံး သို့မဟုတ် ဥပဒေအကူအညီ ရယူရန် ငြင်းဆိုခြင်း ခံရနိုင်ပေသည်။ အချို့အခြေအနေများ၌ အားနည်းသော ရဲအုပ်ချုပ်မှုစနစ်၏ နစ်နာသူ(သားကောင်)များဖြစ်သွားနိုင်သည်။ တစ်ဖက်တွင် 'ရက်စက်သော ပြစ်ဒဏ်ပေးခြင်း'သည် နိုင်ငံ၏ လူတစ်ဦးအပေါ် ညှဉ်းပန်းနှိပ်စက်မှုအဆင့် မရောက်သော ညှဉ်းပန်း နှိပ်စက်မှုကိုဆိုလိုသည်။ ထိုပြစ်မှုအားလုံးကို ယခုအခန်းတွင် ဦးစားပေးဖော်ပြထားသည်။ ၎င်းတို့၏ ဆိုးရွားပြင်းထန်မှုများ ကြောင့် နိုင်ငံတကာနှင့် ပြည်တွင်းအဆင့်များအားလုံးတွင် တုန့်ပြန်ဖြေရှင်းနည်းများစွာ ပေါ်ပေါက်လာခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံများအားလုံးတွင်လည်း ဆောင်ရွက်ချက်များ ထားရှိသည်။ ယခုအခန်းတွင် အဆိုပါပြစ်မှုများအကြောင်း လေ့လာထားပြီး လူ့အခွင့်အရေးအနေဖြင့် ၎င်းတို့အား တာဆီး နိုင်ရန်အတွက် မည်သို့ကြိုးပမ်း လုပ်ဆောင်နိုင်မည်ကို ဆန်းစစ်ထားသည်။ ရှေးဦးစွာ ညှဉ်းပန်းနှိပ်စက်မှုနှင့်ပတ်သက်၍ ၎င်း၏သမိုင်းကြောင်း၊ အသုံးပြုမှုများနှင့်အတူ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေရှိ အဓိပ္ပါယ်ဖွင့်ဆိုချက်များအပေါ် လေ့လာထားသည်။ ထို့နောက် ညှဉ်းပန်း နှိပ်စက်မှု၊ ရက်စက်စွာ ဆက်ဆံမှုနှင့် ပြစ်ဒဏ်ပေးမှုအကြောင်းကို ဆွေးနွေးတင်ပြထားသည်။ နောက်ဆုံးတွင် လက်စဖျောက်ခံရခြင်းများအတွက် ပြစ်မှုများနှင့် ၎င်းတို့ ပပျောက်စေရေးအတွက် အသုံးပြုနေသည့် လုပ်ဆောင်ချက်များအကြောင်း သုံးသပ်ထားသည်။

ခန္ဓာကိုယ်နာကျင်စေသည့် ပြစ်ဒဏ်ပေးခြင်းများ

ရှပ်ပိုင်းဆိုင်ရာ နာကျင်မှုဖြစ်စေရန် ရည်ရွယ်သည့် ပြစ်ဒဏ်ပေးခြင်း ဖြစ်သည်။ အသုံးများသော ပုံစံများအဖြစ် ရိုက်နှက်ခြင်း၊ သို့မဟုတ် ကြိမ်ဖြင့် ရိုက်နှက်ခြင်းများ ပါဝင်သည်။

၁၉.၁.၁ ညှဉ်းပန်းနှိပ်စက်မှု သမိုင်းကြောင်း

ညှဉ်းပန်းနှိပ်စက်မှုကို လူ့ယဉ်ကျေးမှုဖြစ်ထွန်းခြင်း၏ အစောဆုံးအချိန်များကပင် အစပြုကာ အသုံးပြုခဲ့သည်ဆိုသော်လည်း နေရာအနှံ့ ကြုံတွေ့ခဲ့ခြင်းမဟုတ်သည့်နည်းတူ ထပ်တူညီသော ရည်ရွယ်ချက်များအတွက် အမြဲအသုံးပြုခဲ့ခြင်းလည်း မဟုတ်ပေ။ ဆန့်ကျင်ဘက်အားဖြင့် ရက်စက်သော အပြစ်ပေးခြင်းနည်းသည် သမိုင်းအများစုရှိ လူ့အဖွဲ့အစည်းများစွာ၏ တစ်စိတ်တစ်ပိုင်းဖြစ်ခဲ့ပြီး ခန္ဓာကိုယ်နာကျင်စေသည့် ပြစ်ဒဏ်ပေးခြင်းများကဲ့သို့ ဆောင်ရွက်မှုများ ပါဝင်ပေသည် (အရှေ့တောင်အာရှတွင် ထိုနည်းလမ်းကို တားမြစ်ခဲ့ပြီး ဖြစ်သည်)။ ထိုနည်းတူပင် ရှေးခေတ်ရောမတရားရုံးစနစ်တွင် ကျွန်များ သို့မဟုတ် လူတန်းစား 'ဇတ်နိမ့်' များအပေါ် 'မှန်ကန်စွာ' သက်သေထွက်ဆိုစေရေးအတွက် ညှဉ်းပန်းနှိပ်စက်မှုများ အမြဲတမ်း အသုံးပြုခဲ့ပြီး

၎င်းမှာ နာကျင်မှုက အမှန်တရားကို ထုတ်ဖော်ပေးသည်ဆိုသော လွဲမှားသည့် ယုံကြည်ချက်ကြောင့်ဖြစ်သည်။ ထိုယုံကြည်ချက်အမှားကို ယနေ့ခေတ်တိုင် လက်ခံထားကြပြီး စစ်ဆေးမေးမြန်းမှုပြုလုပ်စဉ် ညှဉ်းပန်းနှိပ်စက်ခြင်းသည် သင့်လျော်မျှတသည် ဆိုသည့် အတွေးအခေါ်မျိုးဖြစ်လာစေသည်။ သို့ရာတွင် ထိုယူဆချက်သည် အမှန်တရားနှင့် ဝေးကွာ လွန်းပေသည်။ ညှဉ်းပန်းနှိပ်စက်သည့်အခါ ညှဉ်းပန်းမှုရပ်သွားစေမည့် သတင်းအချက် အလက်မျိုးကိုသာ ထုတ်ဖော်ပေးနိုင်ချေရှိသည်။ ထိုကဲ့သို့ ရလာသည့် သတင်းအချက်များ၏ မှန်ကန်မှုရှိခြင်းသည် ကံကောင်းမှုတစ်ရပ်အဖြစ်သာဖြစ်နိုင်ပေသည်။ ရလာဒ်အနေဖြင့် ကမ္ဘာပေါ်ရှိ မည်သည့်တရားရုံးကမျှ ညှဉ်းပန်းနှိပ်စက်မှုပြုကာ ရရှိလာသည့် သက်သေ အထောက်အထားများကို လက်ခံစဉ်းစားခြင်းမပြုပေ။ ၎င်း၏အကျိုးဆက်များကို နောက်ပိုင်းတွင် ဆွေးနွေးသွားပါမည်။

ရှေးခေတ်တရားရုံးများက ညှဉ်းပန်းနှိပ်စက်မှုကို စနစ်တကျ အသုံးပြုခဲ့ကြသည်။ ဥပမာ- (လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကတည်းက တရားရုံးစနစ် စတင်အစပြုခဲ့သည့်) ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသများတွင် ညှဉ်းပန်းနှိပ်စက်မှုကို ၁၄၀၀ ပြည့်နှစ်များအထိ အမြဲဆိုသလို အသုံးပြုခဲ့ကြသည်။ ထိုသို့ရှိခဲ့သည့်တိုင် ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် ရလာသည့် ဖြောင့်ချက်များသည် တိကျသေချာမှုမရှိကြောင်း၊ လူသားဆန်မှုမရှိကြောင်း အများက အသိအမှတ်ပြု လက်ခံခဲ့ကြသည်။ ထို့ကြောင့်ပင် ဥရောပ၌ ၁၅၀၀ ခုနှစ်များ ဝန်းကျင်မှစကာ ညှဉ်းပန်းနှိပ်စက်မှု အသုံးပြုခြင်းကို တားမြစ်ခဲ့သည်။ ၁၇၀၀ ခုနှစ် ရောက်သည့်အခါ ကမ္ဘာတစ်လွှားရှိ တရားရုံးအားလုံးနီးပါးတွင် တားမြစ်လိုက်ပြီးဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ရိုမန်ကက်သလစ် ဘုရားကျောင်းကဲ့သို့ ဘာသာရေးအဖွဲ့အစည်းများတွင် ညှဉ်းပန်းနှိပ်စက်မှုကို ဆက်လက်အသုံးပြုခဲ့ကြသည်။ ထိုဘုရားကျောင်းသည် လူများအား မတူညီသော သို့မဟုတ် ခြိမ်းခြောက်ဖွယ်ဖြစ်သော သက်ဝင်ယုံကြည်ချက်များ ထားရှိသည့်အတွက် (ဥပမာ - စပိန် ဘာသာရေးစုံစမ်းစစ်ဆေးရုံး Spanish Inquisition ကဲ့သို့) လူသိရှင်ကြား ဆိုးရွားစွာ ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ အခြားနစ်နာသူများအဖြစ် စုန်းအတတ် တတ်သည်ဟု သံသယရှိသူ အမျိုးသမီးများ၊ အိမ်ထောင်ရေးဖောက်ပြန်လက်ထပ်မှု ကျူးလွန်ကြောင်း စွပ်စွဲခံရသူများ ပါဝင်ခဲ့သည်။ သို့ရာတွင် ၁၇၀၀ ခုနှစ်၌ ဘုရားကျောင်းများသည် ထိုကဲ့သို့ ကျင့်သုံးမှုများစွာကို စွန့်လွှတ်ဖျက်သိမ်းခဲ့သည်။

ညှဉ်းပန်းနှိပ်စက်မှုနှင့် ဆင်တူသည်မှာ ခန္ဓာကိုယ်နာကျင်စေသည့် ပြစ်ဒဏ်အသုံးပြုခြင်း ဖြစ်ခဲ့ပြီး ကြိမ်ဖြင့်ရိုက်နှက်ခြင်း၊ ထိုးကြိတ်ကန်ကျောက်ခြင်း၊ အကျဉ်းချထားခြင်းနှင့် အဆိုးဝါးဆုံးမှာ သေဒဏ်ပေးခြင်း များပါဝင်သည်။ အချို့သောနည်းလမ်းများသည် အကြင်နာတရား အလွန်ကင်းမဲ့ပြီး အပြစ်ရှိသူများအား အရှင်လတ်လတ် မီးရှို့ခြင်း၊ ခြေလက်အင်္ဂါများ ဆွဲဖြဲထုတ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ လူမဆန်သောရက်စက်မှုမှလွဲ၍ ၎င်းလုပ်ရပ်များ အားလုံးသည် ညှဉ်းပန်းနှိပ်စက်မှုနှင့် ကွဲပြားပေသည်၊ အကြောင်းမှာ ၎င်းတို့ကို တရားမျှတမှု သို့မဟုတ် အပြစ်ပေးမှုပုံစံများအဖြစ် သတ်မှတ်ထားရှိပြီး ၎င်းကို လက်တုန့်ပြန် တရားစီရင်ခြင်း retributive justice ဟု

ခေါ်လေ့ရှိသည်။ ထိုတရားစီရင်ခြင်းအရ လူများသည် မိမိတို့ မူလကကျူးလွန်ခဲ့သည့် အပြစ်အ တိုင်း အလားတူပြန်လည်အပြစ်ပေးခံရမည်ဖြစ်သည်။ ထိုနည်းတူစွာ နောက်ထပ်အပြစ်ကျူးလွန် ခြင်းများအား ဟန့်တားလိုသည့်အတွက် အဆိုပါ အပြစ်ပေးမှုများကို လူအများရှေ့တွင် ဆောင် ရွက်လေ့ရှိကြသည်။ သို့သော် ၁၇၀၀ ပြည့်နှစ် အစောပိုင်းကာလများတွင် အကျဉ်းထောင်များ စတင်ပေါ်ပေါက်ခဲ့ပြီးနောက် လူအများကြား အပြစ်ပေးခြင်းသည် ဥရောပတွင် ပြီးဆုံးခဲ့သော် လည်း အရှေ့တောင်အာရှတွင် ၁၉၀၀ ပြည့်နှစ်အစောပိုင်း ကာလအထိ ကျင့်သုံးဆဲဖြစ်သည်။ လူအများကြား အပြစ်ပေးခြင်း ကွယ်ပျောက်ခဲ့ရခြင်းသည် (စွဲလမ်းမှုဖြစ်ဖွယ် ဖျော်ဖြေခြင်းပုံစံ မှသည် ရိုင်းစိုင်းရက်စက်ပြီး လူမဆန်သည့်အဖြစ်သို့) လူများ၏ သဘောထား အမြင်များ ပြောင်း လဲလာခြင်း၊ ရာဇဝတ်သားများအား ပြန်လည် ပညာပေးရန် သို့မဟုတ် ၎င်းတို့အား လူ့အဖွဲ့အ စည်း၏ ကောင်းကျိုးများ လုပ်ဆောင်ခိုင်းရန်အတွက် အကျဉ်းထောင်များက ဖြစ်နိုင်ချေ အလား အလာ ပိုမိုကောင်းမွန်သည့် အင်စတီကျူးရှင်းများဖြစ်ကြောင်း အစိုးရများဘက်ကလည်း စတင် ရှုမြင်လာကြပြီး ပံ့ပိုးမှုပုံစံ ပြောင်းလဲခဲ့ခြင်းကြောင့်ဖြစ်သည်။

လက်တုန့်ပြန် တရား စီရင်ခြင်း

နစ်နာသူခံစားခဲ့ရ သည့်အတိုင်း အမှားကျူးလွန်သူ အား အချိုးကျ ပြစ်ဒဏ်ချ မှတ်သည့် တရား စီရင်ရေးပုံစံ တစ်ခု ဖြစ်သည်။ ထို့ကြောင့် လူသတ်သမား သည် သေဒဏ်ကို ရင်ဆိုင်ရမည်ဖြစ် ပြီး သူခိုးများ သည်လည်း ၎င်းတို့ပိုင်ပစ္စည်း များ ပြန်လည် သိမ်းယူခြင်း ကို ခံရမည် ဖြစ်သည်။

ညှဉ်းပန်းနှိပ်စက်မှုနှင့် ခန္ဓာကိုယ်နာကျင်စေသည့်ပြစ်ဒဏ်ပေးခြင်းများအား အရှေ့တောင် အာရှရှိ ကိုလိုနီအုပ်ချုပ်ခံနိုင်ငံများတွင် စတင်အသုံးပြုခဲ့ကြပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ လှုပ်ရှားမှုများ အပေါ် နှိပ်ကွပ်ရန်ဖြစ်သည်။ မြန်မာ၊ မလေးရှားနှင့် စင်္ကာပူနိုင်ငံများရှိ ဗြိတိသျှ ကိုလိုနီများနှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်ရှိ ပြင်သစ်တို့က လက်နက်သဖွယ် ကျင့်သုံးခဲ့သည်။ အမှန်၌ အရှေ့ တောင်အာရှနိုင်ငံများစွာသည်လည်း အလားတူနည်းလမ်းများကို လွတ်လပ်ရေးရရှိပြီးသည့်တိုင် ကျင့်သုံးခဲ့ကြသည်။ ထို့ကြောင့် ရဲများက ဖြောင့်ချက်ရယူရန်အတွက် သံသယရှိသူများအား ညှဉ်းပန်းနှိပ်စက်ခဲ့ကြခြင်းဖြစ်သည်။ အမှန်၌ ထိုသို့ဖြစ်ပွါးခြင်းသည် ကောင်းစွာလေ့ကျင့်ထားမှု အားနည်းသော ရဲတပ်ဖွဲ့များ၏ ဖြတ်လမ်းနည်း အသုံးပြုခြင်းကြောင့်လည်းကောင်း၊ သို့မဟုတ် ထိုကဲ့သို့တရားမဝင်လုပ်ရပ်များအပေါ် တားဆီးမည့် ဥပဒေစနစ် အလွန်အားနည်းမှုများကြောင့် လည်းကောင်း ဖြစ်နိုင်သည်၊ ထို့ပြင် စစ်တပ်များက အစိုးရ ဆန့်ကျင်ရေး ဆန္ဒပြသူများကိုဖြစ်စေ၊ လွတ်လပ်မှုအတွက် တိုက်ပွဲဝင်သူများကိုဖြစ်စေ၊ အကြမ်းဖက်သူများကိုဖြစ်စေ၊ နိုင်ငံတော်အပေါ် ခြိမ်းခြောက်မှုဖြစ်အဖြစ် သတ်မှတ်လိုက်သည့် မည်သူကိုမဆို ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။ ထို့ကြောင့် အစိုးရဆန့်ကျင်ရေး လှုပ်ရှားဆောင်ရွက်မှုများနှင့် ပတ်သက်သည့် သတင်းအချက် အလက်များ နှိုက်ယူလိုသည့်အခါတွင် လည်းကောင်း၊ သို့မဟုတ် အစိုးရဆန့်ကျင်သည့် လှုပ်ရှားမှု များ၌ ပါဝင်ခြင်းကို တားဆီးလိုသည့်အခါတွင်လည်းကောင်း ညှဉ်းပန်းနှိပ်စက်ခြင်းကို ကျင့်သုံးခဲ့ ကြသည်။

ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးလှုပ်ရှားမှုများသည် စစ်ပွဲလွန်ခေတ်အတွင်း များပြားခဲ့သည်။ နောက်ဆုံးတွင် ဂျီနီဗာသဘောတူညီချက်များ၏ ဘုံအပိုဒ် ၃ (ဤစာအုပ်၏ အခန်း ၁၈ တွင် ကြည့်ပါ) အား ရေးဆွဲချမှတ်ကာ ပဋိပက္ခအခြေအနေများတွင် ညှဉ်းပန်းနှိပ်စက်ခြင်းကို အသုံးပြုခွင့် မပြုတော့ပေ။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) အရလည်း တားမြစ်ထားသည်၊ သို့သော် ကြေညာစာတမ်းချမှတ်စဉ်အချိန်က ညှဉ်းပန်းနှိပ်စက်မှုအပေါ် ရှင်းလင်းသည့် အဓိပ္ပါယ် သတ်မှတ်ချက် မရှိသေးချေ။ အလားတူပင် ပြည်သူ့ရေးရာနှင့်

နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR)၏ အပိုဒ် ၇ တွင် ညှဉ်းပန်းနှိပ်စက်ခြင်းကို တားမြစ်ထားသည်၊ သို့သော် ခိုင်မာတိကျသည့် အဓိပ္ပါယ်ဖွင့်ဆိုချက် ဖော်ပြပါရှိခြင်း မရှိပေ။ လက်တင်အမေရိကတွင် လက်ယာယိမ်း စစ်အာဏာရှင်များက ၎င်းတို့၏ ပြိုင်ဘက်များအပေါ် အလွန်အမင်း ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အတင်းအကျပ် အစဖျောက်ခြင်းများ ဖြစ်ပွါးခဲ့ခြင်းကြောင့် ညှဉ်းပန်းနှိပ်စက်မှု တားမြစ်ရေးကိစ္စအပေါ် ကမ္ဘာတစ်လွှား စိတ်ဝင်စားမှုများမြင့်တက်လာခဲ့ပြီး ၁၉၇၀ နှစ်များရောက်သည့်အခါမှသာ အဓိပ္ပါယ်သတ်မှတ်ချက်ပေါ်ပေါက်ခဲ့သည်။ အခြားကမ္ဘာ့နေရာများတွင်လည်း ညှဉ်းပန်းနှိပ်စက်ခြင်းများ ဖြစ်ပွါးခဲ့သည်။ ဥပမာအားဖြင့် အာဏာရှင် Marcos အုပ်ချုပ်စဉ်ကာလ ဖိလစ်ပိုင်တွင်ဖြစ်ပွါးခဲ့ပြီး မြောက်အိုင်ယာလန်တွင်လည်း ဗြိတိန် တို့က ကျူးလွန်ခဲ့သည်။ များစွာသောဖြစ်ရပ်များတွင် ညှဉ်းပန်းနှိပ်စက်မှု အသုံးပြုပုံများကို Amnesty International အဖွဲ့က သုံးသပ်ဝေဖန်ထားပြီး ထိုအဖွဲ့သည် ယုံကြည်ချက်ကြောင့် အကျဉ်းချခံရသူများအား သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ထိန်းသိမ်းခံနေရစဉ်အတွင်း ညှဉ်းပန်း နှိပ်စက်ခံရခြင်းများအပေါ် သတင်းပေးပို့ခြင်းကိစ္စများတွင် တက်ကြွစွာဆောင်ရွက်ခဲ့သည်။ အဆိုပါလှုပ်ရှားမှုများကြောင့် ကုလသမဂ္ဂအထွေထွေညီလာခံက ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ ကြေညာစာတမ်းအား ၁၉၇၅ ခုနှစ်တွင် ကနဦး ထုတ်ပြန်ခဲ့ပြီး ဒုတိယအနေဖြင့် ညှဉ်းပန်း နှိပ်စက်မှုနှင့် အခြားသော ရက်စက်၍လူမဆန်သည့် သို့မဟုတ် လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် ပြုမူဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှုတို့ကို တားမြစ်ဆန့်ကျင်သည့် သဘောတူစာချုပ် (CAT) ကို ၁၉၈၄ ခုနှစ် ဒီဇင်ဘာလတွင် ချမှတ်နိုင်ခဲ့ သည်။

ယုံကြည်ချက်ကြောင့် အကျဉ်းချခံရသူများ

လူတစ်ဦးအား ၎င်း၏ နိုင်ငံရေးဆိုင်ရာ ယုံကြည်ချက်ကြောင့် ထောင်ချခဲ့ခြင်း အတွက် NGO တစ်ခု ဖြစ်သည့် Amnesty International က သုံးစွဲခဲ့သော စကားရပ်ဖြစ်သည်။ ထိုမှ စ၍ ဘာသာရေးကြောင့်၊ လိင်စိတ် ဖြစ်တည်မှုကြောင့်၊ မျိုးနွယ်စုကြောင့် ဖမ်းဆီးထိန်းသိမ်းခံရသူများအထိ ၎င်း အဓိပ္ပါယ်ဖွင့်ဆိုချက်ကို တိုးချဲ့ သုံးနှုန်းလာခဲ့ကြသည်။

မှတ်သားစရာ

လက်တင်အမေရိကတွင်ဖြစ်ပွါးခဲ့သည့် ညှဉ်းပန်းနှိပ်စက်မှုနှင့်လက်စဖျောက်ခံရခြင်း

အာဂျင်တီးနား - လူပေါင်း ၃၀,၀၀၀ ပျောက်ဆုံးခဲ့သည်။

အာဂျင်တီးနားနိုင်ငံသည် စစ်အာဏာရှင်အောက်တွင် ၁၉၇၆ ခုနှစ်မှ ၁၉၈၃ ခုနှစ် အထိ ရှိခဲ့ပြီး အစိုးရအတိုက်အခံများ မကြာခဏဆိုသလို လက်စဖျောက်ခံခဲ့ရသည်။ ရလာဒ်အဖြစ် ၂၀၁၁ ခုနှစ်တွင် စစ်တပ်အရာရှိ ၂၅၀ ဦးရေကျော်သည် ကျူးလွန်ခဲ့သည့်ထိုပြစ်မှုများအတွက် တရားရင်ဆိုင်ခဲ့ရသည်။

ချီလီ - ၄၀,၀၀၀ မှ ၆၀,၀၀၀ အထိ ညှဉ်းပန်းနှိပ်စက်မှုများနှင့် ၃,၂၀၀ လက်စဖျောက်ခံရခြင်း များ

ချီလီနိုင်ငံ၏ စစ်အာဏာရှင်စနစ်သည် ၁၉၇၃ မှ ၁၉၉၀ အထိ ကြာမြင့်ခဲ့ပြီး ညှဉ်းပန်းနှိပ်စက်မှုများနှင့် လက်စဖျောက်ခံရခြင်းများ အများအပြား ဖြစ်ပွါးခဲ့သည်။ ထိုအချိန်က သမ္မတဖြစ်ခဲ့သူ ဗိုလ်ချုပ် Augustus Pinochet သည် ယင်းပြစ်မှုများအတွက် နောက်ပိုင်းတွင် အင်္ဂလန်နိုင်ငံ၌ တရားရင်ဆိုင်ခဲ့ရသည်။ သို့သော် Pinochet သည် နေအိမ်အကျယ်ချုပ်ထားစဉ် သေဆုံးသွားခဲ့သဖြင့် ပြစ်ဒဏ်ချမှတ်ခြင်း မခံခဲ့ရသော်လည်း ထိုအချိန်မှစကာ နိုင်ငံ့ ကိုယ်စားလှယ် ၁၄၀ ခန့်အား အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

အယ်လ်ဆာဗေဒါ - ၈,၀၀၀ လက်စဖျောက်ခံရမှု

အယ်လ်ဆာဗေဒါသည် ၁၉၇၉ မှ ၁၉၈၂ အထိ စစ်အာဏာရှင်အုပ်ချုပ်မှုနှင့် ပြည်တွင်းစစ်ဒဏ်ကို တွေ့ကြုံခံစားခဲ့ရကာ စစ်တပ်သည် အတင်းအကျပ်လက်စဖျောက်ခြင်းများကို အလွန်အကျွံ အသုံးပြုခဲ့သည်။ ထိုအချိန်က လူပေါင်း သန်းတစ်ဝက်ကျော်သည် ပြောင်းရွှေ့ ခံခဲ့ရသည်။ လက်ရှိ၌ စစ်တပ်အရာရှိ ၁၇ ဦးသည် အရပ်သား ဦးရေ ၈၀၀ အပါအဝင် လူအစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့မှုအတွက် အမှုရင်ဆိုင်နေရဆဲဖြစ်သည်။

ဘရာဇီး - ၄၃၄ လက်စဖျောက်ခံရမှု

၁၉၆၅ မှ ၁၉၈၅ အထိ စစ်အာဏာရှင်စနစ်ရှိခဲ့သော်လည်း ဒေသတွင်းရှိ အခြားသော စစ်အာဏာရှင်များထက် အကြမ်းဖက်မှုများ နည်းပါးခဲ့ပြီး လက်စဖျောက်ခံရသည့်အမှုနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းခံရသူဦးရေ အရေအတွက်မှာလည်း နည်းပါးသည်။ ၁၉၇၉ ခုနှစ် လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေအရ အဆိုပြစ်မှုများအတွက် မည်သူတစ်ဦးမျှ အပြစ်ပေးခံခဲ့ရခြင်း မရှိသေးပေ။

ပါရာဂွေး - ၄၂၃ လက်စဖျောက်ခံရမှု၊ ၁၈, ၇၂၂ ညှဉ်းပန်းနှိပ်စက်မှုနှင့် ၃,၄၇၀ အတင်းအကျပ် နယ်နှင်ဒဏ်ပေးမှု

ပါရာဂွေး စစ်အာဏာရှင်စနစ်သည် ၁၉၅၄ မှ ၁၉၈၉ အထိ ကြာမြင့်ခဲ့သည်။ စစ်မှန်သည့် ကော်မရှင်တစ်ရပ် ဖွဲ့စည်းထားရှိသော်လည်း မည်သည့်စစ်တပ်အရာရှိအတွက်မျှ အရေးယူ အပြစ်ပေးခြင်းမျိုး မရှိသေးပေ။

၁၉.၂ ညှဉ်းပန်းနှိပ်စက်မှုနှင့် လက်စဖျောက်ခံရခြင်းများအား အဓိပ္ပါယ်သတ်မှတ်ခြင်း

ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်၍လူမဆန်သည့် သို့မဟုတ် လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် ပြုမူဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှုတို့ကို တားမြစ်ဆန့်ကျင်သည့် သဘောတူစာချုပ် (CAT) ကို နိုင်ငံပေါင်း ၁၆၉ နိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးထားသည်။ (၂၀၁၉ အရ) အရှေ့တောင်အာရှတွင် ဖိလစ်ပိုင်နိုင်ငံသည် အစောဆုံး လက်မှတ်ရေးထိုးသည့်နိုင်ငံဖြစ်ပြီး Marcos အုပ်ချုပ်စဉ်အတွင်း ညှဉ်းပန်းနှိပ်စက်မှုများ ကျင့်သုံးခြင်းအပေါ် တုန့်ပြန်နိုင်ရေး တစ်စိတ်တစ်ပိုင်းပါဝင်သည်။ လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုအတွင်း အရှေ့တောင်အာရှနိုင်ငံအများစုက သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင်ပေါ်ထွက်ခဲ့သည့် နောက်ဆက်တွဲသဘောတူစာချုပ်သည် လွတ်လပ်ပြီး အမှီအခိုကင်းသည့် ကျွမ်းကျင်ပညာရှင်များအား အကျဉ်းထောင်ကွဲသို့သော ညှဉ်းပန်းနှိပ်စက်မှု ဖြစ်ပွါးနိုင်ချေအများဆုံးရှိသည့်နေရာများနှင့် ညှဉ်းပန်းနှိပ်စက်မှု တားဆီးရေးအလို့ငှာ အဓိကထား လုပ်ဆောင်နေသည့် အင်စတီကျူးရှင်းများထံသို့ သွားရောက် ကြည့်ရှုနိုင်ရန် စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။ ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးဆိုင်ရာ ကော်မတီသည် အပိုဒ် ၂၀ အရ စာချုပ်ဝင်နိုင်ငံများရှိ အင်စတီကျူးရှင်းများ၏ ညှဉ်းပန်းနှိပ်စက်မှုရှိကြောင်း စွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးနိုင်သည်။ သို့ရာတွင် အရှေ့တောင် အာရှနိုင်ငံအားလုံးသည် ထိုကဲ့သို့ စုံစမ်းစစ်ဆေးမှုလုပ်ဆောင်ရန် ခွင့်ပြုမထားပေ။

ဇယား ၁၉. ၁. - ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်ရွံရှာဖွယ်ကောင်းသည့် သို့မဟုတ် လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် ပြုမူဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှုတို့ကို တားမြစ်ဆန့်ကျင်သည့် သဘောတူ စာချုပ်အား အတည်ပြုလက်မှတ်ရေးထိုးထားသည့် နိုင်ငံများ (၂၀၁၉ အရ)

နိုင်ငံ	အတည်ပြုလက်မှတ်ထိုး/ လက်မှတ်ထိုးသည့်နေ့	အပိုဒ် ၂၀ အရ ခွင့်ပြုထားသည့် စုံစမ်းစစ်ဆေးမှု	နောက်ဆက်တွဲ သဘောတူစာချုပ်
ဘရူနိုင်း ဒါရုဆလင်	၂၀၁၅ တွင် လက်မှတ်ထိုးခဲ့ပြီး အတည်ပြုလက်မှတ်ရေးထိုးခြင်း မရှိ	-	လုပ်ဆောင်မှုမရှိ
ကမ္ဘောဒီးယား	၁၉၉၂	ရှိ	၂၀၀၇
အင်ဒိုနီးရှား	၁၉၉၈	မရှိ	လုပ်ဆောင်မှုမရှိ
လာအို PDR	၂၀၁၂	မရှိ	လုပ်ဆောင်မှုမရှိ
မလေးရှား	လုပ်ဆောင်မှုမရှိ	-	လုပ်ဆောင်မှုမရှိ
မြန်မာ	လုပ်ဆောင်မှုမရှိ	-	လုပ်ဆောင်မှုမရှိ
ဖိလစ်ပိုင်	၁၉၈၆	ရှိ	၂၀၁၂
စင်္ကာပူ	လုပ်ဆောင်မှုမရှိ	-	လုပ်ဆောင်မှုမရှိ
ထိုင်း	၂၀၀၇	ရှိ	လုပ်ဆောင်မှုမရှိ
အရှေ့တီမော	၂၀၀၃	ရှိ	၂၀၀၅ တွင် လက်မှတ်ထိုးခဲ့သည်။
ဗီယက်နမ်	၂၀၁၅	မရှိ	လုပ်ဆောင်မှုမရှိ

၁၉. ၂. ၁ ညှဉ်းပန်းနှိပ်စက်မှု သဘောတရား

လူ့အခွင့်အရေးဥပဒေရှိ ညှဉ်းပန်းနှိပ်စက်မှု၏ တရားဝင်အဓိပ္ပါယ်ဖွင့်ဆိုချက်သည် သာမန် စကားရပ် အသုံးအနှုန်းနှင့် သိသိသာသာ ကွဲပြားပေသည်။ CAT ၏ အပိုဒ် ၁ တွင် လက်ရှိ နိုင်ငံတကာက သဘောတူထားသည့် တရားဝင်အဓိပ္ပါယ်ဖွင့်ဆိုချက်ကို တွေ့နိုင်သည်။ ပြည်တွင်းဥပဒေများတွင် ပိုမိုကျယ်ပြန့်သည့် အမျိုးအစားခွဲခြားမှုများရှိသော်လည်း CAT တွင်ပါရှိသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ လူအခွင့်အရေး အဖွဲ့များက ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြသည်။ သို့သော် ၎င်းအဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခုတည်းမဟုတ်ပေ။ ယခင် ယူဂိုစလားဗီးယားအတွက် ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICTY) သည် "CAT တွင် ပါရှိသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်အား ဓလေ့ထုံးတမ်း ဆိုင်ရာဥပဒေအရ အဓိပ္ပါယ်ဖွင့်ဆိုချက်အဖြစ် မှတ်ယူခြင်းမပြုနိုင်ကြောင်း၊ ဓလေ့ထုံးတမ်းဆိုင်ရာဥပဒေသည် လိုက်နာကျင့်သုံးရမည့် ဆက်စပ်ခြင်းရာများနှင့် သက်ဆိုင်ခြင်းမရှိဘဲ စည်းနှောင်မှုရှိကြောင်း" ဟု ဆိုကာ ဓလေ့ထုံးတမ်း ဆိုင်ရာဥပဒေနှင့် သဘောတူစာချုပ်အကြား အဓိပ္ပါယ်ဖွင့်ဆိုမှု ကွဲပြားပုံကို မှတ်ချက်ပြု ထားသည်။[26]

မည်သို့ပင်ဆိုစေကာမူ ၎င်းသည် သဘောတူစာချုပ်အား အတည်ပြုလက်မှတ်ရေးထိုးသည့် နိုင်ငံများအတွက်မူ နိုင်ငံတကာ စံနှုန်းဖြစ်သည်။ အပိုဒ် ၁ တွင် ဖော်ပြထားသည်မှာ

> *"ညှဉ်းပန်းနှိပ်စက်ခြင်း" ဆိုသည်မှာ လူတစ်ဦးတစ်ယောက်ထံမှ (သို့မဟုတ်) ၎င်းနှင့် ဆက်စပ်သည့် အခြားတစ်ယောက်ထံမှ ဖြောင့်ချက်တစ်ရပ် ရရှိစေရန် ဖြစ်စေ၊ ထိုသူကိုယ်တိုင် (သို့မဟုတ်) ၎င်းနှင့်ဆက်စပ်နေသူမှ ကျူးလွန်ခဲ့သည့် (သို့မဟုတ်) ကျူးလွန်ခဲ့သည်ဟု ယူဆရသည့် ပြစ်မှုအတွက်ဖြစ်စေ အပြစ်ပေးခြင်း၊ ထိတ်လန့် ကြောက်ရွံ့စိတ်ဖြစ်စေခြင်း (သို့မဟုတ်) အတင်းဖိအားပေးခြင်း အပါအဝင် အခြားသော ခွဲခြားဆက်ဆံမှုများကို အခြေခံ၍ ပြည်သူ့ဝန်ထမ်း (သို့မဟုတ်) တာဝန်ရှိသူတစ်ဦးဦးက ဖြစ်စေ(သို့မဟုတ်) ၎င်းတို့၏ သိရှိမှုဖြင့် (သို့မဟုတ်) တာဝန်ပေးဆောင်ရွက်စေခြင်း တို့ကြောင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် ရုပ်ပိုင်းဆိုင်ရာအရ ဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာအရ ဖြစ်စေ ထိခိုက်နာကျင်မှု ဖြစ်စေခြင်း (သို့မဟုတ်) ခံစားရစေခြင်းတို့ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ဆောင်ရွက်ခြင်းကို ဆိုလိုသည်။ သို့ရာတွင် ဥပဒေနှင့်အညီ ပြစ်ဒဏ်ပေးမှုကြောင့် ဖြစ်ပေါ်လာရသည့် သို့မဟုတ် မတော်တဆဖြစ်စေခဲ့သည့် နာကျင်မှု သို့မဟုတ် ဝေဒနာ ခံစားရမှုများ မပါဝင်ပါ။*

[26] Prosecutor v. Kunarac, Kovac and Vukovic, Case no. IT-9623/1-T, 22 February 2001, para. 482 တွင်ကြည့်ပါ။

ညွှဲပန်းနှိပ်စက်မှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အကြောင်းအရာများဖြင့် ခွဲခြမ်းစိတ်ဖြာနိုင်သည်။ အကျယ်တဝင့်ဆိုရသော် အထက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် အောက်ပါအကြောင်းအရာ ၃ ခု စုပေါင်း ပါဝင်သည်-

(၁) ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ နာကျင်မှု သို့မဟုတ် ဝေဒနာ ခံစားရမှု၊
(၂) ပြည်သူ့ဝန်ထမ်းကဖြစ်စေ သို့မဟုတ် ထိုသူ၏ သိရှိမှုဖြင့်ဖြစ်စေ သို့မဟုတ် သဘောတူညီမှုဖြင့်ဖြစ်စေ၊
(၃) သတင်းအချက်အလက်ရရှိရေး၊ အပြစ်ပေးနှိပ်စက်ရေးနှင့် ခြိမ်းခြောက်အကြပ်ကိုင်ရေးစသည့် ရည်ရွယ်ချက်တစ်စုံတစ်ရာအတွက် ဖြစ်သည်။

သဘောတရားရေးရာ

ပြည်သူ့ဝန်ထမ်း

ညွှဲပန်းနှိပ်စက်မှုကို 'ပြည်သူ့ဝန်ထမ်း' တစ်ဦးကသာလျှင် ကျူးလွန်နိုင်သည်။ ထိုစကားသည် ဖြစ်ရပ်များစွာတွင် ရဲဝန်ထမ်း၊ စစ်သား၊ အကျဉ်းထောင်အစောင့် သို့မဟုတ် လုံခြုံရေး နယ်ပယ်ရှိ အဖွဲ့ဝင်တစ်ဦးဦးကို ဆိုလိုသည်။ သို့ရာတွင် နိုင်ငံမဟုတ်သော လက်နက်ကိုင်အုပ်စုများ၏ အဖွဲ့ဝင်များလည်း ပါဝင်နိုင်သည်။ Elim v. Australia အမှုတွင် ညွှဲပန်းနှိပ်စက်မှုဆန့်ကျင်ရေးဆိုင်ရာ ကော်မတီက ဆိုမာလီယာနိုင်ငံတွင် စစ်တိုက်နေသည့် ဂိုဏ်းများသည် အစိုးရသဏ္ဌာန်ဆောင်အင်စတီးကျူးရှင်းများအဖြစ် တည်ထောင်ထားခြင်းဖြစ်ပြီး တရားဝင်အစိုးရက သာမာန်ကျင့်သုံးနိုင်သည့် အာဏာများနှင့် ယှဉ်ကြည့်ပါက အချို့သော အထူးလုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးခဲ့သည်ဖြစ်ရာ သဘောတူညီချက်၏ အပိုဒ် ၁ တွင်ပါရှိသည့် 'ပြည်သူ့ဝန်ထမ်းများ သို့မဟုတ် တာဝန်ပေး ဆောင်ရွက်မှုကြောင့် လုပ်ဆောင်သည့် အခြားသူများ' စကားစုအတွင်း ကျရောက်သွားနိုင်ပေသည်။

အထက်ပါ အကြောင်းအရာတစ်ခုချင်းစီကို ထပ်မံဆွေးနွေးရန် လိုအပ်ပေမည်။ ရှေးဦးစွာ ညွှဲပန်းနှိပ်စက်မှုသည် နာကျင်ခံစားမှုအတိုင်းအတာအားဖြင့်ဆိုသော် အခြားဆိုးဝါးသော ဆက်ဆံမှုပုံစံများနှင့် ကွဲပြားပေသည်။ သို့ရာတွင် ညွှဲပန်းနှိပ်စက်မှုမြောက်စေသည့် အတိုင်းအတာနှင့် ပတ်သက်၍ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် အကြောင်းများစွာဖြင့် မရှိသေးချေ။ နာကျင်ခံစားရမှုသည် အကြောင်းအရာအလိုက်ဖြစ်ပြီး ကျား၊ မ ၊ အသက်အရွယ်၊ ကိုးကွယ်ရာ ဘာသာ သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ သက်ဝင်ယုံကြည်မှုများ၊ ကျန်းမာရေးစသည့် များစွာသောအကြောင်း လက္ခဏာများပေါ်တွင် တည်မှီနေနိုင်ပေသည်။ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအပေါ် ခြိမ်းခြောက်မှုများသည် တစ်ဦးနှင့်တစ်ဦး သိသိသာသာ ကွဲပြားနိုင်သည်။ ဥပမာအားဖြင့် ခွေး၊ မြွေ သို့မဟုတ် အမြင့် စသည်တို့အပေါ် ကြောက်စိတ်လွန်ကဲမှု (phobia) ရှိခြင်းကို မူတည်၍ ညွှဲပန်း

ပြည်သူ့ဝန်ထမ်းများ၏ သိရှိမှု

ရဲ၊ စစ်တပ်၊ ဆေးဝန်ထမ်း၊ သို့မဟုတ် ဆရာ/မ များ စသည့် နိုင်ငံ့အမှုထမ်းများက နှိပ်စက်ညှဲပန်းနေသည့် အဖြစ်ကို သိလျက်နှင့် ရုပ်တန့်ရန်အတွက် တစ်စုံတစ်ရာ လုပ်ဆောင်ပေးခြင်းမရှိသည့်အခါ ပေါ်ပေါက်သည်။ ၎င်းသည် နှိပ်စက်ညှဲပန်းရန် သဘောတူသည်နှင့် မတူညီပေ။ ထိုသဘောတူညီချက်ဆိုရာ၌ အာဏာပိုင်တစ်ဦးသည် နှိပ်စက်ညှဲပန်းမှုဖြစ် မည်ကို သိရှိခဲ့ပြီး ခွင့်ပြုပေးခဲ့ခြင်းကို ဆိုလိုသည်။

နှိပ်စက်ခြင်းသည် အချို့သူများအတွက် အပြင်းထန်ဆုံး နာကျင်ခံစားရမှုကို ဖြစ်စေနိုင်သည်။ အလားတူပင် အချို့သော ယဉ်ကျေးမှု သို့မဟုတ် ကိုးကွယ်ရာဘာသာ လက်ခံကျင့်သုံးသည့် လူများအပေါ် ပြက်ရယ်ပြုစေရန် ရည်ရွယ်သည့် လုပ်ဆောင်ချက်များသည် လည်း ဥပမာ-မွတ်ဆလင်အမျိုးသားတစ်ဦး၏ မုတ်ဆိတ်အား ရိတ်ပစ်ခြင်းသည် ညှဉ်းပန်းနှိပ်စက်မှု ဖြစ်နိုင်ပေသည်။ ထိုနည်းတူ ချုပ်နှောင်ထားစဉ်နှင့် စုံစမ်းစစ်ဆေးနေစဉ် မုဒိမ်းပြုကျင့်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုအဖြစ် မှတ်ယူနိုင် ကြောင်း ICTY အမှုတွင် မှတ်ချက် ပြုခဲ့ကြ ပြီး Prosecutor v. Delalic အမှုတွင်

> *မုဒိမ်းကျင့်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာအတွက် ဆိုးရွားပြင်းထန်သော ထိခိုက်ခံစားနာကျင်မှုကို ဖြစ်စေသည်။ လူမှုရေးနှင့် ယဉ်ကျေးမှု နောက်ခံအခြေအနေများကြောင့် မုဒိမ်းပြုကျင့်ခံရသူအပေါ် ထိခိုက်စေသည့် စိတ်ပိုင်းဆိုင်ရာခံစားရမှုသည် ပိုမို ဆိုးရွားစေနိုင်သည်၊ အထူးသဖြင့် ၎င်း ခံစားရမှုသည် စိုးရိမ်ဖွယ်ဖြစ်ပြီး ကာလရှည်ကြာ ခံစားရခြင်းမျိုး ဖြစ်နိုင်သည်။ ထို့အပြင် ပြစ်ဒဏ်ပေးခြင်း၊ အကျပ်ကိုင်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ သို့မဟုတ် ခြိမ်းခြောက်ခြင်းများ တစ်နည်းတစ်ဖုံမပါဝင်စေရေးအလို့ငှာ မုဒိမ်းကျင့်ခြင်း ကို..... လုပ်ဆောင်ကြောင်း မှတ်ယူနိုင်သည့် အခြေအနေများကို မှန်းဆ ကြည့်ရန်မှာ ခက်ခဲပေသည်။ .... သို့ဖြစ်၍ မုဒိမ်းမှု သို့မဟုတ် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံများသည် အထက်ဖော်ပြပါ စံနှုန်းနှင့် ကိုက်ညီမှုရှိသည့်အခါတွင် ၎င်းတို့သည် စံနှုန်းများနှင့် ကိုက်ညီသည့် အခြား လုပ်ရပ်များကဲ့သို့ပင် ညှဉ်းပန်းနှိပ်စက်မှု မြောက်သည်။*[27]

ညှဉ်းပန်းနှိပ်စက်ခြင်း၏ ပြင်းထန်မှုအတိုင်းအတာသည် ပြုလုပ်သည့်လုပ်ရပ်တစ်ခု၏ ကြာမြင့်ချိန်ကြောင့်လည်း ဖြစ်နိုင်သည်။ ဥပမာအားဖြင့် လူတစ်ဦးအား ၁ နာရီ သို့မဟုတ် ၂ နာရီကြာအောင် မတ်တပ်ရပ်ခိုင်းစေခြင်းသည် ညှဉ်းပန်းနှိပ်စက်ခြင်းမဆိုနိုင်သော်လည်း ၁ ရက် ကျော်ကြာသည်အထိ ရပ်ခိုင်းထားပါက ညှဉ်းပန်းနှိပ်စက်မှုဖြစ်သွားနိုင်ပေသည်။ ထိုအချက်ကို ညှဉ်းပန်းနှိပ်စက်မှုတားဆီးရေးနှင့် နှိမ်နင်းရေးဆိုင်ရာ သဘောတူညီချက်မူကြမ်းတွင် ဖော်ပြထားသည်မှာ " 'ပြင်းထန်မှု' အတိုင်းအတာတွင် ကာလရှည်ကြာ ဆောင်ရွက်သည့် အတင်းအကျပ် သို့မဟုတ် ရိုင်းစိုင်းသောအပြုအမူများ အကျုံးဝင်ပြီး ထိုအပြုအမူများ၏ မူလသဘောသည် ပြင်းထန်မှုမရှိသည့်တိုင် အချိန်ကာလတစ်ခုကြာသည်အထိ ဖြစ်ပွါးခြင်းကြောင့် ညှဉ်းပန်းနှိပ်စက်မှု ဖြစ်သွားနိုင်ပေသည်။"[28]

---

[27] Prosecutor v Zejnil Delalic, Case no. IT-96-21-T, 16 November 1998, para. 495 တွင်ကြည့်ပါ။

[28] Draft Convention for the Prevention and Suppression of Torture, submitted by the International Association of Penal Law, UN Doc. E/CN.4/NGO.213 (1978)။ Ahcene Boulesbaa, "The UN Convention on Torture and the Prospects for Enforcement", Martinus Nijhoff Publishers, 1999.

အထူးစုံစမ်းစစ်ဆေးရေးအရာရှိတစ်ဦး တင်သွင်းသည့် ၁၉၈၆ ခုနှစ်အစီရင်ခံစာတစ်ခုအရ အဖြစ်များဆုံးသော ညှဉ်းပန်းနှိပ်စက်မှုပုံစံများတွင် ရိုက်နှက်ခြင်း၊ လက်သည်းခြေသည်း၊ သွား စသည်တို့ ခွါထုတ်ခြင်း၊ မီးပူပေးခြင်း၊ လျှပ်စစ်ရှော့ခ်ရိုက်ခြင်း၊ ခြေလက်တုပ်နှောင်ခြင်း၊ အသက်ရှူမွန်းကြပ်အောင်လုပ်ခြင်း၊ အလင်းရောင်စူးစူး သို့မဟုတ် အသံပြင်းပြင်းများ အလွန်အကျွံ တွေ့ထိကြားစေခြင်း၊ လိင်ပိုင်းဆိုင်ရာ ရန်စမှု၊ အချုပ်ခန်း သို့မဟုတ် စိတ်ရောဂါကဲ့ အင်စတီကျူးရှင်းများတွင် မူးယစ်ဆေးဝါးများ တိုက်ကျွေးခြင်း၊ အိပ်ချိန်၊ နားချိန်၊ အစားအသောက်နှင့် တစ်ကိုယ်ရေ သန့်ရှင်းမှု၊ ဆေးဝါးအကူအညီရရှိမှု စသည်တို့ကို အချိန်ကြာကြာ တားမြစ်ပိတ်ပင် ထားခြင်း၊ အခြားသူများနှင့် လုံးဝခွဲခြားထားပြီး အာရုံခံစားမှု ဆုံးရှုံးစေခြင်း၊ နေရာ၊ အချိန်အားဖြင့် အမြဲမသေချာသည့်အနေအထားတွင် ထိန်းသိမ်းထားရှိခြင်း၊ ဆွေမျိုးမိတ်ဆွေများအား ညှဉ်းပန်းနှိပ်စက်မည် သို့မဟုတ် သတ်ပစ်မည်ဟု ခြိမ်းခြောက်ခြင်းများ၊ လုံးဝ စွန့်ပစ်ထားခြင်း၊ ပုံစံတူ/သဏ္ဌာန်ဆောင် အတုကွပ်မျက်မှုများ ပါဝင်သည်။[29]

များသောအားဖြင့် ညှဉ်းပန်းနှိပ်စက်မှုကို ရုပ်ပိုင်းဆိုင်ရာ (ဥပမာ- ခန္ဓာကိုယ်နာကျင်စေသည့် ပြစ်ဒဏ်ပေးခြင်း) အဖြစ် မှတ်ယူလေ့ရှိသော်လည်း စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုတွင်လည်း အလားတူ ပြင်းထန်မှုရှိပေသည်။ ၎င်းတို့တွင် (လူတစ်ဦးအား မိမိသည် အသတ်ခံရတော့မည်ဟု ယုံကြည်စေသည့်) သဏ္ဌာန်ဆောင်ကွပ်မျက်ခြင်းများ ၊ (လူတစ်ဦးအား အလင်းရောင်၊ အသံ၊ အထိအတွေ့တို့ကို ရက်ပေါင်းများစွာ ကင်းမဲ့စေသည့်) အာရုံခံစားမှု ထိပါးဆုံးရှုံးစေခြင်း၊ သို့မဟုတ် (လူတစ်ဦးအား ကျယ်လောင်သည့်သီချင်းသံကို ရက်ပေါင်းများစွာ ထပ်ခါ တလဲလဲ အဆက်မပြတ် နားထောင်စေသည့်) အလွန်အကျွံအာရုံခံစားစေခြင်းများ ပါဝင်သည်။ ထို့ကြောင့် နိုင်ငံများက ၎င်းတို့လုပ်ရပ်များမှာ ခွင့်ပြုသတ်မှတ်ထားသည့် အဆင့်များအတွင်း ကျရောက်သည်ဟု အကွက်ချစီမံခြင်းများ လုပ်ဆောင်လာနိုင်သည့်အရေးကို တားဆီးနိုင်ရန်အတွက် ပြင်းထန်မှုသဘောတရားကို တမင်တကာ အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်မှု မပြုခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ၎င်းသည် အမေရိကန်က ဂွမ်တာနာမို ပင်လယ်အော် (အကျဉ်းထောင်) တွင် အသုံးပြုခဲ့သည့် 'အဆင့်တိုးမြှင့်ထားသည့် စုံစမ်း စစ်ဆေးခြင်း နည်းဗျူဟာများ' ကို ရည်ညွှန်းလိုခြင်းဖြစ်ပြီး အာရုံခံစားမှု ဆုံးရှုံးစေခြင်းကဲ့သို့ အချို့သောလုပ်ရပ်များအား ညှဉ်းပန်းနှိပ်စက်မှု အဖြစ် မစဉ်းစားကြပေ၊ အကြောင်းမှာ သတ်မှတ်ထားသော လိုအပ်သည့်ပြင်းထန်မှုအတိုင်းအတာ မပြည့်မီခြင်းကြောင့် ဖြစ်သည်။ ထိုနည်းတူပင် သံသယရှိသူ အယ်ကိုင်ဒါတိုက်ခိုက်ရေး သမားများထံမှ သတင်းအချက်အလက် နှိုက်ယူရန်အတွက်လည်း အဆိုပါနည်းလမ်းများကို ပုံမှန်အသုံးပြုခဲ့ကြသည်။

[29] 'Report by the Special Rapporteur, Mr P Kooijams, appointed pursuant to Commission on Human Rights resolution 1985/33 (E/CN.4/1986/15)' UN Economic and Social Council, 19 February 1986, https://ap.ohchr.org/documents/E/CHR/report/E-CN_4-1986-15.pdf, at para 119 တွင် ရနိုင်သည်။

သဘောတရားရေးရာ

အဆင့်တိုးမြှင့်ထားသည့် စုံစမ်းစစ်ဆေးခြင်း နည်းဗျူဟာများ

အမေရိကန်၏ 'အကြမ်းဖက်မှုစစ်ပွဲ' (၂၀၀၁ မှ ၂၀၀၈ ခန့်အထိ) အတွင်း အစိုးရစုံစမ်းစစ်ဆေးရေး အရာရှိများက ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့၌ ဖြစ်ပွါးခဲ့သည့် နယူးယောက်နှင့် ဝါရှင်တန် တိုက်ခိုက်မှုများတွင် ပါဝင်နိုင်ချေ အများဆုံးရှိကြောင်း သံသယရှိသဖြင့် ဖမ်းဆီး ထိန်းသိမ်းထားသူများအပေါ် အသုံးပြုခဲ့သည့် လုပ်ရပ်များ ဖြစ်သည်။ နည်းဗျူဟာပေါင်း ၆ ခုမှ ၁၀ ခုအထိ အသုံးပြုခဲ့ပြီး ရေမွှမ်းအောင်ပြုခြင်း water boarding၊ အာရုံခံစားမှု ဆုံးရှုံးစေခြင်း၊ အိပ်ချိန် ဆုံးရှုံးစေခြင်း၊ စိတ်ကိုဖိအားပေးခြင်း stress positions၊ ရိုက်နှိပ်ခြင်း၊ ခြေလက်များ ချုပ်နှောင်ထားပြီး ရှေ့နောက်ဘယ်ညာ လှုပ်ရမ်းခြင်း (shaking) များ ပါဝင်သည်။ အဆိုပါ နည်း ဗျူဟာများသည် ညှဉ်းပန်းနှိပ်စက်မှု မမြောက်ကြောင်း၊ အဓိက အရေးပါသည့် သတင်းအချက် အလက်များ ရနိုင်ရန်အတွက် အသုံးပြုနိုင်သည်ဟုယုံကြည်ပြီး အမေရိကန်စစ်တပ်နှင့် နိုင်ငံ ခြားရေးဌာနတို့က တရားဝင် အသိအမှတ်ပြုထားခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ၎င်း နည်းဗျူဟာများသည် သတင်းအချက် အလက်ရရှိရေးအတွက် ထိရောက်မှုမရှိကြောင်း၊ CIA က ဝန်ခံထားသည့်ပမာဏထက်ပင် ထိခိုက်နာကျင်ခံစားရမှုများ ပိုမိုဖြစ်စေကြောင်း၊ စုံစမ်းစစ်ဆေးမှုများနှင့် အစီရင်ခံစာများအရ နောက်ပိုင်းတွင် သတ်မှတ်ခဲ့ကြသည်။ အဆိုပါနည်းဗျူဟာများအား ညှဉ်းပန်းနှိပ်စက်မှုဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအားလုံး နီးပါးက မှတ်ယူထားကြသည်။

ရက်စက်ပြီး လူမဆန်သည့် ပြုမူဆက်ဆံမှု

ဆိုးရွားပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်း ဆိုင်ရာ နာကျင်ခံစားရမှုကို ဖြစ်ပေါ်စေသည့် ပြုမူဆက်ဆံမှု ဖြစ်သည်။ သို့သော်၎င်း၏ ပြင်းထန်မှုအဆင့်အရ ညှဉ်းပန်းနှိပ်စက်မှုအဆင့်အထိ မရောက်ရှိပေ၊ ဥပမာ ကျောင်းများတွင် ကြိမ်ဖြင့် ရိုက်နှက်ခြင်းကဲ့သို့ ခန္ဓာကိုယ် နာကျင် စေသည့် ပြစ်ဒဏ် ပေးခြင်း လုပ်ရပ် များ ပါဝင်သည်။

အပိုဒ် ၁ တွင် ညှဉ်းပန်းနှိပ်စက်မှုကိုသာ အဓိပ္ပါယ်ဖွင့်ဆိုထားပြီး ရက်စက်ပြီး လူမဆန်သော ပြုမူဆက်ဆံမှုများအတွက် မပါရှိပေ။ ထိုနှစ်ခုကို ရှင်းလင်းစွာခွဲခြားနိုင်ရန်အတွက် ဥရောပ လူ့အခွင့်အရေးတရားရုံးက ဆိုးရွားသောဆက်ဆံမှုပုံစံတစ်ခုအား ညှဉ်းပန်းနှိပ်စက်မှုအဖြစ် သတ်မှတ်နိုင်ရန်အလို့ငှာ 'ပြင်းထန်မှုအနိမ့်ဆုံးအဆင့်' ပါရှိရမည်ဖြစ်ပြီး ထိုလုပ်ရပ်ကြောင့် "ဆိုးရွား ရက်စက်သည့် နာကျင်ခံစားရခြင်း"ကို ဖြစ်စေရမည်ဟု ဆုံးဖြတ်ခဲ့သည်။ ဆိုးရွားမှု အတိုင်းအတာကို အကဲဖြတ်ရန်အတွက် အချက် ၄ ချက်ဖြင့် ဆုံးဖြတ်နိုင်သည်။

(၁) ပြုမူဆက်ဆံခံရသည့် ကြာမြင့်ချိန်၊
(၂) ပြုမူဆက်ဆံခံရခြင်းကြောင့် ဖြစ်လာသည့် ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ၊
(၃) ပြုမူဆက်ဆံခံရခြင်းကြောင့် ဖြစ်လာသည့် စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ၊
(၄) ကျား၊မ ၊ အသက်အရွယ် နှင့် နစ်နာသူ၏ ကျန်းမာရေး အနေအထား၊ တို့ဖြစ်ကြသည်။

သေဒဏ်အတည်ပြုချမှတ်ပြီး စောင့်ဆိုင်းစေသည့်ဖြစ်ရပ်

သေဒဏ်ချမှတ်ထားသည့်အမှုများ၌ ကွပ်မျက်မည့်အချိန်ကို စောင့်ဆိုင်းစေခြင်းဖြင့် လူတစ်ဦးအား စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုဖြစ်စေခြင်း။

လုပ်ရပ်များစွာကို ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် ဆိုးရွားသော ပြုမူဆက်ဆံခြင်းများအဖြစ် ကွဲကွဲပြားပြား မသတ်မှတ်နိုင်ပေ။ ဥပမာအားဖြင့်

- တရားစီရင်ရေးအရ ချမှတ်သည့် ခန္ဓာကိုယ်နာကျင်စေသည့် ပြစ်ဒဏ်ပေးခြင်းပုံစံများ ဥပမာ- ကြိမ်ဒဏ်၊
- ကြီးလေးသောပြစ်ဒဏ်ပေးသည့် အချို့သောပုံစံများနှင့် သေဒဏ်အတည်ပြုချမှတ်ပြီး စောင့်ဆိုင်းစေသည့် ဖြစ်ရပ် (death-row phenomenon)၊
- တိုက်ပိတ်အကျဉ်းချထားခြင်း၊
- ညှဉ်ဖျင်းသောထောင်တွင်း အခြေအနေများ၊ ဥပမာ- အပူလွန်ကဲခြင်း၊ သို့မဟုတ် ကာလရှည်ကြာ အကျဉ်းချထားခြင်း၊ အထူးသဖြင့် နှစ်ခုစလုံး စုပေါင်းတွေ့ကြုံစေခြင်း၊
- အနီးစပ်ဆုံး ဆွေမျိုးများအပေါ် ဆိုးကျိုးသက်ရောက်ခြင်းများအပါအဝင် လက်စဖျောက်ခံရခြင်းများ၊
- လူကြီးတစ်ဦးအပေါ် ကျင့်သုံးပါက ညှင်းပန်းနှိပ်စက်မှုမဖြစ်စေနိုင်သည့် ပြုမူဆက်ဆံမှု များကို ကလေးတစ်ဦးအပေါ် ကျင့်သုံးခြင်းများ ပါဝင်သည်။

ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ သက်ရောက်စေသည့် လုပ်ဆောင်မှုများအားလုံးကို CAT နှင့် အခြားသက်ဆိုင်ရာ ဒေသတွင်းသဘောတူစာချုပ်များတွင်ပါရှိသည့်အတိုင်း ညှဉ်းပန်း နှိပ်စက်မှု အဖြစ် မှတ်ယူနိုင်သည်။ စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုရှိစေသည့် လုပ်ဆောင်မှုများနှင့် ပတ်သက်၍ ဥရောပလူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်က “ခန္ဓာကိုယ်အပေါ် လက်ရောက် ကျူးလွန်ခြင်းမှအပ အခြားနည်းဖြင့် ဝေဒနာခံစားရပြီး စိုးရိမ်ကြောင့်ကြစိတ် ဖန်တီးကာ စိတ်ပိုင်းဆိုင်ရာ နာကျင်ခံစားရမှုဖြစ်စေခြင်း” ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုခဲ့သည်။ အမေရိကန်၏ CAT အပေါ် ခြွင်းချန်ထားချက်များတွင် စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှု ဥပမာများကို တွေ့နိုင်ပြီး ၎င်းတို့တွင်

- ဆိုးရွားပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်စေမှုကို တမင်တကာ ဖြစ်စေခြင်းကြောင့်ဖြစ်စေ သို့မဟုတ် ထိုသို့ဖြစ်စေမည်ဟု ခြိမ်းခြောက်ခြင်းကြောင့်ဖြစ်စေ ကာလရှည်ကြာ စိတ်ထိခိုက်မှု ဖြစ်စေခြင်း၊
- စိတ်ကိုပြောင်းလဲစေသည့် ပစ္စည်းများ တိုက်ကျွေးခြင်း သို့မဟုတ် အသုံးပြုခြင်း၊ သို့မဟုတ် ထိုသို့ ပြုလုပ်မည်ဟု ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် နစ်နာသူ၏ သိစိတ် သို့မဟုတ် ပင်ကို စရိုက် ကို အကြီးအကျယ်အနှောက်အယှက်ဖြစ်စေရန် တွက်ချက် လုပ်ဆောင်သော အခြားနည်းလမ်းများ၊
- ချက်ချင်းသေစေမည်ဟု ခြိမ်းခြောက်ခြင်းနှင့်

- အခြားသူတစ်ဦးအား ချက်ချင်းသေစေမည်၊ သို့မဟုတ် အပြင်းအထန် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရခြင်း ဖြစ်စေမည်၊ သို့မဟုတ် ထိုသူအား ၎င်း၏ သိစိတ် သို့မဟုတ် ပင်ကို စရိုက်ကို အနှောက်အယှက်ဖြစ်စေမည့် ဆေးဝါးတိုက်ကျွေးမည်ဟု ခြိမ်းခြောက်ခြင်းများ ပါဝင်သည်။

အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ပါရှိသည့် အခြားသောအကြောင်းအချက်မှာ ညှဉ်းပန်းနှိပ်စက်သည့် အပြုအမူသည် ရည်ရွယ်ချက်တစ်ခုတည်းအတွက် တမင်တကာလုပ်ဆောင်ခြင်းဖြစ်ရမည်။ ထို့ကြောင့် ညှဉ်းပန်းနှိပ်စက်မှုသည် ရံဖန်ရံခါ သို့မဟုတ် မတော်တဆ လုပ်ဆောင်မှု သဘောမျိုး မဟုတ်နိုင်ဘဲ ရည်ရွယ်ချက်တစ်ခုအတွက် ဦးတည်လုပ်ဆောင်ခြင်းဖြစ်သည်။ အဓိပ္ပါယ် ဖွင့်ဆိုချက်တွင် ဖော်ပြထားသည့် ရည်ရွယ်ချက်များသည် အလုံးစုံပြီးပြည့်စုံသည်မဟုတ်ပေ၊ ရည်ရွယ်ချက်အားလုံးပါဝင်သည်ဟု မဆိုနိုင်ဘဲ 'အညွှန်း' ဖော်ပြထားခြင်းသာဖြစ်သည်။ CAT ၏ အပိုဒ် ၁ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ဖော်ပြထားသည့် ရည်ရွယ်ချက်များဆိုသည်တွင်

- သတင်းအချက်အလက် သို့မဟုတ် ဖြောင့်ချက်ရယူရန်၊
- ကျူးလွန်ခဲ့သည့် လုပ်ရပ်အတွက် အပြစ်ပေးရန်၊
- ခြိမ်းခြောက်အကျပ်ကိုင်ရန် နှင့်
- တစ်စုံတစ်ရာအပေါ် အခြေပြုပြီး ခွဲခြားဆက်ဆံသည့် အကြောင်းပြချက် ပါဝင်သည်။

အထက်ပါအချက်များသည် ညှဉ်းပန်းနှိပ်စက်မှုဖြစ်စေသည့် ယေဘုယျအကြောင်းပြချက်များ အဖြစ် ဖော်ပြထားခြင်းဖြစ်ပြီး ရဲဝန်ထမ်းက ဖြောင့်ချက်ရယူရန် အားထုတ်ခြင်း၊ သို့မဟုတ် နိုင်ငံတော်အပေါ်ဆန့်ကျင်သူများအား စစ်တပ်က အတင်းအကျပ်ခြိမ်းခြောက်ခြင်း သို့မဟုတ် အကျပ်ကိုင်ခြင်းများလည်း ပါဝင်သည်။ ICTY ကမူ လုပ်ရပ်သည် တားမြစ် ဖော်ပြထားသည့် ရည်ရွယ်ချက်များအတွက်သာ သီးသန့်လုပ်ဆောင်သည်မျိုးဖြစ်ရန်မလိုပေ၊ လုပ်ဆောင်မှု နောက်ကွယ်ရှိ စိတ်လှုံ့ဆော်မှု (motivation) ၏ တစ်စိတ်တစ်ပိုင်းဖြစ်ရမည်၊ သိသာပေါ်လွင်သော သို့မဟုတ် တစ်ခုတည်းသော ရည်ရွယ်ချက်အတွက် လုပ်ဆောင်ခြင်းမျိုး ဖြစ်ရန် မလိုအပ်ပေ။ ထို့ပြင် CAT သည် နိုင်ငံ့ဝန်ထမ်းအရာရှိတစ်ဦးက ကျူးလွန်သည့် လက်ရောက်မှုကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှု ဖြစ်စေသည့် အခြားပြစ်မှုများနှင့် ညှဉ်းပန်းနှိပ်စက်မှု ဖြစ်စေသည့် လုပ်ရပ်များအား ခွဲခြားထားသည်။ ထို့ကြောင့် တားမြစ်ထားသည်မှန်သော်လည်း ရည်ရွယ်ချက်မရှိဘဲ လုပ်ဆောင်သည့် လုပ်ရပ်များသည် ညှဉ်းပန်းနှိပ်စက်မှုအဆင့်ထိ မရောက်နိုင်ပေ။ သို့ရာတွင် ထိုကဲ့သို့လုပ်ရပ်များသည် ပြည်တွင်းရာဇဝတ်ဥပဒေများအရ လက်ရောက်မှု ဖြစ်စေနိုင်ပေသည်။

သဘောတရားရေးရာ

ပျက်ကွက်သော လုပ်ရပ်နှင့် ကျူးလွန်သော လုပ်ရပ်များ

ဤကိစ္စအလို့ငှာ ပျက်ကွက်သောလုပ်ရပ်များဆိုရာတွင် နိုင်ငံ၏ မလုပ်ဆောင်ခြင်းကြောင့် ညှဉ်းပန်းနှိပ်စက်မှုဖြစ်စေခြင်းကို ဆိုလိုသည်။ သို့ရာတွင် တစ်စုံတစ်ရာ မလုပ်ဆောင်ပေးသည့် လုပ်ရပ် (ဥပမာ အစားအစာ သို့မဟုတ် အကာအကွယ်များ မပေးခြင်း) သည် ညှဉ်းပန်း နှိပ်စက်မှု မြောက်စေသလား?။ "ပျက်ကွက်မှု" ကြောင့် ညှဉ်းပန်းနှိပ်စက်မှုဖြစ်စေနိုင်သည်နှင့် စပ်လျဉ်းပြီး CAT ၏ အပိုဒ် ၁ သည် ရှင်းလင်းမှုမရှိပေ။ မည်သို့ပင်ဆိုစေကာမူ *Denmark et al v. Greece* အမှုတွင် ဥရောပ လူ့အခွင့်အရေးကော်မရှင်က ဆုံးဖြတ်ခဲ့သည်မှာ ဂရိအစိုးရ၏ ထောင်သားများ အပေါ် အစားအစာ၊ ရေ၊ ဆောင်းတွင်းအခါ အနွေးဓါတ်၊ သင့်လျော်သည့် အဝတ်လျှော် နေရာများ၊ အဝတ်အထည်၊ ဆေးဝါးနှင့် သွားကျန်းမာရေးစောင့်ရှောက်မှုများ ပံ့ပိုးပေးရန် ပျက်ကွက်ခြင်းသည် ညှဉ်းပန်းနှိပ်စက်သည့် "လုပ်ရပ်" အဖြစ် သတ်မှတ်ပြီး ECHR ၏ အပိုဒ် ၃ ကို ချိုးဖောက်ခြင်းဖြစ်သည်။ ထို့ကြောင့် ရှောင်ရှားသည့် လုပ်ရပ်များသည် ကျူးလွန်သည့် လုပ်ရပ်များကဲ့သို့ပင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ နာကျင်စေမှု ဖြစ်စေနိုင်ပြီး ညှဉ်းပန်းနှိပ်စက်မှု ဖြစ်သွားပေသည်။

ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားဆိုးရွားသောပြုမူဆက်ဆံမှုများ ကျူးလွန်သူများတွင် ရဲ၊ စစ်တပ်၊ တရားစီရင်ရေး၊ အကျဉ်းထောင်အရာရှိများ၊ အခြားသော အစိုးရအရာရှိများ စသည်ဖြင့် ပါဝင်ကြပေသည်။ ထို့ပြင် ကျူးလွန်မှုတွင် တိုက်ရိုက်ပါဝင်သည့် ပြည်သူ့ဝန်ထမ်း (သို့မဟုတ် တိုက်ရိုက်ပါဝင်ခြင်းမဟုတ်ဘဲ ကျူးလွန်ကြောင်းကို သိရှိနေသူ သို့မဟုတ် အခြားသူများက ညှဉ်းပန်းနှိပ်စက်နေခြင်းကို မျက်ကွယ်ပြုထားသူ) သည်လည်း ကျူးလွန်သူများ ဖြစ်နိုင်ပေသည်။ သို့သော် CAT ၏ အပိုဒ် ၁ သည် အလုပ်တာဝန်အရမဟုတ်ဘဲ လုပ်ဆောင်သည့် ရက်စက်ကြမ်းကြုတ်မှုများအပေါ် ကျင့်သုံးနိုင်ခြင်း မရှိပေ၊ အဘယ်ကြောင့်ဆိုသော် ထိုသို့သော လုပ်ရပ်များအား သာမာန်အားဖြင့် ပြည်တွင်း ဥပဒေများအတိုင်း အပြစ်ပေး အရေးယူလေ့ရှိသည်ဟု ယူဆခဲ့ခြင်းကြောင့်ဖြစ်သည်။

သဘောတရားရေးရာ

ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးခြင်းများ

CAT ၏ အပိုဒ် ၁ တွင်ပါရှိသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်သည် "ဥပဒေနှင့်အညီ အရေးယူ အပြစ်ပေးခြင်းများကြောင့် ဖြစ်ပေါ်ခဲ့သည့် သို့မဟုတ် မတော်တဆ ဖြစ်စေခဲ့သည့် နာကျင်မှု သို့မဟုတ် ဝေဒနာခံစားရမှုများ" ကို အတိအလင်း ဖယ်ထုတ်ထားသည်။ ထို့ကြောင့်ပင် နိုင်ငံများအနေဖြင့်

ခန္ဓာကိုယ်နာကျင်စေသည့် အပြစ်ပေးခြင်းများကို ပြည်တွင်းဥပဒေများအရ ခွင့်ပြုထားသည်ဆိုပါက ၎င်းတို့ကို တားမြစ်ရန် မလိုအပ်ပေ။ အပြစ်ပေးမှုတစ်ခု၏ တရားဝင်ဖြစ်မှုအား ပြည်တွင်းနှင့် နိုင်ငံတကာစံနှုန်းများဖြင့် ကိုးကား တိုင်းတာဆုံးဖြတ်နိုင်သည်။ ခန္ဓာကိုယ်နာကျင်စေသည့် အပြစ်ပေးခြင်းကိစ္စအား "ဥပဒေနှင့်ညီသည့် အရေးယူ အပြစ်ပေးမှုများ" အဖြစ် အချို့နိုင်ငံများက မှတ်ယူထားသည်။ သို့ရာတွင် ခန္ဓာကိုယ် နာကျင် စေသည့် အပြစ်ပေးခြင်းကို ယေဘုယျအားဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေက တားမြစ်ထားပြီး အထူးအားဖြင့် ညဉ့်ပန်းနှိပ်စက်မှုတားမြစ် ဆန့်ကျင်သည့် သဘောတူစာချုပ်က တားမြစ် ထားသည်။

၁၉.၃ ညဉ့်ပန်းနှိပ်စက်မှု အဆုံးသတ်ခြင်း - နိုင်ငံတကာစံနှုန်းများနှင့် ယန္တရားများ

CAT ၏ အပိုဒ် ၂ (၁) တွင် စာချုပ်ဝင်နိုင်ငံများ၏ အခြေခံတာဝန်ဝတ္တရားအဖြစ် " မိမိတို့ စီရင်ပိုင်ခွင့်ကျင့်သုံးနိုင်သည့် မည်သည့်ပိုင်နက်နယ်မြေတွင်မဆို ညဉ့်ပန်းနှိပ်စက်သည့် လုပ်ရပ်များကို တားဆီးနိုင်ရန်အတွက် ထိရောက်သော ဥပဒေပြုရေး၊ စီမံအုပ်ချုပ်ရေး၊ တရားစီရင်ရေး သို့မဟုတ် အခြားနည်းလမ်းများ ဆောင်ရွက်ရန်" သတ်မှတ်ထားသည်။ ထို့ကြောင့် စာချုပ်ဝင်နိုင်ငံများသည် ညဉ့်ပန်းနှိပ်စက်မှုပုံစံအားလုံးကို မိမိတို့၏ ရာဇဝတ် ဥပဒေအရ အရေးယူအပြစ်ပေးနိုင်ရေးအတွက် သေချာစေရမည်ဖြစ်ပြီး ၎င်းတို့တွင် ညဉ့်ပန်း နှိပ်စက်ရန် ကြိုးပမ်းမှုများ၊ ညဉ့်ပန်းနှိပ်စက်မှုတွင် ကြံရာပါခြင်း သို့မဟုတ် ပါဝင်ခြင်းအဖြစ် မှတ်ယူနိုင်သည့် လုပ်ရပ်များလည်း ပါဝင်သည်။ ၎င်းတွင် ညဉ့်ပန်းနှိပ်စက်ရန် အမိန့်ပေးခြင်းသည်လည်း ပါဝင်ပြီး ဥပမာအားဖြင့် စစ်ဗိုလ်တစ်ဦးက သတင်းအချက်နှိုက်ယူရန်အတွက် စစ်သည်ပန်းတစ်ဦးအပေါ် ညဉ့်ပန်း နှိပ်စက်ရန် အခြားသူတစ်ဦး (စစ်သားဖြစ်စေ၊ အခြားသူ ဖြစ်စေ) အား အမိန့်ပေးခြင်းမျိုးဖြစ်သည်။ စာချုပ်ဝင်နိုင်ငံတစ်ခု၏ ပြည်တွင်းဥပဒေအရ သတ်မှတ်ထားသည့် ညဉ့်ပန်းနှိပ်စက်မှုအတွက် ပြစ်ဒဏ်သည် အသေးအဖွဲ ဖြစ်နေခြင်း သို့မဟုတ် အချို့မှုတမှုမရှိခြင်းမျိုး မဖြစ်စေရဘဲ ပြစ်မှု၏ လေးနက်မှုသဘောသဘာဝကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ညဉ့်ပန်းနှိပ်စက်မှုအား ထောင်ချခြင်းကဲ့သို့ ပြင်းထန်သည့် အပြစ်ပေးမှုပုံစံများဖြင့် ပြစ်ဒဏ် ချမှတ်ရမည်ဖြစ်သည်။ ထိုသို့ ချမှတ်နိုင်သည့် နည်းလမ်းအစီအမံများနှင့် ပတ်သက်၍ နိုင်ငံများတွင် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် ရှိပေသည်၊ သို့သော် နိုင်ငံများအနေဖြင့် ချမှတ်ထားသည့် ပြည်တွင်းဥပဒေများ၊ မူဝါဒများ၊ ပညာပေးခြင်းများအားလုံးသည် ညဉ့်ပန်းနှိပ်စက်မှု တားဆီးရေးအတွက် ချမှတ်ထားရှိသည့် နိုင်ငံတကာစံနှုန်းများနှင့် ဟန်ချက်ညီနိုင်ရန်အလို့ငှာ လိုအပ်သည့် ပြောင်းလဲမှုများ လုပ်ဆောင်ရေးလည်း ပါဝင်သည်။

CAT အရ နိုင်ငံများအပေါ် သတ်မှတ်ထားသည့် တာဝန်ရှိမှုများသည် အကြွင်းမဲ့မဟုတ်ပေ၊ ယင်းအစား ညဉ့်ပန်းနှိပ်စက်မှုကို တားဆီးနိုင်မည့် လုံလောက်သော နည်းလမ်းများ ထားရှိသည်။

အဘယ်ကြောင့်ဆိုသော် မည်သည့်နိုင်ငံကမျှ ညှဉ်းပန်းနှိပ်စက်မှုကို အပြည့်အဝ မတားဆီးနိုင်သကဲ့သို့ ညှဉ်းပန်းနှိပ်စက်မှု တားဆီးရေးအတွက်လည်း အပြည့်အဝ အာမခံ သေချာမှု မပေးနိုင်ခြင်းကြောင့် ဖြစ်သည်။ သို့ရာတွင် အပိုဒ် ၂ (၂) အရ ညှဉ်းပန်းနှိပ်စက်မှုကို တားဆီးရေးသည် ခွင်းချက်မဲ့ကိစ္စဖြစ်ကာ လျှော့ပေါ့ခြင်းမပြုနိုင်ပေ၊

> *စစ်မက်ဖြစ်ပွါးသည့်ကာလ (သို့မဟုတ်) စစ်ဘေးအန္တရာယ်ကျရောက်နိုင်သည့် ကာလ၊ ပြည်တွင်း နိုင်ငံရေးမငြိမ်သက်မှု (သို့မဟုတ်) အခြားသော အများပြည်သူ့အပေါ် သက်ရောက်သည့် အရေးပေါ်အခြေအနေ၊ သို့မဟုတ် အထက်အရာရှိ သို့မဟုတ် အစိုးရအရာရှိတစ်ဦး၏ အမိန့်အရဖြစ်စေ၊ အခြားထူးခြားသည့် မည်သို့ သော အခြေအနေမျိုးတွင်မဆို ညှဉ်းပန်းနှိပ်စက်မှုကျူးလွန်ခြင်းကို ခွင့်မပြုနိုင်ပေ။*

ညှဉ်းပန်းနှိပ်စက်မှုအကြောင်းကို ဓလေ့ထုံးတမ်းဥပဒေနှင့် မလိုက်နာမနေရစံနှုန်း *jus cogens* (ယခုစာအုပ်၏ အခန်း ၂ တွင် ကြည့်ပါ) များတွင် တွေ့နိုင်သည်။ နိုင်ငံများအနေဖြင့် ထိုကဲ့သို့ မိမိတို့၏ တာဝန်ရှိမှုကို လျှော့ပေါ့မရနိုင်သကဲ့သို့ တစ်နည်းနည်းဖြင့် ညှဉ်းပန်းနှိပ်စက်မှုကို တရားဝင်စေရန်လည်း မလုပ်ဆောင်နိုင်ပေ။ ထိုကိစ္စအလို့ငှာ အထက်ပါ "မည်သို့သော" ဆိုသည့် စကားသည် မကုန်ဆုံးနိုင်သည့် အခြားခြွင်းချက်အနေအထားများကို ဆိုလိုသည်၊ ထို့ကြောင့် နိုင်ငံတစ်ခုသည် မည်သည့်နည်းနှင့်မျှ ညှဉ်းပန်းနှိပ်စက်ခြင်းကို အကြောင်းပြချက်ပေးရန် သို့မဟုတ် ခွင့်ပြုပေးရန် မလုပ်နိုင်ပေ။ အထက်အရာရှိ သို့မဟုတ် အစိုးရအရာရှိတစ်ဦး၏ အမိန့်အတိုင်း လိုက်နာလုပ်ဆောင်ခြင်းသည်ပင်လျှင် ညှဉ်းပန်း နှိပ်စက်ခြင်းအပေါ် အကြောင်းပြချက်ကောင်း မဖြစ်နိုင်ကြောင်း သတ်မှတ်ပြဋ္ဌာန်းထားပြီး ၎င်းကို များစွာသော အပြည်ပြည်ဆိုင်ရာ ဥပဒေများ ဥပမာအားဖြင့် နျူရင်ဘတ် (Nuremberg) အခြေခံမူများ (စစ်ရာဇဝတ်မှုများအတွက် ချမှတ်ထားသည့် လမ်းညွှန် ချက်များ) နှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးကို ဖွဲ့စည်းသည့် Rome Statute တို့တွင် တွေ့နိုင်သည်။

စာချုပ်ဝင်နိုင်ငံများသည် မိမိတို့စီရင်ပိုင်ခွင့်အာဏာရှိသည့် နယ်နိမိတ်အတွင်း ကျူးလွန်သည့် ညှဉ်းပန်းနှိပ်စက်သော ပြစ်မှုများအပေါ် စီရင်ပိုင်ခွင့်ရှိရုံသာမက စွပ်စွဲထားသည့် ကျူးလွန်သူများသို့မဟုတ် နစ်နာသူများသည် မိမိနိုင်ငံသားဖြစ်ပါကလည်း စီရင်ပိုင်ခွင့် ရှိပေသည်။ ၎င်းကို ပုဂ္ဂိုလ်ရေးဆိုင်ရာ စီရင်ပိုင်ခွင့်ရှိခြင်းဟု ခေါ်သည်။ ထို့ပြင် အပိုဒ် ၅ တွင်ပါရှိသည့် ပြစ်မှုများနှင့် စပ်လျဉ်းပြီး စာချုပ်ဝင်နိုင်ငံများ၌ ကမ္ဘာလုံးဆိုင်ရာ စီရင်ပိုင်ခွင့်လည်း ရှိပေသည်။ ၎င်းစီရင်ပိုင်ခွင့်အရ ညှဉ်းပန်းနှိပ်စက်မှုသည် မည်သည့်နေရာတွင် ကျူးလွန်စေကာမူ ပြစ်မှုတစ်ရပ်အဖြစ် နိုင်ငံများအား သတ်မှတ်ခွင့်ပေးထားသည်။ သီအိုရီအားဖြင့်ဆိုသော် ညှဉ်းပန်းနှိပ်စက်မှုသည် အခြားတိုင်းပြည်တစ်ခုတွင်ကျူးလွန်ပြီး နစ်နာသူများနှင့် ကျူးလွန်သူများက မိမိနိုင်ငံသားများ မဟုတ်စေကာမူ နိုင်ငံတစ်နိုင်ငံသည် တစ်စုံတစ်ယောက်အပေါ် စစ်ဆေးအရေးယူနိုင်ခြင်းဖြစ်သည်။ ထိုသို့လုပ်ဆောင်နိုင်ရန်အလို့ငှာ စွပ်စွဲထားသည့် ကျူးလွန်သူသည် နိုင်ငံ၏ စီရင်ပိုင်ခွင့် ကျင့်သုံးနိုင်သည့် နယ်နိမိတ်တစ်ခုအတွင်း ရောက်ရှိနေရမည်ဖြစ်ပြီး စီရင်ပိုင်ခွင့် ကျင့်သုံးနိုင်သည့်

အခြားနိုင်ငံ/နယ်မြေတစ်ခုထံသို့ သူ/သူမ အား တရားခံလွှဲပြောင်းပေးရန် မဖြစ်နိုင်ခြင်းမျိုး ဖြစ်ရမည်။

သဘောတရားရေးရာ

CAT တွင်ပါရှိသည့် စီရင်ပိုင်ခွင့်

CAT ၏ အပိုဒ် ၅ တွင် နိုင်ငံများအား အခြားလူ့အခွင့်အရေးသဘောတူစာချုပ်များတွင် ပါရှိသည့် သာမန် နယ်နိမိတ်ဆိုင်ရာ စီရင်ပိုင်ခွင့်မှစကာ အမျိုးမျိုးသော စီရင်ပိုင်ခွင့်များအထိ ကျင့်သုံးခွင့် ပေးထားသည်။ ၎င်းတို့တွင် အောက်ပါတို့ပါဝင်သည်-

နယ်နိမိတ်ဆိုင်ရာ စီရင်ပိုင်ခွင့် - စာချုပ်ဝင်နိုင်ငံနှင့် ၎င်း၏ တရားရုံးများသည် မိမိတို့ပိုင်နက် နယ်နိမိတ်အတွင်းဖြစ်ပွါးသည့် ညှဉ်းပန်းနှိပ်စက်သည့်အမှုများအားလုံးအပေါ်တွင် စီရင်ပိုင်ခွင့် အာဏာရှိသည်။

ပုဂ္ဂိုလ်ရေးဆိုင်ရာ စီရင်ပိုင်ခွင့် - တရားရုံးတစ်ရုံးက လူပုဂ္ဂိုလ်အပေါ် ကျင့်သုံးနိုင်သည့် အာဏာဖြစ်သည်။ ညှဉ်းပန်းနှိပ်စက်သည့်အမှုတွင် ပြည်တွင်းတရားရုံးများသည် မိမိ နိုင်ငံသားများအပေါ် ထိုသူများမည်သည့်နေရာတွင် ရှိစေကာမူ စီရင်ပိုင်ခွင့် ကျင့်သုံးနိုင်သည်။ မိမိနိုင်ငံသား ထိခိုက်ခံစားရသည့် မူသဘောတရား (passive personality principle) အရ တရားရုံးများသည် မိမိနိုင်ငံသားတစ်ဦးဦး ညှဉ်းပန်းနှိပ်စက်ခြင်းခံရပါက နယ်နိမိတ် ပြင်ပတွင် ရှိနေသူများ အပေါ်တွင်လည်း စီရင်ပိုင်ခွင့်တောင်းဆိုနိုင်သည်။

ကမ္ဘာလုံးဆိုင်ရာစီရင်ပိုင်ခွင့် - ညှဉ်းပန်းနှိပ်စက်မှုသည် မည်သည့်နေရာတွင်ဖြစ်ပွါးစေကာမူ တရားရုံးနှင့် နိုင်ငံများတွင် စစ်ဆေးနိုင်သည့်အာဏာဖြစ်သည်။ လူ့အခွင့်အရေးသဘောတူ စာချုပ်များတွင်ပါရှိသည့် ကမ္ဘာလုံးဆိုင်ရာစီရင်ပိုင်ခွင့် ကျင်သုံးနိုင်သော ပြစ်မှုများစွာအနက် ညှဉ်းပန်းနှိပ်စက်မှုသည် တစ်ခုအပါအဝင်ဖြစ်သည်။ အခြားပြစ်မှုများအဖြစ် လူကုန်ကူးခြင်း၊ ကလေးညစ်ညမ်းရုပ်ရှင်နှင့် ပြည့်တန်ဆာပြုခြင်း (CRC ၏ နောက်ဆက်တွဲ သဘောတူ စာချုပ် အရ)၊ လူမျိုးသုဉ်း သုတ်သင်ရှင်းလင်းခြင်း၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ပြစ်မှုများနှင့် စစ်ရာဇဝတ်မှုများ (ICC အရ) ၊ အတင်းအကျပ် လက်စဖျောက်ခံရခြင်းများ (ICERD အရ လူများ အား အတင်းအကျပ် လက်စဖျောက်ခြင်းမှ ကာကွယ်ပေးထားပြီး ထိုအကြောင်းကို နောက်ပိုင်း တွင် ဆွေးနွေးသွားမည်ဖြစ်သည်) ပါဝင်သည်။

ညှင်းပန်းနှိပ်စက်မှုအား ပြစ်မှုဆိုင်ရာဥပဒေအရ ကမ္ဘာလုံးဆိုင်ရာစီရင်ပိုင်ခွင့် ကျင့်သုံးနိုင်ရေး အတွက် CAT သည် အခြေခံအုတ်မြစ်တစ်ခုဖြစ်သော်ငြားလည်း စာချုပ်ဝင်နိုင်ငံများက စွပ်စွဲထားသည့် ကျူးလွန်သူသည် မိမိတို့နိုင်ငံ၏ နယ်နိမိတ်အတွင်း ရှိမနေဘဲ အပိုဒ် ၅ (စီရင်ပိုင်ခွင့်နှင့် သက်ဆိုင်သည်) အတွင်း ကျရောက်ခြင်းမရှိသည့် ကိစ္စရပ်များအတွက် နိုင်ငံ၏ စီရင်ပိုင်ခွင့်ကို တိုးချဲ့ပေးရန် တာဝန်မရှိပေ။ ထိုကဲ့သို့ ကိစ္စများတွင် နိုင်ငံတစ်ခုသည် စီရင်ပိုင်ခွင့်ကျင့်သုံးရန် တာဝန်မရှိပေ၊ ယင်းအစား တရားခံလွှဲပြောင်းရေးကို တောင်းဆိုနိုင်သည်။ တရားခံ လွှဲပြောင်းရေးအရ နိုင်ငံတစ်ခုသည် အခြားနိုင်ငံအတွင်း ပြစ်မှုကျူးလွန်ခဲ့ကြောင်း သံသယရှိသူတစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခွင့်ရှိသည်။ ထို့နောက် ၎င်းတို့အား မိခင် နိုင်ငံသို့ပြန်ပို့ကာ ရုံးတင်စစ်ဆေး စီရင်စေမည်ဖြစ်သည်။ တရားခံလွှဲပြောင်းရေး လုပ်ဆောင်နိုင်ရန်အတွက် နိုင်ငံနှစ်ခုစလုံးသည် တရားခံလွှဲပြောင်းရေးစာချုပ်ကို ကြိုတင် လက်မှတ်ရေးထိုးထားရမည့်အပြင် ကျူးလွန်ခဲ့သည့် လုပ်ဆောင်မှုများကိုလည်း ပြစ်မှုအဖြစ် သတ်မှတ်ထားကြရမည်ဖြစ်သည်။ CAT ကို အတည်ပြု လက်မှတ်ရေးထိုးခြင်းအားဖြင့် စာချုပ်ဝင်နိုင်ငံ တစ်ခုသည် ညှင်းပန်းနှိပ်စက်မှုအား ပြစ်မှုအဖြစ် အမှန်ပင်အသိအမှတ်ပြုသည့် သဘောဖြစ်ကာ ၎င်း၏ စီရင်ပိုင်ခွင့်အောက်သို့ ကျရောက်နေသူများကိုလည်း အခြား CAT စာချုပ်ဝင် နိုင်ငံများထံသို့ လွှဲပြောင်းခွင့်ပေးနိုင်သည်။ တရားခံ လွှဲပြောင်းခြင်း၏ ရည်ရွယ်ချက်မှာ ညှင်းပန်းနှိပ်စက်မှု ကျူးလွန်သူများသည် ပြစ်မှုကျူးလွန်ခဲ့သည့် နိုင်ငံမှ ထွက်ခွါသွားပြီး တရားစွဲဆိုခြင်းကို ရှောင်ရှားမှုမရှိနိုင်ရေး သေချာစေရန်ဖြစ်သည်။ ထို့ကြောင့် ထိုသူများသည် အမြဲဖမ်းဆီးခံရမည်ဖြစ်ပြီး CAT ကို အတည်ပြုလက်မှတ်ရေးထိုးသည့် အခြားနိုင်ငံများထံသို့ တရားခံလွှဲပြောင်းခံရမည် ဖြစ်သည်။

တရားခံလွှဲပြောင်းခြင်း

နိုင်ငံတစ်ခုက သံသယရှိသူတစ်ဦးအား ဖမ်းဆီးပြီးလျှင် အမှုစစ်ဆေး နိုင်ရန်အလို့ငှာ အခင်းဖြစ်ပွါးရာ အခြားနိုင်ငံသို့ လွှဲပြောင်းပေးနိုင်သည့် အခွင့်အာဏာ။

အကယ်၍ CAT ကို အတည်ပြုလက်မှတ်ရေးထိုးထားသည့် နိုင်ငံတစ်ခုသည် လူတစ်ဦးအား အခြားနိုင်ငံသို့ ပေးပို့ခဲ့ပါက ထိုသူသည် ညှင်းပန်းနှိပ်စက်မှုကြုံတွေ့နိုင်ချေရှိကြောင်း ထင်ရှားပေါ်လွင်နေပါက ၎င်းအား ပြည်နှင်ဒဏ်ပေးခြင်း၊ ပြန်ပို့ခြင်း၊ သို့မဟုတ် တရားခံ လွှဲပြောင်းခြင်း တနည်းနည်းဖြင့် အခြားနိုင်ငံများသို့ ပေးပို့ခြင်းများ မပြုလုပ်ရပေ။ ဒုက္ခသည်တစ်ဦးက မိမိနေရပ်သို့ ပြန်သွားခဲ့ပါက နှိပ်စက် ညှင်းပန်းခံရမည် သို့မဟုတ် ခံရနိုင်သည် ဖြစ်ကြောင်း ကြောက်ရွံ့သည့်အခါတွင်လည်း အပိုဒ် ၃ (၁) အရ ထိုတာဝန်ရှိမှုကို တောင်းဆိုနိုင်သည်။ ထိုပြဋ္ဌာန်းချက်အား ဥရောပသဘောတူညီချက် အပိုဒ် ၃ နှင့်အတူ ဥရောပ လူ့အခွင့်အရေးကော်မရှင်သည် စီရင်ထုံးဥပဒေ (case-law)ဖြင့် လှုံ့ဆော်ထားပြီး တရားခံ လွှဲပြောင်းရေး စာချုပ်တစ်ရပ်တွင် ပါရှိသည့် ကွဲလွဲသော မည်သည့်ပြဋ္ဌာန်းချက် တစ်စုံတစ်ရာကိုမဆို လွှမ်းမိုး ပယ်ဖျက်နိုင်သည်။ ထို့ပြင် လွှဲပြောင်းပေးမည့် အခြားတစ်ဖက်နိုင်ငံသည် CAT ၏ စာချုပ်ဝင်နိုင်ငံတစ်ခုဖြစ်ရန် မလိုအပ်ပေ။ ထို့ကြောင့် ဤပြဋ္ဌာန်းချက်သည် ဒုက္ခသည်များဆိုင်ရာသဘောတူစာချုပ်တွင် ပါရှိသည့် နေရပ်ပြန်မပို့ရခြင်းမူ သဘောနှင့် တူညီပေသည် (အခန်း ၆ တွင် ကြည့်ပါ)။ သက်ဆိုင်ရာ အာဏာပိုင်များသည် လူတစ်ဦး၏ ညှင်းပန်း နှိပ်စက်မှုကြုံတွေ့နိုင်ချေရှိကြောင်း စဉ်းစားဆုံးဖြတ်ရန် အလို့ငှာ လူ့အခွင့်အရေးချိုးဖောက်မှု များစွာကို တသမတ်တည်းပုံစံဖြင့် ကျူးလွန်ခြင်းများအပါအဝင် ဆက်စပ်သည့် သုတေသနများ၊ ကျွမ်းကျင်ပညာရှင်၏ ထင်မြင်ချက်များအားလုံးကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

၁၉. ၃. ၁ ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးကော်မတီနှင့် ညှဉ်းပန်းနှိပ်စက်မှု တားဆီးကာကွယ်ရေး ဆပ်ကော်မတီ

ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးကော်မတီကို စာချုပ်အကောင်အထည်ဖော်ဆောင်ရွက်မှုများ အပေါ် ကြီးကြပ်နိုင်ရန် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။ လူ့အခွင့်အရေး နယ်ပယ်တွင် ကိုယ်ပိုင်စွမ်းဆောင်ရည်ဖြင့် လုပ်ကိုင်နိုင်စွမ်းရှိကြပြီး အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်ပညာရှင် ၁၀ ဦးပါဝင်သည်။ ကော်မတီအဖွဲ့ဝင်များကို စာချုပ်ဝင်နိုင်ငံများက မိမိတို့ အဆိုပြုတင်သွင်းထားသူများအနက်မှ ရွေးကောက်တင်မြှောက်သည်၊ အဖွဲ့ဝင် သက်တမ်းမှာ ၄ နှစ်ဖြစ်ပြီး ပြန်လည်အဆိုပြုတင်သွင်းခံရပါက နောက်တစ်ကြိမ် ရွေးကောက် တင်မြှောက်နိုင်သည်။ အခြားသော စာချုပ်အခြေပြုအဖွဲ့အစည်း ၉ ခုနှင့် ဆင်တူသော်လည်း ကော်မတီသည် အခြားသော လူ့အခွင့်အရေး စာချုပ်အများစုဌ် တွေ့ရလေ့မရှိသည့် အချို့သော လုပ်ပိုင်ခွင့်များ၊ လုပ်ဆောင်ချက်များဖြင့် အမှန်ပင် ဂုဏ်ယူဝင့်ကြွားဖွယ် ဖြစ်သည်။ လုပ်ဆောင်ချက်များသည် များသောအားဖြင့် တူညီကြသည် (ဤစာအုပ် အခန်း ၅ တွင် ပါဝင်သည်)။ နိုင်ငံများအနေဖြင့် CAT အရ ကျရောက်သည့် တာဝန်ဝတ္တရားများနှင့်အညီ အရေးယူလိုက်နာဆောင်ရွက်ရသည့် နည်းလမ်းအစီအစဉ်များအကြောင်း ဖော်ပြထားသည့် စာချုပ်ဝင်နိုင်ငံ၏အစီရင်ခံစာ (State-party Report) ကို သဘောတူစာချုပ်အား အတည်ပြုလက်မှတ်ရေးထိုးပြီးနောက် ၁ နှစ်အတွင်း ပထမအကြိမ်၊ ထို့နောက် ၄ နှစ်လျှင် တစ်ကြိမ်ကျ ရေးသားကာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးမှတဆင့် ကော်မတီထံသို့ တင်သွင်းကြရသည်။ ကော်မတီက အကြံပြုချက်များပေးနိုင်ရန်အလို့ငှာ အစီရင်ခံစာ တစ်စောင်ချင်းစီအား သုံးသပ်စစ်ဆေးပြီး စာချုပ်ဝင်နိုင်ငံများထံသို့ အကြံဉာဏ်များ ပေးသည်။ ဤလုပ်ထုံးလုပ်နည်း၏ ရည်ရွယ်ချက်မှာ စာချုပ်ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ စာချုပ်ပါတာဝန်ဝတ္တရားများအား မည်သည့်အတိုင်းအတာအထိ လေးစားလိုက်နာကြောင်းကို ကော်မတီက ရှင်းလင်းစွာ မြင်သာစေရန်အတွက် ပံ့ပိုးပေးရန်ဖြစ်သည်။

ကော်မတီသည်လည်း အထွေထွေမှတ်ချက်များကို ထုတ်ပြန်ပေးပြီး တစ်ဦးချင်း ဆက်သွယ် တိုင်တန်းခြင်းများ (တိုင်ကြားလွှာ) ကို အခြားသော စာချုပ်များကဲ့သို့ပင် လက်ခံပေးသည်။ စာချုပ်ဝင်နိုင်ငံတစ်ခုက ကော်မတီအနေဖြင့် ဆက်သွယ်တိုင်တန်းခြင်းများကို လက်ခံ ဆုံးဖြတ်ပေးနိုင်ကြောင်း အသိအမှတ်ပြုကြေညာချက်တစ်ရပ်ပြုလုပ်ထားပါက ထိုနိုင်ငံ၏ စီရင်ပိုင်ခွင့်အတွင်းရှိ လူပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ၊ သို့မဟုတ် ၎င်းတို့ကိုယ်စားဖြစ်စေ သဘောတူစာချုပ် ချိုးဖောက်ခံရသည့် နစ်နာသူများဖြစ်ကြသည့်အခါ ပေးပို့လာသည့် ဆက်သွယ်တိုင်တန်းခြင်းများကို ကော်မတီက လက်ခံစဉ်းစားနိုင်သည်။ ထိုကဲ့သို့ တိုင်တန်း ချက်များသည် ထူးခြားသော ညှဉ်းပန်းနှိပ်စက်မှုအဖြစ်အပျက်များနှင့် အကျုံးဝင်သည်။ ၎င်းတို့တွင် ညှဉ်းပန်းနှိပ်စက်မှုအန္တရာယ်ရှိနိုင်ကြောင်း ယုံကြည်ဖွယ်ရှိသည့် နိုင်ငံထံသို့ လူပုဂ္ဂိုလ်များကို အတင်းအကျပ် ပို့လွှတ်သည့် ဖြစ်ရပ်များ၊ သို့မဟုတ် ညှဉ်းပန်းနှိပ်စက်ခြင်း ခံရသည့် ဖြစ်ရပ်များတွင် ကုစားမှုငြင်းပယ်ခံရသည့် ဖြစ်ရပ်များ ပါဝင်သည်။ အမှန်တွင် စာချုပ်အဖွဲ့ထံသို့ ပေးပို့မှုအများဆုံးဖြစ်ခဲ့သည့် တိုင်တန်းလွှာပုံစံများအကြားတွင် ဒုက္ခသည်များပေးပို့သည့် တိုင်တန်းလွှာများပါဝင်ပြီး ၎င်းတို့အနေဖြင့် နေရပ်နိုင်ငံသို့

ပြန်သွားပါက ညှဉ်းပန်းနှိပ်စက်ခံရမည်ဟု စိုးရိမ်မှုများ ရှိခဲ့သည်။ တိုင်တန်းလွှာလက်ခံခြင်းနှင့် စပ်လျဉ်းသည့်စည်းမျဉ်းများသည် အခြားစာချုပ်အဖွဲ့များနှင့် တူညီသည်ဖြစ်ရာ တစ်ဦးချင်း တိုင်တန်းလွှာများသည် အမည်မဲ့တိုင်တန်းခြင်း၊ သဘောတူစာချုပ်တွင်ပါရှိသော အခွင့်အရေး တစ်စုံတစ်ရာ ချိုးဖောက်မှုမဟုတ်ခြင်း၊ သို့မဟုတ် တိုင်တန်းလွှာကို အခြားလုပ်ထုံးလုပ်နည်း အရ စုံစမ်းစစ်ဆေးနေဆဲများဖြစ်ခဲ့ပါက ကော်မတီသည် တိုင်တန်းလွှာကို လက်ခံစဉ်းစားရန် မသင့်သော ဆက်သွယ်တိုင်တန်းမှုများအဖြစ် သတ်မှတ်ပြီး ဖတ်ကြားစဉ်းစားသွားမည် မဟုတ်ပေ။ CAT သည် တစ်ဦးချင်းတိုင်တန်းလွှာများကို တံခါးပိတ်အစည်းအဝေးဖြင့် စဉ်းစား ဆုံးဖြတ်ပြီး ၎င်း၏ သဘောထားအမြင်ကို သက်ဆိုင်ရာ စာချုပ်ဝင်နိုင်ငံနှင့် လူပုဂ္ဂိုလ်များထံ မပေးပို့မီ အခြားသော အရင်းအမြစ်များထံမှ သတင်းအချက်အလက်များကိုလည်း ရှာဖွေ ရယူနိုင်သည်။

ထို့ပြင် စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်ခု၌ ညှဉ်းပန်းနှိပ်စက်မှု စနစ်တကျကျင့်သုံးနေကြောင်း စွပ်စွဲချက်များအပေါ် ကော်မတီသည် ထိုသို့လုပ်ဆောင်နေကြောင်း အခိုင်အမာညွှန်ပြချက် များပါရှိသည့် ယုံကြည်စိတ်ချရလောက်သောသတင်းအချက်အလက်များ ရရှိသည့်အခါ လျှို့ဝှက်စုံစမ်းစစ်ဆေးမှုတစ်ခုကို လုပ်ဆောင်နိုင်သည်။ ထိုကဲ့သို့လုပ်ပိုင်ခွင့်အာဏာကို (CEDAW နှင့် ICED တွင် ရှိသော်လည်း) လူ့အခွင့်အရေးစာချုပ်အများစုတွင် မတွေ့ရပေ။ သို့ရာတွင် အတည်ပြုလက်မှတ်ရေးထိုးသည့်နိုင်ငံများသည် အင်ဒိုနီးရှား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့က လုပ်ဆောင်ထားသကဲ့သို့ အပိုဒ် ၂၀ အပေါ် ခြွင်းချန်ထားခြင်းကို ပြုလုပ်နိုင်သည်။

ထိုသို့ ကော်မတီ၏လုပ်ပိုင်ခွင့်ကို စာချုပ်ဝင်နိုင်ငံတစ်ခုက လက်ခံခဲ့ပါက ကော်မတီသည် စုံစမ်းစစ်ဆေးမှုကို စတင်ပြုလုပ်နိုင်သည်။ ၎င်းတွင် သက်ဆိုင်ရာနိုင်ငံသို့ အချက်အလက် ရှာဖွေရေး ခရီးသွားခြင်း၊ ညှဉ်းပန်းနှိပ်စက်မှုဖြစ်ပွါးလေ့ရှိရာနေရာများ ဥပမာ - အကျဉ်းထောင်များ၊ ထိန်းသိမ်းရေးစခန်းများ၊ စစ်တပ်အခြေစိုက်နေရာများသို့ မကြာခဏ သွားရောက်လည်ပတ်ခြင်းများ ပြုလုပ်နိုင်သည်။ စုံစမ်းစစ်ဆေးခြင်းနှင့် အချက်အလက် ရှာဖွေရေးခရီးစဉ်များက ရရှိလာသည့် ကော်မတီ၏ တွေ့ရှိချက်များကို သင့်လျော်သည့် အကြံပြုချက်များနှင့်အတူ သက်ဆိုင်ရာ စာချုပ်ဝင်နိုင်ငံထံသို့ ပြန်လည်ပေးပို့သည်။ လုပ်ထုံးလုပ်နည်းများသည် လျှို့ဝှက်လုပ်ဆောင်ရသည် ဖြစ်သော်လည်း လုပ်ငန်းစဉ်ပြီးဆုံးသွားသည့်အခါ ကော်မတီသည် ၎င်း၏ နှစ်ပတ်လည် အစီရင်ခံစာတွင် အကျဉ်းချုပ်ရလာဒ်တစ်ခုအဖြစ် ထည့်သွင်းသင့်/မသင့် သက်ဆိုင်ရာစာချုပ်ဝင်နိုင်ငံနှင့် ဆွေးနွေးတိုင်ပင်ကာ ဆုံးဖြတ်ချက် ချနိုင်သည်။ ယနေ့အထိ ကော်မတီသည် စုံစမ်းစစ်ဆေးမှု ၁၀ ခု ပြုလုပ်ခဲ့ပြီး အာရှတိုက်၌ သိရိလင်္ကာနိုင်ငံ (၂၀၀၅) နှင့် နီပေါ နိုင်ငံ (၂၀၁၂) တို့တွင် စုံစမ်းစစ်ဆေးမှုများ ရှိခဲ့သည်။

CAT ၏ နောက်ဆက်တွဲသဘောတူစာချုပ်အရ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်၍ လူမဆန်သည့် သို့မဟုတ် လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် ပြုမူဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှုတို့ကို တားဆီးကာကွယ်ရေးဆိုင်ရာ ဆပ်ကော်မတီ (SPT) ကို ဖွဲ့စည်း တည်ထောင်ထားသည်။ ၎င်းကော်မတီအား နောက်ဆက်တွဲသဘောတူစာချုပ် အသက်ဝင်သည့် ၂၀၀၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထိုစာချုပ်အရ SPT သည် နောက်ဆက်တွဲ သဘောတူစာချုပ်အား အ

တည်ပြုလက်မှတ်ရေးထိုးထားသည့် နိုင်ငံများရှိ ထိန်းသိမ်းရေးစခန်း/နေရာများသို့ သွားရောက်လည်ပတ်နိုင်သည်။ ထို့ပြင် နိုင်ငံများအနေဖြင့် ညှဉ်းပန်းနှိပ်စက်မှု တားဆီး ကာကွယ်နိုင်ရန် အကျဉ်းကျနေသူများအပေါ် ပြုမူဆက်ဆံပုံများကို စောင့်ကြည့်လေ့လာခြင်း၊ အစိုးရ အာဏာပိုင်များထံ အကြံပြုချက်များနှင့် လမ်းညွှန်ချက်များ ပေးနိုင်ရေးတို့အတွက် လွတ်လပ်သည့် အမျိုးသားအဆင့် တားဆီးကာကွယ်ရေးယန္တရား (NPM) ကို ထူထောင်ထားရှိရန် လိုအပ်သည်။ ဖွဲ့စည်းထားသော NPM သည် SPT ထံမှ အကူအညီ အထောက်အပံ့နှင့် အကြံပြုချက်များ ရယူနိုင်သော်လည်း အစိုးရတစ်ရပ်ထံမှ အပြည့်အဝ အမှီအခို ကင်းရမည်ဖြစ်သည်။ SPT သည် ရဲစခန်းများ၊ အကျဉ်းထောင်များ၊ ထိန်းသိမ်းရေးစခန်းများ၊ စိတ်ကျန်းမာရေးဆေးရုံများ၊ အခြားသော လူမှုရေး စောင့်ရှောက်မှု အင်စတီကျူးရှင်းများ စသည့် နေရာများသို့ သွားရောက် လည်ပတ်နိုင်သည်။ ထို့ပြင် ညှဉ်းပန်းနှိပ်စက်မှု၊ အခြားရက်စက်၍ လူမဆန်သည့် သို့မဟုတ် လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် ပြုမူဆက်ဆံများကို တားမြစ်ဆန့်ကျင်ရေးအတွက် ချမှတ်ထားသည့် စံနှုန်းများနှင့် ကိုက်ညီလိုက်နာမှုရှိစေရေးအတွက် ထိန်းသိမ်းရေးနေရာများရှိ အခြေအနေများကို စစ်ဆေးခြင်း၊ သက်ဆိုင်ရာအစိုးရ၊ ဝန်ထမ်းများ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် စကားပြောဆိုခြင်းများကို ပြုလုပ်နိုင်သည်။ ဖွဲ့စည်းတည်ထောင်သည့် ၂၀၀၆ ခုနှစ်မှစကာ SPT သည် စုစုပေါင်း နိုင်ငံ ၆၀ ခန့်တွင် စုံစမ်းစစ်ဆေးရေး အလည်အပတ်ခရီးစဉ်ပေါင်း ၈၀ ခန့် သွားရောက်ခဲ့ပြီး ဖြစ်သည်။ (အချို့နိုင်ငံများထံ နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်အထိ သွားရောက် စစ်ဆေးခဲ့သည်) အရှေ့တောင်အာရှ၌ ကမ္ဘောဒီးယားနိုင်ငံအား (၂၀၀၉ နှင့် ၂၀၁၃) တို့တွင် ၂ ကြိမ်၊ ဖိလစ်ပိုင်နိုင်ငံအား ၂၀၁၅ ခုနှစ်တွင် ၁ ကြိမ် စုံစမ်းစစ်ဆေးခဲ့သည်။

၁၉.၄ အတင်းအကျပ် လက်စဖျောက်ခြင်းအား တားဆီးကာကွယ်ခြင်း - နိုင်ငံတကာ စံနှုန်းများ နှင့် ယန္တရားများ

အတင်းအကျပ်လက်စဖျောက်ခြင်းကို ဒုတိကကမ္ဘာစစ်မတိုင်မီနှင့် စစ်အတွင်း နာဇီဂျာမနီ တို့က ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြောင်းသိထားသော်လည်း ၁၉၇၀ ခုနှစ်များတွင် လူ့အခွင့်အရေး ပြဿနာ တစ်ရပ်အဖြစ် လက်တင်အမေရိကမှ စတင်ကာ အသိအမှတ် ပြုလာခဲ့သည်။ ချီလီ လူမျိုး လူ့အခွင့်အရေးရှေ့နေတစ်ဦးဖြစ်သူ José Zalaquett ဆိုသူက ၎င်းအမှုလိုက်ပေးနေသည့် အကျဉ်းသားအချို့မှာ လုံခြုံရေးတပ်ဖွဲ့များက ချုပ်နှောင်ထားသည်ဟု ထင်ရသော်လည်း အဆက်အသွယ်မရဘဲ မျက်စိအောက်မှ ပျောက်သွားသည့် အဖြစ်ကို သတိပြုမိခဲ့သည်။ လက်တင်အမေရိကတွင် ဖြစ်ပွါးခဲ့သည့် မြောက်များစွာသော လက်စ ဖျောက်ခံရသည့် အဖြစ်များကြောင့် ၁၉၇၈ ခုနှစ်တွင် ထိုအရေးကိစ္စအား ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ပထမဦးဆုံးအကြိမ် ဆွေးနွေးခဲ့သည်။ ရလာဒ်အနေဖြင့် အတင်း အကျပ် သို့မဟုတ် ဆန္ဒမပါ လက်စဖျောက်ခံရခြင်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ (WGEID) ကို ဒေသတစ်ခုမှ အဖွဲ့ဝင်ဦးရေ ၅ ဦးစီဖြင့် ဖွဲ့စည်းခဲ့ပြီး အထူးစုံစမ်းစစ်ဆေးရေးအရာရှိနှင့် ဦးတည်ချက်ချင်း ဆင်တူသည်ဟု ဆိုနိုင်သည်။ လုပ်ငန်းအဖွဲ့၏ အဓိက လုပ်ဆောင်ချက်သည် လက်စဖျောက်ခံရသည့်ဖြစ်ရပ်များအား မှတ်တမ်းတင်ထားပြီး လက်စဖျောက်ခံရသည့်ပုဂ္ဂိုလ်များအကြောင်း သတင်းအချက်များကို အစိုးရများထံမှ တောင်းယူရန် ဖြစ်

သည်။ ထိုသို့နှင့်ပင် ၎င်း၏ နှစ် ၄၀ လုပ်ငန်းအတွင်း လက်စဖျောက်ခံရသည့် ဖြစ်ရပ်ပေါင်း ၆၀,၀၀၀ နီးပါးကို မှတ်တမ်းတင်နိုင်ခဲ့သည်၊ (၄၅,၀၀၀ ခန့်သည် ယနေ့တိုင် ရှိနေဆဲဖြစ်သည်) လုပ်ငန်းအဖွဲ့သည် စစ်ဆေးကြည့်ရှုရန် ခရီးများစွာ သွားရောက်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် အရှေ့တီမော၊ ၁၉၉၁ ခုနှစ်တွင် ဖိလစ်ပိုင်သို့ သွားရောက်ခဲ့သည်။

တစ်ချိန်တည်းမှာပင် လက်စဖျောက်ခံရခြင်းများအကြောင်း အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် ၎င်းတို့ လျော့နည်း ပပျောက်စေရေးအတွက် အပြည်ပြည်ဆိုင်ရာဥပဒေနယ်ပယ်တွင် တိုးတက်မှုများစွာ ရှိခဲ့ပြီး လူများအား အတင်းအကျပ်လက်စဖျောက်ခံရခြင်းကို ကာကွယ်ပေးရေး ကြေညာချက် စာတမ်း (၁၉၉၂) က သက်သေထူခဲ့သည်။ ထို့ပြင် အမေရိကန်နိုင်ငံများအဖွဲ့အစည်း (Organization of American States) အတွင်း ကျင့်သုံးသည့် လက်စဖျောက် ခံရခြင်းများအပေါ် အမေရိကန်နိုင်ငံများအကြား သဘောတူစာချုပ်သည်လည်း ၁၉၉၄ ခုနှစ် တွင် ပေါ်ပေါက်ခဲ့သည်။ ၂၀၀၁ ခုနှစ်ရောက်သည့်အခါ အတင်းအကျပ် လက်စဖျောက်ခြင်းကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ် ခုံရုံးတွင် ပြစ်မှုတစ်ခုအဖြစ် အသိအမှတ် ပြုလာခဲ့ကြသည်။ လူများကို အတင်းအကျပ် လက်စ ဖျောက်ခံရခြင်းမှ အကာအကွယ်ပေးရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICED) အား ကုလသမဂ္ဂအထွေထွေညီလာခံသည် ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ချမှတ်ခဲ့ပြီး နောက် ၄ နှစ်အကြာ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် အာဏာသက်ဝင်ခဲ့သည်။ ၂၀၂၀ ခုနှစ်တွင် နိုင်ငံပေါင်း ၆၀ ကျော်က အတည်ပြု လက်မှတ်ရေးထိုးထားပြီး အရှေ့တောင်အာရှတွင် အတည်ပြုလက်မှတ်ရေးထိုးမှု တစ်ခုတည်းသာ ရှိနေသည်၊ ICED သည် အတည်ပြုလက်မှတ်ရေး ထိုးမှုအနည်းဆုံးသော လူ့အခွင့်အရေးစာချုပ်တစ်ခုလည်းဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ တစ်စိတ် တစ်ပိုင်းအားဖြင့် အသစ်ထွက်ပေါ်လာသော စာချုပ်ဖြစ်ခြင်းကြောင့် ဖြစ်နိုင်ပြီး _ အတည်ပြု လက်မှတ် ရေးထိုးရန်အတွက် အချိန် ၁၀ နှစ်သာ သတ်မှတ်ထားသည်။ သို့သော် အခြား အ ကြောင်းပြချက် တစ်ခုမှာ စာချုပ်မှ ဖြစ်ပေါ်လာမည့် တရားခံလွှဲပြောင်းရေး နှင့် ကမ္ဘာလုံးဆိုင်ရာ စီရင်ပိုင်ခွင့် ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများကြောင့် ဖြစ်နိုင်ပေသည်။

အလေးထားစရာ

ဖော်ပြထားသည့် လက်စဖျောက်ခံရခြင်းအကြောင်း

လူများအား အတင်းအကျပ်လက်စဖျောက်ခံရခြင်းကို ကာကွယ်ပေးရေး ကြေညာချက် စာတမ်း၌ လက်စဖျောက်ခံရခြင်းကို “လူဂုဏ်သိက္ခာအား စော်ကားမှုတစ်ခု” အဖြစ် ဖော်ပြထားသည်။

လူများအား အတင်းအကျပ်လက်စဖျောက်ခံရခြင်းဆိုင်ရာ အမေရိကန်နိုင်ငံများအကြား သဘော တူစာချုပ်၏ နိဒါန်း အပိုဒ် ၃ တွင် လက်စဖျောက်ခံရခြင်းအား ‘လူသားဖြစ်ခြင်း၏ မွေးရာပါ ဂုဏ် သိက္ခာရှိမှုကို ဆန့်ကျင်သော ပြင်းထန်သည့် စက်ဆုပ်ဖွယ်ပြစ်မှု’ အဖြစ် အဓိပ္ပါယ် ဖွင့်ဆိုထား သည်။

“အတင်းအကျပ် လက်စဖျောက်ခံရခြင်းဖြစ်စဉ်သည် [……] လူ့အခွင့်အရေးချိုးဖောက်မှုများတွင် အဆိုးရွားဆုံးဖြစ်သည်။ ၎င်းသည် လူ့အခွင့်အရေးအဓိကအနှစ်သာရအတွက် စိန်ခေါ်ချက်တစ်ရပ်ဖြစ်ပြီး လူသားများ၏ တည်ရှိမှုနှင့်ဖြစ်တည်မှုရှိခွင့်ကို ငြင်းပယ်ခြင်း ဖြစ်သည်။ အတင်းအကျပ်လက်စဖျောက်ခံရခြင်းသည် လူသားများကို ဘာမှမဟုတ်သူများ (nonbeings) များအဖြစ် ပြောင်းလဲလိုက်ခြင်းဖြစ်သည်။ ၎င်းသည် အဆိုးရွားဆုံးသော အဂတိလိုက်စားမှုဖြစ်ပြီး အာဏာအလွဲသုံးစားမှုဖြစ်ကာ တာဝန်ရှိသူများက ဥပဒေ စိုးမိုးရေးကို ပြက်ရယ်ပြုဖွယ်ကောင်းသော အရာအဖြစ် ပြောင်းလဲလိုက်ခြင်းနှင့် ကြီးလေးသော ပြစ်မှုများ ကျူးလွန်ခွင့်ပေးထားသည့် သဘော ဖြစ်သည်။”

NGO တစ်ခုဖြစ်သည့် International Commission of Jurists (ICJ)၏ အတွင်းရေးမှူးချုပ်ဖြစ်သူ Nail MacDermot

ဇယား ၁၉.၂ - လူများအား အတင်းအကျပ် လက်စဖျောက်ခံရခြင်းမှ အကာအကွယ်ပေးရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အပေါ် နိုင်ငံများ၏ အတည်ပြုလက်မှတ်ရေးထိုးခြင်း (၂၀၁၉ အရ)

နိုင်ငံ	ပဏာမ လက်မှတ်ရေးထိုးသည့် (သို့) အတည်ပြု လက်မှတ်ရေးထိုးသည့်နေ့	တစ်ဦးချင်း ဆက်သွယ်တိုင်တန်းမှုများ လက်ခံမှု	စုံစမ်းစစ်ဆေးရေး လုပ်ထုံးလုပ်နည်းများ လက်ခံမှု
ဘရူနိုင်းဒါရုဆလင်	ဆောင်ရွက်မှု မရှိ	-	-
ကမ္ဘောဒီးယား	၂၀၁၃	မရှိ	၂၀၁၃
အင်ဒိုနီးရှား	၂၀၁၀ တွင်ပဏာမ လက်မှတ်ထိုးခဲ့	-	-
လာအို PDR	၂၀၀၈ တွင်ပဏာမ လက်မှတ်ထိုးခဲ့	-	-
မလေးရှား	ဆောင်ရွက်မှု မရှိ	-	-
မြန်မာ	ဆောင်ရွက်မှု မရှိ	-	-
ဖိလစ်ပိုင်	ဆောင်ရွက်မှု မရှိ	-	-
စင်္ကာပူ	ဆောင်ရွက်မှု မရှိ	-	-

ထိုင်း	၂၀၁၂ တွင် ပဏာမ လက်မှတ်ထိုးခဲ့	-	-
အရှေ့တီမော	ဆောင်ရွက်မှု မရှိ	-	-
ဗီယက်နမ်	ဆောင်ရွက်မှု မရှိ	-	-

၁၉. ၄. ၁. လက်စဖျောက်ခံရခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

အတင်းအကျပ်လက်စဖျောက်ခံရခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ၁၉၉၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး၏ Rome ဖွဲ့စည်းပုံဥပဒေ၊ အပိုဒ် ၇ တွင် အောက်ပါအတိုင်း ထည့်သွင်းဖော်ပြထားသည်-

> *"လူများအား လက်စဖျောက်ခြင်းဆိုသည်" မှာ နိုင်ငံတော် သို့မဟုတ် နိုင်ငံရေး အဖွဲ့တစ်ခုက ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့၏ သဘောတူ၊ ထောက်ပံ့၊ ခွင့်ပြုမှုတို့ဖြင့် လူများအား ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း သို့မဟုတ် သွေးဆောင်ခေါ်ယူခြင်းဖြစ်ပြီး ထိုလက်စဖျောက်ခံရသူများ၏ လွတ်လပ်မှုပိတ်ပင်ထားခြင်းအကြောင်း အသိအမှတ်ပြုရန်၊ သို့မဟုတ် ထိုသူများ၏ ကံကြမ္မာ သို့မဟုတ် တည်ရှိနေမှုအကြောင်း သတင်းအချက်အလက်ပေးရန် ငြင်းဆိုခြင်းဖြင့် ထိုသူများအား ဥပဒေ၏ အကာ အကွယ်ထံမှ ကာလရှည်ကြာ ဖယ်ထုတ်ထားလိုခြင်းဖြစ်သည်။"*

ဤကဲ့သို့ရှုပ်ထွေးလှသည့် ပြစ်မှုအတွက် ဥပဒေအရစည်းနှောင်မှုရှိသည့် ပထမဦးဆုံး ရေးဆွဲထားသော စာချုပ်စာတမ်းတစ်ခုဖြစ်မှာ ICED ဖြစ်ပြီး ၎င်း၏ အပိုဒ် ၂ တွင် အလားတူ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို တွေ့နိုင်သည်။

> *"လက်စဖျောက်ခံရခြင်း" သည် နိုင်ငံ၏ သဘောတူ၊ ပံ့ပိုး၊ ခွင့်ပြုပေးမှုဖြင့် လူတစ်ဦး သို့မဟုတ် လူတစ်စု သို့မဟုတ် နိုင်ငံတွင် ဆောင်ရွက်ခွင့်ရှိသူက ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ သွေးဆောင်ခေါ်ယူခြင်း သို့မဟုတ် အခြားသောပုံစံဖြင့် လွတ်လပ်ခွင့်ကို ပိတ်ပင်တားမြစ်ခြင်းတို့အပြင် လက်စဖျောက်ခြင်းခံရသူ၏ အကြောင်း သို့မဟုတ် ကံကြမ္မာကို ဖုံးကွယ်ခြင်း သို့မဟုတ် လွတ်လပ်ခွင့် ပိတ်ပင်ထားမှုကို အသိအမှတ်ပြုရန် ငြင်းဆိုခြင်းအားဖြင့် လူတစ်ဦးအား ဥပဒေ၏ အကာအကွယ်ပေးခြင်းပြင်ပသို့ ရောက်ရှိစေခြင်းကို ဆိုသည်။*

အတင်းအကျပ်လက်စဖျောက်ခံရခြင်းသည် ရှုပ်ထွေးသောပြစ်မှုတစ်ခုဖြစ်သည်။ များစွာသော လူ့အခွင့်အရေးချိုးဖောက်မှုများ တစ်ပြိုင်နက်တည်း ဖြစ်ပေါ်သည်ဟု ယူဆနိုင်ပြီး ၎င်းတို့တွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံခွင့်နှင့် ဂုဏ်သိက္ခာရှိပိုင်ခွင့်၊ ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် အခြားရက်စက်ပြီး လူမဆန်သော၊ လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ပြုမူဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုများ တွေ့ကြုံခံစားရခြင်း မရှိပိုင်ခွင့်၊ လူသားဆန်စွာ ချုပ်နှောင်ခံရသည့် အခြေအနေများ ရပိုင်ခွင့်၊ ဥပဒေရေးရာ ကိုယ်စားလှယ်ရပိုင်ခွင့်၊ မျှတသည့် တရားခွင် ရပိုင်ခွင့်၊ မိသားစုဘဝ ရပိုင်ခွင့်နှင့် (သွေးဆောင်ခြင်းခံရသူ အသတ်ခံရသည့်အခါ) အသက် ရှင်သန်ပိုင်ခွင့်များအထိ ပါဝင်သည်။

အထက်ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်နှစ်ရပ်တွင် ပါရှိသည့် စကားလုံးများ ကွဲလွဲမှုအချို့ ရှိသော်လည်း ထူးခြားသည့်ပြုမူလုပ်ဆောင်ချက် နှစ်ရပ်အနေဖြင့် တူညီကြပေသည်။ ၎င်းတို့မှာ လက်စဖျောက်ခံရသူ၏ ကံကြမ္မာနှင့် တည်ရှိရာနေရာတို့ကို ဖုံးကွယ်ထားခြင်းနှင့် ထိုသို့ လုပ်ဆောင်ထားမှုကြောင့် ထိုသူ၏ လွတ်လပ်ခွင့်ကို ပိတ်ပင်တားမြစ်ခြင်း ဖြစ်သည်။ ICED ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် မူကြမ်းရေးဆွဲရေးကော်မတီ၏ စိတ်ကူးကို ထင်ဟပ်စေပြီးလျှင် အတင်းအကျပ်လက်စဖျောက်သည့်အပြုအမူတစ်ခုတွင် အောက် ဖော်ပြပါ နောက်ခံ အကြောင်းရင်းများအနက် အနည်းဆုံး ၃ ခု ပါဝင်ရမည်ဖြစ်သည်။

(က) လက်စဖျောက်ခြင်းခံရသူ၏ ဆန္ဒကိုဆန့်ကျင်၍ လွတ်လပ်ခွင့်ကို ပိတ်ပင်တားမြစ်ခြင်း၊

(ခ) အနည်းဆုံး အစိုးရ အရာရှိများ၏ သွယ်ဝိုက်သော သဘောတူညီမှု ပါရှိခြင်း၊ နှင့်

(ဂ) ချုပ်နှောင်ထားခြင်းကို အသိအမှတ်ပြုရန်၊ လက်စဖျောက်ခြင်းခံရသူ၏ ကံကြမ္မာနှင့် တည်ရှိရာနေရာတို့အား ထုတ်ဖော်ပြောရန် ငြင်းဆိုခြင်းဖြင့် ဥပဒေ အကာအကွယ်ပြင်ပသို့ ရောက်ရှိစေခြင်း တို့ဖြစ်သည်။

သဘောတရားရေးရာ

ဥပဒေ၏ အကာအကွယ်ပြင်ပသို့ ရောက်ရှိနေသူ

နိုင်ငံအနေဖြင့် လူပုဂ္ဂိုလ်များ ဖမ်းဆီးထိန်းသိမ်းရန်အတွက် ဥပဒေအရာရှိများ (officers of law) ကို အသုံးပြုနိုင်သော်လည်း ထိုဖမ်းဆီးခံပုဂ္ဂိုလ်များအနေဖြင့် ရှေ့နေများ၊ ရဲများ၊ တရားရုံးစနစ်စသည့် ဥပဒေ၏ အကာအကွယ်ကို လက်လှမ်းမမီနိုင်ပေ။

၎င်းသည် ICED ရေးဆွဲစဉ်အချိန်က ဆွေးနွေးဖွယ်ခေါင်းစဉ်တစ်ခုဖြစ်ခဲ့သည်၊ အကြောင်းမှာ များစွာသော အစိုးရကိုယ်စားလှယ်များက နိုင်ငံတစ်ခု၏ ကြံရွယ်ချက်ကို သက်သေပြနိုင်ရေးမှာ ခက်ခဲနိုင်ကြောင်း ယူဆခဲ့ကြပြီး လူတစ်ဦးအား ရဲအရာရှိ သို့မဟုတ် စစ်တပ်က ဖမ်းဆီး ထိန်း

သိမ်းလိုက်ခြင်းသည် ဥပဒေပြင်ပသို့ ရောက်ရှိခြင်းမဟုတ်ဟု နိုင်ငံတစ်နိုင်ငံက တောင်းဆိုလာနိုင်ခြင်းကြောင့်ဖြစ်သည်။ သို့ရာတွင် အတင်းအကျပ်လက်စဖျောက်ခံရခြင်းဆိုင်ရာ ကော်မတီက "ဥပဒေ၏ အကာအကွယ်ပြင်ပသို့ရောက်ရှိစေခြင်း" အား အတင်း အကျပ် လက်စဖျောက်သည့် ပြစ်မှုကို ကျူးလွန်ခြင်း၏ နောက်ဆက်တွဲအကျိုးဆက်တစ်ရပ် အဖြစ် စဉ်းစားခဲ့သည်။

အတင်းအကျပ်လက်စဖျောက်ခံရခြင်းအား ဆိုးရွားပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှု တစ်ခုအဖြစ် အများက အသိအမှတ်ပြုလက်ခံထားသည်။ များစွာသော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာလူ့အခွင့်အရေးစာချုပ်စာတမ်းများအပြင် အမျိုးမျိုးသော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးအဖွဲ့များ၏ စီရင်ထုံးဥပဒေဖြင့်လည်း ထိုယူဆထားချက်ကို ပံ့ပိုးပေးထားသည်။ များစွာသောစာချုပ်စာတမ်းများအကြား ပါရှိသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် ကွဲလွဲမှုရှိနိုင်သော်လည်း လက်စဖျောက်ခံရခြင်း၏ သဘောသဘာဝ၊ အန္တရာယ်၊ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်မှုနှင့် နစ်နာသူများအပေါ် ကူညီပေးရေးတို့နှင့် ပတ်သက်ပြီးလျှင် ယေဘုယျ တူညီမှုရှိကြသည်။ လက်စဖျောက်ခံရခြင်းအား အရေးပေါ်ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပေသည်၊ အဘယ့်ကြောင့်ဆိုသော် ကြိုးပမ်းအားထုတ်မှုများ ပိုစောလျင်စွာ လုပ်ဆောင်သည်နှင့်အမျှ လက်စဖျောက်ခြင်းခံရ သူ/သူမ အား သက်ရှိထင်ရှား ရှာတွေ့နိုင်ချေသည်လည်း ပိုမိုများပြားလာနိုင်ခြင်းကြောင့်ဖြစ်သည်။ လက်စဖျောက်ခြင်း၏ နစ်နာသူများ အဖြစ် လက်စဖျောက်ခြင်းခံရသူ၏ မိသားစုများ၊ သူငယ်ချင်းများလည်း ပါဝင်သည်ဟု မှတ်သားထားရမည်ဖြစ်သည်။

သဘောတရားရေးရာ

နစ်နာသူ

ICED သည် 'နစ်နာသူ' ဆိုသည့် စကားရပ်အပေါ် အကျယ်တဝင့် ဖွင့်ဆိုထားသည်။ ထို့ကြောင့် ၎င်းစကားရပ်သည် သွေးဆောင်ခေါ်ယူခြင်းခံရသူ (ဆိုလိုသည်မှာ- တိုက်ရိုက်နစ်နာသူ) ဖြစ်စေ၊ အတင်းအကျပ် လက်စဖျောက်ခြင်းရလာဒ်ကြောင့် တိုက်ရိုက်ထိခိုက်မှုခံစားရသည့် တစ်စုံတစ်ဦး (ဆိုလိုသည်မှာ- တဆင့်ခံနစ်နာသူ) ကို ဆိုလိုခြင်းဖြစ်သည်။ ဒုတိယနစ်နာသူများသည် အနီးကပ်ဆွေမျိုးများဖြစ်ကာ အရေးကြီးပေသည်။ ထိုသူများတွင် လက်စဖျောက်ခြင်းနှင့် ပတ်သက်သည့် အခြေအနေများ၊ စုံစမ်းစစ်ဆေးမှု၏ တိုးတက်မှု ရလာဒ်များ၊ လက်စဖျောက်ခံရသူ၏ အဆုံးစွန်သောကံကြမ္မာတို့နှင့် စပ်လျဉ်းပြီး အမှန်အတိုင်း အတိအကျသိရှိပိုင်ခွင့်ရှိပေသည်။

လက်တင်အမေရိကနှင့် နှိုင်းယှဉ်ကြည့်ပါက ဖိလစ်ပိုင်နိုင်ငံမှအပ အရှေ့တောင်အာရှတွင် လက်စဖျောက်ခြင်းဖြစ်ရပ်များ အများအပြား မရှိပေ။ လူသိများသော လက်စဖျောက်ခံရသည့် အမှုများစွာတွင် လူ့အခွင့်အရေး ခုခံတောင်းဆိုသူများ၊ ပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွ လှုပ်ရှားသူများ နှင့် အရှေ့တောင်အာရှအစိုးရများအပေါ် ဝေဖန်သူများပါဝင်ကြပြီး အချို့ကို အောက်တွင်

ပါရှိသည့် ‘အလေးထားစရာ’ ဇယားတွင် အသေးစိတ်ဖော်ပြထားသည်။ အာရှတစ်လွှားရှိ အချို့နိုင်ငံများတွင် လက်စဖျောက်ခြင်းဖြစ်ရပ်များသည် အထူးသဖြင့် ပဋိပက္ခဖြစ်ပွါးသည့် အချိန်များတွင် အဖြစ်များလေ့ရှိသည်။ ဥပမာ- နီပေါနိုင်ငံ ပြည်တွင်းစစ် (၁၉၉၆ - ၂၀၀၆) အတွင်း လူပေါင်း ၁,၅၀၀ ခန့်မှ ၃,၀၀၀ ခန့်အထိသည် အစိုးရနှင့် အတိုက်အခံ မားဝက်စ် (Maoists) တပ်ဖွဲ့နှစ်ဖက်စလုံး၏ အတင်းအကျပ် လက်စဖျောက်ခြင်းများကို ခံစားခဲ့ကြရသည်။ ကော်မရှင်ဖွဲ့စည်းပြီး များစွာသော စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ကာ အချို့သောကျူးလွန်သူများအား ရုံးတင်စစ်ဆေးမှုပြုလုပ်ခဲ့သော်လည်း လူအနည်းငယ်ကိုသာ အတင်းအကျပ်လက်စဖျောက်မှု ကျူးလွန်ကြောင်း စွဲချက်တင်နိုင်ခဲ့သည်။ အလားတူပင် သီရိလင်္ကာနိုင်ငံ၏ ပြည်တွင်းစစ် (၁၉၈၀ ခုနှစ်များ) အတွင်း လူပေါင်း ၆၅,၀၀၀ သည် လက်စဖျောက်ခံခဲ့ရပြီး ကမ္ဘာပေါ်ရှိ ဖြစ်ပွါးမှု အမြင့်ဆုံးနှုန်းထားများအကြား တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ အထူးသဖြင့် သီရိလင်္ကာအစိုးရက ဂျက်ဖနာနှင့် ကိုလံဘို မြို့ရှိ တမီးလ် (Tamils) များကို သွေးဆောင်ခေါ်ယူရန်အတွက် အမှတ်အသားမဲ့ “အဖြူရောင် ဗင်ကား” နည်းလမ်းကို အသုံးပြုခဲ့သည်။ အကျိုးဆက်အနေဖြင့် အစိုးရနှင့် စစ်တပ်ထိပ်တန်း အရာရှိများအပေါ် စွဲချက်များ တင်ခဲ့ကြပြီး ၎င်းတို့တွင် ကျော်ကြားသတင်းရှိသော ရာဇဝတ် သားများအား ဖမ်းဆီးရန် အသုံးပြုသည့် အဖြူရောင်ဗင်ကားများကို ထိန်းသိမ်းထားရှိသူ ကာကွယ်ရေးဝန်ကြီးနှင့် ရေတပ်ဒုတိယဗိုလ်မှူးကြီးတစ်ဦး ပါဝင်ခဲ့သည်။ သို့ရာတွင် အတိုက်အခံအုပ်စုဖြစ်သည့် Tamil Tigers များကလည်း အတင်းအကျပ် လက်စဖျောက်ခြင်းများ ကျူးလွန်ခဲ့ကြသည်။ သီရိလင်္ကာနိုင်ငံတွင် ထိုကဲ့သို့ ပြစ်မှုများအတွက် မည်သူ တစ်ဦးတစ်ယောက်မျှ ရုံးတင်စစ်ဆေးခံရခြင်း မရှိခဲ့ပေ။

အလေးထားစရာ

အရှေ့တောင်အာရှရှိ လက်စဖျောက်ခံရခြင်းများ

ဖိလစ်ပိုင်နိုင်ငံတွင် ဖြစ်ပွါးခဲ့သည့် လက်စဖျောက်ခံရခြင်းများ

အရှေ့တောင်အာရှ၌ ဖိလစ်ပိုင်သည် လက်စဖျောက်ခံရသည့်အရေအတွက် အများဆုံး နိုင်ငံဖြစ်သည်။ လက်ရှိခန့်မှန်းချက်အရ မာကို့စ်အစိုးရလက်ထက်နောက်ပိုင်းမှစကာ လူပေါင်း ၂,၀၀၀ ဝန်းကျင်အထိ ရှိခဲ့သည်။ ၎င်းတို့တွင် ၁,၁၆၅ ဦးသည် ပျောက်ဆုံးဆဲဖြစ်ပြီး ၅၈၇ ဦးအား အသက်ရှင်လျက် တွေ့ခဲ့ကာ ၂၂၄ ဦးအား သေဆုံးပြီးနောက်မှ တွေ့ရှိခဲ့သည်။ သမ္မတ ဒူတာတေး လက်ထက်ရောက်သည့်တိုင် (ဖြစ်ရပ် ၄၅ ခု အစီရင်ခံခဲ့သော်လည်း) ဖြစ်ရပ်ပေါင်း ၂၃ ခုကို စာရင်းသွင်းခဲ့ရသည်။ ၎င်းအမှုများအနက် ၉ ဦးသည် ပျောက်ဆုံးဆဲ ဖြစ်ပြီး ၄ ဦးအား အသက်ရှင်လျက် ပြန်တွေ့ခဲ့သော်လည်း ကျန်ရှိသည့် ၁၀ ဦးအား သေဆုံးပြီးနောက်မှ ရှာတွေ့ခဲ့သည်။ အဆိုးရွားဆုံးသောကာလမှာ သမ္မတ မားကို့စ် လက်ထက်ဖြစ်ပြီး ဖြစ်ရပ်ပေါင်း ၉၂၆ ခု ဖြစ်ပွါးခဲ့သည်။

၎င်းတို့တွင် ၆၁၃ ဦးသည် ပျောက်ဆုံးဆဲဖြစ်ပြီး ၁၉၀ ဦးအား အသက်ရှင်လျက်ပြန်တွေ့ခဲ့ကာ ၁၂၃ ဦးအား သေဆုံးပြီးနောက်မှ ရှာတွေ့ခဲ့သည်။

ထိုင်းနိုင်ငံတွင် ဖြစ်ပွါးခဲ့သည့် ကရင်လူမျိုး တက်ကြွလှုပ်ရှားသူ Pholachi "ဘီလီ" "Billy" Rakchongcharoen ဖြစ်ရပ်

ဘီလီသည် ထိုင်းနိုင်ငံရှိ ၎င်း၏ကရင်လူ့အဖွဲ့အစည်းအတွက် ပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွ လှုပ်ရှားသူအဖြစ်ဆောင်ရွက်သည့်အပြင် လူ့အခွင့်အရေး ခုခံတောင်းဆိုသူတစ်ဦးလည်း ဖြစ်သည်။ သူသည် ဘန်ကောက်မြို့ တောင်ဘက်ရှိ Kaeng Krachan ပြည်သူ့ဥယျာဉ်အနီး တွင် နေထိုင်သည်။ ကရင်မိသားစု ၂၀ ၏ အိမ်နှင့် ပစ္စည်းများအား ပြည်သူ့ဥယျဉ်အရာရှိများက မီးရှို့ ဖျက်ဆီးသည့် ဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် အစိုးရအရာရှိများအပေါ် ဘီလီသည် တိုင်ကြားစာများ ရေးသားခဲ့သည်။ သို့သော် ထိုကိစ္စနှင့်ပတ်သက်သည့် အစည်းအဝေးတစ်ခု တက်ရောက်ရန် သွားသည့်အခိုက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် သဘာဝပျားလပို့ တစ်ခုနှင့် ပျားရည် ၆ လုံး တရားမဝင် လက်ဝယ်ထားရှိမှုဖြင့် ပြည်သူ့ဥယျာဉ်ဝန်ထမ်းများ၏ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံခဲ့ရသည်။ အရာရှိများက ဘီလီအား စစ်ဆေးမေးမြန်းပြီးနောက် ပြန်လွှတ်ပေးမည်ဟု ပြောဆိုခဲ့သော်ငြား ထပ်မံမတွေ့ရတော့ဘဲ နောက် ၅ နှစ်ကြာမြင့်ပြီး နောက် ရေလှောင်ကန် တစ်ခုအတွင်း၌ ၎င်း၏ ခန္ဓာကိုယ်အား ရှာဖွေတွေ့ရှိခဲ့သည်။ ပြည်သူ့ဥယျာဉ်၏ ရုံးသုံး မော်တော်ယာဉ်တစ်စီးတွင် လူသွေး အစအနများ တွေ့ရှိခဲ့သော်လည်း သွေးအား စစ်ဆေးမှု မပြုလုပ်ရသေးခင် လက်စဖျောက်ကာ သန့်ရှင်းခဲ့ကြသည်။ စုံစမ်း စစ်ဆေးမှုကို ဆက်လက် လုပ်ဆောင်ခဲ့သော်ငြားလည်း ၂၀၂၀ အထိ မည်သူတစ်ဦးကိုမျှ တရားစီရင်ခြင်း မပြုလုပ်ရသေးပေ။

ထိုင်းနိုင်ငံရှိ မဖြေရှင်းရသေးသော အတင်းအကျပ်လက်စဖျောက်ခံရသည့် အမှုပေါင်း ၈၅ ခု အနက် ဘီလီ၏ဖြစ်ရပ်သည် တစ်ခုအပါအဝင်ဖြစ်သည်။ ထိုအမှုများတွင် ကုန်သွယ်မှု သမဂ္ဂ ဥက္ကဋ္ဌဖြစ်သူ Thanon Po-Arn ၊ လူ့အခွင့်အရေးရှေ့နေတစ်ဦးဖြစ်ပြီး မွတ်စလင်ရှေ့နေများ အသင်း၏ ဥက္ကဋ္ဌဖြစ်သူ Somchai Neelapaijit တို့ ပါဝင်ပြီး Somchai သည် ၂၀၀၄ ခုနှစ်တွင် စစ်တပ်အရာရှိများ၏ ကားတစ်စီးအတွင်းသို့ အတင်းအကျပ် ခေါ်ဆောင်ခြင်းကို ခံခဲ့ရသည်။ ၎င်းသည် ထိုင်းနိုင်ငံတောင်ပိုင်း၌ ထိုင်းစစ်တပ်က ကျူးလွန်ခဲ့သည့် ညှဉ်းပန်းနှိပ်စက်မှုများ အကြောင်း စုံစမ်းထောက်လှမ်းခဲ့သူဖြစ်သည်။

လာအို PDR တွင် ဖြစ်ပွါးခဲ့သည့် Sombat Somphone ဖြစ်ရပ်

Sombat သည် လာအိုနိုင်ငံရှိ အစားအသောက် လုံခြုံရေး၊ စဉ်ဆက်မပြတ် လယ်ယာ စိုက်ပျိုးရေးနယ်ပယ်များနှင့်ပတ်သက်ပြီး နိုင်ငံတကာကအသိအမှတ်ပြုထားသည့် လူထုဖွံ့ဖြိုး တိုးတက်ရေး လုပ်ကိုင်သူ တစ်ဦးဖြစ်ခဲ့သည်။ မြို့တော် Vientiane ၌ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့

ညနေပိုင်းတွင် သွေးဆောင်ခေါ်ယူခြင်းခံခဲ့ရပြီး ရဲများက မော်တော်ကားတစ်စီးဖြင့် ခေါ်ယူသွားကြောင်း လုံခြုံရေးကင်မရာမှတ်တမ်းများအရ သိရှိခဲ့ရသည်။ အစိုးရဘက်က တာဝန်ရှိမှုတစ်စုံတစ်ရာမရှိကြောင်း ငြင်းဆိုခဲ့သည်။ ယနေ့အထိ စုံစမ်းစစ်ဆေးမှုမရှိခဲ့သလို ၎င်း၏ တည်ရှိရာနေရာနှင့် ပတ်သက်သည့် သဲလွန်စတစ်စုံတစ်ရာလည်း မရှိသေးချေ။ ထိုဖြစ်ရပ်သည် လာအိုရှိ အရပ်ဖက်တက်ကြွလှုပ်ရှားသူများအတွက် စိတ်အနှောင့်အယှက် ဖြစ်စေခဲ့သည်။ အကြောင်းမှာ Sombat သည် နိုင်ငံရေးတက်ကြွသူအဖြစ် လူသိများသူ မဟုတ်ဘဲ လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုအပိုင်းကိုသာ အဓိက လုပ်ဆောင်ခဲ့သူဖြစ်ခြင်း ကြောင့်ဖြစ်သည်။

၁၉. ၄. ၂ လူများကို အတင်းအကျပ်လက်စဖျောက်ခံရခြင်းမှ အကာအကွယ်ပေးရေး ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင်ပါရှိသည့် အခွင့်အရေးများနှင့် တာဝန်များ

လူများကို အတင်းအကျပ်လက်စဖျောက်ခံရခြင်းမှ အကာအကွယ်ပေးရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် သို့မဟုတ် ICED ၏ အပိုဒ် ၄ အရ “အတင်းအကျပ် လက်စဖျောက်ခြင်းအား ပြည်တွင်းရာဇဝတ်ဥပဒေအရ အရေးယူနိုင်သည့် ပြစ်မှု တစ်ခုအဖြစ် အသေအချာသတ်မှတ်ရန် လိုအပ်သော နည်းလမ်းများကို လုပ်ဆောင်ရန်” စာချုပ်ဝင်နိုင်ငံများ အနေဖြင့် လိုအပ်သည်။ ထိုအချက်အရ လူပုဂ္ဂိုလ်တစ်ဦးချင်းအပေါ် တာဝန်ယူရန် အတွက် ပြည်တွင်းတရားစီရင်ရေးသည် အဓိကနည်းလမ်းဖြစ်လာပေသည်။ သို့ရာတွင် အတင်းအကျပ်လက်စဖျောက်ခြင်းကို အရေးယူအပြစ်ပေးနိုင်သည့် အခြားနည်းလမ်းများ အဖြစ် နိုင်ငံ၏ စီရင်ပိုင်ခွင့်ကို တိုးချဲ့ခြင်း (CAT နှင့် အတော်ဆင်တူသည်) ၊ မိမိနိုင်ငံ၏ စီရင်ပိုင်ခွင့်ကျင့်သုံးနိုင်သည့် နယ်နိမိတ်တစ်ခုအတွင်း ပြစ်မှုကျူးလွန်ခဲ့သည့်အခါ၊ ကျူးလွန်ကြောင်း စွပ်စွဲခံရသူသည် မိမိနိုင်ငံသားဖြစ်သည့်အခါ၊ သို့မဟုတ် လက်စဖျောက်ခံရသူသည် မိမိနိုင်ငံသားဖြစ်သည့်အခါ၊ (အပိုဒ် ၉ အရ) ‘သင့်လျော်သည်’ ဟု စာချုပ်ဝင်နိုင်ငံတစ်ခုက ထင်မြင်သည့်အခါ၊ အတင်းအကျပ် လက်စဖျောက်သည့် လုပ်ရပ်များအပေါ် အသေအချာ စီရင်ပိုင်ခွင့်ကျင့်သုံးပေးရန် နိုင်ငံများထံ တောင်းဆိုခြင်းများ ပေးပို့ခြင်း ပါဝင်သည်။ ပြစ်မှု ကျူးလွန်ကြောင်း စွပ်စွဲထားသူများအား အပြစ်ကျူးလွန်ရာနေရာ၏ ပြည်တွင်း စီရင်ပိုင်ခွင့်အတိုင်း အရေးယူဆောင်ရွက်ခြင်းက ပိုမို သင့်လျော်ပေသည်၊ အကြောင်းမှာ ပြည်တွင်းအမှုစစ်ဆေးခြင်းများ၌ မျက်မြင်သက်သေ အပါအဝင် သက်သေအထောက်အထားများ အလွယ်တကူ ရနိုင်ဖွယ်များခြင်းကြောင့်ပင် ဖြစ်သည်။ ထို့ပြင် ပြည်တွင်းအမှုစစ်ဆေးမှုများသည် လက်စဖျောက်မှုဖြစ်ပွားရာနေရာရှိ လူ့အဖွဲ့အစည်း၏ တာဝန်ခံမှုဖြစ်စဉ်အပေါ် ချုပ်ကိုင်နိုင်မှု ရှိသည့် သဘောထားအမြင်ကို မြှင့်တင်ပေးရာရောက်စေသည်။ ICED ၏ အပိုဒ် ၉ တွင်လည်း ကမ္ဘာလုံးဆိုင်ရာ မဖြစ်မနေ စီရင်ပိုင်ခွင့် အကြောင်း ဖော်ပြထားပြီး ပြဋ္ဌာန်းချက်တွင် အောက်ပါ အတိုင်း ပါရှိသည်-

အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံးတစ်ခုက စီရင်ပိုင်ခွင့်ရှိကြောင်း အသိအမှတ် ပြုထားမှုအရ ထိုသူ/သူမအား ဖမ်းဆီးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ တာဝန်ဝတ္တရားများအရ ဖမ်းဆီးပေးခြင်း သို့မဟုတ် အခြားနိုင်ငံသို့ တရားခံလွှဲပြောင်း ပေးခြင်းမျိုးမရှိခဲ့ပါလျှင် စာချုပ်ဝင်နိုင်ငံအနေဖြင့် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူသည် မိမိစီရင်ပိုင်ခွင့် ကျင့်သုံးနိုင်သည့် နယ်မြေ တစ်ခုအတွင်းရှိနေသည့်အခါ ထိုပြစ်မှုကျူးလွန်သည့်အပေါ် မိမိ၏ စီရင်ပိုင်ခွင့် အပြည့်အဝကျင့်သုံးနိုင်ရေးအလို့ငှာ လိုအပ်သော နည်းလမ်းများကို ချမှတ်ဆောင်ရွက်ရမည်။

ကမ္ဘာလုံးဆိုင်ရာ မဖြစ်မနေ စီရင်ပိုင်ခွင့်၏ ထူးခြားလှသည့်အကြောင်းမှာ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေအရ အတင်းအကျပ်လက်စဖျောက်ခြင်းများအား လူသားထုအပေါ် ဆန့်ကျင်သည့် ပြစ်မှုတစ်ရပ်အဖြစ် မှတ်ယူထားခြင်းကြောင့်ဖြစ်သည်။ ကုလသမဂ္ဂတွင် စုံစမ်းစစ်ဆေးမှုးရာထူးအဖြစ် ဆောင်ရွက်ခဲ့သူ Manfred Nowak က လူ့အခွင့်အရေး ကော်မရှင်သို့ တင်သွင်းသော အစီရင်ခံစာတစ်စောင်တွင် အတင်းအကျပ် လက်စဖျောက်ခံရခြင်းများနှင့် ပတ်သက်၍ အောက်ပါအတိုင်းဖော်ပြခဲ့သည်-

အတင်းအကျပ်လက်စဖျောက်ခံရသည့် အမှုတစ်ခုချင်းအတွက် သင့်လျော်သည့် ပြစ်ဒဏ်ပေးခြင်းနှင့်အတူ ကမ္ဘာလုံးဆိုင်ရာ မဖြစ်မနေစီရင်ပိုင်ခွင့် ကျင့်သုံးလိုက်ခြင်းသည် နောင်တွင် ဖြစ်လာမည့် အတင်းအကျပ်လက်စဖျောက်သည့် အလေ့အထများကို ဟန့်တားနိုင်မည့် အထိရောက်ဆုံးနည်းလမ်းတစ်ခုဖြစ်ပေလိမ့်မည်။[30]

ICED တွင် ထည့်သွင်းထားသော ကမ္ဘာလုံးဆိုင်ရာ မဖြစ်မနေစီရင်ပိုင်ခွင့် မူသဘောတရားသည် အတင်းအကျပ်လက်စဖျောက်မှုများအား အပြည်ပြည်ဆိုင်ရာဥပဒေအရေ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ပြီး နိုင်ငံများအား ပြစ်မှုကျူးလွန်သူများအပေါ် စီရင်ပိုင်ခွင့် ကျင့်သုံးစေခြင်း ဖြစ်လာနိုင်ပေသည်။ ၎င်းသည် လူသားထုအပေါ် ကျူးလွန်သည့် ပြစ်မှု မမြောက်သော သို့မဟုတ် ညှဉ်းပန်းနှိပ်စက်မှုမမြောက်သော လုပ်ရပ်များအတွက် လုပ်ဆောင်နိုင်သော နည်းလမ်းတစ်ခု ဖြစ်သည်။

ICED သည် စွပ်စွဲထားသည့် ကျူးလွန်သူများအား တရားစွဲဆိုခြင်း သို့မဟုတ် တရားခံ လွှဲပြောင်းပေးခြင်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း စာချုပ်ဝင်နိုင်ငံများအပေါ် တာဝန်အပ်နှင်းထားသည်။ အပိုဒ် ၁၁ တွင် ဖော်ပြထားသည်မှာ-

[30] E/CN.4/2002/71, Report submitted by Mr. Manfred Nowak, independent expert charged with examining the existing international criminal and human rights framework for the protection of persons from enforced or involuntary disappearances, pursuant to paragraph 11 of Commission resolution 2001/46.

စာချုပ်အဖွဲ့ဝင်နိုင်ငံသည် မိမိ၏စီရင်ပိုင်ခွင့်နယ်မြေအတွင်း အတင်းအကျပ် လက်စ ဖျောက်မှု ကျူးလွန်ခဲ့သူအား တွေ့ရှိပါက အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး တစ်ခုခုက ထိုသူအပေါ် စီရင်ပိုင်ခွင့်ရှိကြောင်း အသိအမှတ်ပြုထားခြင်း မရှိလျှင်သော်လည်း ကောင်း၊ သို့မဟုတ် အပြည်ပြည်ဆိုင်ရာတာဝန်ဝတ္တရားများနှင့်အညီ ၎င်းအား အခြား နိုင်ငံသို့ တရားခံလွှဲပြောင်းပေးခြင်း မရှိခဲ့လျှင်သော်လည်းကောင်း အဆိုပါပုဂ္ဂိုလ်အား တရားစွဲဆိုနိုင်ရန်အတွက် သက်ဆိုင်ရာအာဏာပိုင်များထံသို့ အမှုဖွင့် တင်ပြရမည်။

ထို့ကြောင့် ကမ္ဘာလုံးဆိုင်ရာစီရင်ပိုင်ခွင့်သည် စာချုပ်ဝင်နိုင်ငံများအကြား တည်ဆဲ တရားခံ လွှဲပြောင်းရေးစာချုပ်တစ်စုံတစ်ရာမရှိသည့်အခါ တရားခံလွှဲပြောင်းနိုင်ရေးအတွက် ကျင့်သုံး နိုင် သည့် ဥပဒေရေးရာ အခြေခံအချက်တစ်ခုဖြစ်ပြီး အတင်းအကျပ်လက်စဖျောက်မှု ကျူးလွန်သူ များ၏ နိုင်ငံရေးဆိုင်ရာကင်းလွတ်ခွင့် (political immunity) ရယူမှုကို ထိရောက်စွာ ဖယ်ထုတ် ပေးနိုင်ပေသည်။

၁၉. ၄. ၃ အတင်းအကျပ်လက်စဖျောက်ခြင်းဆိုင်ရာ ကော်မတီ

CAT နှင့် အခြားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အဓိကသဘောတူစာချုပ်များ အတိုင်းပင် ICED သည် စာချုပ်အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ကြီးကြပ်နိုင်ရေး အလို့ ငှာ သဘောတူစာချုပ်အဖွဲ့တစ်ခု (အတင်းအကျပ်လက်စဖျောက်ခြင်း ဆိုင်ရာ ကော်မတီ) ကို ဖွဲ့စည်းထားရှိသည်။ ကော်မတီသည် စာချုပ်ဝင်နိုင်ငံများ၏ အစီရင်ခံစာများ၊ တောင်းဆို ချက်များနှင့် ဆက်သွယ်တိုင်တန်းချက်များအပေါ် ကိုင်တွယ်ဖြေရှင်းနိုင်သည်။ ICED တွင် မဖြစ် မနေလုပ်ဆောင်ရသည့် အစီရင်ခံစာတင်သွင်းသည့် လုပ်ထုံးလုပ်နည်း၊ တစ်ဦးချင်းနှင့် နိုင်ငံများ အကြား ရွေးချယ်မှုပြုကာ တိုင်တန်းလွှာပေးပို့နိုင်သည့် လုပ်ထုံး လုပ်နည်းများအပြင် ခြေရာခံ သည့်လုပ်ထုံးလုပ်နည်းတစ်ခုလည်းပါဝင်သည်။ ၎င်းသည် စာချုပ် ဝင်နိုင်ငံများထံ အရေးပေါ် လုပ်ဆောင်ချက်များနှင့် ကြားဖြတ်အစီအစဉ်များ လုပ်ဆောင်ပေးရန် တောင်းဆိုခွင့်ရှိသည်။ ၎င်း သည် အတင်းအကျပ်နှင့် ဆန္ဒမပါဘဲ လက်စဖျောက်ခံရခြင်းများဆိုင်ရာ လုပ်ငန်းအဖွဲ့၏ လုပ် ဆောင်ပုံနှင့် တူညီပေသည်။ ကော်မတီသည် သွေးဆောင် ခေါ်ယူခြင်းခံရသူအား ရှာဖွေပေးရန် တောင်းဆိုချက်နှင့် စာချုပ်ဝင်နိုင်ငံတစ်ခုအား သတ်မှတ်ပေးထားသည့် အချိန်ကာလအတွင်း ရှာဖွေသည့်ပုဂ္ဂိုလ်၏ အချက်အလက်များ ပံ့ပိုးပေးရန် တောင်းဆိုချက်များ တင်သွင်းလာခြင်းကို လက်ခံစဉ်းစားနိုင်သည်။ ထိုကဲ့သို့ တောင်းဆိုချက်ကို သွေးဆောင် ခေါ်ယူခြင်းခံရသူ၏ ဆွေးမျိုးများက ဖြစ်စေ၊ သို့မဟုတ် ၎င်း၏ တရားဝင်ကိုယ်စားလှယ် များကဖြစ်စေ၊ သို့မဟုတ် ၎င်းက အခွင့်ပေးထားသူ မည်သူ မဆိုဖြစ်စေ ကော်မတီထံသို့ အရေးပေါ်ကိစ္စအဖြစ် တင်သွင်း နိုင်သည့်အပြင် တရားဝင် အကျိုးစီးပွါးတစ်စုံတစ်ရာရှိသည့် အခြားမည်သူမဆို တင်သွင်းနိုင်

သည်။ သို့ရာတွင် တောင်းဆိုချက်အား လက်ခံစဉ်းစားနိုင်ရန်အတွက် သတ်မှတ်ထားသည့် လက်ခံစဉ်းစားခြင်းဆိုင်ရာ စည်းကမ်းချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်။ ထိုစည်းကမ်းချက်များသည် တစ်ဦးချင်းတင်သွင်းသည့် အသနားခံစာများအတွက် သတ်မှတ်ထားသည့် လက်ခံစဉ်းစားခြင်းဆိုင်ရာ စံနှုန်းများနှင့် အလားတူဖြစ်ပြီး သဘောတူ စာချုပ် အပိုဒ် ၃၀ တွင် တွေ့နိုင်သည်။ ၎င်းတို့အရ တောင်းဆိုချက်သည် သက်သေအထောက်အထားအပေါ် အခြေပြုရမည်၊ အစိုးရ အရာရှိများထံသို့ ဆက်သွယ်တိုင်တန်းကာ ကြိုးစားအားထုတ်မှုများ လုပ်ဆောင်ခဲ့ပြီး ဖြစ်ရမည်၊ အခြားစုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေဆဲမဖြစ်ရပေ။ သဘောတူစာချုပ်သည် စုံစမ်းစစ်ဆေးမှုလုပ်ထုံးလုပ်နည်း လုပ်ဆောင်ရန်အတွက် ကော်မတီအား သဘောတူ စာချုပ် ဝင်နိုင်ငံများထံသို့ သက်ဆိုင်ရာနိုင်ငံက ခွင့်ပြုပါက သွားရောက်ခွင့် ပေးထားသည် (အပိုဒ် ၃၃)။ သို့ရာတွင် ကြီးမားသော သို့မဟုတ် စနစ်တကျကျူးလွန်သည့် အတင်းအကျပ်လက်စဖျောက်မှုကိစ္စများတွင် ကော်မတီသည် ကုလမဟာဂအထွေထွေညီလာခံထံသို့ ထိုကိစ္စကို အရေးပေါ် တင်သွင်း နိုင်သည် (အပိုဒ် ၃၄)။

က။ အနှစ်ချုပ်နှင့် အဓိကအချက်များ

တစ်စုံတစ်ဦးအား ပြစ်ဒဏ်ပေးရန် သို့မဟုတ် ဖြောင့်ချက်ရယူရန်အတွက် ဆိုးဆိုးရွားရွား နှိပ်စက်သည့်အခါ ညှဉ်းပန်းနှိပ်စက်မှု ဖြစ်လာပေသည်။ လူတစ်ဦးအား နိုင်ငံ၏ ချုပ်နှောင်မှု အောက်တွင် ထားရှိလိုက်ပြီး ၎င်းတို့၏ တည်ရှိရာနေရာကို မိသားစုနှင့် မိတ်ဆွေများက မသိရ တော့သည့်အခါ လက်စဖျောက်ခံရခြင်း ပေါ်ပေါက်သည်။ ထိုလုပ်ရပ်များ၏ ပြင်းထန်မှုများကြောင့် အဆိုပါ ပြစ်မှုများတားဆီးနိုင်ရေးအလို့ငှာ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အဆင့်များအလိုက် ပြဋ္ဌာန်းချက်များစွာ ထားရှိပြီး ဖြစ်သည်။

ညှဉ်းပန်းနှိပ်စက်မှု သဘောထားကြောင်းနှင့် ပြစ်ဒဏ်ပေးခြင်း

ညှဉ်းပန်းနှိပ်စက်မှုအား ၁၇၀၀ ခုနှစ် ဝန်းကျင်ကပင် ကမ္ဘာတစ်လွှားရှိ တရားရုံးအားလုံး နီးပါး၌ တားမြစ်ခဲ့ပြီးဖြစ်သော်လည်း လူ့အဖွဲ့အစည်းများစွာက နှစ်ပေါင်းထောင်ချီကာ အသုံးပြုခဲ့ကြပြီး အထူးသဖြင့် ရှေးခေတ်တရားရုံးစနစ်များတွင် တွေ့ရသည်။ အရှေ့တောင် အာရှတွင် နိုင်ငံများ၏ လွတ်လပ်ရေးကြိုးပမ်းရယူမှုများမတိုင်မီအချိန်ထိ နယ်ချဲ့အရင်းရှင် များက ညှဉ်းပန်းနှိပ်စက်မှုကို ကျင့်သုံးခဲ့ကြသည်။ ညှဉ်းပန်းနှိပ်စက်ခြင်းကို များသောအားဖြင့် ရဲများက ဖြောင့်ချက်ရယူရန်အတွက် အသုံးပြုသည့်အပြင် နိုင်ငံတော်အာဏာကို ခြိမ်းခြောက်သည့် တစ်စုံတစ်ဦးအပေါ်တွင်လည်း စစ်တပ်က ကျင့်သုံးသည်။

သမိုင်းတလျောက် ခန္ဓာကိုယ်နာကျင်စေသည့် ပြစ်ဒဏ်ပေးခြင်းသည် ပြစ်မှုများအတွက် အပြစ်ပေးနည်းတစ်ခုအဖြစ် လူ့အဖွဲ့အစည်းများစွာ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ခဲ့ပေသည်။ အသုံးများ

သည့် ပုံစံများအဖြစ် ကြိမ်ဒဏ်ပေးခြင်း၊ ရိုက်နှက်ခြင်း၊ သေဒဏ်ပေးသည့် အခြား အမျိုးမျိုးသော ပုံစံများ ပါဝင်သည်။ သို့ရာတွင် ၁၉၀၀ ခုနှစ်များဝန်းကျင် အစောပိုင်း ကာလတွင် အာရှ၌ အကျဉ်းထောင်များစတင် ပေါက်လာမှုနှင့်အတူ အများပြည်သူရှေ့ အပြစ်ပေးခြင်းများလည်း တိမ်ကောပပျောက်ခဲ့သည်။ ဂျီနီဗာသဘောတူ စာချုပ်များ၊ Amnesty Intentional အဖွဲ့၏ လုပ်ဆောင်ချက်၊ လက်တင်အမေရိကတွင် အကြီးအကျယ် ဖြစ်ပွါးခဲ့သည့်အပေါ် ပြန်လည်တုန့်ပြန်မှုတို့ဖြင့် ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေးဆိုင်ရာ လှုပ်ရှားမှုသည် စစ်ပွဲလွန်ကာလတွင် အင်အားကြီးထွားလာခဲ့သည်။

ညှဉ်းပန်းနှိပ်စက်မှု တားမြစ်ဆန့်ကျင်သည့် သဘောတူစာချုပ် (CAT)

CAT အား အရှေ့တောင်အာရှနိုင်ငံများအပါအဝင် နိုင်ငံအများအပြားက အတည်ပြုလက်မှတ်ရေးထိုးထားကြသည်။ CAT တွင်ပါရှိသည့် ညှဉ်းပန်းနှိပ်စက်မှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် အဓိက အကြောင်းအရာ ၃ ခု ပါဝင်ပြီး နိုင်ငံ့အာဏာပိုင်များကဖြစ်စေ သို့မဟုတ် ၎င်းတို့၏ သဘောတူ ညီမှုဖြင့်ဖြစ်စေ သတင်းအချက်ရယူရန်၊ အပြစ်ပေးရန်၊ ခြိမ်းခြောက်ရန်စသည့် ရည်ရွယ်ချက်တစ်စုံတစ်ရာအတွက် ဆိုးရွားပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်း ဆိုင်ရာ နာကျင်ခံစားရမှုဖြစ်စေခြင်း ဖြစ်သည်။ ညှဉ်းပန်းနှိပ်စက်မှု ဖြစ်စေသည့် လုပ်ရပ်များ အကြောင်းသို့မဟုတ် 'ပြင်းထန်မှု' အကြောင်း အဓိပ္ပါယ်ဖွင့်ဆိုချက်များကို တမင်တကာ ဖွင့်ဆို မထားခဲ့ခြင်းဖြစ်သည်။ ဆိုးရွားစွာဆက်ဆံခံရခြင်းသည် ပြင်းထန်မှုအတိုင်းအတာ လျော့နည်းသည်ဖြစ်ရာ ညှဉ်းပန်းနှိပ်စက်မှုနှင့် မတူညီပေ။

ညှဉ်းပန်းနှိပ်စက်မှု တားဆီးခြင်း

နိုင်ငံများက ညှဉ်းပန်းနှိပ်စက်မှုကို အပြစ်ပေးအရေးယူကာ တားမြစ်ရမည်ဖြစ်ပြီး ချမှတ်လိုက်သော ပြစ်ဒဏ်သည် အသေးအဖွဲ သို့မဟုတ် အချိုးမျှတမှုမရှိခြင်းမျိုး မဖြစ်ရပေ။ နိုင်ငံများအနေဖြင့် ညှဉ်းပန်းနှိပ်စက်မှုကျူးလွန်သူသည် မိမိနိုင်ငံသားဖြစ်သည့်အခါ၊ နစ်နာသူသည် မိမိနိုင်ငံသား ဖြစ်သည့်အခါ နိုင်ငံပိုင်နယ်နိမိတ်အတွင်း ကျူးလွန်သည့် ညှဉ်းပန်း နှိပ်စက်မှုများအပေါ် စီရင်ပိုင်ခွင့်ကျင့်သုံးနိုင်သည်။ နိုင်ငံများတွင် ကမ္ဘာလုံးဆိုင်ရာ မဖြစ်မနေ စီရင်ပိုင်ခွင့်ရှိကြပြီး ညှဉ်းပန်းနှိပ်စက်မှုအား မည်သည့်နေရာတွင် ကျူးလွန်သည် ဖြစ်စေ ပြစ်မှုတစ်ခုအဖြစ် မှတ်ယူနိုင်ခြင်းဖြစ်သည်။ CAT သည် စာချုပ်ဝင်နိုင်ငံတစ်ခု၏ စီရင်ပိုင်ခွင့် အတွင်းရှိ လူပုဂ္ဂိုလ်များအား စစ်ဆေးအပြစ်ပေးရန်အတွက် အခြားစာချုပ်ဝင် နိုင်ငံများထံသို့ ပြောင်းပေးနိုင်သည့် တရားခံလွှဲပြောင်းခြင်းကို ခွင့်ပြုပေးထားသည်။

ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်တားမြစ်ရေးဆိုင်ရာ ကော်မတီ

ကော်မတီသည် အခြားသောစာချုပ်အဖွဲ့များကဲ့သို့ပင် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ အစီရင်ခံစာများ၊ အထွေထွေမှတ်ချက်များနှင့် တစ်ဦးချင်း ဆက်သွယ်တိုင်တန်းချက်များအပေါ် လက်ခံစဉ်းစားနိုင်သည်။ ထို့ပြင် ကော်မတီသည် စနစ်တကျ ကျူးလွန်သည့် ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်နေကြောင်း စွပ်စွဲချက်များအပေါ် လျှို့ဝှက်စုံစမ်းမှုများ လုပ်ဆောင် နိုင်သည်။

အတင်းအကျပ်လက်စဖျောက်ခံရခြင်း

၁၉၇၀ ဝန်းကျင်နှစ်များ နှင့် ၁၉၈၀ ဝန်းကျင်နှစ်များတွင် လက်တင်အမေရိကၠ အတင်းအကျပ်လက်စဖျောက်ခံရမှုများ အများအပြား ဖြစ်ပွါးခဲ့မှုကြောင့် တစ်ကမ္ဘာလုံး၏ သတိပြုမှုကို ရရှိခဲ့သည်။ သို့သော် ၂၀၀၆ ခုနှစ်တွင် သဘောတူစာချုပ်တစ်ရပ်ကို ရေးဆွဲနိုင်ခဲ့သည်။ ထိုစာချုပ်က လက်စဖျောက်ခံရခြင်းကို အကြောင်းအရာ ၃ ချက်ဖြင့် အဓိပ္ပါယ်ဖွင့်ဆိုထားပြီး အစိုးရအရာရှိများ ပါဝင်ပြီး လူတစ်ဦး၏ လွတ်လပ်မှုအား ပိတ်ပင်တားမြစ်ခြင်းအပြင် နိုင်ငံကလည်း ထိုသူ၏ ထိန်းသိမ်းထားရှိရာနေရာအကြောင်း သိခွင့်ပေးရန် ငြင်းဆိုခြင်းဖြစ်သည်။ အရှေ့တောင်အာရှတွင် လက်စဖျောက်ခြင်းများ ဖြစ်ပွါးခဲ့သော်လည်း အထူးသဖြင့် နီပေါနှင့် သိရိလင်္ကာနိုင်ငံရှိ ပဋိပက္ခများအတွင်း ပျောက်ဆုံးသူများစွာအား ဖော်ထုတ်နိုင်ခဲ့ခြင်းမရှိပေ။ ၎င်းတို့တွင် နစ်နာသူများသည် များသောအားဖြင့် အစိုးရအတိုက်အခံများ၊ လူ့အခွင့်အရေး ခုခံတောင်းဆိုသူများ နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူများ ဖြစ်ကြသည်။

ICED တွင် ပါရှိသည့် အခွင့်အရေးနှင့် တာဝန်များ

ICED အရ နိုင်ငံများသည် အတင်းအကျပ်လက်စဖျောက်ခြင်းများအပေါ် အပြစ်ပေးအရေးယူရန် လိုအပ်ပြီး ကမ္ဘာလုံးဆိုင်ရာ စီရင်ပိုင်ခွင့်နှင့် တရားခံလွှဲပြောင်းရေးများအတွက် ပြဋ္ဌာန်း ပါရှိသည်။ သဘောတူစာချုပ်သည် နိုင်ငံများအား ၎င်းတို့၏ ပြည်တွင်းစီရင်ပိုင်ခွင့်များ ကျင့်သုံးကာ ကျူးလွန်သူများကို စစ်ဆေးအပြစ်ပေးရန် တောင်းဆိုထားသည်၊ အကြောင်းမှာ ထိုသို့ လုပ်ဆောင်ခြင်းသည် မျက်မြင်သက်သေအပါအဝင် သက်သေများ ရရှိရန် ပိုအဆင်ပြေနိုင်ပြီး အတင်းအကျပ်လက်စဖျောက်မှုများဖြစ်ပွားရာနေရာရှိ လူ့အဖွဲ့အစည်းအတွင်း တာဝန်ခံမှု လုပ်ငန်းစဉ်၏ ချုပ်ကိုင်နိုင်မှုရှိသည့်သဘောထားအမြင်ကို မြှင့်တင်ပေးနိုင်ခြင်းကြောင့် ဖြစ်သည်။

အတင်းအကျပ်လက်စဖျောက်ခြင်းဆိုင်ရာ ကော်မတီ

အတင်းအကျပ်လက်စဖျောက်ခြင်းဆိုင်ရာ ကော်မတီသည် အခြားသော စာချုပ်အဖွဲ့များနှင့် အလားတူပင်ဖြစ်သည်။ နိုင်ငံများ၏ အစီရင်ခံစာများ၊ တောင်းဆိုချက်များနှင့် ဆက်သွယ် တိုင်တန်းချက်များကို လက်ခံရန် တာဝန်ရှိသည်။ ထို့ပြင် ကော်မတီတွင် စာချုပ်ဝင်နိုင်ငံများ ထံသို့ အရေးပေါ်ဆောင်ရွက်မှုများ လုပ်ဆောင်ပေးရန် တောင်းဆိုချက်များ လက်ခံရရှိသည့်အခါ ခြေရာခံနိုင်သည့် လုပ်ထုံးလုပ်နည်းကို ကျင့်သုံးခွင့်ရှိသည်။ ၎င်းသည် အတင်းအကျပ်နှင့် ဆန္ဒမပါဘဲ

လက်စဖျောက်ခြင်းများဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ကျင့်သုံးပုံနှင့် အလားတူဖြစ်သည်။ ကော်မတီ ညီသွေးဆောင်ခေါ်ယူခြင်းခံရသူအား ရှာဖွေပေးရန်နှင့် ၎င်း၏ အခြေအနေနှင့် ပတ်သက်သည့် သတင်းအချက်များ ပံ့ပိုးပေးရန် နိုင်ငံများထံ တောင်းဆိုပေးနိုင်သည်။

ခ။ စံပြ မေးခွန်း သို့မဟုတ် အက်ဆေးပုံစံ မေးခွန်းများ

- ခန္ဓာကိုယ် နာကျင်စေသည့် ပြစ်ဒဏ်ပေးခြင်းကို ပြစ်မှုဆိုင်ရာအပြစ်ပေးမှုတစ်ရပ် အဖြစ် အသုံးပြုခြင်းအား အရှေ့တောင်အာရှနိုင်ငံအများစု၏ သမိုင်းတွင် တွေ့ရသည် (အချို့ နိုင်ငံများတွင် ကျင့်သုံးဆဲ ဖြစ်သည်)။ ထိုကဲ့သို့ပြစ်ဒဏ်ပေးခြင်းကို သမိုင်းတလျှောက် မည်သို့အသုံးပြုခဲ့သည်၊ မည်သည့်အခါ အသုံးပြုမှု ရပ်ဆိုင်းခဲ့သည်၊ မည်သည့်အတွက် ကြောင့် ရပ်ဆိုင်းခဲ့သည်ကို ဆွေးနွေးပါ။
- သင်၏ နိုင်ငံတွင် လူတစ်ဦး ညှဉ်းပန်းနှိပ်စက်ခံရသည့် သို့မဟုတ် လက်စဖျောက် ခံရသည့် ကျော်ကြားသော ဖြစ်ရပ် ရှိခဲ့ဖူးပါသလား? ထိုဖြစ်ရပ်အား စုံစမ်းကာ ကျူးလွန်သူ တရားခံ(များ)က မည်သူများ ဖြစ်နိုင်သည်၊ ဥပဒေရေးရာ ဆောင်ရွက် ချက်များ ရှိခဲ့ပါက မည်သည့်လုပ်ဆောင်ချက်များရှိခဲ့သည်ကို စဉ်းစားသုံးသပ်ပါ။
- ကျောင်းများတွင် ကျင့်သုံးသော ခန္ဓာကိုယ် နာကျင်စေသည့် ပြစ်ဒဏ်ပေးခြင်းအား ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် ရက်စက်မှု၊ လူမဆန်သော ပြုမူဆက်ဆံမှုအဖြစ် သတ်မှတ်နိုင်ပါသလား? ညှဉ်းပန်းနှိပ်စက်မှု အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အလေးထား ဖတ်ရှုကာ ၎င်းတွင် ပါရှိသည့် အကြောင်းအရာများကို ရှင်းပြပါ။
- CAT ပါဝင်ခဲ့သည့် အကျော်ကြားဆုံးသောဖြစ်ရပ်မှာ ချီလီသမ္မတဟောင်း တစ်ဦး ဖြစ်သူ Augustus Pinochet အား အမှုဖွင့်စစ်ဆေးရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ နိုင်ငံခြားဆောင်များက ကင်းလွတ်ခွင့်ခံစားနိုင်သည်ဆိုသော ချေပချက်အပါအဝင် အမှုစစ်ဆေးမှု ဖြစ်စဉ်တစ်ခုလုံးအား အပြီးသတ်ဆုံးဖြတ်ချက်နှင့်အတူ ဖော်ပြပါ။ ဤအမှုတွင် ညှဉ်းပန်းနှိပ်စက်မှုကြောင့် ထိခိုက်ခံစားရသူများအတွက် တရားမျှတမှု ရရှိခဲ့သည်ဟု သင်ထင်မြင်သလား?
- ASEAN မှတဆင့် ဒေသတွင်းအဆင့် သတ်မှတ်ထားရှိခြင်းသည် ညှဉ်းပန်းနှိပ်စက်မှု နှင့် လက်စဖျောက်ခံရခြင်းများ တားဆီးကာကွယ်နိုင်ရေးအပေါ် ပိုမို လုပ်ဆောင် နိုင်မည်လား?

ဂ။ ထပ်မံလေ့လာ ဖတ်ရှုရန်များ

<u>အဓိက စာရေးဆရာများ</u>

ညှဉ်းပန်းနှိပ်စက်မှုအကြောင်း ရေးသားခဲ့သည့် ပညာရှင်များနှင့် တက္ကသိုလ်များ၌ ၎င်းတို့ သင်ကြားပို့ချလျှက်ရှိသည့် အတန်းများတွင် အောက်ပါတို့ ပါဝင်သည်။

Martínez, E. (2019), *Enforced Disappearances in International Law*, Oxford University Press, 10.1093/obo/9780199796953-0181.

Peter, E, (1996), *Torture*, University of Pennsylvania Press.

Pérez, Solla M. F. (2006), Enforced Disappearances in International Human Rights, Jefferson, N.C: McFarland & Company, Inc., Publishers.

Pérez, Solla M. F. (2006), (2006), *Enforced Disappearances in International Human Rights*, McFarland.

Rodley, Nigel S. (2000), *The Treatment of Prisoners Under International Law*, Oxford University Press. Nigel Rodley was once the Special Rapporteur for Torture.

Schutz, W (ed.) (2007), The Phenomenon of Torture: Readings and Commentary, Philadelphia: University of Pennsylvania Press.

<u>အွန်လိုင်းအရင်းအမြစ်များ</u>

Prevention of Torture (APT) ဆိုသည့် NGO အဖွဲ့တစ်ခု၏ အင်တာနက်စာမျက်နှာများတွင် အရင်းအမြစ်များစွာ ရှိပြီး ဥပဒေဆိုင်ရာစံနှုန်းများ အကြောင်း ပုံနှိပ်ထုတ်ဝေချက် များ၊ ညှဉ်းပန်းနှိပ်စက်မှု တားဆီးကာကွယ်ရေးအပေါ် လုပ်ဆောင်ချက်များ၊ လက်တလော ဖြစ်ရပ်များအကြောင်း စာစောင်များ ရရှိနိုင်သည်။ APT တွင် ညှဉ်းပန်း နှိပ်စက်မှုတားမြစ်ရေး အတွက် လုပ်ဆောင်နေသည့် ပုဂ္ဂိုလ်များ၏ အင်တာဗျူးများ အပါအဝင် များစွာသော ဗွီဒီယိုများနှင့် ပညာရပ်ဆိုင်ရာ အရင်းအမြစ်များ ရနိုင်သည်။ https://www.apt.ch/

Centre for the Victims of Torture (CVT) တွင် ပုံနှိပ်ထုတ်ဝေချက်များ၊ သုတေသန စာစောင်များ အပါအဝင် အရင်းများစွာပါရှိသည့် စာမျက်နှာများ ရှိသည်။ https://www.cvt.org/

The Convention Against Torture Initiative (CTI) သည် CAT ကို အတည်ပြုလက်မှတ်ရေးထိုးရန် ပညာပေးစည်းရုံးသည့် NGO တစ်ခုဖြစ်ပြီး လက်စွဲစာအုပ်များ၊ UN စာမျက်နှာများအတွက် လင့်ခ်များ နှင့် ပုံနှိပ်ထုတ်ဝေချက်များ ရနိုင်သည်။ https://www.cti2024.org/

NGO တစ်ခုဖြစ်သည့် International Commission of Jurists (ICJ) တွင် ညှဉ်းပန်းနှိပ်စက် မှုနှင့် ဆိုးရွားသော ဆက်ဆံမှုများအကြောင်း အွန်လိုင်းအရစ်အမြစ်များစွာ ရနိုင်ပြီး ဖြစ်ရပ် အသစ်များနှင့် အစီရင်ခံစာများ ပါဝင်သည်။ https://www.icj.org/

Trial International နှင့် World Organisation Against Torture (OMCT) တို့သည် အချို့သော အရင်းအမြစ်များ ရနိုင်သည့် NGOs များ ဖြစ်ကြပြီး ၎င်းတို့၏ အင်တာနက် စာမျက်နှာများတွင် လတ်တလော သတင်းများကို တင်လေ့ရှိသည်။

https://trialinternational.org/

https://www.omct.org/

ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေးဆိုင်ရာ ကော်မတီ၏ အင်တာနက်စာမျက်နှာများတွင် အစီရင်ခံစာများ၊ စုံစမ်းစစ်ဆေးမှုများ နှင့် သက်ဆိုင်ရာ စာချုပ်များအလိုက် သတင်းအချက်အလက်များစွာ ရနိုင်သည်။

https://www.ohchr.org/en/hrbodies/cat/pages/catindex.aspx

<u>အွန်လိုင်း သင်ခန်းစာများ</u>

Amnesty International အဖွဲ့တွင် ညှဉ်းပန်းနှိပ်စက်မှုအကြောင်း အွန်လိုင်းသင်ခန်းစာတစ်ခုရှိပြီး ၎င်းတို့၏ အင်တာနက်စာမျက်နှာရှိ ညှဉ်းပန်းနှိပ်စက်မှုအကြောင်း ပညာပေးအရင်းအမြစ်များတွင် ရရှိနိုင်သည်။ https://www.amnesty.org/en/

The NGO Redress has a free online course on torture, and how this is relevant to Asylum. https://redress.org/

<u>အတင်းအကျပ်လက်စဖျောက်ခံရခြင်း</u>

အတင်းအကျပ်လက်စဖျောက်ခံရခြင်းနှင့် ပတ်သက်၍ အရင်းအမြစ်များစွာ မရှိပေ။ အဓိက အင်တာနက်စာမျက်နှာများအဖြစ် အောက်ပါတို့ ပါဝင်သည်။

ဖိလစ်ပိုင်အခြေစိုက် Asian Federation Against Involuntary Disappearances တွင် အရှေ့တောင်အာရှတွင် ဖြစ်ပွါးခဲ့သည့် လက်စဖျောက်ခံရခြင်းနှင့်သက်ဆိုင်သော သုတေသနအချို့နှင့် စာအုပ်ထုတ်ဝေထားချက်များရှိသည် https:// www.afad-online.org/

အတင်းအကျပ်လက်စဖျောက်ခံရခြင်းများအကြောင်းပါရှိသည့် ICRC Casebook page https://casebook.icrc.org/

UN အဖွဲ့အစည်းများ ဖြစ်ကြသည့် အတင်းအကျပ် သို့မဟုတ် ဆန္ဒမပါဘဲ လက်စဖျောက်ခံရခြင်းများဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် အတင်းအကျပ်လက်စဖျောက်ခံရခြင်းဆိုင်ရာ ကော်မတီတို့၏ အင်တာနက်စာမျက်နှာတွင် စာချုပ်ဝင်နိုင်ငံများ၏ အစီရင်ခံစာများ၊ တစ်ဦးချင်း ဆက်သွယ်တိုင်တန်းချက်များ၊ ဗွီဒီယိုအင်တာဗျူးများ နှင့် အစီရင်ခံစာများ ရရှိနိုင်သည်။

- အတင်းအကျပ် သို့မဟုတ် ဆန္ဒမပါဘဲ လက်စဖျောက်ခံရခြင်းများဆိုင်ရာ လုပ်ငန်း အဖွဲ့ https://www.ohchr.org/en/issues/disappearances/pages/disappearancesindex.aspx
- အတင်းအကျပ်လက်စဖျောက်ခံရမှု ဆန့်ကျင်ရေးဆိုင်ရာ ကော်မတီ https://www.ohchr.org/en/hrbodies/ced/pages/cedindex.aspx

၂၀

နိုင်ငံတကာပြစ်မှုများနှင့် လူ့အခွင့်အရေး

အခန်း ၂၀ နိုင်ငံတကာပြစ်မှုများနှင့် လူ့အခွင့်အရေး

၂၀.၁ အဖွင့်မိတ်ဆက်

လူမျိုးသုဉ်းသတ်ဖြတ်ခြင်းနှင့် လူသားထုအပေါ် ကျူးလွန်သည့်ပြစ်မှုများကဲ့သို့ အလွန်ဆိုးရွား ပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် သမိုင်းတလျောက် နိုင်ငံတကာ၏ ပြန် လည်တုန့်ပြန်မှုများတွင် စိန်ခေါ်ချက်များစွာ ရှိခဲ့ပေသည်။ ထိုပြစ်မှုများ၏ ကျူးလွန်မှု အတိုင်း အတာသည် ကြီးမားလေ့ရှိသည့်အပြင် ကျူးလွန်သူများသည် နိုင်ငံများ သို့မဟုတ် နိုင်ငံကဲ့သို့ အဖွဲ့ အစည်းများ ဖြစ်နေတတ်ပေသည်၊ ထို့ကြောင့် (နိုင်ငံ့ခေါင်းဆောင်များ သို့မဟုတ် ပြစ်မှုကို အမှန် တကယ်ကျူးလွန်ခဲ့သည့် စစ်သားများ စသည်ဖြင့်) ပြစ်မှုကျူးလွန်သူသီးသန့်အား အတိအကျ ဖော်ထုတ်နိုင်ရေး၊ ၎င်းတို့အား မည်သည် (ပြည်တွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ တရားရုံး) က စီရင်ပိုင်ခွင့်ကျင့်သုံးနိုင်မည်ကို ဆုံးဖြတ်ရေး၊ နိုင်ငံတစ်ခုက ထိုပြစ်မှုများအပေါ် စီရင်ပိုင်ခွင့် မရှိသည့်အခါ မည်သည့်ဥပဒေကို လိုက်နာဆောင်ရွက်ရမည်များနှင့် စပ်လျဉ်းပြီး အခက်အခဲများ ရှိလာရပေသည်။ ထို့အကြောင်းများကြောင့်ပင် ကျွန် ကုန်ကူးမှုများ၊ လူမျိုးသုဉ်း သုတ်သင်ခြင်း များ၊ ကိုလိုနီများ၏ ဌာနေတိုင်းရင်းသားအုပ်စုများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းများ ကဲ့သို့ သမိုင်းတွင် ပေါ်ပေါက်ခဲ့သည့် အဆိုးရွားဆုံးသော ကြမ်းကြုတ်ရက်စက်မှုအချို့နှင့် စပ်လျဉ်း ပြီးလျှင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ စစ်ဆေးအပြစ်ပေးနိုင်ခြင်း မရှိခဲ့ပေ။ သို့သော် ထို ဝမ်းနည်းဖွယ်အခြေအနေမှသည် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အပြည်ပြည်ဆိုင်ရာတရားရုံးများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အဆိုပါ ပြစ်မှုများ၏ ပြစ်ဒဏ်ကင်းလွတ်နေသည့်အဖြစ်ကို ဆက်လက် လက်မခံထားသင့်ကြောင်း နိုင်ငံအများစု၏ နိုင်ငံရေးသဘောဆန္ဒတစ်ရပ် ပေါ်ထွက် လာမှုကြောင့် မကြာမီကပင် ပြောင်းလဲမှုများ ရှိလာခဲ့သည်။ ထို့ကြောင့် ယခုအခန်း၌ အဆိုပါ ပြစ်မှုများ တားဆီးနိုင်ရေးအတွက် ရေးဆွဲထားရှိသည့် ဥပဒေများ၊ တရားရုံးများနှင့် ဆောင်ရွက် ချက်များအကြောင်း လေ့လာထားပြီး ရင်ဆိုင်ရမည့် စိန်ခေါ်ချက်များကိုလည်း အသေးစိတ် ဆွေးနွေးထားသည်။

သဘောတရားရေးရာ

ဆိုးရွားပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား အမည်တပ်ခြင်း

အဆိုးရွားဆုံးသောပြစ်မှုများကို ဖော်ပြရန်အတွက် အခေါ်အဝေါ်များစွာ သုံးခဲ့ကြပြီး အပြည်ပြည် ဆိုင်ရာပြစ်မှုများ၊ ပြင်းထန်ဆိုးရွားပြီး စနစ်တကျ ကျူးလွန်မှုများ၊ ကြမ်းကြုတ်ရက်စက်မှုများ၊ ဂျီနီဗာသဘောတူစာချုပ်အပေါ် အကြီးအကျယ် ချိုးဖောက်မှုများ၊ စစ်ရာဇဝတ်မှုများ၊ လူသားထု အပေါ် ဆန့်ကျင်သည့် ပြစ်မှုများ၊ ငြိမ်းချမ်းရေးကို ဆန့်ကျင့်သည့် ပြစ်မှုများ ဟူ၍ ခေါ်ဝေါ်ကြ သည်။ ၎င်းတို့အားလုံးသည် ဥပဒေအခေါ်အဝေါ်များ မဟုတ်ကြပေ။ ထို့ပြင် နိုင်ငံများအားလုံး သည်လည်း ၎င်းတို့နိုင်ငံ၏ ပြည်တွင်းဥပဒေစနစ်များအရ ထိုကဲ့သို့ လုပ်ရပ်များအားလုံးကို ပြစ်မှု များအဖြစ် အသိအမှတ်ပြုမထားကြပေ။

၂၀.၂ တာဝန်ရှိမှု ယန္တရားများ - ဥပဒေဆိုင်ရာ နှင့် သမိုင်းကြောင်းဆိုင်ရာ ခြုံငုံသုံးသပ်ချက်

၁၅၀၀ ခုနှစ်များကစတင်ကာပေါ်ပေါက်ခဲ့သည့် သန်းပေါင်းများစွာသော အာဖရိက လူမျိုးများအား ဖမ်းဆီးကျွန်ပြုကာ ကျွန်ကုန်ကူးမှုကျူးလွန်ခဲ့သည့် ပြစ်မှုအတွက် မည်သူတစ်ဦးကိုမျှ အပြစ်ရှိကြောင်း သတ်မှတ်နိုင်ခဲ့ခြင်း မရှိပေ။ ထို့အတူ အာမေးနီးယားလူမျိုးများအား လူမျိုးသုဉ်း သတ်ဖြတ်မှု၊ ဩစတေးလျလူမျိုး ဌာနေတိုင်းရင်းသားများအား လူမျိုးသုဉ်းသတ်ဖြတ်မှုများ ကဲ့သို့သော မကြာမီက ဖြစ်ပွါးခဲ့သည့် လူအများအပြားသတ်ဖြတ်မှုများနှင့် ပတ်သက်၍လည်း မည်သူတစ်ဦးကိုမျှ အရေးယူအပြစ်ပေးခဲ့ခြင်း မရှိပေ။ ထိုသို့မလုပ်ဆောင်နိုင်ခြင်း၏ အဓိက အကြောင်းမှာ ၎င်းလုပ်ရပ်များအားလုံးသည် လူမျိုးသုဉ်းသတ်ဖြတ်မှုအား ပြစ်မှုအဖြစ် အသိအမှတ်ပြုလိုက်သည့် ကာလမတိုင်မီက ကျူးလွန်ခဲ့ခြင်းကြောင့်ဖြစ်သည်။ သမိုင်းတလျောက် အနိုင်ရသူအလိုအတိုင်း တရားစီရင်ခြင်း သဘောတူညီချက်ရှိခဲ့ရာ စစ်ပွဲတစ်ခု ပြီးဆုံးပါက စစ်ရှုံးသည့် ဘက်က ခေါင်းဆောင်များအား ထောင်ချခြင်း၊ နယ်နှင်ဒဏ် ပေးခြင်း၊ သို့မဟုတ် သေဒဏ်ပေးခြင်းများ ပြုလုပ်ကြသည်။ ပထမကမ္ဘာစစ်ပြီးနောက် ဂျာမန်လူမျိုးများနှင့် ဩစတေးလျလူမျိုးများအား စစ်ဆေးရာတွင် ထိုနည်းကိုအသုံးပြုရန် ကြိုးပမ်းမှုများ ရှိခဲ့သော်လည်း မအောင်မြင်ခဲ့ဘဲ ယင်းအစား ငွေကြေးဆိုင်ရာလျော်ကြေးကိုသာ ချမှတ်ခဲ့ကြသည်။ သို့သော် ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်တွင် ထိုသို့မဟုတ်ခဲ့ချေ၊ ဂျာမနီနှင့် ဂျပန် ခေါင်းဆောင်များအား စစ်အတွင်း ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် စစ်ဆေး အပြစ်ပေးရန် အားလုံးက တညီတညွတ်တည်း သဘောတူခဲ့ကြသည်။

အနိုင်ရသူအလိုအတိုင်း တရားစီရင်ခြင်း

ပဋိပက္ခတစ်ခုတွင် အနိုင်ရသူက ရှုံးနိမ့်သည့် ဘက်အတွက် တရားစီရင်နိုင်ခြင်း။ ချိုးနှိမ်သည့် အခေါ်အဝေါ် တစ်ခုဖြစ်ပြီး တရားမျှတမှု မရှိဟု မှတ်ယူကြသည်၊ အကြောင်းမှာ အနိုင်ရသူဘက်က ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် သက်သာစွာ သတ်မှတ်ခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးမှု မပြုသည်များအထိ ရှိခဲ့ခြင်းကြောင့် ဖြစ်သည်။

၂၀.၂.၁ နုရမ်ဘာ်ခ် အမှုစစ်ဆေးမှုများနှင့် တိုကျိုစစ်ရာဇဝတ်မှု ခုံရုံး

ကျူးလွန်ခဲ့သည့် ပြစ်မှုများသည် အလွန်စက်ဆုပ်ရွံရှာဖွယ်ကောင်းသည်ဖြစ်ရာ တညီတညွတ်တည်းသဘောတူညီချက်တစ်ရပ်သည် ဒုတိယကမ္ဘာစစ်ပြီးနောက် အလွယ်တကူ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာဥပဒေသည် အမှုစစ်ဆေးမှုများလုပ်ဆောင်ရန် အခြေခံစည်းမျဉ်းမူဘောင်များ သတ်မှတ်ပေးနိုင်လောက်သည့်အတိုင်းအတာအထိ တိုးတက် လာခဲ့သည်။ အမှုစစ်ဆေးမှုနှစ်ခုကို တဆက်တည်းလုပ်ဆောင်ခဲ့ပြီး တစ်ခုသည် (နာဇီများ သို့မဟုတ် အမျိုးသားဆိုရှယ်လစ်များအဖြစ် လူသိများသည့်) ဂျာမနီ ခေါင်းဆောင်ဟောင်း များအတွက်ဖြစ်ပြီး နုရမ်ဘာ်ခ် (Nuremberg) အမှုစစ်ဆေးမှုများဟု လူသိများကြသည်၊ အခြားတစ်ခုမှာ ဂျပန် ခေါင်းဆောင်များအတွက်ဖြစ်ပြီး စစ်ရာဇဝတ်များဆိုင်ရာ တိုကျိုခုံရုံးဟု လူသိများလာခဲ့သည်။ နုရမ်ဘာ်ခ် နှင့် တိုကျို အမှုစစ်ဆေးမှုများသည် စစ်ပွဲစတင်ခဲ့သူများ အတွက် သို့မဟုတ် ကျူးကျော်ရန်စမှုများတွင် (နောက်ပိုင်းတွင် ငြိမ်းချမ်းရေးကို ဆန့်ကျင် သည့် ပြစ်မှုများဟု သိကြသည်) ပါဝင်ကျူးလွန်သူများအပေါ် စစ်ဆေးအပြစ်ပေးရန်အတွက် ပထမဦးဆုံးကြိုးပမ်းမှုများ ဖြစ်ကြပေသည်။ အခြားသူများကိုလည်း စစ်ရာဇဝတ်မှုများ၊ လူသားထုအပေါ် ဆန့်ကျင်သည့် ပြစ်မှုများအတွက် စုံစမ်းစစ်ဆေးအပြစ်ပေးခဲ့ကြသည်။ အမေရိကန်ပြည်တွင်းစစ်ဖြစ်ပွါးပြီးနောက် စစ်ရာဇဝတ်မှု များအတွက် စစ်ဆေးအပြစ်ပေးခံရသည့် လူများရှိခဲ့သည်၊ သို့သော် လူသားထု

ကျူးကျော်ရန်စမှုများ

လက်နက်ကိုင်ပဋိပက္ခတစ်ခုစတင်ခဲ့သည့် ပြစ်မှု။ ယခုအခါ အပြည်ပြည် ဆိုင်ရာ ဥပဒေ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးက စစ်ဆေးစီရင်နိုင်ပြီဖြစ်သည်။

အပေါ် ဆန့်ကျင်သည့်ပြစ်မှုအား ရာဇဝတ်မှုအဖြစ် အချိန်အတော်ကြာ သတ်မှတ်ထားခဲ့သော်လည်း ၎င်းပြစ်မှု အတွက် မည်သူမျှ စစ်ဆေးအပြစ်ပေးခံခဲ့ရခြင်းမရှိပေ။ နောက်ပိုင်းတွင် ဆွေးနွေးမည့် လူမျိုးသုဉ်းသုတ်သင်ခြင်းကို ၁၉၄၈ ခုနှစ်မတိုင်မီအထိ အပြည်ပြည်ဆိုင်ရာ ပြစ်မှုတစ်ရပ်အဖြစ် သတ်မှတ်ထားခဲ့သော်လည်း မရှိသေးပေ။ အမေရိကန်အစိုးရရှေ့နေ၊ တရားလွှတ်တော် တရားသူကြီး Robert Jackson ၏ ဦးဆောင်မှုဖြင့် နုရမ်ဘာဂ်ခ် အမှုစစ်ဆေးမှုများ (နှင့် Far East ရှိ အလားတူခုံရုံး) သည် အာဏာအပေါ် ဥပဒေက လွှမ်းမိုးလိုက်သည့် အောင်ပွဲ တစ်ခုအဖြစ် ကိုယ်စားပြုခဲ့ဟန်ရှိသည်။ ပြင်သစ်၊ အင်္ဂလန်၊ ရုရှား ပြည်ထောင်စုနှင့် အမေရိကန်စသည့် အောင်ပွဲခံနိုင်ငံများနှင့်အတူ ဂျာမန်တို့အား တရားရင်ဆိုင်စေရေးအတွက် ဆောင်ရွက်နိုင် ခဲ့သည်။ သို့ရာတွင် ဝေဖန်သူများက မှတ်ချက်ပြုထားသည်မှာ အမှုစစ်ဆေးမှုများသည် တရားမျှတမှုရှိရေးသဘောကို အနိုင်ရသူများက သတ်မှတ်သည် (အနိုင်ရသူအလိုအတိုင်း တရားစီရင်မှု) ဟု အဓိပ္ပါယ် ဖွင့်ဆိုခဲ့ကြောင်း၊ အကြောင်းမှာ မဟာမိတ် စစ်နိုင်နိုင်ငံများအပေါ် အငြင်းပွါးဖွယ် စင်ပြိုင်ပြစ်မှုများအတွက် အလားတူ စစ်ဆေးအပြစ်ပေးခြင်းမျိုး မရှိခဲ့ခြင်းကြောင့်ဖြစ်သည်။

လူမျိုးသုဉ်းသုတ်သင်ခြင်း

၁၉၄၈ ခုနှစ် လူမျိုးသုဉ်းသတ်ဖြတ်ခြင်းဆိုင်ရာ သဘောတူ စာချုပ်တွင် အဓိပ္ပါယ် ဖွင့်ဆိုခဲ့ပြီး လူအုပ်စု တစ်ခုလုံးအား ဖျက် ဆီးရန် အားထုတ်သည့် ပြစ်မှုကို ဆိုလိုသည်။ နုရမ်ဘာဂ်ခ် စစ်ဆေးမှုများက နာဇီများ၏ ဂျူးလူမျိုးများအပေါ် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ခြင်းများအား လူမျိုးသုဉ်းသတ်ဖြတ်ခြင်းဟု အဓိပ္ပါယ် သတ်မှတ်ရန် ကြိုးပမ်းခဲ့ကြသော်လည်း ၎င်းသည် ဒုတိယကမ္ဘာစစ်မတိုင်မီကပင် အကြိမ်ပေါင်းများစွာ ကျူးလွန်ခဲ့သည့် ပြစ်မှုတစ်ခုဖြစ်သည်။

အလေးထားစရာ

နုရမ်ဘာဂ်ခ် အမှုစစ်ဆေးမှုများနှင့် စစ်ရာဇဝတ်မှုဆိုင်ရာ တိုကျိုခုံရုံး

ဒုတိယကမ္ဘာစစ်အပြီး မဟာမိတ်တပ်ဖွဲ့များက စစ်ခုံရုံးများကို တဆက်တည်း ဆက်တိုက် တည်ထောင် ဖွဲ့စည်းခဲ့သည်။

တိုကျို အမှုစစ်ဆေးမှုများ သို့မဟုတ် စစ်ရာဇဝတ်မှုများအတွက် တိုကျိုခုံရုံးဟု လူသိများသည့် Far East အတွက် ဖွဲ့စည်းလိုက်သော အပြည်ပြည်ဆိုင်ရာ စစ်ရာဇဝတ်ခုံရုံး (IMTFE) ကို ဂျပန်အင်ပါယာ ခေါင်းဆောင်များအား ပြစ်မှုအမျိုးအစား သုံးခုအတွက် စစ်ဆေးနိုင်ရန် ၁၉၄၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။

အဆိုပါ အမှုစစ်ဆေးမှုများအရ အဓိပ္ပါယ်ဖွင့်ဆိုခြင်းဆိုင်ရာ ပြဿနာတစ်ရပ် ထွက်ပေါ်ခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် ပေါ်ပေါက်လာသည့် လူမျိုးသုဉ်းသုတ်သင်ခြင်းဆိုသည့် စကားရပ်တွင် ဖြစ်နိုင်ချေတစ်ခု ပါရှိခဲ့သော်လည်း ပြင်သစ်နှင့် ဆိုဗီယက်နိုင်ငံရှိ အစိုးရရှေ့နေများက ဂျူးလူမျိုးများအပြင် မိမိတို့လူမျိုးများ၏ ပြုလုပ်ခဲ့သည့် နှိပ်စက်ညှဉ်းပန်းမှုများ ပါဝင်လာမည့် အရေးကို စိုးရိမ်ပူပန်မှုများရှိခဲ့ကြသည်။ ထို့ကြောင့် ပြစ်မှုအမျိုးအစားအသစ်တစ်ခုဖြစ်သည့် 'လူသားထုအပေါ် ဆန့်ကျင်သည့် ပြစ်မှုများ' သတ်မှတ်ရေးအပေါ် သဘောတူခဲ့ကြပြီး ဂျူး များ၊ ပိုလန်လူမျိုးများနှင့် ရောမလူမျိုးများအား သတ်ဖြတ်ခဲ့သူများနှင့် နှိပ်စက်ညှဉ်းပန်းခဲ့သူများ ပါဝင်ခဲ့သည်။ ထိုစကားရပ်အခေါ်အဝေါ်ကို ထွင်ခဲ့သော်ငြားလည်း နုရမ်ဘာဂ်ခ်စစ်ဆေး စီရင်မှုများတွင် ၎င်းအား အသုံးပြုမှုအတော်နည်းပါးခဲ့သည်၊ ခုံရုံး၏ဆုံးဖြတ်ချက်တွင်လည်း လူသားထုအပေါ် ဆန့်ကျင်သည့် ပြစ်မှု

များနှင့် စစ်ရာဇဝတ်မှုများအကြား သီးခြားခွဲကာ မဖော်ပြခဲ့ဘဲ အရပ်သားများအပေါ် ရက်စက်စွာ ပြုမူဆက်ဆံခြင်းများကဲ့သို့ ရက်စက် ကြမ်းကြုတ်မှုများ၊ စစ်သုံ့ပန်းများအား သတ်ဖြတ်ခြင်း၊ အတင်းအကြပ် လူဦးရေ လဲလှယ်ခြင်းများ၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွါးချိန်အတွင်း လုယက်မှုများ ပါဝင်သည်။

အမှုစစ်ဆေးမှုများသည် ပြည့်စုံမှုမရှိခဲ့သော်လည်း ချက်ချင်းလက်တုန့်ပြန်နိုင်မည့် ဥပဒေ လမ်းစဉ် တစ်ခုအနေဖြင့် အစားထိုးခဲ့သည်ဖြစ်ရာ စစ်နိုင်သူများနှင့် ရှုံးနိမ့်သူများအကြားပေါ် ပေါက်လေ့ရှိသည့် တင်းမာမှုများကို လျော့နည်းသွားစေသည့် အဖိုးတန်သော အခန်းကဏ္ဍ တစ်ရပ်အဖြစ် ပါဝင်ခဲ့သည်။ နာဇီအရာရှိများအပေါ် ပြစ်တင်ပုံချရေး ဦးတည်လုပ်ဆောင်ခဲ့သည့် အမှုစစ်ဆေးမှုများသည် ဂျာမန်နိုင်ငံနှင့် ပြည်သူပြည်သားများအပေါ် စုပေါင်း အပြစ်ဒဏ် ကျရောက်နိုင်မည့် အန္တရာယ်ကိုလည်း လျော့ချနိုင်ရန် ကြိုးပမ်းခဲ့ရသည်။

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ဂျပန်များ လက်နက်ချပြီးနောက် စစ်နိုင်မဟာမိတ် နိုင်ငံများသည် ဂျပန်စစ်တပ်အတွက် ခုံရုံးတစ်ခုကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ပေါ့စ်ဒမ် ကြေညာချက်ကိုလက်ခံလိုက်ခြင်းကြောင့် ဂျပန်အစိုးရသည် ဗိုလ်ချုပ် ဒေါက်ကလပ် မက်အာသာ၏ အုပ်ချုပ်မှုအောက်သို့ ရောက်သွားခဲ့သည်။ ၁၉၆၅ ခုနှစ်၊ ဧန်နဝါရီလ ၁၉ ရက် နေ့တွင် မက်အာသာက ကြေညာချက်တစ်ခုကို ထုတ်ပြန်ခဲ့ပြီး ထိုကြေညာချက်၌ အာရှအရှေ့ဖျားပိုင်း အတွက် အပြည်ပြည်ဆိုင်ရာ စစ်ခုံရုံးတစ်ခုကို ဖွဲ့စည်းလိုက်ကြောင်း၊ ဂျပန်ပြည်သူများအပေါ် ကျရောက်သည့် စုပေါင်းတာဝန်ရှိမှုဆိုင်ရာ စွဲချက်ကို ငြင်းပယ်သော်လည်း ဂျပန်ခေါင်းဆောင်များအပေါ် ကျရောက်မည့် တစ်ဦးချင်း ပြစ်မှုဆိုင်ရာတာဝန်ရှိမှုကို သတ်မှတ်နိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းကြောင်း ပါရှိသည်။ နုရမ်ဘာ့ခ်ခန့် မတူညီသည်မှာ ကြေညာချက်သည် စုပေါင်း လုပ်ဆောင်ချက် မဟုတ်ခဲ့ပေ။ များသောအားဖြင့် အမေရိကန်၏ အကွက်ချစီမံမှုတစ်ခု ဖြစ်ခဲ့သည်။ မက်အာသာသည် မဟာမိတ်နိုင်ငံများထံမှ တရားသူကြီး ၁၁ ဦးနှင့် အမေရိကန် အစိုးရ ရှေ့နေတစ်ဦးကို ခန့်အပ်ခဲ့သည်။ သမိုင်းသုတေသီများက မှတ်ချက်ပြုခဲ့သည်မှာ အစိုးရ ရှေ့နေ၏ မူလ ဦးတည်ချက်သည် ငြိမ်းချမ်းရေးကို ဆန့်ကျင်သည့်ပြစ်မှုများ (ဆိုလိုသည်မှာ ရန်လိုသော စစ်ပြိုင်စစ်ပွဲတိုက်ခိုက်ခြင်း) အပေါ် ထားရှိခဲ့သော်လည်း စစ်ရာဇဝတ်မှုများနှင့် လူသားထုအပေါ် ဆန့်ကျင်သည့် ပြစ်မှုများအထိလည်း ရည်ရွယ်ချက်ထားခဲ့ကြောင်း၊ ၎င်းတို့တွင် တရုတ်ပြည်နယ် နန်းကျင်မြို့နှင့် ဖိလစ်ပိုင်နိုင်ငံတွင် ဖြစ်ပွါးခဲ့သည့် အကြီးအကျယ် ရက်စက် ကြမ်းကြုတ်မှုများ ပါဝင်ခဲ့သည်။ တရားစွဲဆိုမှုများ အောင်မြင်ခဲ့ရခြင်းသည် နိုင်ငံများစွာမှ စုံးစမ်းစစ်ဆေးရေးမှူးများနှင့် အစိုးရရှေ့နေများ၏ လက်တွဲလုပ်ဆောင်မှုကြောင့် ရရှိခဲ့သည့် ရလာဒ်တစ်ခု ဖြစ်ပေသည်။ ထိုနည်းတူပင် တိုက္ယိုခုံရုံးသည် အထက်ပါပြစ်မှုများ အတွက် အစိုးရထိပ်တန်းအရာရှိများ၏ တာဝန်ရှိမှုနှင့် ပတ်သက်ပြီး အရေးကြီးသည့် စီရင်ထုံး တစ်ခုကို ပုံဖော်ဖန်တီးပေးနိုင်ခဲ့သည်။

ဆွေးနွေးခြင်းများနှင့် အပြန်အလှန်ဝေဖန်ခြင်း

တစ်ဦးချင်း ပြစ်မှုကြောင်းဆိုင်ရာ တာဝန်ရှိမှု သို့မဟုတ် စုပေါင်းတာဝန်ရှိမှု

နိုင်ငံတစ်ခုအား (ဒုတိယကမ္ဘာစစ်အတွင်း ဂျာမန်များ၊ ဂျပန်များနှင့် ၎င်းတို့၏ မဟာမိတ်များ တွေ့ကြုံခဲ့သည့်အတိုင်း) များစွာသော ရက်စက်ကြမ်းကြုတ်မှုများ အပါအဝင် စစ်ပွဲစတင်ခဲ့ကြောင်း ပြစ်တင်သတ်မှတ်ခြင်းသည် ရှုပ်ထွေးဖွယ်ကိစ္စဖြစ်ပြီး နိုင်ငံခြေငြးဆောင်မှုများကို အပြစ်တင်ခြင်းဖြင့်သာ လုပ်ဆောင်နိုင်သည်၊ ထိုမှတဆင့် နိုင်ငံ၏ စစ်ပြုမှုတွင် ပါဝင်ဦးဆောင်ခဲ့သူများအား တစ်ဦးချင်း ပြစ်မှုကြောင်းဆိုင်ရာ တာဝန်ရှိမှုအဖြစ် အပြစ်တင်နိုင်သည်၊ သို့တည်းမဟုတ် ထိုသို့သော ခေါင်းဆောင်များနှင့် စစ်သားများကို ထောက်ခံအားပေးခဲ့သည့် နိုင်ငံတစ်ခုလုံး အပေါ် တွင်လည်းကောင်း၊ သို့မဟုတ် စစ်လက်နက်တီထွင် ထုတ်လုပ်သည့် ကုမ္ပဏီများ/လူပုဂ္ဂိုလ်များအပေါ်တွင်လည်းကောင်း အပြစ်တင်နိုင်ပေသည်။

အထက်ပါတုန့်ပြန်မှုများအနက် တစ်ခုသည် အခြားတစ်ခုထက် ပိုသာ/ပိုကောင်းပါသလား? ခေါင်းဆောင်များတွင် ကြီးမားသည့် တာဝန်ယူမှုရှိကြသော်လည်း အများ၏ ထောက်ခံ အားပေးမှု မရှိပါက ၎င်းတို့အနေဖြင့် စစ်ပွဲများ စတင်နိုင်လိမ့်မည်မဟုတ်ပေ။ မည်သို့ပင်ဆိုစေကာမူ နှောင်းလူများက အလားတူလုပ်ရပ်များ လုပ်ဆောင်မည့်အရေးကို ကြိုတင်တားဆီးသည့်အနေဖြင့် ခေါင်းဆောင်များကို အပြစ်ပေးနိုင်ပေသည်။ သို့သော် တိုင်းပြည်တစ်ခုလုံးကို ပြစ်ဒဏ်သတ်မှတ်ရန်မှာ များစွာပိုခက်ခဲပေသည်။ ပထမကမ္ဘာစစ်ပြီးနောက် ဂျာမနီအား ငွေဒဏ်အများအပြားချမှတ်ကာ အပြစ်ပေးခဲ့ပြီး ၎င်းကြောင့် စီးပွါးရေး အကြပ်အတည်းတစ်ခု ဖြစ်စေခဲ့ကာ ဖက်ဆစ်ဝါဒ ထွန်းကားရေးဆီသို့ တဖြည်းဖြည်း ဦးတည်ခဲ့သည်။ ၎င်းဖြစ်ရပ်တွင် ဦးတည်ထားသည့်ရလာဒ် (ဂျာမနီပြည်သူများအား နောင်တွင် မည်သည့်အခါမျှ စစ်တွင် ထောက်ခံအားပေးခြင်းမရှိစေရေး) ထွက်ပေါ်မလာဘဲ ဆန့်ကျင်ဘက် အကျိုးရလာဒ်တစ်ခု (ဥရောပအား စစ်ပွဲဆီသို့ ပြန်လည် ဦးတည်စေခြင်း) ဖြစ်ပေါ်လာခဲ့သည်။

မည်သည်က ပို၍ မျှတပါသနည်း - နိုင်ငံခြေငြးဆောင်မှုများအား ပြစ်မှုကြောင်းအရ အပြစ်ပေးခြင်းလား သို့မဟုတ် တိုင်းပြည်တစ်ခုလုံးအပေါ် ပြစ်ဒဏ်သတ်မှတ်ခြင်းလား?

၂၀.၂.၂ ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများ - ဥပဒေဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် သဘောတရားများ

ခရီးရှည်ကြီးတစ်ခုဖြစ်ခဲ့သော်ငြားလည်း နိုင်ငံများအနေဖြင့် တဖြည်းဖြည်း သဘောတူညီခဲ့ကြသည်မှာ အလွန်ဆိုးရွားပြင်းထန်သည့် ပြစ်မှုများအတွက် အပြစ်ပေးမှုမခံရခြင်းမျိုး မရှိစေရေး နှင့် ထိရောက်သည့်စစ်ဆေးအပြစ်ပေးမှုများကို ပြည်တွင်းအဆင့် သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဆင့်များတွင် အသေအချာထားရှိစေရေးတို့ဖြစ်သည်။ ယခုအပိုင်းတွင် ထို ခရီးရှည်ကြီး တလျောက် အဓိကကျသည့် ဖွံ့ဖြိုးတိုးတက်မှုများအကြောင်းကို အကျဉ်းချုပ် ဖော်ပြထားသည်။

အလေးထားစရာ

အပြည်ပြည်ဆိုင်ရာရာဇဝတ်ဥပဒေရှိ အဓိကကျသည့် တိုးတက်မှုများအကြောင်း ပြဆိုရာ အချိန်ဇယား

၁၉၄၅- ၁၉၄၉	နုရမ်ဘာက်ခ် အမှုစစ်ဆေးမှုများ
၁၉၄၆- ၁၉၄၈	စစ်ရာဇဝတ်မှုများဆိုင်ရာ တိုကျိုခုံရုံး
၁၉၉၃- ၂၀၁၇	ယခင် ယူဂိုစလားဘီးယားအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ် ခုံရုံး
၁၉၉၄- ၂၀၁၅	ရဝမ်ဒါအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး
၂၀၀၀	အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးနှင့် ရောမ ဖွဲ့စည်းပုံ ဥပဒေ (Rome Statute)
၂၀၀၀- ၂၀၀၆	အရှေ့တီမောတွင်ဖြစ်ပွါးခဲ့သည့် ဆိုးရွားသောပြစ်မှုများအတွက် ဖွဲ့စည်းထားသည့် အထူးအဖွဲ့များ (Panels)
၂၀၀၁- ၂၀၁၉	ဒီမိုကရက်တစ် ကမ်ပါ့ချီယာ ကာလအတွင်း ကျူးလွန်ခဲ့သည့် ပြစ်မှုများအပေါ် စစ်ဆေးအပြစ်ပေးနိုင်ရေးအတွက် ကမ္ဘောဒီးယား တရားရုံးများတွင် ဖွဲ့စည်းထားရှိသည့် အထူးအာဏာအပ်နှင်းခြင်းခံရသည့် ချိန်ဘာများ
၂၀၀၂- ၂၀၁၃	ဆီရီယာလီယွန်အတွက် အထူးတရားရုံး

၂၀. ၂. ၃ ယခင်ယူဂိုစလားဘီးယားအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး

ယခင် ယူဂိုစလားဘီးယားပိုင် နယ်နိမိတ်အတွင်း အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာ ထောက်ထားမှုဥပဒေကို ဆိုးဆိုးရွားရွား ချိုးဖောက်ကျူးလွန်မှုများအတွက် တာဝန်ရှိပုဂ္ဂိုလ်များအား စစ်ဆေးအပြစ်ပေးရန် ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ယခင်ယူဂိုစလားဘီယားအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး သို့မဟုတ် ICTY ဟု ဆိုနိုင်သည်)[31] နှင့် ရဝမ်ဒါအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICTR)[32] များ ဖွဲ့စည်းတည်ထောင်လိုက်ခြင်းသည် ဆိုးရွားပြင်းထန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တာဝန်ခံမှုသတ်မှတ်ရေးတွင် ထူးခြားလှသည့် ထပ်မံ တိုးတက်မှုများ ဖြစ်ခဲ့ပေသည်။

နုရမ်ဘာက်ခ်အမှုစစ်ဆေးမှုများပိတ်သိမ်းပြီး ဆယ်စုနှစ် နှစ်ခုနီးပါးအကြာတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ICTY ကို ဖွဲ့စည်းတည်ထောင်ရန် တညီတညွတ်တည်း မဲပေး ဆုံးဖြတ်ခဲ့သည်။

[31] ပိုမိုပြည့်စုံသော သတင်းအချက်အလက်အတွက် ICTY website at https://www.icty.org/ တွင်ကြည့်ပါ။

[32] ပိုမိုပြည့်စုံသော သတင်းအချက်အလက်အတွက် ICTR legacy website at https://unictr.irmct.org/en/tribunal တွင်ကြည့်ပါ။

ထိုအချိန်၌ အင်အားကြီးနိုင်ငံများသည်လည်း ဒုတိယကမ္ဘာစစ်ပြီးနောက် ပျက်ဆီးမှု အများဆုံး ဖြစ်သည့် ဥရောပပဋိပက္ခများတွင် စစ်ရေးအရ ဝင်ရောက်စွက်ဖက်ရန် ဖိအားပေးမှုကို ခုခံခဲ့ရချိန် လည်းဖြစ်သည်။ ယင်းအစား ICTY ကို ယူဂိုစလားဘီးယား စစ်ပွဲများအတွင်း ဆိုးရွားစွာ ကျူးလွန်ခဲ့သည့်ပြစ်မှုများအတွက် စစ်ဆေးအပြစ်ပေးရန်နှင့် ကျူးလွန်သူများအား စစ်ဆေးစီရင်နိုင်ရန် အတွက် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။

လူမျိုးစုရှင်းလင်းသုတ်သင်ခြင်း

သီးခြားလူမျိုးစုတစ်ခုအား နယ်မြေဒေသတစ်ခုမှ ဖယ်ရှားပစ်ခြင်း၊ လူမျိုးစုတစ်ခုတည်းကိုသာ နယ်နှင်ဒဏ်ပေးခြင်း သို့မဟုတ် လူဦးရေကို ထိန်းချုပ်လျော့ နည်းစေခြင်း ဖြစ်သည်။ လူမျိုးစုသုတ်သင်ရှင်းလင်းခြင်းကို ယူဂိုစလားဘီးယားစစ်ပွဲအတွင်း ကျူးလွန်ခဲ့ကြပြီး လူသားထုအပေါ် ဆန့်ကျင်သည့် ပြစ်မှုတစ်ရပ်အဖြစ် မှတ်ယူခဲ့ကြသည်။ အချို့သော အခြေအနေများ၌ လူမျိုးသုဉ်းသတ်ဖြတ်မှုအဖြစ် သတ်မှတ်နိုင်ပေသည်။

ယခင် ယူဂိုစလားဘီးယားတွင် ဖြစ်ပွါးခဲ့သည့် စစ်ပွဲများအတွင်း ၁၉၉၂ ခုနှစ်၊ ဧပြီလမှစကာ လုပ်ဆောင်ခဲ့သည့် လူမျိုးစုရှင်းလင်းသုတ်သင်ခြင်း ကမ်ပိန်းတစ်ခုတွင် လူပေါင်း ၃.၅ သန်း ခန့်သည် ရွှေ့ပြောင်းနေထိုင်ခဲ့ကြရသည်။ စစ်ပွဲအတွင်း လူမျိုးစုရှင်းလင်းသုတ်သင်ခြင်းဟု လူသိများသည့် စနစ်တကျအင်အားသုံးလုပ်ဆောင်ခဲ့သည့် ဖယ်ထုတ်ခြင်းများနှင့် လူအစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းများ ပါဝင်ခဲ့သည်၊ ဥပမာ- ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့ ဆရီဘရီနီကာမြို့တွင် ဆားဘီးယားတပ်များက ဘော်စနီးယားနွယ်ဖွား မွတ်စလင် အသိုင်းအဝိုင်းကို ဖျက်ဆီးလိုက်ခြင်း ဖြစ်သည်။ ICTY သည် ပြည်တွင်းတရားရုံးများထက် ပိုမိုအဓိက ကျခဲ့ပြီး ရာဇဝတ်မှုအမျိုးအစား လေးခုအပေါ် စုံစမ်းစစ်ဆေးခြင်းနှင့် အပြစ်ပေးအရေးယူခြင်းများ လုပ်ဆောင်ခဲ့သည်။ ထိုရာဇဝတ်မှုများတွင် လူမျိုးသုဉ်းသုတ်သင်ခြင်း၊ စစ်ရာဇဝတ်မှုများ၊ လူသားထုအပေါ် ဆန့်ကျင်သည့် ပြစ်မှုများ နှင့် ဂျီနီဗာသဘောတူစာချုပ်များကို ဆိုးရွားစွာ ချိုးဖောက်ခြင်းများ ပါဝင်သည်။ နောက်ဆုံးတွင် ICTY သည် လူပုဂ္ဂိုလ် ၁၆၁ ဦးအား စွဲချက်တင်နိုင်ခဲ့ပြီး ၎င်းတို့ထဲမှ ၉၀ ဦးအား စစ်ဆေးအပြစ်ပေးကာ ထောင်ဒဏ်ချမှတ်ခဲ့သည်။[33] နောက်ထပ် ၁၉ ဦးအား တရားသေ လွှတ်ပေး ခဲ့ပြီး ၁၃ ဦးအား ဘော့စနီးယား၊ ဆားဘီးယားနှင့် ခရိုအေးရှားနိုင်ငံများရှိ ပြည်တွင်းတရားရုံး များသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့ပြင် စွဲချက်ပေါင်း ၃၇ ချက်သည် နောက်ပိုင်း တွင် ရုတ်သိမ်း/ နှုတ်ထွက်ခဲ့သည်။ အမှု ၂ ခုအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးအတွက် ကုလသမဂ္ဂ ယန္တရား (MICT) ထံသို့ ပြန်လည်စစ်ဆေးရန် တင်သွင်းခဲ့သည်။

၂၀.၂.၄ ရဝမ်ဒါအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး

၁၉၉၄ ခုနှစ်၊ ဧပြီလမှ ဇူလိုင်လအထိ လူပေါင်း ၈၀၀,၀၀၀ မှ ၁ သန်းအထိသည် ဟူတူအစွန်းရောက်များ၏ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ အကြမ်းဖက်မှုသည် မူလက တွတ်စီလူမျိုးအရပ်သားများနှင့် ကြားနေ ဟူတူလူမျိုးများအပေါ် ဦးတည်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတကာ အသိုင်းအဝန်းသည် ဆိုးရွားလာသည့် မြေပြင်အခြေအနေများကို အထူး သတိပြုမိခဲ့ကြသည်။ အနောက်နိုင်ငံများသည် ထိုအရေးကိုတားဆီးရန် ပျက်ကွက်ခဲ့ရုံသာမက ဟူတူ အစွန်းရောက်များအပေါ် အားပေးထောက်ခံမှုသဘောပါသည့် နည်းလမ်းများကို လုပ်ဆောင်ခဲ့ပြီး UN ငြိမ်းချမ်းရေးတပ်များအား အဆိုးဝါးဆုံးသတ်ဖြတ်မှုများ မဖြစ်ပေါ်မီ ဖယ်ရှားခဲ့သည်။ လူများကို

[33] 'Key figures of the cases' United Nations International Criminal Tribunal for the former Yugoslavia, https://www.icty.org/en/cases/key-figures-cases တွင်ကြည့်ပါ။

သတ်ဖြတ်သည့် အစိုးရကို ၁၉၉၄ ခုနှစ် နွေရာသီတွင် တွတ်စီသူပုန်တပ်ဖွဲ့များက ဖြုတ်ချလိုက်သည့်အခါမှသာ သတ်ဖြတ်မှုများ ရပ်တန့်ခဲ့သည်။ ဟူတူစစ်တပ်သည် အိမ်နီးချင်း ကွန်ဂိုသမ္မတနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားပြီး ရဝမ်ဒါ နိုင်ငံအပေါ် နောင်နှစ်များစွာတိုင် မငြိမ်သက်မှုများ ဆက်လက်ဖြစ်စေခဲ့သည်။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်အမှတ် ၉၅၅ အရ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ရဝမ်ဒါနိုင်ငံ၌ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဖြစ်ပွါးခဲ့သော လူမျိုးသုဉ်းသုတ်သင်ခြင်းများနှင့် အခြားဆိုးရွားသော အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ ချိုးဖောက်မှုများအပေါ် စုံစမ်းစစ်ဆေးပြီး တာဝန်ရှိသူများအား အပြစ်ပေးနိုင်ရန်အလို့ငှာ ရဝမ်ဒါအတွက် အပြည်ပြည်ဆိုင်ရာရာဇဝတ် ခုံရုံး သို့မဟုတ် ICTR ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ICTR သည် တန်ဇန်နီးယားနိုင်ငံ၊ အရုရှာမြို့တွင် အခြေစိုက်ခဲ့ပြီး အယူခံချိန်ဘာအား ဟိဂ်မြို့တွင် ထားရှိခဲ့သည်။ ထို့ပြင် ရဝမ်ဒါနိုင်ငံ၊ ကီဂျ်လီမြို့တွင်လည်း ရုံးများ ဖွင့်လှစ်ခဲ့သည်။

ခုံရုံးသည် လူပေါင်း ၉၃ ဦးအား စွဲချက်တင်နိုင်ခဲ့ပြီး ၆၂ ဦးအား ပြစ်ဒဏ်ချမှတ်နိုင်ခဲ့သည်။ ၎င်းတို့အနက်မှ ၁၄ ဦးအား တရားသေလွှတ်ခဲ့ပြီး ၁၀ ဦးအား တရားစီရင်နိုင်ရန်အတွက် မိခင်နိုင်ငံများသို့ ပြန်လွှဲပေးခဲ့သည်။ နောက်ထပ် စွဲချက် ၂ ခုကို ရုပ်သိမ်းခဲ့သည်၊ စွပ်စွဲခံရသူ ၂ ဦးမှာ အမိန့်မချမီ သေဆုံးခဲ့ပြီး၊ တရားခံပြေး ၃ ဦးအား MICT သို့ လွှဲပြောင်းပေးခဲ့သည်။[34] ခုံရုံးသည် ထိပ်သီး အကြီးတန်း စစ်ဘက်ဆိုင်ရာအရာရှိကြီးများနှင့် အစိုးရအရာရှိကြီးများ၊ နိုင်ငံရေးသမားများ၊ စီးပွါးရေးသမားများ၊ ဘာသာရေးခေါင်းဆောင်များ၊ ပြည်သူ့စစ်နှင့် မီဒီယာများအား အစိုးရရှေ့နေများမှ တဆင့် ခုံရုံးတင်ခဲ့သည်။

ICTR သည် လူမျိုးသုဉ်းသုတ်သင်ခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို *လူမျိုးသုဉ်းသုတ်သင်ခြင်းဆိုင်ရာ သဘောတူစာချုပ်* (၁၉၄၈) တွင် ပါရှိသည့်အတိုင်း အနက်အဓိပ္ပါယ်ဖွင့်ဆိုခဲ့သည့် ပထမဦးဆုံး ခုံရုံးဖြစ်ခဲ့သည်။ ထို့ပြင် ၎င်းသည် မုဒိမ်းပြုကျင့်ခြင်းအား အပြည်ပြည်ဆိုင်ရာ ပြစ်မှုတစ်ခုအဖြစ် ပထမဦးဆုံးသတ်မှတ်ခဲ့သည့်ခုံရုံးဖြစ်ပြီး ထိုသို့ပြုကျင့်ခြင်းသည် လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်သည့် နည်းလမ်းတစ်ခုသဖွယ်ဖြစ်ကြောင်း အသိအမှတ်ပြုခဲ့သည်။ အစုလိုက်အပြုံလိုက် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအား အပြည်ပြည်ဆိုင်ရာပြစ်မှုတစ်ခုအဖြစ် အသိအမှတ် ပြုလိုက်ခြင်းသည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ဥပဒေ၏ ဂျန်ဒါ အခြေခံ အကြောင်းရင်းများအပေါ် စိန်ခေါ်ရာတွင် အထောက်အပံ့ပြုခဲ့သည်။ ၎င်းအပြင် ဖော်ပြပါ ပြစ်မှုများအတွက် ရှင်းလင်း ပြတ်သားသည့် စီရင်ထုံးတစ်ခုပေါ်ထွက်လာစေရန် အထောက် အကူဖြစ်ခဲ့သည့်အပြင် ပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်နေခြင်း (impunity) ကိုလည်း တားဆီးနိုင်ခဲ့သည်။ 'Media case' တွင် ထင်ရှားသည့်ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ပြီး ထိုအမှုအရ ICTR သည် မီဒီယာအဖွဲ့ဝင်များ၏

[34] 'The ICTR in brief' UN International Residual Mechanism for Criminal Tribunals, available at https://unictr.irmct.org/en/tribunal တွင်ကြည့်ပါ။

အများပြည်သူထံသို့ လူမျိုးသုဉ်းသတ်ဖြတ်မှုလုပ်ရပ်များ ကျူးလွန်စေရန်ရည်ရွယ်ပြီး ထုတ်လွှင့်ခဲ့သည့်အပေါ် အရေးယူဆောင်ရွက်ခဲ့သည့် ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာခုံရုံးဖြစ်လာခဲ့သည်။

သဘောတရားရေးရာ

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ဥပဒေ၏ ဂျန်ဒါ အခြေခံအကြောင်းရင်း

အမျိုးသမီးများအပေါ် စစ်သားများ ကျူးလွန်လေ့ရှိသည့် ပြစ်မှုများအနက် မုဒိမ်းပြုကျင့်ခြင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ အမျိုးသမီးများအနေဖြင့် အတင်းအဓမ္မလုပ်အားခိုင်းစေခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ကျွန်ပြုခြင်းများ (ဥပမာ- ဒုတိယကမ္ဘာစစ်အတွင်း 'ဖျော်ဖြေခံ အမျိုးသမီးများ' အဖြစ် ဂျပန်များ၏ အသုံးပြုမှုကဲ့သို့) ကို ကာလရှည်ကြာ ခေါင်းပုံဖြတ်ခံခဲ့ကြရသည်။ ထို့ပြင် အမျိုးသမီးများသည် အတင်းအကျပ်လက်ထပ်စေခြင်းများ သို့မဟုတ် ကိုယ်ဝန် ဖျက်ချစေခြင်းများကိုလည်း တွေ့ကြုံခံစားခဲ့ကြသည်။ သို့ရာတွင် ပြစ်မှုဆိုင်ရာ ခုံရုံး များသည် ထိုကဲ့သို့သော ပြစ်မှုများအား လျစ်လျူရှုခဲ့ကြသလို ပြင်းထန်စွာအပြစ်ပေးခြင်းမျိုး မရှိခဲ့ကြဘဲ စစ်သားများနှင့် အခြားအမျိုးသားများအပေါ် ကျူးလွန်သည့် ပြစ်မှုများကိုသာ ပိုမို ပြင်းထန်စွာ အရေးယူ ဆောင်ရွက်ခဲ့ကြပေသည်။ ထိုအချက်ကြောင့်ပင် စစ်ရာဇဝတ်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ် ဥပဒေသည် ယေဘုယျအားဖြင့် ဂျန်ဒါသဘောတရားများ ပါရှိကြောင်း လူအများက အခိုင်အမာ ပြောဆိုခဲ့ကြသည်။ အကြောင်းမှာ အမျိုးသားများအပေါ် အကြမ်းဖက်ခြင်းသည် ပိုမိုပြင်းထန်ပြီး တရားမျှတမှုလိုအပ်သည်ဟု မှတ်ယူထားသော်လည်း အမျိုးသမီးများအပေါ် ကျူးလွန်သည့် ပြစ်မှု များအား ပြင်းထန်မှုနည်းသော၊ စစ်၏ မလိုလားဖွယ် အကျိုးဆက်များအဖြစ်သာ ရှုမြင်ထားခြင်း ကြောင့်ဖြစ်သည်။ များမကြာမီ ဆယ်စုနှစ် များစွာတွင် ထိုသဘောထားအမြင်သည် သိသိသာသာ ပြောင်းလဲလာခဲ့သည်။ ရလာဒ်အနေ ဖြင့် ယခုအခါ အပြည်ပြည်ဆိုင်ရာ ရာဇဝတ် ခုံရုံးများသည် မုဒိမ်းပြုကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာ ကျွန်ပြုခြင်း နှင့် အမျိုးသမီးများအပေါ် အခြားသော တိုက်ခိုက်မှုများကို ဆိုးရွားသည့် ပြစ်မှု များအဖြစ် မှတ်ယူထားကြပြီဖြစ်သည်။

အလေးထားစရာ

ICTR Media အမှု[35]

ထင်ရှားသည့်အမှုတစ်ခု၌ မီဒီယာခေါင်းဆောင် ၃ ဦးအား လူမျိုးသုဉ်းသတ်ဖြတ်မှု၊ လူမျိုးသုဉ်း သတ်ဖြတ်ရန် လှုံ့ဆော်မှု၊ ပူးပေါင်းကြံစည်မှု၊ လူသားထုအပေါ် ဆန့်ကျင်သည့် ပြစ်မှုများ၊ ရှင်းလင်းသုတ်သင်မှုနှင့် နှိပ်စက်ညှဉ်းပန်းခြင်းမှုများ ကျူးလွန်ကြောင်း စစ်ဆေး အပြစ်ပေးခဲ့သည်။ ၎င်းတို့ ၃ ဦးအား ကာလရှည်ကြာ ထောင်ဒဏ်ချမှတ်ခဲ့သည်။ တရားသူကြီးများ သုံးသပ်တွေ့ရှိခဲ့သည်မှာ အဆိုပါခေါင်းဆောင် ၃ ဦးတွင် တူညီသည့် ရည်ရွယ်ချက် တစ်ခု ရှိခဲ့ကြောင်း၊ ၎င်းမှာ တွတ်စီလူမျိုးများ ပျက်သုဉ်းရေးဖြစ်သည်။ ထိုရည်ရွယ်ချက် အထမြောက် စေရန်အတွက် အချင်း

[35] UN International Residual Mechanism for Criminal Tribunals (အထက်ပါ မှတ်စု-၄ တွင်ကြည့်ပါ)

ချင်း ပူးပေါင်းကာ အမုန်းတရားနှင့် အကြမ်းဖက်ခြင်းများ ပြန့်ပွါးစေရန် မီဒီယာ အဖွဲ့အစည်းများကို ၎င်းတို့၏ ထိန်းချုပ်မှုအောက်ထားကာ အသုံးပြုခဲ့ကြသည်။ မှတ်သားဖွယ်ရာမှာ ၎င်းတို့၏ ထုတ်လွှင့်မှုများနှင့် ပုံနှိပ်ထုတ်ဝေချက်များသည် လွတ်လပ်စွာ ပြောဆိုပိုင်ခွင့် အခွင့်အရေးဖြင့် အကာအကွယ်မရနိုင်ကြောင်း တရားသူကြီးများက သုံးသပ်ခဲ့ ခြင်းဖြစ်သည်။

၂၀.၃ အထူးခုံရုံးများ

ICTY နှင့် ICTR သည် စွပ်စွဲထားသည့် စွဲချက်များအပေါ် သက်သေထင်ရှားတင်ပြရန်၊ သက်သေအထောက်အထား ရယူရန်၊ တရားခံများအား ဖမ်းဆီးစစ်ဆေးရန်တို့နှင့် ပတ်သက်ပြီး သက်ဆိုင်ရာနိုင်ငံများ (ယူဂိုစလားဘီးယား နှင့် ရဝမ်ဒါနိုင်ငံ) ၏ ပူးပေါင်းဆောင်ရွက်မှု မရှိခြင်းအပါအဝင် ပြဿနာများစွာကို ရင်ဆိုင်တွေ့ကြုံခဲ့သည်။ *အရေးပေါ်* ခုံရုံးနှစ်ရုံးလုံး သည်လည်း မြောက်မြားစွာသော နှောင့်နှေးကြန့်ကြာမှုများနှင့် ရင်ဆိုင်ခဲ့ရပြီး ပြစ်မှုများ ကျူးလွန်ပြီး နောင်နှစ်ပေါင်းများစွာ ကြာပြီးမှသာ အမှုများကို အပြီးသတ်နိုင်ခဲ့သည်။ ထို့အပြင် ခုံရုံးနှစ်ခုစလုံးသည် ပြစ်မှုကျူးလွန်ရာ နေရာနှင့် အလှမ်းဝေးကွာသည့်နေရာ၌ တည်ရှိသည်ဖြစ်ရာ တရားစွဲဆိုမှုများသည် နစ်နာသူများ အပေါ်တွင် သက်ရောက်မှု အနည်းငယ်သာ ရှိခဲ့ပေသည်။

အဆိုပါအားနည်းချက်များအပေါ် ဖြေရှင်းတုန့်ပြန်သည့်အနေဖြင့် "ပေါင်းစပ်" သို့မဟုတ် "ရောစပ်" ခုံရုံးများကို ဆီရီယာလီယွန်၊ ကမ္ဘောဒီယား၊ လက်ဘနွန်၊ တီမော လက်စ် (ယခင် အရှေ့ တီမော)၊ ဘော်စနီးယား နှင့် ကိုဆိုဗို တို့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ယူဂိုစလားဘီးယားနှင့် ရဝမ်ဒါ ခုံရုံးများအပေါ်ထားရှိခဲ့သည့် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝန်း၏ မကျေမနပ်မှုကိုလည်း တုန့်ပြန်နိုင်ခဲ့သည်။ ပေါင်းစပ်တရားရုံးများအား ကုလသမဂ္ဂနှင့် သက်ဆိုင်ရာ နိုင်ငံများ၏ အစိုးရများက ပူးပေါင်းကြီးကြပ်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြပြီး နည်းလမ်းတကျ တရားဝင်လုပ်ငန်းစဉ်များကို လေးစားခဲ့ကြသော်လည်း တစ်ဖက်တွင် တရားစီရင်ရေး လုပ်ငန်းစဉ်များ၏ ကြာမြင့်မှုကို လျော့ချနိုင်ရေး၊ ပြည်တွင်းလူ့အဖွဲ့အစည်းများ ပိုမို ပါဝင်လာနိုင်ရေးနှင့် ပိုမိုထိရောက်သော ငွေကြေးဆိုင်ရာ ပံ့ပိုးမှုများပေးနိုင်ရေးတို့တွင် အထောက် အကူဖြစ်စေလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။

သဘောတရားရေးရာ

ပေါင်းစပ်ခုံရုံးများ

ပေါင်းစပ်ခုံရုံးများကို ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေကျွမ်းကျင်ပညာရှင်များဖြင့် စုပေါင်းဖွဲ့စည်းထားသည်။ အပြည်ပြည်ဆိုင်ရာခုံရုံးများသည် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ တရားသူကြီးများအပေါ် အကြွင်းမဲ့နီးပါး ကိုးကားလေ့ရှိသော်လည်း ပေါင်းစပ်ခုံရုံးများကိုမူ သက်ဆိုင်ရာနိုင်ငံများထံမှ တရားသူကြီးများအပါအဝင် အပြည်ပြည်ဆိုင်ရာ တရားသူကြီးများဖြင့် ပေါင်းစပ်ထားသည့် အဖွဲ့တစ်ခုအဖြစ် ပုံဖော်ထားခြင်းဖြစ်သည်။ ထို့ပြင် ကျင့်သုံးမည့် ဥပဒေသည်လည်း အပြည်ပြည်ဆိုင်ရာ ဥပဒေ (ဥပမာ- လူမျိုးသုဉ်း သုတ်သင်ရှင်းလင်းခြင်းဆိုင်ရာ သဘောတူ

စာချုပ်အား အသုံးပြုခြင်း) နှင့် ပြည်တွင်းဥပဒေ (ဥပမာ- ပြည်တွင်း လူသတ်မှုဆိုင်ရာ ဥပဒေ) များ ဖြစ်ကြသည်။

ထိုသို့ဖွဲ့စည်းထားသည့် အထူးခုံရုံးများတွင် ကမ္ဘောဒီးယားတရားရုံးများ၌ ထားရှိသည့် အထူး အာဏာအပ်နှင်းခြင်းခံရသည့် ချိန်ဘာများ (ECC)၊ ဆီရီယာလီယွန် အတွက် ဖွဲ့စည်းသည့် အထူး တရားရုံး သို့မဟုတ် 'အထူးတရားရုံး' (SCSL) နှင့် ဒါလီခရိုင် တရားရုံးရှိ အထူး ချိန်ဘာ များ ပါဝင်ခဲ့ကြပေသည်။

၂၀. ၃. ၁. ကမ္ဘောဒီးယားတရားရုံးများတွင် ထားရှိသည့် အထူးအာဏာအပ်နှင်းခြင်းခံရသည့် ချိန်ဘာများ (ECC)

ကမ္ဘောဒီးယားနိုင်ငံ၌ ခမာနီသည် ၁၉၇၅ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် အာဏာသိမ်းယူခဲ့ပြီး အာ ဏာဖြုတ်ချခြင်းခံရသည့် ၁၉၇၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့အထိ အုပ်ချုပ်ခဲ့သည်။ ၎င်း အုပ်ချုပ်ခဲ့သည့် ၄ နှစ်တာ ကာလအတွင်း အစားအစာငတ်မွတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ သတ်ဖြတ် မှုနှင့် အတင်းအကြပ် အလုပ်ခိုင်းစေမှုများကြောင့် လူပေါင်း ၁.၇ သန်း သေဆုံးခဲ့သည်။ ၎င်းပါတီ ကျရှုံးပြီးနောက် ပြည်တွင်းစစ်ဖြစ်ခဲ့ပြီး ၁၉၉၈ ခုနှစ်အထိ ကြာရှည်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင် ကမ္ဘောဒီးယားအစိုးရက ခမာနီ ၏ အကြီးတန်းခေါင်းဆောင်များအား စစ်ဆေး အပြစ်ပေးနိုင်မည့် အမှုစစ်ဆေးမှုများ စတင်နိုင်ရန်အတွက် ကုလသမဂ္ဂထံသို့ အကူအညီ တောင်း ခံခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးမှုများအပြီး ကမ္ဘောဒီးယားနိုင်ငံသည် ခမာနီ အုပ်ချုပ်စဉ်အချိန်က ဆိုးဆိုးရွားရွား ကျူးလွန်ခဲ့သည့် ပြစ်မှုများအပေါ် စစ်ဆေးစီရင်နိုင်မည့် ဥပဒေမူဘောင်တစ်ခုအား ဖွဲ့စည်းတည်ထောင်ရန် ဥပဒေ တစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။ ထိုမူဘောင် အား ဒီမိုကရက်တစ် ကမ်ပူချာ (Democratic Kampuchea) ကာလအတွင်း ကျူးလွန်ခဲ့သည့် ပြစ်မှုများအပေါ် စစ်ဆေးအပြစ်ပေးနိုင်ရေး အတွက် ကမ္ဘောဒီးယားတရားရုံးများတွင် ထားရှိသည့် အထူးအာဏာအပ်နှင်းခြင်းခံရသည့် ချိန်ဘာများ (Extraordinary Chambers or ECCC) ဟု ခေါ်တွင်ခဲ့သည်။[36] ထိုဥပဒေအရ ECCC အား လက်ရှိ ကမ္ဘောဒီးယားတရားရုံးစနစ်၏ တစ်စိတ် တစ်ပိုင်းအဖြစ် တည်ထောင် ဖွဲ့စည်းခဲ့သည်။ ECCC တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ရာဇသတ်ကြီး ဥပဒေ၌ ပါရှိသည့် ပြစ်မှုများအပေါ် စီရင်ပိုင်ခွင့်ရှိသည်၊ ထို့အပြင် လူမျိုးသုဉ်းသတ်ဖြတ်မှု၊ လူသား ထုအပေါ် ဆန့်ကျင်သည့် ပြစ်မှုများ၊ ၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူစာချုပ်များအပေါ် အကြီး အကျယ် ချိုးဖောက်မှုများ၊ ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်များ ဖျက်ဆီးမှုနှင့် ၁၉၆၁ ခုနှစ် ဗီယင်နာ သဘောတူစာချုပ်အရ ကာကွယ်ပေးထားသည့် အပြည်ပြည်ဆိုင်ရာ ကာကွယ်မှုရသည့် ပုဂ္ဂိုလ် များအပေါ် ကျူးလွန်သည့် ပြစ်မှုများ အပေါ်တွင် စီရင်ပိုင်ခွင့် ကျင့်သုံးနိုင်ပေသည်။

[36] ပိုမိုပြည့်စုံသော သတင်းအချက်အလက်များအား ECCC website at https://www.eccc.gov.kh/en/node/39457 တွင်ကြည့် ပါ။

ECCC အား အပြည်ပြည်ဆိုင်ရာ တရားသူကြီးများနှင့် ကမ္ဘောဒီးယားတရားသူကြီးများ၊ အစိုးရ ရှေ့နေများ၊ (ခုခံချေပသည့်) ရှေ့နေများဖြင့် ဖွဲ့စည်းထားပြီး အပြည်ပြည်ဆိုင်ရာဥပဒေ နှင့် ပြည်တွင်းဥပဒေ နှစ်ခုစလုံးကို ကျင့်သုံးခဲ့သည်။ လူပုဂ္ဂိုလ် ၉ ဦးအား စွဲချက်တင်ခဲ့သည်။ ဖနွမ်းပင်မြို့ရှိ Khmer Rouge S- 21 လုံခြုံရေးစင်တာ၏ ဥက္ကဋ္ဌဟောင်းဖြစ်သူ Kaing Guek Eak (Duch ဟုလည်း သိကြသည်) အား လူသားထုအပေါ်ဆန့်ကျင်သည့် ပြစ်မှုများနှင့် ဂျီနီဗာ သဘော တူညီချက်များကို အကြီးအကျယ်ချိုးဖောက်မှုများအတွက် အမှုစစ်ဆေးသည့် ချိန်ဘာ (Trial Chamber) က ထောင်ဒဏ် ၃၅ နှစ် စီရင်ချက်ချခဲ့သည်။ စွပ်စွဲခံရသူသည် တရားလွှတ်တော်ချုပ် Chambers များထံသို့ ပြစ်ဒဏ်ပယ်ဖျက်ပေးရန် အယူခံတင်သွင်းခဲ့သော်လည်း အမြင့်ဆုံး ပြစ်ဒဏ်ဖြစ်သည့် တသက်တကျွန်းဒဏ် ချမှတ်ခဲ့သည်။ Leng Sary အပေါ် စွဲဆိုချက်များသည် ၎င်းသေဆုံးသွားခြင်းကြောင့် ရပ်ဆိုင်းသွားခဲ့သည်။ အလားတူပင် ၎င်း၏ မိန်းမဖြစ်သူ Leng Thirith သည် သူမ၏ ဦးနှောက်ထိခိုက်ဒဏ်ရာရမှုကြောင့် အမှုရင်ဆိုင်နိုင်ခြင်းမရှိသည်ဖြစ်ရာ သူမအပေါ် စွပ်စွဲထားသည့် စွဲဆိုချက်များကိုလည်း ရပ်ဆိုင်းခဲ့သည်။

ECCC ၏ စည်းမျဉ်းများသည် ခမာနီကာလအတွင်း ချိုးဖောက်မှုများကြောင့် ထိခိုက် ခံစားခဲ့ရသူ များအတွက် အမှုစစ်ဆေးမှုများ၌ ဝင်ရောက်ပါဝင်ခွင့်ရရန် အခွင့်အရေးပေးခဲ့ခြင်း ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ဝတ္ထုပစ္စည်းဆိုင်ရာ ထိခိုက်ခံစားခဲ့ရသူများသည် အရပ် သားအမှုသည်များအဖြစ် ပါဝင်နိုင်ရန်အတွက် တရားရုံးထံသို့ လျှောက်ထားနိုင်သည်။ ထို့ပြင် ECCC သည် ကမ္ဘောဒီးယားလူမျိုးများအား အမှုကြားနာစစ်ဆေးမှုများတွင် လာရောက် နားထောင်နိုင်သည့် အခွင့်အရေးကိုလည်း ပေးအပ်ခဲ့သည်။

၂၀. ၃. ၂. ဆီရီယာလီယွန်အတွက် အထူးတရားရုံး

ဆီရီယာလီယွန်အတွက် အထူးတရားရုံး (သို့မဟုတ်) SCSL[37] အား ဆီရီယာလီယွန်ခုံရုံးဟုလည်း ခေါ်ကြသည်။ ၎င်းသည် ဆီရီယာလီယွန်အစိုးရနှင့် ကုလသမဂ္ဂတို့ ၂၀၀၂ ခုနှစ်တွင် စုပေါင်း တည်ထောင်ထားသည့် တရားစီရင်ရေးအဖွဲ့တစ်ခုဖြစ်ပြီး ဆီရီယာလီယွန်နိုင်ငံ၌ အပြည်ပြည် ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေကို အကြီးအကျယ်ချိုးဖောက်ခဲ့ခြင်းများ အပေါ် အမြင့်ဆုံးတာဝန်ရှိသည့် လူပုဂ္ဂိုလ်များအား တရာစွဲဆိုနိုင်ရန်အတွက် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

၂၀၀၀ ခုနှစ်၊ ဇွန်လတွင် ဆီရီယာလီယွန်နိုင်ငံ၏သမ္မတက ရှေ့တန်းတော်လှန်ရေးညီညွတ် တပ် ပေါင်းစု (Revolutionary United Front) အဖွဲ့၏ ခေါင်းဆောင်များအား တရားစွဲဆိုရာ၌ အကူ အညီပေးရန် ကုလသမဂ္ဂထံသို့ တောင်းဆိုမှုပြုလုပ်ခဲ့ရာမှ အထူးတရားရုံး ပေါ်ပေါက်ခဲ့ခြင်း ဖြစ် သည်။ ၎င်းအဖွဲ့သည် ဆီရီယာလီယွန်ရှိ စိန်ထွက်ရှိရာဒေသများကို ထိန်းချုပ်နိုင်ရေး အတွက် အရပ်သားပြည်သူများအပေါ် အကြမ်းဖက်ရန် မူးယစ်ဆေးစွဲနေသည့် ကလေး စစ်သားများကို အသုံးချခဲ့သည့် သူပုန်တပ်ဖွဲ့ ဖြစ်သည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကာလ သတ်မှတ်ပေးထားသော်

[37] ပိုမိုပြည့်စုံသော သတင်းအချက်အလက်အတွက် SCSL website at http://www.rscsl.org/ တွင့် ကြည့်ပါ။

ငြား သူပုန်အဖွဲ့များသည် ဆက်လက်တိုက်ခိုက်ဆဲဖြစ်ပြီး နောက်ဆုံးတွင် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းသူ ၅၀၀ ကိုပင် ဓါးစာခံအဖြစ် ခေါ်ယူခဲ့သည်။ ၂၀၀၂ ခုနှစ်၊ မတ်လတွင် ဆီရီယာလီယွန်၏ ပါလီမန်က တရားရုံးတည်ထောင်ဖွဲ့စည်းရန် အဆိုပြုချက်ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။

အထူးတရားရုံးသည် စစ်ရာဇဝတ်မှုများ၊ လူသားထုအပေါ် ဆန့်ကျင်သည့် ပြစ်မှုများ၊ အခြားသော လူသားချင်းစာနာထောက်ထားမှုဥပဒေအား ဆိုးရွားစွာချိုးဖောက်မှုများနှင့် ဆီရီယာလီယွန် နိုင်ငံ၏ ပြည်တွင်းဥပဒေများအား ဆိုးဆိုးဝါးဝါးချိုးဖောက်မှုများအပေါ် စွဲချက်တင်နိုင်ရန် ဦးတည် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အစိုးရရှေ့နေသည် ထိုအချိန်က လိုက်ဘေးရီးယား သမ္မတဖြစ်သူ ချားလ် တေလာ နှင့်အတူ ရှေ့တန်းတော်လှန်ရေးညီညွတ် တပ်ပေါင်းစု (RUF)၊ တပ်မတော် တော်လှန်ရေးကောင်စီ (AFRC) နှင့် ပြည်သူ့ကာကွယ်ရေးအင်အားစု (CDF) တို့၏ ခေါင်းဆောင်များအား စွဲချက် ၁၃ ခု ဖြင့် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ နောက်ဆုံး၌ လူ ၁၀ ဦးအား ရုံးတင်စစ်ဆေးခဲ့သည်။ သို့သော် ၎င်းတို့အနက် ၂ ဦးသည် အမှုစွဲဆိုခြင်းမစတင်မီ သေဆုံးသွားခဲ့ပြီး ၁ ဦးသည် ပြစ်ဒဏ်ချမှတ်ခြင်းမတိုင်မီ ထွက်ပြေး တိမ်ရှောင်ခဲ့သည်။ အဆုံးတွင် ၉ ဦး ကိုသာ ပြစ်ဒဏ်ချမှတ်နိုင်ခဲ့ပြီး အနည်းဆုံး ၁၅ နှစ်မှ အမြင့်ဆုံး ၅၂ နှစ်အထိ ထောင်ဒဏ်များ အသီးသီးချမှတ်ခဲ့သည်။ ယင်းတို့အနက် ၁ ဦးသည် အမှုစစ်ဆေးနေစဉ် သေဆုံးခဲ့သည်။

အထူးတရားရုံးသည် လက်ရှိနိုင်ငံခြေင်းဆောင်တစ်ဦးအား စွဲချက်တင် စစ်ဆေးအပြစ်ပေးခဲ့သည့် ပထမဦးဆုံး တရားရုံးဖြစ်သဖြင့် ထင်ရှားခဲ့သည်။ ချားလ်တေလာသည် ၎င်းအား စွဲချက် တင်သည့် ၂၀၀၃ ခုနှစ်တွင် လိုက်ဘေးရီးယားနိုင်ငံ၏ သမ္မတဖြစ်ပြီး ထိုဖြစ်ရပ် ပြီးနောက် ရာထူးမှ ဖြတ်ချခံခဲ့ရကာ နိုင်ဂျီးရီးယားနိုင်ငံသို့ နယ်နှင်ဒဏ်ပေးခြင်း ခံခဲ့ရသူ ဖြစ်သည်။ သို့သော် ၂၀၀၆ ခုနှစ်တွင် နိုင်ဂျီးရီးယားအာဏာပိုင်များက ကင်မရွန်း နယ်စပ်အနီးတွင် ၎င်းအား ဖမ်းဆီးခဲ့ပြီး ဖရီးတောင်ရှိ အထူးခုံရုံးထံသို့ လွှဲပြောင်းပေးခဲ့သည်။ အမှုစစ်ဆေးမှုများကို နောက်ပိုင်းတွင် ဟိဂ်တရားရုံးသို့ လွှဲပေးခဲ့သည်၊ အကြောင်းမှာ ၎င်း၏ တည်ရှိမှုသည် လက်ရှိဒေသ၏ တည်ငြိမ်အေးချမ်းမှုကို ထိပါးစေနိုင်ပြီး ငြိမ်းချမ်းရေးကို ခြိမ်းခြောက်စေနိုင်လောက်သည်ဟုထင်ရသဖြင့် ထိုသို့လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ အမှုစတင်စစ်ဆေးသည့် ချိန်ဘာက အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး ထောင်ဒဏ် နှစ် ၅၀ ချမှတ်ခဲ့သည်။

အထူးတရားရုံးသည် ကလေးစစ်သားများအသုံးပြုခြင်းနှင့် အတင်းအကြပ်လက်ထပ်မှုများ၊ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းသူများအပေါ် ဦးတည်တိုက်ခိုက်မှုများ ကျူးလွန်ခဲ့သူများကို စစ်ဆေးအပြစ်ပေးခဲ့သည့် ပထမဦးဆုံးသော အပြည်ပြည်ဆိုင်ရာ တရားရုံးတစ်ခု ဖြစ်ခဲ့ သည်။

၂၀.၃.၃ တီမောလ် လက်စ်တ် ခုံရုံး

ဆန့်ကျင်ဘက်အားဖြင့် ဒီလီခရိုင်တရားရုံးရှိ အထူး အဖွဲ့ (panel) များ (တီမောလ် လက်စ်တ် ခုံရုံးဟု လည်း ခေါ်ကြသည်) သည် ရန်ပုံငွေနည်းပါးခြင်း၊ ထောက်ပံ့မှုမရှိခြင်းတို့နှင့် ပတ်သက်၍ အခက်အခဲများ တွေ့ကြုံခဲ့ရသည်။ ၁၉၉၉ ခုနှစ်တွင် အရှေ့တီမောလ်၌ ဖြစ်ပွါးခဲ့သည့် ဆိုးရွား

ပြင်းထန်သည့် ရာဇဝတ်မှုများကို စစ်ဆေးရန်အလို့ငှာ တီမောလ်လက်စ်တ် ပေါင်းစပ် အပြည်ပြည်ဆိုင်ရာခုံရုံးကို ၂၀၀၀ ခုနှစ်တွင် ကုလသမဂ္ဂ၏ အသွင်ကူးပြောင်းရေးကာလ စီမံအုပ်ချုပ်ရေး (UNTAET) အရ တည်ထောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ နိုင်ငံတွင်း ဖြစ်ပွါးခဲ့သည့်ပြစ်မှုများကို စုံစမ်းစစ်ဆေး အပြစ်ပေးနိုင်ရန်အတွက် ဆိုးရွားပြင်းထန်သည့် ပြစ်မှုများ စုံစမ်းစစ်ဆေးရေးယူနစ် (SCU) ကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အထူးအဖွဲ့များသည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရုံး၊ အထူးကိုယ်စားလှယ်က ပေးအပ်သည့် အဓိကတာဝန်များစွာဖြင့် လူမျိုးသုဉ်းသုတ်သင်ခြင်း၊ စစ်ရာဇဝတ်မှုများ၊ လူသားထုအပေါ် ဆန့်ကျင်သည့် ပြစ်မှုများ၊ လူသတ်မှုများ၊ လိင်ပိုင်းဆိုင်ရာ ပြစ်မှုကျူးလွန်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများကို စစ်ဆေးအပြစ်ပေးနိုင်ရန် ၂၀၀၀ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဖွဲ့စည်း ခဲ့သည်။

အထူးအဖွဲ့များသည် လူပေါင်း ၄၀၀ နီးပါးအပေါ် စွဲချက်များ ထုတ်ပြန်ခဲ့သည်။ အင်ဒိုနီးရှားစစ်တပ်အရာရှိများအပေါ် စွဲချက်များထုတ်ပြန်ခဲ့သော်လည်း အင်ဒိုနီးရှားအစိုးရ၏ တရားရုံးအပေါ် အသိအမှတ်ပြုရန်နှင့် စွပ်စွဲခံရသူများအား လွှဲပြောင်းပေးရန် ငြင်းဆိုချက်များကြောင့် တရားစွဲဆိုမှုအများစုကို ဆက်လက်လုပ်ဆောင်နိုင်ခဲ့ခြင်း မရှိပေ။

၂၀.၃.၄ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး

ချိုးဖောက်မှုများကိုဖြေရှင်းနိုင်ရန်အတွက် အထက်ဖော်ပြပါခုံရုံးများအား ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သော်လည်း အထက်ပါပြစ်မှုများ ကျူးလွန်ကြောင်း စွပ်စွဲခံရသည့် လူပုဂ္ဂိုလ်များ အပေါ် စုံစမ်းစစ်ဆေးအပြစ်ပေးနိုင်သည့် ယာယီမဟုတ်သော အပြည်ပြည်ဆိုင်ရာ အမြဲတမ်း တရားရုံးတစ်ခု ဖွဲ့စည်းတည်ထောင်ရန် လိုအပ်ကြောင်း သတိပြုမိခဲ့ကြသည်။ ထို ရည်ရွယ်ချက်ဖြင့် ၁၉၉၈ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာ အမြဲတမ်း ရာဇဝတ်တရားရုံး (ICC) ကို ဖွဲ့စည်းတည်ထောင်မည့် ရောမပြဋ္ဌာန်းဥပဒေ (Rome Statute) ကို ချမှတ်ခဲ့ကြသည်။ ထိုဥပဒေတွင် အခြားသောပြဋ္ဌာန်းချက်များစွာအပြင် တရားရုံး၏ စီရင်ပိုင်ခွင့်အကြောင်း၊ လုပ်ငန်းတာဝန်များ လုပ်ကိုင်ဆောင်ရွက်ရန် စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများအကြောင်း ဖော်ပြပါရှိသည်။

ICC သည် နယ်သာလန်နိုင်ငံ၊ ဟိဂ်မြို့တွင် ရုံးထိုင်သည်။ သို့သော် Rome Statute အရ တရားသူကြီးများက သင့်တော်သည်ဟု ထင်မြင်သည့်အခါ၌ တရားရုံးသည် အခြားသော နေရာများတွင်လည်း ရုံးထိုင်နိုင်သည်။ နိုင်ငံများအနေဖြင့် Rome Statute ၏ အဖွဲ့ဝင်ဖြစ်လာသည့်အခါ တရားရုံး၏ စီရင်ပိုင်ခွင့်ကို အသိအမှတ်ပြုလက်ခံကြောင်း ရေးသားပေးပို့ရမည် ဖြစ်သည်။ တနည်းအားဖြင့် နိုင်ငံတစ်ခုသည် Rome Statute ၏ အဖွဲ့ဝင်ဖြစ်လာသည့်အခါ တရားရုံးအနေဖြင့် ထိုနိုင်ငံ၏ နယ်နိမိတ်အတွင်း ကျူးလွန်သည့် ပြစ်မှုများအတွက် စွပ်စွဲခံရသူများအပေါ်တွင်ဖြစ်စေ၊ (သို့မဟုတ်) စွပ်စွဲခံရသူများသည် ထိုနိုင်ငံ၏ နိုင်ငံသားများ ဖြစ်နေသည့်အခါတွင်ဖြစ်စေ စုံစမ်းစစ်ဆေးမှုများကို စတင်လုပ်ဆောင်နိုင်ခြင်းဖြစ်သည်။ သို့သော် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အခြေအနေတစ်ရပ်အား ICC ၏ ရှေ့နေချုပ်ရုံးထံသို့ ပေးပို့

လာသည့်အခါ ICC ကို အတည်ပြုလက်မှတ်ရေးထိုးထားခြင်းမရှိသည့် နိုင်ငံ၏ နိုင်ငံသား များနှင့် ပတ်သက်၍လည်း အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်နိုင်သည်။

ICC သည် ပြည်တွင်းရှိ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်ကို အားဖြည့်ရန်သာဖြစ်ပြီး အစားထိုး ပြောင်းလဲရန် ဦးတည်ထားခြင်း မဟုတ်ပေ။ နိုင်ငံ၏ ပြည်တွင်းတရာစီရင်ရေး စနစ်အရ တရား စွဲဆိုမှုများ လုပ်ဆောင်နိုင်ခြင်းမရှိသည့်အခါ၊ သို့မဟုတ် နိုင်ငံက ပြည်တွင်း တရားစွဲဆိုမှုများ တောင်းဆိုထားသော်လည်း လက်တွေ့တွင် ထိုကဲ့သို့ အမှန်တကယ် ဆောင်ရွက်လိုခြင်း သို့မဟုတ် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အခါများတွင်သာ ICCC အနေဖြင့် အမှုများကို တရားစွဲဆို စစ်ဆေးနိုင်ပေသည်။ ၎င်းအခြေခံမူအား ဖြည့်စွက်မှု မူသဘောတရား (principle of complementarity) ဟု ခေါ်ကြသည်။

ICC ၏ ဖွဲ့စည်းတည်ထောင်မှုတွင် ရည်ရွယ်ချက်များစွာ ပါဝင်နေခဲ့သည်။ ပထမရည်ရွယ်ချက်မှာ ICC သည် ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်နေသည့်ဓလေ့ကို အဆုံးသတ်စေပြီး ဟန့်တားမှု တစ်ရပ်အဖြစ် သက်ရောက်စေလိမ့်မည်ဟု မျှော်လင့်ခဲ့ခြင်းဖြစ်သည်။ တာဝန်ခံမှု ကင်းမဲ့သည့် စနစ်များကြောင့် အပြစ်ကျူးလွန်သူများသည် မိမိတို့ ကျူးလွန်ခဲ့သည်များအတွက် မည်သည့် အခါမျှ အပြစ်ပေးခံရလိမ့်မည်မဟုတ်ပေဟု ယုံကြည်နေကြပြီး ကျူးလွန်မှုများ ကျူးလွန်စေရန် အားပေးရာရောက်စေနိုင်သည်။ ဒုတိယရည်ရွယ်ချက်မှာ ICC သည် နစ်နာသူများ အတွက် တရားမျှတမှုကို ဆောင်ကြဉ်းပေးနိုင်မည်ဟု မျှော်လင့်ခြင်း ဖြစ်သည်။ တရားမျှတမှု ပြန်လည် တည်ဆောက်ရေး၏ အဓိကဦးတည်ချက်တစ်ရပ်မှာ အပြစ်ကျူးလွန်သူများအား ၎င်းတို့၏ လုပ်ရပ်များအတွက် တာဝန်ခံမှုရှိစေရေး တွန်းအားပေး ဆောင်ရွက်ခြင်းဖြစ်သည်။ လူ့အခွင့် အရေးချိုးဖောက်မှုများ တွေ့ကြုံခံစားခဲ့ရသည့် လူ့အဖွဲ့အစည်းတစ်ခုအတွက် ပြစ်မှုကျူးလွန်သူ များအား ၎င်းတို့၏ လုပ်ရပ်များအတွက် တာဝန်ခံမှုရှိစေရန် လုပ်ဆောင်နိုင်ခြင်း မရှိခဲ့ပါမူ ငြိမ်းချမ်းရေးဆီသို့ ရှေ့ဆက်လျှောက်လှမ်းရန်မှာ အလွန်ခက်ခဲပေသည်။ တတိယ ရည်ရွယ်ချက် မှာ ICC သည် စံနှုန်းများ ချမှတ်ရာတွင် သို့မဟုတ် တရားမျှတမှုဆိုင်ရာ စံနှုန်းများ သတ်မှတ် ရာတွင် အကူအညီဖြစ်စေလိမ့်မည်ဟု မျှော်လင့်ခြင်းဖြစ်သည်။ စံနှုန်းများ ချမှတ်ခြင်းသည် လူမျိုးသုဉ်းသုတ်သင်ခြင်း၊ လူသားထု အပေါ်ကျူးလွန်သည့် ပြစ်မှုများ၊ စစ်ရာဇဝတ်မှုများ၊ ကျူးကျော်ရန်စမှုများ အားလုံးကို အဆုံးသတ်စေနိုင်သည့် အခြေခံအုတ်မြစ်များ ချမှတ် ပေးနိုင်ရေးအတွက် အရေးကြီးပေသည်။

ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်နေသည့် ဓလေ့

ပြစ်မှုကျူးလွန်သူများသည် စနစ်တကျ ပြုလုပ်ထားသည့် ပျက်ကွက်မှုများကြောင့် ပြစ်ဒဏ်ပေးခြင်း မခံရခြင်းဖြစ်သည်။ ထို အချက်သည် အာဏာ ရှိသူများအား မိမိတို့ သည် ဘာမဆိုလုပ်နိုင် ကြောင်း၊ လုပ်ရပ်၏ အကျိုးဆက်ကို ခံစား ရန် မိမိတို့အား မည်သို့ မျှ ပြုလုပ်နိုင်လိမ့်မည် မဟုတ်ကြောင်း ယုံကြည်ထားသည့် ဓလေ့တစ်ခုကို ဖြစ်လာ စေသည်။

၂၀.၄ ဆိုးရွားပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ဥပဒေဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်

အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံး တည်ထောင်သည့် Rome Statute (၁၉၉၈) တွင် လူမျိုးသုဉ်းသုတ်သင်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားထုအပေါ် ဆန့်ကျင်သည့်ပြစ်မှုများနှင့် စပ်လျဉ်းသည့် ပြစ်မှုများကို သတ်မှတ်ဆုံးဖြတ်နိုင်သည့် လမ်းညွှန်ချက်များ ထည့်သွင်းပါရှိသည်။ ဤပြစ်မှုများ၏ နယ်ပယ်အတိုင်းအတာအကြောင်းကို အောက်တွင် ဆွေးနွေးထားသည်။

၂၀.၄.၁. လူမျိုးသုဉ်းသုတ်သင်ခြင်း (အပိုဒ် ၆)

၁၉၄၄ ခုနှစ်တွင် ပိုလန်-ဂျူးနွယ်ဖွား ရှေ့နေတစ်ဦးဖြစ်သူ ရဖဲလ်လမ်ကင် က နာဇီမူဝါဒ တစ်ရပ် ဖြစ်သည့် ဥရောပနွယ်ဖွားဂျူးလူမျိုးများအား အကြီးအကျယ်သတ်ဖြတ်ခြင်း အပါအဝင် တိုင်းရင်း သားအုပ်စုများအပေါ် စနစ်တကျ ဖျက်ဆီးရေးအကြောင်း မှတ်တမ်းတင်ထားသည့် စာအုပ်တစ်ခု တွင် "လူမျိုးသုဉ်း သုတ်သင်ခြင်း"ဆိုသည့် ဝေါဟာရကို တီထွင် သုံးနှုန်းခဲ့သည်။ လမ်ကင် က *genos* (လက်တင်စကားအရ မိသားစု၊ မျိုးနွယ်စု၊ လူမျိုး) နှင့် *cide* (လက်တင်စကားအရ သုတ်သင်သတ်ဖြတ်ခြင်း) ဆိုသည့် စကားလုံး ၂ ခုကို ပေါင်းစပ်ကာ တီထွင် အသုံးပြုခဲ့ခြင်း ဖြစ်သည်။

၂၀ ရာစု အစောပိုင်းတွင် ဥရောပ၌ လူမျိုးသုဉ်းသတ်ဖြတ်မှု ၂ ခုဖြစ်ပွားခဲ့ပြီး အာမေးနီးယန်း လူမျိုးသုဉ်းသတ်ဖြတ်မှု နှင့် ဂျူးလူမျိုးများ သတ်ဖြတ်ခံရသည့် ဖြစ်ရပ် (Holocaust) များ ဖြစ် သည်။ အာမေးနီးယန်း လူမျိုးသုဉ်းသတ်ဖြတ်မှုသည် ပထမကမ္ဘာစစ် မတိုင်မီကပင် စတင်ခဲ့ပြီး စစ်အတွင်းဆက်လက်ဖြစ်ပွါးခဲ့ကာ လူမျိုးစုတစ်ခုမကပါဝင်ခဲ့သည့် အော်တိုမန် အင်ပါယာ (Ottoman Empire) အဖြစ်မှ တူရကီ လူမျိုးတစ်ခုတည်းအုပ်ချုပ်သည့်အဖြစ်သို့ ပြောင်းလဲရေး အတွက် တစ်စိတ်တစ်ပိုင်း တွန်းအားဖြစ်ခဲ့သည်။ (ယခုအခါ အာမေးနီးယား ဟုခေါ်တွင်သည့်) တူရကီ အရှေ့ပိုင်းဒေသတွင် နေထိုင်သော လူများအား ၎င်းတို့နေထိုင်ရာနေရာများမှ နှင်ထုတ် လိုက်ခြင်းနှင့် နှစ် ၃၀၀၀ ခန့်ရှိသည့် ၎င်းတို့၏ ယဉ်ကျေးမှုဓလေ့များကို ဖျက်ဆီး လိုက်ခြင်းဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ သို့သော် ပြောင်းလဲနေသော ကမ္ဘာ့အဖြစ် အပျက်များနှင့်အတူ ဖြစ်စဉ်အကြောင်း တမင်တကာ အသံတိတ် ပြုထားခြင်း၊ အမှတ်တရများ အား သိသိသာသာ ဖုံးဖိလိုက်ခြင်းများကြောင့် ကနဦးဖြစ်ပေါ်ခဲ့သည့် တကမ္ဘာလုံး၏ နာကြည်းမှုကို အောင်အောင်မြင်မြင်ဖြင့် ဖုံးလွှမ်းသွားနိုင်ခဲ့ပြီး ကမ္ဘာ့သမိုင်းရှိ 'အမွေပျောက်ခံ လူမျိုးသုဉ်း သတ်ဖြတ်မှုတစ်ခု' အဖြစ်သို့ ပြောင်းလဲခဲ့သည်။

ဂျူးလူမျိုးများ သတ်ဖြတ်ခံရသည့် ဖြစ်ရပ် Holocaust (ဟေဗြဲဘာသာစကားအရ *ဟာ-ရှွာအိုဝါ Ha-Shoah* ဟုလည်းခေါ်သည်) သည် ဒုတိယကမ္ဘာစစ်အတွင်း ဖြစ်ပွါးခဲ့ပြီး (အဒေါ့ဖ် ဟစ်တလာ ဂျာမနီ ဝန်ကြီးချုပ် ဖြစ်လာသည့်အချိန်) ၁၉၃၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် နေ့မှ ဥပရောပတွင် တရားဝင် စစ်ပွဲပြီးဆုံးခဲ့သည့် ၁၉၄၅ ခုနှစ်၊ မေလ ၈ ရက်နေ့အထိ ကာလ ကို ညွှန်းဆိုလေ့ရှိသည်။ ထိုကာလ၌ ဥရောပရှိ ဂျူးလူမျိုးများသည် ရက်စက်သည့် ညှဉ်းပန်း နှိပ်စက်မှုများကို တွေ့ကြုံ ခံစားခဲ့ရပြီး အဆုံးတွင် ဂျူးလူမျိုး ၆ သန်းမှ ၈ သန်းခန့်သည် သတ်ဖြတ်ခံခဲ့ရကာ (၎င်းတို့တွင် ၁.၅ သန်းသည် ကလေးသူငယ်များဖြစ်သည်) ဂျူးလူမျိုး အသိုင်းအဝန်း ၅၀၀၀ ကို ဖျက်ဆီးပစ်ခဲ့သည်။ ထိုအချိန်တွင် အသတ်ခံခဲ့ရသည့် ဂျူးလူမျိုးများ ၏ ပမာဏသည် ဥရောပနွယ်ဖွါး ဂျူးလူမျိုးများ၏ လူဦးရေ သုံးပုံနှစ်ပုံခန့် ရှိခဲ့သည်။ ဂျူးလူမျိုးများသည် ဒုတိယကမ္ဘာစစ်အတွင်း ဥရောပကို အပျက်အစီးဖြစ်စေသည့် တိုက်ပွဲများတွင် ပါဝင်ခဲ့မှုများကြောင့် သေဆုံးခဲ့ရခြင်းမဟုတ်ဘဲ ဟစ်တလာ၏ "နောက်ဆုံး ဖြေရှင်းချက်" ဟူသော စီမံချက်တစ်ခုဖြစ်သည့် ဥရောပရှိ ဂျူးလူမျိုး တစ်စုလုံးအပေါ် အမြစ်ဖြတ် သုတ်သင်ရန် လုပ်ဆောင်ခဲ့သည့် ဂျာမနီတို့၏ တမင်တကာနှင့်

စနစ်တကျ ကြံစည်အားထုတ်မှုများ ကြောင့် ထိခိုက်နစ်နာသေဆုံးခဲ့ရခြင်း ဖြစ်သည်။ ကုလသမဂ္ဂ အထွေထွေညီလာခံသည် ထိုကဲ့သို့ စနစ်တကျ သတ်ဖြတ်ခြင်းများ (နှင့် မသန်စွမ်းသူများ၊ ကွန်မြူနစ်များ၊ ရောမတိုင်းရင်း သားများ၊ လိင်တူကြိုက်နှစ်သက်သူများအား သတ်ဖြတ်ခြင်းများ) အပေါ် ပြန်လည် တုန့်ပြန် သည့်အနေဖြင့် လူမျိုးသုဉ်းသုတ်သင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၄၈ ခုနှစ်တွင် ချမှတ်ခဲ့ပြီး လူမျိုးသုဉ်းသုတ်သင်ခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ပထမဦးဆုံး အကြိမ် ဖော်ပြခဲ့သည်။ ICC ၏ Statute သည်လည်း အလားတူ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အသုံးပြု ထားသည်။

အဆိုပါ ဖွဲ့စည်းပုံဥပဒေများအရ လူမျိုးသုဉ်းသုတ်သင်ခြင်းဆိုသည်မှာ အမျိုးသား၊ တိုင်းရင်းသား၊ မျိုးနွယ်စု၊ သို့မဟုတ် ဘာသာရေးအုပ်စု တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ ဖျက်ဆီး ပစ်ရန်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သည့် လုပ်ဆောင်ချက်များ ဖြစ်သည်။ ၎င်းတွင် အုပ်စုတစ်ခု၏ ရုပ်ပိုင်းဆိုင်ရာပျက်စီးမှုဖြစ်စေမည့် အခြေအနေများ သတ်မှတ်ထားရှိခြင်း၊ သို့မဟုတ် ထိုအုပ်စုအတွင်း ကလေးမွေးဖွါးမှုကို တားဆီးရန် ရည်ရွယ်သည့် အစီအစဉ်များ ချမှတ် ခြင်းများ (သို့မဟုတ်) ထိုအုပ်စုရှိ ကလေးသူငယ်များကို အခြားအုပ်စုများသို့ အတင်းအကြပ် ရွှေ့ပြောင်းလိုက်ခြင်းများလည်း ပါဝင်နိုင်ပေသည်။

အလေးထားစရာ

လူမျိုးသုဉ်းသုတ်သင်မှုအပေါ် စွဲချက်များ

ICTR သည် Jean Paul Akayesu အား (ရဝမ်ဒါ၏ မြို့တစ်ခုဖြစ်သည့်) တာရာ၏ မြို့တော်ဝန် အဖြစ် တာဝန်ထမ်းဆောင်စဉ် ပါဝင်ကျူးလွန်ခဲ့သည့် လုပ်ရပ်များအတွက် လူမျိုးသုဉ်း သုတ်သင် မှုနှင့် လူသားထုအပေါ်ဆန့်ကျင်သည့် ပြစ်မှုများဖြင့် ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ တွင် စစ်ဆေး အပြစ်ပေးခဲ့သည်။ ထိုအမှုသည် လူမျိုးသုဉ်းသုတ်သင်ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ခုံရုံး တစ်ရုံး၏ ပထမဦးဆုံး စစ်ဆေးအပြစ်ပေးခဲ့သည့် အမှုဖြစ်သည်။

ထိုဖြစ်ရပ်အပြီး နှစ်ပေါင်း ၂၀ အကြာ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် ICTY သည် ဘောစနီးယား-ဆာ့ဘ် စစ်တပ် ဗိုလ်မှူးဟောင်းတစ်ဦးဖြစ်သူ Ratko Mladic အား လူမျိုးသုဉ်း သုတ်သင်ခြင်း၊ လူသားထုအပေါ် ဆန့်ကျင်သည့် ပြစ်မှုများ၊ စစ်ပွဲဆိုင်ရာ ဥပဒေ သို့မဟုတ် ဓလေ့ထုံးစံများကို ချိုး ဖောက်ခြင်းများကြောင့် စစ်ဆေးစီရင်ခဲ့ပြီး ပြစ်ဒဏ်အဖြစ် တသက်တကျွန်းဒဏ် ချမှတ်ခဲ့သည်။

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ဂမ်ဘီယာနိုင်ငံသည် မြန်မာနိုင်ငံအား ရိုဟင်ဂျာလူမျိုးများ အပေါ် လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ခြင်းနှင့် ၁၉၄၈ ခုနှစ် လူမျိုးသုဉ်းသုတ်သင်ခြင်း ဆိုင်ရာ သဘော တူစာချုပ်ကို ချိုဖောက်မှုများရှိကြောင်း အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ထံသို့ အမှုဖွင့် တရားစွဲဆိုခဲ့သည်။ ဂမ်ဘီယာနှင့် မြန်မာတို့သည် လူမျိုးသုဉ်းသုတ်သင်ခြင်း ဆိုင်ရာ သဘောတူ စာချုပ်၏ အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည်။ စာချုပ်၏ အပိုဒ် ၉ အရ စာချုပ်ဝင် နိုင်ငံတစ်ခုသည် သဘောတူစာချုပ်ဆိုင်ရာ အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ ကျင့်သုံးခြင်း၊ လိုက်နာဆောင်ရွက်ခြင်း တို့နှင့် စပ်လျဉ်းပြီး အဖွဲ့ဝင်နိုင်ငံအချင်းချင်းအကြား ဖြစ်ပွါးသည့် အငြင်းပွါးမှုများကို ဖြေရှင်းဆုံး

ဖြတ်ရန်အတွက် ICJ သို့ တင်သွင်းနိုင်ပေသည်။ ထိုပြဋ္ဌာန်းအရ ဂမ်ဘီယာသည် ICJ ထံ အမှု တင်သွင်းခဲ့ခြင်းဖြစ်သည်။ ICJ သည် ပဏာမ ဆုံးဖြတ်ချက်တစ်ရပ်ကို ၂၀၂၀ ခုနှစ် ဧန်နဝါရီလ ၂၃ ရက်နေ့တွင် ချမှတ်ခဲ့ပြီး မြန်မာနိုင်ငံအား ရခိုင်ပြည်နယ်တောင်ပိုင်းတွင် အခြေချနေထိုင်သည့် နိုင်ငံမဲ့ ရိုဟင်ဂျာလူနည်းစုအပေါ် လုပ်ဆောင်သည့် လူမျိုးသုဉ်းသတ်ဖြတ်မှုများကို ဟန့်တားနိုင်မည့် အရေးပေါ် အစီအမံများ ဆောင်ရွက်ပေးရမည်ဟု ပါရှိသည်။ ICJ ၏ ထိုဆုံးဖြတ်ချက်သည် ပဏာမသဘောဖြစ်စေကာမူ ရိုဟင်ဂျာလူမျိုးများ၏ အခွင့်အရေးများကို ကာကွယ်ပေးနိုင်ရေး အတွက် အရေးပါလှပေသည်။ ထိုနည်းတူပင် အခြားသော UN အဖွဲ့များသည်လည်း ICJ ၏ ထို ဆုံးဖြတ်ချက်ကို အသုံးပြုကာ ရိုဟင်ဂျာအုပ်စုအပေါ် လူမျိုးသုဉ်းသုတ်သင်သည့်လုပ်ရပ်များ တားဆီးနိုင်မည့် နည်းလမ်းများကို လုပ်ဆောင်သင့်ကြောင်း မြန်မာနိုင်ငံအား တောင်းဆိုထား သည်။

၂၀.၄.၂ လူသားထုအပေါ် ဆန့်ကျင်သည့် ပြစ်မှုများ

လူသားထုအပေါ်ဆန့်ကျင်သည့် ပြစ်မှုများကို နုရမ်ဘာ့ဂ်ခ် အမှုစစ်ဆေးခြင်းများ၊ ICTY နှင့် ICTR တို့က သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းကို Rome Statute တွင်လည်း အဓိပ္ပါယ် ဖွင့်ဆိုထား သည်။ အထူးသဖြင့် လူသားထုအပေါ် ဆန့်ကျင်သည့်ပြစ်မှုများအဖြစ် အရပ်သား ပြည်သူများ အပေါ် အကြီးအကျယ် သို့မဟုတ် စနစ်တကျတိုက်ခိုက်ခြင်းကဲ့သို့သော တားမြစ်ထားသည့် အချို့ လုပ်ရပ်များကို ကျူးလွန်ခြင်းမျိုးပါဝင်သည်။ တားမြစ်ထားသည့် လုပ်ရပ်များတွင် လူသတ်မှု၊ အမြစ်ဖြတ်သုတ်သင်ခြင်းများ၊ ကျွန်ပြုခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်း၊ လူများအား အတင်းအကြပ် ပြောင်းရွှေ့ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ အုပ်စုတစ်ခုအပေါ် နှိပ်စက်ညှဉ်းပန်းခြင်း၊ အတင်းအကြပ် လက်စဖျောက်ခြင်း၊ လူမျိုးရေး ခွဲခြားမှုများ၊ ခန္ဓာကိုယ် ကိုဖြစ်စေ၊ ရုပ်ပိုင်းဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုဖြစ်စေ အကြီးအကျယ် ထိခိုက် ခံစားရစေသည့် အခြားသော လူသားမဆန်သည့်လုပ်ရပ်များအားလုံး ပါဝင်သည်။

အလေးထားစရာ

လူသားထုအပေါ်ဆန့်ကျင်သည့်ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိကာ အပြစ်ပေးခံခဲ့ရသည့် ခေါင်းဆောင်များအကြောင်း ဥပမာများ

၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလတွင် အာဂျင်တီးနားတရားရုံးသည် များစွာသော စစ်တပ်အရာရှိ ဟောင်း များအား လူသားထုအပေါ်ဆန့်ကျင်သည့် ပြစ်မှုများကျူးလွန်ကြောင်း စစ်ဆေး အပြစ်ပေး ခဲ့သည်။ 'Dirty war' (၁၉၇၆ - ၁၉၈၃) အတွင်း၌ လက်ဝဲယိမ်း တက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေး အတိုက်အခံများနှင့် ထောက်ခံအားပေးသူများအား အစုလိုက်အပြုံလိုက် ပြန်ပေးဆွဲခြင်းနှင့် သုတ်သင်ခြင်းများအတွက် အဆိုပါ စစ်တပ်အရာရှိများကို တာဝန်ရှိစေခဲ့ခြင်း ဖြစ်သည်။

ယူဂိုစလားဘီးယားနိုင်ငံ၏ သမ္မတဟောင်းတစ်ဦးဖြစ်သူ Slobodan Milosevic အား စစ်ရာဇဝတ်မှုများ၊ လူသားထုအပေါ် ဆန့်ကျင်သည့်ပြစ်မှုများနှင့် လူမျိုးသုဉ်းသတ်ဖြတ်ခဲ့ခြင်းများအတွက် ယခင်ယူဂိုစလားဘီးယားအတွက် ဖွဲ့စည်းလိုက်သည့် အပြည်ပြည်ဆိုင်ရာ ခုံရုံးက စစ်ဆေးခဲ့သည်။ သို့သော် ၎င်းသည် အမှုစစ်ဆေးစီရင်မှုမပြီးဆုံးမီ UN အကျဉ်းစခန်း၌ ရှိနေစဉ် ၂၀၀၆ ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။

၁၉၉၈ ခုနှစ်တွင် ရဝမ်ဒါ အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံးက ရဝမ်ဒါ ဝန်ကြီးချုပ်ဟောင်း တစ်ဦးဖြစ်သူ Jean Kambanda အား ၁၉၉၄ ခုနှစ်တွင် ကျူးလွန်ခဲ့သည့် လူသားထုအပေါ် ဆန့်ကျင်သည့် ပြစ်မှုများအတွက် ထောင်ဒဏ် တသက်တကျွန်းချမှတ်ခဲ့သည်။ ၎င်းသည် ၁၉၄၈ ခုနှစ် ဂျီနီဗာသဘောတူစာချုပ်အရ ပထမဦးဆုံး ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသူဖြစ်သည်။

ဆီရီယာလီယွန် အထူးတရားရုံးသည် လိုင်ဘေးရီးယား သမ္မတဟောင်း ချားလ်တေလာ အား ဆီရီယာလီယွန်ပြည်တွင်းစစ်အတွင်း စစ်ရာဇဝတ်မှုများ၊ လူသားထုအပေါ် ဆန့်ကျင်သည့် ပြစ်မှုများနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေအပေါ် ဆိုးဆိုးရွားရွား ချိုးဖောက်မှုများ ကျူးလွန်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

၂၀.၄.၃ စစ်ရာဇဝတ်မှုများ (အပိုဒ် ၈)

စစ်ရာဇဝတ်မှုကျူးလွန်ခြင်းသည် စစ်ပွဲများကဲ့သို့ပင် ရှေးကျလှပေသည်။ ရှေးကျသည့် လူ့အဖွဲ့အစည်းများတွင်ပင်လျှင် စစ်ပွဲအတွင်းနှင့် စစ်ပွဲပြီးနောက် ရှောင်ရှားရမည့် တားမြစ်ထားသော အပြုအမူဆိုင်ရာစည်းမျဉ်းများ ရှိခဲ့ကြသည်။ သို့ရာတွင် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေကို စုစည်းခြင်းနှင့်အတူ စစ်ရာဇဝတ်များ ဆိုင်ရာ သဘောတရားသည် တိုးတက်လာခဲ့ပြီး စစ်ရာဇဝတ်မှုများသည်လည်း ၁၉ ရာစုအကုန် တွင် သာ ပေါ်ပေါက်ခဲ့သည်။

အလေးထားစရာ

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ

၁၈၆၄ ခုနှစ် ဂျီနီဗာသဘောတူစာချုပ် - စစ်မြေပြင်တွင် ထိခိုက်ဒဏ်ရာရသည့် စစ်သားများ၏ အခြေအနေများ သက်သာကောင်းမွန်စေရေးအတွက် ဦးတည်ထားသည်။

၁၈၉၉ ခုနှစ် နှင့် ၁၉၀၇ ခုနှစ် ဟိဂ်သဘောတူစာချုပ်များ - စစ်ပွဲဆိုင်ရာ နှင့် စစ်မက်ဖြစ်ပွါးခြင်းဆိုင်ရာ အချို့သော နည်းနိသယများ အသုံးပြုခြင်းကို တားမြစ်ရေးအတွက် ဦးတည်ထားသည်။

၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူစာချုပ်များ - ၁၉၄၉ ခုနှစ်တွင် ချမှတ်ခဲ့သည့် သဘောတူစာချုပ် ၄ ခုသည် တိုက်ပွဲဖြစ်ပွါးချိန် မြေပြင်နှင့် သင်္ဘောများတွင် ထိခိုက်ဒဏ်ရာရရှိသည့် စစ်သားများ၊ စစ်သုံ့ပန်းများ၊ သိမ်းပိုက်ခံဒေသများတွင် ရှိနေသူများအပါအဝင် အရပ်သားများအား အကာ

အကွယ်ပေးရေးတို့ကို ဦးတည်ထားသည်။ ထိုသဘောတူစာချုပ်များသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ၏ အဓိကစာချုပ်များဖြစ်ကြပေသည်။

စစ်ရာဇဝတ်မှုများကို Rome Statute ၏ အပိုဒ် ၈ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ ရိုးရိုး ရှင်းရှင်း ဆိုရသော် ၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူစာချုပ်များအား ဆိုးဆိုးရွားရွား ချိုးဖောက်ခြင်းများ၊ အပြည်ပြည်ဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခအတွင်း လိုက်နာကျင့်သုံးရမည့် ဥပဒေများနှင့် ဓလေ့ထုံးစံများအား အကြီးအကျယ်ချိုးဖောက်မှုများဖြစ်ကြသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ သဘောမဟုတ်သည့် လက်နက်ကိုင်ပဋိပက္ခများ (armed conflict not of international character) တွင် ဂျီနီဗာ သဘောတူစာချုပ် ၄ ခုတွင် ပါရှိသည့် ဘုံအပိုဒ် ၃ အား အကြီးအကျယ် ချိုးဖောက်ခြင်းများသည်လည်း ပါဝင်ပေသည်။ ထို့ကြောင့် စစ်ရာဇဝတ်မှုများသည် အပြည်ပြည်ဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခများနှင့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ အားလုံးတွင် ဖြစ်ပွါးနိုင်ပေသည်။ Rome Statute ၏ အပိုင်း ၈ တွင် စစ်ရာဇဝတ်မှုအဖြစ် မှတ်ယူနိုင်သည့် လုပ်ရပ်များကို စာရင်းပြုဖော်ပြထားသည်။

အလေးထားစရာ

စစ်ရာဇဝတ်မှုအဖြစ် စွဲချက်တင်ခဲ့သည့် ဥပမာများ

အမေရိကန်၏ အာဖဂန်နစ္စတန်တွင် လုပ်ဆောင်ခဲ့သည့် လုပ်ရပ် - ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်မှ ၆ ရက်နေ့အထိ

CIA နှင့် US စစ်တပ်အား အာဖဂန်နစ္စတန် လက်နက်ကိုင် ပဋိပက္ခအတွင်း စစ်ရာဇဝတ်မှုများ နှင့် လူသားထုအပေါ် ဆန့်ကျင်သည့်ပြစ်မှုများ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားချက်အပေါ် စုံစမ်းစစ်ဆေးမှု လုပ်ဆောင် သင့်/မသင့်ကိစ္စကို ဆုံးဖြတ်ရန်အတွက် ICC အယူခံချိန်ဘာသည် ကြားနာ စစ်ဆေးမှုတစ်ခု လုပ်ဆောင်ခဲ့သည်။ ICC ရှေ့နေချုပ်ဖြစ်သူ Fatou Bensouda က အာဖဂန်နစ္စတန် လက်နက်ကိုင်ပဋိပက္ခအတွင်း တာလီဘန်၊ အာဖဂန် စစ်တပ် နှင့် အမေရိကန်များ ကျူးလွန်ခဲ့သည့် ပြစ်မှုများအပေါ် စုံစမ်းစစ်ဆေးခွင့်ပြုရန် တောင်းဆိုချက်ကို ၂၀၁၇ ခုနှစ်၊ နိဝင်ဘာလတွင် တင်သွင်းခဲ့သည်။ သို့သော် ထိုအချိန် အာဖဂန်နစ္စတန်နှင့် အခြားသော အဓိကနိုင်ငံများအကြား ဆက်စပ်နေသည့် နိုင်ငံရေး အခင်းအကျင်း၊ နိုင်ငံရေး အခြေအနေရှုပ်ထွေးနေမှုနှင့် မငြိမ်မသက် ဖြစ်နေမှု၊ နိုင်ငံ၏ပူးပေါင်းဆောင်ရွက်မှု အလားအလာမရှိသည့်အခြေအနေတွင် လုပ်ဆောင်မည့် စုံစမ်းစစ်ဆေးခြင်း၏ ဖြစ်နိုင်ခြေရှိမှု၊ သက်သေအထောက်အထားနှင့် မျက်မြေသက်သေများ မရရှိနိုင်မှုစသည့် အကြောင်းရင်း များစွာကို ကိုးကားဖော်ပြကာ တောင်းဆိုချက်ကို ငြင်းပယ်ခဲ့သည်။

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအား စစ်ရာဇဝတ်မှုအဖြစ် တရားစွဲဆိုခြင်း

၂၀၁၆ ခုနှစ်တွင် ICC သည် ကွန်ဂိုပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတဟောင်းဖြစ်သူ Jean-Pierre Bemba အား ၎င်း၏ တော်လှန်ရေးအုပ်စုဖြစ်သည့် ကွန်ဂိုလွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့က ကျူးလွန်ခဲ့သည့် လူသားထုအပေါ်ဆန့်ကျင်သည့် ပြစ်မှု၊ စစ်ရာဇဝတ်မှုများအတွက် စွဲချက်တင် အပြစ်ပေးခဲ့သည်။ ၎င်းသည် ထင်ရှားသည့် ဆုံးဖြတ်ချက်တစ်ခုဖြစ်ပြီး အကြောင်းမှာ စွဲချက် ၂ ရပ်နှင့် ပတ်သက်သည့် စီရင်ထုံးပေါ်ထွက်ခဲ့ခြင်းဖြစ်ရာ ပထမစွဲချက်အရ အဆင့်မြင့် ထိပ်သီးအရာရှိများသည် အခြားတိုင်းပြည်တစ်ခုတွင်နေထိုင်၍ အုပ်ချုပ်နေသည့်တိုင် ၎င်းတို့ လက်အောက်ရှိ စစ်သားများ၏ လုပ်ရပ်များအတွက် တာဝန်ခံမှုရှိစေခြင်းဖြစ်ပြီး ဒုတိယ စွဲချက်အရ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို စစ်ရာဇဝတ်မှုအဖြစ် တရားစွဲဆိုခြင်းဖြစ်သည်။ သို့သော် ၂၀၁၈ ခုနှစ်တွင် ICC အယူခံချိန်ဘာသည် ကျင့်ထုံးဆိုင်ရာပြဿနာများကြောင့် Bemba ၏ စွဲချက်များကို ရုပ်သိမ်းကာ တရားသေလွှတ်ပေးခဲ့သည်။

၂၀.၄.၄ ကျူးကျော်ရန်စမှုများ

၁၉၉၈ ခုနှစ်တွင် ချမှတ်လိုက်သည့် Rome Statute ၏ အပိုဒ် ၅ ၌ စာရင်းပြုဖော်ပြထားသည့် အမျိုးအစား ၄ ခုတွင် ကျူးကျော်ရန်စမှုသည် တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ သို့သော် ပြစ်မှုနှင့် ပတ်သက်သည့် အဓိပ္ပါယ်ဖွင့်ဆိုချက်အပေါ် နိုင်ငံများက သဘောတူညီမှုမရှိခဲ့သဖြင့် ICC က ကျူးကျော်ရန်စသည့် ပြစ်မှုအား အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် အခြားရေးရာကိစ္စရပ်များအကြောင်း ဆွေးနွေးမှုများ ပြီးဆုံးချိန်အထိ ၎င်းအနေဖြင့် ထိုပြစ်မှုအပေါ် စီရင်ပိုင်ခွင့် ကျင့်သုံးမည် မဟုတ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ နောက်ဆုံးတွင် ၂၀၁၀ ခုနှစ်၊ ကမ်ပလာမြို့၌ ကျင်းပခဲ့သော ပြန်လည် သုံးသပ်ရေးဆိုင်ရာ ICC ညီလာခံတွင် ချမှတ်ခဲ့သည့် အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ICC အဖွဲ့ဝင် နိုင်ငံများ အားလုံးက သဘောတူညီခဲ့ကြသည်။ (၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင်) ချမှတ်ခဲ့သည့် ကျူးကျော်ရန်စမှုအကြောင်း ဆုံးဖြတ်ချက်သည် ၇ နှစ် ကျော်အချိန်ကြာမြင့်ခဲ့သည်။ ထိုဆုံးဖြတ်ချက်သည် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် နေ့တွင် အာဏာသက်ဝင်ခဲ့ပြီး ICC အနေဖြင့် ၎င်း၏ ပြင်ဆင်ချက်အပေါ် အတည်ပြု လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အဖွဲ့ဝင်နိုင်ငံများ သို့မဟုတ် ထိုနိုင်ငံ၏ နိုင်ငံသားများအပေါ် စီရင်ပိုင်ခွင့် ကျင့်သုံးနိုင်မည်မဟုတ်ကြောင်းကိုလည်း သဘောတူညီခဲ့ကြသည်။

အပိုဒ် ၈ အရ ကျူးကျော်ရန်စမှုတွင် အကြောင်းအရာ ၃ ရပ်ပါဝင်သည်။ ပထမအချက်မှာ ကျူးလွန်သူသည် နိုင်ငံတစ်ခု၏ နိုင်ငံရေး သို့မဟုတ် စစ်ရေးဆိုင်ရာ လုပ်ဆောင်ချက်အပေါ် ထိရောက်စွာ ထိန်းချုပ်မှုပြုလုပ်နိုင်သောအနေအထားတွင်ရှိနေသည့် ခေါင်းဆောင်တစ်ဦး ဖြစ်ရမည် ဖြစ်သည်။ ဒုတိယအချက်မှာ ကျူးလွန်သူသည် နိုင်ငံ၏ ကျူးကျော်ရန်စသည့် လုပ်ရပ်များ ပြုလုပ်ရာတွင် စီစဉ်ခြင်း၊ ပြင်ဆင်ခြင်း၊ အစပြုခြင်း၊ သို့မဟုတ် ဆောင်ရွက်ခြင်းများ၌ ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။ တတိယအချက်မှာ ကျူးကျော်ရန်စမှု၏ ပြင်းထန်မှုနှင့် သက်ရောက်မှုပမာဏ

အတိုင်းအတာအရ ကုလသမဂ္ဂပဋိညာဉ်စာတမ်းအား သိသိသာသာ ချိုးဖောက်မှု ဖြစ်စေရမည် ဖြစ်သည်။

ကျူးကျော်ရန်စမှုကို အပိုဒ် ၈ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည်မှာ နိုင်ငံတစ်ခုသည် အခြားနိုင်ငံ၏ အချုပ်အခြာ၊ နယ်မြေတည်ငြိမ်အေးချမ်းမှု၊ သို့မဟုတ် နိုင်ငံရေးဆိုင်ရာ လွတ်လပ်မှုအပေါ် မိမိ စစ်တပ်ကို အသုံးပြုခြင်း၊ သို့မဟုတ် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် ဆန့်ကျင်သည့် နည်းလမ်း များ အသုံးပြုခြင်းကို ဆိုလိုသည်။ အပိုဒ် ၈ တွင် စာရင်းပြု ဖော်ပြထားသည့် ကျူးကျော်ရန်စမှု များတွင် ဥပမာအနေဖြင့် ကျူးကျော်ဝင်ရောက်ခြင်း၊ ဗုံးကြဲ တိုက်ခိုက်ခြင်း၊ စစ်အင်အားသုံးကာ တိုက်ခိုက်သိမ်းပိုက်ခြင်း၊ ဆိပ်ကမ်းများ သို့မဟုတ် ကမ်းရိုးတန်းများကို ပိတ်ဆို့ခြင်းများ ပါဝင် သည်။

အဆိုပါပြင်ဆင်ချက်အရ နိုင်ငံရေးခေါင်းဆောင်များ သို့မဟုတ် စစ်တပ်ခေါင်းဆောင်များ၏ အခြားနိုင်ငံပိုင် နက်နယ်နိမိတ်အပေါ် ကျူးကျော်ဝင်ရောက်ခြင်းများ သို့မဟုတ် အခြားသော အကြီးစားတိုက်ခိုက်မှုများ လုပ်ဆောင်ရန် စတင်လုပ်ဆောင်ခြင်းနှင့် အမိန့်ပေးခြင်းများ အတွက် ICC ရှေ့မှောက်တွင် တရားစွဲဆိုနိုင်ပေသည်။ သို့ရာတွင် ၎င်းပြင်ဆင်ချက်သည် နောက်ကြောင်း ပြန် အာဏာသက်ရောက်မှုသဘော မရှိသည်ဖြစ်ရာ ၂၀၁၃ ခုနှစ်တွင် အီရတ် နိုင်ငံသို့ ကျူးကျော် ဝင်ရောက်မှုကဲ့သို့ ပြင်ဆင်ချက်မပေါ်ပေါက်မီကာလတွင် လုပ်ဆောင်ခဲ့သည့် လုပ်ရပ်ဟောင်းများ အပေါ် ကျင့်သုံးနိုင်ခြင်း မရှိပေ။ အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံကဲ့သို့သော နိုင်ငံများသည် ပြင်ဆင် ချက်ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ခြင်းမရှိဘဲ ICC တွင် ကျူးကျော်ရန်စမှုအပေါ် စီရင်ပိုင်ခွင့် မရှိကြောင်း၊ လုံခြုံရေးကောင်စီကသာလျှင် ထိုသို့သော လုပ်ရပ်များအပေါ် တုန့်ပြန် ဖြေရှင်းနိုင် သည့် အခွင့်အာဏာရှိသင့်ကြောင်း လက်ခံယုံကြည် ထားကြသည်။

၂၀. ၅. အရှေ့တောင်အာရှရှိ စိန်ခေါ်ချက်များ

အရှေ့တောင်အာရှသည် ဆိုးရွားပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ အများအပြား ဖြစ်ပွားခဲ့ရာ ဒေသတစ်ခုဖြစ်သည်။ အထက်တွင် ဆွေးနွေးခဲ့သည့်အတိုင်းပင် ကမ္ဘောဒီးယား တရားရုံးတွင် အထူးလုပ်ပိုင်ခွင့်အာဏာရ ချိန်ဘာများ (ECCC) တည်ထောင်ရန် ဖြစ်စေခဲ့သည့် ခမာနီကိစ္စ၊ တီမောလ်လက်စ်တ်တွင် ၁၉၉၉ ခုနှစ် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲပြီးနောက် ဖြစ်ပွါး ခဲ့သည့် လူသားထုအပေါ်ဆန့်ကျင်သည့် ပြစ်မှုများကြောင့် တီမောလ်လက်စ်တ် ခုံရုံး (အရှေ့ တီမော ခုံရုံး) ကို တည်ထောင်ခဲ့ရသည့် ကိစ္စများ ဖြစ်ကြသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်အနည်းငယ်အတွင်း အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများ၏ လူ့အခွင့် အရေးအပေါ် အသိအမှတ်ပြုလက်ခံမှုသည် တိုးတက်မြင့်မားလာကြောင်း ဖော်ပြခဲ့ကြသည်။ လူ့ အခွင့်အရေးဆိုင်ရာ အာဆီယံ အစိုးရများအကြား ကော်မရှင် (AICHR) ကို တည်ထောင်လိုက်ခြင်း ဖြင့် လူ့အခွင့်အရေး နှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်မြှင်တင်ရေးတို့အတွက် ထားရှိသည့် ၎င်းတို့၏ ကတိကဝတ်ကို ထင်ဟပ်စေခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ချမှတ်ခဲ့သည့် အာဆီယံ ပဋိညာဉ်

စာတမ်းတွင် အာဆီယံအဖွဲ့၏ ရည်ရွယ်ချက်ကို သတ်မှတ်ဖော်ပြထားပြီး ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းကာကွယ် မြှင့်တင်ရေး ပါဝင်သည်။ သို့ရာတွင် ပဋိညာဉ်စာတမ်း၏ အပိုဒ် ၂ တွင် ဖော်ပြထားသည်မှာ ဒေသတွင်းအဖွဲ့နှင့် သက်ဆိုင်သည့်လမ်းညွှန်ချက်မူသဘောတရားသည် ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးတို့ကိုမြှင့်တင်ရာ၌ တူညီသော ဘုံကတိကဝတ်များ ထားရှိကာ စုပေါင်းတာဝန်ရှိစေခြင်းဖြစ်သည်။ ထို့ပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးများကို ဝင်ရောက်စွက်ဖက်မှု မပြုရေးအတွက်လည်း အလေးပေးဖော်ပြထားသည်။ ၎င်းသည် ဝင်ရောက်မစွက်ဖက်ရေး မူသဘောတရားဖြစ်ပြီး ၎င်းသည် အများအပြား ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် စုပေါင်းတုန့်ပြန်ဖြေရှင်းရန်အလို့ငှာ မကြာခဏ ဆိုသလို အာဆီယံအတွက် အတားအဆီး ဖြစ်စေခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ပြောင်းလဲမှု လက္ခဏာအချို့ ရှိလာပေသည်။ အာဆီယံ နိုင်ငံရေး-လုံခြုံရေးအဝန်းအဝိုင်း အစီအစဉ် ၂၀၂၅ တွင် မျှော်မှန်းထားသည်မှာ ‘ တူညီသော တန်ဖိုးထားမှု များနှင့် စံနှုန်းများရှိသည့် စည်းမျဉ်းအခြေပြု..... လူ့အသိုင်းအဝန်းတစ်ခု’[38] ဖြစ်စေရေးဖြစ်ပြီး ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်ကို တိုးချဲ့မြှင့်တင်ရန်၊ နယ်စပ်ဖြတ်ကျော် ပြစ်မှုများကို ကိုင်တွယ် ဖြေရှင်းရေးအတွက် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် သတင်းအချက်အလက် မျှဝေရေးများ တိုးမြှင့်လုပ်ဆောင်ရန် ကတိကဝတ်များ ပါဝင်သည်။ ထိုကတိကဝတ်ကို အခြေပြုပြီးလျှင် AICHR အနေဖြင့် ဆိုးရွားလှသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ တားဆီးနိုင်ရေးအတွက် ကနဦး ကြိုတင်သတိပေးသည့် စနစ်တစ်ရပ် စတင်လုပ်ဆောင်ရန် လုပ်ပိုင်ခွင့် သတ်မှတ်ပေးသင့်ကြောင်း International Commission of Jurists (ICJ) ကဲ့သို့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက အကြံပြုထားသည်။ အဆိုပါလုပ်ပိုင်ခွင့်ပေးအပ်ခြင်းဖြင့် AICHR သည် ရခိုင်ပြည်နယ်ရှိ မျိုးနွယ်စုရှင်းလင်းခြင်း (ရိုဂျင်ဂျာလူမျိုးများ) ကဲ့သို့ အခြေအနေများ၊ အနောက် ပါပူအာပြည်နယ်ရှိ ဆိုးရွားသောလူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ထိုင်းနိုင်ငံတောင်ပိုင်းရှိ အကြမ်းဖက်သည့် ပဋိပက္ခများအပေါ် ကိုင်တွယ်ဖြေရှင်း နိုင်ပေလိမ့်မည်။

ICC ကို အတည်ပြုလက်မှတ်ရေးထိုးထားမှုသည်လည်း အရှေ့တောင်အာရှတွင် နည်းပါးခဲ့ပြီး Rome Statute အာဏာသက်ဝင်ပြီးနောက် ၁၅ နှစ်ကြာသည့်တိုင် ကမ္ဘောဒီးယားနှင့် တီမောလ်လက်စ်တ်နိုင်ငံ နှစ်ခုသည်သာလျှင် အတည်ပြုလက်မှတ်ရေးထိုးထားပေသည်။ ထိုင်းနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်တွင် ပဏာမလက်မှတ်ရေးထိုးခဲ့သော်လည်း ယနေ့တိုင် အတည်ပြုလက်မှတ်ရေးထိုးခြင်း မရှိသေးချေ။ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သော်လည်း ၂၀၁၈ ခုနှစ်၊ မတ်လတွင် စာချုပ်အဖွဲ့ဝင်အဖြစ်မှ နှုတ်ထွက်ရန် ဆုံးဖြတ်ခဲ့သည်။

38 ASEAN, ‘ASEAN Political-Security Community Blueprint 2025’ ASEAN, 2016, https://asean.org/wp-content/uploads/2012/05/ASEAN-APSC-Blueprint-2025.pdf တွင် ရနိုင်သည်။

တစ်ချိန်တည်း၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ဆိုးရွားပြင်းထန်သည့် လူ့အခွင့်အရေးချိုး ဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ပြည်တွင်းဥပဒေများကို ပြဋ္ဌာန်းခဲ့ကြသည်။ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြဋ္ဌာန်းခဲ့သည့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေ၊ လူမျိုးသုဉ်းသုတ်သင်ခြင်းနှင့် အခြားလူသားထုအပေါ်ဆန့်ကျင်သည့်ပြစ်မှု ကျူးလွန်ခြင်း များဆိုင်ရာ ဖိလစ်ပိုင် အက်ဥပဒေ (RA 9851) သည် Rome Statute အား ပြည်တွင်း ဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းခဲ့သည့် နမူနာတစ်ခုဖြစ်ပေသည်။ ဗီယက်နမ် နိုင်ငံတွင်လည်း အပြည်ပြည်ဆိုင်ရာပြစ်မှုများကို စစ်ဆေးအပြစ်ပေးနိုင်သည့် တရားစီရင်ရေးဆိုင်ရာ အရည် အချင်းအချို့ရှိပေသည်၊ စင်္ကာပူနိုင်ငံ၏ ရာဇသတ်ကြီးဥပဒေတွင် လူမျိုးသုဉ်း သတ်ဖြတ်သည့် ပြစ်မှုအကြောင်း ထည့်သွင်းပါရှိသည်။ (အခန်း ၆ (ခ)၊ စင်္ကာပူ ရာဇသတ်ကြီး၊ အခန်း ၂၂၄၊ ၁၉၇၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်၊ ၂၀၀၈ ခုနှစ်၊ နိုင်ဝင်ဘာလ ၃၀ တွင် ပြန်လည်ပြင်ဆင်ခဲ့သည်)

အလားတူပင် အင်ဒိုနီးရှားနိုင်ငံတွင် ဖြစ်ပွါးခဲ့သော ဆိုးရွားပြင်းထန်သည့် လူ့အခွင့်အရေး ချိုး ဖောက်မှုများကို ကျူးလွန်ခဲ့သူများအား စစ်ဆေးအပြစ်ပေးနိုင်သည့် လူ့အခွင့်အရေးဆိုင်ရာ အထူး တရားရုံးတစ်ခု ရှိပေသည်။ အရေးပေါ် လူ့အခွင့်အရေးတရားရုံး ဖွဲ့စည်းတည်ထောင်ရန် ဥပဒေ အမှတ် ၂၆/ ၂၀၀၀ ကို ချမှတ်ခဲ့သည်။ ၎င်း၏ အပိုဒ် ၅ အရ တရားရုံးသည် အင်ဒိုနီးရှားနိုင်ငံ သားများ အင်ဒိုးနီးရှားနိုင်ငံ နယ်နိမိတ်ပြင်ပတွင် ကျူးလွန်ခဲ့သည့် ဆိုးရွား ပြင်းထန်သည့် လူ့အခွင့် အရေးချိုးဖောက်မှုများအပေါ် စီရင်ပိုင်ခွင့် ကျင့်သုံးနိုင်ပေသည်။ ထို့ပြင် အပိုဒ် ၄၇ အရ လူ့အခွင့် အရေးတရားရုံးတည်ထောင်ခြင်းမပြုမီ ပေါ်ပေါက်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား ဖြေရှင်းပေးရန်အတွက် အမှန်တရားနှင့် ပြန်လည်ညှိနှိုင်းရေးကော်မရှင်က တာဝန်ယူ လုပ်ဆောင် နိုင်သည်။ ထိုကဲ့သို့ ပြဋ္ဌာန်းချက်များ ထားရှိသော် ငြားလည်း ၁၉၆၅ မှ ၁၉၆၇ ကာလအတွင်း ဖြစ်ပွါးခဲ့သည့် အကြမ်းဖက်မှုများနှင့် ပတ်သက်၍ အင်ဒိုနီးရှား ရှေ့နေချုပ်ရုံးသည် အမျိုးသား လူ့အခွင့်အရေးကော်မရှင် (Komnas HAM) ၏ တွေ့ရှိချက်များအတိုင်း ဆက်လက် ဆောင်ရွက်ရန် တုန့်ဆိုင်းနေခဲ့သည်။ ထိုကာလ၌ ကွန်မြူနစ်ပါတီဝင်များနှင့် ၎င်းတို့အား ထောက်ခံအားပေးသူ များ (အထူးသဖြင့် တရုတ် လူမျိုးစုများ နှင့် အခြားသူများ) ကို စစ်တပ်နှင့် အစိုးရအပေါ် သွေးထိုး လှုံ့ဆော်မှုများကြောင့် ပစ်မှတ်ထားခဲ့ခြင်း ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် သမ္မတ ရော့ဒ်ဒရီဂို ဒူတာတေး အာဏာရယူပြီးနောက် တရားဝင်မှတ်တမ်း များအရ လူပေါင်း ၆,၀၀၀ နီးပါးသည် ဥပဒေမဲ့ဖမ်းဆီးသတ်ဖြတ်ခြင်းခံခဲ့ရသည်။ နစ်နာခံစား ရသူအများစုသည် ဆင်းရဲနွမ်းပါးချို့တဲ့သည့် ပတ်ဝန်းကျင်များမှ ဆင်းရဲနွမ်းပါးပြီး ဆေးစွဲနေ သူများ၊ မူးယစ်ဆေး၀ါး လက်လီရောင်းချသူများ ဖြစ်ကြသည်။ ထို့ပြင် နစ်နာသူများတွင် အမျိုး သမီးများ၊ ကလေးသူငယ်များ နှင့် ဘေးမှ ရပ်ကြည့်နေသူများလည်း ပါဝင်ခဲ့သည်။ သို့ရာတွင် အာဆီယံနှင့် AICHR သည် အထက်ပါမည်သည့်ကိစ္စရပ်တွင်မျှ ပြန်လည်တုန့်ပြန်ခြင်းများ မလုပ်ဆောင်ခဲ့ချေ။ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာအရေးကိစ္စအပေါ်တွင်လည်း တုန့်ပြန် ဖြေရှင်းပေးနိုင် ခဲ့ခြင်းမရှိပေ။

ထို့ကြောင့် အရှေ့တောင်အာရှတွင် ဆိုးရွားပြင်းထန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ တားဆီးကာကွယ်နိုင်ရေးစိန်ခေါ်ချက်ကို ချက်ချင်းအရေးပေါ် အလေးထားဖြေရှင်းဆောင်ရွက်နေပြီဖြစ်သည်။

က။ အနှစ်ချုပ်နှင့် အဓိကအချက်များ

ဆိုးရွားပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ရှိသူများအား စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်နိုင်ရန်အလို့ငှာ နုရမ်ဘာဂ်ခ်နှင့် တိုက်ဖျိုခုံရုံးများ ဖွဲ့စည်းတည် ထောင်ပြီးချိန်မှစ၍ များစွာသော အရေးပေါ်ခုံရုံးများကို ဖွဲ့စည်းတည်ထောင်လာခဲ့ကြသည်။ ဥပမာအနေဖြင့် ယခင်ယူဂိုစလားဘီးယားနှင့် ရဝမ်ဒါတို့တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည့် ခုံရုံးများ ဖြစ်ကြသည်။

သို့ရာတွင် ယခင်ယူဂိုစလားဘီးယားနှင့် ရဝမ်ဒါတို့တွင် ဖွဲ့စည်းခဲ့သည့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးများသည် အတားအဆီးအချို့ကို ရင်ဆိုင်တွေ့ကြုံခဲ့ရသည်။ ၎င်းတို့သည် ဟိဂ်မြို့တွင် တည်ရှိကြသည်ဖြစ်ရာ ချိုးဖောက်မှုအပြင်းအထန်ဖြစ်ပွါးခဲ့ရာနေရာနှင့် အလွန်ပင် ဝေးလွန်းနေသည်။ ထို့ပြင် ခုံရုံးများ၏ အမှုကြားနာစစ်ဆေးမှုများသည် နှစ်ပေါင်းများစွာ အချိန် ကြာမြင့်ခဲ့သည်။ ထိုအကြောင်းပြချက်များကြောင့်ပင် ချိုးဖောက်မှုများကြောင့် ထိခိုက်နစ်နာ ခဲ့ရသူများအပေါ် အကျိုးသက်ရောက်မှုတစ်စုံတစ်ရာ ပေးနိုင်ခဲ့ခြင်း မရှိခဲ့ပေ။ ထိုနည်းတူပင် ခုံရုံးများသည် တာဝန်ခံမှုရှာဖွေရေး လုပ်ငန်းစဉ်တစ်ခုလုံးကို သတ်မှတ်ဖော်ထုတ်နိုင်ခြင်း မရှိခဲ့ပေ။ ထိုအချက်ကိုပြင်ဆင်ရန်အလို့ငှာ ကမ္ဘောဒီးယား၊ ဆီရီယာလီယွန်နှင့် တီမောလ် လက်စ်တ် (ယခင် အရှေ့တီမောလ်) တို့တွင် ဖြစ်ပွါးခဲ့သည့် ချိုးဖောက်မှုများအား ပေါင်းစပ် ခုံရုံးများ ဖွဲ့စည်းကာ တုန့်ပြန်ဖြေရှင်းခဲ့ကြသည်။

၁၉၉၈ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (ယာယီမဟုတ်သော အမြဲတမ်းတရားရုံး) ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ တရားရုံးသည် လူမျိုးသုဉ်း သုတ်သင်မှု၊ လူသားထုအပေါ် ဆန့်ကျင်သည့်ပြစ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် ကျူးကျော်ရန်စမှုများ အပေါ် စီရင်ပိုင်ခွင့် ကျင့်သုံးနိုင်သည်။

ခ။ စံပြ မေးခွန်း သို့မဟုတ် အက်ဆေးပုံစံ မေးခွန်းများ

ဆိုးရွားပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား တုန့်ပြန်ဖြေရှင်းရန်အတွက် ပေါင်းစပ်တရားရုံးများ တည်ထောင်ရန် လိုအပ်သည်ဟု အဘယ့်ကြောင့် ထင်မြင်ယူဆခဲ့ကြသနည်း?

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး၏ စီရင်ပိုင်ခွင့်များက အဘယ်နည်း?

လူမျိုးသုဉ်းသုတ်သင်မှု၊ လူသားထုအပေါ် ဆန့်ကျင်သည့် ပြစ်မှုများ၊ စစ်ရာဇဝတ်မှုများ နှင့် ကျူးကျော်ရန်စသည့် ပြစ်မှုများအကြောင်း ဥပမာများနှင့်အတူ ရှင်းလင်းဖြေဆိုပါ။

ဂ။ ထပ်မံလေ့လာ ဖတ်ရှုရန်များ

<u>အဓိက စာရေးဆရာများ</u>

အပြည်ပြည်ဆိုင်ရာပြစ်မှုများအကြောင်းနှင့် ICC အကြောင်း ရေးသားထုတ်ဝေခဲ့သည့် ထင်ရှားသော ဘာသာရပ်ပညာရှင် (၃) ဦးမှာ အောက်ပါအတိုင်း ဖြစ်သည်-

Bassiouni, M. Cherif, (2012), Introduction to International Criminal Law, Martinus Nijhoff Publishers.

Cryer, R., Friman, H., Robinsion, D. (2010), & Wilmshurst, E., *An Introduction to International Criminal Law and Procedure*, Cambridge University Press.

Schabas, W., (latest edition 2011), *Introduction to the International Criminal Court*, Cambridge: Cambridge University Press.

Schabas, W. (2009 2nd edition), *Genocide in International Law*, Cambridge: Cambridge University Press.

Schabas, W. (2002), *The Abolition of the Death Penalty in International Law*, Cambridge: Grotius Publications.

အဆိုပါ ကိစ္စရပ်များအကြောင်း ပါရှိသည့် များစွာသော **ဘာသာရပ်ဆိုင်ရာ ဂျာနယ်များမှာ**-

- International Criminal Justice Review
- Journal of International Criminal Justice
- Official Journal of the International Criminal Court
- The Monitor (Bi-annual journal of the Coalition for the International Criminal Court)

<u>**အွန်လိုင်း အရင်းအမြစ်များ**</u>

အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးနှင့် သက်ဆိုင်သည့်အကြောင်းအရာများစွာကို ပုံမှန် ဖော်ပြလေ့ရှိသည့် ဘလော့ဂ်စ်များရှိပြီး အောက်ပါများ ပါဝင်သည်-

- EJIL Talk
- Opinio Juris

- International Law Reporter

Coalition for the ICC သည် အပြည်ပြည်ဆိုင်ရာ ပြစ်မှုနှင့် ICC ၏ အခန်းကဏ္ဍအကြောင်း အသိပညာပေးရေး ဦးတည်ဆောင်ရွက်နေသည့် အပြည်ပြည်ဆိုင်ရာ NGO တစ်ခုဖြစ်သည်။ ၎င်း၏ ဝက်ဘ်ဆိုက်တွင် ဂျာနယ်များ၊ Global Justice Monitor အပါအဝင် သင်ကြား သင်ယူရေး အရင်းအမြစ်များစွာ ထားရှိပြီး စာဖတ်သူများကို ၎င်းတို့အနေဖြင့် အပြည်ပြည် ဆိုင်ရာ ပြစ်မှုနှင့် တရားစီရင်ရေး အပေါ် လုပ်ကိုင်ဆောင်ရွက်နေပုံ အယူအဆများအကြောင်း ဖော်ပြပေး ထားသည်။ http://www.coalitionfortheicc.org

International Criminal Court ၏ အင်တာနက်စာမျက်နှာတွင် သင်ကြားသင်ယူရေး အရင်းအမြစ်များစွာ ဖော်ပြထားပြီး အဖွင့်မိတ်ဆက်များ၊ ဖြစ်ရပ်လေ့လာခြင်းများ၊ လင့်ခ်များ ပါရှိရာ https://www.icc-cpi.int/ တွင် ရနိုင်သည်။ ထို့ပြင် **IntlCriminalCourt** ဆိုသည့် YouTube ချန်နယ် တစ်ခုတွင် မှတ်တမ်းရုပ်ရှင်အတိုများနှင့် ဆောင်းပါးအသစ်များ ဖော်ပြ ထားသည်။

International Crimes Database သည် နိုင်ငံအလိုက် တရားရုံးများအပါအဝင် အပြည်ပြည် ဆိုင်ရာ နှင့် နိုင်ငံတကာပါဝင်သော တရားရုံးများက စစ်ဆေးဆုံးဖြတ်လိုက်သည့် ပြစ်မှုများနှင့် သက်ဆိုင်သည့် ဥပဒေအထောက်အထားများ သိုမှီးသိမ်းဆည်းရာ ဒေတာဘေ့စ်တစ်ခု ဖြစ်သည်။ သို့သော်လည်း ၎င်းတွင် အပြည်ပြည်ဆိုင်ရာပြစ်မှုများ၏ နောက်ခံ သတင်းအချက် အလက်များ၊ ပညာရပ်ဆိုင်ရာ ဆောင်းပါးများ၊ သတင်းနှင့် လတ်တလောရေးရာကိစ္စများ၊ ရုပ်သံအရင်းအရင်းမြစ်များစွာ ရရှိနိုင် သည်။
http://www.internationalcrimesdatabase.org/

International Criminal Justice Today သည် အပြည်ပြည်ဆိုင်ရာ ပြစ်မှုများနှင့် စပ်လျဉ်း သည့် နောက်ဆုံး ဖွံ့ဖြိုးတိုးတက်မှုများအကြောင်း ရနိုင်သည့် အွန်လိုင်း သတင်းအရင်းအမြစ် တစ်ခု ဖြစ်သည်။ https://www.international-criminal-justicetoday.org/

OpenLearn သည် အင်္ဂလန်အခြေစိုက် Open University က တည်ထောင်ထားပြီး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးအကြောင်း ပို့ချထားသည့် ပို့ချမှု (၅) ခုအတွဲကို YouTube တွင် ရရှိနိုင်သည်။ ထိုသင်တန်းသည် ဘွဲ့ကြိုကျောင်းသား/သူများအတွက် မိတ်ဆက်သဖွယ် ဖြစ်ပြီး အသင့်တော်ဆုံး သင်ခန်းစာတစ်ခုဖြစ်သည်။ https://www.open.edu/openlearn/

Peace Palace Library တွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ဥပဒေအကြောင်း သုတေသန လမ်းညွှန်ချက် တစ်ခု ရှိပြီး များစွာသော ဒေတာဘေ့စ်များ၊ စောင့်ကြည့်စစ်ဆေးခြင်းများ၊ လက်တလော ရေးရာကိစ္စရပ်များဆိုင်ရာ စာမျက်မှာများကို ရနိုင်သည်။
https://www.peacepalacelibrary.nl/

၂၁

လူမျိုးရေးခွဲခြားမှု နှင့် အခြားသော ခွဲခြားဆက်ဆံသည့်ပုံစံများ ပပျောက်ရေး

အခန်း ၂၁ လူမျိုးရေးခွဲခြားမှုနှင့် အခြားသော ခွဲခြားဆက်ဆံသည့်ပုံစံများ ပပျောက်ရေး

၂၁. ၁. အဖွင့်မိတ်ဆက်

လူမျိုးရေးအရ ခွဲခြားဆက်ဆံမှု ပုံသဏ္ဌာန်အလုံးစုံ ပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICERD) သည် ပထမဦးဆုံးအာဏာသက်ဝင်ခဲ့သည့် လူ့အခွင့်အရေး သဘောတူစာချုပ်ဖြစ် ကြောင်းကို မှေ့လျော့နေကြသည်။ ကုလသမဂ္ဂအထွေထွေညီလာခံ (UNGA) က ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ချမှတ်ခဲ့ပြီး ၁၉၆၉ ခုနှစ်၊ ဇန်နဝါရီလတွင် အာဏာသက်ဝင်ခဲ့သည်။ *ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည် ဆိုင်ရာသဘောတူစာချုပ်* (ICCPR) နှင့် *စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်* (ICESCR) များထက် ၇ နှစ်စောကာ အာဏာသက်ဝင်ခဲ့သည့် စာချုပ်ဖြစ်သည်။ မူလက ICERD သည် အတည်ပြုလက်မှတ်ရေးထိုးမှုအများဆုံး လူ့အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်တစ်ခုဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် ၁၉၉၀ ခုနှစ် ကာလများ အတွင်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်က လက်မှတ်ရေးထိုးမှု အများဆုံး ဖြစ်လာခဲ့သည်။ ICERD အား ၁၉၆၀ ခုနှစ်များတွင် စတင်မိတ်ဆက်ခဲ့ပြီး ထိုအချိန်၌ လူမျိုးရေးခွဲခြားမှု သည် နိုင်ငံများစွာတွင် တွေ့ကြုံနေရသည့် ပြဿနာတစ်ရပ်ဖြစ်ပြီး အချို့လူမျိုးများ သို့မဟုတ် မျိုးနွယ်စုများအား ၎င်းတို့၏ အခွင့်အရေးများ ရရှိနိုင်ရေးကို ငြင်းပယ်ထားသည့် ဥပဒေများ၊ မူဝါဒများ ရှိခဲ့သည်။ လူမျိုးရေးခွဲခြားသည့် စကားအသုံး အနှုန်းများကိုလည်း နေ့စဉ်သုံး သာမာန်စကားပြောဆိုမှုများအဖြစ် လက်ခံခဲ့ကြသည်။

လူမျိုးရေးခွဲခြား

အချို့လူအုပ်စုများသည် ရုပ်ပိုင်းဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ မူလအရည်အချင်းများကြောင့် အခြားအုပ်စုများထက် ပိုမိုပါဝါ ရှိသည်၊ မြင့်မြတ်သည်ကို ထောက်ခံသည့် အတွေးအခေါ်အယူအဆများ။

လူမျိုးရေးခွဲခြားဆက်ဆံမှု

လူတစ်ဦးအား ၎င်း၏ အသားအရောင်၊ လူမျိုးစု၊ သို့မဟုတ် အခြား ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ လက္ခဏာရပ်များကို အခြေခံပြီး ၎င်းတို့၏ အခွင့်အရေးများအား ငြင်းပယ်သော လုပ်ရပ်များ။

ယနေ့ခေတ် လူမှုအသိုင်းအဝိုင်းတွင် လူမျိုးရေးခွဲခြားဆက်ဆံမှုများ ပပျောက်ရေးအတွက် တိုးတက်မှုအချို့ရှိလာခဲ့ပြီဖြစ်သော်လည်း ထိုကိစ္စမှာ ဆက်လက်ဖြစ်ပေါ်နေဆဲ ဖြစ်သည်။ ယခုအခန်းတွင် လူမျိုးရေးခွဲခြားမှုဖြစ်စဉ်နှင့်အတူ သမိုင်းတလျှောက် ဖြစ်ပေါ်ခဲ့ပုံများကို လေ့လာထားသည်။ ထို့နောက် ICERD အကြောင်း၊ အခွင့်အရေးများအတွက် ထားရှိသည့် မူဘောင်နှင့် ၎င်းတို့ကို အသိအမှတ်ပြုလက်ခံသည့် နိုင်ငံများ၏ တာဝန်ရှိမှုများအကြောင်းကို အကဲဖြတ်သုံးသပ်ဖော်ပြထားသည်။ နောက်ဆုံးတွင် မျက်မှောက်ခေတ် လူမျိုးရေးခွဲခြားမှု ပုံစံများ အကြောင်း လေ့လာထားပြီး ICERD အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအပေါ် စောင့်ကြည့်စစ်ဆေးရန် တာဝန်ယူ ဆောင်ရွက်နေသည့် ကုလသမဂ္ဂယန္တရားများ အကြောင်းကို ဖော်ပြထားသည်။

သဘောတရားရေးရာ

လူမျိုးရေးခွဲခြားမှုလား သို့မဟုတ် လူမျိုးရေးခွဲခြားဆက်ဆံမှုလား?

‘လူမျိုးရေးခွဲခြားမှု’ နှင့် ‘လူမျိုးရေးခွဲခြားဆက်ဆံမှု’ ဟူသည့် စကားရပ်များကို အပြန်အလှန် ဖလှယ်သုံးနှုန်းလေ့ရှိသော်လည်း အမှန်တွင် ၎င်းတို့သည် ကွဲပြားခြားနားပေသည်။ လူမျိုးရေးခွဲခြားမှုသည် *ယုံကြည်ချက်* တစ်ခုဖြစ်ပြီး လူမျိုးတစ်မျိုးသည် နိမ့်ကျသည် သို့မဟုတ် ကြီးမြင့်သည်ဟု ယုံကြည်သည့် လူတစ်ဦး၏ အတွေးအခေါ်များ၊ အမြင်များနှင့် တန်ဖိုးထားမှုများ အဖြစ် ပါဝင်နေသည်။ လူမျိုးရေးခွဲခြားဆက်ဆံမှုသည် *အပြုအမူ* တစ်ရပ်ဖြစ်ပြီး အချို့လူများအား လူမျိုးတစ်မျိုးဖြစ်နေခြင်းကြောင့် ၎င်းတို့၏အခွင့်အရေးများကို ငြင်းပယ်ထားခြင်း ဖြစ်သည်။ ဤကွဲပြားခြားနားချက်သည် အရေးကြီးလှပေသည်။ ICERD သည် လူမျိုးရေးခွဲခြား ဆက်ဆံမှုများ (သို့မဟုတ်) လူများအပေါ် မတူကွဲပြားစွာ ဆက်ဆံသည့် လုပ်ရပ်များအားလုံး ပပျောက်စေရေးအတွက် ဖော်ပြသတ်မှတ်ထားပြီး ထိုလုပ်ရပ်များတွင် ဥပဒေများ၊ မူဝါဒများ၊ ဝန်ဆောင်မှု ငြင်းပယ်ခြင်းများ အစရှိသည်ဖြင့် ဥပဒေကသတ်မှတ်ပြဋ္ဌာန်းနိုင်သည့် လုပ်ဆောင်မှုအားလုံး ပါဝင်သည်။ တစ်ဖက်တွင် လူမျိုးရေးခွဲခြားမှုသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ တန်ဖိုးများ၊ ယုံကြည်မှုများနှင့် သက်ဆိုင်နေသဖြင့် ၎င်းကို ပပျောက်စေရန်မှာ ခက်ခဲလှသည်။ ယုံကြည်မှုများဟူသည် ပြောင်းလဲနိုင်သည်ဖြစ်ရာ ပညာသင်ကြားခြင်းနှင့် စည်းရုံးသိမ်းသွင်းခြင်းများသည် ထိုကိစ္စအတွက် အခရာပင်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဦးစားပေးလုပ်ဆောင်ရမည်မှာ ယုံကြည်ချက်များကို ပြောင်းလဲရန်မဟုတ်ဘဲ အချို့လူများ၏ အခွင့်အရေးများကို ငြင်းပယ်နိုင်သည့် *လုပ်ရပ်များ* အား တားဆီးကာကွယ်ရန်ဖြစ်သည်။ တနည်းအားဖြင့် လူမျိုးရေးခွဲခြားမှုအမြင်ရှိသည့် လူတစ်ဦးသည် လူမျိုးရေးခွဲခြားဆက်ဆံမှုများ လုပ်ဆောင်ခဲ့မသာ သူ/သူမအား အပြစ်ပေးနိုင်မည်ဖြစ်သည်။ စံပြလူအဖွဲ့ အစည်းတစ်ခု အတွင်း လူမျိုးရေးခွဲခြားသည့်အမြင်များကြောင့် ခွဲခြားဆက်ဆံခြင်းသည် ပြဿနာတစ်ရပ် ဖြစ်လာလိမ့်မည် မဟုတ်သော်လည်း ထိုသို့သောအမြင်များကို ဖော်ထုတ် စစ်ဆေးနိုင်ရန်မှာ ခက်ခဲလှပေသည်၊ ထို့ကြောင့် ခွဲခြားဆက်ဆံခြင်းများအပေါ်တွင်သာ ထိန်းသိမ်းကြပ်မတ်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ယခုအခန်းတွင် လူမျိုးရေးခွဲခြားဆက်ဆံခြင်းနှင့် လူမျိုးရေးခွဲခြားမှု ဟူသည့် စကားရပ်များကို အပြန်အလှန် ဖလှယ်သုံးနှုန်းထားသည်။ အကြောင်းမှာ လူမျိုးရေးခွဲခြားသည့် အမြင်များ ရှိသည့် လူပုဂ္ဂိုလ်များ သို့မဟုတ် နိုင်ငံများသည်သာလျှင် လူမျိုးရေးခွဲခြားဆက်ဆံသည့် လုပ်ရပ်များကို ကျူးလွန်လေ့ရှိခြင်းကြောင့် ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ထိုစကားရပ် ၂ ခု အကြား ကွဲပြား ခြားနားကြောင်း မှတ်သားထားရန် အရေးကြီးပေသည်။

လူမျိုး

လူများအား ရုပ်သွင်ပြင်၊ အသားအရောင်၊ ယဉ်ကျေးမှုနှင့် မျိုးရိုးစဉ်လာ၊ ဘိုးဘေး အမွေအနှစ် အစရှိသည်များအပေါ် အခြေပြု၍ အဆင့်အတန်း ခွဲခြားသည့် လူမှုရေး ဆိုင်ရာ တည်ဆောက်မှု တစ်ရပ်။

၂၁.၁.၁ လူမျိုး နှင့် လူမျိုးရေးခွဲခြားမှုဆိုသည်မှာ အဘယ်နည်း?

လူမျိုးဆိုသည်မှာ လူအုပ်စုများအား တူညီသည့်ရုပ်သွင်ပြင်လက္ခဏာများ ဥပမာ - အသား အရောင်၊ ရုပ်အသွင်ပြင်လက္ခဏာများဖြင့် အမျိုးအစားခွဲခြားရန် သုံးနှုန်းသည့် အခေါ်အဝေါ် ဖြစ်သည်။ သို့သော် (‘လူမျိုးရေးခွဲခြားမှု’ ဆိုသည့် စကားမှတပါး) လူမျိုးဟူသည့် သဘောတရားကို ယနေ့ခေတ်တွင် အလွန်အသုံးနည်းလာပြီဖြစ်သည်၊ အကြောင်းမှာ ၎င်းသည် သိပ္ပံနည်းကျ မှားယွင်းနေသည့်အပြင် လူမှုရေးရှုထောင့်အရလည်း လျော်ကန် သင့်မြတ်မှု မရှိခြင်းကြောင့်ဖြစ်

သည်။ အထူးသဖြင့် လူတစ်ဦး၏ ပြင်ပရုပ်ရည်အသွင်အပြင်သည် ထိုသူ၏ ခန္ဓာကိုယ် ဆောင်ရွက်ပုံများအပေါ် သက်ရောက်မှု မရှိနိုင်ပေ။ ထို့ကြောင့် ဥပမာအားဖြင့် လူတစ်ဦး၏ အသားအရောင်ကို ကြည့်ကာ သူ/သူမ၏ ဉာဏ်ရည်ဉာဏ်သွေး၊ ရုပ်ပိုင်းဆိုင်ရာ စွမ်းဆောင်နိုင်ရည်၊ စီးပွါးရေး အမြင်ရှိမှုတို့အား ဆုံးဖြတ်၍ မရနိုင်ပေ။ တစ်ဖက်တွင်လည်း **လူမျိုးဖြစ်မှု** သည် တူညီသည့် ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းကြောင်းတို့ကို ကျင့်သုံးသည့် လူမှုရေး အသိုက်အဝန်းတစ်ခုဖြစ်ပြီး တူညီသော ယဉ်ကျေးမှု အမြင်များနှင့် တန်ဖိုးများ၊ လူမှုရေး အလေ့အထများနှင့် မိဘအစဉ်အဆက် ဆက်ခံရရှိထားသော ရုပ်သွင်ပြင်လက္ခဏာရပ်များကို ပိုင်ဆိုင်ထားသည့် အမျိုးအစားတူ/ပုံစံတူ လူပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများ ပါဝင်သည်။ အချို့လူများအနေဖြင့် အသားရောင်အလိုက် ကိုယ်ပိုင် ခွဲခြားသတ်မှတ်ခြင်းမျိုးကို တွန့်ဆုတ်နေကြသော်လည်း လူအများစုကမူ ၎င်းတို့ ကိုယ်တိုင်ပင် လူမျိုးတစ်မျိုးဖြစ်ကြောင်း ဥပမာ မလေးလူမျိုး၊ တီမောလ်လူမျိုး၊ ထိုင်းလူမျိုး၊ ရှမ်းလူမျိုး စသည်ဖြင့် သတ်မှတ်ထားလေ့ရှိကြပေသည်။ ထိုဥပမာများတွင် ဖော်ပြထားသည့် အတိုင်းပင် နိုင်ငံသားဖြစ်မှုနှင့် လူမျိုးဖြစ်မှုသည် တစ်ခုနှင့်တစ်ခု ထပ်တူကျနေပေသည်၊ သို့သော် လူများက မိမိတို့သည် လူမျိုးအုပ်စုတစ်ခုနှင့် သက်ဆိုင်ကြောင်း လက်ခံထားပြီး အခြားနိုင်ငံ တစ်ခု၏ နိုင်ငံသားအဖြစ် တောင်းဆိုသည့်အခါမျိုးတွင် နိုင်ငံသားနှင့် လူမျိုးဖြစ်မှုသည် မည်သည့်နည်းနှင့်မျှ ထပ်တူကျနိုင်ဖွယ် မရှိပေ။ လူမျိုးရေးခွဲခြားမှုသည် လူမျိုးစုများ၏ ကြီးမြင့်မှုသဘောတရားကို အခြေပြုဖြစ်တည်ပြီးလျှင် လူမျိုးစု သို့မဟုတ် တိုင်းရင်းသားမျိုးနွယ်စုဝင် လူပုဂ္ဂိုလ်များအား နိမ့်ကျသည်ဟု တွေးထင်လိုက်သည့် မမျှတသော သို့မဟုတ် ရန်လိုသော သဘောထားအမြင်များမှတဆင့် ဆင့်ပွါးပေါ်ပေါက်လာရခြင်း ဖြစ်သည်။

ဘက်လိုက်သော အယူအဆ

ခွဲခြားသည့် အမြင် များသို့မဟုတ် အယူအဆများ ရှိနေခြင်း၊ ထိုအမြင်များကို ကျိုးကြောင်း ဆီလျော်မှုမရှိဘဲ ထားရှိခြင်း ဖြစ်သည်။ prae ဟူသည့်စကား (လက်တင်စကား အရ 'ကြို့တင်') နှင့် judicium ဟူသည့် စကား (လက်တင် စကားအရ 'ဆုံးဖြတ်ခြင်း') ပေါင်းစပ်ထားသည်၊ ကြို့တင်ဆုံးဖြတ်ခြင်း (ဝါ) ဘက်လိုက်သော အယူအဆဟု ဆိုသည်။

အထက်တွင် ဖော်ပြထားသည့်အတိုင်း လူအများစုသည် လူမျိုးအဖြစ်သတ်မှတ်မှုနှင့် ၎င်းကို အသိအမှတ်ပြုသည့် ယဉ်ကျေးမှုဆိုင်ရာလူ့အခွင့်အရေးကို လက်ခံကြသည်။ အမှန်၌ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များသည် လူမျိုးဖြစ်မှုနှင့် အဓိကချိတ်ဆက်နေကြပြီး မိဘများက သားသမီးများထံ ရိုးရာဓလေ့များနှင့် သက်ဝင်ယုံကြည်မှုများ လက်ဆင့်ကမ်းခဲ့ကြသည့်အဖြစ်ကို တွေ့နိုင်ပေသည်။ လူတစ်ဦးက လူမျိုးတစ်မျိုးအဖြစ် မိမိကိုယ်တိုင် ခံယူလိုသည့် အခါမျိုးတွင် လူမျိုးရေး ခွဲခြားမှု ပြဿနာ မပေါ်ပေါက်ချေ။ ယင်းအစား လူမျိုးတစ်ခု သို့မဟုတ် တိုင်းရင်းသားလူမျိုးတစ်ခု ဖြစ်မှုသည် အခြားလူမျိုးများထက် အခွင့်အရေးပိုမိုရထိုက်သည်ဆိုသည့် ဘက်လိုက်သော အယူအဆကြောင့် လူမျိုးရေးခွဲခြားမှု ပေါက်ပေါက်လာခြင်းဖြစ်သည်။ လူမျိုးရေးခွဲခြားဆက်ဆံမှုသည် လူမျိုးများက မျိုးရိုးဗီဇအလိုက် ကွဲပြားခြားနားကြောင်း၊ ၎င်းမျိုးရိုးဗီဇများအလိုက် အချို့လူမျိုးများက ကြီးမြတ်ကြောင်း လက်ခံသည့် တွေးခေါ်ယူဆချက်မှ အစပြုပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် သိပ္ပံနည်းအရ ထိုယူဆချက်သည် မှားယွင်းကြောင်း သက်သေပြနိုင်သည့်အချိန်၌ လူမျိုးရေးခွဲခြားမှုသည် အတော်ပင် ကျင့်သားရနေခဲ့ပြီ ဖြစ်သည်၊ ထို့ကြောင့် လက်ရှိ လူမျိုးရေး ခွဲခြားမှု စံတန်ဖိုးများသည် လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လက္ခဏာရပ်များဆီသို့ ပိုမို ညွှန်းဆို ဖော်ပြခဲ့ကြခြင်းဖြစ်သည်။ လူမျိုးရေးဝါဒီများက အချို့သော အုပ်စုများမှာ နိမ့်ကျသည်ဟု

လူမျိုးဖြစ်မှု

ဆက်ခံရရှိထားသော ယဉ်ကျေးမှု၊ လူမှုအလေ့အထေများ၊ ကိုးကွယ်ရာ ဘာသာ၊ ဘာသာ စကား အစရှိသည့် အချက်များအပေါ် အခြေပြုပြီး မျှဝေထားသော ဝိသေသလက္ခဏာတစ်ရပ် ဖြစ်သည်။ လူမျိုးဖြစ်မှုတွင် ရုပ်ပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာရပ်များ ပါဝင်နိုင်သော်လည်း အဆိုပါ တူညီမှုများသည် လူမျိုးအုပ်စုတစ်ခု သတ်မှတ်ရန်အတွက် မလိုအပ်ပေ။

ယူဆကြသည်၊ အကြောင်းမှာ ဥပမာ ထိမ်းမြားလက်ထပ်ခြင်း၊ အမျိုးသမီးများ၊ သိပ္ပံနယ်ပယ်၊ သို့မဟုတ် နိုင်ငံရေးနယ်ပယ် ကိစ္စရပ်များတွင် ၎င်းတို့လူမျိုးစုက အချို့သော ယုံကြည် လက်ခံမှုများ ကိုင်စွဲထားသည်။ သို့မဟုတ် အချို့ကိစ္စရပ်များတွင် ဦးဆောင်ပြုမူနိုင်သည်ဟု ထင်မြင်မှတ်ယူ ကြသည်။

လူမျိုးရေးခွဲခြားမှု ပပျောက်စေခြင်းသည် လူ့အခွင့်အရေးအတွက် အရေးပါသည့် အခန်းကဏ္ဍ မှ ပါဝင်နေပေသည်။ လူမျိုးရေးခွဲခြားမှုသည် လူ့အဖွဲ့အစည်းအားလုံးရှိ လူများစွာအပေါ် သက်ရောက်နိုင်သည်။ ဥပမာအားဖြင့် ကလေးများ၏လူမျိုးဖြစ်မှုကိုကြည့်ကာ လူမှုအသိုင်းအဝိုင်းများ၊ ကျောင်းများ သို့မဟုတ် ဆရာ/မ များ၏ အထင်အမြင်လွဲမှားခြင်းများကြောင့် ထို ကလေးသူငယ်များအတွက် ကျောင်းပညာရေး ရရှိရေးကို ငြင်းပယ်ခံရနိုင်သည် သို့မဟုတ် တဆင့်နိမ့်သည့် ပညာရေးကိုသာ ရရှိစေသည့် အဖြစ်မျိုးလည်း ဖြစ်နိုင်ပေသည်။ ထိုနည်းတူပင် ဌာနေ တိုင်းရင်းသား ကလေးသူငယ်များသည် သင်ကြားတတ်မြောက်လွယ်သည့် စွမ်းရည်များ မရှိကြောင်း၊ သို့ဖြစ်၍ ၎င်းတို့အတွက် ကျောင်းပညာရေး မလိုအပ်ကြောင်း၊ သို့မဟုတ် ရိုးရှင်းသည့်ပညာရေးမျိုးသာ ပေးသင့်ကြောင်း မှားယွင်းစွာ ယုံကြည်ထားကြသည်။ လူမျိုးရေး ခွဲခြားမှုသည် ဘာသာရေးပေါ် တွင်လည်း အခြေပြုဖြစ်ပေါ်နိုင်သည်၊ ဥပမာအားဖြင့် မွတ်စလင် ဘာသာကိုးကွယ် ယုံကြည်သူများအပေါ်ထားရှိသည့် ဘက်လိုက်သည့်အမြင်မျိုးဖြစ်သည်။ အရှေ့တောင်အာရှတလွှားနှင့် အမှန် ၌ ကမ္ဘာတဝှမ်းလုံးတွင်ပင် အသားအရောင် သို့မဟုတ် ဆံပင်အရောင်အပေါ် အခြေပြုသော အယုံအကြည်တန်ခြင်းများ ဆက်လက် ရှိနေဆဲဖြစ်သည်။ ဖြစ်ရပ်များအားလုံးတွင် ထိုကဲ့သို့ မယုံကြည်မှုသည် ပညာရေး၊ အလုပ်အကိုင်၊ ဝန်ဆောင်မှုများ လက်လှမ်းမီရေး၊ ပုဂ္ဂလိက လုံခြုံခွင့် စသည့် အခွင့်အရေးများ ငြင်းပယ်ခံရခြင်းအဖြစ်သို့ ဦးတည်သွားတတ်ပေသည်။

၂၁.၂. လူမျိုးရေး ခွဲခြားမှု သမိုင်းကြောင်းဖြစ်စဉ်

သမိုင်းတွင် အချို့သောအဆင့်များ၌ အုပ်စုတိုင်းနီးပါးသည် အခြားပြိုင်ဘက်အုပ်စုများထက် မိမိတို့က သာလွန်မြင့်မြတ်ကြောင်း ကြွေးကြော်ခဲ့သည်များရှိသကဲ့သို့ မိမိတို့နှင့် အခြားအုပ်စုများအကြား မတူညီမှုများရှိသည်ဟု မှတ်ယူသဖြင့် ၎င်းတို့အပေါ် သံသယထား ဆက်ဆံသင့်သည်ဟုလည်း ယုံကြည်ခဲ့ကြသည်။ သို့သော် အချို့သော လူ့အဖွဲ့အစည်းများကမူ ကွဲပြားသည့် အခြားအုပ်စုများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆက်ဆံခဲ့ကြပြီး မတူကွဲပြားမှုများအပေါ် လေးစားရန် ကြိုးပမ်းခဲ့ကြသည်။ ယေဘုယျအားဖြင့် နိုင်ငံရေးသမားများက လူမျိုးအပေါ်အခြေပြုသည့် ကွဲပြားမှုများအား အမုန်းတရား ပုံ့နှံ့စေရန်ရည်ရွယ်ချက်ဖြင့် အသုံးချလိုက်သည့်အခါ ဆိုးရွားပြင်းထန်သော အကျိုးဆက်များစွာ ဖြစ်လာစေသည်။ ဥပမာဆိုရသော် ထိုကဲ့သို့ ယုံကြည်ချက်ကင်းမဲ့မှုကြောင့် အရှေ့တောင်အာရှသမိုင်းတလျှောက်တွင် အကြမ်းဖက်မှု၊ ကျွန်ပြုမှုနှင့် ညဉ်းပန်းနှိပ်စက်မှုများ ပေါ်ပေါက်ခဲ့ပေသည်။ ဥပမာအားဖြင့် ထိုကဲသို့ အမြင်များထားရှိခြင်းကို အင်အား

ခိုင်မာသော နိုင်ငံရေးအုပ်စုများက မကြာခဏ ဆိုသလို ထောက်ခံအားပေးကြပြီး နိုင်ငံတွင်းစစ်မက်ဖြစ်ပွားသည်အထိ ဆော်သြစည်းရုံးလေ့ ရှိသည်။ ထိုကဲ့သို့ လူမျိုးရေးခွဲခြားမှုသည် နိုင်ငံရေးနှင့် တွဲယှဉ်နေသည်ဖြစ်ရာ နိုင်ငံရေး ဖွဲ့စည်းပုံများ တိုးတက်ပြောင်းလဲသည်နှင့်အမျှ လူမျိုးရေးခွဲခြားမှုသည်လည်း တိုးတက်ပြောင်းလဲနိုင်ပေသည်။ အထူးသဖြင့် မကြာမီက ပေါ်ထွက်ခဲ့သည့် အမျိုးသားရေးဝါဒသည် လူမျိုးရေးနှင့် နိုင်ငံဖြစ်ထွန်းမှုအကြား ချိတ်ဆက်မှုတစ်ခု ဖြစ်လာပြီးလျှင် လူမျိုးရေးခွဲခြားမှုကို တွန်းအားဖြစ်စေခဲ့သည်။ အောက်ပါအခန်းတွင် ကိုလိုနီပြုခြင်း၊ ကျွန်ပြုခြင်း၊ လူအစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းများအကြောင်း လေ့လာကာ အချို့သော တိုးတက်မှုများအကြောင်း ဖော်ပြထားပြီး နိုင်ငံရေးအုပ်စုများက ၎င်းတို့၏အာဏာ အခြေခံမှုများအပေါ် ကျိုးကြောင်းပြ ရှင်းချက်ထုတ်နိုင်ရေးအတွက် လူမျိုးရေးခွဲခြားမှုကို အခြေတည်ထားသော တည်ဆောက်ပုံများအကြောင်း ပါဝင်သည်။

၂၁.၂.၁ လူမျိုးရေးခွဲခြားမှုနှင့် ကိုလိုနီပြုခြင်း

လူမျိုးရေးခွဲခြားမှုသည် ကိုလိုနီပြုခြင်းမတိုင်မီကပင် ရှိနှင့်နေပြီဖြစ်သော်လည်း မျက်မှောက်ခေတ် နားလည်ထားကြသော လူမျိုးရေးခွဲခြားမှုသည် ကိုလိုနီပြုခြင်းနှင့် အတော်ပင် ဆက်စပ်နေသည်။ ဥရောပတိုက်နိုင်ငံများသည် လူမျိုးဟူသည့် သဘောတရားကို စတင် သုံးနှုန်းခဲ့ကြပြီး ၎င်းနှင့်ဆက်စပ်နေသော လက်တွေ့အချက်မှာ ကိုလိုနီချဲ့ထွင်ခြင်းနှင့် ဥရောပတိုက်သား မဟုတ်သူများအား ညှင်းပန်းနှိပ်စက်ခြင်းတို့အပေါ် ကျိုးကြောင်းပြ ရှင်းချက် ထုတ်ပေးနိုင်ရန် ဖြစ်သည်။ ထို့ကြောင့် လူမျိုးရေးခွဲခြားသည့် သဘောတရားများအပေါ် ရှင်းချက်ထုတ်နိုင်ရန် အတွက် လူမျိုးရေးနိမ့်ကျခြင်းဟူသည့် အယူအဆတစ်ခုကို အသုံးပြုခဲ့ကြခြင်းဖြစ်သည်။ ၎င်း အယူအဆတွင် ကိုလိုနီသိမ်းပိုက်ခံရသူများသည် အသိဉာဏ် နိမ့်ကျကြောင်း၊ ၎င်းတို့ရှိ အရင်းအမြစ်များအပေါ် သတိမပြုမိကြကြောင်း၊ မကောင်းသော နည်းလမ်းများမှ ၎င်းတို့အား ကယ်တင်သင့်ကြောင်း စသည့် အတွေးအခေါ်များ ပါဝင်သည်။ ထိုကဲ့သို့ အတွေးအခေါ်များ ယနေ့ခေတ်တိုင် ကျင့်သုံးဆဲ ရှိ/မရှိ သိရှိနိုင်ရန်အလို့ငှာ လူမျိုးရေးခွဲခြားမှု မည်သို့ ဖြစ်ပေါ်သည်၊ ၎င်းအတွက် မည်ကဲ့သို့ ကျိုးကြောင်းပြ ရှင်းချက်ထုတ်နိုင်သည်ကို အနီးကပ်လေ့လာ သုံးသပ်ရန် လိုအပ်လာပေသည်။ လူမျိုးရေးခွဲခြားမှု၏ သိပ္ပံဆိုင်ရာ(လက်တွေ့) သဘောသည် အရေးကြီးသည့် (မှားယွင်းနေသော) အတွေးအခေါ် အယူအဆ ၃ ခုအပေါ် အခြေပြုထားခြင်း ဖြစ်သည်။ ၎င်းတို့မှာ လူမျိုးကြီးဝါဒ (သို့မဟုတ်) အချို့သော လူမျိုးစုများသည် အခြားလူမျိုးစုများထက် ကြီးမြတ်သည့်သဘောတရား၊ ကြီးမြတ်သည့်လူမျိုးများက အခြားနိမ့်ကျသည့် ဘက်ပြိုင်များအပေါ် သဘာဝအလျောက် လွှမ်းမိုးသိမ်းယူ လိုက်ခြင်းဖြင့် လူမျိုးစုများ ပြောင်းလဲဖြစ်ပေါ်သည်ဆိုသည့် သဘောတရား၊ နှင့် ရွေးချယ်မျိုးပွါးနိုင်ခြင်း (သို့မဟုတ်) လူသားသန့်ဗေဒ (eugenics) အကြောင်း လေ့လာခြင်းဖြင့် လူမျိုးနွယ်များ၏ သန့်စင်မှုအား သေချာစေနိုင်သည်ဆိုသည့် သဘောတရားများ ဖြစ်ကြသည်။

လူသားသန့်ဗေဒ

လူသားမျိုးစိတ်၏ မျိုးရိုးဗီဇအရည်အသွေးများ တိုးတက်ကောင်းမွန်စေရန်အတွက် ရွေးချယ်မျိုးပွါးခြင်းကို ကျင့်သုံးနိုင်သည် ဟုယုံကြည်လက်ခံကျင့်သုံးမှုများ။

လူမျိုးရေး ကြီးမြင့်မှုသီအိုရီများကို ၁၈၀၀ ခုနှစ်များ အစောပိုင်းကာလတွင် အမေရိကန် ရူပဗေဒ ပညာရှင် Samuel Morton က ပထမဦးဆုံး အဆိုပြုဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ ၎င်း၏ လူဦးခေါင်း ခွံများအပေါ်လေ့လာချက်အရ လူသားများအား မျိုးနွယ်များစွာအဖြစ် ခွဲခြားသတ်မှတ်နိုင် ကြောင်း၊ လူမျိုးတစ်ခုချင်းစီတွင် ထူးခြားသည့် ဝိသေသလက္ခဏာများ ပိုင်ဆိုင်ထားကြောင်း ပြော ဆိုခဲ့သည်။ ထို့ပြင် လူမျိုးများအား ကြီးစဉ်ငယ်လိုက် ဝါစဉ်ထားနိုင်ကြောင်း၊ လူဖြူများ သို့မဟုတ် အသားဖြူလူမျိုးများအား (အသိဉာဏ်ဖွံ့ဖြိုးမှု အရှိဆုံးများ ဖြစ်ကြသဖြင့်) ၎င်းဝါစဉ်၏ ထိပ်ဆုံး တွင်ထားရှိပြီး အာဖရိကလူမျိုးများအား အောက်ဆုံးတွင် စဉ်ထားခဲ့သည်။ ဝါစဉ်တွင် အရှေ့ အာရှတိုက်သားများ၊ မွန်ဂိုလူမျိုးများ နှင့် အရှေ့တောင် အာရှ တိုက်သားများလည်း ပါဝင်ခဲ့သည်။ ထိုအယူအဆသည် တောင်အာဖရိကတွင် ဖြစ်ပွါးခဲ့သည့် ကျွန်ပြုခြင်းနှင့် လူမျိုးအလိုက် လူမျိုးရေးခွဲခြားမှုများကို အားပေးပံ့ပိုးရာ ရောက်စေခဲ့သည့် ယူဆချက်တစ်ခု ဖြစ်ခဲ့သည်။

သဘောတရားရေးရာ

လူများ ကြီးစဉ်ငယ်လိုက်ဝါစဉ်ကျမှု

၁၈ ရာစုတွင်ပေါ်ပေါက်ခဲ့ပြီး လူမျိုးစုအားလုံးကို လှေကားတစ်ခုအနေဖြင့် ထက်အောက် အစဉ် လိုက် စီထားနိုင်ကြောင်း သို့မဟုတ် ဝါစဉ်သတ်မှတ်ထားနိုင်ကြောင်း လက်ခံယုံကြည်ချက် ဖြစ် သည်။ ထိုကာလတွင်ကျင့်သုံးခဲ့သည့် ဥပမာများအဖြစ် ဥရောပ လူမျိုးများသည် ဝါစဉ်၏ ထိပ်ဆုံး တွင်ရှိပြီး ၎င်းတို့နောက်တွင် တရုတ်လူမျိုးများ နှင့် မလေးလူမျိုးများ ရှိခဲ့သည်။ ကနဦး ရှေးလူမျိုး ဌာနေတိုင်းရင်းသား အုပ်စုများ (ဥပမာ- ဩစတေးလျနွယ်ဖွား ရှေးလူမျိုးများ (သို့မဟုတ်) အာဖရိကလူမျိုးများသည် ဝါစဉ်အောက်ဆုံးတွင် စဉ်ထားခြင်း ဖြစ်သည်။ ဝါစဉ် သဘောအရ မျိုးနွယ်အားလုံးအား နှိုင်းယှဉ်ကြည့်ပြီးလျှင် ဆင့်ကဲဖြစ်စဉ်များကြောင့် မတူညီသော ဖွံ့ဖြိုးတိုး တက်မှုနှုန်းများ ဖြစ်ပေါ်စေခဲ့သည်ဟု ဆိုလိုခဲ့ခြင်းသည်။

လူမျိုးရေးခွဲခြားမှုအပေါ် ထားရှိသည့် သိပ္ပံဆိုင်ရာ ဒုတိယရှင်းချက်ထုတ်ချက်ကို လူမှုရေးရာ ဒါဝင် ဝါဒ (Darwinism) သဘောတရားတွင် တွေ့နိုင်ပေသည်။ ချားလ်ဒါဝင်သည် ၁၈၅၉ ခုနှစ်တွင် *မျိုးစိတ်များ၏ မူလဇစ်မြစ်* (*On the Origin of Species*) စာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့ပြီး သဘာဝ ရွေးချယ်မှုကြောင့် ဆင့်ကဲပေါ်ပေါက်ခြင်း သီအိုရီအား စတင် မိတ်ဆက်ခဲ့သည်။ ထိုစာအုပ်တွင် သက်ရှိများသည် အချိန်ကြာလာသည်နှင့်အမျှ ၎င်းတို့နေထိုင်ရာပတ်ဝန်းကျင်နှင့် လိုက်လျော ညီထွေဖြစ်အောင် နေထိုင်ကြကြောင်း၊ ထိုသို့ နေထိုင်ရန် ပိုမိုစွမ်းဆောင်နိုင်သော သက်ရှိများက အောင်မြင်စွာမျိုးပွါးနိုင်ချေ အလားအလာ ပိုများကြောင်း အဆိုပြုခဲ့သည်။ ထို့ကြောင့် အံဝင်ခွင်ကျ ဖြစ်စွာ ရှင်သန်နေထိုင်နိုင်သူများကိုသာ လက်ခံလိုက်ခြင်းသည် သဘာဝပင် ဖြစ်သည်။ ၁၈၀၀

ဝန်းကျင် နှောင်းပိုင်းကာလ ရောက်သည့်အခါ ဟားဘတ် စပန်ဆာ Herbert Spencer ကဲ့သို့ အတွေးအခေါ်ပညာရှင်များက လူ့အဖွဲ့အစည်းတွင် ဒါဝင်၏သီအိုရီကို ထည့်သွင်းကျင့်သုံးခဲ့သည် မှစကာ လူမှုရေးရာ ဒါဝင်ဝါဒအယူအဆ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ၎င်းသီအိုရီအရ လူမျိုးများ၏ ဝါစဋ္ဌကျမှုသည် သဘာဝသဘောအရ ပေါ်ပေါက်လာသည်ဖြစ်ရာ အံဝင်ခွင်ကျ ဖြစ်အောင် နေထိုင်နိုင်သည့် လူမျိုးများသာ ရှင်သန်နေထိုင်နိုင်ခြင်းသည်လည်း သဘာဝ ဖြစ်သည်။ ထိုကဲ့သို့ပင် အားနည်းသောလူမျိုးများအပေါ် ကူညီရန် ကြားဝင်ဆောင်ရွက်မှုများသည် 'အံဝင်ခွင်ကျ မဖြစ်သူများ' ပျက်သုဉ်းပျောက်ကွယ်စေခြင်းကို နှောင့်နှေးစေသည်ဖြစ်ရာ ဆင့်ကဲဖြစ်စဉ်နှင့် ဆန့်ကျင်ကောင်း ဆန့်ကျင်နိုင်ပေလိမ့်မည်။ ဤနည်းအားဖြင့် လူမှုရေးရာ ဒါဝင်ဝါဒီဝင်များသည် မညီမျှမှုများ၊ လူမျိုးများအကြား ခွဲခြားထားမှုများအပေါ် ရှာကြံအကြောင်းပြကြပြီးလျှင် အခြားတိုင်းရင်းသား အုပ်စုများအား ဖျက်ဆီးရန် ကြိုးပမ်းအားထုတ်ချက်များအပေါ် ကျိုးကြောင်းပြ ရှင်းချက်ထုတ်ခဲ့ကြသည်။

သဘောတရားရေးရာ

လူမှုရေးရာ ဒါဝင်ဝါဒ

လူမျိုးများသည် သဘာဝအရ ဆင့်ကဲဖြစ်ပေါ်ကာ အုပ်စုများအလိုက် ယှဉ်ပြိုင်ကြရာတွင် အချို့လူမျိုးများက အောင်ပွဲခံအနိုင်ရရှိပြီး အခြားလူမျိုးများက ရှုံးနိမ့်ပျောက်ကွယ်သွားသည်ကို လက်ခံသည့် ယုံကြည်မှုဖြစ်သည်။ လူမှုရေးရာဒါဝင်ဝါဒအရ လူမျိုးများနှင့် လူ့အဖွဲ့အစည်းသည် အသက်ရှင်သန်ရန်အတွက် ယှဉ်ပြိုင်ကြရသည်မှာ ပြဋ္ဌာန်းသတ်မှတ်ပြီးဖြစ်သည်။ ရလာဒ်အနေဖြင့် အံဝင်ခွင်ကျအဖြစ်ဆုံးသူများ (ပတ်ဝန်းကျင်နှင့် အသင့်တော်ဆုံး ဖြစ်သူများမဟုတ်ဘဲ အံဝင်ခွင်ကျအဖြစ်ဆုံးသော သို့မဟုတ် အကျန်းမာဆုံးဖြစ်သူများကို ဆိုလိုခြင်းဖြစ်)သည် အသက်ရှင်သန်မည်ဖြစ်ပြီး အခြားသောလူမျိုးစုများက ပျောက်ကွယ် သွားလိမ့်မည်ဖြစ်သည်။ ၎င်းအယူအဆများသည် ဂျာမနီရှိ နာဇီပါတီ နှင့် ၎င်း၏ အသား အရောင်ခွဲခြားမှုအပေါ် သက်ရောက်မှုရှိခဲ့ပေသည်။ လူမှုရေးရာ ဒါဝင်ဝါဒ၏ အမြင်ရှုထောင့်များမှာ အန္တရာယ်များပြီး လက်တွေ့မဆန်သဖြင့် ငြင်းပယ်ခဲ့ကြသော်လည်း လူမျိုးရေး ခွဲခြားသူများက ယနေ့ထိတိုင် အသုံးပြုကြဆဲဖြစ်သည်။ ၎င်းသီအိုရီသည် ဒါဝင် သေဆုံးပြီး နောက်မှ ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပြီး ဒါဝင်အနေဖြင့် ထို အယူအဆများအပေါ် သဘောတူညီ နိုင်မည်လားဆိုသည့်အချက်မှာ အကျယ်တဝင့် ဆွေးနွေးဖွယ်ရာပင် ဖြစ်သည်။

တတိယယူဆချက်ဖြစ်သည့် လူသားသန့်ဗေဒအား ဗြိတိန်ပညာရှင် ဆာ ဖရန်စစ် ဂယ်လ်တန် Sir Francis Galton က အဓိက ထောက်ခံခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ပိုမိုကောင်းမွန်သော စံပြလူ့အဖွဲ့အစည်းတစ်ခု တည်ထောင်နိုင်ရန်အလို့ငှာ 'ကောင်းမွန်သော' ဗီဇမျိုးစေ့များဖြင့် မျိုးပွါးရမည်

ဖြစ်ပြီး ရွေးချယ်မျိုးပွါးမွေးမြူခြင်း (selective breeding) ကို ကျင့်သုံးသင့်ကြောင်း ၁၈၈၃ ခုနှစ်တွင် အဆိုပြုခဲ့ခြင်းဖြစ်သည်။ လူသားသန့်ဗေဒကို အမေရိကန်နိုင်ငံတွင် တုန့်ပြန်ခဲ့ပြီး အတင်းအကြပ်သားကြောဖြတ်ခြင်းနှင့် လူဝင်မှုဆိုင်ရာဥပဒေများကို ပင်လျှင် စတင်ပြဋ္ဌာန်းခဲ့သည်။ ဥပမာ အားဖြင့် အရှေ့တောင် ဥရောပတိုက်နိုင်ငံများမှ လူများအား ဉာဏ်ရည်နိမ့်ကျမှုရှိကြောင်း မှတ်ယူ ပြီးလျှင် ၁၉၂၄ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မှတ်ပုံတင်ခြင်းအက်ဥပဒေအရ ၎င်းတို့အား အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်မှုကို တားမြစ်ခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် ဖြစ်ပွါးသည့် Buck v. Bell အမှု[39] တွင် အမေရိကန် တရားလွှတ်တော်ချုပ်က စိတ်ပိုင်းဆိုင်ရာချို့တဲ့သူများအတွက် ဗာဂျီးနီးယားပြည်နယ်ရှိ အဖွဲ့တစ်ခုတွင် အတင်းအကြပ်သားကြောဖြတ်စေခြင်းသည် တရားဝင် လုပ်ဆောင်ချက် ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ထို့ပြင် နိုင်ငံများစွာကလည်း လူဖြူများနှင့် လူဖြူ မဟုတ်သူများ ဥပမာ အာဖရိကန္နယ်ဖွါး အမေရိကန်လူမျိုးများ (သို့မဟုတ်) ဌာနေ အမေရိကန်များအကြား လက်ထပ်ခြင်းကို တားမြစ်သည့် ဥပဒေများ ထုတ်ပြန်ခဲ့ကြသည်။ လူသားသန့်ဗေဒသည် နာဇီဂျာမနီတို့ချမှတ်ခဲ့သည့် နိုင်ငံရေးရာမူဝါဒများ၏ အခြေခံဖြစ်ခဲ့ပြီး အာယန်းသခင် လူမျိုးအား ဂျာမန်လူမျိုးများဖြင့် ရွေးချယ်မျိုးပွါးနိုင်လိမ့်မည်ဟု ယုံကြည်ခဲ့ခြင်းဖြစ်သည်။

ဖြစ်ရပ်လေ့လာခြင်း

လူသားသန့်ဗေဒနှင့် နာဇီဂျာမနီတို့၏ အာယန်းသခင်လူမျိုး

ဂျာမနီတွင် နာဇီများအုပ်စိုးခဲ့ချိန် (၁၉၃၃ - ၁၉၄၅) ကာလအတွင်း အမျိုးမျိုးကွဲလွဲသော လူသားသန့်ဗေဒပုံစံများက နိုင်ငံ၏ မူဝါဒကို သရုပ်ဖော်ပေးခဲ့သည်။ နာဇီများက နော့ဒစ် Nordic သို့မဟုတ် အာယန်လူမျိုးများ၏ ကြီးမြင့်မှုကို လက်ခံယုံကြည်ပြီးလျှင် နိမ့်ကျသည်ဟု ယူဆထားသည့် လူမျိုးများအား ဖယ်ထုတ်ကာ ဂျာမန်လူ့အသိုက်အဝန်းတစ်ခုကို တည်ထောင်ရန် ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။ ထိုကြောင့်ပင် ဂျာမန်လူမျိုး မိန်းကလေးများအား အာယန် မဟုတ်သူများ (ဥပမာ- ဂျူးလူမျိုးများ သို့မဟုတ် အာရှလူမျိုးများ) နှင့် ပေါင်းဖက်ခြင်းသည် တရားမဝင်ကြောင်း ၁၉၃၅ ခုနှစ်၊ လူမျိုးရေးရာ နုရမ်ဘာဂ်ခ် ဥပဒေများအရ ပြဋ္ဌာန်းခဲ့သည်။ ဤသို့ဖြင့် နိုင်ငံသားဖြစ်မှုကို ငြင်းဆိုရန်၊ ဂျူးလူမျိုးများအား နှိပ်စက် ညှဉ်းပန်းရန်၊ 'မျိုးရိုးဗီဇ ချို့တဲ့မှုများ' ဖြင့် မွေးဖွားလာသူများအား ရှင်းလင်းသုတ်သင်ရေး လုပ်ဆောင်နေသည့် တီ- ၄ ယူသန်နေးစီးယား ပရိဂရမ်အရ မသန်စွမ်းသူများအား သားကြောဖြတ်ခြင်းနှင့် ကွက်မျက်ခြင်းကိစ္စများအတွက် အဆိုပါ လူမျိုးရေးရာဥပဒေများကို ကျင့်သုံးခဲ့ကြသည်။ ထို့ကြောင့်ပင် နာဇီများ၏ အချို့သောအုပ်စုများ

[39] *Carrie Buck v John Hendren Bell, Superintendent of State Colony for Epileptics and Feeble Minded*, 274 US 200 (1927).

အပေါ် ကျူးလွန်သည့် လူမျိုးသုဉ်း သုတ်သင်ခြင်းများ၊ သန်းပေါင်းများစွာသော ဂျူးလူမျိုးများ အပါအဝင် မသန်စွမ်းသူများ၊ ရောမနီ လူမျိုးများ (စော်ကားပြောဆိုသည့်စကားဟု အချို့က သတ်မှတ်ကြသော်လည်း ၎င်းတို့ကို ဂျစ်ပစီများ ဟုလည်း ခေါ်လေ့ရှိသည်) နှင့် အခြား အုပ်စုများအား သတ်ဖြတ်ခြင်းများ ဖြစ်စေ ခဲ့သည်။ ၎င်းအယူအဆတွင် ပြဿနာများစွာရှိခဲ့ပြီး အများစုသော ဂျာမန်ဘိုးဘေးများ၏ မျိုးရိုးဇာတိသည် လူမျိုးအသီးသီးမှ ပေါက်ဖွားဆင်းသက်ခဲ့ပြီး ခေါင်းဆောင်ဖြစ်သည့် အဒေါ့် ဟစ်တလာသည်ပင်လျှင် အာယန်းလူမျိုးတို့၏ လက္ခဏာရပ်များ ဖြစ်သည့် ရွှေရောင်ဆံပင်၊ အပြာရောင် မျက်လုံးနှင့် ကျန်းမာကြံ့ခိုင်ဖျတ်လတ်သော ခန္ဓာကိုယ်အား ပိုင်ဆိုင်ထားခြင်း မရှိခဲ့ချေ။

၂၁.၂.၂ ဥပဒေနှင့် ပေါ်လစီများတွင်ပါရှိသည့် လူမျိုးရေးခွဲခြားမှု

သမိုင်းတလျောက် လက်ခံခဲ့သည့် လူမျိုးရေးခွဲခြားမှုဆိုင်ရာ လက်ခံယုံကြည်ချက်များကို များစွာသော ဥပဒေများတွင် တွေ့နိုင်သည်။ ဥပဒေများစွာသည် လူမျိုးရေးခွဲခြားသည့်အမြင်များအပေါ် အခြေပြုပြဋ္ဌာန်းထားပြီး အချို့လူမျိုးများကိုသာ ကျွန်ပြုနိုင်ကြောင်း ယူဆခဲ့ကြသည် (သို့သော် အရှေ့တောင်အာရှတွင် ကျွန်ပြုခြင်းကို ထိုသို့ သီးခြားလူမျိုး သို့မဟုတ် တိုင်းရင်းသား လူမျိုးများအပေါ်တွင်သာ ကန့်သတ်ကျင့်သုံးခဲ့ခြင်းမျိုးမဟုတ်ဘဲ နေရာအနှံ့အပြား ကျင့်သုံးခဲ့သည်)။ လူမျိုးရေးခွဲခြားသည့် ဥပဒေများကို ဖြည့်စွက်ထောက်ခံပံ့ပိုးပေးသည့် အခြားဥပဒေများအဖြစ် မတူညီသည့် မျိုးနွယ်များမှ လူများနှင့် ပေါင်းစပ်ပေါက်ဖွားခြင်းများကို တားမြစ်ထားသည့် လူမျိုးရောစပ်ခြင်းကို ဆန့်ကျင်သည့် ဥပဒေများ၊ ရွေးချယ်သတ်မှတ်ထားသော လူမျိုးစုများအား တိုင်းပြည်အတွင်းဝင်ရောက်ခြင်းကို ပိတ်ပင်ထားသည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများ (ဥပမာ တရုတ်လူမျိုးများအား များစွာသော အနောက်နိုင်ငံများအတွင်း ဝင်ရောက်ခြင်းကို တားမြစ်ထားသည့်ဥပဒေများ) နှင့် နောက်ပိုင်း နှစ်များတွင် ပေါ်ပေါက်လာသည့် လူမျိုးစုများအကြား ပိုင်းခြားသတ်မှတ်ရန် ရည်ရွယ်ချမှတ်ခဲ့သည့် လူမျိုးရေးခွဲခြားခြင်းဆိုင်ရာ ဥပဒေများ ပါဝင်သည်။

လူမျိုးရောစပ်ခြင်းကို ဆန့်ကျင်သည့် ဥပဒေများ

'လူမျိုးစပ်' ကလေးများသည် စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာအရ နိမ့်ကျကြောင်း၊ ထို့ကြောင့် လူမျိုးများအား မျိုးသန့်စင်အောင် ထားရှိထိန်းသိမ်း ရမည်ဟု မှားယွင်းသော ယူဆချက်ကြောင့် မတူကွဲပြားသော လူမျိုးများဖြင့် ပေါင်းဖက်ခြင်းကို တားမြစ်ထားသည့် လူမျိုးရေး အယူအဆ များ၊ ဥပဒေများနှင့် မူဝါဒများ။

လူမျိုးရေးခွဲခြားခြင်း

မတူညီသည့် လူမျိုးအုပ်စုများမှ လူများအား ပိုင်းခြားထားနိုင်ရန် ရည်ရွယ်ထားရှိသည့် လူမှုရေးရာ မူဝါဒ ဖြစ်ပြီး လူများအား သီးခြား သတ်မှတ်နေရာများတွင် နေစေခြင်း၊ သီးခြား အများသုံးဝန်ဆောင်မှုများ အသုံးပြု စေခြင်း၊ အချို့သော ဝန်ဆောင်မှုများကို အုပ်စုအချို့မှ လူများ အတွက်သာ ထားရှိပေးခြင်း ဖြစ်သည်။

အသားအရောင်အလိုက်ခွဲခြားမှုသည် လူမျိုးရေးခွဲခြားမှုဆိုင်ရာ ဥပဒေများအကြား လူသိများထင်ရှားသော ဥပဒေတစ်ခုဖြစ်သည်။ ထိုစနစ်ကို တောင်အာဖရိကတွင် ၁၉၈၉ ခုနှစ် တိုင် အတိအလင်း ကျင့်သုံးခဲ့ပြီး ၎င်းဥပဒေအရ မတူညီသည့် မျိုးနွယ်အသီးသီးမှ လူများကို ၎င်းတို့အတွက် သီးခြားသတ်မှတ်ထားသည့် ရပ်ရွာများတွင် နေထိုင်စေပြီး စားရေးသောက်ရေး၊ လူမှုဆက်ဆံရေးနှင့် အလုပ်လုပ်ကိုင်ခြင်းများကို သီးခြားလုပ်ကိုင်စေပြီးလျှင် မတူညီသည့် ဥပဒေများကို လိုက်နာကျင့်သုံးရန် ပြဋ္ဌာန်းသတ်မှတ်ပေးထားသည်။ အသားအရောင်ခွဲခြားမှု ဥပဒေအရ မတူညီ သည့် မျိုးနွယ်များမှ ကလေးများကို သက်ဆိုင်ရာ သီးခြားကျောင်းများတွင် ပညာသင်ကြား ပေးခဲ့ပြီး လူကြီးများအတွက် မတူညီသည့် လူမှုဝန်းကျင်နေရာအသီးသီးကို

ဥပမာအားဖြင့် ဘတ်စ်ကား ထိုင်ခုံများ၊ စားသောက်ဆိုင်များရှိ စားပွဲခုံများ၊ အများသုံးအိမ်သာများနှင့် ကမ်းခြေ တွင် အနားယူနိုင်သည့် နေရာများတွင် သီးခြားစီ နေရာခွဲခြားသတ်မှတ်ခဲ့ကြသည်။ ထို့ပြင် ဥပဒေများကိုလည်း လူမျိုးအလိုက် မတူကွဲပြားစွာ ပြဋ္ဌာန်းထားသည်။ အထူးသဖြင့် မဲပေးခွင့် သို့မဟုတ် အချို့သော အလုပ်များ လုပ်ကိုင်ခွင့်ကို အချို့လူမျိုးများအပေါ် တားမြစ်ထားသည်။ ယေဘုယျအားဖြင့် ၎င်းတို့အတွက် ဥပမာ - လွတ်လပ်စွာ သွားလာခွင့်ကဲ့သို့ အခွင့်အရေးများအား တန်းတူခံစားခွင့်မရရှိခဲ့ကြပေ။

အလေးထားစရာ

အသားအရောင် ခွဲခြားမှု

တောင်အာဖရိကပြည်ထောင်စုကို ၁၉၁၀ ခုနှစ်တွင် ဗြိတိသျှများ တည်ထောင်ပြီးသည့်နောက် မြေယာအက် ဥပဒေ (၁၉၁၃) ကို ပြဋ္ဌာန်းကာ နယ်မြေပိုင်းခြားသတ်မှတ်ရေးကို စတင် သတ်မှတ်ခဲ့သည်။ ထို့ဥပဒေအရ အာဖရိကတိုက်သားလူမည်းများအား သီးသန့်မြေနေရာများတွင်သာ နေထိုင်စေခဲ့သည်။ ၎င်းသည် လူမျိုးအလိုက်လူမျိုးရေးခွဲခြားမှု၏ ကနဦးအစပြုမှု ဖြစ်ခဲ့ပြီး 'သီးခြားခွဲထုတ်မှု' ဖြစ်စေခဲ့သည်။ ဆယ်စုနှစ်အနည်းငယ်ကြာမြင့်ပြီးနောက် လူဦးရေမှတ်ပုံတင်ခြင်းအက် ဥပဒေ (၁၉၅၀) ကိုပြဋ္ဌာန်းခဲ့ပြီး တောင်အာဖရိက လူမျိုးများအား ၎င်းတို့၏ လူမျိုးအလိုက် အဖြူ၊ အခြားအရောင်နှင့် အမည်း အာဖရိကန်များဟူ၍ အမျိုးအစား ခွဲခြားသတ်မှတ်ကာ အသားအရောင်ခွဲခြားမှုအတွက် ဥပဒေမူဘောင်တစ်ရပ် သတ်မှတ်ခဲ့သည်။ နောက်ပိုင်းတွင် စတုတ္ထမြောက် အမျိုးအစားအဖြစ် 'အာရှတိုက်သား' များကို ထပ်မံ ဖြည့်စွက်ခဲ့သည်။ ရလာဒ်အနေဖြင့် မြေယာ ဥပဒေများစွာကို ပြဋ္ဌာန်းခဲ့ပြီး (အရေအတွက် အားဖြင့် နည်းပါးသော်လည်း နိုင်ငံရေး အာဏာရှိသည့်) လူဖြူများအတွက် မြေများ၏ ၈၀ % ကို ပိုင်ဆိုင်ခွင့်ရှိစေခဲ့သည်။ ထို့ပြင် 'ဖြတ်သန်းခွင့် ဥပဒေများ' ကို ရေးဆွဲထုတ်ပြန်ခဲ့ပြီး လူဖြူ မဟုတ်သူများအနေဖြင့် လူဖြူများအတွက်သာ သီးခြားခွင့်ပြုသတ်မှတ်ထားသည့် နေရာများသို့ ဝင်ရောက်ရန်ရှိသည့်အခါ ဝင်ရောက်ခွင့်ပြုထားသည့် အထောက်အထား စာရွက်စာတမ်းများ လိုအပ်ကြောင်း သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းအပြင် လူမျိုးများအကြား ထိတွေ့ဆက်ဆံမှုကို ထပ်မံကန့်သတ်လိုခြင်းကြောင့် လူဖြူများနှင့် လူဖြူမဟုတ်သူများအတွက် အများသုံးဝန်ဆောင်မှုများကို သီးခြားစီအသုံးပြုရန် သတ်မှတ်ခဲ့သည်။

၂၁.၂.၃ အရှေ့တောင်အာရှရှိ လူမျိုးရေးခွဲခြားမှုအပေါ် ခြုံငုံသုံးသပ်ချက်

အရှေ့တောင်အာရှရှိ လူမျိုးရေးခွဲခြားမှုသည် အသားအရောင်ခွဲခြားမှု သို့မဟုတ် လူသားသန့် ဗေဒများ ကဲ့သို့ ဆိုးရွားသည့်ပုံစံများဖြင့် ဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ပေ။ ယင်းအစား လူမျိုးရေး ခွဲခြားမှုသည် ကိုလိုနီစနစ်ပျက်သုဉ်းပြီးနောက် တိုင်းပြည်တည်ဆောက်မှုဖြစ်စဉ်၏ ဆိုးကျိုးတစ်ရပ်အဖြစ် ပေါ်ပေါက်ခဲ့သည်ဟု ဆိုရပေလိမ့်မည်။ သမိုင်းတလျှောက် အရှေ့တောင် အာရှတိုက်သားများ၏ ကုန်သွယ်ရေးနှင့် စီးပွါးရေးလုပ်ငန်းများ ကူးလူးဆက်ဆံ လုပ်ကိုင်တတ်သောဓလေ့နှင့် နောက်ဆုံးတွင် အခြားတိုင်းတပါး နိုင်ငံများ၌ အခြေချနေထိုင်လာခြင်းများကြောင့် ထိုသို့ဖြစ်ရခြင်းဖြစ်သည်။ ဥပမာအားဖြင့် လွန်ခဲ့သည့် ရာစုနှစ်များစွာက ယနေ့ခေတ် မလေးရှားနိုင်ငံဖြစ်သည့် မလက္ကာဆိပ်ကမ်းသည် အိန္ဒိယဒေသ၊ တရုတ်၊ မဲခေါင် မြစ်ဝှမ်းဒေသ နှင့် အာရှအလယ်ပိုင်းဒေသတို့မှ အုပ်စုများအကြား ကုန်သွယ်မှု ပြုလုပ်ရာ ဗဟိုချက်ဖြစ်ခဲ့သည်။

အကြွေးကို လုပ်အားခဖြင့် ခုနှိမ်ပေးဆပ်ခြင်း

အလုပ်သမားတစ်ဦးက အကြွေးများကို ခုနှိမ်ရန်အတွက် ကာလတစ်ခုကြာသည် အထိ လုပ်အားခ မယူဘဲ လုပ်ကိုင်မည် ဟု ချုပ်ဆိုထားသည့် စာချုပ်။ ထို့ကြောင့် အကြွေးကို လုပ်အားခဖြင့် ခုနှိမ်ပေးဆပ်ခြင်းသည် ကျွန်ပြုမှု ပုံစံတစ်ခုဖြစ်သည်။

နိုင်ငံများစွာတွင် ဌာနေတိုင်းရင်းသားအုပ်စုများ၊ တိုင်းရင်းသားလူနည်းစုများ၊ ရွှေ့ပြောင်း အုပ်စုများနှင့် ကြီးစိုးသော လူမျိုးအုပ်စုများ ရောစပ်နေထိုင်ကြသည်။ ကိုလိုနီခေတ်အတွင်း အကြွေးကို လုပ်အားခဖြင့် ခုနှိမ်ပေးဆပ်ခြင်း indentured labour ကတဆင့် ထူးခြားသော လူမျိုးပြောင်းရွှေ့သည့်လှုပ်ရှားမှုတစ်ခု ထပ်မံပေါ်ပေါက်ခဲ့သည်။ ဗြိတိသျှပါလီမန်သည် ၁၈၃၃ ခုနှစ်တွင် ကျွန်ပြုမှု ဖျက်သိမ်းခြင်းဆိုင်ရာအက်ဥပဒေကို ထုတ်ပြန်ခဲ့ပြီး ဗြိတိသျှ ကိုလိုနီနယ်မြေများတွင် ကျွန်ပြုခြင်းကို ဖျက်သိမ်းခဲ့သည်။ ထိုကြောင့်ပင် အရှေ့တောင်အာရှရှိ နိုင်ငံများအပါအဝင် ကိုလိုနီနယ်မြေများတွင် အလုပ်သမားရှားပါး ပြတ်လတ်မှုကို ရင်ဆိုင်ခဲ့ရသည်။ ထိုအရေးကိုဖြေရှင်းရန်အတွက် အကြွေးကို လုပ်အားဖြင့် ခုနှိမ်ပေးဆပ်မည့် အလုပ်သမားများကို အိန္ဒိယနိုင်ငံမှ မလေးရှားကဲ့သို့ နိုင်ငံများထံသို့ ခေါ်သွင်းကြပြီးလျှင် သစ်ပင်စိုက်ပျိုးခြင်းများ၊ မီးရထားဆောက်လုပ် ရေးစီမံကိန်းများတွင် အလုပ်လုပ်ကိုင်စေခဲ့ကြသည်။ ကိုလိုနီနယ်မြေများအကြား ကုန်သွယ်ရေး နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ကူးလူးဆက်ဆံမှုများကြောင့် လူမျိုးပြောင်းရွှေ့မှုအလျဉ်ကိုဖြစ်စေပြီး မလေးရှားနိုင်ငံတွင် တရုတ် နှင့် အိန္ဒိယလူမျိုးများစွာ အခြေချနေထိုင်လာကြပြီးလျှင် လူဦးရေဆိုင်ရာ အပြောင်းအလဲများ ဖြစ်စေခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသို့ မူလက ကုန်သွယ်မှု အခွင့်အလမ်းများ ဖန်တီးရှာဖွေရန်ရောက်ရှိနေသည့် တရုတ်လူမျိုးများသည် ဒတ်ချ်နယ်ချဲ့များအုပ်စိုးသည့်ကာလရောက်သည့်အခါ ဒတ်ချ်နယ်ချဲ့ အာဏာပိုင်များနှင့် ဒေသခံ အင်ဒိုနီးရှားလူမျိုးများအကြားတွင် ဖျန်ဖြေရေးသမားအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့်ပင် လူ့အဖွဲ့အစည်း၏ဝါစဉ်တွင် ဒတ်ချ်လူမျိုးများသည် ထိပ်ဆုံးတွင် လည်းကောင်း၊ တရုတ်လူမျိုးများသည် အလယ်အလတ်အဆင့်တွင်လည်းကောင်း၊ အင်ဒိုနီးရှားလူမျိုးများသည် အောက်ခြေတွင်လည်းကောင်း ရှိခဲ့ကြခြင်းဖြစ်သည်။ အင်ဒိုနီးရှားလူမျိုးများအားစိုက်ပျိုးရေးကဏ္ဍတွင် အများစု လုပ်ကိုင်ခွင့်ပေးထားသည့် အချိန်တွင် တရုတ်လူမျိုးများမှာမူ ဒတ်ချ်လူမျိုးများနှင့် ကုန်သွယ်ရေးနှင့်စီးပွါးရေး လုပ်ကိုင်ရန် အခွင့်အလမ်းများ ရရှိခဲ့ကြသည်။

ဤသို့ဖြင့် ဌာနေအင်ဒိုနီးရှားလူမျိုးများနှင့် တရုတ်လူမျိုးများအကြား ပေါက်ဖွားလာသည့် တင်းမာမှုသည် လုံးဝဖြေရှင်းနိုင်ခြင်း မရှိခဲ့ဘဲ တရုတ်လူနည်းစုအပေါ် အကြမ်းဖက်မှုများသည် မကြာခဏဆိုသလို ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည် (နောက်ဆုံးဖြစ်ပွါးခဲ့သည့် အကြမ်းဖက်မှုသည် ၁၉၉၈ ခုနှစ်များ နှောင်းပိုင်းကာလ တွင် ဖြစ်ပွါးခဲ့သော စီးပွါးရေးအကြပ်အတည်းကြောင့် ဖြစ်သည်)။

ဖြစ်ရပ်လေ့လာခြင်း

၁၉၉၈ မေလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ဖြစ်ပွါးခဲ့သည့် အဓိကရုဏ်းများ

အဆိုပါအဓိကရုဏ်းများသည် ၁၉၉၇ ခုနှစ် အာရှဘဏ္ဍာရေးအကြပ်အတည်း၏ နောက်ခံအကြောင်းရင်းအဖြစ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှား ရူပီးငွေ တန်ဖိုးသည် ဆိုးဆိုးရွားရွား ကျဆင်းခဲ့ပြီး လူသန်းပေါင်းများစွာသည် အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။ ဘဏ်များ ပြိုလဲသွားသဖြင့် လူများ၏ စုငွေများသည်လည်း ဆုံးရှုံးလိုက်ရသည်။ ကျောင်းသား/သူ များ ပါဝင်သည့် လူထုလှုပ်ရှားမှုသည် ပြုပြင်ပြောင်းလဲရေးနှင့် သမ္မတ ဆူဟာတိုနှုတ်ထွက်ရေးကို တောင်းဆိုခဲ့ပြီး စစ်တပ်အာဏာပိုင်များနှင့် ဆန္ဒပြသူများအကြား ထိပ်တိုက်တွေ့ဆုံမှုများ မကြာခဏဆိုသလို ဖြစ်ပွါးခဲ့သည်။ အခြေခံကုန်စည်ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် အစိုးရသည် ကုန်စည်သိုလှောင်သူများအား ထိရောက်စွာနှိမ်နင်းမည်ဟု ကြေညာခဲ့သည်။ ဘဏ္ဍာရေး အကြပ်အတည်းကို ကူညီဖြေရှင်းရန်ကြိုးစားရမည့်အစား သိုလှောင်မှုကိုဆန့်ကျင်သည့်စာများဖြင့် ကုန်သည် အများစုဖြစ်သည့် တရုတ်လူမျိုးများအပေါ် အပြစ်ပုံချခဲ့သည်။ မေလသို့ရောက်သည့်အခါ တိုင်းပြည်တဝှမ်းလုံးတွင် အဓိကရုဏ်းများစွာ ဖြစ်ပွါးခဲ့ပြီး အဓိကအားဖြင့် တရုတ်လူနည်းစုအပေါ် ပစ်မှတ်ထားခဲ့ကြသည်။ ရလာဒ်အနေဖြင့် အိမ်ဆိုင်များ မီးရှို့ဖျက်ဆီးခံရပြီး တရုတ် အမျိုးသမီးများမှာ မုဒိမ်းကျင့်ခံရခြင်း၊ အုပ်စုလိုက် မုဒိမ်းကျင့်ခံရခြင်းများ တွေ့ကြုံခဲ့ရသည်။ ခန့်မှန်းခြေ အားဖြင့် လူဦးရေ ၁,၀၀၀ ခန့် အသတ်ခံခဲ့ရသည်။ သို့သော်လည်း အဓိကရုဏ်းများကြောင့် သမ္မတ ဆူဟာတို နှုတ်ထွက်ခဲ့ရပြီး New Order အစိုးရ လည်း ပြုတ်ကျသွားခဲ့ပေသည်။

ကိုလိုနီလွတ်မြောက်ရေးဖြစ်စဉ်ကြောင့် အာရှဒေသတလွှားတွင် နိုင်ငံသစ်များ ပေါ်ပေါက်လာခဲ့သည်။ ထိုနိုင်ငံသစ်များသည် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်း အဖြစ် အမျိုးသားရေးရပ်တည်ချက်တစ်ရပ်ကို ပုံဖော်သတ်မှတ်ရန် ကြိုးပမ်းခဲ့ကြသည်။ သို့သော် ဖြစ်ရပ်အများစုတွင် ထိုသို့သောရပ်တည်ချက်များသည် လူမျိုး သို့မဟုတ် တိုင်းရင်းသားဖြစ်မှု၊ ဘာသာစကား၊ ကိုးကွယ်ရာဘာသာ၊ သို့မဟုတ် ၎င်းတို့ အားလုံး ပေါင်းစုံဖြစ်စေ အပြန်အလှန် နှီးနွယ်ရောယှက်နေပေသည်။ ထိုအချက်များနှင့် မတူကွဲပြားသည်ဟု ကိုယ်တိုင်ယူဆသတ်မှတ်ထားသူများသည် 'အခြားသူများ' သို့မဟုတ် 'အပြင်လူများ' ဖြစ်ခဲ့ကြသည်။ အချို့သော နိုင်ငံများသည် လူမျိုးရေးဆက်ဆံမှုများကို အပြုသဘော တည်ဆောက်ရန် ကြိုးပမ်းကြသော်လည်း

ကျန်နိုင်ငံများကမူ လူမျိုးရေးခွဲခြားမှုအား ဥပဒေများ၊ မူဝါဒများဖြင့် အရိုးစွဲနေသည့် အလေ့အထ တစ်ခုဖြစ်စေသည်အထိ ခွင့်ပြုခဲ့ခြင်းကြောင့် လူမှုအသိုက်အဝန်းများအကြားတွင် ပဋိပက္ခများ သို့တည်းမဟုတ် လူမျိုးရေး အဓိကရုဏ်များ ဖြစ်ပွါးခဲ့ခြင်း ဖြစ်သည်။ စင်္ကာပူနိုင်ငံ (၁၉၆၄ ခုနှစ်) နှင့် အင်ဒိုနီးရှားနိုင်ငံ (၁၉၉၈ ခုနှစ် မေလ) တွင် ဖြစ်ပွါးခဲ့သည့် လူမျိုးရေး အဓိကရုဏ်းများသည် လူမျိုးရေးကိစ္စကို နိုင်ငံရေးသမားများက အာဏာရလာစေရန်အတွက်လည်းကောင်း၊ အုပ်ချုပ်မှု ပျက်ယွင်း နေမှုများကို အာရုံလွှဲစေရန်အတွက်လည်းကောင်း လက်နက်သဖွယ် အသုံးချခဲ့သည့် ဥပမာများ ဖြစ်သည်။

ဖြစ်ရပ်လေ့လာခြင်း

စင်္ကာပူနိုင်ငံတွင် ဖြစ်ပွါးခဲ့သည့် လူမျိုးရေးအဓိကရုဏ်းများ

၁၉၆၃ ခုနှစ်တွင် စင်္ကာပူနိုင်ငံသည် မလေးရှားဖယ်ဒရေးရှင်းသို့ ဝင်ရောက်ခဲ့သည်။ ၁၉၆၄ ခုနှစ် ရောက်သည့်အခါ စင်္ကာပူနိုင်ငံရှိ မလေးလူမျိုးများနှင့် တရုတ်လူမျိုးများအကြား လူမျိုးရေး အဓိက ရုဏ်းနှစ်ခု သီးခြားစီ ပေါ်ပေါက်ခဲ့သည်။ ပထမအဓိကရုဏ်းသည် ဂျူလိုင်လ ၂၁ ရက်နေ့တွင် ပုဝ်မိုဟာမက်၏ မွေးနေ့အတွက် မွတ်စလင်များ ကျင်းပပြုလုပ်သည့် စီတန်းလှည့်လည်ပွဲအတွင်း စတင်ဖြစ်ပွါးခဲ့ခြင်းဖြစ်သည်။ ဒုတိယအဓိကရုဏ်းမှာမူ မလေးလူမျိုးများ မူလအခြေချနေထိုင်ရာ အရပ်တစ်ခုဖြစ်သည့် ဂေလင်းစရိုင်း Geylang Sarai တွင် မလေးလူမျိုးတစ်ဦး အသတ်ခံရပြီး နောက် စက်တင်ဘာလ ၂ ရက်နေ့တွင် ဖြစ်ပွါးခဲ့ခြင်း ဖြစ်သည်။

အဆိုပါအဓိကရုဏ်းများသည် စင်္ကာပူနိုင်ငံရှိ တရုတ်တိုင်းရင်းသားအများစုပါဝင်သည့် People's Action Party (PAP) ပါတီ အစိုးရနှင့် မလေးရှားနိုင်ငံရှိ မလေးလူမျိုးများ လွှမ်းမိုးပါဝင်သည့် United Malay National Organization (UMNO) ဦးဆောင်သည့် မဟာမိတ်အစိုးရ အကြား တင်းမာမှုများရှိနေချိန်တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ UMNO ၏ စင်္ကာပူ အခြေစိုက် ရုံးခွဲဖြစ်သည့် SUMNO သည် စင်္ကာပူနိုင်ငံ၏ ၁၉၆၃ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ထိုင်ခုံနေရာ မရရှိခဲ့ပေ။ နောက်ပိုင်း PAP သည် မလေးရှားနိုင်ငံ၏ ၁၉၆၄ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းများ ထည့်သွင်းခဲ့သော်လည်း နေရာတစ်ခုတွင်သာ မဲနိုင်ခဲ့ပေသည်။ ရွေးကောက်ပွဲများကျင်းပပြီးဆုံးချိန်တွင် နှစ်ဖက် အစိုးရခေါင်းဆောင်များသည် တစ်နိုင်ငံ၏ ပြည်တွင်းရေးရာကိစ္စများကို အခြားနိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် သဘောတူညီမှု ထားခဲ့ကြသည်။ သို့ရာတွင် ထိုကတိကဝတ် ပြုချက်အပေါ် UMNO ၏ နိုင်ငံရေး တက်ကြွလှုပ်ရှား သူများက သဘောမတူကြဘဲ စင်္ကာပူ နိုင်ငံရှိ မလေးလူမျိုးများ၏ ပံ့ပိုးထောက်ခံမှုရလာစေရန် ကြိုးပမ်းခဲ့ကြသည်။ ထိုသို့ရရှိစေရန်အတွက် PAP သည် မလေးလူမျိုးများအပေါ် ညှဉ်းပန်း နှိပ်စက်ကြောင်းနှင့် ၎င်းတို့၏ အခွင့်အရေးများကို ချိုးဖောက်နေကြောင်း စွပ်စွဲကာ ရန်စသော

မီဒီယာကမ်ပိန်းများဖြင့် စတင်ခဲ့ကြသည်။ ထိုသို့သော နိုင်ငံရေးနောက်ခံအကြောင်းခြင်းရာများကြောင့် လူမျိုးရေး အဓိကရုဏ်းများ ဖြစ်ပွါးခဲ့ခြင်းဖြစ်သည်။

အသားအရောင်ခွဲခြားမှု၊ လူမျိုးရေးခွဲခြားမှုနှင့် အကြွေးကို လုပ်အားခဖြင့်ခုနှိမ်ပေးဆပ်ခြင်း ကဲ့သို့သော လူမျိုးရေးခွဲခြားမှုကိုအခြေပြုသည့် ဥပဒေများနှင့် မူဝါဒများသည် ၁၉၇၀ ခုနှစ်များ အကုန်တွင် (တောင်အာဖရိကမှအပ) ကမ္ဘာ့အနှံ့အပြားဌ အတော်ပင် ကွယ်ပျောက်ခဲ့ပြီ ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်း၏ တစ်စိတ်တစ်ပိုင်းမှာ ICERD ထွက်ပေါ်လာခဲ့ပြီး လူအားလုံး၏ လူ့အခွင့်အရေးများကို အသိအမှတ်ပြုလာမှုကြောင့် ဖြစ်သည်။ အမေရိကန်တွင် ဖြစ်ပွါးခဲ့သော ပြည်သူ့ရေးရာ အခွင့်အရေးများဆိုင်ရာ လှုပ်ရှားမှုသည်လည်း တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ခဲ့ပြီး လူမျိုးရေးခွဲခြားသည့် ဥပဒေများ ပယ်ဖျက်ရေးအတွက် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများ တွင် အရပ်ဖက်အဖွဲ့အစည်းသည် ပူးပေါင်းပါဝင်နိုင်ကြောင်း ပြသခဲ့ခြင်း ဖြစ်သည်။ အမေရိကန်တွင် စတင်ခဲ့သည့် (ဂန္ဒီ၏ အကြမ်းမဖက်သော ခုခံမှု သီအိုရီအပေါ် အခြေပြုသော) ပြည်သူ့ရေးရာ အခွင့်အရေးများဆိုင်ရာ လှုပ်ရှားမှုသည် ကမ္ဘာ့အနှံ့အပြားသို့ ပျံ့နှံ့ခဲ့ပြီး နောင် ဆယ်စုနှစ်တစ်ခုအကြာတွင် ပေါ်ပေါက်ခဲ့သည့် အမျိုးသမီးအခွင့်အရေးများဆိုင်ရာလှုပ်ရှားမှုများအထိ လွှမ်းမိုးခဲ့သည်။ ထို့ပြင် အရှိန်ရလာသည့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့် ကိုလိုနီလွတ်မြောက်ရေးဆိုင်ရာလှုပ်ရှားမှုများသည် ကုလသမဂ္ဂ၏ နိုင်ငံရေးခံယူချက်များအပေါ် လွှမ်းမိုးခဲ့သည်။ ကိုလိုနီများ၏ လူမျိုးရေးခွဲခြားမှု ပုံစံများစွာကို ပပျောက်စေခဲ့သော်လည်း အချို့သော ကိုလိုနီခေတ်လွန်နိုင်ငံများတွင် လူမျိုးရေးသဘောပါရှိသည့် ဥပဒေသဘောတရားများကို တွေ့နိုင်ပေသည်။

အကြမ်းမဖက်သော ခုခံမှု

အရပ်ဖက်လူမှုအသိုင်းအဝိုင်းက အထူးသဖြင့် မမျှတသည့် အစိုးရတစ်ရပ်အပေါ် ဆန့်ကျင်ရာတွင် အသုံးပြုသော ဆန္ဒပြရေး ဗျူဟာတစ်ခု။ များသောအားဖြင့် လမ်းများပေါ်၌ လူထုချီတက်ဆန္ဒပြပွဲများ၊ အကြမ်းမဖက် အာဏာဖီဆန်မှုများ ကဲ့သို့ ငြိမ်းချမ်းသော လုပ်ဆောင်ချက်များ ဖြစ်သည်။

ဖြစ်ရပ်လေ့လာခြင်း

အမေရိကန် ပြည်သူ့ရေးရာအခွင့်အရေးများဆိုင်ရာ လှုပ်ရှားမှု

၁၉၀၀ ခုနှစ်များ အစောပိုင်းကာလမှ ၁၉၆၀ ခုနစ်များ အလယ်ပိုင်းကာလအတွင်း ကြီးမားသော လူမှုလှုပ်ရှားမှုတစ်ခုသည် အမေရိကန်တွင်နေထိုင်ကြသည့် အာဖရိကန္နယ်ဖွါး အမေရိကန်များအတွက် တန်းတူညီမျှမှုရရှိရေးယူဆချက်ကို ထောက်ခံခဲ့သည်။ များစွာသော ပြည်နယ်များဌ အာဖရိကန္နယ်ဖွါးအမေရိကန်များသည် မဲပေးခွင့်မရခြင်း၊ ထောက်ပံ့မှု အားနည်းသည့် ကျောင်းများတွင် ခွဲခြားတက်ရောက်စေခြင်း၊ ရဲများ နှင့် ခူး ခလက်စ် ခလန် Klu Klux Klan (KKK) ကဲ့သို့ မျိုးချစ်လူဖြူအုပ်စုများ၏ နှိပ်စက်မှုများ၊ သတ်ဖြတ်မှုများကို ခံစားခဲ့ကြရသည်။ ထို့ကြောင့်ပင် ပြည်သူ့ရေးရာအခွင့်အရေးများဆိုင်ရာလှုပ်ရှားမှုတွင် ထိုင်သပိတ်များ၊ ငြိမ်းချမ်းရေး ချီတက်ဆန္ဒပြခြင်းများအပါအဝင် အကြမ်းမဖက်သည့် ကမ်ပိန်းများကို အသုံးပြုခဲ့ကြသည်။ လှုပ်ရှားမှု၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ Martin Luther King ကြောင့် လှုပ်ရှားမှုသည် လူသိများထင်ရှားခဲ့ပြီး

ငင်း၏ “ကျွန်တော့်မှာ အိပ်မက်တစ်ခု ရှိတယ်” ဆိုသော ကျော်ကြားသည့်ဟောပြောချက်ကို ဝါရှင်တန်မြို့ချီတက်ဆန္ဒပြပွဲတွင် ပြောကြားခဲ့သည်။

၂၁.၂.၄ လူမျိုးရေးခွဲခြားမှုသဘောတရားသည် အဘယ်ကြောင့် မှားယွင်းသနည်း?

ယခုအခန်းတွင် ဖော်ပြထားသည့် လူမျိုးရေးခွဲခြားမှုဆိုင်ရာ သီအိုရီများတွင် ပြဿနာများစွာ ရှိနေပေသည်။ ထိုပြဿနာများကို ဖြေရှင်းခြင်းဖြင့် လူမျိုးရေးဆိုင်ရာ သဘောတရားများ၊ အမြင်များနှင့် တန်ဖိုးများသည် သိပ္ပံနည်းကျသော်လည်းကောင်း၊ လူမှုရေးဆိုင်ရာနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ အရသော်လည်းကောင်း မှန်ကန်မှုမရှိကြောင်းကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပေလိမ့်မည်။ အားလုံးသော မတိကျမရောရာမှုများနှင့် တလွဲမှတ်ယူမှုများကို ဤနေရာတွင် စာရင်းပြု ဖော်ပြသွားနိုင်မည်မဟုတ်သော်လည်း အောက်ပါများသည် ပိုမိုထင်ရှားသည့်အချက်များဖြစ်ကြသည်။

လူမျိုးဟူသည့်စကားသည်ပင်လျှင် အစစ်အမှန်မဟုတ်ပေ - လူမျိုးဆိုသည်မှာ အတုအယောင် အုပ်စုဖွဲ့ခြင်းတစ်မျိုးသာဖြစ်သည်။ အုပ်စုတစ်ခုအတွင်း၌ပင် မတူညီသော အုပ်စုများစွာ ရောစပ်နေထိုင်ကြသည်ဖြစ်ရာ အသားဖြူလူမျိုး၊ တရုတ်လူမျိုး၊ အာဖရိကလူမျိုး၊ အိန္ဒိယလူမျိုး စသည်ဖြင့် မျိုးတူအုပ်စုများသတ်မှတ်ထားခြင်းသည် ယုတ္တိအမှားပေါ် အခြေခံမှုများသာ ဖြစ်သည်။ အမှန်တွင် အုပ်စုအချင်းချင်းအကြားရှိ ကွဲလွဲမှုထက် တိုင်းရင်းသားလူမျိုး အုပ်စုတစ်ခု အတွင်း၌ပင်လျှင် ပိုမိုကွဲလွဲချက်များ ရှိနေတတ်ပေသည်။ လူမျိုးအဖြစ် ခွဲခြားသတ်မှတ်ရာတွင် အသားအရောင်ကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာအသွင်အပြင်လက္ခဏာရပ် သပ်သပ်ကိုသာ တစ်ဖက်သတ် အခြေခံထားသည်။ ထိုသို့ဖြင့် အသားအရောင်သည် တိုင်းရင်းသားလူမျိုးဖြစ်မှုကို ကိုယ်စားပြုခြင်းမဟုတ်ဘဲ နေရောင်ခြည်ထိတွေ့မှု ပမာဏကိုသာ ဖော်ပြသတ်မှတ်ပေးနိုင်ပေမည်ဖြစ်သည်။

လူမျိုးရေးခွဲခြားမှုသည် နိုင်ငံရေးသဘောဖြစ်သည် - ဥရောပတိုက်သားများက ငင်းတို့၏ နယ်ချဲ့ဝါဒ ရည်မှန်းချက်များကို အကြောင်းပြနိုင်ရန် အဆိုပါဝါဒစဉ်ကျမှုများကို ဆင်ခြေ တစ်ရပ်အဖြစ် တီထွင်ခဲ့ခြင်းဖြစ်သည်။ ငင်းတို့အနေဖြင့် မူလနေထိုင်သူများကို အလေးမထားဘဲ တိုင်းပြည်တစ်ခုအား သိမ်းပိုက်ရယူခြင်းသည် ရိုင်းစိုင်းပြီး ဘာသာရေးအရ မလေးစားဖွယ် လုပ်ရပ်ဖြစ်သည်ဟု ထင်မြင်ကြသည့်အတွက် ကျင့်ဝတ်ပိုင်းဆိုင်ရာ ကျိုးကြောင်းပြချက် တစ်ရပ်ကို ဖန်တီးခဲ့ခြင်းဖြစ်သည်။ လူမျိုးကြီးအယူဝါဒဖြင့် ကျိုးကြောင်းပြချက်ပေးလိုက်ခြင်းပင်ဖြစ်သည်။ ဤသို့ဖြင့် လူမျိုးနှင့် လူမျိုးရေးခွဲခြားမှုသဘောဖြင့် အချို့လူမျိုးများအား ကိုလိုနီများ၏ လယ်ယာစိုက်ပျိုးရေးများတွင် အလုပ်လုပ်ကိုင်စေခြင်း၊ ဥရောပ အုပ်ချုပ်ရေးကို လက်ခံစေခြင်းနှင့် ငင်းတို့၏ အရင်းအမြစ်များအား လက်လွှတ်ဆုံးရှုံးရသည့် အဖြစ်ကို ကျိုးကြောင်းမျှတစေခဲ့သည်။ နိုင်ငံရေးအုပ်စုများသည် ငင်းတို့၏နောက်လိုက်များအား အားပေးလှုံ့ဆော်ရန်ဖြစ်စေ၊ မဲပေးသူ

များကို အခြားပြဿနာများထံမှ အာရုံလွဲစေရန်ဖြစ်စေ လူမျိုးရေးဆိုင်ရာ နိုင်ငံရေး သဘောတရား များကို ယနေ့တိုင် အသုံးပြုနေဆဲ ဖြစ်သည်။

ဇီဝဗေဒ သို့မဟုတ် မျိုးရိုးဗီဇတွင် ဘက်လိုက်မှုမရှိပေ- အချို့လူမျိုးများက ကြီးမြတ်သည် သို့မ ဟုတ် ပိုမိုအသိဉာဏ်ရှိသည်ဆိုသော အယူအဆသည် သိပ္ပံ (လက်တွေ့) အပေါ် အခြေခံထားခြင်း မဟုတ်ပေ။ လူတစ်ဦးချင်းစီ၏ စွမ်းဆောင်နိုင်စွမ်းသည် လုံလောက်သော အဟာရ ရရှိမှု၊ ကျန်းမာ ရေးစောင့်ရှောက်မှု၊ သင်ယူရန် အခွင့်အလမ်းများ ရရှိမှုနှင့် ကိုယ်ပိုင် အစွမ်းအစများအား အသုံးချ နိုင်မှု၊ ဘဝလုံခြုံစိတ်ချရမှု စသည့်အချက်များအပေါ်တွင် မှီတည်နေသည်။ အချို့သော နောက်ခံရှိ သည့်လူများအတွက် ထိုအချက်များ ရရှိရန်မှာ လွယ်ကူပြီး ရာထူးအာဏာများ ရရှိစေနိုင်သော် လည်း အခြားသူများအတွက်မူ အခြေခံကျသော လိုအပ်ချက်များ ရရှိနိုင်ရေးအတွက်ကိုပင် ကြိုးစားရုန်းကန်နေရပေသည်။ တနည်းအားဖြင့် လူမျိုးကြီးဝါဒ သီအိုရီများ အကြံပြုထားသကဲ့သို့ မျိုးရိုးဗီဇချည်းသက်သက်ဖြင့် လူတစ်ဦးအား ဉာဏ်ရည်ဉာဏ်သွေးမြင့်မားအောင် လုပ်ပေးနိုင် ခြင်း မရှိပေ။

သမိုင်းဒဏ္ဍာရီပုံပြင်များဖြစ်သည် - ယဉ်ကျေးမှုများ၏ ဝါစဉ်ကျမှု၊ လူသားသန့်ဗေဒ နှင့် တိုင်းရင်း သားလူမျိုးဆိုင်ရာ သီအိုရီများတွင် ဇာတိဇာစ်မြစ်အကြောင်း ဒဏ္ဍာရီပုံပြင်များ ပါဝင်လေ့ရှိသည်။ ဥပမာအားဖြင့် နာဇီအားယန်းလူမျိုးတို့၏ ဒဏ္ဍာရီအရ နော့ဒစ်လူမျိုးများသည် အတ္တလန်တစ် (Atlantis) ဆိုသည့် ဒဏ္ဍာရီတိုင်းပြည်တစ်ခုမှ ဆင်းသက်လာသည်ဟု ယူဆထားသည်။ အလား တူပင် အရှေ့တောင်အာရှနိုင်ငံများတွင်လည်း နိုင်ငံတစ်ခုအတွင်း မူလအစပြုနေထိုင်ခဲ့သည့် လူမျိုးများအား နောက်ကြောင်းပြန်ခြေရာကောက်ကြည့်သည့်အခါ သီးခြား လူအုပ်စုများကို ဖော်ထုတ်တွေ့ရပြီး ထိုသူများသာလျှင် တိုင်းပြည်ကို ပိုင်ဆိုင်သင့်ကြောင်း ယူဆလက်ခံထား ကြပေသည်။ သို့သော် ဘိုးဘေးမျိုးရိုးသည် အများစုသော လူမျိုးရေးဆိုင်ရာသီအိုရီများ ယူဆ လက်ခံထားသကဲ့သို့ လူအုပ်စုတစ်ခုတည်းနှင့် ဆက်စပ်သည်မဟုတ်ဘဲ မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးများစွာနှင့် ယှဉ်တွဲရောစပ်နေလေ့ ရှိပေသည်။ သို့ဖြစ်၍ ထိုသို့ယူဆထားသည့် သမိုင်းကြောင်းအများစုသည် သိပ္ပံနည်းကျ အချက်များအပေါ် အခြေတည်ထားခြင်းမဟုတ်ပေ။ တစ်ချိန်တည်းမှာပင် ယနေ့ခေတ် ရှင်သန်နေသူအားလုံးသည် အာဖရိကမှ မူလအခြေပြု ဆင်းသက်ပေါ်ပေါက်ခဲ့သည်ဆိုသည့် အချက်ကိုလည်း သတိပြုရမည် ဖြစ်သည်။

၂၁.၃ လူမျိုးရေးအရ ခွဲခြားဆက်ဆံမှု ပုံသဏ္ဌာန်အလုံးစုံ ပပျောက်ရေး ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်

၂၁.၃.၁ ICERD ကို မူကြမ်းရေးဆွဲခြင်းနှင့် ချမှတ်ခြင်း

ICERD ကို ပထမဦးစွာ ဆွေးနွေးလိုက်သည့် ၁၉၆၀ ခုနှစ်များတွင် ကုလသမဂ္ဂရှိ လူ့အခွင့်အရေး ဆိုင်ရာဆွေးနွေးမှုများသည် မတိုးသာမဆုတ်သာ အခြေအနေသို့ ရောက်နေချိန်ဖြစ်သည်။ သဘောတူစာချုပ်နှစ်ခုရေးဆွဲလျက် UDHR အား ဥပဒေအရ စည်းနှောင်မှုရှိသည့် စာချုပ်စာတမ်း ဖြစ်စေမည့် ကတိကဝတ်အပေါ် နှစ်ပေါင်း ၂၀ ကြာမြင့်သည့်တိုင် အချေအတင် ငြင်းခုံဆွေးနွေးခဲ့ကြပြီး တိုးတက်မှု အနည်းငယ်သာရှိခဲ့သည်။ အချို့သော ဖွံ့ဖြိုးဆဲနိုင်ငံများ အထူးသဖြင့် အာဖရိကနှင့် အာရှနိုင်ငံများသည် လူ့အခွင့်အရေးအကြောင်း အဓိက ဆွေးနွေးခဲ့သည့် နိုင်ငံများဖြစ်ကြသည်။ ၎င်းတို့သည် သီးခြားအခွင့်အရေး အုပ်စုများအပေါ် တွင်သာ အဓိကထား ဦးတည်ခဲ့ကြပြီး အထူးသဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့် လူမျိုးရေး ခွဲခြားမှုဆိုင်ရာ အရေးများဖြစ်ခဲ့သည်။ ၁၉၆၀ နှစ်များတွင် ကုလသမဂ္ဂ အထွေထွေညီလာခံ (UNGA) သည် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ရန်အစီအစဉ်များစွာကို ချမှတ်နိုင်ခဲ့ပြီး ဥပမာ ၁၉၆၀ ခုနှစ်တွင် ချမှတ်ခဲ့သည့် ကိုလိုနီနိုင်ငံများနှင့် ပြည်သူများအား လွတ်လပ်ရေး ပေးအပ်ရေး ကြေညာချက်၊ ၁၉၆၁ ခုနှစ်တွင် တည်ထောင်လိုက်သည့် ကိုလိုနီလွတ်မြောက်ရေးဆိုင်ရာ အထူးကော်မတီများဖြစ်ကြသည်။ နိုင်ငံများ၏ ကိုလိုနီလွတ်မြောက်ရေးအတွက် လုပ်ဆောင်ရမည့် ဆောင်ရွက်ရန်အစီအစဉ်တွင် လူမျိုးရေးခွဲခြားမှုကို ထည့်သွင်းသဘောတူခဲ့ပြီး အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် တစ်ရပ် ရေးဆွဲချမှတ်ရန် တာဝန်များ သတ်မှတ်ထားရှိခဲ့ကြသည်။ ရလာဒ်အနေဖြင့် ၁၉၆၅ ခုနှစ်တွင် ICERD ကို ချမှတ်နိုင်ခဲ့သည်။

ICERD ၏ ပထမဦးဆုံးသော လူ့အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်ဖြစ်လာရခြင်း အကြောင်းမှာ ကုလသမဂ္ဂအထွေထွေညီလာခံ၏ နိုင်ငံရေးအခင်းအကျင်းပြောင်းလဲလာမှုနှင့် အဓိကဆက်စပ်နေသည်။ ကိုလိုနီလွတ်မြောက်လာသည့် နိုင်ငံများသည် ၎င်းတို့သမိုင်းတွင် လူမျိုးရေးခွဲခြားမှုကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြသဖြင့် ထိုကဲ့သို့အခွင့်အရေးများ ချိုးဖောက်ခံရသည့် အဖြစ်ကို ဖယ်ရှားပပျောက်စေလိုခဲ့ကြသည်။ ၁၉၆၀ ခုနှစ်များကာလ၌ ကုလသမဂ္ဂ အထွေထွေ ညီလာခံရှိ အဖွဲ့ဝင်နိုင်ငံများ၏ အရေအတွက်ထက်ဝက်နီးပါးသည် လတ်တလောကာလ၌ ကိုလိုနီလွတ်မြောက်လာသည့် နိုင်ငံများဖြစ်ကြသည် (အဖွဲ့ဝင်နိုင်ငံ ၁၁၃ နိုင်ငံအကြား ၅၂ နိုင်ငံသည် အာဖရိကနှင့် အာရှနိုင်ငံများ ဖြစ်သည်)။ ထို့ပြင် ဥရောပတွင် ဂျူးမုန်းတီးရေး ဝါဒနှင့် ပတ်သက်ပြီး စိုးရိမ်မှုများမြင့်တက်လာခြင်း၊ အမေရိကန်တွင် အာဖရိကန္နယ်ဖွါး အမေရိကန်များအတွက် အခွင့်အရေးများတောင်းဆိုသည့် ပြည်သူ့ရေးရာအခွင့်အရေးများဆိုင်ရာလှုပ်ရှားမှု၊ တောင်အာဖရိကရှိ အသားအရောင်ခွဲခြားသည့်စနစ်အပေါ် အပြင်းအထန် ရှုံ့ချခြင်း စသည်တို့နှင့် အတူ လူမျိုးရေးခွဲခြားမှုပပျောက်ရေးသည် ကမ္ဘာလုံးဆိုင်ရာ စိတ်ဝင်စားမှုတစ်ရပ်အဖြစ် အလျင်အမြန်

ရောက်ရှိလာခဲ့သည်။ လူမျိုးရေးခွဲခြားမှုကို တစ်ကမ္ဘာလုံး အတိုင်းအတာအရ တစ်စုတစ်စည်း တည်း တုန့်ပြန်ဖြေရှင်းရန် လိုအပ်ကြောင်း ထိုဖြစ်ရပ်များက ပေါင်းစုံဖော်ပြလိုက်ခြင်းဖြစ်သည်။

နှစ်ပေါင်း ၂၀ ကြာ မတိုးသာမဆုတ်သာအနေအထားဖြင့် ရှုပ်ထွေးနေသည့် UDHR နှင့် ၎င်း၏ သဘောတူစာချုပ်နှစ်ရပ်အပေါ်တွင် ICERD သည် အကျိုးသက်ရောက်မှုအချို့ ရှိစေခဲ့သည်။ လူမျိုးရေးခွဲခြားမှုအား စစ်အေးကာလပြဿနာတစ်ရပ်အဖြစ် မသတ်မှတ်ခဲ့ကြပေ။ အမေရိကန်သည် မူလက ၎င်း၏ ပြည်သူရေးရာအခွင့်အရေးလှုပ်ရှားမှုများကြောင့် လူမျိုးရေး ခွဲခြားမှု ဆန့်ကျင်ရေးအပေါ် ထောက်ခံရေးကို သတိထားနေခဲ့သော်လည်း ၁၉၆၅ ခုနှစ်၊ မတ်လတွင် သမ္မတ Lyndon Johnson ပြောကြားခဲ့သည့် တယ်လီဗီးရှင်း မိန့်ခွန်းတစ်ခုကြောင့် လမ်းကြောင်းမှာ ပြောင်းလဲခဲ့သည်။ ထိုမိန့်ခွန်းတွင် အာဖရိကန္နယ်ဖွါး အမေရိကန်များအား လူသားများ အဖြစ် အသိအမှတ်ပြုပြီး မဲပေးခွင့်များရှိစေရေးကို အားပေးထောက်ခံကြောင်း ဖော်ပြသွားခဲ့သည်။ ဆိုဗီယက်သည်လည်း အမေရိကန်တို့၏ လူမျိုးရေးခွဲခြားမှု ရာဇဝင်ကို ဝေဖန်သည့်သဘောဖြင့် လူမျိုးရေးခွဲခြားမှုပပျောက်ရေးကိစ္စအပေါ် ကာလရှည်ကြာ ထောက်ခံခဲ့သည်။ ကုလသမဂ္ဂ အတွင်း ဖိလစ်ပိုင်နှင့် ဂါနာနိုင်ငံများသည် သဘောတူစာချုပ်အပေါ် အလေးအနက် ထောက်ခံသူများဖြစ်ကြပြီး စောင့်ကြည့်ရေးယန္တရားတစ်ခု ပေါ်ပေါက်ရေးကိုလည်း အားပေးခဲ့ကြသည်။ ရလာဒ်အနေဖြင့် သဘောတူစာချုပ်ကို ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ တညီတညွတ်တည်း သဘောတူ ချမှတ်နိုင်ခဲ့သည်။ သဘောတူစာချုပ်သည် လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များနှင့် ပတ်သက်ပြီး ရင်ဆိုင်နေရသည့် ကုလသမဂ္ဂ၏ အကျပ်အတည်းကို ရှင်းပေးလိုက်နိုင်ခြင်းကြောင့် အလွန်အရေးပါလှသည်။ စာချုပ်ထွက်ပေါ်လာပြီး တစ်နှစ်အကြာတွင် ICCPR နှင့် ICESCR ကို ကုလသမဂ္ဂအထွေထွေညီလာခံက ချမှတ်ခဲ့ပြီး ICCPR အတွက် သဘောတူစာချုပ်ဆိုင်ရာ စောင့်ကြည့်ရေးယန္တရားတစ်ခုကိုလည်း ICERD နှင့်အလားတူ ပင် ချမှတ်ခဲ့သည်။

၂၁.၃.၂ လူမျိုးရေးအရ ခွဲခြားဆက်ဆံမှုပုံသဏ္ဌာန် အလုံးစုံပပျောက်ရေး ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်

ICERD အား ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ချမှတ်ခဲ့ပြီး ၁၉၆၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အာဏာသက်ဝင်ခဲ့သည်။ ကမ္ဘာတစ်လွှား အတည်ပြု လက်မှတ်ရေးထိုးထားသည့် နိုင်ငံပေါင်း ၁၈၂ ခုရှိပြီး နိုင်ငံ (၁၂) ခုသာလျှင် အတည်ပြု လက်မှတ် ရေးထိုးထားခြင်းမရှိပေ၊ ထိုအထဲတွင် အရှေ့တောင်အာရှမှ နိုင်ငံ ၃ ခု ပါဝင်သည် (အောက်ပါ ဇယား ၁ တွင် ကြည့်ပါ)။ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားသည် သဘောတူစာချုပ် ထွက်ပေါ်လာပြီး များမကြာမီတွင် လက်မှတ်ရေးထိုးခဲ့ကြပြီး ဖိလစ်ပိုင်နိုင်ငံသည် ၂၀၁၇ တွင် ဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့သည်။

ဇယား ၂၁.၁. လူမျိုးရေးအရ ခွဲခြားဆက်ဆံမှုပုံသဏ္ဌာန် အလုံးစုံ ပပျောက်ရေး ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် - အတည်ပြုလက်မှတ်ရေးထိုးခြင်း (၂၀၁၉ ခုနှစ် အရ)

နိုင်ငံ	အတည်ပြုလက်မှတ်ရေးထိုးခြင်း
ဘရူနိုင်းဒါရုစလင်	ဆောင်ရွက်မှု မရှိ။
ကမ္ဘောဒီးယား	လက်မှတ်ရေးထိုးခြင်း - ၁၉၆၆၊ အတည်ပြုလက်မှတ်ရေးထိုးခြင်း/ နောက်တိုးပါဝင်ခြင်း - ၁၉၈၁
အင်ဒိုနီးရှား	အတည်ပြုလက်မှတ်ရေးထိုးခြင်း/နောက်တိုးပါဝင်ခြင်း- ၁၉၉၉
လာအို PDR	အတည်ပြုလက်မှတ်ရေးထိုးခြင်း/နောက်တိုးပါဝင်ခြင်း- ၁၉၇၄
မလေးရှား	ဆောက်ရွက်မှု မရှိ။
မြန်မာ	ဆောက်ရွက်မှု မရှိ။
ဖိလစ်ပိုင်	လက်မှတ်ရေးထိုးခြင်း - ၁၉၆၆၊ အတည်ပြုလက်မှတ်ရေးထိုးခြင်း/ နောက်တိုးပါဝင်ခြင်း - ၁၉၆၇
စင်္ကာပူ	လက်မှတ်ရေးထိုးခြင်း - ၂၀၁၅၊ အတည်ပြုလက်မှတ်ရေးထိုးခြင်း/ နောက်တိုးပါဝင်ခြင်း - ၂၀၁၇
ထိုင်း	အတည်ပြုလက်မှတ်ရေးထိုးခြင်း/နောက်တိုးပါဝင်ခြင်း- ၂၀၀၃
တီမောလက်စ်တ်	အတည်ပြုလက်မှတ်ရေးထိုးခြင်း/နောက်တိုးပါဝင်ခြင်း- ၂၀၀၃
ဗီယက်နမ်	အတည်ပြုလက်မှတ်ရေးထိုးခြင်း/နောက်တိုးပါဝင်ခြင်း- ၁၉၈၂

ICERD သည် အတိုချုပ်ရေးဆွဲပြဋ္ဌာန်းထားသည့် စာချုပ်တစ်ရပ်ဖြစ်သည်။ အပိုင်း ၁ တွင် အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများအကြောင်းကို အပိုဒ်ပေါင်း ၇ ပိုဒ်ဖြင့် ရေးသားထားပြီး လူမျိုးရေးခွဲခြားဆက်ဆံမှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်၊ နိုင်ငံ၏ တာဝန်ဝတ္တရားများအပေါ် ရှင်းလင်းချက်နှင့် ခွဲခြားမှုမရှိဘဲ လူတိုင်းအတွက် ရရှိခံစားနိုင်ရမည့် ပြည်သူ့ရေးရာ၊ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများအကြောင်း ဖော်ပြထားသည်။ သဘောတူစာချုပ်၏ ဦးတည်ချက်သည် လူမျိုးရေးခွဲခြားမှုပပျောက်ရေးဖြစ်ခြင်းကြောင့် လူမျိုးရေးခွဲခြားမှုဆိုသည်ကို အဓိပ္ပါယ်

ဖွင့်ဆိုပြီး နိုင်ငံ၏ တာဝန်ဝတ္တရားများကို ဖော်ပြသတ်မှတ်ထားသည်၊ ထို့ပြင် ရွှေ့ပြောင်းသွားလာရေး၊ နိုင်ငံသားဖြစ်မှု၊ လက်ထပ် ထိမ်းမြားရေး၊ အမွေဆက်ခံရေး၊ အိမ်ရာရရှိရေး၊ အသင်းအဖွဲ့များတွင် ပါဝင်ရေး၊ ကျန်းမာရေး အပါအဝင် လူမျိုးရေးခွဲခြားမှုပပျောက်ရန် လုပ်ဆောင်ရမည့်နယ်ပယ်များကို စာရင်းပြု ဖော်ပြထားသည်။ အပိုင်း ၂ တွင် သဘောတူစာချုပ်ကို စီမံခန့်ခွဲမည့် အဖွဲ့တစ်ခုအကြောင်း ဖော်ပြထားပြီး ၎င်းကို လာမည့် အပိုဒ် ၂၁.၅ တွင် အသေးစိတ် ဖော်ပြထားသည်။ ၎င်းအပိုင်းသည် ပထမဦးဆုံးသော လူ့အခွင့်အရေးသဘာတူစာချုပ်အဖွဲ့တစ်ခုဖွဲ့စည်း ပေါ်ပေါက်စေသည့်အတွက် ထူးခြားပြီးလျှင် အခြားသော သဘောတူစာချုပ်များသည်လည်း ၎င်းပုံစံ အတိုင်းပင် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။

အလေးထားစရာ

ICERD အကျဉ်းချုပ်

အပိုဒ် ၁ လူမျိုးရေးခွဲခြားမှုကို အဓိပ္ပါယ်ဖွင့်ဆိုထားပြီး အချို့သောအုပ်စုများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက်၊ သို့မဟုတ် နိုင်ငံသားများနှင့် နိုင်ငံသားမဟုတ်သူများအကြား ခွဲခြားနိုင်ရေးအတွက် နည်းလမ်းများအသုံးပြုခြင်းတွင် သဘောတူစာချုပ်သည် သက်ရောက်မှုမရှိကြောင်း ဖော်ပြထားသည်။

အပိုဒ် ၂ လူမျိုးရေးခွဲခြားမှုကိုပပျောက်စေသည့် နည်းလမ်းများကို ဖော်ပြထားပြီး လူမျိုးရေးခွဲခြားမှုကို ထောက်ပံ့ခြင်းမပြုရေး၊ ဥပဒေများကို ပြန်လည်သုံးသပ်ရေး၊ အုပ်စု အသီးသီးအကြားရှိ အတားအဆီးများ ပပျောက်စေရေးတို့ ပါဝင်သည်။

အပိုဒ် ၃ အသားအရောင်ခွဲခြားမှုနှင့် လူမျိုးရေးခွဲခြားမှုများကို ပြစ်တင်ရှုတ်ချသည်။

အပိုဒ် ၄ လူမျိုးကြီးဝါဒအကြောင်း ဝါဒဖြန့်မှုများအား ပြစ်တင်ရှုတ်ချပြီး ဥပဒေအရ အပြစ်ပေးနိုင်ရေး နှင့် ၎င်းကို ထောက်ခံသည့် အုပ်စုများကိုလည်း ဥပဒေနှင့် ဆန့်ကျင်ကြောင်း သတ်မှတ်ထားသည်။

အပိုဒ် ၅ ဥပဒေများ၊ မူဝါဒများ၊ လက်ထပ်ထိမ်းမြားရေး၊ နိုင်ငံသားဖြစ်မှု၊ အလုပ်အကိုင်၊ အိမ်ရာ၊ ပညာရေး၊ ယဉ်ကျေးမှုစသည့် နယ်ပယ်များတွင် လူမျိုးရေးခွဲခြားမှုများ ပပျောက်စေရမည်။

အပိုဒ် ၆ ခွဲခြားဆက်ဆံခြင်းခံရသူများအတွက် တရားမျှတမှုရရှိစေရေး သေချာစေရမည်။

အပိုဒ် ၇ ဘက်လိုက်ပြီး အခြေအမြစ်မရှိလက်ခံထားသည့် အစွဲအလန်းများအား တိုက်ဖျက်နိုင်ရန် ပညာရေးဖြင့် အရေးဆိုစည်းရုံးရမည်။

၂၁.၃.၃ ICERD တွင် ပါရှိသည့် လူမျိုးရေးခွဲခြားဆက်ဆံမှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

ICERD ၏ အဓိကရလာဒ်တစ်ခုမှာ လူမျိုးရေးခွဲခြားဆက်ဆံမှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက် ရှိလာခြင်း ဖြစ်သည်။ အပိုဒ် ၁ အရ လူမျိုးရေးခွဲခြားဆက်ဆံမှုကို အောက်ပါအတိုင်း ဆိုလိုသည် -

> *နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် အများပြည်သူဆိုင်ရာ အခြား နယ်ပယ်တစ်ရပ်ရပ်တွင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို တန်းတူညီမျှစွာ အသိအမှတ်ပြုခြင်း၊ အကျိုးခံစားခြင်း သို့မဟုတ် ကျင့်သုံးခြင်းတို့အား ထိခိုက်စေသည့် သို့မဟုတ် ပျက်စီးစေသည့် အကျိုးသက်ရောက်မှု သို့မဟုတ် ထိုသို့ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် လူမျိုး၊ အသားအရောင်၊ မျိုးနွယ်၊ နိုင်ငံသားနှင့် လူမျိုးဇာတိအပေါ် အခြေပြုသည့် ခွဲခြားခြင်း၊ ဖယ်ထုတ်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ဦးစားပေးခြင်း တစ်ရပ်ရပ်။*

လူမျိုးရေးခွဲခြားမှုအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် အပိုင်း ၃ ပိုင်း ပါရှိသည်။

ပထမအပိုင်းတွင် ခွဲခြားခြင်း၊ ဖယ်ထုတ်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ဦးစားပေးခြင်း စသည့် မတူကွဲပြားစွာဆက်ဆံခြင်း ဖြစ်သည်။ ခွဲခြားခြင်းဆိုသည်မှာ လူများအား ၎င်းတို့၏ လူမျိုးဖြစ်မှုကြောင့် မတူကွဲပြားစွာ ဆက်ဆံသည့်လုပ်ရပ်များ သို့မဟုတ် ကျင့်သုံးပုံများကို ဆိုလိုပြီး ဥပမာ- အမေရိကန်၏ ခွဲခြားမှုဥပဒေများအရ လူမည်းများအား ဘတ်စ်ကား၏ ရှေ့ဆုံးထိုင်ခုံများတွင် ထိုင်ခွင့်မပြုခြင်းကဲ့သို့ ဖြစ်သည်။ ဖယ်ထုတ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းဆိုသည်မှာ အချို့ လူမျိုးများအား ၎င်းတို့၏လူမျိုး ဖြစ်မှုကြောင့် ဝန်ဆောင်မှုများ၊ လွတ်လပ်ခွင့်များ ရရှိစေရန် ငြင်းပယ်သည့် ကိစ္စများဖြစ်ပြီး ဥပမာ- ပညာသင်ကြားခြင်း၊ ယာဉ်မောင်းလိုင်စင် လျှောက်ထားခြင်း၊ မိမိစိတ်ကြိုက် ရွေးချယ် လက်ထပ်နိုင်ခြင်းများကို ငြင်းပယ်ထားခြင်းများ ဖြစ်သည်။ ဦးစားပေးခြင်း ဆိုသည်မှာ လူမျိုးတစ်ခုခုအား ဥပမာ- ပညာသင်ဆုများ၊ နိုင်ငံကူးလက်မှတ်များ ကဲ့သို့ ဝန်ဆောင်မှုများတွင် ပိုမိုလွယ်ကူစွာ ရရှိစေခြင်းဖြစ်သည်။

ဒုတိယအပိုင်းသည်လူမျိုးအပေါ်အခြေပြုပြီးလျှင် မတူကွဲပြားစွာဆက်ဆံခြင်း ဖြစ်သည်။ အသားအရောင်၊ မျိုးနွယ်၊ နိုင်ငံသား၊ လူမျိုးစု စသည့် အလားတူ အမျိုးအစားများ အလိုက် ခွဲခြားဆက်ဆံခြင်းဖြစ်သည်။ ထိုကဲ့သို့ ခွဲခြားမှုများတွင် အသားအရောင်အပေါ် အခြေပြုခြင်း သာမက လူတစ်ဦး၏ မွေးရာပါလက္ခဏာသတ်မှတ်ချက်များအပေါ် အခြေပြုသည့် ခွဲခြားခြင်းသည်လည်း အကျုံးဝင်ပေသည်။ ဥပမာအားဖြင့် ခမာလူမျိုး သို့မဟုတ် တရုတ်လူမျိုး ဖြစ်ခြင်းသည် ခွဲခြားဆက်ဆံခြင်း၏ အခြေခံအကြောင်းရင်း ဖြစ်နေသည့် ကိစ္စမျိုးဖြစ်သည်။

နောက်ဆုံးအပိုင်းအဖြစ် ထိုကဲ့သို့ မတူကွဲပြားစွာ ဆက်ဆံခြင်း၏ အကျိုးသက်ရောက်မှု သို့မဟုတ် ရည်ရွယ်ချက်သည် လူ့အခွင့်အရေးကို အခြားသူများနှင့် တန်းတူအသိအမှတ်

ပြုခြင်း သို့မဟုတ် ရရှိခံစားစေခြင်းအပေါ် ထိခိုက်စေခြင်း သို့မဟုတ် ပျက်စီးစေခြင်း ဖြစ်သည်။ 'ရည်ရွယ်ချက်' ဆိုရာတွင် ဥပဒေတစ်ရပ် သို့မဟုတ် ကျင့်သုံးပုံတစ်ခု၏ ရည်ရွယ်ချက်သည် ခွဲခြားဆက်ဆံခြင်းကို ဆိုလိုသည်။ ထို့ကြောင့် နိုင်ငံသားဖြစ်မှု ဥပဒေအရ အုပ်စုတစ်ခုအား နိုင်ငံသားအဖြစ်လျှောက်ထားခြင်းမှ ဖယ်ထုတ်ထားခြင်းသည် တိုက်ရိုက်ခွဲခြား ဆက်ဆံခြင်း၏ ဥပမာတစ်ခုဖြစ်သည်။ ထိုသို့ ခွဲခြားဆက်ဆံခြင်း၏ ရည်ရွယ်ချက်သည် တမင်တကာ ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ရိုက်ခွဲခြားခြင်းဖြစ်သည်။ သို့သော် တိုက်ရိုက်မဟုတ်သော သွယ်ဝိုက်ခွဲခြားဆက်ဆံခြင်းပုံစံများလည်း ရှိနိုင်ပြီး ဥပမာအားဖြင့် မြို့တစ်မြို့တွင် တန်ဖိုးမျှတအိမ်ရာများ ဆောက်လုပ်ခြင်းကို တားမြစ်ထားခြင်းမျိုးဖြစ်သည်။ ထိုသို့ သတ်မှတ်လိုက်ခြင်းသည် လူမျိုးရေးနှင့် တိုက်ရိုက်သက်ဆိုင်မှု နည်းပါးသည်ဟု ထင်ရပေလိမ့်မည်၊ သို့သော် အဆိုပါ တန်ဖိုးမျှတအိမ်ရာများတွင် နေထိုင်သူအများစုသည် သီးခြားလူမျိုးစုတစ်ခုခု ဖြစ်ခဲ့ပါလျှင် အကျိုးဆက်အနေဖြင့် ၎င်းတို့၏ လူမျိုးဖြစ်မှုကြောင့် မြို့အတွင်း နေထိုင်ခြင်းကို တားမြစ်လိုက်သည့်အဖြစ်မျိုး ရောက်သွားစေနိုင်ပေမည်။ 'အကျိုးသက်ရောက်မှု' ဆိုရာတွင် ဥပဒေများ၊ မူဝါဒများသည် ကြားနေသဘော၊ ဘက်မလိုက်သည့်သဘောဖြင့် ပြဋ္ဌာန်း ရေးဆွဲထားသော်လည်း ၎င်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါတွင် ခွဲခြားဆက်ဆံမှုများ ဖြစ်ပေါ်သက်ရောက်သွားခြင်း ဖြစ်သည်။ ဥပမာအနေဖြင့် ၁၉၈၇ ခုနှစ်တွင် စက််ပူအစိုးရက ချမှတ်လိုက်သည့် "ကလေး ၃ ဦး ယူနိုင်သည်၊ ကျွေးမွေးနိုင်ပါက ပိုယူနိုင်သည်" ဆိုသည့် လူဦးရေဆိုင်ရာ မူဝါဒသည် လူမျိုးအပေါ် သို့မဟုတ် တိုင်းရင်းသားဖြစ်မှုအပေါ် အခြေပြုပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ အတိအလင်း ထောက်ပံ့ခြင်းသိမဟုတ် ဖယ်ထုတ်ခြင်းမျိုး မပါရှိခဲ့ပေ။ သို့ရာတွင် ချမှတ်လိုက်သော မူဝါဒသည် လူငယ်ဘွဲ့ရများအပေါ် ဦးတည်ထားခြင်းဖြစ်ရာ ထိုအချိန်တွင် တက္ကသိုလ်တက်ရောက်နေသူ အများစုသည် တရုတ်လူမျိုးများဖြစ်ကြသဖြင့် တရုတ်လူမျိုးများအပေါ် အဓိက အကျိုးအမြတ်ဖြစ်စေခဲ့သည့် မူဝါဒဖြစ်ကြောင်း ချေပပြောဆိုခဲ့ကြသည်။ ထို့ကြောင့် မူဝါဒသည် လူမျိုးတစ်ခုအပေါ် ဦးစားပေးသည့် အကျိုးဆက်ဖြစ်စေခဲ့ပြီးလျှင် အခြားသော မလေးလူမျိုးများနှင့် အိန္ဒိယလူမျိုးများအပေါ် တိုက်ရိုက်မဟုတ်သည့် ခွဲခြားဆက်ဆံခြင်းသဘော သက်ရောက်မှုများရှိခဲ့ပေသည်။

ယနေ့ခေတ်တိုက်ရိုက်ခွဲခြားဆက်ဆံမှုများသည် ယခင်နှစ်ပေါင်းများစွာက ပုံစံများနှင့် မတူညီတော့ပေ၊ ICERD အား ကမ္ဘာလုံးဆိုင်ရာ လက်ခံလာမှုကြောင့် ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။ အရှေ့တောင်အာရှနိုင်ငံအများစုတွင် လူမျိုးရေးခွဲခြားဆက်ဆံမှု ဆန့်ကျင် တားဆီးရေးဆိုင်ရာ ဥပဒေများ (ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းလေ့ ရှိကြသည်) ပြဋ္ဌာန်းထားရှိကြပြီး လူမျိုးရေးခွဲခြားသည့် အမြင်များကိုလည်း လူသိရှင်ကြား ထောက်ခံခြင်းမျိုး မရှိပေ။ သို့ရာတွင် နိုင်ငံများအနေဖြင့် လူမျိုးစု သို့မဟုတ် မျိုးရိုးဇာတိ national origin ဖြစ်မှုအပေါ် အခြေပြုထားသည့် ဆုံးဖြတ်ချက်များ ချမှတ်နေဆဲပင် ဖြစ်သည်၊ ဥပမာအားဖြင့်

လူဝင်မှုကြီးကြပ်ရေးနှင့် မိသားစုဥပဒေများတွင် ထိုကဲ့သို့ အဖြစ်အပျက်များကို တွေ့နိုင်ပြီး လူ့အခွင့်အရေးကို လူတိုင်း ရရှိခံစားနိုင်မှု မရှိခြင်းများ ဖြစ်လာစေသည်။ ထိုကဲ့သို့ ဥပဒေများအပြင် တိုက်ရိုက်မဟုတ်သော ခွဲခြားဆက်ဆံမှုများ တားဆီးနိုင်ရေးအတွက် လူမျိုးရေး ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ စိန်ခေါ်ချက် များကိုလည်း ပိုမိုတွေ့ရတတ်ပေသည်။ တိုက်ရိုက်မဟုတ်သော သွယ်ဝိုက် ခွဲခြားဆက်ဆံမှုများသည် အချို့သော ကျင့်သုံးပုံများနှင့် အတူ သဘောထားအမြင်များ သို့မဟုတ် ဥပဒေကို သီးခြားအနက်အဓိပ္ပါယ် ဖွင့်ဆိုခြင်းများကြောင့် ပေါ်ပေါက်ရလာခြင်း ဖြစ်သည်။ ဥပမာအနေဖြင့် အိမ်ပိုင်ရှင်များသည် ၎င်းတို့ပိုင်သည့် အဆောက်အအုံနှင့် ဥပစာကို အခြားလူမျိုးတစ်ခုမှ လူများအား ငှားရမ်းရန် တွန့်ဆုတ်နေလိမ့်မည်ဖြစ်သည်၊ သို့မဟုတ် လူမျိုးတစ်ခုမှ လူများအတွက် အချို့သော အလုပ်အကိုင်များ ရရှိရန်မှာ ခက်ခဲနေခြင်းမျိုးဖြစ်နိုင်သည်။ ထိုကဲ့သို့ဖြစ်ရပ်များသည် လူ့အဖွဲ့အစည်းတစ်ခုလုံးက အခြေအမြစ်မရှိလက်ခံထားသည့် အစွဲအလန်းများ၊ ဘက်လိုက်မှုများ၊ ရှေးရိုးစွဲ အယူအဆများကြောင့် ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ထိုသို့သော သဘောထားအမြင်များ၊ ခံယူချက်များကို ရှေးဦးစွာ ပြောင်းလဲရမည်ဖြစ်သဖြင့် တိုက်ရိုက်မဟုတ်သော သွယ်ဝိုက်ခွဲခြားဆက်ဆံခြင်းများ ပပျောက်နိုင်ရေးမှာ ခက်ခဲနေရခြင်းဖြစ်သည်။

၂၁.၃.၄ လူမျိုးရေးခွဲခြားမှုအပေါ် ခြွင်းချက်များ - နိုင်ငံသားဖြစ်မှုနှင့် ကိုးကွယ်ယုံကြည်မှု

လူမျိုးရေးခွဲခြားဆက်ဆံမှုပပျောက်ရေး တိုက်ဖျက်ရာတွင် အခက်အခဲရင်ဆိုင်တွေ့ကြုံရသည့် နယ်ပယ်ရပ်နှစ်ခုမှာ နိုင်ငံသားဖြစ်မှု နှင့် ကိုးကွယ်ယုံကြည်မှု ဖြစ်သည်။ အပိုဒ် ၁ (၂) တွင် သဘောတူစာချုပ်သည် နိုင်ငံသားနှင့် နိုင်ငံသားမဟုတ်သူများအကြား မတူညီသည့် ဆက်ဆံမှုများအပေါ် ကျင့်သုံးသက်ဆိုင်ခြင်းမရှိကြောင်း ဖော်ပြထားသည်။ ထို အကြောင်းကို ကော်မတီသည် ၎င်း၏ အထွေထွေမှတ်ချက် အမှတ် ၃၀ (၂၀၀၅) တွင် သဘောတူစာချုပ်သည် နိုင်ငံသားမဟုတ်သူများအတွက် အမှန်ပင် ကျင့်သုံးသက်ဆိုင်ကြောင်း၊ အထူးသဖြင့် အပိုဒ် ၅ တွင် အခွင့်အရေးများကို အသေးစိတ် စာရင်းပြုဖော်ပြထားကြောင်းကို ထပ်မံရှင်းလင်းခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် လူမျိုးရေးခွဲခြားမှု၊ လူမျိုးရေးအရ ခွဲခြားဆက်ဆံမှု၊ သူစိမ်းကြောက်ရွံ့မုန်းတီးစိတ် (Xenophobia) နှင့်အတူ ဆက်စပ်သည့် သဘောထားသေးသိမ်မှုများဆန့်ကျင်ရေးဆိုင်ရာကမ္ဘာလုံးဆိုင်ရာညီလာခံ၌ ဒါဘန်ကြေညာစာတမ်း Durban Declaration (အောက်ပါ အပိုင်း ၂၁.၅.၂ တွင် ဆွေးနွေးထားသည်) ကို ချမှတ်ခဲ့ပြီး ရွှေ့ပြောင်းအလုပ်သမားများ၊ ဒုက္ခသည်များနှင့် နိုင်ငံရေးခိုလှုံခွင့် တောင်းခံသူများကဲ့သို့ နိုင်ငံသားမဟုတ်သူများအနေဖြင့် ခွဲခြားဆက်ဆံခံရမှုများ၊ လူမျိုးရေးခွဲခြားသည့် အလေ့အထများ ရင်ဆိုင်ခဲ့ရခြင်းကို အသိအမှတ်ပြုခဲ့သည်။ သို့သော် နိုင်ငံများသည် အချို့ ကိစ္စရပ်

များတွင် နိုင်ငံသားများအပေါ် မတူညီစွာ ဆက်ဆံနိုင်ပေသည်၊ ဥပမာ ရွေးကောက်ပွဲများတွင် ပါဝင်ခွင့် သို့မဟုတ် အဆင့်မြင့်ပညာရေးရရှိခွင့် များဖြစ်ကြသည်။[40] မည်သို့ပင်ဆို စေကာမူ နိုင်ငံသားမဟုတ်သူများအား အပြည်ပြည်ဆိုင်ရာဥပဒေအရ အသိအမှတ်ပြုထားသည့် အခြားအခွင့်အရေးများအားလုံးကို ရရှိခံစားနိုင်စေရမည်ဖြစ်သည်။ တနည်းအားဖြင့်ဆိုရသော် အဆိုပါကန့်သတ်ချက်များသည် လူမျိုးဖြစ်မှုအပေါ်မဟုတ်ဘဲ နိုင်ငံသားဖြစ်မှု အပေါ်တွင်သာ အခြေခံထားရှိရန် လိုအပ်သည်။ အရေးကြီးသည်မှာ နိုင်ငံသား မဟုတ်သူများ အပေါ် လူမျိုးအပေါ်အခြေပြုသည့် ခွဲခြားဆက်ဆံမှုများ ကျင့်သုံးမှု မပြုရခြင်းဖြစ်သည်၊ ဥပမာအားဖြင့် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများအား ၎င်းတို့၏ လူမျိုး သို့မဟုတ် တိုင်းရင်းသားဖြစ်မှုကြောင့် မတူကွဲပြားစွာခွဲခြားဆက်ဆံခြင်း မပြုရပေ။

အခက်အခဲရင်ဆိုင်ရသည့် ဒုတိယပြဿနာမှာ ယုံကြည်ကိုးကွယ်မှုကိုအခြေပြုသည့် ခွဲခြားဆက်ဆံမှု ဖြစ်သည်။ သဘောတူစာချုပ်သည် ယုံကြည်ကိုးကွယ်မှုကို အခြေပြုသည့် ခွဲခြားဆက်ဆံမှုများနှင့် မသက်ဆိုင်ကြောင်း သဘောတူစာချုပ်အဖွဲ့က ဖော်ပြပြီး ဖြစ်သော်လည်း လူမျိုးရေးခွဲခြားမှုနှင့် ယုံကြည်ကိုးကွယ်မှုသည် မကြာခဏ ထပ်တူကျ ချိတ်ဆက် နေတတ်ကြောင်းကိုလည်း အမှန်တကယ်အသိအမှတ်ပြုထားသင့်သည်။ ဥပမာအားဖြင့်အရှေ့တောင်အာရှတွင် ရိုဟင်ဂျာလူမျိုးများသည် ၎င်းတို့၏ ယုံကြည် ကိုးကွယ်မှု (အစ္စလာမ်ဘာသာ)နှင့် လူမျိုးဖြစ်မှု နှစ်မျိုးစလုံးကြောင့် ဖိနှိပ်ခြင်းခံရသည်။ လူတစ်ဦး၏ ကိုးကွယ်ယုံကြည်မှုအပေါ် ခွဲခြားဆက်ဆံသည့်အခါ လူမျိုးရေးခွဲခြားဆက်ဆံမှုဖြစ်စေသည့် အကြောင်းအရာများ ပါဝင်ကြောင်း ဖော်ထုတ်သတ်မှတ်ရန်မှာ ခက်ခဲနိုင်ပေသည်။ တရုတ်အာဏာပိုင်များက ဖားလန်းဂေါင် Falung Gong အမည်ရှိ ဘာသာရေးဂိုဏ်းကို ဖြိုခွင်း လိုက်သည့်အခါ လူမျိုး သို့မဟုတ် တိုင်းရင်းသားအပေါ် အခြေပြုသည့် လုပ်ရပ်မဖြစ်ခဲ့ပေ၊ အကြောင်းမှာ ထိုကဲ့သို့ယုံကြည်သူအများစုသည် လွှမ်းမိုးသော လူမျိုးစုမှဖြစ်ခြင်းကြောင့် ဖြစ်သည်။ ထိုသို့ရှိသော်ငြား ၎င်းတို့၏ လုပ်ရပ်များသည် တရားဝင်သည်ဟု မဆိုနိုင်ပေ၊ အဘယ့်ကြောင့်ဆိုသော် ယုံကြည်ကိုးကွယ်မှုကိုအခြေပြုသည့် ခွဲခြားဆက်ဆံခြင်းများသည် ICERD ကို ချိုးဖောက်ခြင်းမဟုတ်သော်လည်း ICCPR တွင် ပါရှိသည့် အခွင့်အရေးများကို ချိုးဖောက်ခြင်း မြောက်စေသည်။ သို့သော် ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် လာအိုနိုင်ငံများမှ အာဏာပိုင်များ လုပ်ဆောင်သည့် လူနည်းစုအုပ်စုများမှ ဘာသာရေးခေါင်းဆောင်များအား ဖမ်းဆီးခြင်းသည် ICERD အရ ခွဲခြားဆက်ဆံမှုအဖြစ် သတ်မှတ်နိုင်သည်။

[40] United Nations, 'Declaration and program of action' *World Conference Against Racism, Racial Discrimination, Xenophobia and Related Intolerance*, United Nations, 2002.

အလေးထားစရာ

အရှေ့တောင်အာရှရှိ ကိုးကွယ်ယုံကြည်မှုအပေါ် ခွဲခြားဆက်ဆံခြင်းနှင့် ICERD

စာချုပ်ဝင်နိုင်ငံများ၏ အစီရင်ခံစာများအပေါ် ICERD ကော်မတီက ပြန်လည်တုန့်ပြန်ချက်များပေးပို့ရာတွင် အောက်ပါကိစ္စများအကြောင်း အလေးထား ဖော်ပြပါရှိသည်-

၂၀၁၂ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံနှင့် ဆက်စပ်၍ ကော်မတီသည် "ခမာ ခရွမ် ၊ ဒက်ဂါ (မွန်တက်နာဒ်) နှင့် မွန်ခ့် လူမျိုးများအကြား အချို့သော ခရစ်ယာန်ဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်များသည် ဘာသာရေးအလေ့အထများနှင့် ပတ်သက်၍ ခွဲခြားဆက်ဆံခြင်းနှင့် ကန့်သတ်ခြင်းများ တွေ့ကြုံရကြောင်း အစီရင်ခံစာများ ဆက်တိုက်ရှိခဲ့သည့်အဖြစ်" ကို သတိပြုမိခဲ့သည်။

၂၀၁၂ ခုနှစ်၊ လာအိုနိုင်ငံနှင့် ဆက်စပ်၍ ကော်မတီသည် "အချို့သော တိုင်းရင်းသား အုပ်စုများသည် ၎င်းတို့၏ လွတ်လပ်စွာကိုးကွယ်ယုံကြည်မှုကို ကျင့်သုံးရာတွင် တွေ့ကြုံခဲ့ရသည့် ခွဲခြားဆက်ဆံမှုများ" အတွက် စိုးရိမ်မှုများရှိကြောင်း မှတ်ချက်ပြုခဲ့သည်။

၂၀၀၇ ခုနှစ်၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဆက်စပ်၍ ကော်မတီသည် "တိုင်းရင်းသားအုပ်စုများနှင့် ဌာနေတိုင်းရင်းသားများ၏ လွတ်လပ်စွာ တွေးခေါ်၊ ယုံကြည်ကိုးကွယ်ခွင့်များ" အပေါ် စိုးရိမ်မှုများရှိကြောင်း ဖော်ပြခဲ့သည်။

၂၁.၃.၅ အထူးစီမံဆောင်ရွက်ချက်များ

အပိုဒ် ၁ ၏ လူမျိုးရေးခွဲခြားဆက်ဆံမှုဆိုင်ရာအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် အထူးစီမံ ဆောင်ရွက်ချက်များလုပ်ဆောင်ခြင်းကို ခွင့်ပြုထားသည်။ မတူကွဲပြားသည့် အုပ်စုများအကြား ခြားနားချက်များ သိသိသာသာဖြစ်ပေါ်နေမှုများကြောင့် ထိုကဲ့သို့စီမံ ဆောင်ရွက်ချက်များ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုအခါ နိုင်ငံများအနေဖြင့် အဆိုပါ ခြားနားကွာဟချက်များ လျော့ပါးစေရန် ရည်ရွယ်ပြီး လုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်ပေသည်။ ၎င်းကို ထောက်ခံကြောင်းဖော်ပြသော လုပ်ဆောင်ချက် သို့မဟုတ် အပေါင်းလက္ခဏာ ခွဲခြားဆက်ဆံမှု သဘောတရားဟူ၍လည်း ခေါ်တွင်ပြီး သဘောတူ စာချုပ်၏ အပိုဒ် ၁ (၄) နှင့် အပိုဒ် ၂ (၂) တွင် ရှင်းလင်းဖော်ပြထားသည်။ ထို့ပြင် အထွေထွေမှတ်ချက် အမှတ် ၃၂ တွင်လည်း ပါရှိသည်။ အထူးစီမံဆောင်ရွက်ချက်များအသုံးပြုနိုင်ရေးအပေါ် စည်းကမ်းသတ်မှတ်ချက်များထားရှိပြီး ကျင့်သုံးသည့် ဆောင်ရွက်ချက်များသည် အုပ်စုများအကြား တန်းတူညီမျှမှုရှိရေး မူလရည်ရွယ်ချက်ကို ပြည့်မြောက်အောင်မြင်သွားသည့်အခါ ဆက်လက်ကျင့်သုံးခြင်း မပြုရပေ။ ထို့ပြင် အပိုဒ် ၂ (၂) တွင် အထူးစီမံဆောင်ရွက်ချက်များ

အပေါင်းလက္ခဏာ ခွဲခြားဆက်ဆံမှု

သမိုင်းကြောင်းအရ ခွဲခြားဆက်ဆံခြင်းခံခဲ့ရသည့် လူနည်းစုအုပ်စုမှ လူများအတွက် အကျိုးခံစားရရှိစေရန် ရည်ရွယ်ပြီး ပြဋ္ဌာန်းချမှတ်သည့် ဥပဒေ သို့မဟုတ် မူဝါဒ။

အသုံးပြုရန် မူလက သတ်မှတ်ခဲ့သည့် ရည်ရွယ်ချက်များ ပြည့်မြောက်အောင်မြင်ပြီးလျှင် အကျိုးဆက်အနေဖြင့် လူမျိုးအုပ်စုများအတွက် မတူညီသော သို့မဟုတ် သီးခြားဖြစ်သော အခွင့်အရေးများ ဆက် လက်မရှိစေရဟု သတိပေးထားသည်။ အထွေထွေမှတ်ချက် အမှတ် ၃၂ တွင်လည်း အထူး စီမံဆောင်ရွက်ချက်များအား ယာယီသဘောထားရှိရမည်ဖြစ်ပြီး လိုအပ်ချက်အပေါ် အခြေပြုပြီး ချမှတ်အကောင်အထည်ဖော်သင့်ကြောင်း အကြံပြုထား သည်။ ထို့ပြင် နိုင်ငံများအနေဖြင့် ထိုဆောင်ရွက်ချက်များ ဆက်လက်လုပ်ဆောင်ရန် လိုအပ် မှုကို တိုင်းတာအကဲဖြတ်နိုင်ရန်အတွက် အချိန်မှန် ဆန်းစစ်သုံးသပ်မှုများ လုပ်ဆောင်ရမည် ဖြစ်သည်။ ထိုကဲ့သို့ ဆန်းစစ်သုံးသပ်ချက်များသည် တိကျမှန်ကန်မှုရှိပြီး ဂျဲန်ဒါရေးရာ ထင်ဟပ်သောဒေတာများအပေါ် အခြေပြုလုပ်ဆောင်ရမည်ဖြစ်သည်။ အထူးဆောင်ရွက် ချက်များကို ပညာရေးကဏ္ဍတွင် လုပ်ဆောင်နိုင်ပြီး ဖယ်ကျဉ်ခံ တိုင်းရင်းသားအုပ်စုများ အတွက် ပညာရေးလက်လှမ်းမီစေရန် အထောက်အပံ့များပေးခြင်း သို့မဟုတ် အထူး စာသင် ကျောင်းများ ပံ့ပိုးပေးခြင်းမျိုး ဖြစ်သည်။ ထို့ပြင် ဌာနေတိုင်းရင်းသားများအတွက် နယ်မြေ ပိုင်ဆိုင်ခွင့်၊ အချို့သောအုပ်စုများအတွက် အလုပ်အကိုင် ကြိုတင် ချန်လှပ်ထားပေးခြင်း၊ ယဉ်ကျေးမှုဆိုင်ရာပစ္စည်းများ ရောင်းချခြင်းကို ကာကွယ်ခြင်းများနှင့် စပ်လျဉ်းသည့် အခြေအနေများတွင်လည်း အထူးစီမံ ဆောင်ရွက်ချက်များ ထားရှိအသုံးပြုနိုင်သည်။

ဖြစ်ရပ်လေ့လာခြင်း

မလေးရှားနိုင်ငံရှိ ဘူမိပုတ္တာ များအတွက် ပြုလုပ်ပေးသည့် ထောက်ခံကြောင်း ဖော်ပြသော လုပ်ဆောင်ချက်

မလေးရှားနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ချိန် ၁၉၅၇ ခုနှစ်တွင် တရုတ်လူမျိုး၊ အိန္ဒိယလူမျိုး၊ မလေးလူမျိုးများနှင့် အခြားသောဌာနေတိုင်းရင်းသားအုပ်စုများအကြား စီးပွါးရေးနှင့် လူမှု ရေးဆိုင်ရာ အဆင့်အတန်းမှာ အလွန်ပင် ကွာဟမှုများရှိခဲ့သည်။ မလေးရှား ဖွဲ့စည်းပုံအခြေ ခံ ဥပဒေ၊ အပိုဒ် ၁၅၃ ဖြင့် ပြည်သူ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ရေး၊ ပညာသင်ဆုများ ရရှိရေး၊ စီးပွါးရေး သို့မဟုတ် ကုန်သွယ်မှုလုပ်ကိုင်ရန် ပါမစ် သို့မဟုတ် လိုင်စင်များ ရရှိရေးတို့တွင် မလေးလူမျိုးများ၊ ဆာဘာ နှင့် ဆာရာဝပ် ပြည်နယ် ဒေသခံများအတွက် အထူးသီးသန့် ခွဲတမ်းများ သတ်မှတ်ခဲ့သည်။ ကွာဟချက်သည် ၁၉၅၇ နှင့် ၁၉၇၀ ခုနှစ်များအကြားတွင် ပိုမိုကြီးမားခဲ့ပြီး စီးပွါးရေးမူဝါဒအသစ် (NEP) ကို ကြေညာခဲ့သည်။ NEP ၏ ရည်ရွယ်ချက် သည် ဆင်းရဲမွဲတေမှုကို လျော့ချရန်နှင့် မလေးလူမျိုးများနှင့် အခြားဌာနေတိုင်းရင်းသားများ ၏ လူမှုစီးပွါးဘဝတိုးတက်စေရန်ဖြစ်ပြီး ထောက်ခံကြောင်းဖော်ပြသည့် လုပ်ဆောင်ချက် အစီအစဉ်တစ်ရပ်ကို စတင် လုပ်ဆောင်ခဲ့သည်။ ၎င်း အစီအစဉ်အရ ဘူမိပုတ္တာ လူမျိုးများ အား ချေးငွေများ၊ ပညာရေးတွင် ဝေစုခွဲတမ်းများ၊ ပုဂ္ဂလိကကဏ္ဍတွင် အလုပ်အကိုင်များ၊

ကုန်သွယ်ရေးအတွက် ပံ့ပိုးခြင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးများကို လွယ်လင့်တကူ ရရှိလုပ်ကိုင်ဆောင်ရွက်နိုင်ရန် ထောက်ပံ့ခဲ့သည်။ ကိုလိုနီခေတ်အတွင်း ၌ အင်္ဂလိပ်လူမျိုးများသည် တရုတ်လူမျိုးများနှင့် အိန္ဒိယမှ ရွှေ့ပြောင်းနေထိုင်သူများကို မလေးလူမျိုးများထက် ပို၍ဦးစားပေးခဲ့ခြင်းများကြောင့်ဖြစ်သည်ဟု အစိုးရက ရှင်းချက်ထုတ်ခဲ့သည်။ ဤသို့ဖြင့် အဆိုပါ သမိုင်းအရ မှားယွင်းလာခဲ့သည်များကို ပြင်ဆင်ရန် အတွက် ထောက်ခံကြောင်းဖော်ပြသောလုပ်ဆောင်ချက်အား လိုအပ်ခဲ့ရခြင်း ဖြစ်သည်။

သို့ရာတွင် ထောက်ခံကြောင်းဖော်ပြသောလုပ်ဆောင်ချက်အစီအစဉ်သည် ယနေ့တိုင် ဆက်လက် ရှိနေဆဲဖြစ်သည်။ မူဝါဒသည် မလေးလူမျိုးများအတွက် အမှန်ပင် အကျိုး ရှိစေသော်လည်း ချေးငွေရရှိရေး၊ စီးပွါးရေးလုပ်ငန်းများတွင် ထောက်ပံ့ခြင်းများကဲ့သို့ ပံ့ပိုးပေးမှုအများစုသည် မလေးလူမျိုးအထက်တန်းလွှာများအတွက် ပိုမိုအသုံးဝင်ပြီး ဆင်းရဲနွမ်းပါးသူများအတွက် အကူအညီဖြစ်စေမှု မရှိကြောင်း ဝေဖန်သူများက ထောက်ပြခဲ့ကြသည်။ ထို့ကြောင့် ထောက်ခံကြောင်းဖော်ပြသော လုပ်ဆောင်ချက်သည် လူမျိုးအပေါ် အခြေပြုရမည့် အစား တိုင်းရင်းသားအုပ်စုအားလုံးရှိ ဆင်းရဲနွမ်းပါးသူများ အပေါ် ဦးတည်ထားသင့်ကြောင်း ချေပပြောဆိုထားကြသည်။

၂၁.၄ နိုင်ငံ၏ တာဝန်ဝတ္တရားများ

၂၁.၄.၁ ဥပဒေရေးရာ တာဝန်ဝတ္တရားများ

လူမျိုးရေးခွဲခြားဆက်ဆံမှုပပျောက်ရေးနှင့် စပ်လျဉ်းပြီး ICERD ၏ ပြဋ္ဌာန်းချက် အများစုသည် နိုင်ငံများအတွက် တာဝန်ဝတ္တရား သတ်မှတ်ထားပြီး လူမျိုးရေးခွဲခြားဆက်ဆံမှုပုံစံအားလုံးကို ကြိုတင်တားဆီးရေး၊ ဟန့်တားရေးနှင့် ပြစ်တင်ရှုတ်ချရေးများ ပါဝင်သည်။ နိုင်ငံများအနေဖြင့် အစိုးရ၏ မည်သည့်မူဝါဒများ၊ ဥပဒေများကမျှ လူမျိုးရေး ခွဲခြားဆက်ဆံမှုဖြစ်ပေါ်စေသော သို့မဟုတ် ဆက်လက်တည်မြဲစေသော အကျိုး သက်ရောက်မှုများမရှိရန် သေချာစေရေးအတွက် များစွာသောလုပ်ဆောင်ချက်များကို လုပ်ဆောင်ထားရန် လိုအပ်ပေသည်။ အထက်တွင်ဆိုခဲ့သည့်အတိုင်းပင် တိုက်ရိုက် ခွဲခြားဆက်ဆံမှုများ ဖော်ထုတ်ပပျောက်စေရေးသည် အလွန်ပင်လွယ်ကူလှသော်လည်း တိုက်ရိုက်မဟုတ်သည့် သွယ်ဝိုက်ခွဲခြားဆက်ဆံမှုများကို ဖော်ထုတ်သတ်မှတ်နိုင်ရန်မှာ ပိုမိုခက်ခဲလှသည်။ ထို့ပြင် အောက်တွင် ဆွေးနွေးသွားမည့် စကော်ပူနိုင်ငံ၏ တိုင်းရင်းသား ပြန်လည်ပေါင်းစည်းရေးမူဝါဒအရ ချမှတ်သည့် ဥပဒေများနှင့် မလေးရှားနိုင်ငံရှိ အော်ရန်း အာစီအုပ်စုများအတွက် ချမှတ်ခဲ့သည့် သီးခြား ကာကွယ်ပေးရေး ဥပဒေများကဲ့သို့ ၎င်းတို့၏ အကျိုးသက်ရောက်မှုသည် လူမျိုးရေးခွဲခြား ဆက်ဆံမှုအပေါ်တွင် အခြေတည်ထားခြင်း ရှိ/မရှိ အရေးသည်လည်း မရှင်းလင်း

နိုင်ပေ။ ထိုသို့ မလေးရှားနိုင်ငံရှိ အုပ်စုများအတွက် ပေးအပ်ထားသည့် ပညာသင်ကြားခွင့် ဆိုင်ရာ အထူးအခွင့်အရေးများအရ ကလေးအများအပြားသည် နေအိမ်များမှ မဖြစ်မနေ ထွက်လာရပြီး ဘော်ဒါကျောင်းများတွင် နေရသည့်အဖြစ်ကို ရောက်လာစေသည် (အခန်း ၂၂ ရှိ ဌာနေတိုင်းရင်းသားအခွင့်အရေးများ အပိုင်းတွင် ဆွေးနွေးထားသည်)။ ထို့အတူ ထိုင်းနိုင်ငံ ရှိ အမျိုးသားဥယျာဉ်များဆိုင်ရာ ဥပဒေများသည် တောင်ပေါ်ဒေသနေ မျိုးနွယ်စုများ (Hill Tribes) အတွက် မမျှတသော ထိခိုက်မှုများ ရှိစေသည်။

ဆွေးနွေးခြင်းများနှင့် အပြန်အလှန်ဝေဖန်ခြင်း

စင်္ကာပူနိုင်ငံ၏ တိုင်းရင်းသားပေါင်းစည်းရေး မူဝါဒ

စင်္ကာပူနိုင်ငံသည် (မျိုးနွယ်တူသည့် လူများသည် အချင်းအချင်း အနီးကပ်နေထိုင်ကြသော) အိမ်ရာများတွင် မျိုးတူတိုင်းရင်းသားလူမျိုးများ စုဝေးနေထိုင်ခြင်းကို ဖြေရှင်းရန် အလို့ငှာ တိုင်းရင်းသား ပေါင်းစည်းရေးမူဝါဒ (EIP) ကို ၁၉၈၉ ခုနှစ်တွင် ချမှတ်ခဲ့သည်။ ရည်ရွယ်ချက်မှာ အိမ်ရာတိုးတက်ရေးဘုတ်အဖွဲ့ (HDB) ပိုင် မြေရာကွက်များ (နိုင်ငံတော်က ထောက်ပံ့ပေးထားသော လူနေအိမ်ယာများ) တွင် တိုင်းရင်းသားများ ပိုမို ရောနှောနေထိုင်မှု ရှိလာရေး ဖြစ်သည်။ ထိုမူဝါဒအရ HDB အိမ်နီးနားချင်းများအတွက် လူမျိုးစု ခွဲတမ်းများကို သတ်မှတ်ကာ တိုင်းရင်းသားအုပ်စုများ၏ အများဆုံးပါဝင်ရမည့် အချိုးကိုလည်း သတ်မှတ်ခဲ့သည်။ ပိုင်ရှင်များအနေဖြင့် သတ်မှတ်ထားသည့် လူမျိုး အကန့်အသတ်နှင့် ကိုက်ညီပါက မိမိတို့၏ တိုက်ခန်းများအား မည်သည့် လူမျိုးကိုမဆို လွတ်လပ်စွာ ရောင်းချနိုင်သည်။ စင်္ကာပူရှိ တရားဝင်သတ်မှတ်လက်ခံထားသော လူမျိုးစုများအပေါ် အခြေခံ၍ ခွဲတမ်းများကို သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

၂၀၁၀ ခုနှစ်တွင် လူမျိုးရေးခွဲခြားမှုဆိုင်ရာ ကုလသမဂ္ဂအထူးစုံစမ်းစစ်ဆေးရေးအရာရှိ (၎င်း၏ ရာထူး အပြည့်အစုံမှာ လူမျိုးရေးခွဲခြားမှု၊ လူမျိုးရေးခွဲခြားဆက်ဆံမှု၊ သူစိမ်း ကြောက်ရွံ့မှုနှင့် ဆက်စပ်သည့် သဘောထားသေးသိမ်မှုများ ဆိုင်ရာ ခေတ်သစ်ပုံစံများ အတွက် ကုလသမဂ္ဂအထူးစုံစမ်းစစ်ဆေးရေးအရာရှိ ဖြစ်သည်) က စင်္ကာပူနိုင်ငံသို့ လာရောက်စစ်ဆေးသည့် ၎င်း၏ ခရီးစဉ်အတွင်း EIP သည် မတူညီသည့် နောက်ခံအသီးသီးမှ စင်္ကာပူလူမျိုးများအား အိမ်ရာဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံများရှိ လူနေရပ်ကွက်များတွင် အတူရောနှောကာနေထိုင်ပြီး အပြန်အလှန်ဆက်သွယ်မှု ရှိစေခဲ့ကြောင်း တွေ့ရှိခဲ့သည်။ သို့သော် မူဝါဒကို အကောင်အထည်ဖော်ရာ၌ အချို့သော တိုင်းရင်းသားလူနည်းစုများသည် မိသားစုနှင့် နီးစပ်ရာ အိမ်ရာများတွင် အခန်းများ ရှာမရခြင်း၊ ခွဲတမ်းပြည့်မီသွားသည့် တိုင်းရင်းသားအုပ်စုများအား အခန်းရောင်းချခြင်းကို တားမြစ်ထားခြင်းကြောင့် အချို့သူများအ

တွက် အခန်းများပြန်လည်ရောင်းချရန် အခက်အခဲများ တွေ့ကြုံရခြင်း အစရှိသည့် ပြဿနာများ ပေါ်ပေါက်ခဲ့သည်ကိုလည်း သတိပြုမိခဲ့သည်။

တိုင်းရင်းသားလူမျိုးတစ်စုအတွက် တိုက်ခန်းအဆောက်အအုံတစ်ခုတွင် လူမျိုးအလိုက် ခွဲတမ်းပြည့်သွားခြင်းကြောင့် တိုက်ခိုက်မှုများ ဝယ်ယူခွင့်မရှိခဲ့ပါမူ ၎င်းသည် လူမျိုးရေး ခွဲခြားဆက်ဆံမှု ဖြစ်စေသလား?

မူဝါဒ၏ ရည်ရွယ်ချက်သည် ယဉ်ကျေးမှုပေါင်းစုံ ရောယှက်နေထိုင်ရာ မြို့ဆင်ခြေဖုန်းရပ်ကွက်များ ပေါ်ပေါက်လာစေရေးဖြစ်ခဲ့ပါမူ ထိုအချက်သည် လူမျိုးရေးခွဲခြားဆက်ဆံမှုကို ဦးတည်သွားစေနိုင်သလား?

အသိအမှတ်ပြုတိုင်းရင်းသားများ မဟုတ်သည့်အတွက် ခွဲတမ်းမရခဲ့သည့် လူမျိုးများ အပေါ် မည်သို့ စဉ်းစားဆုံးဖြတ်မည်နည်း? ၎င်းတို့သည် မည်သည့်နေရာတွင်မဆို နေနိုင်ပါသလား? ထိုသို့ဆိုလျှင် မျှတပါသလား?

ထို့ပြင် နိုင်ငံများအနေဖြင့် လူမျိုးရေးခွဲခြားဆက်ဆံမှုအပေါ် ဆန့်ကျင်သည့် ဥပဒေများ ပြဋ္ဌာန်းရန် လိုအပ်ပေသည်။ ၎င်းကို ခွဲခြားဆက်ဆံမှုဆန့်ကျင်ရေးဆိုင်ရာဥပဒေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများနှင့် တစ်ခါတစ်ရံ 'အမုန်းစကား' ဆန့်ကျင်ရေး ဥပဒေများကဲ့သို့ ပြစ်မှုဆိုင်ရာဥပဒေများတွင် တွေ့နိုင်ပေသည်။ အမုန်းစကားနှင့်ပတ်သက်၍ ICERD ၏ အထွေထွေမှတ်ချက် အမှတ် ၃၅ တွင် ဖော်ပြထားသော်လည်း အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေတွင် အဓိပ္ပါယ်ဖွင့်ဆိုထားချက် မရှိပေ။ သို့ရာတွင် ကုလသမဂ္ဂ၏ မဟာဗျူဟာနှင့် ဆောင်ရွက်ရန် အစီအစဉ် (၂၀၁၉ မေလ) အရ အမုန်းစကားကို နားလည်ထားသည်မှာ-

> *ပြောဆိုခြင်း၊ ရေးသားခြင်း၊ သို့မဟုတ် ပြုမူလုပ်ဆောင်ခြင်းဆိုင်ရာ ဆက်သွယ်မှုတစ်ရပ်ရပ်ဖြစ်ပြီး လူတစ်ဦး သို့မဟုတ် အုပ်စုတစ်ခုအား ၎င်းတို့၏ ကိုးကွယ်ယုံကြည်မှု၊ တိုင်းရင်းသား၊ နိုင်ငံသား၊ လူမျိုး၊ အသား အရောင်၊ အမျိုးဇာတ်၊ ဂျန်ဒါ သို့မဟုတ် အခြားအထောက်အထား တစ်စုံတစ်ရာအပေါ် အခြေပြုပြီး တနည်းအားဖြင့် ၎င်းတို့ မည်သူမည်ဝါ ဖြစ်မှုအပေါ် ရည်ရွယ်ပြီး ချိုးနှိမ်သော သို့မဟုတ် ခွဲခြားဆက်ဆံသော အသုံးအနှုန်းများဖြင့် တိုက်ခိုက်ခြင်း သို့မဟုတ် အသုံးပြုခြင်း ဖြစ်သည်။*[41]

[41] 'United Nations Strategy and Plan of Action on Hate Speech' United Nations, May 2019.

လူမျိုးရေးအမုန်းစကားများသည် ပုံစံမျိုးစုံဖြင့် ရှိနိုင်ပြီး ဥပမာ ပွင့်လင်းပြတ်သားသော လူမျိုးရေး မှတ်ချက်များ၊ လူမျိုးအုပ်စုတစ်ခု သို့မဟုတ် တိုင်းရင်းသားအုပ်စုတစ်ခုအပေါ် သွယ်ဝိုက်အသုံးအနှုန်းများဖြင့် တိုက်ခိုက်သည့် စကားများ၊ လူထုစုဝေးရာနေရာများတွင် လူမျိုးရေးသင်္ကေတများ၊ ရုပ်ပုံများ၊ အပြုအမူများ ပြသခြင်းများကဲ့သို့ စကားမဲ့ ဖော်ပြချက်များလည်း ပါဝင်သည်။ ICERD ၏ အပိုဒ် ၄ သည် လူမျိုးကြီး ဝါဒဆိုင်ရာ သီအိုရီများ သို့မဟုတ် အတွေးအခေါ်များအပေါ်အခြေပြုသည့် ဝါဒဖြန့်မှုများကို ဆန့်ကျင် ရှုတ်ချထားသည်။ ထို့ပြင် မည်သည့် လူမျိုးရေး မုန်းတီးမှု သို့မဟုတ် ခွဲခြား ဆက်ဆံမှုပုံစံကိုမဆို တရားဝင်စေရန် သို့မဟုတ် အားပေးရန် ဆောင်ရွက်သော အားထုတ်မှုများကိုလည်း ဆန့်ကျင်ရှုတ်ချသည်။ ၎င်းအပြင် သဘောတူစာချုပ်သည် အောက်ပါလုပ်ဆောင်ချက် ၄ မျိုးအတွက် ပြစ်ဒဏ်များ သတ်မှတ်ရန် နိုင်ငံများအပေါ် တွင် တာဝန်များ သတ်မှတ်ထားသည်။

(၁) လူမျိုးကြီးဝါဒ သို့မဟုတ် လူမျိုးရေးမုန်းတီးမှုကို အားပေးရာရောက်သည့် အတွေးအခေါ်များအား ဖြန့်ဝေခြင်း၊

(၂) မုန်းတီးမှုနှင့် လူမျိုးရေးခွဲခြားဆက်ဆံမှုကို လှုံ့ဆော်ခြင်း၊

(၃) အကြမ်းဖက်မှုကို လှုံ့ဆော်ပေးသည့် ခြိမ်းခြောက်ခြင်းများ၊ နှင့်

(၄) ငွေကြေးထောက်ပံ့ခြင်းများအပါအဝင် လူမျိုးရေးဆိုင်ရာ လှုပ်ရှားမှုများ အတွက် ထောက်ပံ့ကူညီပေးခြင်း။

ထို့အပြင် အပိုဒ် ၄ အရ နိုင်ငံများသည် လူမျိုးရေးခွဲခြားဆက်ဆံမှုကို အားပေး လှုံ့ဆော်ရာတွင် ပါဝင်သည့် အဖွဲ့အစည်းများအပေါ် ကန့်သတ်ချက်များ ချမှတ်ထားရန် တာဝန်ရှိပေသည်။ အရှေ့တောင်အာရှနိုင်ငံများ ဥပမာအားဖြင့် စင်္ကာပူနှင့် ဗီယက်နမ် နိုင်ငံများတွင် လူမျိုးရေးအပေါ်အခြေပြုသည့် အမုန်းစကားများသည် ပြစ်မှုမြောက်သည်။ သို့ရာတွင် ထို ဥပဒေများသည် လူမျိုးရေးအကြောင်းအရာများကို အတိအလင်း ဖယ်ထုတ်မထားသည့် နိုင်ငံရေးဆိုင်ရာ စကားများကိုလည်း ပြစ်မှုမြောက်စေနိုင်သည်။

ဖြစ်ရပ်လေ့လာခြင်း

အမုန်းစကား၊ ဖေ့စ်ဘွတ်ခ် နှင့် မြန်မာနိုင်ငံ၏ ရိုဟင်ဂျာအရေး

လူမှုကွန်ယက်များ ကျယ်ကျယ်ပျံ့ပျံ့အသုံးပြုလာမှုကြောင့် အမုန်းစကားကို ဖြေရှင်းရာတွင် အခက်အခဲများစွာ တိုးလာစေသည်။ အရှေ့တောင်အာရှတွင် အမည်ဆိုးရှိသည့် ဥပမာတစ်ခုမှာ ရိုဟင်ဂျာလူနည်းစုအကြောင်းနှင့် ပတ်သက်ပြီး မြန်မာအများစု၏ အမုန်းစကားများ

အသုံးပြုခြင်းနှင့် ဖြန့်ဝေခြင်းအကြောင်း ဖြစ်သည်။ မီဒီယာအသုံးပြုသူများသည် ရိုဟင်ဂျာလူမျိုးများအကြောင်းကို ကြမ်းတမ်းရိုင်းစိုင်းပြီး ညစ်ညမ်းသည့် ပြောဆိုချက်များ အသုံးပြုခဲ့ကြပြီး သတ်ဖြတ်ခြင်းများ၊ လူမျိုးသုဉ်း သုတ်သင်ခြင်းများအထိ အားပေးထောက်ခံခဲ့ကြသည်။ နောက်ဆုံးတွင် အချို့သော ဖော်ပြပြောဆိုချက်များသည် ဖေ့စ်ဘွတ်ခ်တွင် ဆူပူလှုံ့ဆော်မှုများ ဖန်တီးနေသည့် အရာရှိတစ်ဦး ဦးဆောင်သည့် စစ်တပ်ကမ်ပိန်းတစ်ခုမှ ပေါ်ထွက်ခဲ့ကြောင်း တွေ့ရှိခဲ့ကြသည် (၎င်းသည် နိုင်ငံအတွင်း လူသိများသည့် ကိစ္စဖြစ်သည်)။ အကျိုးဆက်အနေဖြင့် အကောင့်အတုများဖွင့်ကာ ရိုဟင်ဂျာလူမျိုးများ၏ အကြမ်းဖက်မှုများအကြောင်း လုပ်ဇာတ်များ ပြုလုပ်ခြင်း၊ နိုင်ငံတွင်းရှိ ရိုဟင်ဂျာလူမျိုးများ၏ သမိုင်းကို ပြန်လည်ရေးသားမှုများ ရှိလာခဲ့သည်။

၂၀၁၈ ခုနှစ်၊ မေလတွင် ကုလသမဂ္ဂစုံစမ်းစစ်ဆေးသူများက ဖေ့စ်ဘွတ်ခ်သည် ရိုဟင်ဂျာလူမျိုးများအပေါ် မုန်းတီးမှုနှင့် အကြမ်းဖက်မှုများ လှုံ့ဆော်ရာတွင် မြင်သာထင်သာသော အခန်းကဏ္ဍမှ ပါဝင်မှုရှိကြောင်း သုံးသပ်ခဲ့သည်။ ဇူလိုရောက်သည့်အခါ အမေရိကန် စီးနီတ်က ဖေ့စ်ဘွတ်ခ် တည်ထောင်သူ မာ့ခ် ဇူကာဘာ့ဂ်အား ခေါ်ယူပြီးလျှင် အမုန်းစကားများ ပျံ့နှံ့သည့်ကိစ္စနှင့် ပတ်သက်နေသည့် ဖေ့စ်ဘွတ်ခ်၏ အခန်းကဏ္ဍ နှင့် ထိုပြဿနာကို ရင်ဆိုင်ဖြေရှင်းမည့်နည်းလမ်းများကို မေးမြန်းခဲ့သည်။ ကုမ္ပဏီအနေဖြင့် အကောင့်များစွာကို ပိတ်ပစ်ခြင်း၊ ပညာပေးအစီအစဉ်များ ဆောင်ရွက်ခြင်းများ အပါအဝင် အပြောင်းအလဲများစွာ လုပ်ဆောင်ခဲ့သည်။ သို့သော် ဖေ့စ်ဘွတ်ပေါ်ရှိ အမုန်းစကားများသည် ဆိုးရွားသည့် ပြဿနာတစ်ခုအဖြစ် ဆက်လက်ရှိနေသေးကြောင်း အချို့က မှတ်ယူနေဆဲပင်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာတရားရုံးများနှင့် စုံစမ်းစစ်ဆေးမှုများက ရိုဟင်ဂျာများအပေါ် လုပ်ရပ်များသည် လူမျိုးသုဉ်းသုတ်သင်မှုဖြစ်ကြောင်း၊ စစ်တပ်၏ လုပ်ရပ်များအပေါ် ပြည်တွင်းထောက်ခံမှုရရှိစေရေးအတွက် အမုန်းစကားများသုံးကာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

၂၁.၄.၂ ပညာရေး၊ သင်ကြားခြင်းနှင့် သတင်း အချက်အလက်များသုံးကာ လူမျိုးရေးခွဲခြားဆက်ဆံမှုကို ဖြေရှင်းတုန့်ပြန်ခြင်း

အထက်တွင်ဆွေးနွေးခဲ့သည့်အတိုင်းပင် လူမျိုးကြီးဝါဒနှင့် လူမျိုးရေးခွဲခြားမှုဆိုင်ရာ အယူအဆများသည် လူမှုရေးရာ တည်ဆောက်မှုများသာဖြစ်ပြီး လူသားများအနေဖြင့် မွေးစမှစကာ အချင်းချင်းမုန်းတီးခဲ့ကြသည်မျိုးမဟုတ်ပေ။ မိသားစု၊ စာသင်ကျောင်း၊ အသိုင်းအဝိုင်းအပါအဝင် ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းထံမှ အမုန်းတရားကို သင်ယူခဲ့ကြခြင်းသာဖြစ်သည်။ ရလာဒ်အနေဖြင့် အခြေအမြစ်မရှိ လက်ခံထားသည့် အစွဲအလန်းများသည် ကလေးငယ်များ

၏ စိတ်ထဲတွင် တဖြည်းဖြည်း အခြေတည်လာပြီးလျှင် လူ့အဖွဲ့အစည်းအတွင်းရှိ အခြားသော လူမျိုးအုပ်စုများ၊ တိုင်းရင်းသားများအပေါ် သမားရိုးကျ/ပုံသေကားချ သတ်မှတ်လိုက်ခြင်းများ ဖြစ်လာသည်။

ထိုကဲ့သို့သော လူမျိုးရေးခွဲခြားဆက်ဆံမှုများကို ဖြေရှင်းရန်အတွက် ICERD ၏ အပိုဒ် ၇ အရ စာချုပ်ဝင်နိုင်ငံများသည် လူမျိုးရေးခွဲခြားဆက်ဆံမှုဖြစ်စေမည့် အခြေအမြစ်မရှိ လက်ခံထားသည့် အစွဲအလန်းများအား ထိရောက်စွာ တိုက်ဖျက်နိုင်ရန် အထူးသဖြင့် သင်ကြားရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် သတင်းအချက်အလက်ဖြန့်ချိရေး တို့ဖြင့် နည်းလမ်းများ ချမှတ်လုပ်ဆောင်ရန် လိုအပ်ပေသည်။

အပိုဒ် ၇ အရ လုပ်ဆောင်ရမည့် နည်းလမ်းဥပမာများအကြောင်းကို (ထိုင်းနိုင်ငံ၏ အချိန်မှန် အစီရင်ခံစာအပေါ် ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်သည့်) ကော်မတီ၏ အပြီးသတ် တွေ့ရှိချက်များတွင် တွေ့နိုင်သည်။[42] ကော်မတီသည် တိုင်းရင်းသားအုပ်စုများ အပေါ် ရှုမြင်သည့် အနှုတ်သဘော သမားရိုးကျ သတ်မှတ်ခြင်းများနှင့် အခြေအမြစ်မရှိ လက်ခံထားသည့် အစွဲအလန်းများနှင့် မီဒီယာ၏ ထိတွေ့ဆက်သွယ်ခြင်းအပေါ် စိုးရိမ် ကြောင်း ဖော်ပြခဲ့သည်၊ ထိုင်းနိုင်ငံအနေဖြင့် မီဒီယာသမားများအတွက် ကျင့်ဝတ်နှင့် စံနှုန်းများ သတ်မှတ်ပေးရန်၊ ထိုကဲ့သို့ ကျင့်ဝတ်ဆိုင်ရာ စံနှုန်းများကို အများပြည်သူ သိရှိစေရေး ဆောင်ရွက်ရန်နှင့် လုပ်ငန်းနယ်ပယ်စံနှုန်းများအပေါ် စောင့်ကြည့်သည့် စနစ်တစ်ခု တည်ထောင်ထားရှိရန် အကြံပြုခဲ့သည်။ ဌာနေတိုင်းရင်းသားများနှင့် ပတ်သက်ပြီး များစွာသော သမားရိုးကျ သတ်မှတ်ချက်များရှိခြင်းကြောင့် နေရာအနှံ့ အပြားတွင် ခွဲခြားဆက်ဆံမှုများခံစားရမှုကို အောက်ပါ ဖြစ်ရပ်တွင် ဖော်ပြထားသည်။

ဖြစ်ရပ်လေ့လာခြင်း

ထိုင်းနိုင်ငံရှိ တိုင်းရင်းသားအုပ်စုများအား မီဒီယာတွင် မည်သို့ဖော်ပြထား သနည်း?

ထိုင်းနိုင်ငံ၏ မီဒီယာများသည် တောင်ပေါ်လူမျိုးစုများအပေါ် အနှုတ်သဘောဆောင်သည့် နည်းလမ်းများစွာဖြင့် ဖော်ပြလိုသည့်သဘောရှိသည်။ ထိုလူမျိုးစုများအား မူးယစ်ဆေး မှောင်ခိုကူးသူများ၊ (သစ်တောများ မီးရှို့ခြင်းကြောင့်) ပတ်ဝန်းကျင်ကို ဖျက်ဆီးသူများ၊ ပညာမတတ်သူများအဖြစ် မှတ်ယူလေ့ရှိသည်။ ထိုသို့သော ယုံတမ်း စကားများ လွှမ်းမိုးနေရသည့် အကြောင်းမှာ များစွာသော တောင်ပေါ်လူမျိုးစုများသည် တောင်တန်းဒေသတွင်သာ နေထိုင်

[42] 'Concluding observations on the first to third periodic reports of Thailand, adopted by the Committee at its eighty-first session, 6–31 August 2012 (CERD/C/THA/CO/1-3)' Committee on the Elimination of All Forms of Racial Discrimination, 15 November 2012.

လေ့ရှိပြီး ၎င်းကို ရွှေတြိဂံနယ်မြေဟု လူသိများသည်။ ထိုနယ်မြေသည် ထိုင်း၊ မြန်မာနှင့် လာအို အကြားတွင် တည်ရှိပြီး ယခင်က ထိုနေရာတွင် ဘိန်းဖြူများ စိုက်ပျိုးပြီး နယ်စပ်မှ တဆင့် မှောင်ခိုတင်သွင်းရာ နေရာတစ်ခု ဖြစ်ခဲ့သည်။ ထို့ပြင် ဌာနေတိုင်းရင်းသား လူမျိုးစုများသည် 'ခုတ်ထွင်ရှင်းလင်း မီးရှို့ခြင်း' ဆိုသည့် စိုက်ပျိုးရေးနည်းလမ်းတစ်ခုကို အသုံးပြုသည်ဖြစ်ရာ သီးနှံများစိုက်ပျိုးရန် အတွက် သစ်တောနယ်မြေများကို မီးရှို့ကြသည်။ သို့ရာတွင် တောင်ပေါ်လူမျိုးစုများသည် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုတွင် ပါဝင်ခဲ့ခြင်း မရှိပေ (များသော အားဖြင့် အုပ်စုဖွဲ့ရာဇဝတ် ကွန်ယက်များ၏ လုပ်ကွက်ဖြစ်သည်)၊ ၎င်းတို့ အသုံးပြုသည့် 'ခုတ်ထွင်ရှင်းလင်း မီးရှို့ခြင်း' စိုက်ပျိုးရေးနည်းမှာလည်း အနည်းအကျဉ်း အသုံးပြုခြင်းသာဖြစ်ပြီး သစ်တောပြုန်းတီးခြင်း (စီးပွါးဖြစ်သစ်ခုတ်ခြင်းသည် အဓိက တရား ခံများ ဖြစ်သည်) မဖြစ်စေသကဲ့သို့ လေထုညစ်ညမ်းခြင်း (စိုက်ခင်းများ သို့မဟုတ် ရေသွင်း သီးနှံစိုက်ပျိုးခြင်းများသည် အဓိကတရားခံများဖြစ်သည်) အပေါ်တွင်လည်း သက်ရောက်မှု မရှိပေ။

မည်သို့ပင်ဆိုစေကာမူ ထိုယုံတမ်းစကားများကို ဇာတ်လမ်းတွဲများ၊ သတင်းများ၊ လူမှုကွန်ယက်များတွင် ဖြန့်ဝေခဲ့ကြသည်။ ထိုင်းနိုင်ငံ၏ ဇာတ်လမ်းတွဲများတွင် တောင်ပေါ်လူမျိုးစုများအား အကြမ်းဖက်သည့် မူးယစ်ဆေးဝါး မှောင်ခိုတင်သွင်းသူများ အဖြစ်လည်းကောင်း၊ အိမ်အကူများအဖြစ်လည်းကောင်း သရုပ်ဖော် တင်ဆက်လေ့ ရှိသည်။ တင်ဆက်ပြသည့်အခါတွင် ၎င်းတို့အား သမားရိုးကျသတ်မှတ်ကာ ဥပမာအားဖြင့် ရိုးရာဝတ်စုံများကိုသာ ဝတ်ဆင်ပြီး ပုံဖော်သရုပ်ပြကြသည်၊ အမှန်တွင် များစွာသော တောင်ပေါ်လူမျိုးစုများသည် အများသူ ငှာနည်းတူ တီရှပ်များနှင့် ဂျင်းဘောင်းဘီများ ဝတ်ဆင်ကြသည်။ အကျိုးဆက်အနေဖြင့် ထို အုပ်စုများသည် ပညာရေး၊ အလုပ်အကိုင် ရှာဖွေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရရှိရေးတွင် ခွဲခြားဆက်ဆံမှု များ တွေ့ကြုံခဲ့ရသည်။

အဆိုပါ သမားရိုးကျသတ်မှတ်ခြင်းများသည် အခြားသောဂယက်ထမှုများကို ဖြစ်စေသည်။ တောင်ပေါ်လူမျိုးစုများသည် ရာဇဝတ်မှုမြောက်သည့် အပြုအမူဆောင်ရွက်ချက် မရှိသော်လည်း သံသယရှိယုံမျှဖြင့် ဥပဒေမဲ့ဖမ်းဆီးခြင်းနှင့် ချုပ်နှောင်ခြင်းများ ခံခဲ့ရသည်။ သို့ရာတွင် နိုင်ငံ၏ (လေထု) ညစ်ညမ်းမှုနှင့် သစ်တောပြုန်းတီးမှု ပြဿနာများ၌ လက်တွေ့အမှန် တကယ်ပေါ်ပေါက်နေသည့် ပြဿနာများကို ကိုင်တွယ် ဖြေရှင်းခြင်း မပြုဘဲ အပြစ်ရှိသူများ ဟူ၍ ဖော်ထုတ်သတ်မှတ်လိုက်ရုံမျှဖြင့် ပြေလည်သွားနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် လေထုညစ်ညမ်းမှုအတွက် တောင်ပေါ်လူမျိုးစုများအပေါ် အပြစ်တင်မည်ဆိုပါက အမှန် တကယ် ညစ်ညမ်းစေသူများကို မျက်နှာလွှဲရာ ရောက်စေ လိမ့်မည်ဖြစ်သည်။

၂၁.၅ လူမျိုးရေးခွဲခြားဆက်ဆံမှုအား ကုလသမဂ္ဂတွင် စောင့်ကြည့်ခြင်း

အခြားစာချုပ်များကဲ့သို့ပင် ICERD ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများအား စာချုပ်အဖွဲ့အပြင် ပဋိညာဉ်အခြေပြု ယန္တရားများဖြင့် ကုလသမဂ္ဂတွင် စောင့်ကြည့် စစ်ဆေးသည် (ဤပြဋ္ဌာန်းစာအုပ်၏ အခန်း ၅ တွင် ဖော်ပြထားသည်)။ လူမျိုးရေးခွဲခြားမှု ပြဿနာအား အရေးကြီးသည်ဟု သတ်မှတ်ခဲ့သဖြင့် ကုလသမဂ္ဂစတင်ဖွဲ့စည်းသည့် အချိန်မှစကာ ထိုအရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းမည့် ယန္တရာများ ထားရှိခဲ့ခြင်း ဖြစ်သည်။

၂၁. ၅. ၁. သဘောတူစာချုပ်အခြေပြု ယန္တရားများ

လူမျိုးရေးခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာကော်မတီသည် စာချုပ်ဝင်နိုင်ငံများ၏ ICERD အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို စောင့်ကြည့်စစ်ဆေးသည်။ ကော်မတီမှ ဆောင်ရွက်သည့် လုပ်ဆောင်ချက်များတွင် နိုင်ငံများအနေဖြင့် ကော်မတီထံသို့ အဖွဲ့ဝင်အဖြစ်စတင်ပါဝင်သည့်အချိန်မှ ၂ နှစ်လျှင်တစ်ကြိမ် အချိန်မှန် အစီရင်ခံစာများ တင်သွင်းရန်လိုအပ်သည်။ သို့သော် နိုင်ငံအများစုသည် ၈ နှစ်မှ ၁၀ နှစ်လျှင် တစ်ကြိမ်သာ အစီရင်ခံစာများ တင်သွင်းကြသည်။ အစီရင်ခံစာအား ပြန်လည်စစ်ဆေးသည့် လုပ်ငန်းစဉ်အတွင်း ကော်မတီသည် စာချုပ်ဝင်နိုင်ငံနှင့် အပြုသဘောဆွေးနွေးမှုများ လုပ်ဆောင်ပြီး အပြီးသတ် တွေ့ရှိချက်များကို ထုတ်ပြန်ပေးသည်။ ထိုထုတ်ပြန်ချက်များကို အကဲဖြတ်ခြင်းဖြင့် ကော်မတီ၏ အရှေ့တောင်အာရှ နိုင်ငံများနှင့် ပတ်သက်သော တွေ့ကြုံနေကျ စိုးရိမ်မှုအချို့ကို တွေ့နိုင်သည်။ စိုးရိမ်မှုတစ်ခုမှာ မြေရာသိမ်းယူခြင်း သို့မဟုတ် ဌာနေတိုင်းရင်းသားအုပ်စုများအား အတင်းအကြပ် နေရာပြောင်းရွှေ့စေခြင်း ဖြစ်သည်။ အခြားတစ်ခုမှာ လူမျိုးရေးခွဲခြားဆက်ဆံမှုအား ပြည်တွင်းဥပဒေများတွင် ရှင်းရှင်းလင်းလင်း အသေးစိတ် ပြဋ္ဌာန်းသတ်မှတ်ထားမှု မရှိခြင်းဖြစ်သည်။ နိုင်ငံများတွင် ခွဲခြားဆက်ဆံမှုမပြုခြင်းဆိုင်ရာ ဥပဒေများ ရှိကြသော်လည်း လူမျိုးရေးခွဲခြားဆက်ဆံမှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ မပါရှိကြပေ။ တိုင်းရင်းသား ဘာသာစကားများအပေါ် ပံ့ပိုးမှု၊ လူနည်းစုများမှ အမျိုးသမီးများအပေါ် ပြုမူဆက်ဆံမှု၊ ပညာရေး လက်လှမ်းမီနိုင်မှု စသည့်တို့နှင့် ပတ်သက်သည့် စိုးရိမ်မှုများသည်လည်း မကြာခဏဆိုသလိုပင် ပေါ်ပေါက် လာသည်။

ဇယား ၂၁.၂ - ICERD ကော်မတီထံသို့ တင်သွင်းသည့် အရှေ့တောင်အာရှနိုင်ငံများ၏ အစီရင်ခံစာများ (၂၀၁၉ အရ)

နိုင်ငံ	အတည်ပြုလက်မှတ် ရေးထိုးသည့်နှစ်	စာချုပ်ဝင်နိုင်ငံများ ၏ အစီရင်ခံစာ တင်သွင်းသည့်နှစ်
ဘရူနိုင်း ဒါရုဆလင်	အတည်ပြုလက်မှတ်ရေးထိုးထားခြင်း မရှိ	-
ကမ္ဘောဒီးယား	၁၉၈၃	၁၉၉၇၊ ၂၀၀၉၊ ၂၀၁၈
အင်ဒိုနီးရှား	၁၉၆၆	၂၀၀၆
လာအို PDR	၁၉၇၄	၂၀၀၄၊ ၂၀၁၁
မလေးရှား	အတည်ပြုလက်မှတ်ရေးထိုးထားခြင်း မရှိ	-
မြန်မာ	အတည်ပြုလက်မှတ်ရေးထိုးထားခြင်း မရှိ	-
ဖိလစ်ပိုင်	၁၉၆၇	၁၉၉၇၊ ၂၀၀၈
စင်္ကာပူ	၂၀၁၇	၂၀၁၈
ထိုင်း	၂၀၀၃	၂၀၁၁၊ ၂၀၁၉
တီမောလ်လက်စ်	၂၀၀၃	တင်သွင်းခြင်း မရှိ။
ဗီယက်နမ်	၁၉၈၂	၁၉၉၃၊ ၂၀၀၀၊ ၂၀၁၁

စာချုပ်ဝင်နိုင်ငံများ၏ အစီရင်ခံစာများအပြင် စာချုပ်အဖွဲ့သည် ICERD အရ အကာအကွယ်ပေးထားသည့် အခွင့်အရေးများ၏ နယ်ပယ်နှင့် ပါဝင်သောအကြောင်းအရာများအကြောင်း ရှင်းလင်းစေရေးအတွက် အထွေထွေအကြံပြုချက်များ သို့မဟုတ် ရှင်းလင်းချက်များကိုလည်း ထုတ်ပြန်လေ့ရှိသည်။ စုစုပေါင်းအားဖြင့် အထွေထွေအကြံပြုချက်ပေါင်း ၃၅ ခု ထုတ်

ပြန်ထားပြီး သဘောတူစာချုပ်ပါ စာချုပ်အပိုဒ်တစ်ခုချင်းကို လည်းကောင်း၊ နိုင်ငံသား မဟုတ်သူများ၊ ဌာနေတိုင်းရင်းသားအုပ်စုများ၊ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်များကဲ့သို့ သီးခြားကိစ္စ ရပ်များအကြောင်းကိုလည်း ရှင်းလင်းဖော်ပြထားသည်။ ICERD ကော်မတီသည် တစ်ဦးချင်း ဆက်သွယ်တိုင်တန်းချက်များကို လက်ခံပေးသော်လည်း မည်သည့် အရှေ့တောင်အာရှနိုင်ငံ ကမျှ တစ်ဦးချင်းတိုင်တန်းလွှာများကို လက်ခံ ခွင့်ပြုထားခြင်း မရှိသေးချေ (တောင်ကိုရီး ယားနိုင်ငံသည် တစ်ဦးချင်းတိုင်တန်းလွှာများ လက်ခံသည့် တစ်ခုတည်းသော အာရှနိုင်ငံ ဖြစ်သည်)။ ၂၀၁၉ အချက်အလက်အရ တိုင်တန်းမှုပေါင်း ၅၈ ခုရှိပြီးလျှင် ၁၅ ခုအား ချိုး ဖောက်မှုများအဖြစ် စစ်ဆေး တွေ့ရှိခဲ့သည်။ အာရှတွင် ဖြစ်ပွါးခဲ့သည့် တစ်ခုတည်းသော ဖြစ်ရပ်မှာ တောင်ကိုရီးယားနိုင်ငံရှိ အင်္ဂလိပ်စကားသင်ကြားသူတစ်ဦးက လူမျိုးရေးခွဲခြား ဆက်ဆံကြောင်း တိုင်တန်းခဲ့သည့် ကိစ္စဖြစ်သည်။ သူမအား ဘာသာစကား သင်ကြားရေး ကျောင်းတစ်ခုတွင် အလုပ်ဆက်လက် လုပ်ကိုင်ရန်အတွက် မူးယစ်ဆေးဝါး ဆေးစစ်ချက်နှင့် HIV ဆေးစစ်ချက် လိုအပ်သည်ဟု သတ်မှတ်မှုကြောင့် တိုင်တန်းလွှာတင်သွင်းခဲ့ခြင်း ဖြစ် သည်။ တိုင်တန်းလွှာအရ HIV ဆေးစစ်ချက်ကို ရွှေ့ပြောင်းအလုပ်သမားများအားလုံး လုပ်ရန် မလိုအပ်ဘဲ အင်္ဂလိပ်စကား သင်ကြားသည့် ဆရာ/မများအတွက်သာ လိုအပ်ခြင်းဖြစ်သည်။ တောင်ကိုရီးယား အစိုးရအနေဖြင့် ထိုသို့စစ်ဆေးခြင်းအပေါ် ကျိုးကြောင်းပြချက် တစ်စုံတစ် ရာ ထုတ်ပြန်ခဲ့ခြင်းမရှိပေ။ ထိုဖြစ်ရပ်တွင် ခွဲခြားဆက်ဆံခြင်းသည် လူမျိုးရေးတစ်ခုတည်း သက်သက်အပေါ် အခြေပြုထားခြင်း မဟုတ်သဖြင့် စိတ်ဝင်စားဖွယ်ကောင်းလှသည်။ တိုင်တန်းသူဆရာမသည် နယူးဇီလန်နိုင်ငံသူ ဖြစ်သော်လည်း သူမတွေ့ကြုံခဲ့ရသည့် ခွဲခြား ဆက်ဆံမှု အခြေခံအကြောင်းရင်းသည် နိုင်ငံခြားသားဖြစ်မှု အနေအထားကြောင့် ဖြစ်သည်။

လူမျိုးရေးခွဲခြားမှုကို တိုက်ဖျက်ရန် ICERD ကော်မတီ၌ ထင်ရှားသည့် ယန္တရား ၂ ခု ရှိသည်။ ပထမတစ်ခုသည် ကနဦးကြိုတင်သတိပေးခြင်းနှင့် အရေးပေါ်အယူခံ တင်သွင်းခြင်း ယန္တရား ဖြစ်ပြီး ကော်မတီအနေဖြင့် ဖြစ်ပေါ်နေသည့် အခြေအနေများအား ပဋိပက္ခများအဖြစ် ကူးပြောင်းမည့်အရေးကို ကာကွယ်တားဆီးရန်အလို့ငှာ ကနဦးအကြို သတိပေးခြင်းများ သို့မဟုတ် အရေးပေါ်နည်းလမ်းများ ချမှတ်ဆောင်ရွက်နိုင်သည်။ ၎င်းသည် မကြာခဏ ကျင့်သုံးသည့် နည်းလမ်းတစ်ခုဖြစ်ပြီး ၂၀၁၉ ခုနှစ်အတွင်း ကနဦးကြိုတင် သတိပေးမှု ၁၇ ခုကို ထုတ်ပြန်ခဲ့သည်။ ဥပမာအားဖြင့် ထိုင်း၊ ဖိလစ်ပိုင် နှင့် အင်ဒိုနီးရှားနိုင်ငံများသည် လွန်ခဲ့ သည့် ၂ နှစ်အတွင်း ကနဦးကြိုတင်သတိပေးချက်များ ရရှိခဲ့သည်။ ထို့ကြောင့်ပင် စာချုပ်အဖွဲ့ သည် ၂၀၁၈ ခုနှစ်၊ မေလတွင် ဖိလစ်ပိုင်နိုင်ငံအတွက် ဆက်သွယ် အကြောင်းကြားချက် တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး ဌာနေတိုင်းရင်းသားခေါင်းဆောင်များနှင့် လူ့အခွင့်အရေး ရပ်တည် ကာကွယ်သူများအား ပစ်မှတ်ထားနေခြင်းအပေါ် စိုးရိမ်မှုရှိကြောင်း ဖော်ပြခဲ့သည်။

အခြားယန္တရားတစ်ခုမှာ စာချုပ်ဝင်နိုင်ငံအချင်းချင်းအကြား တိုင်တန်းမှုဖြစ်ပြီး ၎င်းအရ နိုင်ငံ တစ်ခုသည် အခြားနိုင်ငံတစ်ခုအပေါ် တိုင်တန်းလွှာများ တင်သွင်းနိုင်ခြင်း ဖြစ်သည်။ ထိုကဲ့

သို့ယန္တရားသည် သဘောတူစာချုပ်အားလုံးနီးပါးတွင် ထားရှိသော် လည်း ICERD စာချုပ်အရ သာလျှင် နိုင်ငံအချင်းချင်းတိုင်တန်းလွှာများရှိခဲ့ပြီး များမကြာမီ ကာလ၌ပင် တိုင်တန်းခဲ့ခြင်း သည်။ ယခုအချိန်အထိ တိုင်းတန်းမှုပေါင်း ၃ ခုရှိပြီး ပါလက်စတိုင်းနိုင်ငံက အစ္စရေးနိုင်ငံ အပေါ် တိုင်တန်းချက်၊ ကာတာနိုင်ငံက ဆော်ဒီအာရေးဘီးယားနိုင်ငံနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုအပေါ် တိုင်တန်းချက်များ ဖြစ်သည်။ ထိုတိုင်တန်းမှုအားလုံးကို စာချုပ်အဖွဲ့က လက်ခံခဲ့ပြီးလျှင် ၂၀၁၉ နှစ်ကုန်အရ ထပ်မံ စုံစမ်းစစ်ဆေးရန် ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်း ပေးခဲ့သည်။

၂၁.၅.၂ ကုလသမဂ္ဂတွင် လူမျိုးရေးခွဲခြားမှုပပျောက်ရေးအတွက် ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်ခြင်း

ကုလသမဂ္ဂသည် လူမျိုးရေးခွဲခြားမှုအပေါ် နည်းလမ်းများစွာဖြင့် ကိုင်တွယ်ဖြေရှင်းလျက် ရှိသည်။ ဥပမာအားဖြင့် ကမ္ဘာ့နိုင်ငံများ လူ့အခွင့်အရေး ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ်တွင် ICERD သည် နိုင်ငံများက မေးမြန်းလာသည့် လူမျိုးရေးခွဲခြားမှု ပပျောက်ရေးဆိုင်ရာ မေးခွန်း များ၊ အကြံပြုချက်များအပေါ် ဆွေးနွေးပေးသည်။ အထက်တွင် ဖော်ပြခဲ့သည့် အတိုင်းပင် လူမျိုးရေးခွဲခြားမှု၊ လူမျိုးရေးခွဲခြားဆက်ဆံမှု၊ သူစိမ်းကြောက်ရွံ့မုန်းတီးစိတ်နှင့် ဆက်စပ် သည့် သဘောထားသေးသိမ်မှုများဆိုင်ရာ ခေတ်သစ်ပုံစံများအတွက် ကုလသမဂ္ဂ အထူး စုံစမ်းစစ်ဆေးရေးအရာရှိတစ်ဦးလည်း ထားရှိပေသည်။ ၎င်းကို ယဉ်ကျေးမှုအခွင့်အရေးများ ဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိများ၊ ဌာနေ တိုင်းရင်းသားများ၏ အခွင့်အရေးများ ဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိများဖြင့် အားဖြည့်ပေးထားသည်။ အထူးစုံစမ်းစစ် ဆေးရေးအရာရှိ၏ လုပ်ဆောင်မှုများအဖြစ် နိုင်ငံများထံသို့ သွားရောက် စစ်ဆေးခြင်းများ၊ အကြောင်းအရာအလိုက် လေ့လာမှုများ ဆောင်ရွက်ခြင်း၊ တိုင်ပင်ဆွေးနွေးပွဲများ ကျင်းပ ခြင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများ တိုးတက်ရေးတွင် ပါဝင် ပံ့ပိုးပေးခြင်း များ ပါဝင်သည်။

မှတ်သားဖွယ် နောက်ဆုံးယန္တရားတစ်ခုမှာ လူမျိုးရေးခွဲခြားမှု၊ လူမျိုးရေးခွဲခြား ဆက်ဆံမှု၊ သူစိမ်းကြောက်ရွံ့မုန်းတီးစိတ်နှင့်အတူ ဆက်စပ်သည့် သဘောထားသေးသိမ်မှုများ ဆန့် ကျင်ရေးဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာညီလာခံ (WCAR) ဖြစ်သည်။ ကမ္ဘာလုံး ဆိုင်ရာညီလာခံများ (၁၉၇၈၊ ၁၉၈၃၊ ၂၀၀၁ နှင့် ၂၀၀၉ ဟူ၍) ၄ ကြိမ်ရှိခဲ့သော်လည်း ၂၀၀၁ ခုနှစ် တောင်အာဖရိကနိုင်ငံ၊ ဒါဘန်မြို့တွင် ကျင်းပခဲ့သည့် WCAR သည် အထင်ရှားဆုံးဖြစ်သည်။ ခက်ခဲသည့်ဆွေးနွေးမှုများစွာအပြီး ဒါဘန် ကြေညာစာတမ်း နှင့် ဆောင်ရွက်ရန်အစီအစဉ်[43] ကို ထိုညီလာခံတွင် ချမှတ်နိုင်ခဲ့ပြီး ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လူမျိုးရေးခွဲခြားမှု

[43] United Nations (see note 2 above).

နှင့် လူမျိုးရေးခွဲခြားဆက်ဆံမှုများ တိုက်ဖျက်နိုင်ရေးအတွက် ပြည်တွင်းအဆင့်၊ ဒေသတွင်းအဆင့်နှင့် နိုင်ငံတကာအဆင့်အလိုက် နည်းလမ်းများစွာဖြင့် ဆောင်ရွက်ကြရန် ကတိကဝတ် ပြုခဲ့ကြသည်။ ဆွေးနွေးပွဲအတွင်း အမေရိကန်နှင့် အစ္စရေးကိုယ်စားလှယ်များက အနည်းငယ် သဘောထား ကွဲလွဲခဲ့ကြသည်။ အကြောင်းရင်းမှာ ကြေညာချက်မူကြမ်းတွင် ဂျူးနိုင်ငံတည် ထောင်ရေးဝါဒ Zionism ၏ လူမျိုးရေးခွဲခြားသည့် ကျင့်သုံးပုံများကို ကိုးကားဖော်ပြထား ခြင်း၊ အစ္စရေးတို့၏ ပါလစ္စတိုင်းလူမျိုးများအပေါ် ဆက်ဆံပုံများသည် ခေတ်သစ် 'အသားအ ရောင် ခွဲခြားမှု' ပုံစံတစ်ရပ်အဖြစ် ဝေဖန်ထားခြင်းများကြောင့် ဖြစ်သည်။ ထို့ပြင် ဥရောပနိုင်ငံ များမှ ကိုယ်စားလှယ်များကလည်း ကျွန်ုပ်ပြုမူအပေါ် ၎င်းတို့၏ တောင်းပန်ချက်များကြောင့် လျော်ကြေးငွေတောင်းဆိုမှုကိစ္စများ ပေါ်ပေါက်လာမည့်အရေးကို စိုးရိမ်ခဲ့ပြီး အပြည့်အဝ တောင်းပန်ရန် ငြင်းဆိုခဲ့ကြသည်။ ၎င်းအပြင် အိန္ဒိယအစိုးရကလည်း အမျိုးဇာတ်သဘော သည် လူမျိုးသဘောနှင့် မတူညီသဖြင့် ဤနေရာတွင် အမျိုးဇာတ်ကိစ္စအား ဆွေးနွေးသည့် အကြောင်းအရာတစ်ခုအဖြစ် မသတ်မှတ်သင့်ကြောင်း၊ အမျိုးဇာတ်အလိုက် ခွဲခြားဆက်ဆံ ခြင်းသည် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် မတူညီနိုင်ကြောင်း သဘောထားဖော်ပြခဲ့သည်။ သဘောထားကွဲလွဲမှုများ မည်သို့ပင် ရှိစေကာမူ ကမ္ဘာလုံးဆိုင်ရာညီလာခံမှ ထွက်ပေါ်လာ သည့် စာချုပ်စာတမ်းသည် လူမျိုးရေးခွဲခြား ဆက်ဆံမှု၊ အမျိုးမျိုးသော ခေတ်သစ် လူမျိုးရေး ခွဲခြားမှုနှင့် ထို ပြဿနာရပ်များအပေါ် ကိုင်တွယ် ဖြေရှင်းမည့်နည်းလမ်းများအကြောင်းကို နိုင်ငံများ အချင်းချင်း အတူတကွ ဆွေးနွေးနိုင်ခဲ့သည့်အတွက် အရေးပါသည့် မှတ်တိုင်တစ်ခု ဖြစ်ခဲ့သည်။

၂၁.၆ ခေတ်သစ် လူမျိုးရေးခွဲခြားမှု ပုံစံများ

မျိုးနွယ်စုတစ်ခုလုံး၏ လူဂုဏ်သိက္ခာများ လက်လွတ်ဆုံးရှုံးခဲ့ရကာ တစ်ဦးချင်းစီ၏ ပိုင်ဆိုင်မှု ပစ္စည်းများအား 'ပိုမိုကြီးမြင့်သော' လူမျိုးတစ်ခု၏အပိုင်အဖြစ် ပေးလိုက်သည့် ကျွန်ုပ်ပြုမူ အလေ့အထများကို ဖျက်သိမ်းခဲ့ပြီးဖြစ်သည်။ တောင်အာဖရိကရှိ အသား အရောင်ခွဲခြားမှု၊ အမေရိကန်ရှိ စာသင်ကျောင်းများ ခွဲခြားထားသည့်စနစ်များ ကဲ့သို့ လူမျိုးရေးခွဲခြားသည့် အလေ့အထများကိုလည်း ဖျက်သိမ်းခဲ့ကြသည်။ သို့ရာတွင် ထိုကဲ့သို့ပြောင်းလဲမှုများဖြင့် လူ့အဖွဲ့အစည်းဆိုင်ရာ လူမျိုးရေးခွဲခြားဆက်ဆံမှု ပုံစံ အားလုံးသည် ပပျောက်သွားခဲ့ပြီဟု မဆိုနိုင်ချေ။ မျက်မှောက်ခေတ်ကာလရှိ လူမျိုးရေး ခွဲခြားမှုနှင့် လူမျိုးရေးခွဲခြားဆက်ဆံမှုပုံစံ များမှာ ပြောင်းလဲခဲ့သည်။ အောက်ပါအခန်း တွင် မျက်မှောက်ခေတ် လူမျိုးရေးခွဲခြားဆက်ဆံ ခြင်းဆိုင်ရာ ပြဿနာ ၃ ရပ်ကို ဆွေးနွေး ထားပြီး ၎င်းတို့မှာ ဂျဲန်ဒါနှင့် လူမျိုးရေး ဖြတ်သန်း ရောယှက်မှု၊ လူမျိုးရေး တံဆိပ်ကပ်မှု၊ နှင့် သယံဇာတ တူးဖော်ရေးလုပ်ငန်းများကြောင့် ဌာနေတိုင်းရင်းသား အုပ်စုများ မည်သို့ ခြိမ်းခြောက်ခံနေရခြင်းအကြောင်းများ ဖြစ်သည်။

၂၁. ၆. ၁. လူမျိုးရေးခွဲခြားဆက်ဆံမှုအပေါ် ဂျန်ဒါဆိုင်ရာ ရှုထောင့်များ

လူမျိုးရေးခွဲခြားဆက်ဆံမှုသည် အမျိုးသားနှင့် အမျိုးသမီးများအပေါ် သက်ရောက်မှု မတူညီပေ။ ဂျန်ဒါအပေါ် ထားရှိသည့် လူမှုသတ်မှတ်ချက်များကြောင့် ကျားမရေးရာ ခွဲခြား ဆက်ဆံမှုများ ဖြစ်စေနိုင်သည်၊ ထိုမှတစ်ဖန် လူမျိုးစုအပေါ်ထားရှိသည့် လူမှု သတ်မှတ်ချက်များကြောင့်လည်း ခွဲခြားဆက်ဆံမှုများအား ထပ်မံအားကောင်း အရှိန်ရလာစေသည်။ ထို့ကြောင့် ဌာနေတိုင်းရင်းသားအမျိုးသမီးတစ်ဦးအတွက် ဥပမာ ပညာရေး လက်လှမ်းမီခြင်း၊ သို့မဟုတ် ရဲများ၏ ဥပဒေမဲ့ ရှာဖွေခံရခြင်း စသည်တို့တွင် သူမ၏ လူမျိုးဖြစ်မှုကြောင့် ခွဲခြားဆက်ဆံခြင်း ခံရနိုင်ပေသည်။ ထို့ထက်ပိုသည့် ကိစ္စမှာ သူမ၏ အမျိုးသမီးတစ်ဦးဖြစ်မှုကြောင့် တူညီသော လုပ်ခလစာများ မရရှိခြင်း၊ ကလေးများအတွက် အဓိက ကြည့်ရှုစောင့်ရှောက်သူအဖြစ် သာ နေစေခြင်း စသည့် ခွဲခြား ဆက်ဆံခြင်းများကိုလည်း ခံရနိုင်ပေသည်။ ဤဖြစ်စဉ်ကို ဖြတ်သန်းရောယှက်မှု ဖြစ်စဉ်ဟု ခေါ်ကြသည် (အခန်း ၉ ရှိ အမျိုးသမီးများအကြောင်းတွင် အကျဉ်းချုပ် ဆွေးနွေးထားသည်)။ ဥပမာအားဖြင့် မသန်စွမ်းသူတစ်ဦးသည် LGBTQI ဖြစ်နေလျှင်သော်လည်းကောင်း၊ သို့မဟုတ် နိုင်ငံသားမဟုတ်လျှင်သော်လည်းကောင်း ထိုကဲ့သို့ ခွဲခြားဆက်ဆံမှုများ ပေါင်းဆုံသွားနိုင်ပေသည်။ သဘောတူစာချုပ်အဖွဲ့သည် ၎င်း၏ အထွေထွေမှတ်ချက် ၂၅ တွင် စစ်ပွဲအတွင်း သို့မဟုတ် ရဲအချုပ်၌ရှိနေစဉ်အတွင်း လူမျိုးစု သို့မဟုတ် တိုင်းရင်းသားအုပ်စုများမှ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများ အပါအဝင် စိုးရိမ်မှုရှိသည့် နယ်ပယ်များကို အလေးပေး ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံအပေါ်တွင် ထိုကဲ့သို့စိုးရိမ်မှုများရှိခဲ့ပြီး မကြာမီကဖြစ်ပွါးခဲ့သည့် ရိုဟင်ဂျာ လူမျိုးများအား လူမျိုးရေး ရှင်းလင်းမှုတွင် ရိုဟင်ဂျာအမျိုးသမီးများအပေါ် မုဒိမ်းပြုကျင့်ကြောင်း တိုင်တန်းမှုများစွာ ပေါ်ပေါက်ခဲ့သည်။ အလားတူပင် ဖိလစ်ပိုင်နိုင်ငံရှိ ရဲများသည် ဌာနေတိုင်းရင်းသားအုပ်စုများနှင့် လူနည်းစုအုပ်စုများမှ အမျိုးသမီးများအပေါ် ချုပ်နှောင်ထားစဉ်အတွင်း နှိပ်စက်ညှဉ်းပန်းကြောင်း တိုင်းတန်းလွှာများ ပေါ်ပေါက်ခဲ့ သည်။

၂၁.၆.၂ ဥပဒေအရ အရေးယူဆောင်ရွက်ရာတွင် လူမျိုးရေး တံဆိပ်ကပ်ခြင်း

ဥပဒေကိုအရေးယူဆောင်ရွက်ကြသည့် တာဝန်ရှိပုဂ္ဂိုလ်များသည် လူပုဂ္ဂိုလ်တစ်ဦးအား အသေးစိတ်ရှာဖွေခြင်း၊ အထောက်အထား စစ်ဆေးခြင်း နှင့် စုံစမ်းစစ်ဆေးခြင်းများ လုပ်ဆောင်ရာတွင် လူမျိုး၊ အသားအရောင်၊ နိုင်ငံသား၊ သို့မဟုတ် လူမျိုးဇစ်မြစ်စသည့် အချက်များအပေါ် တိုင်းတာအခြေပြုပြီး ဆောင်ရွက်လေ့ရှိသည်။ လူမျိုးရေးတံဆိပ်ကပ်ခြင်းနှင့် ပြစ်မှုဆိုင်ရာတံဆိပ်ကပ်ခြင်းကို ခွဲခြားနားလည်ထားရမည်ဖြစ်သည်။ ပြစ်မှုဆိုင်ရာ တံဆိပ်ကပ်ခြင်းဆိုသည်မှာ ပြစ်မှုကျူးလွန်သည့်မြင်ကွင်းအပေါ် ခွဲခြမ်းစိတ်ဖြာ လေ့လာကာ ကျူးလွန်သူ၏ ဖြစ်နိုင်ချေရှိသည့် ကိုယ်ရည်ကိုယ်သွေး၊ ရုပ်သွင်ပြင် စရိုက်လက္ခဏာများကို အတည်ပြုနိုင်ရန် အသုံးပြုသည့် စုံစမ်းစစ်ဆေးရေး နည်းဗျူဟာ တစ်ခုဖြစ်သည်။ ဥပမာ - ပြစ်မှုဖြစ်

ပွါးချိန်အတွင်း နိုင်ငံခြားဘာသာစကားတစ်ခု အသုံးပြုကြောင်း သက်သေတစ်ဦးက ထွက်ဆို ခဲ့ပါက ထိုအချက်သည် သံသယရှိသူအပေါ် ပြစ်မှုဆိုင်ရာတံဆိပ်ကပ်နိုင်ရန် အထောက်အကူ ဖြစ်စေသည်။ ထိုသို့မဟုတ်ဘဲ ပြစ်မှုသည် မြို့၏ ဆင်းရဲသားရပ်ကွက်တစ်ခုတွင် ဖြစ်ပွါးခဲ့မှု ကြောင့် နိုင်ငံခြားသားတစ်ဦးက ကျူးလွန်ခဲ့ခြင်းဖြစ်တန်ရာသည်ဟု ရဲများက ကောက်ချက်ချ ခဲ့ပါမူ လူမျိုးရေး တံဆိပ်ကပ်ခြင်း ဖြစ်နိုင်ပေသည်။ အချို့သောလူများအပေါ် ရှာဖွေခြင်း၊ အထောက်အထားစစ်ဆေးခြင်း၊ ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရာတွင် ပြင်ပ သွင်ပြင် လက္ခဏာရပ်များဖြစ်သည့် အသားအရောင်၊ ရုပ်ရည် သို့မဟုတ် နိုင်ငံသားဖြစ်မှုအား မှန်းဆခန့်မှန်းချက်များအပေါ် အခြေပြုပြီး ဥပဒေရေးရာ အကောင်အထည်ဖော်မှုများ လုပ်ဆောင်ခြင်းသည် လူမျိုးရေးတံဆိပ်ကပ်ခြင်း၏ အကျိုးဆက်ပင် ဖြစ်သည်။

ၚင်းကို လူမျိုးရေးခွဲခြားဆက်ဆံမှုပုံစံတစ်ခုအဖြစ် ကုလသမဂ္ဂတွင် လက်ခံထားနှင့်ပြီး ဖြစ် သည်။ ၂၀၀၉ ခုနှစ်တွင် စပိန်နိုင်ငံအပေါ် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီထံသို့ တိုင်တန်းလွှာတစ်ခု တင်သွင်းခဲ့သည်။ တိုင်တန်းမှုကို ရှိ့စလင်း ဝီလျံ ဆိုသူ အမျိုးသမီးက တိုင်တန်းခဲ့ခြင်းဖြစ်ပြီး သူမအား စပိန်ရဲတစ်ဦးအား မီးရထားဘူတာရုံ တစ်ခုတွင် အထောက် အထား စာရွက်စာတမ်းများ တောင်းယူကြည့်ခဲ့ခြင်းကြောင့် ဖြစ်သည်။ တိုင်တန်းမှုတွင် တိုင်တန်းသူက အခြားမည်သူ့ကိုမျှ သူမကဲ့သို့ အထောက်အထားစစ်ဆေးမှု လုပ်ဆောင်ခဲ့ ခြင်းမရှိကြောင်း၊ ရဲအရာရှိကလည်း သူမ၏ ပုံပန်းသဏ္ဌာန်ကြောင့် (အခြားသူများမဟုတ်ဘဲ) သူမကိုသာ အထောက်အထားများ တောင်း ယူကြည့်ရှုသည်ဟု ဆိုကြောင်း ဖော်ပြခဲ့သည်။ အမှန်တွင် ရဲအရာရှိက "မင်းက လူမည်းဖြစ်လို့ စစ်ဆေးတာ" ဟု ပြောဆိုခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ရှိ့စလင်းက လူမျိုးရေးခွဲခြားဆက်ဆံခံရသည်ဟုဆိုကာ ကုလမသဂ္ဂလူ့အခွင့် အရေးကော်မတီထံသို့ တိုင်တန်းလွှာ တင်သွင်းခဲ့ခြင်း ဖြစ်သည်။ လူ့အခွင့်အရေး ကော်မတီ က လေ့လာတွေ့ရှိ သည်မှာ

> *အများပြည်သူ လုံခြုံရေးနှင့် ပြစ်မှုများ တားဆီးကာကွယ်နိုင်ရေး၊ သို့မဟုတ် တရားမဝင်လူဝင်မှုများအပေါ် ထိန်းချုပ်ရန်ရည်ရွယ်ချက်များဖြင့် လုပ်ဆောင် သော အထောက်အထားစစ်ဆေးခြင်းသည် ယေဘုယျအားဖြင့် တရားဝင် လုပ် ရုပ်ဖြစ်သည်။ သို့ရာတွင် ထိုကဲ့သို့ စစ်ဆေးခြင်းများ လုပ်ဆောင်ရာ၌ အာဏာ ပိုင်များသည် လူပုဂ္ဂိုလ်များ၏ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် တိုင်းရင်းသား လူမျိုး ဆိုင်ရာ သွင်ပြင်လက္ခဏာများကို နိုင်ငံတွင်း တရားမဝင် ရောက်ရှိနေမှု ဖြစ် နိုင်ချေအတွက် ဖော်ညွှန်းချက်တစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားခြင်း မပြုရပေ။ ထို့အတူ အချို့သောရုပ်လက္ခဏာရှိမှု သို့မဟုတ် တိုင်းရင်းသား ဖြစ်မှုများ ကြောင့် အထောက်အထား စစ်ဆေးခြင်းမျိုး မပြုလုပ်ရပေ။ ထိုသို့ ပြုလုပ်ခြင်း သည် ထိခိုက်နစ်နာသူများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေရုံသာမက သူစိမ်း ကြောက်ရွံ့ မုန်းတီးစိတ် သဘောထားအမြင်များကိုလည်း လူထုအကြား ပျံ့နှံ့*

သွားစေနိုင်ပေသည်။ ထိုအခါ လူမျိုးရေးခွဲခြားဆက်ဆံမှုအပေါ် ထိရောက်စွာ တိုက်ဖျက်ရေး ပေါ်လစီနှင့် ကိုက်ညီမှုရှိတော့မည် မဟုတ်ချေ။[44]

၂၀၁၅ ခုနှစ်တွင် လူမျိုးရေးခွဲခြားမှုဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိသည် ၎င်း၏ လူ့အခွင့်အရေးကောင်စီထံသို့တင်သွင်းသည့် အစီရင်ခံစာ၌ လူမျိုးရေးတံဆိပ်ကပ်မှု အရေးကိစ္စကို ဖော်ပြခဲ့သည်၊ ယဉ်စည်းကမ်းချိုးဖောက်မှုများ သို့မဟုတ် 'ရပ်ပြီး အစစ် ခံရခြင်း' စစ်ဆေးမှုများတွင် လူနည်းစုအုပ်စုဝင်များကို မမျှမတ ပစ်မှတ်ထားခြင်းများ၊ ပုံမှန် မဟုတ်သော လူဝင်မှုများ စစ်ဆေးရန်အတွက် လူနည်းစု အုပ်စုဝင်များအား ပစ်မှတ်ထားခြင်းများ၊ ဥပဒေကို အကောင်အထည်အဖော်နေသူများက လူနည်းစုများအပေါ် အင်အားသုံးခြင်းများ ပိုမိုများပြားလာခြင်း စသည်တို့သည် လူမျိုးရေးတံဆိပ်ကပ်ခြင်း အရေးကိစ္စများ ဖြစ်သည်။[45] အကြမ်းဖက်မှုနှိမ်နှင်းရေး စစ်ဆင်ရေးများနှင့် ဆက်စပ်၍လည်း လူမျိုရေးနှင့် တိုင်းရင်းသား ဖြစ်မှုအပေါ် တံဆိပ်ကပ်လိုက်မှုများ ပိုမို တိုးမြင့်လာစေကြောင်း သတိပြုခဲ့ကြသည်။ ထို့ကြောင့် အရှေ့တောင်အာရှတစ်လွှားတွင် ရွှေ့ပြောင်းအလုပ်သမားများသည် အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံသားများ ဖြစ်လျှင် သို့မဟုတ် မြန်မာနိုင်ငံသားများဖြစ်လျှင် ရဲများ၏ စစ်ဆေးရှာဖွေမှုကို မကြာခဏခံကြရပြီး လူမျိုးရေးတံဆိပ်ကပ်မှုများ ပုံမှန်ဖြစ်ပေါ်လေ့ ရှိသည်မှာ အထူးအဆန်းကိစ္စ တစ်ခု မဟုတ်ပေ။

ဆွေးနွေးခြင်းများနှင့် အပြန်အလှန်ဝေဖန်ခြင်း

လူမျိုးရေးတံဆိပ်ကပ်ခြင်းလား? ပြစ်မှုဆိုင်ရာ တံဆိပ်ကပ်ခြင်းလား?

နိုင်ငံတစ်ခုသည် တရားမဝင် ဝင်ရောက်နေထိုင်သူများ၊ ဗီဇသက်တမ်း ကျော်လွန်ပြီး နေထိုင်သော နိုင်ငံခြားခရီးသွားများအပေါ် အရေးယူဆောင်ရွက်မည့် ပေါ်လစီတစ်ခုကို အစပြုလိုက်သည်။ ရည်ရွယ်ချက် အောင်မြင်ရေးအတွက် 'တရားမဝင် နိုင်ငံခြားသားများအပေါ် အရေးယူခြင်း' ဟုခေါ်သည့် စစ်ဆင်ရေးတစ်ခုကို ချမှတ်ဆောင်ရွက်လိုက်သည်။ စစ်ဆင်ရေး လုပ်ဆောင်မည့်အရာရှိက ၎င်းတွင်ရှိနေသည့်မှတ်တမ်းများအရ သတ်မှတ်ရက် ကျော်လွန်ပြီး တရားမဝင် နေထိုင်သည့် အုပ်စု ၂ ခု ရှိကြောင်း တင်ပြခဲ့သည်။ အုပ်စုတစ်ခုမှာ မူးယစ်ဆေးဝါး သုံးစွဲသူ အများအပြားကို ဖမ်းဆီးရမိခဲ့သည့် ဒေသတစ်ခုမှ လူများဖြစ်ပြီး အခြားအုပ်စုတစ်ခုမှာ ငယ်ရွယ်သည့် ခရီးသွားများဖြစ်ကြလျက် ရက်သတ္တပတ်အနည်းငယ်ကြာ ရက်လွန်နေထိုင်သူများ ဖြစ်သည်၊ ထို့ကြောင့်ပင် အရာရှိက ၎င်းတို့အပေါ် ပစ်မှတ်ထားရန် မလိုကြောင်း မှတ်ယူခဲ့သည်။ စစ်ဆင်ရေး

---

[44] *Rosalind Williams v Spain* (Communication No 1493/2006), UN doc CCPR/C/96/D/1493/2006, 17 August 2009.

[45] Human Rights Council, 'Report of the Special Rapporteur on contemporary forms of racism, racial discrimination, xenophobia and related intolerance, Mutuma Ruteere (A/HRC/29/46)' United Nations General Assembly, 20 April 2015.

လုပ်ဆောင်သည့်အခါ လိုအပ်သော လူဝင်မှုဆိုင်ရာ စာရွက်စာတမ်းများ မရှိနိုင်ဟု သံသယရှိသူများအား ခန္ဓာကိုယ်ရှာဖွေခြင်းနှင့် နိုင်ငံကူးလက်မှတ် စစ်ဆေးခြင်းတို့ကို လုပ်ဆောင်ရမည် ဖြစ်သည်။

ထိုကဲ့သို့ လုပ်ရပ်တွင် လူမျိုးရေးတံဆိပ်ကပ်ခြင်း ပါဝင်သလား? ယခင်က မူးယစ်ဆေးဝါး သုံးစွဲသူ အများအပြား ဖမ်းဆီးရမိရာ ဒေသတစ်ခုမှလူများဖြစ်ကြောင်း ပြစ်မှုဆိုင်ရာမှတ်တမ်း များက ဖော်ပြနေသဖြင့် ထိုအုပ်စုအပေါ် ဦးတည်ထားခြင်းသည် တရားဝင်ပါသလား? သို့မဟုတ် ရဲများက အခြားဝင်ရောက်နေထိုင်သူများကို ဖယ်ထုတ်ပြီး ထိုအုပ်စုများအပေါ်သာ ပစ်မှတ်ထားခဲ့ခြင်း ကြောင့် ထိုသူများ ပိုမို ဖမ်းဆီးခံရသည်မျိုး ဖြစ်နိုင်သလား?

ရဲများက နိုင်ငံသားမဟုတ်သူတိုင်းသည် တရားမဝင် ဝင်ရောက်နေထိုင်သူများ ဖြစ်နိုင်ကြောင်း ရိုးရိုးရှင်းရှင်း မှတ်ယူနိုင်ပါသလား? ထိုသို့မှတ်ယူခဲ့ပါက နိုင်ငံသားဖြစ်မှုအရေး အတွက် ပြဿနာ မရှိလောက်သည့် အုပ်စုများဖြစ်သည့် သက်ကြီးရွယ်အိုများ၊ ငွေကြေးပြည့်စုံသော ခရီးသွားများ ကဲ့သို့ အချို့သော ဝင်ရောက်နေထိုင်သူအုပ်စုများအပေါ် စစ်ဆေးမေးခြင်းသည် အရာရှိများ၏ အချိန်ကို ဖြုန်းတီးရာ ရောက်စေသည် မဟုတ်ပါသလား?

၂၁. ၆. ၃. ဌာနေတိုင်းရင်းသား အုပ်စုများနှင့် အရင်းအမြစ် ထုတ်ယူခြင်း

၂၀၁၉ ခုနှစ်၌ လူမျိုးရေးခွဲခြားမှုဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိက ကမ္ဘာလုံးဆိုင်ရာ အရင်းအမြစ်ထုတ်ယူမှုနှင့် လူမျိုးရေးတန်းတူညီမျှမှုရှိရေး[46] Global Extractivism and Racial Equality ထံသို့ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ပြီး လူမျိုးရေး တန်းတူညီမျှမှုနှင့် ကမ္ဘာလုံးဆိုင်ရာ အရင်းအမြစ်ထုတ်ယူသည့်စီးပွါးရေးအကြား ချိတ်ဆက်မှုကို သတိပြုခဲ့သည်။ ထို စီးပွါးရေးလုပ်ငန်း၏ အဓိပ္ပါယ်သတ်မှတ်ချက်အရ နယ်မြေများမှ ကုန်ကြမ်းပစ္စည်းများကို ထုတ်ယူပြီး နောက် ၎င်းတို့အား ကမ္ဘာ့စီးပွါးရေးစွေးကွက်အတွင်း၌ ပြုပြင်ပြောင်းလဲခြင်း၊ ရောင်းချခြင်းနှင့် သုံးစွဲခြင်းများ ပါဝင်သည်။ များသောအားဖြင့် အရင်းအမြစ် ထုတ်ယူခြင်းများကို ဌာနေတိုင်းရင်းသား သို့မဟုတ် လူနည်းစုနေထိုင်ရာ နေရာများ ဥပမာ တောင်တန်းဒေသများ၊ သစ်တောများတွင် ပြုလုပ်ကြသည်။ ထိုသို့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စည်းကမ်းချက်များကို နိုင်ငံများ၊ နိုင်ငံအဆင့်နှင့် နိုင်ငံများစွာ ပါဝင်သော ကော်ပိုရေးရှင်းများ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အင်စတီကျူးရှင်းများ၊ နိုင်ငံများအကြား အုပ်ချုပ်ရေးအဖွဲ့များနှင့် အင်စတီကျူးရှင်းများ ကဲ့သို့ ပါဝင်လုပ်ကိုင်သူများက ချမှတ်လေ့ရှိသည်။ ထိုကဲ့သို့ အရင်းအမြစ် ထုတ်ယူခြင်းများ၏ အကျိုးအမြတ်များကို နိုင်ငံများစွာ ပါဝင်သော ကော်ပိုရေးရှင်းများ၏ အဖွဲ့ဝင် နိုင်ငံများကသာ ခံစားရရှိလေ့ရှိပြီး ပါဝင်ဆက်စပ်နေသည့် ဌာနေတိုင်းရင်းသားအပေါ် အကျိုးပြန်လည်ဖြစ်ထွန်းစေမှု နည်းပါးပေသည်။ ထို့ပြင် ဆက်စပ်သက်ဆိုင်ရာဒေသမှ လူများအနေဖြင့်

အရင်းအမြစ် ထုတ်ယူသည့် စီးပွါးရေး

နိုင်ငံတစ်ခုထံမှ အရင်းအမြစ်များထုတ်ယူခြင်းကို အခြေခံသည့် စီးပွါးရေးဖြစ်ပြီး များသောအားဖြင့် သတ္တုတူးဖော်ခြင်း လုပ်ငန်းများမှ သတ္တုနှင့် လောင်စာဆီ များ ထုတ်ယူခြင်း၊ အကြီးစား စိုက်ပျိုးရေး၊ သစ်တောစိုက်ခင်းများ၊ လယ်ယာလုပ်ငန်းများမှ အစားအသောက်နှင့် သစ်သား ထုတ်ကုန် များ ထုတ်ယူခြင်း ဖြစ်သည်။

[46] Human Rights Council, 'Global extractivism and racial equality: Report of the Special Rapporteur on contemporary forms of racism, racial discrimination, xenophobia and related intolerance (A/HRC/41/54)' United Nations General Assembly, 14 May 2019.

လုပ်ငန်းတွင် ပါဝင်နိုင်သော်လည်း အရင်းအမြစ်ထုတ်ယူရေးဆိုင်ရာ စည်းကမ်းချက်များအပေါ် ထိန်းချုပ်ခွင့် ရနိုင်လိမ့်မည် မဟုတ်ပေ။ ထိုကဲ့သို့သော ဖွံ့ဖြိုးတိုးတက်မှုများ၏ ဆိုးကျိုးများအား 'အရင်းအမြစ် ကျိန်စာမိခြင်း' 'resource curse' ဟူ၍ အကျဉ်းချုပ် ဖော်ပြကြသည်။ အဓိပ္ပါယ်မှာ သဘာဝအရင်းအမြစ်များနှင့် အနီးကပ် နေထိုင်ကြသူများသည် အမြင့်ဆုံး အဖိုးအခ တန်ကြေး ပေးလိုက်ရသော်လည်း ထိုအရင်းအမြစ်များမှ ထွက်ပေါ်လာသည့် အကျိုးခံစားခွင့်များအား ရရှိခံစားနိုင်မှု မရှိခြင်း ဖြစ်သည်။

အရှေ့တောင်အာရှတစ်ခုလုံးတွင် အရင်းအမြစ် ထုတ်ယူသည့် စီးပွါးရေးလုပ်ငန်းမှာ များပြား လှပေသည်။ ၂၀၀၇ ခုနှစ်တွင် CERD ကော်မတီက အင်ဒိုနီးရှားနိုင်ငံ၏ အစီရင်ခံစာသို့ ပေးပို့သည် ပြန်လည်တုန့်ပြန်မှုတွင် အင်ဒိုနီးရှားနှင့် မလေးရှားနယ်စပ်ရှိ ကာလီမန်တန်ဒေသ ဆီအုန်း အများအပြား ထုတ်လုပ်ရေးပရောဂျက်သည် ဌာနေတိုင်းရင်းသားများ၏ မြေရာပိုင်ဆိုင်ခွင့်နှင့် ယဉ်ကျေးမှုများ ခံစားပိုင်ခွင့်များအပေါ် ခြိမ်းခြောက်နေကြောင်း ပါရှိသည်။ ထိုကိစ္စနှင့် ပတ်သက်၍ အောက်ပါ တွေ့ရှိချက်များကို ထုတ်ပြန်ခဲ့သည် -

> *ကော်မတီအနေဖြင့် စာချုပ်ဝင်နိုင်ငံ၏ မြေ၊ ရေနှင့် သဘာဝသယံဇာတ အပေါ် ထိန်းချုပ်နိုင်ခြင်း၊ အင်ဒိုနီးရှားဥပဒေအရ ပြည်သူများ အကောင်းဆုံးအကျိုးအမြတ် ဖြစ်ထွန်းရေး အလို့ငှာ ထုတ်ယူသုံးစွဲနိုင်ခြင်းကို အသိအမှတ်ပြုသည်၊ သို့ရာတွင် ထိုမူသဘောတရားကို ကျင့်သုံးရာတွင် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများနှင့် လိုက်လျောညီထွေရှိရမည် ဖြစ်သည်။ စာချုပ်ဝင်နိုင်ငံအနေဖြင့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများဖြစ်သည့် အုပ်စုပိုင် မြေများအပေါ် ပိုင်ဆိုင်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ပိုင်ခွင့်၊ ထိန်းချုပ်ခွင့်နှင့် အသုံးပြုခွင့်များအပေါ် လေးစားမှုရှိရေး သေချာစေရန်အတွက် ၎င်း၏ ဥပဒေများနှင့် ယင်းဥပဒေများအား လက်တွေ့ အကောင်အထည်ဖော် ကျင့်သုံးခြင်း၊ အဓိပ္ပါယ် ဖွင့်ဆိုခြင်းများအပေါ် ပြန်လည်သုံးသပ်သင့်ပေသည်။ ကာလီမန်တန်ဒေသ ဆီအုန်းအများအပြားထုတ်လုပ်ရေးပရောဂျက်သည် နောက်ထပ် လေ့လာမှုများစွာ လိုအပ်ကြောင်း သတိပြုမိသဖြင့် ကော်မတီအနေဖြင့် စာချုပ်ဝင်နိုင်ငံအား ထိုစီမံချက် ဆက်လက်လုပ်ဆောင်ခြင်းမပြုမီ ဒေသခံလူထုများ၏ မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေးများအပေါ် အသေအချာဆောင်ရွက်ပေးရန် အကြံပြုလိုက်သည်။ ထိုပြင် စာချုပ်ဝင်နိုင်ငံအနေဖြင့် သက်ဆိုင်ရာအုပ်စုများနှင့် အဓိပ္ပါယ်ရှိသည့်တိုင်ပင်ဆွေးနွေးမှုများ လုပ်ဆောင်ရန် သေချာစေသင့်သည်။*[47]

CERD ကော်မတီက အကြံပြုချက်ပေးခဲ့သည်မှာ ၁၅ နှစ်နီးပါးရှိပြီဖြစ်သော်လည်း ထိုပြဿနာ ကို ဖြေရှင်းနိုင်ခြင်းမရှိသေးဘဲ ဌာနေတိုင်းရင်းသားအုပ်စုများအနေဖြင့် ၎င်းတို့၏ အခြေခံ အခွင့် အရေးများကာကွယ်ရန် ကြိုးပမ်းရုန်းကန်နေရဆဲဖြစ်သည်။ ဤသို့ ရှည်ကြာလှသည့် ရုန်းကန်မှု

[47] Committee on the Elimination of Racial Discrimination, 'Consideration of reports submitted by States Parties under Article 9 of the convention (CERD/C/IDN/CO/3)' International Convention on the Elimination of all Forms of Racial Discrimination, 15 August 2007

ကို ကြည့်ခြင်းအားဖြင့် အရင်းအမြစ်ထုတ်ယူရေးစီးပွါးရေးတွင် ဦးဆောင်လုပ်ကိုင် ပါဝင်နေသူများ လက်ဝယ်တွင်ရှိနေသည့် အာဏာအင်အားမှာ ကြီးမားကြောင်း ဖော်ပြနေခြင်း ဖြစ်သည်။ ထိုကဲ့သို့သောပြဿနာမှာ အခြားသောနယ်ပယ်များစွာတွင်လည်း အလားတူပင် ဖြစ်ပြီး ဥပမာ အဖြစ် လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ရေကာတာတည်ဆောက်မှုများ၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံရှိ ဆီအုန်းစိုက်ပျိုးခြင်းများ၊ ကမ္ဘောဒီးယားရှိ သစ်ထုတ်လုပ်ခြင်း များတွင် တွေ့နိုင်သည်။

က။ အနှစ်ချုပ်နှင့် အဓိကအချက်များ

အဖွင့်မိတ်ဆက်

ပထမဦးဆုံး အာဏာသက်ဝင်ခဲ့သည့် လူ့အခွင့်အရေးသဘောတူစာချုပ်သည် လူမျိုးရေးအရ ခွဲခြားဆက်ဆံမှု ပုံသဏ္ဌာန် အလုံးစုံ ပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICERD) ဖြစ်သည်။ စာချုပ်၏ ရည်ရွယ်ချက်သည် လူမျိုးရေးခွဲခြားမှုများ ရပ်တန့်ရေး၊ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အရည်အချင်းများအပေါ် အခြေပြုပြီး အချို့အုပ်စုများက အခြားသူများထက် အာဏာပါဝါ ပိုရှိကြောင်း သို့မဟုတ် မြင့်မြတ်ကြောင်း အားပေးထောက်ခံသည့် အယူအဆများနှင့် ကျင့်သုံးမှုများကို ရပ်တန့်ရေးဖြစ်သည်။ တိုင်းရင်းသားလူမျိုးဖြစ်မှုတွင် ယဉ်ကျေးမှုဆိုင်ရာ အမြင်များနှင့် တန်ဖိုးထားမှုများ၊ လူမှု အလေ့အထများ၊ ဆက်ခံရရှိလာသော ရုပ်သွင်ပြင်လက္ခဏာများ ပေါင်းစပ်ပါဝင်ပြီးလျှင် လူမျိုးသဘောနှင့် ကွဲပြားပေသည်။ အကြောင်းမှာ မည်သူမည်ဝါဖြစ်ကြောင်းလက္ခဏာရပ်ကို မျိုးရိုးဗီဇဖြင့် သတ်မှတ်၍ မရနိုင်ခြင်းကြောင့် ဖြစ်သည်။ လူမျိုးရေးခွဲခြားမှုသည် လူ့အဖွဲ့အစည်းအားလုံးရှိ လူများစွာအပေါ် ပညာရေး လက်လှမ်းမီနိုင်မှု၊ ပုဂ္ဂိုလ်ရေးလုံခြုံမှု အစရှိသည့် ပုံစံများစွာအတွက် သက်ရောက်မှု ရှိပေသည်။

လူမျိုးရေးခွဲခြားမှု သမိုင်း

လူမျိုးရေးခွဲခြားမှုအပေါ် ထားရှိသော အဓိကကျသည့် သဘောတရားအများစုသည် ကိုလိုနီခေတ်က စတင်ခဲ့ပြီး လူမျိုးရေး ဝါစဥ်ကျမှု အယူအဆများ၊ မြင့်မြတ်/အားကြီးသည့် လူမျိုးများက အားနည်းသည့် ပြိုင်ဘက်လူမျိုးစုများကို အလိုအလျောက် ကြီးစိုးသွားလိမ့်မည်ဟု လက်ခံယုံကြည်ချက်၊ လူသားသန့်ဗေဒအကြောင်း သိပ္ပံပညာရပ်များကဲ့သို့ သဘောတရားများ ဖြစ်ကြသည်။ ထိုသို့သော လက်ခံယုံကြည်ချက်များကြောင့် လူမျိုးရောနှောခြင်းကို ဆန့်ကျင်သည့်ဥပဒေများ (၀၀) လူမျိုးရေးခွဲခြားသည့် ဥပဒေများနှင့် အသားအရောင် ခွဲခြားမှုများ ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်သည်။ အရှေ့တောင်အာရှတွင် ထိုကဲ့သို့ အစွန်းရောက်သည့် ခွဲခြားမှုပုံစံများ ဖြစ်ပွါးခဲ့ခြင်း မရှိပေ၊ သို့သော် ကိုလိုနီအုပ်ချုပ်စဥ် ကာလအတွင်း ကျင့်သုံးခဲ့သည့် အကြွေးကို လုပ်အားခဖြင့် ခုနှိမ်ပေးဆပ်ခြင်းကဲ့သို့ မူဝါဒများကြောင့် အချို့သော တိုင်းရင်းသားအုပ်စုများအတွက် လူမျိုးရေး

ခွဲခြားမှုများ တွေ့ကြုံခဲ့ရပြီး လူမျိုးရေး ခွဲခြားမှုကို ဖြစ်စေခဲ့သည်။ ကိုလိုနီလွတ်မြောက်ပြီးနောက် အာရှတစ်လွှား အသစ်ဖြစ်ပေါ်လာသည့် နိုင်ငံများသည် တိုင်းရင်းသား၊ ဘာသာစကား သို့မဟုတ် ယုံကြည်ကိုးကွယ်မှုများနှင့် အပြန်အလှန်ရောယှက်နေသည့် အမျိုးသားရေးလက္ခဏာရပ်များကို ဖန်တီးခဲ့ကြသည်။ အချို့နိုင်ငံများသည် လူမျိုးရေးဆိုင်ရာ ဆက်ဆံရေးများကို ကောင်းမွန်စွာ ကိုင်တွယ်နိုင်ကြသော်လည်း အခြားသောနိုင်ငံများတွင်မူ လူမျိုးရေး အဓိကရုဏ်များ ဖြစ်စေသည် အထိ လူ့အဖွဲ့အစည်းများအကြား အကြမ်းဖက်မှုများကို တွေ့ကြုံခံစားခဲ့ရသည်။

လူမျိုးရေးခွဲခြားမှု မှားယွင်းရသည့်အကြောင်းမှာ.....

လူမျိုးဆိုသည်မှာ အမှန်ပင် မရှိနေဘဲ ၎င်းသည် အတုအယောင် အုပ်စုဖွဲ့ခြင်းတစ်ခုသာ ဖြစ်သည်။ နိုင်ငံရေးရည်ရွယ်ချက်များအတွက် လူမျိုးရေးခွဲခြားမှုကို လှည့်ဖြားကိုင်တွယ်ခြင်း ဖြစ်ပြီး နိုင်ငံရေးအုပ်စုများက ၎င်းတို့၏ နောက်လိုက်ထောက်ခံသူများအား လှုံ့ဆော်အားပေးရန် သို့မဟုတ် လူမျိုးရေးခွဲခြားမှုကို အားပေးခြင်းဖြင့် မဲပေးသူများအား အခြားသော ပြဿနာများမှ အာရုံလွှဲနိုင်ရန် အသုံးချခြင်းဖြစ်သည်။ လူမျိုးဟူသည် ဇီဝဗေဒ သို့မဟုတ် မျိုးရိုးဗီဇ အပေါ်တွင် အခြေခံထားခြင်းမဟုတ်ဘဲ သမိုင်းဒဏ္ဍာရီများအပေါ် အခြေပြုထား ဟန်ရှိသည်။

လူမျိုးရေးအရ ခွဲခြားဆက်ဆံမှု ပုံသဏ္ဌာန် အလုံးစုံ ပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICERD)

ICERD သည် ကုလသမဂ္ဂရှိ လူ့အခွင့်အရေးသဘောတူစာချုပ်စနစ် အစပြုခြင်းအတွက် မှတ်သားဖွယ် ဖြစ်သည်။ သဘောတူစာချုပ်သည် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပြုလုပ်ခဲ့သည့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့် ကိုလိုနီလွတ်မြောက်နိုင်ငံများရှိ လူမျိုးရေးခွဲခြားမှု၊ ဥရောပရှိ ဂျူးဆန့်ကျင်ရေးဝါဒ၊ အမေရိကန်ရှိ အာဖရိကန်နွယ်ဖွါး အမေရိကန်များ၏ အခွင့်အရေးများ စသည့် ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်းသော ဆွေးနွေးလှုပ်ရှားမှုများ အပြီးတွင် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ သဘောတူစာချုပ်အား ကမ္ဘာ့နိုင်ငံအများစုက အတည်ပြု လက်မှတ်ရေးထိုးပြီး ဖြစ်သော်လည်း အရှေ့တောင်အာရှတွင် နိုင်ငံ ၃ နိုင်ငံ (ဘရူနိုင်း၊ မလေးရှား နှင့် မြန်မာ) သည် အတည်ပြုလက်မှတ်ရေးထိုးထားခြင်း မရှိသေးချေ။ ICERD သည် လူမျိုးရေးခွဲခြားဆက်ဆံမှုကို အဓိပ္ပါယ်ဖွင့်ဆိုထားပြီး နိုင်ငံ၏ တာဝန်ရှိမှုများကို အတိအလင်း ဖော်ပြထားသည်။ ထို့ပြင် လူမျိုးရေးခွဲခြားမှု ပပျောက်စေရမည့် နယ်ပယ်များကို လည်း အသေးစိတ် ဖော်ပြထားသည်။

သို့သော် လူမျိုးရေးခွဲခြားဆက်ဆံမှုတွင် အခွင့်အရေးများ တန်းတူခွဲဝေကျင့်သုံးနိုင်စေရေး အတွက် လူမျိုးအပေါ်အခြေပြုသည့် အချို့သော မတူညီသည့်ဆက်ဆံမှုပုံစံများကို ခွင့်ပြု ပေးထားသည်။ (ဥပဒေတစ်ခု သို့မဟုတ် မူဝါဒတစ်ရပ်၏ ရည်ရွယ်ချက်သည် မတူညီသည့် ဆက်ဆံမှုများဖြစ်စေသည့်အခါ) ခွဲခြားဆက်ဆံမှုသည် တိုက်ရိုက်ခွဲခြားဆက်ဆံမှု ဖြစ်နိုင်သည်၊ သို့မဟုတ် (ဥပဒေတစ်ခုသည် လူများအပေါ် မတူညီစွာ သက်ရောက်သည့်အခါ) သွယ်ဝိုက်သော ခွဲခြားဆက်ဆံမှု ဖြစ်နိုင်သည်။ နိုင်ငံသားမဟုတ်သူများအား ၎င်းတို့၏ နိုင်ငံသားဖြစ်မှုကြောင့် မတူညီစွာ ဆက်ဆံခြင်း မပြုရပေ။ ICERD သည် ဘာသာရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုများအပေါ် အကျုံးဝင်

သက်ဆိုင်ခြင်းမရှိသော်လည်း တစ်ခါတစ်ရံ လူမျိုးရေးနှင့် ဘာသာရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုများသည် ထပ်နေနိုင်သည်။ ICERD သည် စာချုပ်ဝင် နိုင်ငံများအား အချို့သော တိုင်းရင်းသား အုပ်စုများအတွက် ၎င်းတို့၏ အခွင့်အရေးများ ပိုမိုရရှိခံစားနိုင်မည့် ကွာဟချက်ကို လျော့နည်းစေရန် အလို့ငှာ အထူးဆောင်ရွက်ချက်များ လုပ်ဆောင်ခြင်းကို ခွင့်ပြုပေးထားသည်။ ထို့ပြင် နိုင်ငံများအနေဖြင့် လူမျိုးရေးခွဲခြား ဆက်ဆံမှုအပေါ် ဆန့်ကျင်သည့် ဥပဒေများ၊ အမုန်း စကားများအပေါ် ပြစ်ဒဏ်ပေးခြင်းများ ထားရှိရမည်ဖြစ်ပြီး မီဒီယာနှင့် ပညာရေးစနစ်များတွင် လူမျိုးရေး ဆိုင်ရာ သမားရိုးကျလက်ခံထားမှုများ ကျင့်သုံးခြင်းကို ရပ်တန့်စေရမည် ဖြစ်သည်။

လူမျိုးရေးခွဲခြားဆက်ဆံမှုအပေါ် ကုလသမဂ္ဂ၏ လုပ်ဆောင်နေမှု

ICERD ၏ သဘောတူစာချုပ်အဖွဲ့တွင် စာချုပ်နိုင်ငံက တင်သွင်းသည့် အစီရင်ခံစာများ၊ တစ်ဦးချင်း ဆက်သွယ်တိုင်တန်းချက်များကဲ့သို့ များစွာသော စောင့်ကြည့်ရေးယန္တရားများ ရှိပေသည်။ ICERD ကော်မတီသည်လည်း ကနဦးကြိုတင် သတိပေးခြင်းများနှင့် နိုင်ငံများအကြား တိုင်တန်းချက်များကို လက်ခံနိုင်သည်။ အခြားအဖွဲ့များအဖြစ် အထူးစုံစမ်းစစ်ဆေးရေးအရာရှိအပြင် လူမျိုးရေးခွဲခြားမှုဆန့်ကျင်ရေးဆိုင်ရာကမ္ဘာ့ ညီလာခံ ၄ ခု ပါဝင်သည်။

မျက်မှောက်ခေတ် လူမျိုးရေးခွဲခြားမှုပုံစံများ

လူနည်းစုအုပ်စုများမှ အမျိုးသမီးများအနေဖြင့် ဂျန်ဒါဖြစ်မှုအပြင် တိုင်းရင်းသားဖြစ်မှုအပေါ် အခြေပြုပြီး ခွဲခြားဆက်ဆံမှုပုံစံများစွာနှင့် ရင်ဆိုင်နေရသည်။ မျက်မှောက်ခေတ်ရှိ အခြား စိုးရိမ်ဖွယ်ကိစ္စတစ်ခုမှာ ရဲများက လူမျိုးရေးတံဆိပ်ကပ်မှု ကျင့်သုံးခြင်းဖြစ်သည်၊ ဥပမာ အရှေ့တောင်အာရှတစ်လွှားတွင် ရဲအရာရှိများက ရွှေ့ပြောင်းအလုပ်သမားများအား ထပ်ခါ တလဲလဲ ရှာဖွေစစ်ဆေးခြင်းကြောင့် ထိုကဲ့သို့ တံဆိပ်ကပ်ခြင်းများ ရှိနေပေသည်။ ဌာနေတိုင်းရင်းသား အုပ်စုများသည်လည်း (မိုင်းတူးခြင်း၊ မြေအများအပြားသုံးကာ စိုက်ပျိုးရေး လုပ်ကိုင်ခြင်းကဲ့သို့) အရင်းအမြစ်ထုတ်ယူသည့် စီးပွါးရေးကြောင့် ပြဿနာများစွာ ရင်ဆိုင်ကြုံတွေ့နေရပြီး ထိုသို့ တွေ့ကြုံရခြင်းမှာ အဆိုပါ တိုးတက်ဖွံ့ဖြိုးရေး စီးပွါးရေးအကွက်များအား များသောအားဖြင့် ၎င်းတို့နေထိုင်ရာနေရာဒေသများတွင် လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့်ဖြစ်သည်။

ခ။ စာမေးပွဲမေးခွန်း သို့မဟုတ် အက်ဆေးပုံစံ မေးခွန်းများ

- လူမျိုးရေးခွဲခြားမှုသည် သင့်နိုင်ငံတွင် တရားမဝင်ကြောင်း သတ်မှတ်ထားပါသလား? မည်သည့်ဥပဒေများဖြင့် အဓိက တားမြစ်ထားသနည်း? လူမျိုးရေး သို့မဟုတ် တိုင်းရင်းသားဖြစ်မှုအပေါ် အခြေပြုသည့် အမုန်းစကားများအပေါ် ပြဋ္ဌာန်းထားသည့် ဥပဒေများ ရှိသလား?
- သင့်နိုင်ငံ၏ သမိုင်းတလျှောက်တွင် တိုင်းရင်းသားအုပ်စုများအကြား တင်းမာမှုများ ရှိခဲ့ပါသလား? မည်သည့်အရာများက တင်းမာမှုများ ဖြစ်စေခဲ့သနည်း?

- မီဒီယာကဏ္ဍတွင် လူမျိုးရေးခွဲခြားသည့် သမားရိုးကျသတ်မှတ်ချက်များ ရှိနေပါသလား? အဓိကကျသည့် သမားရိုးကျသတ်မှတ်ချက်တစ်ခုကို လေ့လာပြီး အဘယ်ကြောင့် အသုံးပြုခဲ့သည်ကို ဆွေးနွေးပါ။
- အရှေ့တောင်အာရှနိုင်ငံတစ်ခုအတွက် ထုတ်ပြန်ထားသော ICERD ၏ အပြီးသတ် တွေ့ရှိချက် တစ်ခုကို လေ့လာပါ။ မည်သည့်အရာများက အဓိက စိုးရိမ်မှုများ ဖြစ်သနည်း? နိုင်ငံအနေဖြင့် ၎င်းတို့ကို ကိုင်တွယ်ဖြေရှင်းပေးလိမ့်မည်ဟု သင် ထင်ပါသလား?
- အရှေ့တောင်အာရှနိုင်ငံတစ်ခုမှ ဌာနေတိုင်းရင်းသားအုပ်စုများသည် မိုင်းတူးခြင်း သို့မဟုတ် မြေနေရာအများအပြားသုံးကာ စိုက်ပျိုးရေးလုပ်ကိုင်ခြင်းများကြောင့် မည်သို့ ထိခိုက်ခံစားနေရသနည်း? နေရပ်ပြောင်းရွှေ့ခဲ့ရသည့် အုပ်စုတစ်ခုကို နမူနာအဖြစ် ရွေးချယ်ကာ မည်သည့်အကြောင်းကြောင့် ပြောင်းရွှေ့ခဲ့ရသည်ကို လေ့လာပါ။ အုပ်စု အပေါ် ကျရောက်သည့် အကျိုးဆက်များကို ဆွေးနွေးပါ။
- ဖြတ်သန်းရောယှက်မှုသည် မည်သို့ လုပ်ဆောင်သနည်း? လူနည်းစုအုပ်စုမှ လူတစ်ဦးသည် ၎င်း၏ လူမျိုးဖြစ်မှု၊ ဂျန်ဒါ၊ လိင်စိတ်၊ အသက် သို့မဟုတ် မသန်စွမ်းဖြစ်မှုကြောင့် များစွာသော ခွဲခြားဆက်ဆံခြင်းခံရသည့် ဖြစ်ရပ်အပေါ် ဆန်းစစ်သုံးသပ်ပါ။

ဂ။ ထပ်မံလေ့လာ ဖတ်ရှုရန်များ

လူမျိုးရေးခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကော်မတီ

- လူမျိုးရေးခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကော်မတီ၏ အထွေထွေ မှတ်ချက်များ
- ICERD ၏ အကောင်အထည်ဖော်မှု စောင့်ကြည့်ရေးယန္တရား၏ တစ်စိတ်တစ်ပိုင်း အဖြစ် လူမျိုးရေးခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကော်မတီထံသို့ တင်သွင်းသည့် အချိန်မှန် အစီရင်ခံစာများ၊
  https://www.ohchr.org/en/hrbodies/cerd/pages/cerdindex.aspx တွင် ရနိုင်သည်။

လူမျိုးရေးခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကော်မတီ၊ ၂၀၀၇၊ 'Consideration of reports submitted by States Parties under Article 9 of the convention (CERD/C/IDN/CO/3)' International Convention on the Elimination of all Forms of Racial Discrimination, 15 August 2007, available at https://www2.ohchr.org/english/ bodies/cerd/docs/CERD.C.IDN.CO.3.pdf

လူ့အခွင့်အရေးကောင်စီ၊ ၂၀၁၅၊ 'Report of the Special Rapporteur on contemporary forms of racism, racial discrimination, xenophobia and related intolerance, Mutuma Ruteere (A/HRC/29/46)' United Nations General Assembly, 20 April

2015, https://www.ohchr.org/Documents/Issues/Racism/A-HRC-29-46.pdf တွင် ရနိုင်သည်။

လူ့အခွင့်အရေးကောင်စီ၊ ၂၀၁၉၊ 'Global extractivism and racial equality: Report of the Special Rapporteur on contemporary forms of racism, racial discrimination, xenophobia and related intolerance (A/HRC/41/54)' United Nations General Assembly, 14 May 2019, https://documents-dds-ny.un.org/doc/UNDOC/GEN/G19/137/81/PDF/G1913781.pdf?OpenElement တွင် ရနိုင်သည်။

လူမျိုးရေးခွဲခြားမှု၊ လူမျိုးရေးခွဲခြားဆက်ဆံမှု၊ သူစိမ်းကြောက်ရွံ့မှုနှင်းတီးစိတ်နှင့် ဆက်စပ်သည့် သဘောထားသေးသိမ်မှုများဆိုင်ရာ ခေတ်သစ်ပုံစံများအတွက် အထူးစုံစမ်းစစ်ဆေးရေးအရာရှိ၏ အစီရင်ခံစားများ၊ https://www.ohchr.org/en/issues/racism/srracism/pages/indexsrracism.aspx တွင် ရနိုင်သည်။

ကုလသမဂ္ဂ၊ ၂၀၀၂၊ 'Declaration and program of action' World Conference Against Racism, Racial Discrimination, Xenophobia and Related Intolerance, United Nations. https://www.ohchr.org/Documents/Publications/Durban_text_en.pdf တွင် ရနိုင်သည်။

ကုလသမဂ္ဂ၊ ၂၀၀၉၊ 'Outcome document of the Durban Review Conference' United Nations,https://www.un.org/en/durbanreview2009/pdf/Durban_Review_outcome_document_En.pdf တွင် ရနိုင်သည်။

၂၂

မူလအခြေချ နေထိုင်သော လူမျိုးများ၊ လူနည်းစုများနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ

အခန်း ၂၂ မူလအခြေချနေထိုင်သော လူမျိုးများ၊ လူနည်းစုများနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများ

၂၂.၁ အဖွင့်မိတ်ဆက်

အရှေ့တောင်အာရှတွင် ကိုလိုနီနယ်ချဲ့စနစ် အဆုံးသတ်ခဲ့ပြီးနောက် အမျိုးသားနိုင်ငံတော်သစ်များ ထွက်ပေါ်လာခဲ့သည်။ နိုင်ငံရေး နယ်နိမိတ်များ ရေးဆွဲမှုနှင့်အတူ ယဉ်ကျေးမှု နယ်နိမိတ်များ သတ်မှတ်ခြင်းလည်း ကပ်ပါလာခဲ့သည်။ ဤဖြစ်စဉ်၏ တစိတ်တဒေသအဖြစ် အမျိုးသားနိုင်ငံတော်အများအပြားသည် သီးခြား ကိုးကွယ်သည့်ဘာသာ၊ လူမျိုး သို့မဟုတ် ဘာသာစကားတို့ကို ခံယူခဲ့ကြသည့်အတွက် လူနည်းစု အုပ်စုများ ထွက်ပေါ်လာခဲ့သည်။ အရေအတွက်အားဖြင့် နည်းပြီး ကိုယ်ပိုင် ဘာသာစကား၊ ဘာသာရေး သို့မဟုတ် လူမျိုး သရုပ်သဏ္ဌာများ ပိုင်ဆိုင်ကြသည့် မူအခြေချနေထိုင်ကြသော အသိုင်းအဝိုင်းများသည် ဤလူနည်းစု အမျိုးအစားအောက် အကျုံးဝင်သွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ဘဝနေထိုင်မှုပုံစံသည် ဘိုးဘေဘီဘင် မြေယာများနှင့် ခွဲမရအောင် ဆက်စပ်နေပြီး ဝေးလံပြီး တောတောင်ထူထပ်သည့် နေရာများ၌ တည်ရှိနေတတ်ကြသည်။ ထို့ကြောင့် နိုင်ငံသစ်များသည် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစတင်ခြင်းနှင့်အတူ လူနည်းစုများဆိုင်ရာ မူဝါဒများကိုလည်း ရေးဆွဲခဲ့ကြသည်။ တချို့နိုင်ငံများသည် သဟဇာတဖြစ်သည့် ဗဟုယဉ်ကျေးမှု လူ့ဘောင်အဖွဲ့အစည်းများ ဖန်တီးတည်ဆောက်နိုင်ခဲ့သော်လည်း မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ရှိ လူမျိုးရေး၊ ဘာသာရေး ရုန်းကန်လှုပ်ရှားမှုများက သက်သေပြနေသည့်အတိုင်း တချို့နိုင်ငံများက အောင်မြင်မှု မရရှိဘဲ တင်းမာမှုများ၊ ပဋိပက္ခများကို ဖြစ်ပေါ်စေခဲ့သည်။

သဘောတရား

ဝက်စ်ဖာလီယန် အမျိုးသားနိုင်ငံတော် စနစ်

ဤစကားရပ်သည် ဝက်စ်ဖားလီးယား စာချုပ်များ (၁၆၄၈) မှ ဆင်းသက်လာပြီး နိုင်ငံတစ်နိုင်ငံချင်းစီတွင် မိမိ၏ နယ်မြေနှင့် ပြည်တွင်းကိစ္စများအပေါ် အချုပ်အခြာအာဏာရှိသည့် နိုင်ငံတကာစနစ်ဖြစ်သည်ဟု မှတ်ယူကြသည်။ ထို့ကြောင့် မည်သည့်နိုင်ငံကမျှ အခြားနိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေး၌ တရားနည်းလမ်းကျကျ ဝင်ရောက်စွက်ဖက်၍ မရချေ။ အမျိုးသားနိုင်ငံတော်ဆိုသည်မှာ ဘုံဘာသာစကား၊ ထုံးထမ်းစဉ်လာများနှင့် သမိုင်းတို့ရှိသည့် လူအုပ်စုတစ်စု ပါဝင်သည့် လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံကို ရည်ညွှန်းသည်။

၂၂.၂ လူနည်းစု အခွင့်အရေးများကို အကာအကွယ်ပေးခြင်း - သမိုင်းကြောင်းခြေရာကောက်သည့် ရှုထောင့်

၂၂.၂.၁ နိုင်ငံပေါင်းချုပ်အသင်းကြီးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

ပထမကမ္ဘာစစ်ကြီး ပြီးနောက်တွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မြှင့်တင်လာခဲ့သည့်အတွက် လူနည်းစုများနှင့် မူလအခြေချနေထိုင်သော လူမျိုးများ (IPs) အား အကာအကွယ်ပေးမှုသည် များစွာ ရှေ့ရောက်လာခဲ့သည်။ နယ်စပ်နယ်နိမိတ်အပြောင်းအလဲများ၏ အကျိုးဆက်အနေဖြင့် နိုင်ငံတချို့သည် နောက်ထပ်ပဋိပက္ခများ ဖြစ်ပွားမှုကို တားဆီးရန် လူနည်းစုအုပ်စုသစ်များကို အကာအကွယ်ပေးမည်ဟု ကမ်းလှမ်းခဲ့ကြသည်။ ဤအကာအကွယ်ပေးရေး စနစ်အား နိုင်ငံပေါင်းချုပ်အသင်းကြီး၏ အာမခံချက်အောက်၌ ထားခဲ့သည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို စတင်လက်ခံလာခဲ့ကြသော်လည်း ၁၉၄၅ ခုနှစ်တွင် ကုလသမဂ္ဂပဋိညာဉ်အား အတည်ပြုပြီးနောက်မှသာ စံနှုန်းသဘောအရ အသိအမှတ်ပြုမှု ရရှိလာခဲ့ခြင်းဖြစ်သည်။ ပဋိညာဉ်၏ အပုဒ် ၁ (၂) က “လူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခြင်းနှင့် တူညီသော အခွင့်အရေးများမူအပေါ် လေးစားမှု” ကို အသိအမှတ်ပြုသည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

လူအားလုံး၏ နိုင်ငံရေးအခြေအနေ စီးပွားရေးပုံစံ၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးတိုးတက်မှု စသည်တို့ကို မိမိတို့ဘာသာ လွတ်လပ်စွာရွေးချယ်ခွင့်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကျင့်သုံးခြင်းမှ နိုင်ငံရေးအမှီအခိုကင်းမှု၊ အခြားဖက်၌နိုင်ငံတော်သို့ အပြည့်အဝ ပေါင်းစည်းမှု စသည့် ရလဒ်များ ဆက်တိုက်ရရှိနိုင်ပါသည်။

၁၉၆၀ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံမှ လက်ခံအတည်ပြုခဲ့သည့် ကိုလိုနီနိုင်ငံများနှင့် လူမျိုးများအား လွတ်လပ်ရေးပေးခြင်းဆိုင်ရာ ကြေညာချက်က လူမျိုးအားလုံးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ၎င်းတို့၏ နိုင်ငံရေးဖြစ်တည်မှုကို လွတ်လပ်စွာ ဆုံးဖြတ်ခွင့်နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးတို့ကို လုပ်ဆောင်ခွင့်တို့ရှိသည်ဟု အသိအမှတ်ပြုခဲ့သည်။ မကြာမီပင် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICCPR) နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICESCR) တို့၏ အပိုဒ် ၁ တွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ထည့်သွင်းခဲ့သည်။

သို့ရာတွင် ICCPR နှင့် ICESCR ကို အတည်ပြုကြသည့် နိုင်ငံအများအပြားက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် ကိုလိုနီအုပ်ချုပ်မှု သို့မဟုတ် နိုင်ငံခြားဩဇာလွှမ်းမိုးမှု အောက်တွင်ရှိသည့် နိုင်ငံများနှင့် လူမျိုးများအတွက်သာ အကျုံးဝင်သည်ဟု နားလည်သဘောပေါက်သင့်ကြောင့်၊ ထိုသို့မဟုတ် လျှင် ဆုံးဖြတ်ချက်ချမှတ်သည့် ဖြစ်စဉ်များအပေါ် ပို၍ ကျယ်ပြန့်သော လွတ်လပ်မှုပေးမည်မဟုတ်ကြောင်း ကြေညာချက်များ တင်သွင်းခဲ့ကြသည်။

ပထမ ကမ္ဘာစစ်တွင် မဟာမိတ်နိုင်ငံများသည် ရန်သူနိုင်ငံများအပေါ် စစ်ဆင်နွှဲခြင်းအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းရေး ကြိုးပမ်းမှုကို အကြောင်းပြချက်အဖြစ် အသုံးချခဲ့ပြီး ထိုသို့ အသုံးချခြင်းဖြင့် မြင့်မြတ်သူများဖြစ်ကြောင်း ဆိုနိုင်ခဲ့ကြသည်။ အမေရိကန်နိုင်ငံသည် ဤအကြောင်းပြချက်ဖြင့်ပင် စစ်သို့ ဝင်ခဲ့ခြင်း ဖြစ်သည်။ ၁၉၁၈ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် ပြောခဲ့သည့် သမ္မတဝီလ်ဆင်၏ မိန့်ခွန်းသည် ဤအယူအဆကိုပင် နှလုံးသွင်းခဲ့သည်။ ယဉ်ကျေးမှုအမွေအနှစ်တူသော လူမျိုး (nationality) သို့မဟုတ် လူမျိုးစု (ethnic group) တစ်ခု၏ အဖွဲ့ဝင်များအား အမျိုးသား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပေးသင့်သည်ဟု သူက ဆိုခဲ့သည်။ သို့ရာတွင် ကိုးကွယ်သည့် ဘာသာများ၊ ဘာသာစကားများနှင့် ယဉ်ကျေးမှုများသည် အလွန်ပင် ရောနှောနေကြပြီး နိုင်ငံများအား ခြားပေးသည့် မျဉ်းများသည်လည်း အလွန်ပင် မရှင်းမလင်းဖြစ်နေရာ ထိုအချိန် ပထဝီနိုင်ငံရေး အရှိတရားများက လူမျိုးတူ၊ သို့မဟုတ် လူမျိုးစုတူ အမျိုးသား နိုင်ငံတော်သစ်များကို ဖန်တီးပေးမည့် နယ်စပ်မျဉ်းအသစ်များ ရေးဆွဲခြင်းကို တားဆီးခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ စစ်ရှုံးနိုင်ငံများနှင့်သက်ဆိုင်သည့် လူဦးရေ အများအပြားပါဝင်သော နယ်မြေများကို ရယူထည့်သွင်းမည့် နိုင်ငံများအပေါ်တွင် ကန့်သတ်ထိန်းချုပ်မှုများ ထားရမည် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံပေါင်းချုပ်အသင်းကြီး၏ လူနည်းစု အကာအကွယ်ပေးရေးစနစ်သည် ဤတာဝန်ကို ထမ်းဆောင်ရန် ကြိုးပမ်းခဲ့သည်။

၂၂.၂.၂ နိုင်ငံပေါင်းချုပ်အသင်းကြီး၏ လူနည်းစု အကာအကွယ်ပေးရေး စနစ်

ဤစနစ်တွင် စာချုပ်များ၊ အင်စတီကျူးရှင်းများနှင့် လုပ်ထုံးလုပ်နည်းများ ပါဝင်သည်။

စာချုပ်များ

မဟာမိတ်နိုင်ငံကြီးများ၊ မိတ်ဖက် အင်အားကြီးနိုင်ငံများနှင့် ပိုလန်နိုင်ငံတို့အကြား ၁၉၁၉ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် ပါရီငြိမ်းချမ်းရေးညီလာခံ၌ စာချုပ်တစ်ခုချုပ်ဆိုခဲ့ကြပြီး ၎င်းစာချုပ်သည် လူနည်းစု အကာအကွယ်ပေးခြင်းနှင့် ပတ်သက်သည့် နောက်စာချုပ်များအတွက် နမူနာ ဖြစ်လာခဲ့သည်။

> **အထွေထွေ ငြိမ်းချမ်းရေးစာချုပ် တာဝန်ဝတ္တရားများ** - ပထမ ကမ္ဘာစစ်ကို အဆုံးသတ်ရန် ရေးထိုးခဲ့သည့် အထွေထွေငြိမ်းချမ်းရေးစာချုပ်များတွင် လူနည်းစုများကို အကာအကွယ်ပေးရမည့် တာဝန်တစ်ရပ် ပါဝင်ခဲ့သည်။ ထို့အပြင် နိုင်ငံအနည်းငယ်သည်လည်း အလားတူ အကာအကွယ်ပေးရန် တစ်ဖက်သတ် ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။
>
> **ဥရောပပြင်ပ နိုင်ငံတစ်နိုင်ငံက လိုက်နာခြင်း** - အီရတ်နိုင်သည် ၁၉၃၂ ခုနှစ်တွင် နိုင်ငံပေါင်းချုပ်အသင်းကြီးသို့ ဝင်ရောက်သည့်အခါ လူနည်းစု အကာအကွယ်ပေးရေး တာဝန်ဝတ္တရားများကို လက်ခံခဲ့ရာ ဥရောပပြင်ပ၌ အသင်းကြီး၏ လူနည်းစု အကာအကွယ်ပေးရေးစနစ် အကျုံးဝင်လာသည့် ပထမဦးဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။

အင်စတီကျူးရှင်းပိုင်းဆိုင်ရာ အကြောင်းအရာများ

အသင်းကြီး၏ အထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် ကောင်စီတို့သည် လူနည်းစု အကာအကွယ်ပေးရေးနိုင်ရာကိစ္စရပ်များအတွက် တာဝန်ရှိသည်။ ထို့အပြင် နိုင်ငံတကာ တရားမျှတမှုဆိုင်ရာ အမြဲတမ်းတရားရုံး (PCIJ) သည် လူနည်းစုများဆိုင်ရာ စာချုပ်များနှင့် သက်ဆိုင်သည့် အငြင်းပွားမှုများကို ဖြေရှင်းရာ၌ တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ခဲ့သည်။

လုပ်ထုံးလုပ်နည်းပိုင်ဆိုင်ရာ အကြောင်းအရာများ

နိုင်ငံပေါင်းချုပ်အသင်းကြီး၏ မည်သည့်အဖွဲ့ဝင်နိုင်ငံမဆို အသင်း၏ကောင်စီထံသို့ ချိုးဖောက်မှုများကို တင်ပြနိုင်ပြီး ကောင်စီတွင် အခြေအနေအရ သင့်တော်သလို၊ ထိရောက်သလို လုပ်ဆောင်နိုင်ပြီး ညွှန်ကြားချက်များ ပေးနိုင်သည်။ ထို့အပြင် ကောင်စီ၏ မည်သည့်အဖွဲ့ဝင်နိုင်ငံမဆို စာချုပ်များ၏ လူနည်းစုဆိုင်ရာ ပြဋ္ဌာန်းချက်များမှ ထွက်ပေါ်လာသည့် ဥပဒေဆိုင်ရာ သို့မဟုတ် အချက်အလက်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ သဘောထားကွဲလွဲမှုများကို PCIJ သို့ ရည်ညွှန်းနိုင်သည်။ နိုင်ငံများသည် အချင်းချင်း မဝေဖန်ကြမည်ကို စိုးရိမ်သည့်အတွက် ၁၉၂၀ ခုနှစ်တွင် လူနည်းစုအုပ်စုဝင် ပုဂ္ဂိုလ်များနှင့် အသင်းအဖွဲ့များအား ချိုးဖောက်မှုများ သို့မဟုတ် ချိုးဖောက်နိုင်သည့် အန္တရာယ်များကို ကောင်စီသို့ တင်ပြခွင့်ပေးခဲ့သည်။ "နိုင်ငံပေါင်းချုပ်အသင်းကြီးနှင့် လူနည်းစုများအား အကာအကွယ်ပေးခြင်း - စမ်းသပ်မှုကြီးတစ်ခုကို ပြန်လည်ရှာဖွေတွေ့ရှိခြင်း" ဟု အမည်ပေးထားသည့် စာတမ်းတိုတစ်ခုတွင် ပါမောက္ခ ပီတာဟီးလ်ပိုး (Peter Hilpold) အကျဉ်းချုပ် တင်ပြထားသည့်အတိုင်း နိုင်ငံပေါင်းချုပ်အသင်းကြီး၏ လူနည်းစုအကာအကွယ်ပေးရေးနစ်၏ အဓိက အစိတ်အပိုင်းများတွင် အောက်ပါအချက်များ ပါဝင်သည်။

> (၁) နိုင်ငံသားဖြစ်မှု ရရှိခြင်း၊ အထူးသဖြင့် အသစ်တည်ထောင်သည့် နိုင်ငံများတွင် နိုင်ငံသားဖြစ်မှု ရရှိခြင်းနှင့် နိုင်ငံမဲ့ဖြစ်မှုကို ရှောင်ရှားခြင်း - နိုင်ငံသားဖြစ်မှုအား လွှဲပြောင်းလိုက်သည့် နယ်မြေတွင် ပုံမှန်နေထိုင်သူများကိုသာမက စာချုပ်အသက်ဝင်လာသည့် အချိန်၌ နိုင်ငံသားဖြစ်မှု ရှိနှင့်ပြီးသူများကိုပါ ပေးရမည်ဖြစ်သည်။ မွေးဖွားစဉ်အတွင်း မိဘများနေထိုင်ရာ နယ်မြေတွင် မွေးဖွားသူများကိုလည်း အဆိုပါ နယ်မြေအတွက် နိုင်ငံသားဖြစ်မှု ပေးရမည် ဖြစ်သည်။
>
> (၂) အခွင့်အရေးများကို အသိအမှတ်ပြုခြင်း - နိုင်ငံသားတိုင်းသည် ဥပဒေ၏ တူညီသော အကာအကွယ်ပေးမှု၊ တူညီသော ဆက်ဆံမှုနှင့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးတို့ ရရှိခံစားရာ၌ ခွဲခြားဆက်ဆံမှု မရှိစေရေး စသည့်အခွင့်အရေးများကို အသိအမှတ်ပြုပြီး လေးစားရန် ဖြစ်သည်။ လူနည်းစုများအတွက် ပညာရေး အင်စတီကျူးရှင်းများကို ထည်ထောင်ရန်၊ စီမံခန့်ခွဲရန်၊ မိမိတို့ဘာသာကို ကိုးကွယ်ကျင့်သုံးရန်၊ မူလတန်းပညာရေးကို မိမိတို့ လူနည်းစု ဘာသာစကားဖြင့် သင်ယူရန်နှင့် မိမိတို့၏ ဘာသာစကားကို လွတ်လပ်စွာ အသုံးပြုရန် အခွင့်အရေးများကို အသိအမှတ် ပြုရမည် ဖြစ်သည်။[48]

[48] Hilpold, P, 'The League of Nations and the protection of minorities: Rediscovering a great experiment' Max Planck Yearbook of United Nations Law, 2013, Vol 17, p87.

အလေးထားစရာ

လူနည်းစုများနှင့် ပတ်သက်၍ PCIJ ၏ ဆုံးဖြတ်ချက်များ

ဂရိ-ဘူလ်ဂေးရီးယား လူမှုအသိုင်းအဝိုင်းများ[49] အမှု (၁၉၃၀) က လူနည်းစုများ တည်ရှိခြင်းသည် ဥပဒေရေးရာ ပြဿနာရပ်တစ်ခုမဟုတ်ဘဲ ကြောင်းခြင်းရာကိစ္စတစ်ရပ်ဖြစ်သည်ဟု ဆုံးဖြတ်ခဲ့သည်၊ ဆိုလိုသည်မှာ လူနည်းစုများ တည်ရှိခြင်းသည် နိုင်ငံတော်၏ တရားဝင် အသိအမှတ်ပြုမှုအပေါ် မူတည်ခြင်း မဟုတ်ကြောင်းပင်ဖြစ်သည်။

အယ်လ်ဘေးနီးဘားရှိ လူနည်းစု စာသင်ကျောင်းများ အမှု[50] (၁၉၃၅) တွင် တရားရုံးတော်က လူနည်းစုများအား ထိရောက်စွာအကာအကွယ်ပေးခြင်းသည် ခွဲခြားဆက်ဆံမှု မရှိရုံနှင့် မလုံလောက်ဘဲ ကူညီထောက်ပံ့သည့် လုပ်ဆောင်ချက်များလည်း လိုအပ်သည်ဟု ဖော်ပြခဲ့သည်။ ရုံးတော်က အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့သည် -

> *လူနည်းစုများ အကာအကွယ်ပေးရေး စာချုပ်များနောက်ကွယ်မှ သဘောတရားမှာ နိုင်ငံတစ်နိုင်ငံရှိ လူများစုနှင့် လူမျိုးအရ၊ ဘာသာစကားအရ၊ ကိုးကွယ်သည့်ဘာသာအရ ကွဲပြားခြားနားသည့် တချို့လူဆုပ်စုများအတွက် အဆိုပါ လူများစုနှင့် ငြိမ်းချမ်းစွာ နေထိုင်ရန်၊ ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်နိုင်ခြေကို သေချာဖန်တီးခြင်းဖြစ်ပြီး တချိန်တည်းတွင် လူများစုနှင့် ခွဲခြားပေးသည့် စရိုက်လက္ခဏာများကို ထိန်းသိမ်းရန်နှင့် ၎င်းတို့၏ အထူးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဖြစ်သည်။*
>
> *ဤရည်ရွယ် အောင်မြင်ရန် အကြောင်းအရာနှစ်ခုသည် အဓိကလိုအပ်ကြောင်း၊ ၎င်းတို့သည် ဤစာချုပ်များရှိ ပြဋ္ဌာန်းချက်၏ အဓိက အကြောင်းအရာပင် ဖြစ်ခဲ့သည်။*
>
> *ပထမအကြောင်းအရာမှာ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် ဘာသာစကား ဆိုင်ရာ လူနည်းစုအဖွဲ့များ၏ အဖွဲ့ဝင်များသည် နိုင်ငံတော်၏ အခြားသောနိုင်ငံသား များနှင့် ကိစ္စတိုင်းတွင် တန်းတူညီမျှမှု ရှိစေရန် ဖြစ်သည်။*
>
> *ဒုတိယအကြောင်းအရာမှာ လူနည်းစုများအတွက် ၎င်းတို့၏ လူမျိုးရေး ထူးခြားချက် များ၊ ထုံးထမ်းစဉ်လာများနှင့် အမျိုးသား စရိုက်လက္ခဏာများကို ထိန်းသိမ်းရန်အတွက် သင့်တော်သည့် နည်းလမ်းများ ဖန်တီးပေးရေး ဖြစ်သည်။*
>
> *တကယ်တမ်းတွင် ဤအခြင်းအရာနှစ်ခုသည် အပြန်အလှန် ချိတ်ဆက်နေကြသည်။ လူနည်းစုများတွင် ၎င်းတို့၏ ကိုယ်ပိုင်အင်စတီကျူးရှင်းမရှိ၊ ထို့ကြောင့် ၎င်းတို့အား*

[49] Greco-Bulgarian Communities, Advisory Opinion, 1930 PCIJ (ser B) No 17 (July 31)

[50] Minority Schools in Albania, Advisory Opinion, 1935 PCIJ (ser A/B) No 64 (Apr 6)

လူမျိုးစုအဖြစ် ရပ်တည်နိုင်စေသည့် အရာများကို စွန့်လွှတ်ရမည်ဆိုလျှင် လူများစုနှင့် လူနည်းစုတို့အကြား တန်းတူညီမျှမှု ရှိလိမ့်မည် မဟုတ်ချေ။[51]

ထို့ကြောင့် လူနည်းစုများတွင် ၎င်းတို့၏ ပင်ကိုစရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ရင်း လူများစုနှင့် ငြိမ်းချမ်းစွာ အတူတကွနေထိုင်နိုင်မည့် ဖြစ်နိုင်ခြေတစ်ခု ရှိသင့်ကြောင့် PCIJ က အကြံပြုထားသည်။

သို့ရာတွင် နိုင်ငံပေါင်းချုပ် အသင်းကြီး၏ စမ်းသပ်မှုကြီးတွင် ချို့ယွင်းချက်တချို့ ရှိခဲ့သည်။ ၎င်းမှာ စနစ်တကျမရှိခဲ့ဘဲ တချို့နိုင်ငံများအပေါ် တာဝန်ပေးခဲ့ပြီး တချို့နိုင်ငံများအပေါ်၌မူ တာဝန်ချမှတ်ခြင်း မရှိခဲ့ပေ။ ဥပမာ ပြင်သစ်နှင့် အီတလီနိုင်ငံတို့ကဲ့သို့ အင်အားကြီးနိုင်ငံများအပေါ် တာဝန်ချမှတ်ခြင်း မရှိခဲ့ပေ။ ပြင်သစ်နိုင်ငံသည် ၁၉၁၉ ခုနှစ်တွင် အယ်ဆာဆေ-လော်ရိန်း ဒေသရှိ ကြီးမားသည့် ဂျာမန်ဘာသာစကားပြော လူဦးရေကို ရယူခဲ့သော်လည်း လူနည်းစုဆိုင်ရာ တာဝန်များ ချမှတ်ခံရခြင်း မရှိခဲ့ပေ။ အလားတူပင် အီတလီနိုင်ငံက ၎င်းသည် စစ်နိုင် အင်အားကြီးနှစ်နိုင်ငံထဲမှ တစ်နိုင်ငံဖြစ်သည်ဟု ပြောဆိုပြီး လူနည်းစု အကာအကွယ်ပေးရေး တာဝန်ဝတ္တရားများကို လိမ်မာပါးနပ်စွာ ရှောင်ရှားခဲ့သည်။ ထို့အပြင် စနစ်အား ယေဘုယျ လူ့အခွင့်အရေး စံနှုန်းများအပေါ် အခြေခံထားခြင်း မဟုတ်ပေ။ စနစ်သည် ဒီမိုကရေစီ နောက်ဆုတ်သည့်၊ လူသားချင်းစာနာရေးစံချိန်စံနှုန်းများကို လက်ခံခြင်းမရှိသည့် အာဏာရှင်အစိုးရများ အင်အားကြီးလာသည့် အခြေအနေတွင် လည်ပတ်ခဲ့ရခြင်း ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ဤစနစ်သည် နောက်လာမည့် လူ့အခွင့်အရေးစနစ်များအတွက် အခြေခံဖြစ်လာသည့် အရေးပါသည့် ရှေ့ပြေးဥပမာတစ်ခု ဖြစ်ခဲ့သည်။

၂၂.၂.၃ ဒုတိယကမ္ဘာစစ်အလွန် ဖြစ်ပေါ်တိုးတက်မှုများ

ဒုတိယကမ္ဘာစစ် အဆုံးသတ်ပြီးနောက် နိုင်ငံပေါင်းချုပ်အသင်းကြီးကို အစားထိုးရန် ကုလသမဂ္ဂ အဖွဲ့ကို တည်ထောင်ခဲ့သည်။ ပဋိညာဉ်၏ အပိုဒ် ၁(၃) တွင် ဖော်ပြထားသည့်အတိုင်း ကုလသမဂ္ဂ၏ အဓိကရည်ရွယ်ချက်များထဲမှ တစ်ခုမှာ "လူ့အခွင့်အရေးများနှင့် လူမျိုး၊ လိင်၊ ဘာသာစကား သို့မဟုတ် ကိုးကွယ်သည့်ဘာသာတို့ကို ပမာနမထားဘဲ အခြေခံ လွတ်လပ်ခွင့်တို့အပေါ် လေးစားမှုကို မြှင့်တင်ရန်၊ အားပေးရန်အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး" ဖြစ်သည်။ ၁၉၄၈ ခုနှစ်တွင် နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်းကို ပြဋ္ဌာန်းခဲ့ပြီးနောက် လူနည်းစုများနှင့် မူလအခြေချနေထိုင်သော လူမှုအသိုင်းအဝိုင်းများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရန် စံနှုန်းများနှင့် အစီအမံများကို တဖြည်းဖြည်း ပြဋ္ဌာန်းလာခဲ့သည်။

[51] Minority Schools in Albania, at paras 48-52.

၂၂.၂.၄ မူလအခြေချနေထိုင်သော လူမျိုးများ၏ အခွင့်အရေးများကို အကာအကွယ်ပေး၊ မြှင့်တင်ပေးသည့် စံနှုန်းများ ဖြစ်ပေါ်တိုးတက်လာခြင်း

နိုင်ငံတကာ အလုပ်သမားများအဖွဲ့ချုပ် (ILO) သဘောတူစာချုပ် (၁၉၅၇) သည် မူလအခြေချနေထိုင်သော လူမျိုးများ သို့မဟုတ် IPs များ၏ အခွင့်အရေးများကို ကိုင်တွယ်ဖြေရှင်းသည် ပထမဦးဆုံး နိုင်ငံတကာစာချုပ်စာတမ်းတစ်ခုဖြစ်သည်။ သို့ရာတွင် ၎င်း၏တင်စီးသည့် စကားအသုံးအနှုန်းနှင့် ပေါင်းစပ်ရေး ချဉ်းကပ်နည်း (integrationist approach) တို့ကြောင့် ပြဿနာတက်ခဲ့သည်။ ဥပမာ အပိုဒ် ၁ က လူမျိုးနွယ်စု (tribal) သို့မဟုတ် လူမျိုးနွယ်စုတစ်ပိုင်း (semi tribal) အုပ်စုများသည် "တိုးတက်မှု နောက်ကျသည့် အဆင့်" တွင် ရှိကြသည်ဟု အရိပ်အမြွက် ရေးသားခဲ့သည်။ အလားတူပင် အပိုဒ် ၂ တွင် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ ပညာရေးတို့မှတဆင့် "သက်ဆိုင်ရာနိုင်ငံများ၏ နေထိုင်မှုဘဝသို့ ဖြည်းဖြည်းချင်း ဝင်ရောက်ရန်" တိုက်တွန်းထားသည်။ ဤကဲ့သို့ ပြဿနာများ ရှိနေခဲ့စေကာမူ ဤသဘောတူစာချုပ်သည် အတင်းအကြပ် သွတ်သွင်းမှု (forced assimilation) ကို တိုက်ဖျက်သည့် ပထမဆုံးခြေလှမ်း (အပိုဒ် ၄-၅) ဖြစ်ခဲ့ပြီး အလုပ်ခန့်ခြင်း၊ အလုပ်အကိုင် အခြေအနေ (အပိုဒ်-၁၅) ၊ မြေယာ အခွင့်အရေး (အပိုဒ်-၁၁) နှင့် မိခင်ဘာသာစကားဖြင့် ပညာသင်ယူခွင့် (အပိုဒ် ၂၃) စသည်တို့နှင့် စပ်လျဉ်း၍ မူလအခြေချနေထိုင်သော လူမျိုးများ၏ အကာအကွယ်ရရှိခွင့်ကို အသိအမှတ်ပြုခဲ့သည်။

အထက်တွင် ဆွေးနွေးခဲ့ပြီးသည့်အတိုင်း ICCPR နှင့် ICESCR နှစ်ခုစလုံး၏ အပိုဒ် ၁ က လူမျိုးအားလုံးတွင် မိမိတို့၏ နိုင်ငံရေးဖြစ်တည်မှုကို လွတ်လပ်စွာ ဆုံးဖြတ်ရန်နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးတို့ကို လုပ်ဆောင်ရန်အလို့ငှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိသည်ဟု အသိအမှတ်ပြုသည်။

၎င်းတို့၏ သီးခြားလူမျိုးများ ဖြစ်ခွင့်အပေါ် အသိအမှတ်ပြုအတွက် ထောက်ခံမှုကို ခိုင်မာအားကောင်းအောင် လုပ်ဆောင်ခဲ့ပြီးနောက် ILO သည် သဘောတူစာချုပ် ၁၀၇ ကို ပြန်လည်ဆန်းစစ်ပြီး ၁၉၈၉ ခုနှစ်တွင် ၎င်းကို မူလအခြေချနေထိုင်သော လူမျိုးများနှင့် လူမျိုးနွယ်စုများဆိုင်ရာ သဘောတူစာချုပ် (အမှတ် ၁၆၉) ဖြင့် အစားထိုးခဲ့သည်။ အပိုဒ် ၁ က လူမျိုးနွယ်စုများနှင့် IPs များကို ခွဲခြားသတ်မှတ်ထားသော်လည်း တချိန်တည်းတွင် စာချုပ်သည် ဤအုပ်စုနှစ်ခုလုံးအပေါ် အကျုံးဝင်ကြောင်းကို အထူးဖော်ပြထားသည်။ မူလအခြေချနေထိုင်သော လူမျိုးများနှင့် လူမျိုးနွယ်စုများ (tribal people) အကြား ခြားနားချက်သည် အောက်ပါအစိတ်အပိုင်းပေါ် အဓိက မူတည်သည်။ မူလအခြေချနေထိုင်သော လူမျိုးများသည် ကိုလိုနီမပြုမီ သို့မဟုတ် အမျိုးသားနိုင်ငံတော် မတည်ထောင်မီ ထိုနယ်မြေ၌ နေထိုင်ကြသည့် လူများနှင့် သမိုင်းကြောင်းအရ မပြတ်ဆက်စပ်နေမှု ဖြစ်သည်။ ထို့အပြင် အပိုဒ် ၁(၂) သည် သဘောတူစာချုပ်၏ အကျုံးဝင်မှုကို ဆုံးဖြတ်ရာ၌ အုပ်စုများ၏ မိမိတို့ကိုယ်ကို မူလအခြေချနေထိုင်သော လူမျိုး သို့မဟုတ် လူမျိုးနွယ်စုအဖြစ် ကိုယ်တိုင် သရုပ်ဖော်နိုင်သည့် အခွင့်အရေးများကို အသိအမှတ်ပြုထားသည်။

ထို့အပြင် သဘောတူစာချုပ်က မူလအခြေချနေထိုင်သော လူမျိုးများ သို့မဟုတ် လူမျိုးနွယ်စုများတွင် ၎င်းတို့၏ လူ့အခွင့်အရေးများကို ခွဲခြားဆက်ဆံမှု သို့မဟုတ် အနှောင့်အယှက်ပေးမှု တစ်စုံတစ်ရာမရှိဘဲ ရရှိခံစားခွင့်ရှိသည်ဟု ထပ်လောင်းရေးသားထားသည်။ မူလအခြေချနေထိုင်သော လူမျိုးများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရန်၊ မြှင့်တင်ပေးရန်အတွက် ဥပဒေများ၊ မူဝါဒများနှင့် အုပ်ချုပ်ရေးမူဘောင်များ ရေးဆွဲသည့်အခါ ၎င်းတို့နှင့် တိုင်ပင်ရန်လည်း အစိုးများအပေါ် တာဝန်ပေးထားသည်။ ဤအထွေထွေမူများအပေါ် အခြေခံ၍ သဘောတူစာချုပ်သည် ၎င်းတို့၏ မြေယာ၊ အလုပ်ခန့်အပ်ခြင်း၊ အလုပ်အကိုင် အခြေအနေ၊ အသက်မွေးဝမ်းကျောင်းသင်တန်း၊ လက်မှုပစ္စည်းနှင့် ကျေးလက် စက်မှုလက်မှုလုပ်ငန်းများ၊ လူမှုလုံခြုံရေးနှင့် ကျန်းမာရေး၊ ပညာရေးနှင့် ဆက်သွယ်ရေး နည်းလမ်းများဆိုင်ရာ အခွင့်အရေးများကို အကျယ်တဝင့် ရေးသားဖော်ပြထားသည်။ အချုပ်ဆိုရသော် သဘောတူစာချုပ် ၁၆၉ သည် သဘောတူစာချုပ် ၁၀၇ တွင် ဖော်ပြထားသည့် အခွင့်အရေးများကိုပင် အကျယ်တဝင့် ဖော်ပြထားခြင်းဖြစ်သော်လည်း (သဘောတူစာချုပ် ၁၀၇ တွင် ကျင့်သုံးသည့် အတင်းသွတ်သင်းရေးချဉ်းကပ်နည်းနှင့် နှိုင်းယှဉ်လျှင်) IPs များ၏ အခွင့်အရေးများကို ပိုမို၍ လေးစားသမှုပြသသည့် ပုံစံဖြင့် ဖော်ပြထားသည်ကို မှတ်သားသင့်ပါသည်။ သို့ရာတွင် ယနေ့အချိန်အထိ မည်သည့် အာဆီယံနိုင်ငံကမျှ သဘောတူစာချုပ် ၁၆၉ ကို အတည်ပြုလက်မှတ်ရေးထိုးထားခြင်း မရှိသေးပေ။

ICERD ၏ အထွေထွေမှတ်ချက် ၂၃ သည် လူမျိုး (race) ၊ အသားအရောင်၊ မိရိုးဖိုဇ သို့မဟုတ် နိုင်ငံသို့မဟုတ် လူမျိုး (ethnicity) ဗီဇ တို့အပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုပုံစံအားလုံးကို တိုက်ဖျက်ရန် အဓိကဦးတည်သည်။ ဤကဲ့သို့ ခွဲခြားဆက်ဆံမှုများသည် လူ့အခွင့်အရေးအားလုံးကို အသိအမှတ်အပြုခြင်းနှင့် ရရှိခံစားခြင်းတို့ကို ပယ်ဖျက်လိုသော သို့မဟုတ် ထိခိုက်စေသော အကျိုးသက်ရောက်မှု သို့မဟုတ် ရည်ရွယ်ချက်ရှိသည်။ (၁၉၉၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့်) အထွေထွေအကြံပြုချက် ၂၃ တွင် လူမျိုးရေးအခြေပြု ခွဲခြားဆက်ဆံမှု တိုက်ဖျက်ရေး ကော်မတီက ICERD ၏ ဘောင်နယ်နိမိတ်အတွင်း မူလအခြေချနေထိုင်သော လူမျိုးများအပေါ် ခွဲခြားဆက်မှုလည်း ပါဝင်သည်ဟု ထပ်လောင်းပြောကြားခဲ့သည်။ အဆိုပါ အကြံပြုချက်သည် နိုင်ငံများအား အောက်ပါတို့ကို ဆောင်ရွက်ရန်လည်း တိုက်တွန်းခဲ့သည်။

- မူလအခြေချနေထိုင်သော လူမျိုးများ၏ ထူးခြားသည့် ယဉ်ကျေးမှု၊ သမိုင်း၊ ဘာသာစကားနှင့် နေထိုင်မှုပုံစံတို့အား နိုင်ငံတော်၏ ယဉ်ကျေးမှုသရုပ်သဏ္ဌာန်ကို ကြွယ်ဝစေသည့်အရာများအဖြစ် အသိအမှတ်ပြုရန်၊ လေးစားရန်နှင့် ၎င်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်၊
- မူလအခြေချနေထိုင်သော လူမျိုးအုပ်စုဝင်များသည် ဂုဏ်သိက္ခာအရ၊ အခွင့်အရေးများအရ လွတ်လပ်ပြီး တန်းတူညီမျှဖြစ်စေရေး၊ ခွဲခြားဆက်ဆံမှုများမှ ကင်းဝေးစေရေး လုပ်ဆောင်ရန်၊
- မူလအခြေချနေထိုင်သော လူမျိုးများအတွက် ၎င်းတို့၏ ယဉ်ကျေးမှု ဝိသေသလက္ခဏာများနှင့် လိုက်လျောညီထွေသည့် ရေရှည်တည်တံ့သည့် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများကို ခွင့်ပြုပေးသည့် အခြေအနေများ ဖန်တီးပေးရန်၊

- မူလအခြေချနေထိုင်သော လူမျိုးအုပ်စုဝင်များသည် ပြည်သူ့ရေးရာ ကိစ္စရပ်များတွင် ထိရောက်စွာ ပါဝင်နိုင်ခြင်းနှင့် ပတ်သက်၍ တန်းတူညီမျှသော အခွင့်အရေးများ ရှိစေရန်နှင့် ၎င်းတို့၏ နားလည်သိရှိမှုအပေါ် အခြေခံသည့် သဘောတူခွင့်ပြုချက်မရှိဘဲ ၎င်းတို့၏ အခွင့်အရေးများ၊ အကျိုးစီးပွားများနှင့် တိုက်ရိုက်သက်ဆိုင်သည့် မည်သည့်ဆုံးဖြတ်ချက်ကိုမျှ မချမှတ်စေရေး လုပ်ဆောင်ရန်၊
- မူလအခြေချနေထိုင်သော လူမျိုးများသည် ၎င်းတို့၏ ယဉ်ကျေးမှု ထုံးထမ်းစဉ်လာများကို ကျင့်သုံးရန်၊ ပြန်လည် ရှင်သန်ထွန်းကားလာအောင် ဆောင်ရွက်ရန် ၎င်းတို့၏ အခွင့်အရေးများကို ကျင့်သုံးနိုင်စေရေး၊ ၎င်းတို့၏ ဘာသာစကားများကို သုံးစွဲ၊ ထိန်းသိမ်းနိုင်စေရေး လုပ်ဆောင်ရန်နှင့်
- မူလအခြေချနေထိုင်သော လူမျိုးများ၏ ဘုံမြေများ၊ နယ်မြေများနှင့် အရင်းအမြစ်များကို ပိုင်ဆိုင်၊ ဖော်ထုတ်၊ ထိန်းချုပ်၊ သုံးစွဲခွင့်များကို အသိအမှတ်ပြုရန်နှင့် အကာအကွယ်ပေးရန်။

အထွေထွေအကြံပြုချက် ၂၃ သည် မြေယာနှင့် သဘာဝသယံဇာတ အခွင့်အရေးများနှင့် နားလည်သိရှိမှုအပေါ် အခြေခံသည့် လွတ်လပ်စွာပေးသည့် ကြိုတင်သဘောတူခွင့်ပြုချက်တို့၏ အစိတ်အပိုင်းတချို့ကို အသိအမှတ်ပြုခဲ့စေကာမူ ၂၀၀၇ ခုနှစ်တွင် မူလအခြေချနေထိုင်သော လူမျိုးများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကြေညာချက် (UNDRIP) ကို လက်ခံအတည်ပြုသည့်အခါမှသာ ၎င်းတို့၏ အခွင့်အရေးများကို အသေးစိတ် ထုတ်ဖော်ရေးသားလာခဲ့ခြင်း ဖြစ်သည်။

IPs များ၏ စုံလင်ကွဲပြားမှုများနှင့် ကိုယ်ပိုင်ထူခြားချက်များ အပြည့်အစုံကို ထည့်သွင်းဖော်ပြခြင်း၏ အခက်အခဲများကို ရှောင်ရှားရန်အလို့ငှာ ကြေညာချက် မူကြမ်းရေးဆွဲသူများသည် မူလအခြေချနေထိုင်သော လူမျိုးများအတွက် တရားဝင် အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ရပ် မပေးလိုခဲ့ကြကြောင်း UNDRIP ၏ ဆွေးနွေးညှိနှိုင်းမှု မှတ်တမ်းက ဖော်ပြသည်။ ထို့ကြောင့် ကြေညာချက်သည် IPs များ၏ နိုင်ငံတကာဥပဒေ၌ အသိအမှတ်ပြုထားသည့် လူ့အခွင့်အရေးများကို တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ အပြည့်အဝ ရရှိခံစားခွင့်ကို ထပ်လောင်းအတည်ပြုပေးထားသည်။ အရေးကြီးသည့် အစိတ်အပိုင်းတချို့တွင် အောက်ပါတို့ ပါဝင်သည်။

- ၎င်းတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးရာ၌ IPs များတွင် ၎င်းတို့၏ အတွင်းရေးနှင့် ဒေသဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ လွတ်လပ်ခွင့် (autonomy) သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့် (self-government) ရှိသည်။ ၎င်းတို့တွင် မိမိတို့၏ ကိုယ်ပိုင် နိုင်ငံရေး၊ ဥပဒေရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အင်စတီကျူးရှင်းများကို ဆက်လက် ထိန်းသိမ်းခွင့်၊ ခိုင်မာအားကောင်းအောင် လုပ်ဆောင်ခွင့်တို့လည်း ရှိသည်။
- IPs များ၏ သရုပ်သဏ္ဌာန်၊ မြေယာများနှင့် သယံဇာတများကို ဆုံးရှုံးစေခြင်းတို့ ဖြစ်စေရန် ရည်ရွယ်သည့် လုပ်ရပ်များနှင့် အတင်းအကျပ် သွတ်သွင်းခြင်း (forced assimilation) သို့မဟုတ် ထည့်သွင်းပေါင်းစပ်ခြင်း (integration) တို့ပါဝင်သည့် လုပ်ရပ်များကဲ့သို့ လူ့အခွင့်အရေးချိုးဖောက်မှုများမှ အကာအကွယ်ပေးရန်၊ ဖြစ်ပွားသည့် လူ့အခွင့်အရေး

ချိုးဖောက်မှုများအတွက် ဖြေရှင်းဆောင်ရွက်ရန် ထိရောက်သော အစီအမံများ လုပ်ဆောင်ပေးရမည့်တာဝန်သည် နိုင်ငံတော်တွင် ရှိသည်။ မူလအခြေချနေထိုင်သော လူမျိုးများ၏ မြေယာများ သို့မဟုတ် နယ်မြေများ၊ အထူးသဖြင့် သတ္တုများ၊ ရေ သို့မဟုတ် အခြား သယံဇာတများ ထုတ်ဖော်ခြင်း၊ သုံးစွဲခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းတို့နှင့် ဆက်စပ်၍ ခွင့်ပြုချက်မပေးမီ ၎င်းတို့၏ နားလည်သိရှိမှုအပေါ် အခြေခံသည့် လွတ်လပ်စွာပေးသည့် ကြိုတင်သဘောတူခွင့်ပြုချက်ရယူရန် ၎င်းတို့နှင့် သဘောရိုးဖြင့် တိုင်ပင်ဆွေးနွေးရန်လည်း နိုင်ငံတော်တွင် တာဝန်ရှိသည်။ နောက်ဆုံးအချက်အနေဖြင့် နိုင်ငံများတွင် မူလအခြေချနေထိုင်သော လူမျိုးများအပေါ်ခွဲခြားဆက်ဆံမှုများ တိုက်ဖျက်ရေးအစီအမံများကို ချမှတ်ရန်လည်း တာဝန်ရှိသည်။

ဖြစ်ရပ် လေ့လာခြင်း

မူလအခြေချနေထိုင်သော လူမျိုးများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကြေညာချက် (၂၀၀၇) အား သဘောတူလက်ခံခြင်းသို့ ဦးတည်စေခဲ့သည့် သုတေသနနှင့် လှုပ်ရှားကြိုးပမ်းမှုများ

၁၉၇၁ ခုနှစ်တွင် လူနည်းစုများအား အကာအကွယ်ပေးခြင်းနှင့် ခွဲခြားဆက်ဆံခြင်း တားဆီးရေးဆိုင်ရာ ကုလသမဂ္ဂ ဆပ်ကော်မရှင် (၁၉၉၉ ခုနှစ်နောက်ပိုင်းတွင် လူ့အခွင့်အရေး ကာကွယ်၊ မြှင့်တင်ရေးဆပ်ကော်မရှင် ဖြစ်လာခဲ့သည်) သည် IPs များ၏ အခွင့်အရေး ချိုးဖောက်မှုများအပေါ် လေ့လာချက်တစ်ရပ် ပြုလုပ်စေခဲ့သည်။ မူလအခြေချနေထိုင်သော လူမျိုးအုပ်စုများ၏ အခြေအနေနှင့်ပတ်သက်၍ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လေ့လာရန် ဟိုဆေးမာတင်နဲကိုဘို အား အထူးကိုယ်စားလှယ်အဖြစ် တာဝန်ပေးခဲ့သည်။ 'မူလအခြေချနေထိုင်သော လူမျိုးများအပေါ် ခွဲခြားဆက်ဆံခြင်း ပြဿနာအား လေ့လာချက် (၁၉၈၁)'[52] ဟူသော သူ၏ အပြီးသတ် အစီရင်ခံစာတွင် မူလအခြေချနေထိုင်သော လူမျိုးများနှင့် သက်ဆိုင်သည့် လုပ်ငန်းဆောင်တာအားလုံးတွင် နိုင်ငံအားလုံး၏ အစိုးရများအနေဖြင့် လမ်းညွှန်ချက်အဖြစ် အသုံးပြုရန် သတ်သတ်မှတ်မှတ်မူများကို ချမှတ်ရေးဆွဲရန် ၎င်းက အကြံပြုခဲ့သည်။ အဆိုပါမူများအား ၎င်းတို့၏ သရုပ်သဏ္ဌာန်နှင့် ၎င်းတို့ ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်တို့အား လေးစားမှုအပေါ် အခြေခံသင့်သည်။

ထိုလေ့လာချက်အား အပြီးသတ်ဆောင်ရွက်နေစဉ် မူလအခြေချနေထိုင်သော လူမျိုးများသည် ၎င်းတို့အရေး အာရုံစိုက်လာစေရန် ဂျနီဗာမြို့တွင် အစည်းအဝေးများ စတင်စုဝေးကျင်းပလာခဲ့ကြ

[52] Martinez Cobo, J, 'Study of the problem of discrimination against indigenous populations: Final report submitted by the Special Rapporteur, Mr José Martínez Cobo' United Nations Department of Economic and Social Affairs.

သည်။ ကိုယ်စားလှယ်များသည် လူ့အခွင့်အရေး ကော်မရှင်၏ နှစ်ပတ်လည် အစည်းအဝေးများ ရှေ့မှောက်ထွက်ပြီး ၎င်းတို့၏ ဒုက္ခရောက်နေသည့်အခြေအနေအကြောင်း ပြောဆိုလာခဲ့ကြသည်။ ထိုကဲ့သို့သော လှုပ်ရှားကြိုးပမ်းမှုများပြီးနောက် ၁၉၈၂ ခုနှစ်တွင် မူလအခြေချနေထိုင်သော လူမျိုးများဆိုင်ရာ ကုလသမဂ္ဂ အလုပ်အဖွဲ့အား ဆပ်ကော်မရှင်၏ အဖွဲ့ခွဲတစ်ခုအဖြစ် တည်ထောင်ခဲ့သည်။ အလုပ်အဖွဲ့တွင် အုပ်ချုပ်ရေးပါသည့် လုပ်ပိုင်ခွင့်ရှိသည်။ တစ်ပိုင်းမှာ IPs များ၏ အခွင့်အရေးများ ကာကွယ်၊ မြှင့်တင်ရေးနှင့် သက်ဆိုင်သည့် ဖြစ်ပေါ်တိုးတက်မှုများကို သုံးသပ်လေ့လာရန်နှင့် နောက်တစ်ပိုင်းမှာ အဆိုပါအခွင့်အရေးများနှင့် သက်ဆိုင်သည့် နိုင်ငံတကာ စံနှုန်းများ ဖြစ်ပေါ်တိုးတက်မှုတို့ကို အာရုံစိုက်လေ့လာရန် ဖြစ်သည်။

အလုပ်အဖွဲ့အစည်းအဝေးများကို အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ မူလအခြေချနေထိုင်သော လူမျိုးအုပ်စုများ၏ ကိုယ်စားလှယ်များ အဆိုပါအစည်းအဝေးများတွင် ပါဝင်နိုင်စေရန် အတွက် မူလအခြေချနေထိုင်သော လူမျိုးများအတွက် ကုလသမဂ္ဂ စေတနာရှင်ရန်ပုံငွေကို ၁၉၈၅ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ယင်း၏ အကျိုးရလဒ်အဖြစ် အလုပ်အဖွဲ့သည် ၁၉၉၃ ခုနှစ်တွင် အဖွဲ့အတွင်း ဆင်ခြင်စဉ်းစားနိုင်ရန်အတွက် ကြေညာချက်မူကြမ်းကို ရေးသားခဲ့သည်။ အစိုးရအများအပြားသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အား အကန့်အသတ်မရှိ အသိအမှတ်ပြုခြင်း သို့မဟုတ် မူလအခြေချနေထိုင်သော လူမျိုးများ၏ မြေယာ သို့မဟုတ် စုပေါင်းအခွင့်အရေးများကို အသိအမှတ်မပြုလိုကြသည့်အတွက် ဆွေးနွေးပွဲများသည် ဆယ်စုနှစ်တစ်ခုကျော် ကြာမြင့်ခဲ့သည်။ မူလအခြေချနေထိုင်သော လူမျိုးပြဿနာများဆိုင်ရာ ကုလသမဂ္ဂ ရာသက်ပန်ဖိုရမ်အား အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၂၀၀၀/၂၂ ဖြင့် ၂၀၀၀ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် တည်ထောင်ခဲ့သည်။ ဤဖိုရမ်သည် လူမှုရေး၊ စီးပွားရေး တိုးတက်မှု၊ ယဉ်ကျေးမှု၊ သဘာဝ ပတ်ဝန်းကျင်၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့အခွင့်အရေးတို့နှင့် သက်ဆိုင်သည့် မူလအခြေချနေထိုင်သော လူမျိုးပြဿနာများအကြောင်း ပညာရှင် အကြံပြုချက်များကို ပေးခြင်း၊ ပညာပေးခြင်း၊ သတင်းအချက်အလက်များကို ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်သည်။

၂၀၀၆ ခုနှစ်တွင် အသစ်ဖွဲ့စည်းလိုက်သည့် လူ့အခွင့်အရေးကောင်စီ၏ ပထမညီလာခံတွင် ကြေညာချက်အား သဘောတူလက်ခံနိုင်စေရန်အတွက် ၎င်းကို အပြီးသတ်ရေးဆွဲရန် တဖန် ကြိုးပမ်းခဲ့ကြသည်။ အထူးသဖြင့် အလုပ်အဖွဲ့၏ ဥက္ကဋ္ဌက ၁၉၉၃ မူကြမ်းကို အပြောင်းအလဲတချို့ လုပ်ရန် အကြံပြုခဲ့သည်။ အဆိုပါအပြောင်းအလဲများထဲမှ မှတ်သားဖွယ်အကောင်းဆုံးတစ်ခုမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် နားလည်သဘောပေါက်မှု ဖြစ်သည်။

၂၀၀၇ ခုနှစ်တွင် ကြေညာချက်အား အပြီးသတ်လက်ခံအတည်ပြုခဲ့သည်။ နိုင်ငံ ၄ နိုင်ငံ ဖြစ်သော (ဩစတြေးလျ၊ ကနေဒါ၊ နယူးဇီလန်နှင့် အမေရိကန်နိုင်ငံ) သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ မြေယာနှင့် သယံဇာတ အခွင့်အရေးများ၊ သယံဇာတ စီမံခန့်ခွဲရေးနှင့် သက်ဆိုင်သည့် ဥပဒေနှင့် မူဝါဒ ဆုံးဖြတ်ချက်များအပေါ် ဗီတိုအာဏာသုံးခွင့်တို့နှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများ ရှိသည့်အတွက် ကြေညာချက်ကို ကန့်ကွက်ခဲ့ကြသည်။

၂၂.၂.၅ စံနှုန်းများ ဖြစ်ပေါ်တိုးတက်လာခြင်း - လူနည်းစုများ၏ အခွင့်အရေးများအား အကာအကွယ်ပေးခြင်းနှင့် မြှင့်တင်ခြင်း

လူနည်းစုများ အကာအကွယ်ပေးရေးနှင့် ခွဲခြားဆက်ဆံမှု တားဆီးရေးဆိုင်ရာ ကုလသမဂ္ဂ ဆပ်ကော်မရှင်၏ အထူးကိုယ်စားလှယ်သည် ၁၉၇၇ ခုနှစ်တွင် လူနည်းစု အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အောက်ပါအတိုင်း အကြံပြုခဲ့သည်။

> *နိုင်ငံတစ်နိုင်ငံ၏ ကျန်လူဦးရေနှင့် နှိုင်းယှဉ်လျှင် အရေအတွက်အားဖြင့် နိမ့်ပါးသော၊ ကြီးစိုးနိုင်သည့် အနေအထားတွင် မရှိသော၊ နိုင်ငံ၏ နိုင်ငံသားများဖြစ်ပြီး ကျန်လူဦးရေနှင့်မတူသည့် လူမျိုး၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် ဘာသာစကားဆိုင်ရာ ဝိသေသလက္ခဏာများအားဖြင့် ကျန်လူဦးရေနှင့် မတူသော၊ မိမိတို့၏ ယဉ်ကျေးမှု၊ ထုံးထမ်းစဉ်လာများ၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် ဘာသာစကားတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် သွယ်ဝိုက်၍ဖြစ်စေ စည်းလုံးညီညွတ်စိတ် ရှိကြသည့် အုပ်စုတစ်စု။*[53]

ဝေဖန်ထောက်ပြသူများက မဆိုင်းမတွပင် အထက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုတချို့ကို ထုတ်ဖော်ခဲ့ကြရာ အရေအတွက်အားဖြင့် နိမ့်ပါးသည်ဆိုခြင်းမှာ ဘာကို ဆိုလိုသနည်း။ အနည်းဆုံး အရေအတွက်တစ်ခုကို ဆိုလိုခြင်းလား။ အရေအတွက်အားဖြင့် မြင့်မားပြီး နိုင်ငံရေးအားဖြင့် နိမ့်ပါးသည့် အခြေအနေတွင် ရှိသည့် အုပ်စုများကိုမူ မည်ကဲ့သို့ သတ်မှတ်မည်နည်း (ဥပမာ အပါးသိုက်စနစ်အတွင်း တောင်အာဖရိကနိုင်ငံ၏ အခြေအနေကဲ့သို့)။ လူနည်းစုအဖြစ် အသိအမှတ်ပြုခံရရန် အုပ်စုများသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသား ဖြစ်ရမည်လား။ မည်သည့်အခြေအနေတွင် ထိုကဲ့သို့ အုပ်စုများတွင် နိုင်ငံမဲ့ လူပုဂ္ဂိုလ်များ မပါဝင်သနည်း။

ဤကဲ့သို့ ဝေဖန်ချက်များကြောင့် လူနည်းစုဟူသော စကားရပ်ကို အဓိပ္ပာယ်သတ်မှတ်သည့် ကိုင်တွယ်ရခက်ခဲသည့် ပြဿနာကို ရှောင်ရှားခဲ့သည်။ ၎င်းအစား လူနည်းစု အခွင့်အရေးများအား အကွယ်အကွယ်ပေးမှုကို ခိုင်မာအားကောင်းစေသည့် လက်တွေ့ကျသည့် ချဉ်းကပ်နည်းကို လက်ခံကျင့်သုံးခဲ့သည်။ အနှစ်သာရအားဖြင့်ဆိုလျှင် လူနည်းစုအားလုံးသည် အခြေခံလူ့အခွင့်အရေးအားလုံးကို ရရှိခံစားခွင့်ရှိသည်။ သို့ရာတွင် လူနည်းစုအုပ်စုများသည် ၎င်းတို့၏ နိုင်ငံသား၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများကို ရရှိခံစားရာ၌၊ ၎င်းတို့၏ သရုပ်သဏ္ဌာန်၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်သည့်ဘာသာတို့ကို ထုတ်ဖော်ပြသရာ၌ ခွဲခြားဆက်ဆံမှုများကဲ့သို့ အတားအဆီးများ ရင်ဆိုင်နေကြရသည်။

---

[53] Capotorti, F, 'Study on the rights of persons belonging to ethnic, religious and linguistic minorities (E/CN.4/Sub.2/384/Rev.1)' New York: United Nations, 1979, at para.568.

၁၉၉၂ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံသည် အမျိုးသား၊ လူမျိုးစု၊ ဘာသာရေး သို့မဟုတ် ဘာသာစကား လူနည်းစုဝင်များ၏ အခွင့်အရေးများဆိုင်ရာ ကြေညာချက်ကို လက်ခံ အတည်ပြုခဲ့သည်။ အဆိုပါ ကြေညာချက်သည် နိုင်ငံများအပေါ် လူမျိုးစု၊ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် ဘာသာစကားလူနည်းစုများ၏ တည်ရှိမှုနှင့် သရုပ်သဏ္ဌာန်ကို အကာအကွယ် ပေးရန် ဥပဒေဆိုင်ရာနှင့် အခြားသော လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ရန် တာဝန်ချမှတ် သည်။ ထို့ပြင် ၎င်းကြေညာချက်သည် လူနည်းစုအုပ်စုများ၏ မည်သည့် ကန့်သတ်မှု သို့မဟုတ် ခွဲခြားဆက်မှုတစ်စုံတစ်ရာမရှိဘဲ မိမိတို့၏ ယဉ်ကျေးမှုအတိုင်း ကျင့်သုံးနေထိုင်ခွင့်၊ မိမိတို့၏ ဘာသာကို ကိုးကွယ်ခွင့်နှင့် မိမိတို့၏ ဘာသာစကားကို သုံးစွဲခွင့်တို့ကိုလည်း အသိအမှတ်ပြုထား သည်။ လူနည်းစုများ၏ ယဉ်ကျေးမှု၊ ဘာသာရေး၊ လူမှုရေးနှင့် စီးပွားရေး ဘဝတို့တွင် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ခွင့်ကိုလည်း ၎င်းက အသိအမှတ်ပြုထားသည်။

ဤကြေညာချက်သည် နိုင်ငံများအတွက် မလိုက်နာမနေရ မဟုတ်သော်လည်း ၎င်းတွင် ပါဝင်သည့် အခွင့်အရေးများကို လက်မှတ်ထိုးအတည်ပြုထားသည့် နိုင်ငံများ လိုက်နာရန် လိုအပ် သည့် ICCPR၊ ICESCR နှင့် ICERD တို့တွင် ဖော်ပြထားပြီး ဖြစ်သည်။ ဤသဘောတူစာချုပ်များကို လက်မှတ်မထိုးထားသည့် နိုင်ငံများသည်ပင် ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ အပြည်ပြည် ဆိုင်ရာ ပုံမှန်သုံးသပ်အစီအရင်ခံချက် အစီအစဉ်အရ အဆိုပါအခွင့်အရေးများ၊ တာဝန်ဝတ္တရား များအတွက် တာဝန်ယူ၊ တာဝန်ခံရသည်။

လူနည်းစုအခွင့်အရေးများ၏ အခြေခံအစိတ်အပိုင်းများကို အာမခံထားသည့် ICCPR နှင့် ICESCR ပါ ပြဋ္ဌာန်းချက်များကို အောက်တွင်ဆွေးနွေးထားသည်။ ၎င်းတို့တွင် တန်းတူညီမျှခွင့်နှင့် ခွဲခြား ဆက်ဆံမှု မခံရခြင်းတို့ ပါဝင်သည်။ မိမိ၏ ကိုးကွယ်သည့်ဘာသာ၊ ဘာသာစကား၊ လူမျိုး သို့မဟုတ် အခြားသော ဖြစ်တည်မှုတစ်မျိုးမျိုးကြောင့် အခွင့်အရေးများ ရရှိခံစားရာ၌ ခွဲခြား ဆက်ဆံမှုမခံရခြင်းသည် လူနည်းစုအခွင့်အရေးအကာအကွယ်ပေးရေးစနစ်တစ်ခု၏ အရေး အကြီးဆုံး အစိတ်အပိုင်းများထဲမှတစ်ခုပင် ဖြစ်သည်။ လူနည်းစုများသည် တိုက်ရိုက် ခွဲခြား ဆက်ဆံမှုကိုသာမက သွယ်ဝိုက်သည့် ခွဲခြားဆက်ဆံမှုကိုပါ ရင်ဆိုင်ရနိုင်သည်။ တန်းတူညီမျှ ခွင့်နှင့် ခွဲခြားဆက်ဆံမှုမခံရစေခြင်း အခွင့်အရေးတို့ကို အောက်ပါစာချုပ်များ၌ အကာအကွယ် ပေးထားသည်။

- ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်အပိုဒ် ၂(၁) အပိုဒ် ၂၆
- စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူ စာချုပ်နှင့်
- နည်းမျိုးစုံဖြင့် လူမျိုးရေး ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်

လူနည်းစု အခွင့်အရေးများ အကာအကွယ်ပေးခြင်း၏ အဓိကအစိတ်အပိုင်းတစ်ခုသည် လူနည်းစု များ၏ အတင်းအကြပ် သွတ်သွင်းခံရပြီး ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာနှင့် ဘာသာစကား

တို့ ပျောက်ဆုံးသွားမည်ကို စိုးရိမ်ကြောက်လန့်မှု ဖြစ်သည်။ ထို့ကြောင့် ICCPR ၏ အပိုဒ် ၂၇ နှင့် ICESCR ၏ အပိုဒ် ၁၅(၁က) တွင် ဖော်ပြထားသကဲ့သို့ လူ့အခွင့်အရေး စာချုပ်ကြီးများသည် လူနည်းစုများ၏ မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအတိုင်း ကျင့်သုံးနေထိုင်ခွင့်၊ မိမိတို့ဘာသာကို ကိုးကွယ်ယုံကြည်ခွင့်နှင့် မိမိတို့ဘာသာစကားကို ပြောဆိုသုံးစွဲခွင့်တို့ကို အသိအမှတ်ပြုထားသည်။

ICCPR ၏ အပိုဒ် ၂၇ အရ ပေးထားသည့် အကာအကွယ်ပေးမှုသည် စာချုပ်အဖွဲ့ဝင်နိုင်ငံ၏ နိုင်ငံသား မဟုတ်သည့် တစ်သီးပုဂ္ဂိုလ်များနှင့် အုပ်စုများအတွက်လည်း အကျုံးဝင်ကြောင်း လူ့အခွင့်အရေးကော်မတီက အထွေထွေမှတ်ချက် ၂၃ တွင် ရှင်းလင်းထားသည်။ နိုင်ငံများအနေဖြင့် လူနည်းစုအုပ်စုများ၏ နေထိုင်ကျင့်သုံးမှုများတွင် ဝင်ရောက်စွက်ဖက်ခြင်းမှ ရှောင်ကြဉ်ရမည့်အပြင် လူနည်းစုဝင် ပုဂ္ဂိုလ်များနှင့် အုပ်စုများ ၎င်းတို့၏ ယဉ်ကျေးမှု၊ ဘာသာနှင့် ဘာသာစကားတို့ကို ပြောဆိုကျင့်သုံးနိုင်စေရန် လိုအပ်သည်များ ချမှတ်လုပ်ဆောင်ရမည့် တာဝန်ရှိသည်ကိုလည်း သတ်သတ်မှတ်မှတ် ဖော်ပြထားသည်။ ထို့အပြင် ယဉ်ကျေးမှုဆိုသည်မှာ မိမိ၏ နေထိုင်မှုဘဝပုံစံအတိုင်းနေထိုင်ရန်၊ မြေယာအရင်းအမြစ်များကို သုံးစွဲခြင်းကဲ့သို့ ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်နိုင်ကြောင်းကိုလည်း လူ့အခွင့်အရေး ကော်မတီက အသေးစိတ် ဖော်ပြထားသည်။ အပိုဒ် ၂၇ ပါအခွင့်အရေးများကို ကျင့်သုံးခြင်းသည် ၎င်းက အာမခံထားသည့် အခြားသော အခွင့်အရေးများကို ချိုးဖောက်ခြင်း မရှိစေရဟုလည်း ကော်မတီက ဆိုထားသည်။ တနည်းဆိုရသော် အပိုဒ် ၂၇ အား ကျင့်သုံးခြင်းသည် အခြားသော အခွင့်အရေးများ သို့မဟုတ် လွတ်လပ်ခွင့်ကို ချိုးဖောက်လျှင် ထိုသို့ ကျင့်သုံးခြင်းသည် တရားနည်းလမ်း ကျလိမ့်မည် မဟုတ်ချေ။

အလားတူပင် အထွေထွေမှတ်ချက် ၂၁ တွင် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ကော်မတီက ယဉ်ကျေးမှု အခွင့်အရေးများကို လေးစားခြင်း၊ အပြည့်အဝ မြှင့်တင်ပေးခြင်းတို့သည် လူသားဂုဏ်သိက္ခာနှင့် စုံလင်ကွဲပြားပြီး၊ ယဉ်ကျေးမှုများစွာရှိသည့် ကမ္ဘာကြီး၌ လူတစ်ဦးတစ်ယောက်ချင်းနှင့် လူမှုအသိုင်းအဝိုင်းများအကြား အပြုသဘောဆောင်သည့် လူမှုဆက်ဆံရေးတို့ကို ထိန်းသိမ်းရန်အတွက် မရှိမဖြစ် လိုအပ်သည်ဟု မှတ်သားခဲ့သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

တစ်သီးပုဂ္ဂလ အခွင့်အရေးများလား၊ ယဉ်ကျေးမှု အခွင့်အရေးများလား။

အုပ်စုတစ်စု၏ ယဉ်ကျေးမှု ကျင့်သုံးပိုင်ခွင့်ကြောင့် တစ်သီးပုဂ္ဂလလူတစ်ဦး၏ အခွင့်အရေးများ ဆုံးရှုံးမှုကို ဖြစ်စေသည့် အခြေအနေများတွင် မည်သူ၏ အခွင့်အရေးက ပိုမိုရှု အရေးပါသင့်သနည်း။ အုပ်စု၏ အခွင့်အရေးလော သို့မဟုတ် တစ်သီးပုဂ္ဂိုလ်၏ အခွင့်အရေးလော။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာတမ်းက အခွင့်အရေးများအား တစ်သီးပုဂ္ဂိုလ်က ဖြစ်စေ အုပ်စုကဖြစ်စေ ကျင့်သုံးခြင်းသည် အခြားသူများ၏ လူ့အခွင့်အရေးများကို မထိခိုက်သင့်ဟု

ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ ထို့ကြောင့် ယဉ်ကျေးမှုအရ ကျင့်သုံးနေထိုင်ခြင်းကို အခြားသူတစ်ယောက်၏ အခွင့်အရေးများ ရရှိခံစားခြင်းကို မထိခိုက်သည့် အတိုင်းအတာအထိ ကန့်သတ်သင့်သည်။

ယဉ်ကျေးမှုအရ ကျင့်သုံးနေထိုင်ခြင်းကို ကန့်သတ်ခြင်းသည် မလွယ်ကူပေ။ ဥပမာ အမျိုးသမီး လိင်အင်္ဂါ ဖြတ်တောက်သည့် အလေ့အထ (FGM) ကို အင်ဒိုနီးရှားနိုင်ငံ၏ နေရာတချို့တွင် ကျင့်သုံးကြသည်။ သို့ရာတွင် တချို့မိန်းကလေးများသည် သွေးထွက်လွန်သေဆုံးခြင်း သို့မဟုတ် ရောဂါပိုးများ ဝင်ရောက်ခြင်း၊ တချို့မိန်းကလေးများသည် ကလေးမွေးဖွားစဉ်အတွင်း မွေးဖွားရ ခက်ခဲခြင်း စသည့် ကျန်းမာရေး ပြဿနာများ ခံစားရနိုင်သည်။ ဤကဲ့သို့ အခြေအနေ၌ပင် FGM အလေ့အထကို တားမြစ်ရန် နိုင်ငံတော်၏ ကြိုးပမ်းမှုတွင် ၎င်းအား ဘာသာရေးထုံးထမ်း စဉ်လာအဖြစ် မှတ်ယူကြသည့် ဘာသာရေးခေါင်းဆောင်များ၏ ဆန့်ကျင်မှုကို ကြုံတွေ့ရသည်။

၂၂.၃ မူလအခြေချနေထိုင်သော လူမျိုးများနှင့် လူနည်းစု အခွင့်အရေးများ - အရှေ့တောင်အာရှ၌ မျက်မှောက်ခေတ် ပြဿနာများ

အရှေ့တောင်အာရှ နိုင်ငံအားလုံးသည် UNDRIP ကို လက်မှတ်ထိုးထားကြသော်လည်း ဖိလစ်ပိုင်နိုင်ငံမှအပ နိုင်ငံအများစုသည် မူလအခြေချနေထိုင်သော (indigenous) ဟူသော စကားရပ်ကိုပင် အသိအမှတ်မပြုပေ။ မူလအခြေချနေထိုင်သော လူမျိုးအုပ်စုများကို ဖော်ပြရန် နိုင်ငံအများစုသည် ၎င်းအစား လူနည်းစု လူမျိုးများ (ethnic minorities) ဟုသာ အသုံးပြုသည်။ ထိုသို့ အသုံးပြုရန် ငြင်းဆန်ရခြင်း အကြောင်းအရင်း၏ တစ်စိတ်တစ်ဒေသမှာ မူလအခြေချ နေထိုင်သော လူမျိုးများ ဟူသော စကားရပ်သည် နိုင်ငံများ အသိအမှတ် မပြုလိုသည့် မြေယာနှင့် သယံဇာတအရင်းအမြစ်များအပေါ် ပိုင်ဆိုင်ခွင့်များ (claims) နှင့် ဆက်နွယ်ပတ်သက်နေသည်။ ဤစကားရပ်ကို အသိအမှတ်ပြုသည့် တစ်ခုတည်းသော နိုင်ငံဖြစ်သည့် အားလျော်စွာ ဖိလစ်ပိုင် နိုင်ငံသည် မူလအခြေချနေထိုင်သော လူမျိုးများ၏ အခွင့်အရေးများ အက်ဥပဒေ ၁၉၉၇ ကို ပြဋ္ဌာန်းခဲ့သည်။

ဇယား ၂၂-၁ သည် IPs များကို ဖော်ပြရန် နိုင်ငံများက အသုံးပြုသည့် စကားရပ်များ၊ နိုင်ငံ အသီးသီးတွင်ရှိသည့် မူလအခြေချနေထိုင်သော လူမျိုး အရေအတွက်နှင့် ၎င်းတို့၏ အခွင့်အရေး များကို အကာအကွယ်ပေးရန် ပြဋ္ဌာန်းထားသည့် ဥပဒေများကို ဖော်ပြထားသည်။

ဇယား ၂၂-၁။ အရှေ့တောင်အာရှရှိ မူလအခြေချနေထိုင်သော လူမျိုးအုပ်စုများနှင့် ၎င်းတို့၏ အခွင့်အရေးများကို အကာအကွယ်ပေးသည် ဥပဒေများ (၂၀၁၉ ခုနှစ်အထိ)

နိုင်ငံ	အစိုးရ သတ်မှတ်ထားသည့် အသုံးများသော အမည်	မူလအခြေချ နေထိုင်သော လူမျိုးအုပ်စု အရေအတွက်	ဥပဒေများ
ကမ္ဘောဒီးယား	မူလအခြေချနေထိုင်သော လူမှုအသိုင်းအဝိုင်းများ၊ မူလအခြေချနေထိုင်သော လူနည်းစုလူမျိုးများ၊ တောင်ပေါ် လူမျိုးများ (တရားဝင် အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိပါ)	၁၇-၂၄ အုပ်စုခန့်	၂၀၀၁ မြေယာဥပဒေ
အင်ဒိုနီးရှား	Masyarakat Adat သို့မဟုတ် ထုံးထမ်းစဉ်လာဥပဒေများကို ကျင့်သုံး သည့် လူမျိုးများ	လူမျိုးအုပ်စု ၁၀၀၀ ကျော်	အင်ဒိုနီးရှားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၁၈(ခ)(၂)၊ အခြေခံ စိုက်ပျိုးရေး စည်းမျဉ်းစည်းကမ်း ဥပဒေ အမှတ် ၅/၁၉၆၀ နှင့် လူ့အခွင့်အရေးများဆိုင်ရာ ဥပဒေ အမှတ် ၃၉/၁၉၉၉
လာအို	လူမျိုးအုပ်စုများ	လူမျိုးအုပ်စု ၄၉ အုပ်စု၊ လူမျိုးအုပ်စုခွဲ ၁၆၀ အုပ်စု	အတိအကျ ဥပဒေ မရှိပါ။
မလေးရှား	ဒေသခံလူမျိုးများ၊ Orang Asli ၊ Orang Asal	၉၇	ဆာရာဝတ်နှင့် ဆာဘပြည်နယ် - ထုံးထမ်းစဉ်လာ မြေယာ အခွင့်အရေးများနှင့် ထုံးထမ်းစဉ်လာ ဥပဒေ။ မလေးရှား ကျွန်းဆွယ် ဒေသ- ထုံးထမ်းစဉ်လာ ဥပဒေအရ အသိအမှတ်ပြု ထားသည့် Orang Asli လုပ်စားပိုင်ခွင့် (tenure)။ ၁၉၅၄ ခုနှစ် မူလအခြေချ နေထိုင်သော လူမျိုးအား အကာ်ဥပဒေသည် Orang Asli အုပ်ချုပ်ရေးနှင့်

			၎င်းတို့၏ မြေယာများ အပေါ် နေထိုင်လုပ်ကိုင်မှုနှင့် သက်ဆိုင်သည်။
မြန်မာ	တိုင်းရင်းသား လူမျိုးများ (ethnic nationalities)	၁၀၀ ကျော်	၂၀၁၈ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ။ ဤဥပဒေအား အကောင်အထည်ဖော်ခြင်းသည် မူလအခြေချနေထိုင်သော လူမျိုးများအား ၎င်းတို့၏ မြေပေါ်မှ ဖယ်ရှားကောင်း ဖယ်ရှားခံရနိုင်သည်။
ဖိလစ်ပိုင်	မူလအခြေချနေထိုင်သော လူမျိုးများ	၁၀၀ ခန့်	၁၉၉၇ ခုနှစ် မူလအခြေချနေထိုင်သော လူမျိုးများ၏ အခွင့်အရေးများ အက်ဥပဒေ။ ယဉ်ကျေးမှုတည်တံ့ခိုင်မြဲရေး၊ မြေယာအခွင့်အရေးနှင့် ကိုယ်တိုင်ဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ခွင့်တို့ကို အကာအကွယ်ပေးသည်။
ထိုင်း	မူလအခြေချနေထိုင်သော လူမျိုးများ၊ မူလအခြေချနေထိုင်သော တောင်ကုန်း/တောင်တန်း လူမျိုးများ (Indigenous hill/mountain people)	၂၀ ခန့်	အတိအကျ ဥပဒေ မရှိပါ။
ဗီယက်နမ်	လူနည်းစု လူမျိုးများ၊ တောင်ကုန်း လူမျိုးငယ်များ (hill tribes)၊ တောင်တန်း လူမျိုးများ	၅၄	အတိအကျ ဥပဒေ မရှိပါ။

၂၂.၃.၁ မြေယာအခွင့်အရေးများ

မူလအခြေချနေထိုင်သော လူမျိုးများ၏ ဘဝနှင့် စီးပွားရေး လုပ်ငန်းဆောင်တာများသည် ၎င်းတို့ အစဉ်အလာအရ ပိုင်ဆိုင်လာခဲ့သည့်၊ နေထိုင်လာခဲ့သည့် သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် အသုံးချလာခဲ့သည့် မြေများ၊ နယ်မြေများနှင့် သယံဇာတများနှင့် လုံးဝ ချိတ်ဆက်နေပါသည်။ သို့ရာတွင် နိုင်ငံအများစု၌ မူလအခြေချနေထိုင်သော လူမျိုးအုပ်စုများတွင် ထို့ကဲ့သို့ မြေယာများကို တရားဝင်ပိုင်ဆိုင်ခွင့်မရှိကြဘဲ ဖွံ့ဖြိုးရေး၊ လမ်းတံတား စီမံကိန်းများကြောင့် ဖယ်ရှားခြင်း ခံကြရသည်။

ဥပမာ- ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံတကာ လူ့အခွင့်အရေးအခြေအနေ ပုံမှန်သုံးသပ်ချက်ကာလ အတွင်း လူ့အခွင့်အရေးကောင်စီက ၂၀၁၉ ခုနှစ် အစောပိုင်းတွင် သုံးသပ်ခဲ့သည့် လူ့အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံး အစီအရင်ခံစာက အနိမ့်ပိုင်း ဆီဆန်း ရေအားလျှပ်စစ် စီမံကိန်း ၂ (Lower Sesan II hydroelectric project) ကြောင့် စတုန်းထရံ (Stung Treng) ပြည်နယ်ရှိ ဘူနွန် (Bunong) မူလအခြေချနေထိုင်သော လူမျိုးများသည် အိမ်များ၊ ကိုးကွယ် ဆည်းကပ်ရာ သစ်တောနှင့် သုသန်မြေများ ဆုံးရှုံးနေကြောင်း မှတ်သားတင်ပြခဲ့သည်။ ပရီယာဘီဟာ (Preach Vihear) ပြည်နယ်တွင်လည်း ကူအီလူမျိုးများ (Kui) ၏ လယ်ယာမြေများနှင့် ကိုးကွယ်ဆည်းကပ်ရာ သစ်တောများသည် ကြံစိုက်ခင်းများအတွက် ရှင်းလင်းခံနေရကြောင်း အဆိုပါ အစီအရင်ခံစာက မှတ်သားခဲ့သည်။ ဤပြဿနာများနှင့် စပ်လျဉ်း၍ အစိုးရအနေဖြင့် မြေယာပိုင်ဆိုင်ခွင့် ပြုလုပ်သည့် ဖြစ်စဉ်ကို ပိုမို၍ ရိုးရှင်းအောင် ပြုလုပ်သင့်ကြောင်း၊ မူလအခြေချနေထိုင်သော လူမျိုးအသိုင်းအဝိုင်း၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေများ ပိုမို၍ အသုံးပြုသင့်ကြောင်း ကမ္ဘာဒီးယားနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူး ကိုယ်စားလှယ်က အကြံပြုထားသည်ဟုလည်း အစီအရင်ခံစာက ဆိုထားသည်။

၂၀၁၄ ခုနှစ်တွင် ICESCR နှင့်ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံ၏ ပုံမှန်အစီအရင်ခံစာကို သုံးသပ် လေ့လာနေစဉ် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများ ကော်မတီသည် Masyarakat Adat (မူလအခြေချနေထိုင်သော လူမျိုး) တို့၏ အခွင့်အရေးများအတွက် ထိရောက်သော ဥပဒေအရ အကာအကွယ်ပေးသည့် မူဘောင်တစ်ရပ် မရှိသည့်အတွက် စိုးရိမ်ပူပန်ကြောင်း၊ Masyarakat Adat တို့၏ ထုံးထမ်းစဉ်လာမြေယာများနှင့် သယံဇာတများကို ပိုင်ဆိုင်၊ ထုတ်ဖော်၊ ထိန်းချုပ်၊ အသုံးပြုနိုင်မည့် အခွင့်အရေးများကို ထိထိရောက်ရောက် အာမခံပေးမည့် ဥပဒေကြမ်း တစ်ခု ဆောလျင်စွာ ပြဋ္ဌာန်းပေးသင့်ကြောင်း အပြီးသတ် လေ့လာချက်များတွင် အကြံပြုခဲ့သည်။ မူလအခြေချနေထိုင်သော လူမျိုးအုပ်စုများနှင့် ၎င်းတို့၏ သယံဇာတများအပေါ် အကျိုး သက်ရောက်မှုရှိသော ဆုံးဖြတ်ချက်များချမှတ်ခြင်းနှင့်ပတ်သက်၍ လွတ်လပ်ပြီး သိရှိသဘောတူ ညီမှုအပေါ်အခြေခံသည့် ကြိုတင်ခွင့်ပြုချက်အား လေးစားလိုက်နာမှုရှိစေရေးအတွက် ခိုင်မာသည့် အစီအမံများကို ချမှတ်ထားသင့်ကြောင်းလည်း ကော်မတီက အကြံပြုခဲ့သည်။ ဤ အကြံပြုချက်များကိုပင် OHCHR က ၂၀၁၇ ခုနှစ် UPR လုပ်ငန်းစဉ်အတွင်း ထပ်လောင်း တင်ပြခဲ့သည်။

ဖြစ်ရပ် လေ့လာခြင်း

တန်ပါကန် ကြေးနီ-ရွှေ စီမံကိန်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ (ကိုတာဘာတို တောင်ပိုင်း၊ ဖိလစ်ပိုင်နိုင်ငံ)

တန်ပါကန် (Tampakan) ကြေနီသတ္တုတွင်း ဧဝတ်လမ်းသည် အနောက်ပိုင်းသတ္တုတွင်း တူးဖော်ရေး ကော်ပိုရေးရှင်း (WMC) တန်ပါကန်ဒေသ၌ ၁၉၉၅ ခုနှစ်တွင် သတ္တုတွင်း တူးဖော်ခွင့်လိုင်စင်တစ်ခုကို ရရှိခဲ့ခြင်းမှ အစပြုသည်။ ၁၉၉၇ ခုနှစ်တွင် စီမံကိန်းသည် လုပ်ငန်းလည်ပတ်ရာ၌ စိန်ခေါ်မှုများကြုံတွေ့ခဲ့သည့်အတွက် Glencore-Xstrata ကုမ္ပဏီသည် ဆာဂီတာရီးယပ်စ် (Sagittarius) ဟူသည့် ကုမ္ပဏီခွဲတစ်ခုဖြင့် ၂၀၀၇ ခုနှစ် စီမံကိန်း ပြည်လည်စတင်ခဲ့ရသည်။

အဖွင့် သတ္တုတွင်းများသည် ပြည်နယ်လေးခု၏ နယ်နိမိတ်အတွင်းကျရောက်ပြီး ဘလာအန်း (Bla'an) လူမျိုးများ၏ ဘိုးဘေးဘီဘင်မြေများ၏ ကြီးမားသည့် ဧရိယာတစ်ခုအတွင်းလည်း ကျရောက်သည်။ ကုမ္ပဏီမှ ပြုလုပ်ခဲ့သည့် သဘာဝပတ်ဝန်းကျင် အကျိုးဆက် လေ့လာ ဆန်းစစ်ချက် (EIA) က လူ ၅၀၀၀ နီးပါးခန့် အကျိုးသက်ရောက်ခံရနိုင်ခြေရှိပြီး ၎င်းတို့အများစုမှာ မူလအခြေချနေထိုင်သော လူမျိုးများဖြစ်ကြောင့် ခန့်မှန်းခဲ့သည်။ စီမံကိန်းအား ဘလာအန်း လူမျိုးများ၏ လွတ်လပ်စွာ နားလည်သိရှိမှုအပေါ် အခြေခံသည့် ကြိုတင်ခွင့်ပြုချက် မရှိဘဲ စတင်ခဲ့ခြင်းဖြစ်သည်ဟု ၂၀၀၂ ခုနှစ်တွင် မူလအခြေချနေထိုင်သော လူမျိုးများဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်ထံ တင်သွားခဲ့သည့် အစီအရင်ခံစာတစ်စောင်၌ ထောက်ပြခဲ့ သည်။ ၂၀၁၂ ခုနှစ်တွင် တန်ပါကန်ဖိုရမ် (ကိုတာဘာတိုတောင်ပိုင်းရှိ ဒေသခံ အဖွဲ့အစည်းများနှင့် နိုင်ငံအဆင့် နိုင်ငံတကာထောက်ခံအဖွဲ့အစည်းများပါဝင်သည့် မဟာမိတ်အဖွဲ့ဖြစ်သည်) ပြုလုပ်ခဲ့ သည့် အချက်အလက်ရှာဖွေရေးအဖွဲ့က ကော်ပိုရေးရှင်းများသည် အစိုးရအမိန့်ကို ချိုးဖောက်ခဲ့ကြ ကြောင်း၊ ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက် လျှောက်လွှာအား သုံးသပ်နေစဉ် အတွင်း၌ပင် လုပ်ငန်းများကို ဆက်လက်လုပ်နေခဲ့ကြောင်း တွေ့ရှိခဲ့သည်။ ဒေသအတွင်း စစ်သား နှင့် လုံခြုံရေးတပ်ဖွဲ့များ ထူတပ်နေကြောင်း၊ သတ္တုတွင်းကုမ္ပဏီ၏ လမ်းချဲ့ထွင်မှုကြောင့် သီးနှံများ၊ လယ်မြေများနှင့် အိမ်များ ပျက်စီးခဲ့ကြောင်းလည်း အဆိုပါ အချက်အလက် ရှာဖွေရေး အဖွဲ့က တွေ့ရှိခဲ့သည်။

ထို့အပြင် ၂၀၁၂-၂၀၁၃ ကာလအတွင်း တရားမဝင် သတ်ဖြတ်မှု သုံးခု ဖြစ်ပွားခဲ့သည်။ သတ်ဖြတ် ခံရသူအားလုံးမှာ တန်ပါကန် သတ္တုတွင်း စီမံကိန်း၌ မိမိတို့အသိုင်းအဝိုင်း၏ ဘိုးဘွားပိုင်မြေများ ကို ကာကွယ်ပေးနေခဲ့သည့် ဘလာအန်းလူမျိုး ခေါင်းဆောင်၏ မိသားစုဝင်များနှင့် ဆွေမျိုးများ ဖြစ်ကြသည်။

၂၀၁၄ ခုနှစ် မေလအထိ သတ္တုတွင်းစီမံကိန်းအား ဆိုင်းငံ့ထားခြင်း သို့မဟုတ် စွန့်ပစ်လိုက်ခြင်း မရှိသေးဘဲ အကျဉ်းချုံးထားခဲ့သည်။ Glencore/Xstrata သည် ဘလာအန်းအသိုင်းအဝိုင်း၏

သဘောတူခွင့်ပြုချက် ရယူခြင်းအပါအဝင် စည်းမျဉ်းစည်းကမ်းများကို အပြည့်အဝလိုက်နာမည်ဟု ကတိကဝတ်ပြုထားသည်။

၂၂.၃.၂ ဘာသာစကား ပြောဆိုသုံးစွဲခွင့်

ယခင်ဆွေးနွေးထားပြီးဖြစ်သည့်အတိုင်း ဘာသာစကားသည် မူလအခြေချနေထိုင်သော လူမျိုးများနှင့် လူနည်းစု အုပ်စုများ၏ သရုပ်သဏ္ဌာန်အတွက် မရှိမဖြစ် အရေးပါသည့် အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ အဆိုပါအုပ်စုများ၏ မိမိတို့ ဘာသာစကား ပြောဆိုသုံးစွဲခွင့်ကို အကာအကွယ်ပေးရန် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေက နိုင်ငံများအား တိုက်တွန်းထားသည်။ နိုင်ငံတကာဥပဒေသည် လူနည်းစု ဘာသာစကားများအား ပြန်လည်ရှင်သန်စေရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေးများ လုပ်ဆောင်ရန် နိုင်ငံများအပေါ် တာဝန်လည်း ချမှတ်ထားသည်။

သို့သော် လက်တွေ့၌ စိန်ခေါ်မှု မြောက်များစွာ ရှိနေသည်။ ဥပမာ အင်ဒိုနီးရှားနိုင်ငံတွင် လူမျိုးစုဘာသာစကား ၅၀၀ ကျော်အထိ ရှိသည်။ ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၃၆ သည် ဘဟာဆာကို နိုင်ငံတော်ဘာသာစကားအဖြစ် အသိအမှတ်ပြုထားပြီး အပိုဒ် ၃၂ သည် ဒေသိယဘာသာစကားများအား အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များအဖြစ် နိုင်ငံတော်က လေးစားရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ပေးထားသည်။ ၁၉၈၆ ခုနှစ်တွင် နိုင်ငံတော်အဆင့် ဘာသာစကား မူဝါဒတစ်ရပ် ချမှတ်ခဲ့စေကာမူ လူမျိုးစု ဘာသာစကားများကို မြှင့်တင်မည့် မူဝါဒတစ်ခု မရှိခဲ့ပေ။ ထို့အပြင် ပညာသင်ကြားရေးတွင် အတန်းစုံ၌ ဘဟာဆာဘာသာစကားဖြင့် သင်ကြားခြင်းဖြစ်ရာ လူနည်းစု ဘာသာစကားများသည် ပို၍ပင် တပမ်းရှုံးနိမ့်ခဲ့ရသည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

စဉ်းစားတွေးတောစရာ မေးခွန်း

အားလုံးဆက်သွယ်ချိတ်နေသည့် ကမ္ဘာကြီးတွင် အင်္ဂလိပ်ဘာသာနှင့် အခြားသော ဘာသာတချို့သည် ရှေ့တန်းရောက်လာခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် နိုင်ငံများတွင် ကလေးသူငယ်များအား ကမ္ဘာ့စနစ်ကြီးအတွင်း ဆက်ဆံပြောဆိုနိုင်စေရန် ပညာရေးစနစ်တွင် အင်္ဂလိပ်ဘာသာသည် ရှေ့ရောက်လာခဲ့သည်။ ထိုကဲ့သို့ အခြေအနေမျိုးတွင် လူနည်းစု ဘာသာစကားများကို ထိန်းသိမ်း၊ မြှင့်တင်ရန် မည်သည့်အရာများကို လုပ်ဆောင်နိုင်သနည်း။

၂၂.၃.၃ မိမိယဉ်ကျေးမှုအတိုင်း ကျင့်သုံးနေထိုင်ခွင့်

မူလအခြေချနေထိုင်သော လူမျိုးများနှင့် လူနည်းစု လူမျိုးများ၏ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၏ အဓိကအစိတ်အပိုင်းတစ်ခုမှာ ထုံးထမ်းများ၊ အလေ့အထများနှင့် အစဉ်အလာများကို ကာကွယ်ခွင့်၊ ထိန်းသိမ်းခွင့်နှင့် ဖော်ထုတ်ခွင့်တို့ ဖြစ်သည်။ ဤထုံးထမ်းစဉ်လာများမှာ မူလအခြေချနေထိုင်သော လူမျိုးသရုပ်သဏ္ဌာန်၏ ဗဟိုချက်မဲ့ရှိပြီး ၎င်းတို့အပေါ် လေးစားခြင်းသည် တစ်သီးပုဂ္ဂိုလ်များနှင့် လူမှုအသိုင်းအဝိုင်းများ၏ ချမ်းသာသုခအတွက်လည်း အထောက်အပံ့ ဖြစ်စေသည်။ သို့ရာတွင် နိုင်ငံများသည် မူလအခြေချနေထိုင်သော လူမျိုးများ၏ ဘဝနေထိုင်မှုပုံစံကို သဘောပေါက်နားလည်ခြင်းမရှိဘဲ ၎င်းတို့အား ခေတ်နောက်ကျသော လူသားများ၊ အရိုင်းအစိုင်းများအဖြစ် မှတ်ယူကြသည်။ ဥပမာတစ်ခုမှာ အရှေ့တောင်အာရှ၏ တောင်ပေါ်ဒေသများရှိ မူလအခြေချနေထိုင်သော လူမျိုးများအကြား ရွှေ့ပြောင်းစိုက်ပျိုးကြသည့် အလေ့အထ ဖြစ်သည်။ ဤအလေ့အထက မြေကို မြေဩဇာကောင်းစေပြီး ပိုးသတ်ဆေးလည်း မလိုပေ။ မူလအခြေချနေထိုင်သော လူမျိုးအုပ်စုများသည် ဤအလေ့အထအား လက်တွေ့ကျင့်သုံးခြင်းနှင့် ပတ်သက်၍ မျိုးဆက်ပေါင်းမြောက်များစွာအထိ စည်းမျဉ်းစည်းကမ်းများ ချမှတ်လာခဲ့ကြသည်။ ဤကဲ့သို့သော စနစ်များသည် ဒေသရှိ ဇီဝအမျိုးအစားစုံလင်မှုကို ထိန်းသိမ်းပေးပြီး နေထိုင်သူများကိုလည်း ဟင်းသီးဟင်းရွက် အမျိုးမျိုး၊ သစ်သီးပင်အမျိုးမျိုးနှင့် ဟင်းခတ်အမွှေးအကြိုင်အပင်များနှင့် ဆေးဖက်ဝင်အပင်အမျိုးမျိုးကို စိုက်ပျိုးစေနိုင်သည်။ ထို့ကြောင့် ဤအလေ့အထသည် ၎င်းတို့၏ ဘဝနေထိုင်မှုပုံစံအား အခွန့်ရှည်စေသည်။ သို့ရာတွင် ဤအလေ့အထအား ခုတ်ထစ်-မီးလျှို့ (ရွှေ့ပြောင်းတောင်ယာ) စိုက်ပျိုးရေး စနစ်များအဖြစ် ရှုတ်ချပြီး အရှေ့တောင်အာရှ၏ နှစ်စဉ် မီးခိုးငွေ့ဖုံးအုပ်မှုအတွက် မူလအခြေချနေထိုင်သော လူမျိုးများကို အပြစ်ဖို့တတ်ကြသည်။ နိုင်ငံများသည် ဤကဲ့သို့ စိုက်ပျိုးရေးစနစ်ကို နားလည်သဘောပေါက်ရန် ကြိုးပမ်းမည့်အစား ၎င်းတို့ကို ဟန့်တားလိုကြသည်။

၂၂.၃.၄ တက်ကြွလှုပ်ရှားသူများနှင့် သဘာဝပတ်ဝန်းကျင် အခွင့်အရေး ကာကွယ်သူများအပေါ် ခြိမ်းခြောက်မှုများ

ရှေ့တန်းရပ်တည်ကာကွယ်သူများ (Front Line Defenders) များ၏ ကိန်းဂဏာန်းများအရ ၂၀၁၈ ခုနှစ်တွင် အသတ်ခံခဲ့ရသည့် တက်ကြွလှုပ်ရှားများထဲမှ ၁၀၀ ဦးလျှင် ၇၇ ဦးမှာ မြေယာ၊ သဘာဝပတ်ဝန်းကျင် သို့မဟုတ် မူလအခြေချနေထိုင်သော လူမျိုးများ၏ အခွင့်အရေးများကို ကာကွယ်လှုပ်ရှားသူများဖြစ်သည်။[54] မူလအခြေချနေထိုင်သော လူမျိုးများ၏ အခွင့်အရေးများဆိုင်ရာ အထူးကိုယ်စားလှယ်သည် မိမိတို့၏ အခွင့်အရေးများကို ကာကွယ်နေသည့် IP များအား တိုက်ခိုက်ခြင်း၊ ရာဇဝတ်သားအဖြစ် သတ်မှတ်ခြင်းအကြောင်းကို သူမ၏ အစီအရင်ခံစာ (၂၀၁၈ ခုနှစ်တွင် လူ့အခွင့်အရေး ကောင်စီသို့ တင်သွင်းခဲ့သည်) မူလအခြေချနေထိုင်သော လူမျိုးခေါင်းဆောင်များအပေါ် ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုအများစုသည် သယံဇာတ တူးဖော်သည့်

[54] Front Line Defenders, *Global Analysis 2018*, Ireland: Front Line Defenders, 2019.

လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ အခြေခံအဆောက်အဦ၊ ရေအားလျှပ်စစ်ဆည်များနှင့် သစ်ခုတ်လုပ်ငန်းစီမံကိန်းများကို ဆန့်ကျင်ကန့်ကွက်စဉ်အတွင်း ဖြစ်ပွားခဲ့ကြောင်း တင်ပြခဲ့သည်။[55]

မူလအခြေချနေထိုင်သော လူမျိုးများ အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင် အခွင့်အရေး ကာကွယ်သူများ ထိလွယ်ခိုက်လွယ် ဖြစ်နေခြင်း၏ အဓိက အကြောင်းအရင်းတစ်ခုမှာ ၎င်းတို့၏ စုပေါင်းမြေယာအခွင့်အရေးများအပေါ် လေးစားမှုမရှိခြင်းနှင့် မူလအခြေချနေထိုင်သော လူမျိုးအသိုင်းအဝိုင်းများအား ခိုင်မာသည့် မြေယာပိုင်ဆိုင်ခွင့် (Tenure) ပေးရန် နိုင်ငံများ၏ ပျက်ကွက်မှုတို့ကြောင့်ဖြစ်သည်ဟု သူမက ထောက်ပြခဲ့သည်။[56] အခြေအနေအများအပြားဌ သစ်တော၊ သတ္တုတွင်းတူးဖော်ခြင်းနှင့် စွမ်းအင်ကဏ္ဍတို့နှင့် သက်ဆိုင်သည့် ဥပဒေများသည် IP မြေယာအခွင့်အရေးများနှင့် သဟဇာတမဖြစ်ဘဲ စီးပွားရေးလုပ်ငန်းများကိုသာ မျက်နှာသာပေးထားသည်ဟုလည်း အထူးကိုယ်စားလှယ်က မှတ်သားခဲ့သည်။[57]

ထို့ကြောင့် အထူးကိုယ်စားလှယ်သည် သဘာဝပတ်ဝန်းကျင် အခွင့်အရေး ကာကွယ်သူများ ရင်ဆိုင်ရသည့် အသက်၊ လုံခြုံရေး အန္တရာယ်များနောက်ကွယ်မှ စနစ်ပိုင်းဆိုင်ရာ အကြောင်းအရင်းများကို မီးမောင်းထိုးပြခဲ့သည်။ အာဆီယံဒေသတွင် ဒေသတွင်းစီးပွားရေး ပေါင်းစည်းမှုမျှော်မှန်းချက်ကြောင့် လာအိုနိုင်ငံ (ရှာရာဘူရီဆည်) နှင့် မြန်မာနိုင်ငံ (ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်) တို့၌ ထိုင်းနိုင်ငံ၏ နယ်စပ်ဖြတ်ကျော် ရင်းနှီးမြုပ်နှံမှုများ ဖြစ်ပွားလာသည့်အတွက် (လူမှု)စနစ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (structural violence) ပြဿနာသည် ဤဒေသတွင် အရေးပါလာသည်။ ထိုကဲ့သို့ အခြေအနေများတွင် အိမ်ရှင်နိုင်ငံများရှိ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတရေးစနစ်တို့သည် အားနည်းနေတတ်သည်။ ထို့အပြင် နိုင်ငံများသည် မူလအခြေချနေထိုင်သောလူမျိုးများ၏ အခွင့်အရေးထက် ရင်းနှီးမြုပ်နှံမှုအခွင့်အလမ်းများကို ပို၍ စိတ်ဝင်စားကြသည်။ ထို့ကြောင့် အဆိုပါ လူမှုအသိုင်းအဝိုင်းများ၏ မြေယာနှင့် သယံဇာတ အခွင့်အရေးများ ခြိမ်းခြောက်ခံရပြီး ၎င်းတို့၏ တရားမျှတမှု ရရှိရေး တိုက်ပွဲသည်လည်း ပိုမို၍ ခက်ခဲကြမ်းတမ်းလာတော့သည်။

၂၂.၃.၅ ရာသီဥတုအပြောင်းအလဲနှင့် မူလအခြေချနေထိုင်သော လူမျိုးစုဝင် ပုဂ္ဂိုလ်များ

အာဆီယံ၏ လူဦးရေနှင့် စီးပွားရေးလုပ်ငန်းဆောင်တာများသည် ၎င်း၏ ကမ်းရိုးတန်းတလျှောက် အဓိကနေထိုင်၊ တည်ရှိနေသည့်အတွက် ရာသီဥတုအပြောင်းအလဲဒဏ်ကို ခုခံနိုင်စွမ်းနည်းသည်။ ဤဒေသ၏ စီးပွားရေးများသည် အဓိကအားဖြင့် စိုက်ပျိုးရေး အခြေခံဖြစ်ရာ ပင်လယ်ရေမျက်နှာ

[55] Human Rights Council, 'Report of the Special Rapporteur on the rights of indigenous peoples (A/HRC/39/17)' United Nations General Assembly, 10 August 2018.

[56] A/HRC/39/17 (see note 7 above), at 8.

[57] A/HRC/39/17 (see note 7 above), at 8.

ချက်ချင်း မြင့်တက်လာမှုသည် ကမ်းရိုးတန်းမြို့များနှင့် မြစ်ဝကျွန်းပေါ်ဒေသများ၌ စိုက်ပျိုးကို အားထားကြသူများအား ခြိမ်းခြောက်နေသည်။

အာဆီယံဒေသရှိ မူလအခြေချနေထိုင်သော လူမျိုးများထဲမှ ကြီးမားသော လူဦးရေအစိတ်အပိုင်း တစ်ခုသည် ရာသီဥတုအပြောင်းအလဲနှင့် ရင်ဆိုင်ဖြေရှင်းနေရပြီ ဖြစ်သည်။ မိုးရေချိန်များလာခြင်းနှင့် မိုးသည်းထန်မှုတို့ကြောင့် ရေကြီးမှု ပိုမိုဖြစ်ပွားလာသည်။ ထို့အပြင် အယ်နီညို ကမ္ဘာ့တောင်ပိုင်း ပြောင်းအလဲသည်လည်း ပိုမို၍ ကြိမ်ဖန်များလာပြီး ပြင်းထန်လာနေသည်။ အကျိုးဆက်အနေဖြင့် အာဆီယံဒေသသည် သီနှံများနှင့် အိမ်များကို ဖျက်ဆီးသည့် မုန်တိုင်းများနှင့် ရေကြီးမှုများ သို့မဟုတ် လယ်ကွင်းများနှင့် စားကျက်မြက်ခင်းများ၏ သီးနှံထွက်နှုန်း၊ မြေဩဇာကောင်းမှုကို လျော့ချပစ်သည့် မိုးခေါင်ရေရှားမှုများ ခံစားလာရသည်။ ထို့အပြင် အရှေ့တောင်အာရှသည် ပိုမို၍ဆိုးရွားလာနေသည့် တောမီးများ၏ ဒဏ်ကိုလည်း ခံစားလာရသည်။ ပူနွေးလာသည့် အပူချိန်သည်လည်း သန္ဓာကျောက်တန်းများကို ပျက်စီးစေပြီး ငါးပမာဏကိုလည်း လျော့ကျစေသည်။

ရာသီဥတုအပြောင်းအလဲသည် မူလအခြေချနေထိုင်သော လူမျိုးအသိုင်းအဝိုင်းများ အဆိုပါ အပြောင်းအလဲများနှင့် လိုက်လျောညီထွေ နေထိုင်ရန် ဖိအားများကို တိုးတိုး၍ ပေးလျက်ရှိသည်။ ထိုအပြင် ပိုမို၍ ဆိုးရွားလာသည့် အစားအစာနှင့် ရေ မလုံခြုံမှုနှင့် ပိုးမွှားမှတဆင့်ကူးစက်သည့် ရောဂါများ (vector born diseases) တိုးပွားလာခြင်းသည် ဒုက္ခရောက်နေသည် လူထုအား ပိုမို၍ အခက်အခဲ အကျပ်အတည်းများ တွေ့စေသည်။ ဆင်းရဲမွဲတေပြီး ဘေးထုတ်ခံထားရပြီးဖြစ်ရာ ၎င်းတို့၏ အရင်းအမြစ်များမှာလည်း အလွန်ပင်နည်းပါးသည်။ ထို့ကြောင့် ခြိမ်းခြောက်မှုမှာ ယာယီစီးပွားရေး အကျပ်အတည်းမျှသာ မဟုတ်ဘဲ သဘာဝစက်ဝိုင်းနှင့် စိုက်ပျိုးရေး စက်ဝိုင်းတို့နှင့် ချိတ်ဆက်နေသည့် မိရိုးဖလာ နေထိုင်မှုဘဝပုံစံများ အလုံးစုံ ပျက်စီးခြင်း ဖြစ်နေသည်။

IPs များသည် ထိုအပြောင်းအလဲများနှင့် နပန်းလုံးနေကြရပြီ ဖြစ်သော်လည်း ရာသီဥတု အပြောင်းအလဲကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်သည့် အစိုးရအစီအစဉ်များသည် (ဥပမာ ဇီဝလောင်စာပင်စိုက်ပျိုးရေး တိုးချဲ့ခြင်း၊ သန့်ရှင်းပြီး ဖွံ့ဖြိုးတိုးတက်ရေး အစီအမံအရ ဆည်များတည်ဆောက်ခြင်းနှင့် လောင်ကျွမ်းလောင်စာများအပေါ် မှီခိုမှုကို လျော့ချရန် နျူးကလီးယား စွမ်းအင်စက်ရုံများအတွက် ယူရေနီယမ်တူးဖော်ခြင်း) မူလအခြေချနေထိုင်သော လူမှုအသိုင်းအဝိုင်းများအပေါ် အကျိုးသက်ရောက်မှုကို လျစ်လျူရှုတတ်ကြသည်။ ဤအစီအစဉ်များသည် ၎င်းတို့၏ မြေယာနှင့် အခြားအခွင့်အရေးများကို တိုက်ရိုက် ချိုးဖောက်ကောင်း ချိုးဖောက်နိုင်သည်။

တနည်းပြောရလျှင် အာဆီယံ၏ '၂၀၂၀ မျှော်မှန်းချက်' သည် "သန့်ရှင်းပြီး စိမ်းလန်းသော အာဆီယံဒေသ" ပေါ်ပေါက်ရေး နှိုးဆော်ထားသော်လည်း အာဆီယံ၌ ရာသီဥတုအပြောင်းအလဲ မူဝါဒ သတ်သတ်မှတ်မှတ် မရှိပေ။ ၎င်းကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတွင်သာ ထည့်သွင်းထားသည်။

၂၂.၄ အကာအကွယ်ပေးရေး အစီအမံများ

အခွင့်အရေးများကို ဖြင့်တင်၊ ကာကွယ်ပေးမည့် အစီအမံများသည် နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာ အဆင့်တို့၌ တည်ရှိသည်။ နိုင်ငံအဆင့် အစီအမံများတွင် တရားရေးမဏ္ဍိုင်နှင့် နိုင်ငံတော်အဆင့် လူ့အခွင့်အရေး အင်စတီကျူးရှင်းများ ပါဝင်သည်။

အာဆီယံတွင် လူ့အခွင့်အရေးများဆိုင်ရာ အာဆီယံ အစိုးရများ ကော်မရှင်၌ လူ့အခွင့်အရေး မြှင့်တင်နိုင်သည့် လုပ်ပိုင်ခွင့်ရှိသည်။ ၂၀၁၂ ခုနှစ်တွင် အတည်ပြုလက်ခံခဲ့သည့် အာဆီယံ လူ့အခွင့်အရေး ကြေညာချက်သည် ပြည်သူ့ရေးရာ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးတို့ကို အသိအမှတ်ပြုထားသော်လည်း IP သို့မဟုတ် လူနည်းစုအုပ်စုများကို သတ်သတ်မှတ်မှတ်ဖော်ပြထားခြင်း မရှိပေ။ တကယ်တမ်းတွင် ကြေညာချက်၌ ဤစကားရပ်များကိုပင် ဖော်ပြထားခြင်း မရှိချေ။

မကြာသေးသည့် နှစ်များအတွင်း လူ့အခွင့်အရေးများဆိုင်ရာ အာဆီယံ အစိုးရများ ကော်မရှင် (AICHR) သည် လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုအပြောင်းအလဲတို့အကြောင်း အလုပ်ရုံဆွေးနွေးပွဲ အသီးသီး ကျင်းပခဲ့သည်။ လတ်တလောအကျဆုံး အလုပ်ရုံဆွေးနွေးပွဲ၌ သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ စီးပွားရေးနှင့် လူ့အခွင့်အရေး ပြဿနာများကို ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းရန် သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု လေ့လာဆန်းစစ်ချက်များအား ဒေသအဆင့်ချဉ်းကပ်နည်းဖြင့် လုပ်ဆောင်ခြင်း၏ အကျိုးကျေးဇူးများနှင့် ဖြစ်နိုင်ခြေတို့ကို အဓိကထား ဆွေးနွေးခဲ့သည်။ AICHR မှ ထိုကဲ့သို့ လုပ်ဆောင်မှုသည် EIAs များနှင့် သက်ဆိုင်သည့် စံနှုန်းများ ခိုင်မာအားကောင်းစေရန် အထောက်အကူပြုပြီး ၎င်းအား အာဆီယံဒေသအတွင်း နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအတွက် အသုံးပြုနိုင်မည် ဖြစ်သည်။

နိုင်ငံတကာအဆင့်၌ UNDRIP သည် မဖြစ်မနေရ လိုက်နာရန် မလိုအပ်သည့်အတွက် လေ့လာစောင့်ကြည့်ရေး အစီအမံလည်း မရှိပေ။ သို့ရာတွင် ယခုအခန်းတွင် ဆွေးနွေးထားသည့်အတိုင်း အခြားသော ကုလသမဂ္ဂလူ့အခွင့်အရေးအစီအမံများတွင် မူလအခြေချနေထိုင်သော လူမျိုးများနှင့် လူနည်းစုအုပ်စုများ၏ အခွင့်အရေးများအတွက် အကာအကွယ်ပေးမှုများ အသေအချာပါဝင်ပါသည်။ ထို့အပြင် ဤကဲ့သို့ အုပ်စုများအား အကူအညီပေးရန် များပြားလှစွာသော ပဋိညာဉ်အခြေပြုနှင့် စာချုပ်အခြေပြု အစီအမံများ တည်ရှိသည်။

၂၂.၅ နိုင်ငံတကာ အစီအမံများ

၂၂.၅.၁ ပဋိညာဉ်အခြေပြု အစီအမံများ

ကမ္ဘာနိုင်ငံများ လူ့အခွင့်အရေးပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် - ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံအားလုံးသည် လူ့အခွင့်အရေးကောင်စီ၏ ရှေ့မှောက်တွင် ကမ္ဘာနိုင်ငံများ လူ့အခွင့်အရေးပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် (UPR) အတွက် အစီအရင်ခံရသည်။ UPR သည် နိုင်ငံများ၏ (၁)

ကုလသမဂ္ဂပဋိညာဉ်၊ (၂) ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်း သို့မဟုတ် UDHR၊ (၃) သက်ဆိုင်ရာ နိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးထားသည့် လူ့အခွင့်အရေး စာချုပ်စာတမ်းများ၊ (၄) နိုင်ငံအဆင့် လူ့အခွင့်အရေး မူဝါဒချမှတ်ခြင်းကဲ့သို့ နိုင်ငံများက မိမိတို့ဆန္ဒအလျောက် ပေးထားသည့် ကတိကဝတ်များနှင့် (၅) နိုင်ငံတကာ လူသားချင်းစာနာရေး ဥပဒေတို့တွင် ချမှတ်ထားသည့် တာဝန်များကို လိုက်နာထမ်းဆောင်ခြင်း ရှိ/မရှိ အကဲဖြတ်ဆန်းစစ်သည်။

UDHR သည် မူလအခြေချနေထိုင်သော လူမျိုးများနှင့် လူနည်းစု အုပ်စုများ၏ အခွင့်အရေးများကို အသိအမှတ်ပြုပြီး အကာအကွယ်လည်းပေးသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံသည် ICCPR၊ ICESCR၊ ICERD တို့အား အတည်ပြုထားခြင်းမရှိသည့်တိုင် အဆိုပါအုပ်စုများ၏ အခွင့်အရေးများကို မြှင့်တင်၊ ကာကွယ်ပေးရန် ထိုနိုင်ငံက ချမှတ်ကျင့်သုံးခဲ့သည့် လုပ်ရပ်များသည် UPR အောက်တွင် အကဲဖြတ်ဆန်းစစ်ခံရပေလိမ့်မည်။

ယဉ်ကျေးမှု အခွင့်အရေး နယ်ပယ်ရှိ အထူးကိုယ်စားလှယ် - အထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်တွင် ယဉ်ကျေးမှုအခွင့်အရေးများ ကာကွယ်၊ မြှင့်တင်ရာ၌ အကောင်းဆုံး အလေ့အကျင့်များနှင့် အတားအဆီးများကို ရှာဖွေဖော်ထုတ်ခြင်း၊ ယဉ်ကျေးမှုအခွင့်အရေးများ ကာကွယ်၊ မြှင့်တင်ရန် ရည်ရွယ်သည့် အောက်ခြေအဆင့်၊ နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် လုပ်ဆောင်ချက်များ ချမှတ်ရေးကို အားပေးရန် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုအခွင့်အရေးများနှင့် ယဉ်ကျေးမှု စုံလင်ကွဲပြားမှုတို့အကြား ဆက်နွယ်မှုကို လေ့လာခြင်း၊ ဂျန်ဒါနှင့် မသန်စွမ်းမှုများကို အရေးတယူပြုသည့် အမြင်ကို ထည့်သွင်းခြင်း၊ အခြားသော အစိုးရအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပူးကပ်ကပ် ညှိနှိုင်းလုပ်ဆောင်ခြင်းတို့ ပါဝင်သည်။ အထူးကိုယ်စားလှယ်၏ လုပ်ငန်းဆောင်တာများတွင် တာဝန်ကျသည့်နိုင်ငံအား တစ်နှစ်နှစ်ကြိမ် တရားဝင် သွားရောက်ခြင်း၊ ခေါင်းစဉ်အလိုက် သုတေသနများကို လုပ်ဆောင်ခြင်း၊ သက်ဆိုင်သူအားလုံးထံမှ ဆက်သွယ်သတင်းပေးပို့ချက်များကို လက်ခံခြင်းနှင့် ညီလာခံများ၊ စာတမ်းဖတ်ဆွေးနွေးပွဲများနှင့် မိမိလုပ်ပိုင်ခွင့်နှင့်သက်ဆိုင်သည့် အခြားသောပွဲများကို တက်ရောက်ခြင်းတို့ ပါဝင်သည်။

မူလအခြေချနေထိုင်သော လူမျိုးများ၏ အခွင့်အရေးများဆိုင်ရာ အထူးကိုယ်စားလှယ် - အထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်တွင် IP များ၏ အခွင့်အရေးများအား ထိထိရောက်ရောက်နှင့် အပြည့်အဝ အကာအကွယ်ပေးရာ၌ အတားအဆီးများကို ကျော်လွှားရန် နည်းလမ်းများကို လေ့လာဆန်းစစ်ခြင်း၊ IP များ၏ အခွင့်အရေးများ ချိုးဖောက်ခံရသည်ဟူသော စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ သတင်းရင်းမြစ်များမှ အချက်အလက်များကို စုဆောင်းခြင်း၊ အကြံပြုချက်များနှင့် အဆိုပြုချက်များ ရေးသားခြင်း၊ အခြားသော ကုလသမဂ္ဂ အစီအမံများနှင့် ဒေသအဆင့် လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် အနီးကပ် လက်တွဲအလုပ်လုပ်ခြင်းတို့ ပါဝင်သည်။ အထူးကိုယ်စားလှယ်၏ လုပ်ငန်းဆောင်တာများတွင် အစိုးရများနှင့် ဆက်သွယ်ခြင်းမှတဆင့် IP အခွင့်အရေးများ ချိုးဖောက်ခံရသည်ဟူသော စွပ်စွဲချက်များကို ကိုင်တွယ်ဖြေရှင်းခြင်း

နှင့် IP များ၏ အခွင့်အရေးများအကြောင်း ခေါင်းစဉ်အလိုက် လေ့လာချက်များကို လုပ်ဆောင်ခြင်း၊ ၎င်းတို့တွင် ထည့်ဝင်ခြင်း။

လူနည်းစု ပြဿနာများဆိုင်ရာ အထူးကိုယ်စားလှယ် - အထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်တွင် အမျိုးသား၊ လူမျိုးစု၊ ဘာသာရေးနှင့် ဘာသာစကား လူနည်းစုအုပ်စုဝင် ပုဂ္ဂိုလ်များ၏ အခွင့်အရေး ကြေညာချက် အကောင်အထည်ဖော်မှုအား မြှင့်တင်လုပ်ဆောင်ခြင်း၊ အခွင့်အရေးများအား ထိရောက်စွာ အကောင်အထည်ဖော်ရာ၌ ရှိနေသည့် အတားအဆီးများကို ကျော်လွှားနိုင်မည့် နည်းလမ်းများနှင့် အကောင်းဆုံး အလေ့အကျင့်များကို ရှာဖွေဖော်ထုတ်ခြင်း၊ လူနည်းစု ပြဿနာများဆိုင်ရာ ဖိုရမ်၏ လုပ်ငန်းကို လမ်းညွှန်ပေးခြင်းနှင့် လူနည်းစုဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာ၌ ဂျန်ဒါအမြင်ကို ထည့်သွင်းစဉ်းစားခြင်းတို့ ပါဝင်သည်။ အထူး ကိုယ်စားလှယ်၏ လုပ်ငန်းဆောင်တာများတွင် သတင်းရင်းမြစ်အသီးသီးမှ အချက်အလက်များ လက်ခံရယူခြင်း၊ နိုင်ငံများကို တရားဝင် သွားရောက်ခြင်းနှင့် နှစ်ပတ်လည်အစီရင်ခံစာများ ရေးသားခြင်းတို့ ပါဝင်သည်။

အထက်တွင်ဖော်ပြထားသည်များမှာ မူလအခြေချနေထိုင်သော လူမျိုးများနှင့်သာ သက်ဆိုင် သည့် အစီအမံများဖြစ်ပြီး လူ့အခွင့်အရေးနှင့် နိုင်ငံတကာ ကော်ပိုရေးရှင်းများနှင့် အခြား စီးပွားရေးလုပ်ငန်းဆိုင်ရာ အလုပ်အဖွဲ့နှင့် ဖွံ့ဖြိုးတိုးတက်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ် တို့ကဲ့သို့ အခြားသော အစီအမံများသည်လည်း အသုံးဝင်နိုင်ပါသည်။

၂၂.၅.၂ စာချုပ်အခြေပြု အဖွဲ့အစည်းများ

လူ့အခွင့်အရေးဆိုင်ရာ ပင်မ သဘောတူစာချုပ် ၉ ခုလုံးတွင် စာချုပ်ပါ တာဝန်ဝတ္တရားများကို နိုင်ငံများအနေဖြင့် လိုက်နာမှု ရှိ၊ မရှိ ပုံမှန် သုံးသပ်ရန် လွပ်လပ်စွာရပ်တည်သော ကျွမ်းကျင်သူ များပါဝင်သည့် ကော်မတီတစ်ခုစီ ရှိကြသည်။ ဤစာချုပ်စောင့်ကြည့်ရေး ဖြစ်စဉ်သည် မူလ အခြေချနေထိုင်သော လူမျိုးများနှင့် လူနည်းစု အုပ်စုများ၏ အခွင့်အရေးများကို ကာကွယ်၊ မြှင့်တင်ရန် နိုင်ငံများ ချမှတ်လုပ်ဆောင်ထားသည့် ဆောင်ရွက်ချက်များကို အကဲဖြတ်ဆန်းစစ်ရာ ၌ အသုံးဝင်သည်။

၂၂.၆ အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

အောက်ခြေအဆင့်၊ နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့်ရှိ အရပ်ဘက်အဖွဲ့အစည်း များသည် အခွင့်အရေးများကို ကာကွယ်၊ မြှင့်တင်ရာ၌ မရှိမဖြစ် အခန်းကဏ္ဍမှ ပါဝင်သည်ကို လည်း မှတ်သားရန် အရေးကြီးပါသည်။ အောက်ခြေအဆင့်၌ အရပ်ဘက်အဖွဲ့အစည်းများသည် ထိခိုက်ခံစားရသူများ စွမ်းပကား ပေးနိုင်ပြီး ၎င်းတို့အကြား ခေါင်းဆောင်များကိုလည်း မွေးထုတ် ပေးနိုင်သည်။ ဤအဖွဲ့အစည်းများနှင့် ရပ်ရွာခေါင်းဆောင်များသည် ပြည်သူများ၏အသံကို ကိုယ်စားပြုပေးနိုင်သည်။ နိုင်ငံအဆင့် အဖွဲ့အစည်းများသည် ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့်

အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကွန်ရက်တည်ဆောက်ရာ၌ အကူအညီပေးနိုင်သည်။ ၎င်းတို့သည် ဒေသခံပြည်သူများအား နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် လူ့အခွင့်အရေး အစီအမံများနှင့် ထိတွေ့ဆက်ဆံရာ၌လည်း အထောက်အကူပြုနိုင်သည်။

အာရှ မူလအခြေချနေထိုင်သောလူမျိုးများ ပဋိညာဉ်အဖွဲ့ (Asia Indigenous Peoples Pact)၊ ESCR-Net ၊ နိုင်ငံတကာ လူနည်းစု အခွင့်အရေးများ အုပ်စု (Minority Rights Group International) နှင့် မူလအခြေချနေထိုင်သော လူမျိုးများအရေး နိုင်ငံတကာ အလုပ်အဖွဲ့ (International Work Group for Indigenous Affairs) တို့ကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းများသည် အောက်ခြေမှ လူထု၏အသံကို ကိုယ်စားပြုပေးရာ၌ တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ခဲ့ကြသည်။

က။ အနှစ်ချုပ်နှင့် အဓိကအချက်များ

လူနည်းစုများနှင့် ဝက်စ်ဖာလီယန် အမျိုးသားနိုင်ငံတော်

အမျိုးသားနိုင်ငံတော်များ တည်ထောင်ခြင်းသည် လူနည်းစုအုပ်စုများကို ဖြစ်ပေါ်စေခဲ့သည်။ ဤလူနည်းစုများသည် ဩဇာလွှမ်းသည့် အုပ်စုမှ ကွဲပြားသည့် ကိုးကွယ်ရာ ဘာသာ၊ ဘာသာစကား သို့မဟုတ် ယဉ်ကျေးမှုတို့ကို ကျင့်သုံးကြသည်။ မူလအခြေချနေထိုင်သော လူမျိုးအသိုင်းအဝိုင်းများတွင် ထိုကဲ့သို့ လူနည်းစုများ ပါဝင်နေတတ်သည်။

မူလအခြေချနေထိုင်သော လူမျိုးများနှင့် လူနည်းစုများအား အဓိပ္ပာယ်ဖွင့်ဆိုခြင်း

မူလအခြေချနေထိုင်သော လူမျိုးများနှင့် လူနည်းစုများအား အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ပြဿနာရှုပ်ထွေးကြောင်း တွေ့ခဲ့ရပြီး ဖြစ်သည်။ ထို့ကြောင့် မူလအခြေချနေထိုင်သော လူမျိုးများနှင့် လူမျိုးစုငယ်များဆိုင်ရာ သဘောတူစာချုပ် (အမှတ် ၁၆၉) တို့ကဲ့သို့ နိုင်ငံတကာ သဘောတူစာချုပ်များသည် ၎င်းတို့အား မိမိတို့ကိုယ်ကို မူလအခြေချနေထိုင်သော လူမျိုးများ သို့မဟုတ် လူမျိုးစုငယ်များအဖြစ် သရုပ်သဏ္ဌာန် သတ်မှတ်ခွင့် ပြုထားသည်။ မူလအခြေချ နေထိုင်သော လူမျိုးများနှင့် လူမျိုးစုငယ်များအား အခြားသောအုပ်စုများနှင့် ခွဲခြားပေးသည့် ဝိသေသလက္ခဏာများတွင် ၎င်းတို့၏ ဘိုးဘေးဘီဘင် မြေများနှင့် သမိုင်းစဉ်ဆက် ဆက်နွယ်နေခြင်း၊ ၎င်းတို့၏ ကိုယ်ပိုင် ယဉ်ကျေးမှု၊ ဘာသာစကားနှင့် နေထိုင်မှုပုံစံတို့ ပါဝင်သည်။ မူလအခြေချနေထိုင်သော လူမျိုးများ၏ အခွင့်အရေးများသည် စုပေါင်း သဘောဆန်သည်။

လူနည်းစု အုပ်စုများသည် ဘုံတူသော ဘာသာရေး၊ ဘာသာစကားနှင့် လူမျိုးစု (ethnic) ဝိသေသလက္ခဏာများ ပိုင်ဆိုင်ကြပြီး ဩဇာလွှမ်းမိုးသည့် အုပ်စုထက် အရေအတွက်နည်းသည်။

နိုင်ငံတကာစံနှုန်းများနှင့် အကာအကွယ်ပေးရေး အစီအမံများ

မူလအခြေချနေထိုင်သော လူမျိုးများနှင့် လူနည်းစု အုပ်စုများ၏ အခွင့်အရေးများကို အဓိကထားသည့် စည်းနှောင်မှုရှိသည့် လူ့အခွင့်အရေး စာချုပ်ဟူ၍ သတ်သတ်မှတ်မှတ် မရှိချေ။ သို့ရာတွင် ICCPR ၊ ICESCR နှင့် ICERD တို့ကဲ့သို့သော ပင်မ လူ့အခွင့်အရေး သဘောတူ စာချုပ်များသည် ၎င်းတို့၏ အခွင့်အရေးများအား ပုံစံတစ်မျိုးမျိုးဖြင့် အကာအကွယ်ပေးထား သည်။ မူလအခြေချနေထိုင်သော လူမျိုးများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကြေညာ ချက် (၂၀၀၇) နှင့် အမျိုးသား သို့မဟုတ် လူမျိုးစု၊ ဘာသာရေးနှင့် ဘာသာစကား လူနည်းစု အုပ်စုဝင် ပုဂ္ဂိုလ်များ၏ အခွင့်အရေးများဆိုင်ရာ ကြေညာချက် (၁၉၉၂) တို့သည်လည်း မူလ အခြေချနေထိုင်သော လူမျိုးများနှင့် လူနည်းစုအုပ်စုများ၏ အခွင့်အရေးများကို အကျယ်တဝင့် ဖော်ပြထားသည်။

ကမ္ဘာနိုင်ငံများ လူ့အခွင့်အရေးပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် (UPR)၊ အထူးကိုယ်စားလှယ် များနှင့် စာချုပ်အဖွဲ့အစည်းများကဲ့သို့သော ပဋိညာဉ်အခြေပြု အစီအမံများသည် မူလအခြေချ နေထိုင်သော လူမျိုးများနှင့် လူနည်းစုအုပ်စုများ၏ အခွင့်အရေးများကို ကာကွယ်၊ မြှင့်တင်ခြင်း တို့နှင့် သက်ဆိုင်ပြီး အရေးလည်းပါသည်။ အာဆီယံအဆင့်၌ အကာအကွယ်ပေးရေး အစီအမံများ သတ်သတ်မှတ်မှတ် မရှိသော်လည်း AICHR သည် ဒေသတစ်ခုလုံး အကျုံးဝင်သည့် သဘာဝ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု လေ့လာဆန်းစစ်ချက်များ လုပ်ဆောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုများ၏ သက်ရောက်မှုခံရသည့် မူလအခြေချနေထိုင်သော လူမျိုးများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရာ၌ အရေးပါကောင်းပါလာနိုင်သည်။ နိုင်ငံအဆင့်၌ အကာအကွယ်ပေးရေး အစီအမံများတွင် တရားရေးမဏ္ဍိုင်နှင့် နိုင်ငံအဆင့် လူ့အခွင့်အရေး အင်စတီကျူးရှင်းများ ပါဝင်သည်။

ခ။ စာမေးပွဲမေးခွန်း သို့မဟုတ် အက်ဆေးပုံစံ မေးခွန်းများ

- အရှေ့တောင်အာရှရှိ လူနည်းစုများနှင့် မူလအခြေချနေထိုင်သော လူမျိုးများအား အကာအကွယ်ပေးထားသည့် အခြေအနေ (ဥပဒေများနှင့် အင်စတီကျူးရှင်းများ) ကို လေ့လာသုံးသပ်ပြပါ။
- နိုင်ငံတကာအသိုင်းအဝိုင်းသည် လူနည်းစုများနှင့် မူလအခြေချနေထိုင်သော လူမျိုးများ၏ အခွင့်အရေးများဆိုင်ရာ ပြဿနာများကို မည်သည့်အချိန်မှစ၍၊ အဘယ်ကြောင့် စတင်၍ ကိုင်တွယ်ဖြေရှင်းလာကြသနည်း။
- လူနည်းစုများသည် အမျိုးသားနိုင်ငံများအတွက် အဘယ်ကြောင့် "ပြဿနာတစ်ရပ်" ဖြစ်နေသနည်း။
- လူနည်းစုများနှင့် မူလအခြေချနေထိုင်သော လူမျိုးများ၏ အခွင့်အရေးများအား တရားဝင် အသိအမှတ်ပြုခြင်း ကိစ္စသည် အဘယ်ကြောင့် ပြဿနာများဖြင့် ပြည့်နှက်နေခဲ့သနည်း။

- ‘လူနည်းစု’ တစ်ခုအား အဓိပ္ပာယ်ဖွင့်ဆိုရာ၌ ပါဝင်သည့် ခက်ခဲရှုပ်ထွေးမှုများကို ရှင်းပြပါ။ စာချုပ်စာတမ်းများကို မူကြမ်းရေးဆွဲကြစဉ် ဤပြဿနာအား မည်ကဲ့သို့ ဖြေရှင်းခဲ့သနည်း။
- လူနည်းစုနှင့် မူလ အခြေချနေထိုင်သူများ အခွင့်အရေးသည် တသီးပုဂ္ဂလ သို့မဟုတ် စုပေါင်းအခွင့်အရေး ဖြစ်ပါသလား
- လူနည်းစုများ သို့မဟုတ် မူလအခြေချနေထိုင်သော လူမျိုးများ၏ အခွင့်အရေးများကို ကိုင်တွယ်ဖြေရှင်းရာ၌ နိုင်ငံတကာ စာချုပ်စာတမ်းများ၏ အားနည်းကန့်သတ်ချက်များမှာ မည်သည်တို့နည်း။
- ကုလသမဂ္ဂ အင်စတီကျူးရှင်းများနှင့် ဖြစ်စဉ်များသည် လူနည်းစုများနှင့် မူလ အခြေချနေထိုင်သော လူမျိုးများ၏ အခွင့်အရေးများအား အကာအကွယ်ပေးခြင်းကို မည်ကဲ့သို့ ဖော်ဆောင်နိုင်သနည်း။
- လူနည်းစုအခွင့်အရေးများ အကာအကွယ်ပေးခြင်းနှင့်ပတ်သက်၍ နိုင်ငံပေါင်းချုပ် အသင်းကြီး၏ လူနည်းစုစနစ် နှင့် ကုလသမဂ္ဂဖွဲ့စည်းတည်ဆောက်ပုံတို့အကြား ကွဲပြားခြားနားချက်များမှာ မည်သည်တို့နည်း။

ဂ။ ထပ်မံလေ့လာ ဖတ်ရှုရန်များ

Capotorti, F (Special Rapporteur of the Sub-Commission on the prevention of discrimination and protection of minorities), (1979) ‘Study on the rights of persons belonging to ethnic, religious and linguistic minorities (E/CN.4/Sub.2/384/Rev.1)’ New York: United Nations.

Claridge, L, and Xanthaki, A, (2016), ‘Protecting the right to culture for minorities and indigenous peoples: An overview of international case law’ in Grant, P (ed), *State of the World’s Minorities and Indigenous Peoples 2016*, London: Minority Rights Group International. Available at https://minorityrights.org/wp-content/uploads/2016/07/MRG-SWM-2016.pdf

Davis, M, et al, (2013), ‘Study on national constitutions and the United Nations Declaration on the Rights of Indigenous Peoples (E/C.19/2013/18)’ Permanent Forum on Indigenous Issues, United Nations Economic and Social Council, 20 February 2013, available at https://undocs.org/en/E/C.19/2013/18.

de Azcarate, P, (1945), *League of Nations and National Minorities – An Experiment*, Washington: Carnegie Endowment for International Peace.

Hadjionnu, M, (2005), 'The international human right to culture: Reclamation of the cultural identities of indigenous peoples under international law' *Chapman Law* Review, Vol 8, No 1, pp 193-221. Available at https://digitalcommons.chapman.edu/cgi/viewcontent.cgi?article=1077&context=chapman-law-review.

Hilpold, P, (2006), 'Self-determination in the 21th century: Modern perspectives for an old concept' *Israel Yearbook of Human Rights*, Vol 36, p 247.

Hilpold, P, (2013), 'The League of Nations and the protection of minorities: Rediscovering a great experiment' *Max Planck Yearbook of United Nations Law*, Vol 17, p 87.

Lindsnaes, B, and Lindholt, L, (2000), 'National Human Rights Institutions: Standard setting and achievements' in Lindsnaes, B, et al (eds), *National Human Rights Institutions, Articles and Papers*, Copenhagen: Danish Human Rights Center.

Wilson, W, (1918) 'Woodrow Wilson's fourteen points' The Avalon Project, Yale Law School, 8 January 1918, available at http://avalon.law.yale.edu/20th_century/wilson14.asp.

Martinez Cobo, J, 'Study of the problem of discrimination against indigenous populations: Final report submitted by the Special Rapporteur, Mr José Martínez Cobo' United Nations Department of Economic and Social Affairs, all sections separately available at https://www.un.org/development/desa/indigenouspeoples/publications/martinez-cobo-study.html.

Mayagna (Sumo) Awas Tingni Community v Nicaragua, 31 August 2001, Inter-Am Ct HR, (Ser C) No 79 (2001).

Maya indigenous community of the Toledo District v Belize, Case 12.053, Report No 40/04, Inter-Am CHR, OEA/Ser.L/V/II.122 Doc 5 rev (2004).

ASEAN, 'ASEAN Declaration on Cultural Heritage' Bangkok, Thailand, 24-25 July 2000 ASEAN's culture and arts sector, under the leadership of the ASEAN Ministers Responsible for Culture and Arts (AMCA). ASEAN Declaration on Cultural Heritage and related agreements and declaration available at https://asean.org/aseansocio-cultural/asean-ministers-responsible-for-culture-arts-amca/

Commission on Human Rights, (1984), 'The Siracusa Principles on the limitation and

derogation provisions in the International Covenant on Civil and Political Rights
(E/CN.4/1985/4)' United Nations Economic and Social Council, 28 September 1984, available at https://undocs.org/en/E/CN.4/1985/4.

Commission on Human Rights, (2004), 'Effective functioning of human rights mechanisms: National institutions and regional arrangements – National institutions for the promotion and protection of human rights (E/CN.4/2004/101)'
28 January 2004, United Nations Economic and Social Council, available at https://documents-dds-ny.un.org/doc/UNDOC/GEN/G04/105/71/PDF/G0410571.pdf?OpenElement

Committee on Economic, Social and Cultural Rights, (2009), 'General comment No 21: Right of everyone to take part in cultural life (Art 15, para 1(a) of the International Covenant on Economic, Social and Cultural Rights) (E/C.12/GC/21)' UN Economic and Social Council, 21 December 2009, available at https://undocs.org/E/C.12/GC/21.

Committee on the Elimination of Racial Discrimination, (1997, 2003) 'General recommendation 23: Rights of indigenous peoples (A/52/18, annex V at 122 (1997))'
reprinted in 'Compilation of general comments and general recommendations adopted by human rights treaty bodies (HRI\GEN\1\Rev.6 at 212 (2003))' available at http://hrlibrary.umn.edu/gencomm/genrexxiii.html.

Council of Europe, (2005), 'Council of Europe Framework Convention on the Value of Cultural Heritage for Society (Faro Convention)' 27 October 2005, available at https://www.coe.int/en/web/conventions/full-list/-/conventions/rms/0900001680083746.

Council of Europe, 'The Council of Europe's Framework Convention for the Protection of National Minorities' Council of Europe, available at https://www.ohchr.org/Documents/Publications/GuideMinorities8en.pdf.

Office of the United Nations High Commissioner for Human Rights (OHCHR), (2012), *Promoting and Protecting Minority Rights: A Guide for Advocates*, Geneva and New

York: OHCHR. Available at http://www.ohchr.org/Documents/Publications/HRPUB-12-07_en.pdf.

OHCHR, (2010), *Minority Rights: International Standards and Guidance for Implementation*, New York and Geneva: United Nations. Available at https://www.ohchr.org/documents/publications/minorityrights_en.pdf.

OHCHR, (2017), 'Minorities under international law' OHCHR, available at http://www.ohchr.org/EN/Issues/Minorities/Pages/internationallaw.aspx.

See the work of Erica Daes for a history of the consideration of indigenous peoples at the UN. *Dr. Erica Daes was a member of the UN Sub-Commission on the Protection and Promotion of Human Rights and Chair of the Working Group on Indigenous Populations (1984-2001)*. See Report of Working Group on Indigenous Populations, available at https://www.ohchr.org/EN/Issues/IPeoples/Pages/WGIP.aspx

၂၃

မသန်စွမ်းမှုရှိသူများ၏ အခွင့်အရေးများ

အခန်း ၂၃ မသန်စွမ်းမှုရှိသူများ၏ အခွင့်အရေးများ

၂၃.၁ အဖွင့်မိတ်ဆက်

မသန်စွမ်းမှုရှိသူများသည် သမိုင်းတလျှောက် ကြောက်ရွံ့မှု၊ သံသယစိတ်၊ အထင်အမြင်သေးစိတ် တို့ဖြင့် ဆက်ဆံခံလာခဲ့ရသည်။ လူ့အဖွဲ့အစည်းအများအပြားတွင် ၎င်းတို့သည် မိသားစုအတွက် ရှက်စရာ သို့မဟုတ် မျက်နှာပျက်စရာအဖြစ် သတ်မှတ်ခံခဲ့ရပြီး လူမသိသူမသိ လှောင်ပိတ်ခံခဲ့ ကြရသည်။ အခြားယဉ်ကျေးမှုများတွင် မသန်စွမ်းမှုရှိသူများမှာ တစ္ဆေ၊ သရဲများ ဝင်ပူးခံနေရသည် ဟု ယူဆသည့်အတွက် ဘာသာရေးဆရာများကို ခေါ်၍ ထိုတစ္ဆေ၊ သရဲများကို အချုတ်ခိုင်းခဲ့ကြ သည်။ ၁၉ ရာစုနှောင်းပိုင်း၌ မသန်စွမ်းခြင်းမှာ မျိုးရိုးဗီဇကြောင့် ဖြစ်သည်ဟူသော ယုံကြည်မှု ကြောင့် လူသားသန့်ဗေဒ (eugenics) ပေါ်ပေါက်လာခဲ့ရာ သဘောထားအမြင်များလည်း ပြောင်းလဲသွားခဲ့သည်။ ယင်း၏အကျိုးဆက်မှာ မသန်စွမ်းမှုရှိသူများအား အလားတူ မသန်စွမ်းမှု များ အမွေဆက်ခံရရှိလာနိုင်သည့် မျိုးဆက်များ မမွေးဖွားစေရန် မြုံဆေးထိုးခဲ့ကြသည်။ ဂျပန် နိုင်ငံတွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်ဆိုင်ရာ မသန်စွမ်းမှု ရှိသူများအား အတင်းအကျပ် မြုံစေနိုင် သည့် လူသားသန့်ဗေဒကာကွယ်ပေးရေးဥပဒေ (Eugenics Protection Law) အား ၁၉၉၆ ခုနှစ်မှသာ ဖျက်သိမ်းခဲ့ ခြင်းဖြစ်သည်။ ဤအချက်များကိုထောက်၍ဆိုရသော် ၂၀၀၆ ခုနှစ်၌ မသန်စွမ်းမှုရှိသူများ အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (CRPD) အား သဘောတူလက်ခံ ခဲ့ခြင်းသည် မှတ်တိုင်ကြီး တစ်ခု စိုက်ထူနိုင်ခဲ့ခြင်းဖြစ်သည်။ မသန်စွမ်းမှုရှိသူများသည် ဆေးဝါး ကုသမှုနှင့် လူမှုရေး အကာ အကွယ်ပေးမှုများ လိုအပ်ပြီး ပရဟိတစိတ်ဖြင့် ဆက်ဆံရမည့်သူများ ဖြစ်သည်ဟူသော အမြင်မှ ၎င်းတို့သည် မိမိတို့ဘဝနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်း ရှိသည့် အခွင့်အရေးရှိသူများ ဖြစ်သည်ကို အသိအမှတ်ပြုသည့် အမြင်ဘက်သို့ ပြောင်းလဲလာခဲ့ သည်ကို ညွှန်ပြခဲ့သည်။

ယခုအခန်းသည် ခေတ်အဆက်အဆက် ပြောင်းလဲလာခဲ့သည့် မသန်စွမ်းမှုအပေါ်ထားရှိသော စိတ်နေသဘောထားများကို လေ့လာထားပါသည်။ ပထမဦးစွာ CRPD အား အသေးစိတ် လေ့လာ၍ လူ့အခွင့်အရေးအခြေပြုချဉ်းကပ်နည်းကို စိတ်ဖြာသုံးသပ်ပါမည်။ ထို့နောက် အာဆီယံ အဆင့် လုပ်ဆောင်ချက်များကို ဆွေးနွေးတင်ပြပြီး နောက်ဆုံးအပိုင်းတွင် မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများကို မြှင့်တင်ရာ၌ စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍကို လေ့လာ ထားပါ သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

သင့်လူအဖွဲ့အစည်းရှိ မသန်စွမ်းမှု

သင့်လူအဖွဲ့အစည်းတွင် မသန်စွမ်းမှုရှိသူများအား မည်သို့ ရှုမြင်ကြသနည်း။

ဤအမြင်များသည် အချိန်နှင့်အမျှ ပြောင်းလဲလာခဲ့ပါသလား။

၂၃.၁.၁ မသန်စွမ်းမှုများကို ဖြေရှင်းသည့် နည်းလမ်းများ ပြောင်းလဲလာပုံ

နှစ်ကာလများအတွင်း မသန်စွမ်းမှုအပေါ် လူ့အဖွဲ့အစည်း၏ နားလည်သဘောပေါက်မှုသည် ပြောင်းလဲလာခဲ့သလို မသန်စွမ်းမှု ရှိသူများ၏ လိုအပ်ချက်များ၊ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းသည့် နည်းလမ်းများလည်း ပြောင်းလဲလာခဲ့သည်။ ဤအပိုင်းတွင် အမြင်လေးခုကို ဆန်းစစ်ထားသည် - (၁) သနားကရုဏာ စိတ်ဖြင့် ဆက်ဆံသည့် ပုံစံ၊ (၂) ဆေးကုသမှု ပေးသည့် ပုံစံ၊ (၃) လူမှုရေးအရ ကူညီပေးသည့် ပုံစံနှင့် (၄) လူ့အခွင့်အရေး အခြေပြုဆက်ဆံသည့် ပုံစံတို့ ဖြစ်ကြသည်။

သနားကရုဏာစိတ်ဖြင့် ဆက်ဆံသည့် ပုံစံ

ဤအမြင်သည် မသန်စွမ်းမှုရှိသူများအား ကိုယ့်အတွက်ကိုယ် မစဉ်းစားနိုင်သူများ၊ မိမိကိုယ်ကို မထောက်ပံ့နိုင်သူများအဖြစ် ရှုမြင်သည်၊ ထို့ကြောင့် ၎င်းတို့ကိုစောင့်ရှောက်ရန်မှာ လူ့အဖွဲ့အစည်း၏ တာဝန်ဖြစ်ကြောင်း သတ်မှတ်သည်။ အကျိုးဆက်မှာ မသန်စွမ်းမှုရှိသူများသည် အခြားသူများ၏ ကူညီစောင်မမှုအပေါ် မှီခိုအားထားနေရသည်၊ တဖန် ကူညီစောင်မမှုဆိုသည်မှာ စေတနာအပေါ် မှီတည်နေသည်ဖြစ်ရာ ထိုစောင့်ရှောက်မှု၏ အရည်အသွေးမှာ အရေးပါသည်ဟု ရှုမြင်ချင်မှ ရှုမြင်ပေလိမ့်မည်။ ဤချဉ်းကပ်မှု၏သဘောသဘာဝ တိုးတက်မှုအဖြစ်၊ စောင့်ရှောက်မှုပေးသောအဖွဲ့အစည်းများ သို့မဟုတ် ခိုလှုံခွင့်စသည်တို့ကို တီထွင်ခဲ့ကြသည်။ အကူအညီပေးလိုခြင်းရည်ရွက်ချက်ရှိသော်လည်း မသန်စွမ်းမှုရှိသူများအား မိသားစု၊ အသိုင်းအဝိုင်းမှ ထုတ်ပယ်၍ သီးခြားနေရာများသို့ ပို့ပစ်ခဲ့ကြသည်။

ဆေးကုသမှုပေးသည့် ပုံစံ

ဤချဉ်းကပ်နည်းသည်လည်း အဆိုးမြင်သည့် ပုံစံခွက်အမြင်များအပေါ် အခြေခံပြီး မသန်စွမ်းမှုဟူသည်မှာ သက်ဆိုင်ရာလူပုဂ္ဂိုလ်အား ဆေးကုသခြင်းဖြင့် ကုစားနိုင်သည့်ရောဂါတစ်ခု ဖြစ်သည်ဟူသော နားလည်သဘောပေါက်မှုၵ်ခြမ်ဖျားခံသည်။ ထို့ကြောင့်မသန်စွမ်းမှုအား ဆေးကုသမှုဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်သည့် လူတစ်ယောက်၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ အကန့်အသတ်များအဖြစ် ရှုမြင်သည်။ ယခင်ချဉ်းကပ်နည်းဖြင့် အလားတူစွာပင် ဤနည်းသည်လည်း အမှီအခိုကင်းမှုကို လျော့စေပြီး တိုက်သွင်းလှောင်ပိတ်မှု (institutionalization) ကို အားပေးသည်။ မသန်စွမ်းမှုဟူသည်မှာ ကုသ၍ရသည်ဟုယူဆခဲ့ရာ ဆေးဘက်ဆိုင်ရာပညာရှင်များသည် မသန်စွမ်းမှုရှိသူများ၏ အကောင်းဆုံးအကျိုးစီးပွားကို ဆုံးဖြတ်ရာ၌ များစွာဆုံးဖြတ်ပိုင်ခွင့် ရခဲ့ကြသည်။ အထက်ပါနည်းလမ်းကဲ့သို့ပင် ယခုနည်းလမ်းတွင်လည်း မသန်စွမ်းမှုရှိသူများသည် မိမိတို့ဘဝအပေါ် ထိန်းချုပ်ခွင့်၊ ရွေးချယ်ဆုံးဖြတ်ခွင့် ဆုံးရှုံးပြီး ၎င်းတို့အပေါ် အကျိုးသက်ရောက်မှုရှိသည် ဆုံးဖြတ်ချက်များကို ချမှတ်ရန်လည်း အခွင့်အလမ်း လောက်လောက်ငင မရရှိပေ။

လူမှုရေးအရ အကူအညီပေးသည့် ပုံစံ

ဤအမြင်သည် အာရုံစိုက်မှုကို တစ်သီးပုဂ္ဂိုလ်ထံမှ လူ့အဖွဲ့အစည်းသို့ ပြောင်းပစ်ပြီး မသန်စွမ်းမှုဆိုသည်မှာ လူတချို့၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်း မရှိဘဲ စီစဉ်တည်ဆောက်

ထားသည့် စနစ်များ၊ အဆောက်အဦးများနှင့် လုပ်ငန်းဖြစ်စဉ်များ အပါအဝင် ပတ်ဝန်းကျင်၌ တည်ရှိနေသည့် အဟန့်အတားများမှ မြစ်ဖျားခံသည်ဟု ရှုမြင်သည်။ ဤအချက်ကြောင့်ပင် မသန်စွမ်းမှုရှိသူများသည် ၎င်းတို့၏ အခွင့်အရေးများကို တန်းတူမခံစားနိုင်ကြ။ ဥပမာ- ဤ ချဉ်းကပ်နည်းတွင် အမြင်ချွတ်ယွင်းသူများသည် လွတ်လပ်စွာ သွားလာလှုပ်ရှားခြင်း မပြုနိုင်သည်မှာ ၎င်းတို့၏ မသန်စွမ်းမှုကြောင့် မဟုတ်ဘဲ လူလျှောက်လမ်းများသည် ၎င်းတို့ သွားလာလှုပ်ရှားခြင်း မပြုလုပ်နိုင်အောင် တားဆီးခြင်းကြောင့်ဟု ရှုမြင်သည်။ သို့မဟုတ် ဘီးတပ်ထိုင်ခုံ အသုံးပြုရသူများသည် ဘတ်စ်ကားများတွင် စောင်းလျှောများ သို့မဟုတ် လှေကားထစ်များ တပ်မထားသည့်အတွက် ကန့်သတ်မှုများရှိနေပြီး ၎င်းတို့၏ လှုပ်ရှားသွားလာနိုင်မှု များစွာ ထိခိုက်သည်။ ထို့ကြောင့် လူမှုရေးအရ အကူအညီပေးသည့် ချဉ်းကပ်နည်းသည် ပတ်ဝန်းကျင်မှ အဆိုပါ အဟန့်အတားများကို ဖယ်ရှားရန် အားထုတ်သည်။

တချို့နိုင်ငံတွင် မသန်စွမ်းမှုရှိသူများသည် အထူးစောင့်ရှောက်မှု၊ အကူအညီ လိုအပ်နိုင်သည်ဟူသော အချက်ကိုလည်း ဤချဉ်းကပ်နည်းက လျစ်လျူရှုမထားပေ။ ထို့ကြောင့် ဤပုံစံ၌ မသန်စွမ်းမှုရှိသူများကို အလယ်ဗဟိုထား၍ စဉ်းစားပြီး ကူညီစောင့်ရှောက်သူများအား ထိုသူတို့၏ လိုအပ်ချက်များ၊ ဆန္ဒများကို ကြားနာပြီးမှသာ ၎င်းတို့၏မျှော်လင့်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးစေသည်။

လူ့အခွင့်အရေး အခြေပြု ဆက်ဆံသည့် ပုံစံ

ဤပုံစံသည် လူမှုရေးအရ ကူညီပေးသည့် ပုံစံနှင့်ပတ်သက်၍ နားလည်သဘောပေါက်မှုအပေါ် အခြေခံထားပြီး မသန်စွမ်းမှုရှိသူများသည် အခွင့်အရေးရှိသူများ ဖြစ်သည်ကို အသိအမှတ် ပြုသည်။ ထို့ကြောင့် ၎င်းတို့သည် အခြားသူများနှင့်တန်းတူ အခွင့်အရေးများကို ရရှိခံစားနိုင်စေ ရေးလုပ်ဆောင်ပေးရန် နိုင်ငံတော်၌ တာဝန်ရှိသည်။ သို့ဖြစ်ရာ ဤအမြင်က ပတ်ဝန်းကျင်ရှိ အဟန့် အတားများသည် ခွဲခြားဆက်ဆံမှုသို့ ဦးတည်စေနိုင်သည်ကို လက်ခံပြီး တရားမျှတမှုနှင့် အခြား သော ကုစားနည်းများကို လက်လှမ်းမီစေရန် လုပ်ဆောင်ခြင်းတို့၏ အရေးပါမှုကို အသိ အမှတ်ပြု သည်။ လူ့အခွင့်အရေးအခြေပြု ချဉ်းကပ်နည်းသည် မသန်စွမ်းမှုရှိသူများအနေဖြင့် လူ့အဖွဲ့ အစည်း၌ ဖြစ်နိုင်သမျှ အပြည့်ဝဆုံး ပါဝင်နိုင်စေရန်အတွက် ၎င်းတို့အား စွမ်းပကားပေးရေးကို အဓိက ထားသည်။

ဇယား ၂၃-၁ မသန်စွမ်းမှုအပေါ် မတူသော ချဉ်းကပ်နည်းများအား နှိုင်းယှဉ်လေ့လာခြင်း

ချဉ်းကပ်နည်း	မသန်စွမ်းမှုအပေါ် ရှုမြင်ပုံ	မသန်စွမ်းမှုအား ကိုင်တွယ်ဖြေရှင်းပုံ	တာဝန်ရှိသူ
သနားကရုဏာ စိတ်ဖြင့် ဆက်ဆံသည့်ပုံစံ	မသန်စွမ်းမှုသည် သဘာဝ အတိုင်းရှိ နေသည့် ကြေကွဲ စရာ တစ်ခုဖြစ်သည်။ မသန်စွမ်းမှုရှိသူများ	မသန်စွမ်းမှုရှိသူများကို ကူညီထောက်ပံ့ရန် ရန်ပုံငွေ စုဆောင်းသည်။ မသန်စွမ်းမှု ရှိသူများကို စောင့်ရှောက်ပေးနိုင်မည့်	ပရဟိတ၊ ဘာသာရေး အဖွဲ့အစည်းများ။ လူ့အဖွဲ့အစည်းရှိ မေတ္တာ ကရုဏာရှိသူများ။

	သည် မိမိတို့ကိုယ်ကို ကြည့်ရှု စောင့်ရှောက် နိုင်ခြင်း မရှိ။ လူ့အဖွဲ့အစည်းက ၎င်းတို့ကို စောင့်ရှောက်ရ မည်။	သီးသန့်ဂေဟာများကို တည်ထောင်သည်။	
ဆေးကုသမှု ပေးသည့်ပုံစံ	မသန်စွမ်းမှု ရှိသူများတွင် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ရောဂါ တစ်ခုခုရှိသည်။ မသန်စွမ်းမှုများမှာ ကာယကံရှင်များအား အမှီအခိုကင်းစွာ နေထိုင် ခြင်းမှ တားဆီးသည့် ပုံမှန် မဟုတ်မှုတစ်ခု ဖြစ်သည်။	မသန်စွမ်းမှုကို ကုသ သည်။ မသန်စွမ်းမှု ရှိသူ များကို စောင့်ရှောက်ရန် သီးသန့် ဆေးရုံများ တည်ဆောက်သည်။ ကျွမ်းသူများဖြစ်သည့် ဆေးပညာဝန်ထမ်းများ သည် မသန်စွမ်းမှုဖြစ်စေ သည့် ရောဂါအခြေအနေ များကို ကုသရန် အရည်ချင်းအပြည့်မီဆုံး ဖြစ်သည်။	ဆေးပညာရှင်များ။ နိုင်ငံတော် (ကျန်းမာရေး ဝန်ကြီးဌာနနှင့် ဆက်စပ် ဌာနများ)
လူမှုရေးအရ အကူအညီ ပေးသည့်ပုံစံ	မသန်စွမ်းမှုသည် လူတစ်ဦးတစ်ယောက် ချင်း၏ ပြဿနာမဟုတ်။ လူမှုပတ်ဝန်းကျင်၊ တနည်း လူ့အဖွဲ့ အစည်း၏ အခြေခံ အဆောက်အဦ၊ စိတ်နေသဘောထား များ နှင့် ဘက်လိုက်မှု-များသည် ၎င်းတို့အား လူ့အဖွဲ့အစည်း၌ အခြားသူများနှင့် တန်းတူ ပါဝင်ခြင်းမှ ဟန့်တားထားသည်။	လူမှုပတ်ဝန်းကျင်ရှိ အဟန့်အတားများကို ဖယ်ရှားသည်။ လူထုအတွက် ဝန်ဆောင်မှု များနှင့် ပစ္စည်း၊ အထောက်အပံ့များသည် မသန်စွမ်းမှုရှိသူများ အတွက် လက်လှမ်းမီ စေရမည်။ မသန်စွမ်းမှု ရှိသူများအား အလယ်ဗဟို ၌ ထား၍ စဉ်းစားပြီး ၎င်းတို့၏ လိုအပ်ချက်များ၊ မျှော်လင့်ချက်များအတိုင်း တုံ့ပြန်ဆောင်ရွက်ပေး သည်	နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်း
လူ့အခွင့်အရေး အခြေပြု ဆက်ဆံသည့်ပုံစံ	မသန်စွမ်းမှု ရှိသူများ သည် အခွင့်အရေး ရှိသူများ ဖြစ်ကြသည်။ မသန်စွမ်းမှု ရှိသူများ သည် အခွင့်အလမ်း တန်တူညီမျှစွာရရှိခွင့် လူမှုရေး၊ နိုင်ငံရေး၊	ဥပဒေများနှင့် မူဝါဒများ သည် မသန်စွမ်းမှု ရှိသူ များ လူ့အဖွဲ့အစည်း၌ အပြည့်အဝ ပါဝင်စေရေး ကို အထောက်အကူ ပြုသင့်သည်။	နိုင်ငံတော်သည် အဓိက တာဝန်ရှိသူ ဖြစ်သည်။ လူ့အဖွဲ့အစည်းတွင်လည်း မသန်စွမ်းမှုအား လူမှုရေးအရ ဖန်တီးတည် ဆောက်ခြင်းကို

	စီးပွားရေးနှင့် ယဉ်ကျေးမှု ဘဝ အစိတ်အပိုင်း အားလုံးတွင် ပါဝင်ခွင့် ရှိသည်။		ပြောင်းလဲရန် တာဝန်ရှိသည်။

၂၃.၁.၂ မသန်စွမ်းမှုအပေါ် လူ့အခွင့်အရေး အခြေပြုချဉ်းကပ်နည်း သမိုင်းအကျဉ်း

၁၉၄၈ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ (UNGA) သည် မသန်စွမ်းမှု ရှိသူများ အပါအဝင် လူ့အဖွဲ့အစည်းရှိ လူပုဂ္ဂိုလ်အားလုံး၏ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လုံခြုံစွာ နေထိုင်ခွင့်တို့ကို အသိအမှတ်ပြုသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို သဘောတူ လက်ခံခဲ့သည့်အခါ မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများသည် ကုလသမဂ္ဂ၏ တရားဝင် အသိအမှတ်ပြုမှုကို ရရှိလာခဲ့သည်။ ကြေညာစာတမ်းသည် မသန်စွမ်းမှုအား ဖြစ်တည်မှု (status) သို့မဟုတ် လူတစ်ဦး၏ လူ့အဖွဲ့အစည်းနှင့် ကူးလူးဆက်ဆံခြင်းမှ ရရှိသည့် အကျိုးရလဒ် တစ်ခုအနေနှင့် မဟုတ်ဘဲ အခြေအနေတစ်ခု (condition) အဖြစ် သဘောကောက်ခဲ့စေကာမူ ၎င်းအား လူတိုင်းအတွက် တန်းတူညီမျှမှုဟူသည့် အခြေခံမူကို ချမှတ်ခဲ့သည့်အတွက် ကျယ်ကျယ် ပြန့်ပြန့် အသိအမှတ်ပြုခဲ့ကြသည်။ မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများကို အပိုဒ် ၂၅ တွင် အသိအမှတ်ပြုထားပြီး ၎င်းက အောက်ပါအတိုင်း ဖော်ပြထားသည် -

> *အလုပ်လက်မဲ့ ဖြစ်သွားသည့်အခါ၊ နာမကျန်းဖြစ်လာသည့်အခါ၊ မသန်စွမ်း ဖြစ်လာသည့် အခါ၊ အိမ်ထောင်ဖက် ဆုံးရှုံးသွားသည့်အခါ၊ အသက်အရွယ် ကြီးရင့်သွားသည့်အခါ သို့မဟုတ် အခြား မိမိ မထိန်းချုပ်နိုင်သည့် အခြေအနေများ၌ အသက်မွေးမှု မရှိသည့်အခါ လူတိုင်းတွင် မိမိကိုယ်တိုင်နှင့် မိသားစု၏ ကျန်းမာရေးနှင့် ဖူလုံမှုတို့အတွက် လုံလောက်သော လူနေမှုအဆင့်အတန်းတစ်ခု ရရှိခံစားခွင့်နှင့် လုံခြုံမှု ရရှိခံစားခွင့်တို့ ရှိသည်။*

ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICCPR) နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICESCR) တို့သည်လည်း မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများကို ကာကွယ်၊ မြှင့်တင် ထားသည်။ စာချုပ်နှစ်ခုလုံး၏ အပိုဒ် ၂ တွင် ခွဲခြားဆက်ဆံခြင်း မပြုရေး အပိုဒ်ငယ် ပါဝင်ပြီး အခွင့်အရေးများအား လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်သည့် ဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားကိစ္စနှင့်ပတ်သက်သော ထင်မြင်ချက်၊ နိုင်ငံ ဇာစ်မြစ်၊ လူမှုရေး ဇာစ်မြစ်၊ ဥစ္စာပိုင်ဆိုင်မှု၊ မွေးဖွားမှု သို့မဟုတ် အခြား ဖြစ်တည်မှု (status) တို့ကို ပဓာန မထားဘဲ အာမခံရမည့် တာဝန်အား နိုင်ငံများအပေါ် ချမှတ်ထားသည်။ အခြား ဖြစ်တည်မှု ဟူသော စကားရပ်တွင် မသန်စွမ်းမှု ပါဝင်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

နိုင်ငံတကာ အခွင့်အရေးများ ဥပဒေ (UDHR၊ ICCPR နှင့် ICESCR) အပြင် မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ အခြားသော စာချုပ်စာတမ်းတချို့ကိုလည်း လက်ခံသဘောတူ ခဲ့ကြသည်။ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု နှောင့်နှေးသူများ၏ အခွင့်အရေးများဆိုင်ရာ ကြေညာချက်

အား ၁၉၇၁ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက လက်ခံသဘောတူခဲ့သည်။ ဤကြေညာချက်သည် ဉာဏ်ရည်မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများနှင့် ၎င်းတို့အား အပြည့်အဝစွမ်းဆောင်နိုင်စေရာ၌ ပညာရေး၏ အရေးပါပုံကို မီးမောင်းထိုးပြခဲ့သည်။ သို့ရာတွင် ၎င်းသည် မသန်စွမ်းမှု ရှိသူများအား လူမှုဖူလုံရေး အကူအညီနှင့် ဆေးကုသမှု ရယူသူများအဖြစ် သတ်မှတ်သည့် သနားကရုဏာစိတ်ဖြင့် ဆက်ဆံသည့် ချဉ်းကပ်နည်းနှင့် ဆေးကုသမှုပေးသည့် ချဉ်းကပ်နည်းတို့အပေါ် အခြေခံထားသေးသည်။

နောက်ထပ် မှတ်တိုင်တစ်ခုမှာ မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများဆိုင်ရာ ကြေညာချက် အား ၁၉၇၅ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက လက်ခံသဘောတူခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ကြေညာချက်သည် မသန်စွမ်းမှု ရှိသူများ အား ၎င်းတို့၏ မွေးရာပါ ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးများအပေါ် အခြေခံ၍ လူ့အဖွဲ့အစည်း၌ ထည့်သွင်းပါဝင်စေရေးကို မြှင့်တင်ခဲ့သည်။ ထို့ကြောင့် ပြီးခဲ့သည့် ဆယ်စုနှစ်အနည်းငယ်အတွင်း (မသန်စွမ်းမှုရှိသူများ၏ စွမ်းဆောင်ရည်ကို အသိအမှတ်မပြုသည့်) ဆေးကုသပေးသည့် ချဉ်းကပ်နည်းနှင့် သနားကရုဏာဖြင့် ဆက်ဆံသည့် ချဉ်းကပ်နည်းများမှ (တန်းတူညီမျှသည့် အခွင့်အရေးများ၊ အခွင့်အလမ်းများကို မြှင့်တင်ပေးသည့်) လူမှုရေးအရ ကူညီသည့် ချဉ်းကပ်နည်းနှင့် လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်နည်းများဘက်သို့ သိသိသာသာ ပြောင်းလဲလာခဲ့သည်ကို တွေ့ရသည်။

၁၉၈၀ ခုနှစ်များတွင် အခြားသော ဖြစ်ပေါ်တိုးတက်မှုများ ရှိလာခဲ့သည်။ ဥပမာ ကုလသမဂ္ဂသည် ၁၉၈၁ ခုနှစ်အား မသန်စွမ်းမှု ရှိသူများ၏ နိုင်ငံတကာနှစ် (IYDP) အဖြစ် ကြေညာခဲ့သည်။ ခေါင်းစဉ်မှာ “အပြည့်အဝ ပါဝင်ရေး” ဖြစ်ပြီး ရည်ရွယ်ချက်များတွင် မသန်စွမ်းမှု ရှိသူများအား လူ့အဖွဲ့အစည်းနှင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လိုက်လျောညီထွေဖြစ်လာစေရန် ကူညီခြင်း၊ ထိုကဲ့သို့ လူပုဂ္ဂိုလ်များအား သင့်လျော်သည့် အကူအညီ၊ အစောင့်အရှောက်ပေးရေးအတွက် နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့် ကြိုးပမ်းချက်များကို တိုးမြှင့် လုပ်ဆောင်ခြင်း၊ သင့်လျော်သည့် အလုပ်အကိုင် အခွင့်အလမ်းများကို တိုးမြှင့်ပေးခြင်းနှင့် မသန်စွမ်းမှုရှိသူများ နေ့စဉ်ဘဝ၌ ပါဝင်နိုင်မှုကို အထောက်အကူပြုဖြစ်စေမည့် လူထုပညာပေးခြင်း၊ လေ့လာချက်များနှင့် သုတေသနများကို ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ ၁၉၈၁ ခုနှစ်ကပေးသည့် အဖိုးတန်သော သင်ခန်းစာတစ်ခုမှာ လူမှုရေး စိတ်နေသဘောထားများသည် မသန်စွမ်းမှု ရှိသူများ အပြည့်အဝ ပါဝင်ရေး ရည်မှန်းချက်ပန်းတိုင်သို့ ချီတက်ရာ၌ အဓိက အဟန့်အတားတစ်ဖြစ်နေသည်ကို သိမြင်လာကြခြင်း ဖြစ်သည်။

မသန်စွမ်းမှု တားဆီးရေးအတွက် ထိရောက်သည့် လုပ်ဆောင်ချက်များကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် အပြည့်အဝ ပါဝင်ရေးနှင့် တန်းတူညီမျှရေး ရည်မှန်းချက်များကို ဖော်ဆောင်ရန် ကုလသမဂ္ဂ အထွေထွေညီလာခံသည် ၁၉၈၂ ခုနှစ်တွင် မသန်စွမ်းမှု ရှိသူများနှင့် သက်ဆိုင်သည့် ကမ္ဘာ့လုပ်ငန်း အစီအစဉ် (WPA) ကို လက်ခံသဘောတူခဲ့သည်။ ထိုသို့ လက်ခံခဲ့သည်နှင့်အညီ WPA သည် တားဆီးရေး၊ ပြန်လည်နေရာပေးရေးနှင့် အခွင့်အလမ်းများ တန်းတူညီမျှ ဖြစ်စေရေးတို့ကို အဆိုပြုခဲ့သည်။ ဤရည်မှန်းချက်များကို ဖော်ဆောင်ရန် ကုလသမဂ္ဂ အထွေထွေ

ညီလာခံသည် ၁၉၈၃-၁၉၉၂ အား မသန်စွမ်းမှု ရှိသူများအတွက် ဆယ်စုနှစ်အဖြစ် ကြေညာခဲ့ပြီး လုပ်ငန်းဆောင်တာများတွင် မသန်စွမ်းမှု ရှိသူများ လူ့အဖွဲ့အစည်းတွင် အပြည့်အဝ ပါဝင်လာစေ နိုင်စေမည့် ပညာရေးကဏ္ဍနှင့် လုပ်ငန်းခွင်၌ တန်းတူညီမျှသော အခွင့်အလမ်းများ ဖော်ဆောင် ခြင်းအပါအဝင် ပညာမသန်စွမ်းမှုရှိသူများ၏ အခြေအနေနှင့် ဖြစ်တည်မှုကို တိုးတက်ကောင်းမွန် စေရေး လုပ်ဆောင်ချက်များ ပါဝင်ခဲ့သည်။

အလားတူပင် ၁၉၈၉ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံသည် ဒီဇင်ဘာလ ၃ ရက်နေ့အား မသန်စွမ်းမှုရှိသူများဆိုင်ရာ နိုင်ငံတကာနေ့အဖြစ် ကြေညာခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် လက်ခံ သဘောတူခဲ့သည့် မသန်စွမ်းမှု ရှိသူများအတွက် အခွင့်အလမ်းများ တန်းတူညီမျှစေရေး စံသတ်မှတ်ချက်များသည်လည်း ၁၉၈၃-၁၉၉၂ မသန်စွမ်းမှု ရှိသူများဆိုင်ရာ ကုလသမဂ္ဂ ဆယ်စုနှစ်၏ အကျိုးရလဒ်တစ်ခု ဖြစ်သည်။

ဤဖြစ်ပေါ်တိုးတက်မှုများသည် ၂၀၀၆ ခုနှစ်တွင် CRPD ရေးဆွဲ၊ လက်ခံသဘောတူခြင်းသို့ ဦးတည်သွားခဲ့သည်။

၂၃.၂ အသုံးအနှုန်း

မသန်စွမ်းမှုနှင့် သက်ဆိုင်သည့် အခေါ်အဝေါ်များသည် “လူပိန်း”၊ “ဒုက္ခိတ” သို့မဟုတ် “အနုံ” စသည်ဖြင့် စော်ကားသည့် စကားလုံးများကို သုံးနှုန်းခြင်းမှ ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှု ရှိသူများ၊ ဉာဏ်ရည် မသန်စွမ်းမှု ရှိသူများ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းမှု ရှိသူများ စသည်ဖြင့် လေးစားမှုကို ထင်ဟပ်ပြသည့် စကားအသုံးအနှုန်းများ အသုံးပြုခြင်းသို့ တိုးတက်ပြောင်းလဲလာ ခဲ့သည်။ အရေးကြီးသည်မှာ မသန်စွမ်းမှု ရှိသူများကိုယ်တိုင် ဤအပြောင်းအလဲများအတွက် ထောက်ခံလှုပ်ရှားခဲ့ခြင်း ဖြစ်သည်။

ဇယား ၂၃-၂ မသန်စွမ်းမှု ရှိသူများ နှင့် သက်ဆိုင်သည့် အခေါ်အဝေါ် ပြောင်းလဲမှုများ

သုံးစွဲခြင်း မရှိတော့သည့် အသုံးအနှုန်းများ	သုံးစွဲလျက်ရှိသော အသုံးအနှုန်းများ
အနုံ (retarded)၊ လူပိန်း (idiots)	ဉာဏ်ရည်ပိုင်းဆိုင်ရာ မသန်စွမ်းမှု ရှိသူများ
ဒုက္ခိတ	ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှု ရှိသူများ
မသန်စွမ်းများ (the disabled၊ the handicapped)	မသန်စွမ်းမှု ရှိသူများ (persons with disabilities)
ဘီးတပ်ခုံ၌ ထိုင်ရသူများ	ဘီးတပ်ခုံ အသုံးပြုသူများ
(မသန်စွမ်းမှု ဖြစ်စေသည့် ရောဂါ) ဝေဒနာ ခံစားရသူများ	(တချို့သော ရောဂါများ၊ မသန်စွမ်းမှုများ) ရှိသူများ
ချို့ယွင်းမှု	မသန်စွမ်းမှု
သာမန်လူများ	မသန်စွမ်းမှု မရှိသူများ

(ရောဂါ) ရှင်များ (ဥပမာ - ပန်းနာရင်ကြပ် ရောဂါရှင်များ)	(ရောဂါ) ရှိသည်။ ဥပမာ ပန်းနာရင်ကြပ်ရောဂါ ရှိသည်။

၂၃.၃ မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်

မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် သို့မဟုတ် CRPD နှင့် ၎င်း၏ မဖြစ်မနေ လိုက်နာရန် မလိုအပ်သည့် နောက်ဆက်တွဲစာချုပ်တို့ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် လက်ခံသဘောတူခဲ့ကြသည်။ CRPD သည် ဒေသအဆင့် ပေါင်းစည်းရေး အဖွဲ့အစည်းများအား ၎င်း၏ ပြဋ္ဌာန်းချက်များကို လက်မှတ်ရေးထိုးခွင့် ပြုခဲ့သည့် ပထမဦးဆုံး လူ့အခွင့်အရေးစာချုပ် ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ဥရောပသမဂ္ဂ (EU) သည် ၂၀၁၀ ခုနှစ်တွင် ၎င်းကို အတည်ပြုခဲ့သည်။ လက်ရှိတွင် အာဆီယံ အဖွဲ့ဝင် ၁၀ နိုင်ငံလုံးသည် တစ်နိုင်ငံချင်းစီအလိုက် ၎င်းကို အတည်ပြုထားပြီး ဖြစ်သော်လည်း အာဆီယံတစ်ဖွဲ့လုံးအနေဖြင့် အတည်ပြုမည့်ကိစ္စကို အချေအတင် ငြင်းခုံနေကြဆဲ ဖြစ်သည်။ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့၌ပင် သဘောတူလက်ခံခဲ့သည့် မဖြစ်မနေ လိုက်နာရန် မလိုအပ်သော နောက်ဆက်တွဲ သဘောတူစာချုပ်သည် ၂၀၀၈ ခုနှစ် မေလ ၃ ရက်နေ့တွင် အသက်ဝင်လာခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများအပေါ် လူတစ်ဦးတစ်ယောက်ချင်း၏ တိုင်ကြားချက်များကို ထည့်သွင်းစဉ်းစား ရန် အစီအမံတစ်ခု ဖြစ်သည်။

CRPD သည် မသန်စွမ်းမှု ရှိသူများ၏ လူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးများကို အပြည့်အဝ ရရှိခံစားနိုင်သည့် တန်းတူညီမျှသော အခွင့်အရေးများကို ထပ်လောင်းအတည်ပြုပေးသည်။ မသန်စွမ်းမှု (disability) အား အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိစေကာမူ ထိုကဲ့သို့ ပုဂ္ဂိုလ်များ ရင်ဆိုင်ကြုံတွေ့ရသည့် ခွဲခြားဆက်ဆံမှုနှင့် ယင်းကို တိုက်ဖျက်ရန်အတွက် နိုင်ငံများက ဆောင်ရွက်နိုင်သည့် လုပ်ဆောင်ချက်များကို ဖော်ပြထားသည်။ သဘောတူစာချုပ်သည် အခွင့်အရေးသစ်များကို အသိအမှတ်ပြုခြင်း မရှိသော်လည်း မသန်စွမ်းမှု ရှိသူများနှင့် စပ်လျဉ်း၍ နိုင်ငံတကာ လူ့အခွင့်အရေးများ ဥပဒေ၌ အာမခံထားသည့် အခွင့်အရေးများကို အကျယ်ချဲ့၍ ဖော်ပြထားသည်။

ယခုလာမည့်အပိုင်းတွင် CRPD အကြောင်း ခြုံငုံသုံးသပ်ချက်ကို ဖော်ပြထားပြီးနှင့် အရေးကြီးသည့် အပိုဒ်တချို့ကို အသေးစိတ် ရေးသားတင်ပြထားပါသည်။

၂၃.၃.၁ မသန်စွမ်းမှုအား အယူအဆတစ်ခုအဖြစ် လေ့လာခြင်း

မသန်စွမ်းမှုဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦး၌ တည်ရှိနေခြင်းမဟုတ်ဘဲ ဖြစ်ပေါ်ပြောင်းလဲနေသည့် အယူအဆတစ်ရပ်ဖြစ်သည်ဟု CRPD က ၎င်း၏ ခြေဆင်းစာပိုဒ်၌ အသိအမှတ်ပြုထားသည်။ မသန်စွမ်းမှုသည် လူတစ်ယောက် ၎င်း၏ အခြေခံအခွင့်အရေးများကို အပြည့်အဝ ရရှိခံစားခြင်းကို အဟန့်အတားဖြစ်စေသည့် လူ့အဖွဲ့အစည်းအတွင်းရှိ အတားအဆီးများ၏ ရလဒ်ဖြစ်သည်။

အဆိုပါ အတားအဆီးများ၏ သဘောသဘာဝက မည်သည်နည်း - ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) က အတားအဆီးများဆိုသည်မှာ ရှိနေခြင်းမှဖြစ်စေ၊ မရှိနေခြင်းမှ ဖြစ်စေ လည်ပတ်မှုကို ကန့်သတ်ပြီး မသန်စွမ်းမှုကို ဖန်တီးသည့် လူတစ်ယောက်၏ပတ်ဝန်းကျင်ရှိ အကြောင်းခြင်းရာများ (factors) အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အတားအဆီးများသည် တစ်ခုနှင့်တစ်ခု သဘောသဘာဝ တူညီချင်မှ တူညီကြပေလိမ့်မည်။ ၎င်းတို့ကို အောက်တွင် ဖော်ပြထားသည်။

စိတ်နေသဘောထားပိုင်းဆိုင်ရာ အတားအဆီးများ

မသန်စွမ်းမှုအား အမည်းစက်အဖြစ် သတ်မှတ်ခြင်း၊ မသန်စွမ်းမှု ရှိသူများအား ခွဲခြားဆက်ဆံခြင်း၊ နှိမ့်ချဆက်ဆံခြင်းတို့ကြောင့် ၎င်းတို့၏ အခွင့်အရေးများ ငြင်းပယ်ခြင်း ခံရနိုင်သည်။ ထို့အပြင် အဆိုးမြင် စိတ်နေသဘောထားများ၏ အကျိုးဆက်မှာ မသန်စွမ်းမှုဖြစ်စေသည့် ပတ်ဝန်းကျင် ဖန်တီးခြင်း ဖြစ်နိုင်သည်။ ထိုကဲ့သို့ စိတ်နေသဘောထား နမူနာများမှာ မသန်စွမ်းမှု ရှိသူများသည် တန်းမဝင်ဟူသော ယူဆချက်များ၊ မသန်စွမ်းမှု ရှိသူများနှင့် ပတ်သက်၍ မျှော်လင့်ချက် များများစားစား မထားခြင်း၊ ၎င်းတို့အတွက် နေရာထိုင်ခင်း ပေးခြင်းသည် အထူးမျက်နှာသာပေးခြင်း ဖြစ်သည်ဟု ယူဆခြင်း သို့မဟုတ် မသန်စွမ်းမှု ရှိသူများအား လူ့အဖွဲ့အစည်းအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်သည်ဟု ခံစားမိစေခြင်း စသည်တို့ပါဝင်သည်။ ဤကဲ့သို့သော စိတ်နေသဘောထားများသည် မသန်စွမ်းမှု ရှိသူများ၏ မိမိအပေါ်ထားရှိသော အမြင်အပေါ် အကျိုးသက်ရောက်မှုရှိပြီး မိမိကိုယ်ကို လေးစားမှု ကျဆင်းစေသည့်အတွက် မိမိ၏ အရည်အချင်းအပေါ် ယုံကြည်မှု ကျဆင်းစေသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အတားအဆီးများ

ဤသည်မှာ လူ့အဖွဲ့အစည်းတွင် ပါဝင်မှုနှင့် ထည့်သွင်းခံရမှုတို့ကို ကန့်သတ်သည့် လူပုဂ္ဂိုလ်တစ်ဦး၏ နေ့စဉ်ပတ်ဝန်းကျင်၌ ရှိနေသည့် အတားအဆီးများကိုဆိုလိုပြီး ၎င်းတို့တွင် လက်လှမ်းမီမှုကို အထောက်အကူ မပြုသည့် အလုပ်ခွင်နေရာ ဒီဇိုင်း၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ လူထုပို့ဆောင်ရေး အစရှိသည်တို့ ပါဝင်သည်။ ဥပမာ မသန်စွမ်းမှု ရှိသူများ ယဉ်ပေါ်သို့ မကူအညီမပါဘဲ တက်ရာ၌ အခက်အခဲဖြစ်စေသည့် လူထုပို့ဆောင်ရေးတွင် လျှောများ တပ်မထားခြင်းမျိုး ဖြစ်သည်။ အလားတူပင် ဆက်သွယ်ရေးစနစ်များသည် လူတချို့အတွက် သတင်းအချက်အလက်များ၊ သုတများကို လက်လှမ်းမီရာ၌ အခက်အခဲ ဖြစ်ကောင်း ဖြစ်စေနိုင်သည်။ ထို့ကြောင့် နေ့စဉ်ဘဝ၏ ကဏ္ဍအများအပြား၌ အပြည့်အဝ ပါဝင်ရန် အခွင့်အလမ်းများကို ကန့်သတ်နိုင်သည်။ သို့ရာတွင် ဤအတားအဆီးများအား လူ့အဖွဲ့အစည်းက ဖန်တီးထားခြင်းဖြစ်ရာ လူ့အဖွဲ့အစည်းကပင် ၎င်းတို့ကို ပြောင်းလဲပစ်နိုင်သည်။

အင်စတီကျူးရှင်းပိုင်းဆိုင်ရာ အတားအဆီးများ

ဤအတားအဆီးများတွင် မသန်စွမ်းမှု ရှိသူများအတွက် ရရှိနိုင်သည့် အခွင့်အလမ်းများကို ကန့်သတ်သည့် ခွဲခြားဆက်ဆံသည့် ဥပဒေများနှင့် မူဝါဒများ ပါဝင်သည်။ ဥပမာ အချို့နိုင်ငံများ

တွင် အမြင်မသန်စွမ်းမှု ရှိသူများ အား ဘဏ်စာအုပ်ဖွင့်ခွင့် မပြုခြင်း သို့မဟုတ် နိုင်ငံတော်က စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းမှု ရှိသူများတွင် ကိုယ်ပိုင်ဆုံးဖြတ်ချက်များချနိုင်သည့် စွမ်းရည်ရှိသည်ဟု အသိအမှတ်မပြုသည့်အတွက် ၎င်းတို့အား အတင်းအကျပ် ထိန်းသိမ်းစောင့်ရှောက်မှု ခံယူစေခြင်းတို့ ရှိသည်။

ထို့ကြောင့် အချုပ်ဆိုရသော် CRPD သည် မသန်စွမ်းမှုအား လူ့အဖွဲ့အစည်း၌ ရှိနေသည့် အတားအဆီးများ၏ ရလဒ်ဖြစ်ကြောင်း အသိအမှတ်ပြုသည်။ ထိုအတားအဆီးများကို ဖယ်ရှားရန် မူဘောင်ချထားပြီး မသန်စွမ်းမှု ရှိသူများ လူ့အဖွဲ့အစည်း၌ ဖြစ်နိုင်သမျှ အပြည့်အဝဆုံး ပါဝင် နိုင်စေရန်အတွက် စွမ်းအားလည်း ပေးသည်။

၂၃.၃.၂ ယေဘုယျမူများ

(အောက်တွင်ဖော်ပြထားသည့်) အပိုဒ် ၃ သည် CRPD ၏ ယေဘုယျမူများကို ချမှတ်ထားပြီး ၎င်းကို အခြား အပိုဒ်များကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့၌ လမ်းညွှန်အဖြစ် အသုံးပြုနိုင်သည်။

မွေးရာပါ ဂုဏ်သိက္ခာနှင့် လူတစ်ယောက်ချင်းစီ၏ လွတ်လပ်သော ဖြစ်တည်မှုတို့အပေါ် လေးစားမှု - မွေးရာပါ ဂုဏ်သိက္ခာ (inherent dignity) ဟူသည်မှာ လူတစ်ဦးတစ်ယောက် ချင်းစီ၏ ပင်ကိုတန်ဖိုး (inner worth) ကို ဆိုလိုသည်။ လူတစ်ယောက်ချင်းစီ၏ လွတ်လပ်သော ဖြစ်တည်မှု (individual autonomy) ဟူသည်မှာ လူတစ်ယောက်ချင်းစီ၏ မိမိဘဝကို ထိန်းကျောင်းနိုင်သော လွတ်လပ်မှုကိုဆိုလိုပြီး ၎င်းတွင် ဆုံးဖြတ်ချက်များ ချမှတ်နိုင် စွမ်းလည်း ပါဝင်သည်။ မသန်စွမ်းမှု ရှိသူများသည် မကြာခဏဆိုသလိုပင် သနားစရာအရာများ အဖြစ် ဆက်ဆံခြင်းခံရပြီး မိမိဖာသာ စဉ်းစား၊ လုပ်ဆောင်နိုင်သူများအဖြစ် ဆက်ဆံခြင်း မခံရတတ်ချေ။ ဤမူသည် လူတစ်ယောက်ချင်းစီ၌ မွေးရာပါရှိနေသည့် လုပ်ဆောင်နိုင်စွမ်း (agency) ကို အသိအမှတ်ပြုသည်။

ခွဲခြားဆက်ဆံမှု မပြုရေး - ခွဲခြားဆက်ဆံခြင်း မပြုရေးသည် လူ့အခွင့်အရေး စာချုပ်အားလုံး၌ ဘုံရှိသည့် မူတစ်ခု ဖြစ်သည်။ CRPD သည် မသန်စွမ်းမှုအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုကို တားမြစ်ပြီး လူ့အဖွဲ့အစည်း၌ ရှိနေသည့် ခွဲခြားဆက်ဆံမှုအားလုံးကို တိုက်ဖျက်ရန် နိုင်ငံများအား တာဝန်ပေးအပ်သည်။ ထို့အပြင် ခွဲခြားဆက်ဆံမှုဖြစ်စေသည့် အဟန့်အတားများတွင် လူ့အဖွဲ့ အစည်းရှိ မကောင်းမြင်သော စိတ်နေသဘောထားကဲ့သို့ မမြင်နိုင်သည့် အတားအဆီးများ ပါနေ နိုင်သည်ကိုလည်း ၎င်းက အသိအမှတ်ပြုသည်။ ဤအခြေအနေမျိုးတွင် လူတို့ကို မျက်စေ့၊ နား ဖွင့်ပေးရပေလိမ့်မည်။

လူ့အဖွဲ့အစည်း၌ ထိရောက်စွာ ပါဝင်ဆင်နွှဲခြင်းနှင့် ထည့်သွင်းခံရခြင်း - သနားကရုဏာစိတ်ဖြင့် ဆက်ဆံသည့် ချဉ်းကပ်နည်းနှင့် ဆေးကုသမှုပေးသည့် ချဉ်းကပ်နည်းတို့သည် မသန်စွမ်းမှုရှိသူ များအား အထူးအဆန်းအဖြစ် သတ်မှတ်သည်။ တနည်းပြောရလျှင် ၎င်းတို့သည် စောင့်ရှောက်မှု လိုအပ်သည် သို့မဟုတ် ၎င်းတို့တွင် ရောဂါတစ်ခုခု ရှိသည်ဟု သတ်မှတ်သည်။ ဤချဉ်းကပ်နည်း

များကို လက်ခံကျင့်သုံးခြင်း၏ အကျိုးဆက်မှာ မသန်စွမ်းမှု ရှိသူများအတွက် စောင့်ရှောက်ရေး ဂေဟာများ သို့မဟုတ် မသန်စွမ်း ကလေးငယ်များအတွက် သီးသန့်ကျောင်းများကဲ့သို့ သီးသန့် အင်စတီကျူးရှင်းများ ဖန်တီးခြင်းပင် ဖြစ်သည်။ ထိုကဲ့သို့ အင်စတီကျူးရှင်းများကြောင့် မသန်စွမ်းမှုရှိသူများသည် လူ့အဖွဲ့အစည်းမှ သီးခြားထားခြင်းခံရသည်။ သီးခြားထားခြင်းသည် လူ့အဖွဲ့အစည်း၌ ရှိနှင့်နေပြီးသည့် ပုံစံခွက်အမြင်များ၊ ဘက်လိုက်မှုများနှင့် ခွဲခြားမှုများကို ပိုမို၍ ခိုင်မာစေသည်။ CRPD သည် ဤအခြေအနေကို ကိုင်တွယ်ဖြေရှင်းရန်နှင့် မသန်စွမ်းမှု ရှိသူများ လူ့အဖွဲ့အစည်း၌ ထိရောက်စွာ ပါဝင်ဆင်နွှဲရေး၊ ထည့်သွင်းခံရရေးတို့ကို အထောက်အကူပြုရန် ကြိုးပမ်းသည်။ ၎င်းသည် မသန်စွမ်းမှု ရှိသူများ၏ ဂုဏ်သိက္ခာကို ထပ်လောင်းအတည်ပြုပေးသည့်၊ မသန်စွမ်းမှု ရှိသူများအား လူ့အဖွဲ့အစည်း၌ တန်းတူညီမျှသော ပါဝင်သူများအဖြစ် အသိအမှတ်ပြုသည့် သဘောလည်း သက်ရောက်သည်။

ကွဲပြားခြားနားမှုများကို လေးစားခြင်းနှင့် မသန်စွမ်းမှု ရှိသူများကို လက်ခံခြင်း - 'သာမန်' ဆိုသော သဘောတရားမှာ လူ့အဖွဲ့အစည်း၏ ဖန်တီးမှု ဖြစ်သည်။ ဥပမာ စံပြယောကျ်ား၊ စံပြမိန်းမတို့ အတွက် ချမှတ်ထားသည့် စံနှုန်းများမှာ လူ့အဖွဲ့အစည်းက ဖန်တီးထားခြင်းသာဖြစ်သည်။ ထို့ကြောင့် လူ့အဖွဲ့အစည်း၏ စည်းမျဉ်းစည်းကမ်းများ၊ အင်စတီကျူးရှင်းများမှာ ထိုကဲ့သို့ နားလည်သဘောပေါက်မှုများအပေါ် အခြေခံထားပြီး အများနည်းတူ ပြမူနေထိုင်ခြင်း မရှိသူသည် သာမန်မဟုတ်ဟု သမုတ်ခံရနိုင်ပြီး ဘေးထုတ်ခံရနိုင်သည်။ ဤနည်းအတိုင်းပင် မသန်စွမ်းမှု ရှိသူများသည် လူသာမန်မဟုတ်သူများဟု သတ်မှတ်ခံရပြီး အခြားသူများမှ ကွဲပြားစွာ ဆက်ဆံခံရသည်။ လူ့ဘောင်အဖွဲ့အစည်းသည် ကွဲပြားစုံလင်ပြီး လူတို့သည် အားလုံး ကွဲပြားခြားနားကြသည်ကို CRPD က အလေးအနက် ဆိုထားသည်။ မသန်စွမ်းမှု ရှိသူများသည် ဤလူသားကွဲပြားစုံလင်မှု၏ တစ်စိတ်တစ်ဒေသဖြစ်သည့်အတွက် အပြန်အလှန်လေးစားရန် အလွန်အရေးကြီးသည်။

အခွင့်အလမ်း တန်းတူညီမျှမှု - ဤသည်မှာ တန်းတူညီမျှခွင့်နှင့် ခွဲခြားဆက်ဆံမှု ကင်းဝေးခွင့် ဖြစ်သည်။ သို့သော်လည်း လူတိုင်း ထပ်တူကျသည့် အခွင့်အလမ်းများ ရရှိရမည်ဟု မဆိုလိုပေ။ ဤမူက တချို့လူများ၊ အုပ်စုများအသည် သမိုင်းစဉ်ဆက် ခွဲခြားဆက်ဆံခြင်း ခံလာခဲ့ရသည်ကို အသိအမှတ်ပြုပြီး ဤအတားအဆီးများ သို့မဟုတ် အဟန့်အတားများကို ဖယ်ရှားပေးရေးကို အထူးဂရုပြု ပြောဆိုသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် မသန်စွမ်းမှု ရှိသူများအား အခြားသူများနည်းတူ အခွင့်အလမ်း ပေးနိုင်မည်ဖြစ်သည်။

လက်လှမ်းမီမှု - ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်၌ ရှိနေသည့် အတားအဆီးများသည် မသန်စွမ်းမှုကို ဖြစ်စေသည်ကို CRPD က အသိအမှတ်ပြုထားသည်။ ထို့ကြောင့် အဆိုပါအတားအဆီးများကို ဖြိုဖျက်ခြင်းဖြင့် လက်လှမ်းမီမှုကို အထောက်အကူပြုရန် အလေးအနက် ဆိုထားသည်။

အမျိုးသားများနှင့် အမျိုးသမီးများအကြား တန်တူညီမျှမှု - မသန်စွမ်း အမျိုးသမီးများသည် ၎င်းတို့၏ လိင်ဖြစ်တည်မှု (gender) နှင့် မသန်စွမ်းမှုတို့ကြောင့် ပုံစံတမျိုးထက်ပိုသည့် ခွဲခြားဆက်ဆံမှု ရင်ဆိုင်ရနိုင်သည်ကို သဘောတူစာချုပ်က အသိအမှတ်ပြုထားသည်။ အမျိုးသားများ

နှင့် အမျိုးသမီးများအကြား တန်းတူညီမျှရေးမူသည် နိုင်ငံများအား အမျိုးသမီးများသည် အမျိုးသားများနှင့် မတူသည့် ခွဲခြားဆက်ဆံမှုမျိုး ရင်ဆိုင်ရနိုင်သည်ကို အသိအမှတ်ပြုရန် တိုက်တွန်းပြီး အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့်တန်းတူ အခွင့်အရေးများ ရရှိခံစားခြင်းကို တားဆီးသည့် အဟန့်အတားများကို ဖယ်ရှားရန် သင့်လျော်သည့် လုပ်ဆောင်ချက်များ ဆောင်ရွက်စေသည်။

မသန်စွမ်းမှုရှိသည့် ကလေးသူငယ်များ၏ တိုးတက်ပြောင်းလဲနေသည့် စွမ်းဆောင်ရည်များအပေါ် လေးစားမှုနှင့် မသန်စွမ်းမှုရှိသည့် ကလေးသူငယ်များ၏ မိမိတို့ သရုပ်သဏ္ဌာန်အား ထိန်းသိမ်းခွင့်တို့အပေါ် လေးစားမှု - ကလေးသူငယ်၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRC) ၏ အခြေခံမူများထဲမှတစ်ခုမှာ မသန်စွမ်းမှုရှိသည့် ကလေးသူငယ်များ၏ တိုးတက်ပြောင်းလဲနေသည့် စွမ်းဆောင်ရည်များအပေါ် လေးစားမှု ဖြစ်သည်။ ဤမူက ကလေးသူငယ်များသည် စွမ်းရည်နှင့် နားလည်နိုင်စွမ်း တဖြည်းဖြည်း ရရှိလာကြသည်ကို အသိအမှတ်ပြုပြီး နိုင်ငံတော်သည် မသန်စွမ်းမှုရှိသည့် ကလေးငယ်များ၏ စိုးရိမ်ပူပန်မှုများကို ကိုင်တွယ်ဖြေရှင်းစဉ် တချိန်တည်းတွင် ကလေးသူငယ်များ၏ ရင့်ကျက်မှု၊ လွတ်လပ်သော ဖြစ်တည်မှု (autonomy) နှင့် ပင်ကိုစရိုက်၊ သရုပ်သဏ္ဌာန် ဖော်ပြမှုတို့ကို အားပေးသင့်သည်ဟု ဆိုထားသည်။

၂၃.၃.၃ နိုင်ငံများ၏ တာဝန်များ

အပိုဒ် ၄ သည် သဘောတူစာချုပ်၏ ယေဘုယျ တာဝန်များကို ချမှတ်ထားပြီး နောက်ပိုင်း အပိုဒ်များသည် သတ်သတ်မှတ်မှတ် အခွင့်အရေးများနှင့် သက်ဆိုင်သည့် တာဝန်များကို ချမှတ်ထားသည်။ ၎င်းတို့အား လေးစားမှု၊ အကာအကွယ်ပေးမှု၊ ဖြည့်ဆည်းပေးမှု၊ ခွဲခြားဆက်ဆံခြင်းမှ ရှောင်ကြဉ်မှုနှင့် တစ်ဆင့်ချင်း အကောင်အထည်ဖော်မှုတို့ ပါဝင်သည့် ယေဘုယျ ရှုထောင့်မှ သုံးသပ်နိုင်သည်။

လေးစားရမည့် တာဝန် - ဤတာဝန်ကြောင့် နိုင်ငံများသည် အခွင့်အရေး ရရှိခံစားခြင်းကို ထိခိုက်သည့် မည်သည့်လုပ်ရပ်ကိုမဆို ရှောင်ကြဉ်ရန် လိုအပ်သည်။ ထို့ကြောင့် အပိုဒ် ၄(၁ဃ) သည် နိုင်ငံများအား သဘောတူစာချုပ်၌ အသိအမှတ်ပြုထားသည့် အခွင့်အရေးများနှင့် မဆီလျော်သည့် လုပ်ရပ်၊ အလေ့အကျင့် အားလုံးမှ ရှောင်ကြဉ်ရန် တာဝန်ပေးသည်။

အကာအကွယ်ပေးရမည့် တာဝန် - ဤတာဝန်အရ နိုင်ငံများသည် ဘေးလူများ သို့မဟုတ် တစ်သီးပုဂ္ဂလ ဇာတ်ကောင်များမှ လူတစ်ယောက်၏ အခွင့်အရေး ချိုးဖောက်မှုများကို တားဆီးရန် တာဝန်ရှိသည်။ ဤအချက်နှင့် စပ်လျဉ်း၍ အပိုဒ် ၄(ဂ) သည် နိုင်ငံများအား တစ်သီးပုဂ္ဂလ ဇာတ်ကောင်များ ကျူးလွန်သည့် မသန်စွမ်းမှုအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုကို တိုက်ဖျက်ရန် သင့်လျော်သည့် လုပ်ဆောင်ချက်များ ဆောင်ရွက်ရန် တာဝန်ပေးသည်။ ထိုသို့သော လုပ်ဆောင်ချက်များတွင် ဘေးလူများက ကျူးလွန်သည့် ခွဲခြားဆက်ဆံမှုကို တားမြစ်ရန် ဥပဒေများ ပြဋ္ဌာန်းခြင်း၊ ဥပဒေကို လိုက်နာစေရန် ထိရောက်သည့် အစီအမံများ ချမှတ်ခြင်းနှင့် တရားမျှတမှု ရရှိစေရေးတို့ ပါဝင်နိုင်သည်။

ဖြည့်ဆည်းပေးရမည့် တာဝန် - ဤတာဝန်အရ နိုင်ငံများသည် အဆိုပါအခွင့်အရေးများကို ရရှိခံစားစေရန် သင့်လျော်သည့် ဥပဒေ၊ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ တရားရေးနှင့် အခြားသော လုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးရန် လိုအပ်သည်။ ထို့အတွက် အပိုဒ် ၄ သည် နိုင်ငံများအား အောက်ပါတို့ကို ဆောင်ရွက်ရန် တာဝန်ပေးသည် -

- သဘောတူစာချုပ်၌ အသိအမှတ်ပြုထားသည့် အခွင့်အရေးများကို အကောင်အထည်ဖော်ရန် သင့်လျော်သည့် ဥပဒေဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာနှင့် အခြားသော လုပ်ဆောင်ချက်များကို ဆောင်ရွက်ရန်
- မူဝါဒအားလုံးနှင့် အစီအစဉ်အားလုံးသည် မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများနှင့် ပတ်သက်သည့် စိုးရိမ်ပူပန်မှုအားလုံးကို ထည့်သွင်းစဉ်းစားရန်
- မသန်စွမ်းမှု ရှိသူများ၏ သတ်သတ်မှတ်မှတ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့် လူအားလုံးအတွက် စီစဉ်ဆောင်ရွက်ထားသည့် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် အဆောင်အယောင်များအား သုတေသနပြုလုပ်ခြင်းနှင့် ဖန်တီးခြင်း၊ ဤကဲ့သို့ ကုန်စွည်းများ ရရှိနိုင်မှုကို တိုးမြှင့်ဆောင်ရွက်ခြင်း
- ရွေ့လျားလှုပ်ရှားမှု အထောက်အကူပြု ပစ္စည်းများ၊ ကိရိယာများနှင့် အထောက်အကူပြု နည်းပညာများနှင့် အခြားသော အကူအညီများ၊ အထောက်အကူပြု ဝန်ဆောင်မှုများနှင့် အဆောင်အယောင်များအကြောင်း အလွယ်တကူ လက်လှမ်းမီနိုင်သော သတင်းအချက်အလက်များ ပေးရန်
- မသန်စွမ်းမှု ရှိသူများနှင့် ဆက်စပ်အလုပ်လုပ်သည့် ပညာသည်များနှင့် ဝန်းထမ်းများအား သဘောတူစာချုပ်နှင့် ဆက်စပ် တာဝန်ဝတ္တရားများတွင် အာမခံထားသည့် အခွင့်အရေးများအကြောင်း သင်တန်းပို့ချခြင်းကို မြှင့်တင်ဆောင်ရွက်ရန်

ခွဲခြားဆက်ဆံခြင်း မပြုရေး တာဝန် - အပိုဒ် ၄(၁(ငဃ)) နှင့် ၅ သည် မည်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းမဆို ကျူးလွန်သည့် မသန်စွမ်းမှုအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုကို တိုက်ဖျက်ရန်အတွက် သင့်လျော်သည့် လုပ်ငန်းဆောင်တာအားလုံးကို လုပ်ဆောင်ရန် နိုင်ငံများအား တာဝန်ပေးသည်။

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများနှင့် ဆက်စပ်သည့် တာဝန် - အပိုဒ် ၄(၂) သည် သဘောတူစာချုပ်၌ အာမခံထားသည့် အခွင့်အရေးများ အပြည့်အဝ ရရှိခံစားစေရေးအတွက် တစ်ဆင့်ချင်း လုပ်ဆောင်ရာတွင် ရရှိနိုင်သည့် အရင်းအမြစ်အားလုံး သုံးစွဲရန် နိုင်ငံများအား တာဝန်ပေးထားသည်။ အရင်းအမြစ်အားလုံးဟူသည်မှာ နိုင်ငံအတွင်း ရှိနေသည့် အရင်းအမြစ်များနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ရရှိနိုင်သည့် အရင်းအမြစ်များကို ဆိုလိုသည်။ တစ်ဆင့်ချင်းလုပ်ဆောင်ခြင်း ဟူသည်မှာ အချိန်ကာလအပိုင်းအခြားတစ်ခုအတွင်း လျာထားချက်များကို ဆောင်ရွက်အောင်မြင်ခြင်းဟု ဆိုလိုသည်။ အပိုဒ် ၄(၂) က စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများနှင့် သက်ဆိုင်သည့် တာဝန်များမှ တချို့အား ချက်ချင်းလက်ငင်း ဖြည့်ဆည်းပေး

ရမည် ဖြစ်ပြီး တဆင့်ချင်း လုပ်ဆောင်၍မရဟူ၍ ဖော်ပြထားသည်။ ၎င်းတို့တွင် မသန်စွမ်းမှု ရှိသူများအား ခွဲခြားဆက်ဆံမှု မပြုခြင်းနှင့် အကာအကွယ်ပေးခြင်းတို့ ပါဝင်သည်။

ပါဝင်ဆောင်ရွက်ခွင့်ပေးရမည့် တာဝန် - အပိုဒ် ၄(၃) သည် ပါဝင်ဆောင်ရွက်ခွင့်ကို အလေးပေး ဖော်ပြထားသည်။ ဤအပိုဒ်သည် မသန်စွမ်းမှု ရှိသူများအနေဖြင့် ၎င်းတို့နှင့် သက်ဆိုင်သည့် ဥပဒေများ၊ မူဝါဒများနှင့် အခြားသော ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်ပေးရန် နိုင်ငံများအပေါ် တာဝန်ပေးထားသည်။

၂၃.၃.၄ တန်းတူညီမျှခွင့်နှင့် ခွဲခြားဆက်ဆံမှု မခံရခွင့်

သဘောတူစာချုပ်၏ အပိုဒ် ၅ တွင် အောက်ပါအခွင့်အရေးများနှင့် တာဝန်များ ပါဝင်သည်။

ပထမဦးစွာ ၎င်းက လူအားလုံးသည် ဥပဒေရှေ့မှောက် တန်းတူညီမျှပြီး ဥပဒေ၏ တန်းတူညီမျှသော အကာအကွယ်ပေးမှုနှင့် ဥပဒေ၏ အကျိုးကျေးဇူးတို့ကို ခံစားခွင့်ရှိမှုတို့ကို အသိအမှတ်ပြုထားသည်။ ဤအခွင့်အရေးများက ဥပဒေသည် မသန်စွမ်းမှု ရှိသူများအား ခွဲခြားဆက်ဆံမှု မပြုသင့်ကြောင်း၊ အဆိုပါအခွင့်အရေးများကို ငြင်းပယ်ခြင်း၊ ချုပ်ခြယ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းတို့ မပြုလုပ်သင့်ကြောင်း ညွှန်းဆိုထားသည်။ ဥပဒေအား တန်းတူညီမျှသော အကျိုးခံစားခွင့်ဆိုသည်မှာ လက်မှတ်ရေးထိုးထားသည့် နိုင်ငံများသည် ထိုကဲ့သို့ တန်းတူအကျိုးခံစားခွင့်ကို တားဆီးနေသည့် အဟန့်အတားများကို ဖယ်ရှားသင့်သည်ဟု ဆိုလိုသည်။

ဒုတိယအချက်အနေဖြင့် အပိုဒ် ၅ သည် မသန်စွမ်းမှု ရှိသူများအပေါ် ကျူးလွန်သည့် ခွဲခြားဆက်ဆံမှု ပုံစံအားလုံးအား တားမြစ်ပြီး ထိုခွဲခြားဆက်ဆံမှုများမှ ဥပဒေအရ အကာအကွယ်ပေးခြင်းကို အာမခံရန် နိုင်ငံများအား တာဝန်ပေးအပ်သည်။

တတိယအချက်အနေဖြင့် နိုင်ငံများသည် လက်တွေ့၌ ခွဲခြားဆက်ဆံမှုများကို ဖယ်ရှားရန်အလို့ငှာ သင့်တင့်လျောက်ပတ်သည့် လိုက်လျောမှု (reasonable accommodation) ပြုလုပ်ရန်အတွက် သင့်လျော်သည့် လုပ်ဆောင်ချက်များကို ဆောင်ရွက်ရန်လိုအပ်သည်။

ဤတွင် မည်သည့်လုပ်ရပ်သည် မသန်စွမ်းမှု ရှိသူများအပေါ် ခွဲခြားဆက်ဆံမှု မြောက်သနည်းဟူသော မေးခွန်း ပေါ်လာသည်။ သဘောတူစာချုပ်၏ အပိုဒ် ၂ က မသန်စွမ်းမှုအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုအား အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ထားသည် -

> *နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာ သို့မဟုတ် အခြားမည်သည့် ကဏ္ဍ၌မဆို လူ့အခွင့်အရေးအားလုံးနှင့် အခြားသော လွတ်လပ်ခွင့်များအား အခြားသူများနှင့် တန်းတူ အသိအမှတ်ပြုခံရခြင်း၊ ရရှိခံစားခြင်း သို့မဟုတ် ကျင့်သုံးခြင်းတို့ကို ထိခိုက်သည့် သို့မဟုတ် ပယ်ဖျက်သည့် အကျိုးသက်ရောက်မှု သို့မဟုတ် ထို့သို့ ဖြစ်စေရန် ရည်ရွယ်ချက်ရှိသည့် မသန်စွမ်းမှုအပေါ် အခြေခံသည့် ခွဲခြားသတ်မှတ်မှု၊ ဘေးထုတ်မှု သို့မဟုတ် ကန့်သတ်မှု။*

၎င်းတွင် သင့်တင့်လျောက်ပတ်သည့် လိုက်လျောမှုအား ငြင်းပယ်ခြင်း အပါအဝင် ခွဲခြားဆက်ဆံမှုပုံစံအားလုံး ပါဝင်သည်။

သင့်တင့်လျောက်ပတ်သည့် လိုက်လျောမှုအား အပိုဒ် ၂ တွင် အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ထားသည်-

မသန်စွမ်းမှု ရှိသူများအနေဖြင့် လူ့အခွင့်အရေးအားလုံးနှင့် အခြေခံလွတ်လပ်ခွင့် များအား အခြားသူများနှင့်တန်းတူ ရရှိခံစားနိုင်စေရန် သို့မဟုတ် ကျင့်သုံးနိုင်စေ ရန် လိုအပ်သည့် အခြေအနေတစ်ရပ်၌ မလျော်ကန်သည့် ဝန်ထုပ်ဝန်ပိုး မဖြစ်စေသည့် လိုအပ်သလို၊ သင့်တော်သလို လုပ်ဆောင်သည့် ပြုပြင်မှု သို့မဟုတ် ညှိနှိုင်းပြင်ဆင်မှု။

အပိုဒ် ၂ တွင် ဖော်ပြထားသည့် ခွဲခြားဆက်ဆံမှု အဓိပ္ပာယ်ဖွင့်ဆိုချက်၌ တိုက်ရိုက် ခွဲခြား ဆက်ဆံမှုပုံစံများ (ရည်ရွယ်ချက်ရှိရှိ ခွဲခြားဆက်ဆံခြင်း)နှင့် သွယ်ဝိုက် ခွဲခြားဆက်ဆံမှုပုံစံများ (လုပ်ရပ်တစ်ခု၏ အကျိုးဆက်အဖြစ် ခွဲခြားဆက်ဆံခြင်း) ပါဝင်သည်။ တိုက်ရိုက်ခွဲခြားဆက်ဆံမှု ဥပမာတစ်ခုမှာ မသန်စွမ်းမှု ရှိသူများအား အတင်းအဓမ္မ မြံ့စေခြင်းဖြစ်သည်။ သွယ်ဝိုက် ခွဲခြားဆက်ဆံမှုများမှာ ဥပမာအားဖြင့် အလုပ်အင်တာဗျူးများအား လှေကားထစ်ဖြင့်သာ တက်နိုင်သည့် အဆောက်အဦး ဒုတိယထပ်၌ ပြုလုပ်သည့်အတွက် အလုပ်လျှောက်သူများ ထဲမှတစ်ယောက်သည် သွားလာလှုပ်ရှားရ မလွယ်ကူသူတစ်ဦး ဖြစ်နေသည့် အခြေအနေမျိုး၌ ဖြစ်ပွားသည်။ ထို့ကြောင့် အဆိုပါ အလုပ်လျှောက်သူသည် အခြားသူများနှင့် တန်းတူ အခြေအနေ၌ ရှိမနေတော့ဘဲ အလုပ်အင်တာဗျူး တက်ရောက်နိုင်တော့မည် မဟုတ်တော့ချေ။ ထိုကဲ့သို့ အခြေအနေမျိုးအား အလုပ်အင်တာဗျူးကို မြေညီထပ်၌ ပြုလုပ်ခြင်းဖြင့် ကုစားနိုင်ပြီး ထိုသို့ပြုလုပ်ခြင်းက အင်တာဗျူးပြုလုပ်ခြင်း အပေါ်လည်း မလိုအပ်သည့် ဝန်ထုပ်ဝန်ပိုး ဖြစ်စေ မည် မဟုတ်ပေ။

၂၃.၃.၅ လက်လှမ်းမီမှု

ရှေ့တွင် ဆွေးနွေးခဲ့ပြီးသည့်အတိုင်း မသန်စွမ်းမှုသည် အားနည်းချက်တစ်မျိုးမျိုး ရှိသူတစ်ဦး လူ့အဖွဲ့အစည်း၌ ရှိနေသည့် ပတ်ဝန်းကျင်ဆိုင်ရာ အဟန့်အတားများနှင့် ပွတ်တိုက်ထိတွေ့ ခြင်း၏ ရလဒ်ဖြစ်သည်။ မသန်စွမ်းမှု ရှိသူများ အမှီအခိုကင်းစွာ နေထိုင်ရန်နှင့် လူ့အဖွဲ့အစည်း၌ အပြည့်အဝ ပါဝင်နိုင်စေရန် ထိုကဲ့သို့ အဟန့်အတားများကို ဖယ်ရှားရန် မရှိမဖြစ် လိုအပ်သည်။

အပိုဒ် ၉(၁) သည် မသန်စွမ်းမှု ရှိသူများအား အခြားသူများနှင့် တန်းတူဖြစ်စေရန် သင့်လျော်သည့် လုပ်ဆောင်ချက်များ ဆောင်ရွက်ရန် နိုင်ငံများထံ တာဝန်ပေးထားသည်။ ထို့အပြင် မသန်စွမ်းမှု ရှိသူများသည် ရုပ်ပတ်ဝန်းကျင်၌ အတားအဆီးမရှိ လှုပ်ရှားသွားလာနိုင်ပြီး သတင်းအချက် အလက်များ၊ ဆက်သွယ်ရေးနည်းလမ်းများနှင့် အခြားသော ပြည်သူ့ဝန်ဆောင်မှုများကိုလည်း

အပြည့်အဝ လက်လှမ်းမီသင့်သည်။ ဤတာဝန်သည် မြို့ပြနှင့် ကျေးလက်ဒေသနှစ်ခုလုံးအတွက် အကျုံးဝင်သည်။

လက်လှမ်းမီမှုကို လွယ်ကူချောမွေ့စေရန် နိုင်ငံများက ဆောင်ရွက်သည့် လုပ်ဆောင်ချက်များ၌ အောက်ပါတို့နှင့် ဆက်စပ်သည့် အတားအဆီးများကို ဖော်ထုတ်ခြင်း၊ ဖယ်ရှားခြင်းတို့ ပါသင့်ကြောင်းကိုလည်း အပိုဒ် ၉(၁) က ထပ်လောင်း ရှင်းလင်းဖော်ပြထားသည်။

- ကျောင်းများ၊ အိမ်ရာ၊ ဆေးကုသရေး အဆောက်အဦများနှင့် အလုပ်ခွင်များအပါအဝင် အဆောက်အဦးများ၊ လမ်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် အခြားသော အိမ်တွင်း၊ အိမ်ပြင် အဆောက်အဦများ
- အီလက်ထရွန်းနစ် ဝန်ဆောင်မှုများနှင့် အရေးပေါ်ဝန်ဆောင်မှုများ အပါအဝင် သတင်းအချက်အလက်များ၊ ဆက်သွယ်ရေးနှင့် အခြားသော ဝန်ဆောင်မှုများ

မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီသည် အထွေထွေမှတ်ချက် ၂ တွင် အိမ်တွင်းနှင့် အိမ်ပြင် အဆောက်အဦများ၌ တရားဥပဒေစည်းကြပ်ရေး အဖွဲ့အစည်းများ၊ တရားခွင်များ၊ အကျဉ်းထောင်များ၊ လူမှုရေး အင်စတီကျူးရှင်းများနှင့် အပန်းဖြေရန်နှင့် လူမှုဆက်ဆံရေးတို့အတွက် နေရာများ၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ နိုင်ငံရေးနှင့် အားကစား လုပ်ငန်းဆောင်တာများနှင့် စျေးများ ပါဝင်သင့်သည်ဟု ရှင်းလင်းထားသည်။ အခြားသော ဝန်ဆောင်မှုများတွင် စာတိုက်၊ ဘဏ်လုပ်ငန်း၊ ကြေးနန်းနှင့် သတင်းအချက်အလက် ဝန်ဆောင်မှု လုပ်ငန်းတို့ ပါဝင်သည်။

ထို့အပြင် နိုင်ငံများ၏ တာဝန်များကဏ္ဍတွင် ဆွေးနွေးတင်ပြထားသည့်အတိုင်း ပုဂ္ဂလိက ဧာတ်ကောင်များသည်ပင် မသန်စွမ်းမှုအပေါ် အခြေခံ၍ ခွဲခြင်းဆက်ဆံခြင်း မပြုရန် တာဝန် ရှိသည်။ ထို့ကြောင့် လူထုသို့ ကုန်ပစ္စည်း၊ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများပေးသည့် ပုဂ္ဂလိက ကုမ္ပဏီစသည်တို့သည်ပင် အားလုံးလက်လှမ်းမီအောင် လုပ်ဆောင်ပေးရမည် ဖြစ်သည်။

ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဝေဖန်ခြင်း

လူ့အဖွဲ့အစည်း၌ လက်လှမ်းမီမှုဆိုင်ရာ မည်သည့် အဟန့်အတားများ တည်ရှိနေသနည်း။ ထိုကဲ့သို့ ဥပမာများကို သင်၏ ရပ်ရွာအသိုင်းအဝိုင်းတွင် တွေ့နိုင်ပါသလား။

- ကျွမ်းကျင် သင်္ကေတ ဘာသာစကား ဘာသာပြန်သူများ မရှိခြင်း
- ဝန်ဆောင်မှု ပေးသူများ၏ ခွဲခြားဆက်ဆံသည့် စိတ်နေသဘောထားကြောင့် ပြည်သူ့ ဝန်ဆောင်မှုများကို ရယူရာ၌ အခက်အခဲရှိခြင်း
- မျက်မမြင်ဘာသာ၌ သင်္ကေတများ မရှိခြင်း၊ အများပြည်သူဆိုင်ရာ အဆောက်အဦးများ၌ လမ်းညွှန်များ သို့မဟုတ် အကူအညီများ မရှိခြင်း
- သတင်းအချက်အလက်များနှင့် ဆက်သွယ်ရေးနည်းလမ်းများ အလွယ်တကူ ဖတ်နိုင် သည့်ပုံစံဖြင့် ရှိမနေခြင်း

- မသန်စွမ်းမှု ရှိသူများ နားလည်နိုင်သည့် နည်းလမ်းများ၊ အစားထိုးနည်းလမ်းများနှင့် တိုးမြှင့်နည်းစနစ်များ (augmentative modes) ဖြင့် ဆက်သွယ်ရေးနည်းလမ်းများ မရှိခြင်း

လက်လှမ်းမီမှုအပေါ် အတားအဆီးများအား လူ့အဖွဲ့အစည်း၌ ရှိနေသည့် စုံလင်ကွဲပြားမှုကို ထည့်သွင်းစဉ်းစားပြီး လူအားလုံးအတွက် အဆင်ပြေသည့် ဒီဇိုင်းများကို ချမှတ်အသုံးပြုခြင်းဖြင့် ဖြေရှင်းကျော်လွှားနိုင်သည်။ အပိုဒ် ၉(၂) သည် လက်လှမ်းမီမှုကို လွယ်ကူချောမွေ့စေရန် နိုင်ငံများက ဆောင်ရွက်နိုင်သည့် လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ လမ်းညွှန်မှု ပေးထားသည်။ ထိုလုပ်ဆောင်ချက်များတွင် အောက်ပါတို့ပါဝင်သည်။

- အများပြည်သူဆိုင်ရာ အဆောက်အဦများနှင့် ဝန်ဆောင်မှုများသည် လူအားလုံးအတွက် လက်လှမ်းမီစေရန် အနိမ့်ဆုံးစံနှုန်းများကို ဖော်ထုတ်ရေးဆွဲခြင်း၊ ပြဋ္ဌာန်းခြင်းနှင့် ၎င်းတို့ကို အကောင်အထည်ဖော်မှုအား စောင့်ကြည့်ခြင်း။ အဆိုပါစံနှုန်းများအား မသန်စွမ်းမှု ရှိသူများ နှင့် တိုင်ပင်ဆွေးနွေး၍ ဖော်ထုတ်ရေးဆွဲရပါမည်။
- လက်လှမ်းမီနိုင်သော သတင်းအချက်အလက်များနှင့် ဆက်သွယ်ရေးနည်းပညာများကုန်ကျမှုအနည်းဆုံးဖြင့် ရရှိစေနိုင်ရန် ၎င်းတို့အား ဒီဇိုင်းရေးဆွဲခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ကို ကနဦးအဆင့်မှပင် မြှင့်တင်ဆောင်ရွက်ခြင်း။

အပိုဒ် ၉ သည် ပုဂ္ဂလိကလုပ်ငန်းစသည်တို့မှ ပေးသည့် ယခင် လက်လှမ်းမမီသော ဝန်ဆောင်မှုများကို ဖြည်းဖြည်းချင်း ပြုပြင်ပြောင်းလဲခြင်း၊ ညှိပေးခြင်းအား စောင့်ကြည့်ရန်နှင့် အကဲဖြတ်ရန် သတ်သတ်မှတ်မှတ် ဖြစ်သော၊ စည်းကြပ်လိုက်နာစေနိုင်သော၊ အချိန်သတ်မှတ်ချက်ရှိသော မှတ်တိုင်များပါသည့် ဥပဒေများနှင့် ပေါ်လစီမူဘောင်များကို ချမှတ်ရန်လည်း နိုင်ငံများအပေါ် တာဝန်ပေးထားသည်။ ထို့အပြင် ပုဂ္ဂလိကလုပ်ငန်းစသည်တို့အနေဖြင့် အသစ်ထုတ်သည့် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများသည် မသန်စွမ်းမှု ရှိသူများအတွက် လက်လှမ်းမီစေရန် အသေအချာ လုပ်ဆောင်ပေးရန် လိုအပ်သည်။ အပိုဒ် ၄(၃) အရ နိုင်ငံများသည် လက်လှမ်းမီမှုနှင့် ပတ်သက်၍ အနိမ့်ဆုံးစံနှုန်းများကို မသန်စွမ်းမှု ရှိသူများနှင့် ၎င်းတို့ကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေး၍ ရေးဆွဲရန် လိုအပ်သည်။ ဤစံနှုန်းများအား သဘောတူစာချုပ်၏ အပိုဒ် ၃၂ နှင့်အညီ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုမှတဆင့် အခြားသော အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်၍လည်း ရေးဆွဲနိုင်သည်။

အလေးထားစရာ

သင့်တင့်လျောက်ပတ်သည့် လိုက်လျောမှုနှင့် လက်လှမ်းမီမှု

အပိုဒ် ၉ အရ လက်လှမ်းမီအောင် လုပ်ဆောင်ပေးခြင်းသည် သင့်တင့်လျောက်ပတ်သည့် လိုက်လျောမှု ပြုခြင်းနှင့် အတူတူပင် ဖြစ်ပါသလား။

မတူပါ။ လက်လှမ်းမှီမှုသည် စနစ်တစ်ခုလုံးအပေါ် အပြောင်းအလဲပြုလုပ်ခြင်းနှင့် သက်ဆိုင်ပြီး သင့်တင်လျောက်ပတ်သည့် လိုက်လျောမှုဆိုသည်မှာ တစ်ဦးတစ်ယောက် အဆင်မပြေသည့် ကိစ္စကို တုံ့ပြန် ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

မသန်စွမ်းမှု ရှိသူများ အခြားသူများနှင့်တန်းတူ ၎င်းတို့၏ အခွင့်အရေးများကို ရရှိခံစားနိုင်စေရန်အတွက် နိုင်ငံများတွင် လက်လှမ်းမီစေရေးလုပ်ဆောင်ပေးရမည့် တာဝန်ရှိသည်။ လက်လှမ်းမီမှုအား အနိမ့်ဆုံးစံနှုန်းများကို ရေးဆွဲချမှတ်ခြင်းနှင့် ၎င်းတို့ကို ဝန်ဆောင်မှုပေးသူများနှင့် အခြားသက်ဆိုင်သူများက လိုက်နာကျင့်သုံးခြင်းဖြင့် အဆင်ပြေချောမွေ့စေသည်။ သို့ရာတွင် အဆိုပါစံနှုန်းများသည် မသန်စွမ်းမှု ရှိသူများ၏ လိုအပ်ချက်တိုင်းကို ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ချေ။ ထိုကဲ့သို့ အခြေအနေမျိုးတွင် သင့်တင့်လျောက်ပတ်သည့် လိုက်လျောမှု အကျုံးဝင်လာသည်။

သင့်တင့်လျောက်ပတ်သည့် လိုက်လျောမှုသည် အားနည်းချက်ရှိသည့် လူပုဂ္ဂိုလ်တစ်ဦး အခြေအနေတစ်ခု၌ ၎င်းကိုလိုအပ်သည်ဟု ဖော်ပြသည့်အချိန်မှစ၍ အကျုံးဝင်လာသည်။ ဥပမာ ဘီးတပ်ထိုင်ခုံအသုံးပြုရသည့် အင်တာဗျူးဖြေဆိုသူတစ်ဦးသည် ဓာတ်လှေကားမရှိသည့် အဆောက်အဦးတစ်ခု၏ ဒုတိယအထပ်၌ အင်တာဗျူးပြုလုပ်ရန် ခေါ်ယူခြင်း ခံရသည့် အခြေအနေမျိုး ဖြစ်သည်။ လူအားလုံးအတွက် အဆင်ပြေရမည့် ဒီဇိုင်းဆိုင်ရာ စံနှုန်းများက အဆောက်အဦးများတွင် ဓာတ်လှေကားများ တပ်ဆင်စေရမည်ဖြစ်သည်။ သို့ရာတွင် အဆောက်အဦးတစ်ခုသည် ထိုစံနှုန်းများကို မလိုက်နာသည့်အခါ သင့်တင့်လျောက်ပတ်သည့် လိုက်လျောမှုကို ကျင့်သုံးရမည်။ ဤအဓိပ္ပာယ်အရဆိုရလျှင် သင့်တင့်လျောက်ပတ်သည့် လိုက်လျောမှုသည် မသန်စွမ်းသူတစ်ဦးတွက် သတ်သတ်မှတ်မှတ် အခြေအနေတစ်ခု၌ လက်လှမ်းမီမှုကို ရရှိစေသည်။ တနည်းဆိုရသော် သင့်တင့်လျောက်ပတ်သည့် လိုက်လျောမှုဟူသည် လူတစ်ဦးဦးအတွက် တရားမျှတမှုကို ပေးခြင်းဖြစ်သည်။ ထို့အပြင်၊ နိုင်ငံများသည် လက်လှမ်းမှီမှုအား တဖြည်းဖြည်းချင်း အကောင်အထည်ဖော်ခြင်းဖြင့် ရရှိအောင်မြင်လာစေရန် တတ်နိုင်သော်လည်း၊ သင့်လျော်သောနေရာထိုင်ခင်းပေးရန် တာဝန်သည် ချက်ချင်းလုပ်ဆောင်ရန်လိုအပ်သည်။

၂၃.၃.၆ ဥပဒေရှေ့မှောက် တန်းတူညီမျှသော အသိအမှတ်ပြုခံရမှု

မသန်စွမ်းမှု ရှိသူများသည် မည်သည့်နေရာ၌မဆို ဥပဒေရှေ့မှောက်၌ လူပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုခံရခွင့် ရှိသည်ဟု အပိုဒ် ၁၂ က ထပ်လောင်းအတည်ပြုထားသည်။ မသန်စွမ်းမှု ရှိသူများနှင့် စပ်လျဉ်း၍ ဤအခွင့်အရေး၏ အရေးပါပုံသည် အဘယ်နည်း။

ဥပဒေရှေ့မှောက်၌ လူပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုခံရခြင်းအား ဥပဒေဆိုင်ရာ စွမ်းဆောင်ရည် (legal capacity) အဖြစ်လည်း သိကြသည်။ ဥပဒေဆိုင်ရာ စွမ်းဆောင်ရည်၌ အစိတ်အပိုင်းနှစ်ခု ပါဝင်သည် -

၁။ အခွင့်အရေးများ ပိုင်ဆိုင်ရန်နှင့် ဥပဒေရှေ့မှောက်၌ လူပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုခံရရန် ဥပဒေအရ ဖြစ်တည်မှု (legal standing)၊ ဥပမာ မဲဆန္ဒရှင်စာရင်း၌ မှတ်ပုံတင်ရန် သို့မဟုတ် နိုင်ငံကူးလက်မှတ် လျှောက်ရန်။

၂။ အရောင်းအဝယ်ကိစ္စများ ဆောင်ရွက်ရန်၊ တရားဝင် ဆက်ဆံရေးများကို ဖန်တီး၊ ပြုပြင်၊ အဆုံးသတ်ရန် လူပုဂ္ဂိုလ်၏ စွမ်းဆောင်ရည် (agency) အား အသိအမှတ်ပြုခြင်း။

ဤဥပဒေဆိုင်ရာ ဖြစ်တည်မှု (legal standing) နှင့် ဥပဒေဆိုင်ရာ စွမ်းဆောင်ရည် (legal agency) တို့အား ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ဖြင့် သရုပ်ဖော်ပြနိုင်သည်။ ဥပမာ နိုင်ငံ A ရှိ ဥပဒေများသည် လူပုဂ္ဂိုလ်တစ်ဦး၏ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုသည်။ သို့ရာတွင် မသန်စွမ်းမှု ရှိသူများသည် ပစ္စည်းဥစ္စာ ရောင်းဝယ်ခြင်းနှင့် ဆက်စပ်သည့် အရောင်းအဝယ်ကိစ္စများအား တရားဝင်အုပ်ထိန်းသူမှတဆင့်သာ ပြုလုပ်နိုင်သည်ဟုလည်း ဥပဒေက ဆိုထားသည်။ ထိုကဲ့သို့ အခြေအနေတွင် ဥပဒေအရ ဖြစ်တည်မှု၏ ပထမ အစိတ်အပိုင်းကိုသာ အသိအမှတ်ပြုမှု ရှိပြီး ဒုတိယအစိတ်အပိုင်း (မိမိ၏ အခွင့်အရေးများကို ကျင့်သုံးရန် ဆုံးဖြတ်ချက် ချနိုင်စွမ်း) သည် ငြင်းပယ်ခြင်း ခံရသည်။

မသန်စွမ်းမှု ရှိသူများသည် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ကြောင့် ဥပဒေဆိုင်ရာ စွမ်းဆောင်ရည် ငြင်းပယ်ခံရသည်။ စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ယောက်၏ ဆုံးဖြတ်ချက် ချမှတ်နိုင်စွမ်း ဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်သည် ပတ်ဝန်းကျင်နှင့် လူမှုရေး အကြောင်းခြင်းရာများအပေါ် မူတည်၍ တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားနိုင်သည်။ အထွေထွေမှတ်ချက် ၁ က နိုင်ငံအများစုတွင် ဥပဒေဆိုင်ရာ စွမ်းဆောင်ရည်နှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်တို့ကို ရောထွေးပစ်တတ်သည်ဟု လေ့လာမှတ်သားထားသည်။ ထို့ကြောင့် လူပုဂ္ဂိုလ်တစ်ဦးအား စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်အားနည်းသည်ဟု တွေ့ရလျှင် ၎င်း၏ မိမိဖာသာလုပ်ဆောင်နိုင်စွမ်းကို ကျင့်သုံးနိုင်သည့် ဥပဒေဆိုင်ရာ စွမ်းဆောင်ရည်ကိုပါ ရုတ်သိမ်းပစ်သည်။ ယူဆချက်မှာ စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည် အားနည်းသူတစ်ဦးသည် ဆုံးဖြတ်ချက်မချမီ သတင်းအချက်အလက်များကို အကဲဖြတ်နိုင်လိမ့်မည်မဟုတ် သို့မဟုတ် ထိုကဲ့သို့သော ဆုံးဖြတ်ချက်တစ်ခု၏ အကျိုးဆက်များကို နားလည်သဘောပေါက်လိမ့်မည် မဟုတ်ဟူ၍ ဖြစ်သည်။ သို့ရာတွင် ဤယူဆချက်မှာ မှားသည်။ မသန်စွမ်းမှု မရှိသည့် လူတစ်ယောက်သည်ပင် အလားတူ ချွတ်ယွင်းချက်မျိုး ရှိကောင်းရှိနိုင်သည်။ ထို့ကြောင့် မသန်စွမ်းမှု ရှိသူများနှင့် ပတ်သက်၍သာ ထိုကဲ့သို့ ယူဆချက်များ ထားခြင်းသည် ခွဲခြားဆက်ဆံမှု မြောက်ပေသည်။

အပိုဒ် ၁၂(၅) သည် ဤခွဲခြားဆက်ဆံမှုကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးစားထားပြီး မသန်စွမ်းသူများအနေဖြင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ မိမိတို့၏ ငွေရေးကြေးရေး ကိစ္စများကို ကိုယ်တိုင် ထိန်းချုပ်ခွင့်၊ ဘဏ်ချေးငွေများ၊ အိမ်ဝယ် ချေးငွေများနှင့် အခြားသော အကြွေးများကို ရယူခွင့်တို့ကို အခြားသူများနှင့် တန်းတူရရှိစေရန်နှင့် ၎င်းတို့သည် မိမိတို့၏

ပိုင်ဆိုင်မှုများကို မတရားသဖြင့် ဆုံးရှုံးရခြင်း မဖြစ်စေရန် သင့်လျော်သည့် လုပ်ဆောင်ချက်များကို ဆောင်ရွက်ရန် တာဝန်ပေးထားသည်။

တချိန်တည်းတွင် အပိုဒ် ၁၂ က မသန်စွမ်းသူအားလုံးသည် မိမိတို့၏ စွမ်းဆောင်ရည်ကို အမှီအခိုကင်းစွာ ကျင့်သုံးနိုင်မည်မဟုတ်သည်ကိုလည်း အသိအမှတ်ပြုထားသည်။ ထို့ကြောင့် မသန်စွမ်းမှု ရှိသူများ ၎င်းတို့၏ ဥပဒေဆိုင်ရာ စွမ်းဆောင်ရည်ကို ကျင့်သုံးရာ၌ အကူအညီပေးရန် သင့်တော်သည့် လုပ်ဆောင်ချက်များ ဆောက်ရွက်ပေးရမည်ဟု အပိုဒ် ၁၂ က နိုင်ငံများအပေါ် တာဝန်ပေးထားသည်။ မသန်စွမ်းမှု ရှိသူများအနေဖြင့် မိမိတို့၏ ဥပဒေဆိုင်ရာ စွမ်းဆောင်ရည်ကို ကျင့်သုံးရာ၌ အကူအညီပေးရန် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ ရွေးချယ်ကောင်း ရွေးချယ်နိုင်သည်။ လူအားလုံးအတွက် အဆင်ပြေသည့် ဒီဇိုင်း သို့မဟုတ် လက်လှမ်းမီမှု အစီအမံများကို အသုံးပြုမည်ဆိုက အသုံးပြုနိုင်သည်။ ဥပမာ ဘဏ်တစ်ဘဏ်အား အမြင်အားနည်းသူတစ်ဦးအတွက် အလွယ်တကူ ဖတ်ရှုနိုင်သည့် ပုံစံဖြင့် သတင်းအချက်အလက် ပေးစေခြင်းမျိုး ဖြစ်သည်။

သို့နှင့်တိုင် အကူအညီပေးခြင်းဆိုသည့် ဆင်ခြေ၏ နောက်ကွယ်တွင် မလျော်ကန်သည့် ဩဇာ၏ အန္တရာယ်လည်း ရှိနေသည်။ ဤအချက်ကို အသိအမှတ်ပြုလျက် အပိုဒ် ၁၂ က အကူအညီ၏ သဘောသဘာဝသည် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို အစားထိုးသကဲ့သို့ ဖြစ်မသွားစေရန် နိုင်ငံများသည် ထိရောက်သည့် အကာအကွယ်ပေးမှုများ ထားရှိရမည်ဟု တိတိကျကျ သတ်မှတ်ထားသည်။

ဥပဒေဆိုင်ရာ စွမ်းဆောင်ရည်သည် CRPD ရှိ အခြားသောအခွင့်အရေးများ ရရှိခံစားခြင်းနှင့် ချိတ်ဆက်နေသည်ဖြစ်ရာ ၎င်းကို အသိအမှတ်ပြုခြင်းသည် အရေးပါသည်။ ထိုအခွင့်အရေးများတွင် တရားမျှတမှု ရရှိခွင့် (အပိုဒ် ၁၃)၊ စိတ်ကျန်းမာရေး ဂေဟာတွင် မိမိဆန္ဒမပါဘဲ ထိန်းသိမ်းခံရခြင်းမှာ လွတ်ကင်းခွင့်နှင့် အတင်းအကျပ် စိတ်ကျန်းမာရေး ကုသမှုမှ လွတ်ကင်းခွင့် (အပိုဒ် ၁၄)၊ မိမိ၏ ကိုယ်၊ စိတ် လုံခြုံမှုအား လေးစားမှုရရှိခွင့် (အပိုဒ် ၁၇)၊ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်နှင့် နိုင်ငံသားဖြစ်မှု ရရှိခွင့် (အပိုဒ် ၁၈)၊ မည်သည့်နေရာတွင် မည်သူနှင့် နေထိုင်မည်ကို ရွေးချယ်ခွင့် (အပိုဒ် ၁၉)၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် (အပိုဒ် ၂၁)၊ အိမ်ထောင်ပြု၊ မိသားစုတည်ဆောက်ခွင့် (အပိုဒ် ၂၃)၊ ဆေးဝါကုသမှုအတွက် သဘောတူခွင့်ပြုချက် ပေးခွင့် (အပိုဒ် ၂၅) နှင့် ရွေးကောက်ပွဲ၌ မဲပေး၊ ရွေးချယ်ခံခွင့် (အပိုဒ် ၂၉) တို့ ပါဝင်သည်။

၂၃.၃.၇ စာရင်းအင်းကိန်းဂဏန်းများနှင့် အချက်အလက်များ ကောက်ယူခြင်း

သဘောတူစာချုပ်၏ အပိုဒ် ၃၁ သည် စာရင်းအင်းနှင့် သုတေသန အချက်အလက်များအပါအဝင် သင့်တော်သည့် သတင်းအချက်အလက်များကို ကောက်ယူရန် နိုင်ငံများအပေါ် တာဝန်ပေးထားသည်။ သို့မှသာ နိုင်ငံများအနေဖြင့် မိမိတို့၏ တာဝန်ကို ထမ်းဆောင်ရန် မူဝါဒများကို ပိုမို ကောင်းမွန်စွာ ရေးဆွဲ၊ အကောင်အထည်ဖော်နိုင်မည် ဖြစ်သည်။ ထိုကဲ့သို့သော သတင်းအချက်

အလက်များသည် မသန်စွမ်းမှု ရှိသူများ ရင်ဆိုင်ရသည့် အဟန့်အတားများကို ရှာဖွေဖော်ထုတ်၊ ဖြေရှင်းကျော်လွှားရာ၌ အထောက်အကူပြုသင့်ကြောင်း အကြံပြုထားသည်။ တချိန်တည်းတွင် မသန်စွမ်းမှု ရှိသူများ၏ ပုဂ္ဂိုလ်ရေး အချက်အလက်များ မကျိုးပေါက်စေရန်နှင့် လျှို့ဝှက်မှုကို ကာကွယ်ရန်အလို့ငှာ အပိုဒ် ၃၁ က နိုင်ငံများသည် အချက်အလက်များ ကောက်ယူ၊ အသုံးပြုရာ၌ နိုင်ငံတကာ၌ လက်ခံထားသည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ မူများကို လိုက်နာသင့်သည်ဟု အကြံပြုထားသည်။

၂၃.၃.၈ နိုင်ငံအဆင့်နှင့် ဒေသအဆင့်၌ အကောင်အထည်ဖော်ခြင်း

သဘောတူစာချုပ် အကောင်အထည်ဖော်မှု ချောမွေ့စေရေး အောက်ပါတို့ကို ဆောင်ရွက်ရန် အပိုဒ် ၃၃ သည် နိုင်ငံများအပေါ် တာဝန်ပေးအပ်သည် -

- သဘောတူစာချုပ် အကောင်အထည်ဖော်သည့် တာဝန်ဖြင့် အစိုးရအတွင်း၌ ပင်မဌာန (focal point) တစ်ခုသို့မဟုတ် တစ်ခုထက်ပို၍ သတ်မှတ်ခြင်း
- ကဏ္ဍအသီးသီးနှင့် အဆင့်အသီးသီးအကြား ညှိနှိုင်းဆောင်ရွက်မှုကို ချောမွေ့စေရန် အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ရေး အစီအမံတစ်ခု တည်ထောင်ခြင်း
- သဘောတူစာချုပ် အကောင်အထည်ဖော်မှုကို မြှင့်တင်ရန်၊ အကာအကွယ်ပေးရန်နှင့် စောင့်ကြည့်ရန် လွတ်လပ်စွာ ရပ်တည်သည့် အစီအမံများ တည်ထောင်ခြင်း
- ဖြစ်စဉ် အကောင်အထည်ဖော်မှုနှင့် စောင့်ကြည့်မှု၌ အရပ်ဘက်အဖွဲ့အစည်းများ၊ အထူးသဖြင့် မသန်စွမ်းမှု ရှိသူများနှင့် ၎င်းတို့အား ကိုယ်စားပြုသည့် အဖွဲ့အစည်းများ ပါဝင်စေခြင်း

၂၃.၄ အရှေ့တောင်အာရှရှိ မသန်စွမ်းမှုနှင့်ဆိုင်သည့် မူဝါဒများ

CRPD အား အာဆီယံနိုင်ငံအားလုံးက အတည်ပြုထားသည်။ မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများကို မြှင့်တင်၊ ကာကွယ်ရန် အာဆီယံနိုင်ငံများသည် ဒေသအဆင့်၌ လုပ်ဆောင်ချက်တချို့ကို ဆောင်ရွက်ထားပြီး ဖြစ်သည်။

၂၀၁၁ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အာဆီယံအသိုင်းအဝိုင်း၌ မသန်စွမ်းမှု ရှိသူများ၏ အခန်းကဏ္ဍနှင့် ပါဝင်မှု မြှင့်တင်ရေးဆိုင်ရာ ဘာလီကြေငြာချက်ကို သဘောတူလက်ခံကြသည်။ ဘာလီကြေညာချက်သည် အရေးပါသည့် မှတ်တိုင်တစ်ခု ဖြစ်သည်။ ၎င်းက မသန်စွမ်းမှုရှိသူများသည် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုင်းအဝိုင်း တည်ဆောက်ရေး စီမံကိန်းအရ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ရာ၌ အရေးပါသည့် အခန်းကဏ္ဍ၌ ပါဝင်ကြသည်ကို အသိအမှတ်ပြုခဲ့ပြီး ၂၀၁၁-၂၀၂၀ ကာလကိုလည်း အာဆီယံ မသန်စွမ်းမှု ရှိသူများ ဆယ်စုနှစ်အဖြစ် ကြေညာခဲ့သည်။ လူမှုရေး၊ နိုင်ငံရေး လုံခြုံမှုနှင့် လူမှု-စီးပွားရေး ကဏ္ဍ သုံးခုစလုံး၌ အာဆီယံ၏ မူဝါဒများနှင့် အစီအစဉ်များကို ရေးဆွဲ၊ အကောင်အထည်ဖော်ရာ၌ မသန်စွမ်းမှုဆိုင်ရာ အမြင်များကို ကျောရိုးထား စဉ်းစားခြင်းဖြင့် မသန်စွမ်းမှု ရှိသူများ အခွင့်အရေးများကို ရရှိခံစားစေရန်နှင့် ၎င်းတို့၏ ဘဝ အရည်အသွေးကို မြှင့်တင်ပေးရန်လည်း

၎င်းသည် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းထားသည်။ ၎င်းသည် အဖွဲ့ဝင်နိုင်ငံများအား မသန်စွမ်းမှုနှင့် ပတ်သက်၍ နိုင်ငံတော်အဆင့် လုပ်ငန်းအစီအစဉ်များရေးဆွဲရန်၊ ယင်းတို့ကို အကောင်အထည်ဖော်ရန် ဘဏ္ဍာငွေများ ခွဲဝေထားရန်လည်း တိုက်တွန်းထားသည်။

၂၀၁၈ ခုနှစ်တွင် ၃၃ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံအဖွဲ့သည် စွမ်းဆောင်နိုင်စေရေး မဟာစီမံကိန်း ၂၀၂၅ - မသန်စွမ်းမှု ရှိသူများ ၏ အခွင့်အရေးများအား ကျောရိုးပြုရေး စီမံကိန်းကို သဘောတူလက်ခံခဲ့သည်။ ၎င်းမှာ ဘာလီကြေညာချက်၌ ကြွေးကြော်ထားသည့် မသန်စွမ်းမှု ရှိသူများ ဆယ်စုနှစ်၏ အောင်မြင်မှုများအပေါ် အခြေခံထားခြင်းဖြစ်ပြီး အာဆီယံအသိုင်းအဝိုင်း၏ မဏ္ဍိုင်သုံးရပ်လုံး၏ ၂၀၂၅ စီမံကိန်း၌ မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများကို ကျောရိုးပြုရန် ကြိုးပမ်းသည်။

ဤကဲ့သို့သော အာဆီယံအဆင့် လုပ်ဆောင်ချက်များသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား မသန်စွမ်းမှုရှိသူများဆိုင်ရာ သဘောတူစာချုပ်ကို အတည်ပြုရန် တွန်းအားပေးခဲ့သည်။ ၎င်းသည် နိုင်ငံအဆင့် မသန်စွမ်းမှု ရှိသူများဆိုင်ရာ သတ်သတ်မှတ်မှတ် ဥပဒေများ ပြဋ္ဌာန်းရန် တွန်းအားကိုလည်း ဖန်တီးပေးခဲ့သည်။

ဇယား ၂၃-၃ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ CRPD နှင့် ယင်း၏ စည်းနှောင်မှုမရှိသော နောက်ဆက်တွဲ သဘောတူစာချုပ်အား အတည်ပြုသည့် အခြေအနေ

နိုင်ငံ	CRPD လက်မှတ်ထိုးသည့် နေ့စွဲ	CRPD အတည်ပြုသည့် နေ့စွဲ	စည်းနှောင်မှု မရှိသည့် CRPD နောက်ဆက်တွဲ သဘောတူစာချုပ်
ဘရူးနိုင်းဒါရုစလာမ်	၂၀၀၇၊ ဒီဇင်ဘာ ၁၈	၂၀၁၆၊ ဧပြီ ၁၁	-
ကမ္ဘောဒီးယား	၂၀၀၇၊ အောက်တိုဘာ ၁	၂၀၁၂၊ ဒီဇင်ဘာ ၂၀	၂၀၀၇၊ အောက်တိုဘာ ၁ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်
အင်ဒိုနီးရှား	၂၀၀၇၊ မတ် ၃၀	၂၀၁၁၊ နိုဝင်ဘာ ၃၀	-
လာအို	၂၀၀၈၊ ဇန်နဝါရီ ၁၅	၂၀၀၉၊ စက်တင်ဘာ ၂၅	-
မလေးရှား	၂၀၀၈၊ ဧပြီ ၈	၂၀၁၀၊ ဇူလိုင် ၁၉	-
မြန်မာ	-	၂၀၁၁၊ ဒီဇင်ဘာ ၇	-
ဖိလစ်ပိုင်	၂၀၀၇၊ စက်တင်ဘာ ၂၅	၂၀၀၈၊ ဧပြီ ၁၅	-
စင်္ကာပူ	-	၂၀၁၃၊ ဇူလိုင် ၁၈	-
ထိုင်း	၂၀၀၇၊ မတ် ၃၀	၂၀၀၈၊ ဇူလိုင် ၂၉	၂၀၁၆၊ စက်တင်ဘာ ၂ ရက်နေ့တွင် အတည်ပြုခဲ့သည်
ဗီယက်နမ်	၂၀၀၇ အောက်တိုဘာ ၂၂	၂၀၁၅၊ ဖေဖော်ဝါရီ ၅	-
တီမော	-	-	-

ဇယား ၂၃-၄ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ မသန်စွမ်းမှု ရှိသူများ နှင့် သက်ဆိုင်သည့် အဓိက ဥပဒေများ (၂၀၁၉ ခုနှစ်အထိ)

နိုင်ငံ	မသန်စွမ်းမှု ရှိသူများ နှင့် သက်ဆိုင်သည့် အဓိက ဥပဒေများ
ဘရူးနိုင်းဒါရူစလာမ်	သတင်းအချက်အလက် မရရှိနိုင်ပါ
ကမ္ဘောဒီးယား	၂၀၁၉ ခုနှစ် မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများ အကာအကွယ်ပေးနှင့် မြှင့်တင်ရေး
အင်ဒိုနီးရှား	မသန်စွမ်းမှုများဆိုင်ရာ ဥပဒေ၊ အမှတ်၈/၂၀၁၆
လာအို	မသန်စွမ်းမှု ရှိသူများဆိုင်ရာ အမိန့်၊ အမှတ် ၁၃၇/၂၀၁၄
မလေးရှား	၂၀၀၈ ခုနှစ် မသန်စွမ်းမှု ရှိသူများ ဆိုင်ရာ အက်ဥပဒေ
မြန်မာ	၂၀၁၅ ခုနှစ် မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေး ဥပဒေ
ဖိလစ်ပိုင်	၁၉၉၂ ခုနှစ် မသန်စွမ်းမှု ရှိသူများအတွက် မဂ္ဂနာကာတာ
စင်္ကာပူ	သတင်းအချက်အလက် မရရှိနိုင်ပါ
ထိုင်း	၂၀၀၇ ခုနှစ် မသန်စွမ်းမှု ရှိသူများအား စွမ်းအားမြှင့်တင်ရေး အက်ဥပဒေ
ဗီယက်နမ်	၂၀၁၀ ခုနှစ် မသန်စွမ်းမှု ရှိသူများဆိုင်ရာ အမျိုးသားဥပဒေ
တီမော	လူမှုလုံခြုံရေး ထည့်ဝင်မှု အစီအစဉ်အရ မသန်စွမ်းမှုနှင့် အသက်အရွယ်ကြီးရင့်မှုအတွက် ပင်စင်များအတွက် တရားဝင်အစီအစဉ်အား ခွင့်ပြုသည့် ဥပဒေအမှတ် ၁၇/၂၀၁၇

၂၃.၅ စီးပွားရေးလုပ်ငန်းနှင့် မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများ

နိုင်ငံတကာ လူ့အခွင့်အရေး မူဘောင်အရ နိုင်ငံများသည် မူလ တာဝန်ရှိသူများ ဖြစ်ကြသည်။ တချိန်တည်းတွင် စီးပွားရေးလုပ်ငန်းများကဲ့သို့ နိုင်ငံတော် မဟုတ်သည့် ဇာတ်ကောင်များသည်လည်း လူ့အဖွဲ့အစည်းရှိ အခြားသူများ၏ အခွင့်အရေးများကို လေးစားလိုက်နာရမည့် တာဝန်ရှိသည်။ စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ လုပ်ငန်းများ၊ ဆက်ဆံပတ်သက်မှုများ အားလုံး၌ လူ့အခွင့်အရေးများကို လေးစားလိုက်နာခြင်းဖြင့် ဤတာဝန်ကို ထမ်းဆောင်သည်။ ဤကဏ္ဍနှင့် စပ်လျဉ်း၍ ILO ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် မသန်စွမ်းမှု ကွန်ရက်သည် အလုပ်ခွင်၌ မသန်စွမ်းမှုရှိသူများ ပါဝင်မှုကို မြှင့်တင်ပေးသည့် အလုပ်ရှင်များ ဦးဆောင်သည့် အစီအစဉ်တစ်ခု ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများသည် လူ့အဖွဲ့အစည်း၌ ထည့်ဝင်ရန် ကော်ပိုရိတ် လူမှုတာဝန် မူဘောင်အောက်၌ မိမိဆန္ဒအလျောက် ကိစ္စရပ်တချို့ကိုလည်း လုပ်ဆောင်ကြသည်။

အလေးထားစရာ

လူ့အခွင့်အရေးများအပေါ် လေးစားလိုက်နာမှု ရှိစေရန် စီးပွားရေးလုပ်ငန်းများအနေဖြင့် မည်သည့် လုပ်ဆောင်ချက်များကို ချမှတ်ဆောင်ရွက်နိုင်သနည်း။

စီးပွားရေးလုပ်ငန်းများသည် အောက်ပါတို့အပါအဝင် လုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်သည် -

- မိမိတို့၏ လုပ်ငန်းဆောင်တာတစ်ခုခုသည် မသန်စွမ်းမှု ရှိသူများ အပေါ် ဆိုးရွားသည့် အကျိုးသက်ရောက်မှု ရှိ၊ မရှိ အကဲဖြတ်၊ ဖော်ထုတ်နိုင်ရန် သင့်လျော်သည့် စောင့်ကြပ်ကြည့်ရှုမှု (due diligence) ကို လုပ်ဆောင်ခြင်း၊ ထိုကဲ့သို့ အကျိုးသက်ရောက်မှုများ ရှိနိုင်သည့် အန္တရာယ်ရှိကြောင်း တွေ့ရှိပါက တည့်မတ်ကုစားရေး လုပ်ဆောင်ချက်များ ဆောင်ရွက်ခြင်း။
- စုံလင်ကွဲပြားမှုကို လေးစားလိုက်နာရန် ကတိကဝတ်ပြုခြင်းနှင့် အလုပ်ခွင်များသည် မသန်စွမ်းမှု ရှိသူများ ပါဝင်နိုင်သည့် နေရာများဖြစ်စေခြင်း စသည်ဖြင့် လူ့အခွင့်အရေးများအား မူဝါဒများ၏ ဗဟိုချက်မ၌ ထားရှိခြင်း။
- အလုပ်ခွင်များ၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ ဒီဇိုင်းရေးဆွဲရာတွင် လက်လှမ်းမီမှုအား အချက်တစ်ခုအနေဖြင့် အသေအချာ ထည့်သွင်းစဉ်းစားခြင်း။

၂၃.၅.၁ အလေ့အကျင့်ကောင်း သာဓကများ

၂၀၁၆ ခုနှစ်တွင် အင်ဒိုနီးရှားအစိုးရသည် အလုပ်ခွင်၌ လူပေါင်းစုံပါဝင်မှုကို တိုးတက်ကောင်းမွန်စေမည့် ရည်ရွယ်ချက်ဖြင့် စည်းကမ်းချက်တစ်ခု ထုတ်ပြန်ခဲ့သည်။ အဆိုပါစည်းကမ်းချက်က ပုဂ္ဂလိက ကုမ္ပဏီများရှိ အလုပ်ခွင်၏ ၁ % နှင့် နိုင်ငံပိုင်လုပ်ငန်းများနှင့် အစိုးရရုံးများ၏ ၂ % သည် မသန်စွမ်းမှု ရှိသူများ ဖြစ်သင့်သည်ဟု ဆိုထားသည်။ ၎င်းနှင့်အညီ ကုမ္ပဏီငါးခုသည် အလုပ်ခွင်၌ စုံလင်ကွဲပြားမှုနှင့် လူပေါင်းစုံပါဝင်မှုကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ဂျာကာတာမြို့၌ အင်ဒိုနီးရှား စီးပွားရေးလုပ်ငန်းနှင့် မသန်စွမ်းမှု ရှိသူများ ကွန်ယက်ကို စတင်ခဲ့ကြသည်။

ဤကုမ္ပဏီများမှာ Bank Mandiri ၊ Standard Chartered Bank ၊ L'Oreal Indonesia ၊ TetraPak Stainless Equipment နှင့် Trans Retail Indonesia တို့ ဖြစ်ကြသည်။ ဤအစီအစဉ်အား အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO)၊ လူ့စွမ်းအားဝန်ကြီးဌာန၊ အင်ဒိုနီးရှားနိုင်ငံ မသန်စွမ်းမှု ရှိသူများ အသင်းနှင့် အလုပ်အကိုင်ဆိုင်ရာ လူမှုဖူလုံရေး အုပ်ချုပ်ရေးအဖွဲ့ (Social Security Administration Body for Employment) တို့လည်း ထောက်ခံခဲ့ကြသည်။

၂၃.၆ နိဂုံး

လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများကို အသိအမှတ်ပြုသည့် ကဏ္ဍ၌ တိုးတက်မှုများစွာ ရှိလာခဲ့သည်။ စည်းနှောင်မှုရှိသော လူ့အခွင့်အရေး စာချုပ်စာတမ်းတစ်ခုဖြစ်သည့် CRPD အား နိုင်ငံတကာအဆင့်၌ လက်ခံအတည်ပြုခဲ့ကြသည်။ နိုင်ငံအဆင့်၌လည်း နိုင်ငံများသည် မသန်စွမ်းမှု ရှိသူများ ၏ အခွင့်အရေးများကို မြှင့်တင်ရန်၊ အကာအကွယ်ပေးရန် ဥပဒေများနှင့် မူဝါဒများကို ချမှတ် ကျင့်သုံးလာခဲ့ကြသည်။ မသန်စွမ်းမှု ရှိသူများ ရင်ဆိုင်ရသည့် အဟန့်အတားများကို ဖယ်ရှားရန်လည်း ကြိုးပမ်းအားထုတ်လာခဲ့ကြသည်။ သို့နှင့်တိုင် လူ့အဖွဲ့အစည်း၏ စိတ်နေသဘောထားနှင့် လက်ရှိ နားလည်သဘောပေါက်

မှုတို့ကို ပြောင်းလဲရန် လုပ်ဆောင်စရာများစွာ ကျန်နေသေးသည်။ ၎င်းတို့ကို လုပ်ဆောင်ပြီးမှသာ ရှိရင်းစွဲ အဟန့်အတားများကို ဖယ်ရှားသုတ်သင်နိုင်ပြီး ထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အဦများသည် မသန်စွမ်းမှု ရှိသူများအတွက် လိုက်လျောညီထွေ ဖြစ်လာပေလိမ့်မည်။

က။ အနှစ်ချုပ်နှင့် အဓိကအချက်များ

မသန်စွမ်းမှုအပေါ် ချဉ်းကပ်နည်းများ

မသန်စွမ်းမှု ရှိသူများနှင့်ပတ်သက်၍ ကိုင်တွယ်ချဉ်းကပ်နည်းများသည် နှစ်ကာလကြာလာသည်နှင့်အမျှ တိုးတက်ပြောင်းလဲလာခဲ့သည်။ မသန်စွမ်းမှု ရှိသူများသည် သနားကရုဏာသက်မှုနှင့် ဆေးဝါးကုသမှု ရရှိသူများအဖြစ်မှ အခွင့်အရေးရှိသူများအဖြစ် အသိအမှတ်ပြုခြင်း ခံရလာသည်။

မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRPD)

CRPD သည် မသန်စွမ်းမှု ရှိသူများ နှင့် သက်ဆိုင်သည့် အခွင့်အရေးများနှင့် တာဝန်များကို ချမှတ်ထားသည်။ ၎င်းသည် အခွင့်အရေးသစ်များကို ပေးမထားပေ။ သို့ရာတွင် နိုင်ငံတကာ အခွင့်အရေး ဥပဒေများ၌ အသိအမှတ်ပြုထားသည့် အခွင့်အရေးများကို အကျယ်တဝင့် ဖော်ပြထားပြီး မသန်စွမ်းမှု ရှိသူများနှင့် စပ်လျဉ်း၍ ၎င်းတို့၏ အရေးပါမှုကို အလေးပေး ဖော်ပြသည်။ မသန်စွမ်းမှုအား အဓိပ္ပာယ်ဖွင့်ဆိုခြင်း မရှိသော်လည်း သဘောတူစာချုပ်သည် ၎င်းအား လူ့အဖွဲ့အစည်း၏ ဖန်တီးမှုအဖြစ် ရှုမြင်ပြီး ၎င်းသည် မတူသော လူ့အဖွဲ့အစည်းများ၌ မတူသော အဓိပ္ပာယ် ရှိနေနိုင်သည်ကို အသိအမှတ်ပြုသည်။ သဘောတူစာချုပ်သည် မသန်စွမ်းမှု ရှိသူများ အခွင့်အရေးများ ရရှိခံစားရာ၌ ရင်ဆိုင်ကြုံတွေ့ရသည့် အဟန့်အတားများကို ဖယ်ရှားခြင်းကို အဓိကထားသည်။

အာဆီယံအဆင့်၌ ဆောင်ရွက်ချက်များ

အာဆီယံအဖွဲ့သည် အာဆီယံရပ်ဝန်း၏ မဏ္ဍိုင်သုံးရပ်လုံး၌ မသန်စွမ်းမှုအား ကျော်ရိုးထား စဉ်းစားရန် လုပ်ဆောင်ချက်တချို့ကို ဆောင်ရွက်ထားပြီး ဖြစ်သည်။ လက်ရှိ၌ အာဆီယံရပ်ဝန်း၏ မဏ္ဍိုင်သုံးရပ်လုံး၏ ၂၀၂၅ စွမ်းဆောင်နိုင်စေရေး စီမံကိန်းတွင် ဖော်ထုတ်ထားသည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စီးပွားရေးလုပ်ငန်းနှင့် မသန်စွမ်းမှု ရှိသူများ ၏ အခွင့်အရေးများ

လူ့အဖွဲ့အစည်း၌ အရေးပါသည့် စီးပွားရေးဆိုင်ရာ ဇာတ်ကောင်များဖြစ်သည့်အားလျော်စွာ စီးပွားရေးလုပ်ငန်းများတွင် မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများကို လေးစားလိုက်နာရမည့် တာဝန်ရှိသည်။ ထို့ကဲ့သို့ တာဝန်တစ်ရပ်၌ လုပ်ငန်းလည်ပတ်သည့် နိုင်ငံအတွင်း၌ မသန်စွမ်းမှုနှင့် သက်ဆိုင်သည့် ဥပဒေများကို လိုက်နာရမည့် တာဝန်လည်း ပါဝင်သည်။ စီးပွားရေးလုပ်ငန်းများ

အနေဖြင့် မိမိတို့၏ အလုပ်ခွင်များ စုံလင်ကွဲပြားသည့် လူအားလုံးပါဝင်နိုင်စေရန်၊ ထုတ်လုပ်သည့် ဝန်ဆောင်မှုများ၊ ထုတ်ကုန်များသည် မသန်စွမ်းမှု ရှိသူများနှင့် လိုက်လျောညီထွေဖြစ်စေရန် ကြပ်ကြပ်မတ်မတ် လုပ်ဆောင်ခြင်းဖြင့် လူပေါင်းစုံ ပါဝင်နိုင်သည့် လူ့အဖွဲ့အစည်းများ ဖန်တီးရန် တက်တက်ကြွကြွဆောင်ရွက်ရမည့် တာဝန်ရှိသည်။

ခ။ စာမေးပွဲမေးခွန်း သို့မဟုတ် အက်ဆေးပုံစံ မေးခွန်းများ

- မသန်စွမ်းမှုနှင့်ပတ်သက်၍ ဆေးကုသမှုပေးသည့် ပုံစံနှင့် လူမှုရေးအရ အကူအညီပေးသည့် ပုံစံတို့အကြား အဓိက ကွဲပြားခြားနားချက်များမှာ မည်သည်တို့နည်း။
- CRPD ၏ အလိုအရ သင့်တင့်လျောက်ပတ်သော လိုက်လျောမှု ဥပမာတစ်ခုကို ရှာပြပါ။ ၎င်းအား မသန်စွမ်းသူတစ်ဦး၏ အမြင်မှ ဆွေးနွေးပါ။
- သင့်နိုင်ငံသည် မသန်စွမ်းမှုနှင့် ပတ်သက်သည့် သတ်သတ်မှတ်မှတ် ဥပဒေများ ပြဋ္ဌာန်းထားသလား။ အဆိုပါဥပဒေများ၏ အဓိကပြဋ္ဌာန်းချက်များမှာ မည်သည်တို့နည်း။
- စီးပွားရေးလုပ်ငန်းများသည် မည်သည့်နည်းလမ်းများဖြင့် မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးများကို လေးစားလိုက်နာနိုင်သနည်း။ ဥပမာများ ပေး၍ ရှင်းပြပါ။

ဂ။ ထပ်မံလေ့လာ ဖတ်ရှုရန်များ

ASEAN Disability Forum (ADF)

For basic information and an introduction to disability rights in the ASEAN region, see the Forum's website at http://aseandisabilityforum.org/digaleri/.

ASEAN documents

Bali Declaration on the Enhancement of the Role and Participation of Persons with

Disabilities in the ASEAN Community, Jakarta: ASEAN Secretariat, 2013. Available at
https://www.asean.org/wpcontent/uploads/images/2013/resources/publica

tion/2013%208.%20aug%20-%20bali%20declaration%20on%20persons%20

with%20disabilities.pdf.

ASEAN Enabling Masterplan 2025: Mainstreaming the Rights of Persons with Disabilities, available at https://asean.org/storage/2018/11/ASEAN-Enabling-Masterplan-2025-Mainstreaming-the-Rights-of-Persons-with-Disabilities.pdf.

Asia-Pacific Development Center on Disability (APCD)

Conducts training, seminars, and workshops at the regional level. For more information see its website at http://www.apcdfoundation.org/.

Convention on the Rights of Persons with Disabilities (CRPD)

Information specific to the CRPD can be found at the OHCHR website: 'Committee on the Rights of Persons with Disabilities' available at https://www.ohchr.org/en/hrbodies/crpd/pages/crpdindex.aspx.

International Disability Alliance (IDA)

For more specific information according to the type of disability or region, refer to the International Disability Alliance (IDA), whose partners are: African Disability Forum, Arab Organization of Persons with Disabilities, ASEAN Disability Forum, Down Syndrome International, European Disability Forum, Inclusion International, International Federation of Hard of Hearing People, International Federation for Spina Bifida and Hydrocephalus, Pacific Disability Forum, RIADIS, World Blind Union, World Federation of the Deaf, World Federation of Deafblind, World Network of Users and Survivors of Psychiatry. 169

International Disability and Development Consortium (IDDC)

A global consortium of disability and development related organizations, working in more than 100 countries around the world. See its website at https://www.iddcconsortium.net/.

United Nations Economic and Social Commission for Asia and the Pacific (ESCAP)

Contains a wide range of studies on disability including the publication, 'Disability at a glance 2019' which covers basic country profiles in the Asia-

Pacific region. Available at https://www.unescap.org/sites/default/files/publications/SDDDAG-2019.pdf.

World Bank Group

For a general overview to better understand the issue, see, World Bank Group, ‘Disability inclusion’ April 2020, available at https://www.worldbank.org/en/topic/disability#1.

World Report on Disability

Produced jointly by WHO and the World Bank, the objective of this report was to create synergy for implementation of the CRPD.

World Health Organization and The World Bank, World Report on Disability, Malta: WHO, 2011. Available at https://www.who.int/disabilities/world_report/2011/report.pdf..